


စိတ်ကူးချိုချိုအနုပညာ

# ပင်မြက်မြေဇာ

## မလေးလုံ

ပြည်တွင်းစစ်၏ ဒုက္ခအဖြာဖြာနှင့်
စစ်မီးလျှံဟုန်းဟုန်းတောက်ကြားက
လူသားစရိုက်နှင့် လူ့သဘာဝကို
ပေါ်လွင်အောင် ချယ်မှုန်းရင်း
မြန်မာပြည် ပြည်တွင်းစစ်
ဖြစ်ရပ်မှန်အဖြစ်အပျက်များနှင့်
ရောမွှေထားသည့် စာရေးသူ၏
နာမည်ကျော်ဝတ္ထုလက်ရာ နှစ်အုပ်တွဲ
တစ်ပေါင်းတည်းရိုက်နှိပ်ခြင်း

စိတ်ကူးချိုချိုစာအုပ်

# ပင်မြက်မြေဇာ

## မလေးလုံ

နှစ်တွဲပေါင်းပထမအကြိမ်

*ဒုတိယကမ္ဘာစစ်ဒဏ်နှင့် ပြည်တွင်းစစ်ဒဏ်အသီးသီးတို့ကြားမှ
မြေဇာပင်အဖြစ် ခံခဲ့ရ၊ ခံရဆဲလူသားအပေါင်းအား ကိုယ်စားပြုလျက်*

## မာတိကာ


| | | |
|---|---|---|
| ဤစာအုပ်နှင့်ပတ်သက်၍ | | က |
| ၁။ | ငြိမ်းချမ်းစေလိုသည် | ၁ |
| ၂။ | ကမ္ဘာစစ်၏ အစ | ၇ |
| ၃။ | စစ်ပြေးခရီး၏ နိဒါန်းအစ | ၁၀ |
| ၄။ | တောနှင့်မြို့လမ်းအဆက်ပြတ် | ၁၈ |
| ၅။ | တေးပြဆိုတာ | ၂၅ |
| ၆။ | မင်းမဲ့တိုင်းပြည် | ၄၀ |
| ၇။ | မြစ်နဒီကြောဝယ် | ၄၅ |
| ၈။ | ရေငန်းရွာသို့ | ၅၈ |
| ၉။ | ဦးစံနန်းတို့မိသားစု | ၆၃ |
| ၁၀။ | ကရင်နှင့်ဗမာ အဓိကရုဏ်း | ၇၉ |
| ၁၁။ | မြို့သို့အပြန်ခရီး | ၈၈ |
| ၁၂။ | ပုသိမ်ကိုတော့ရောက်ခဲ့ပြီ | ၉၆ |
| ၁၃။ | ဂျပန်ခေတ် | ၁၀၃ |
| ၁၄။ | ဦးလေးရှိုင်ပြန်လာပြီ | ၁၁၂ |

၁၅။ ဘ၀အထွေထွေ ကြုံခဲ့ရပေ ၁၂၁
၁၆။ တို့ပြည်လွတ်လပ်ပြီ ၁၃၉
၁၇။ ပြေးကြလေဦးတစ်ခါ ၁၅၀
၁၈။ ပေပင်နှင့်ပိတောက်ကုန်း ၁၅၃
၁၉။ ငှက်ဖျား ၁၆၂
၂၀။ ကောင်းကင်တိုက်ပွဲ ၁၆၅
၂၁။ စစ်ဘေးစစ်ဒဏ် ၁၇၃
၂၂။ ပြေးကြလေဦးတစ်ခါ။ ၁၉၄
၂၃။ သူတော်လူရွှာ ၂၀၁
၂၄။ မိသားစုဦးရေ တိုးပွားခြင်း ၂၀၈
၂၅။ လက်သမားဘ၀ ၂၁၆
၂၆။ စစ်၏လမ်းကြောင်း ၂၂၅
၂၇။ နေဝင်မိးငြိမ်း ၂၃၉
၂၈။ နေမျိုးနွယ်တို့၏ နေဝင်ချိန် ၂၄၆
၂၉။ တစ်ခေတ်ပြောင်း၍ တစ်ဖြစ်လဲခဲ့ကြရသည် ၂၅၅
၃၀။ လွတ်လပ်သော ပြည်ထောင်စုကြီး ၂၆၁
၃၁။ ပြည်တွင်းစစ် ၂၆၆
၃၂။ နွားကွဲ၍ ကျားဆွဲခြင်း ၂၇၆
၃၃။ မြေစာပင် ၂၈၁
၃၄။ ဖေဖေပြန်လာပြီ ၂၈၉


❐

# ဤစာအုပ်နှင့်ပတ်သက်၍

“ပင်မြက်မြေဇာ” စာအုပ်အတွက် အမှာ ရေးပေးရန် မလေးလုံက တောင်းသည်။ မလေးလုံကို ရေးပါမည်ဟု ကတိမပေးဝံ့၊ စာပေလောက၌ ကတိတစ်ခု ပျက်ကွက်ခဲ့ဖူးသည်။

ဆေးတက္ကသိုလ်မှ ထုတ်ဝေမည့်မဂ္ဂဇင်းတွင် မြန်မာ့ဆေးပညာနှင့် ပတ်သက်၍ ကျွန်မထံမှ ဆောင်းပါးတစ်ပုဒ် ရေးပေးရန် လာတောင်းကြသည်။

ကျွန်မက ဝမ်းနည်းစွာဖြင့် ‘မအားပါ’ ဟု တောင်းပန်သည်။

အနောက်တိုင်း ဆေးပညာရပ်ထဲတွင် ကျွန်မထံမှ မြန်မာ့ဆေးပညာဆောင်းပါး ထည့်သွင်းဖော်ပြရန် မဂ္ဂဇင်းကော်မတီနှင့် အတော်ကလေး ဆွေးနွေးပြောဆိုကြခဲ့ရသည့်အတွက် ရေးဖြစ်အောင် ရေးပေးရန် အတင်းတိုက်တွန်းကြသည်။

နောက်ဆုံး မငြင်းသာ၍ ရေးပေးပါမည်ဟု ကတိပေးလိုက်ရသည်။ ဆေးကျောင်းသားများကို ပေးလိုက်သော ကတိပျက်ကွက်ခဲ့ရသည်။

တစ်နေ့ကုန် တစ်နေ့ခန်း ဝေဒနာအမျိုးမျိုးဖြစ်ကြသော လူနာတို့နှင့် ဦးနှောက်ခြောက်လျက် အိမ်ပြန်ခဲ့ရသော ကျွန်မမှာ စိတ်အား လူအားကုန်ခန်းလာခဲ့ရသည်။ အိမ်ပြန်ရောက်သည့်တိုင် စိုးရိမ်စရာ၊ စိတ်မချစရာ လူနာတို့အတွက် စိတ်တထင့်ထင့်ဖြင့် အချိန်မရွေးဆက်ကြတော့မည့် တယ်လီဖုန်းကို တစောင့်စောင့်နားစွင့်လျက် စိတ်မောပမ်းနေရသည့်အခါမျိုးမှာ ရံဖန်ရံခါမျိုး မဟုတ်ဘဲ မပြတ်မလတ်ဖြစ်နေတတ်သည်။

တစ်နေ့လုံး လူနာတွေနှင့်တွေ့ကာ စိတ်အားကုန်ခန်း လာခဲ့ရပြီး အရေးကြီးသော လူနာများအတွက် တစ်ညလုံး စိတ်ထင့်နေရသော ကျွန်မအဖို့ စာရေးရန် စိတ်ကူးရမည့်အလုပ်ကို လုပ်နိုင်စွမ်းမရှိပါ။

ကျွန်မကိုယ်ရေးကိုယ်တာ ကိစ္စအဝဝကို အားလုံးဘေးချိတ်ပြီး လူနာများကိုသာ နေ့ရှိသမျှ ဦးစားပေးနေရကာ ကျွန်မကိုယ်ကျွန်မ အစိုးမရပါဘဲလျက် ဆေးကျောင်းသားတွေကို ကတိပေးမိလေခြင်းဟု တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။

ယခုတစ်ကြိမ်လည်း အမှာရေးရန် ပျက်ကွက်ရမှာ ကြောက်သဖြင့် မလေးလုံကို ကတိမပေးပါရစေနှင့် ကြိုးစားပါမည်။ မရလျှင် မရေးလို၍ မထင်မှတ်ဘဲ မရေးနိုင်၍ မှတ်ပါဟု စကားပလ္လင်ခံထားရသည်။

ဗီရိုဖွင့်၍ မလေးလုံပေးပို့ထားသော စာမူကြီးကို မြင်ရတိုင်း ပင့်သက်ချမိသည်။ လူတစ်ကိုယ် အကျင့်တစ်မျိုး ရှိကြသည်။ ကျွန်မစာရေးလျှင် ခေါင်းရှင်းရှင်းထား၍ ရေးချင်သည်။ စာဖတ်လျှင်လည်း ခေါင်းရှင်းရှင်းထား၍ ဖတ်ချင်သည်။

စာရေးရန် စာဖတ်ရန် ခေါင်းရှင်းရှင်းထားနိုင်သော အချိန်ကား လူခြေတိတ် သန်းခေါင်ကျော်မှစ၍ လင်းအားကြီး သို့မဟုတ် အလင်းအထိ ဖတ်ရရေးရသည်ချည့်သာများ၏။

စိတ်ရောကိုယ်ပါ ပန်းနေသည့်အချိန်မျိုး၌ လူခြေတိတ် သန်းခေါင်မှလင်းအားကြီး သို့မဟုတ် အလင်းအထိရေးရန် အားမခဲနိုင်ပါ။

မလေးလုံစာမူကို ဖတ်ရန် ရက်ရွေးထားရသည်။ အလုပ်တိုက်ပိတ်သော တော်လှန်ရေးနေ့ ...

တော်လှန်ရေးနေ့နံနက် ၉ နာရီ၌ မော်ဘီ ရှမ်းတပ်ရင်း (၁) မှ ဗိုလ်ကြီးကျော်အောင်မှ မိသားစုအိမ်ရောက်လာကြသည်။ တစ်နေ့လုံး သူတို့နှင့်အတူ ထိုင်ကာ စကားပြောနေရသည်။ မိုးချုပ်မှ ပြည်လမ်း ကားဆိပ်သို့လိုက်ပို့ပြီး လူချင်းခွဲလိုက်ကြသည်။

တစ်နေ့ကုန် အလုပ်များသွား၍ မောမောဖြင့် အိပ်ရာထဲသို့ရောက်သွားပြီးမှ မလေးလုံ စာမူကို သတိရတော့သည်။ အိပ်ရာမှ ပြန်ထကာ တစ်ညလုံးထိုင်ဖတ်လိုက်ရသည်။

နီနီလေးတို့မိသားစုကို စတွေ့ရသောအချိန်ကား တော်လှန်ရေးနေ့ ည ၁၁ နာရီခွဲခန့်ဖြစ်သည်။

ည ၁၁ နာရီခွဲမှ နံနက် ၄ နာရီအထိ နီနီလေးတို့မိသားစုနှင့် တွေ့ရသည်မှာ

ကျွန်မအတွက် အမှာရေးပေးရန် လုံလောက်သွားပေပြီ။

'ပင်မြက်မြေဇာ' မှာ မြန်မာ့စစ်မြေပြင်၏ မကောင်းဆိုးရွားသရုပ်ကို အပေါ်လွင်ဆုံး မှတ်တမ်းတင်ပြထားသော စစ်မှတ်တမ်းတစ်ခုဖြစ်သည်။

စစ်ကာလ မြန်မာပြည်၏ စစ်မြေပြင်၌ လူအသီးသီးတိုင်း မြေဇာပင် ဖြစ်ကြရကာ ဒုက္ခတွေကိုယ်စီကိုယ်င ပင်လယ်ဝေခဲ့ရသော ဇာတ်လမ်းတွေ မရေမတွက်နိုင်အောင် ရှိကြသည့်အနက်မှ စာရေးတတ်သူက မှတ်တမ်းတင်၍ ဖော်ပြရေးသားထားနိုင်ခြင်း ဖြစ်သည်။

ဤမှတ်တမ်း၌ စစ်ဖြစ်ခါနီး၊စစ်အတွင်း၊ စစ်ပြီးစခေတ် စစ်ကာလကို သုံးပိုင်းခွဲခြား၍ မှတ်တမ်းတင်ထားသည်။

အတိဒုက္ခမြောက်များစွာတို့ဖြင့် ပြွမ်းတီးနေသောအဖြစ်အပျက် အရပ်ရပ်အားလုံးတို့သည် နီနီလေးတို့ မိသားစုနှင့်အတူတကွ ပူးပေါင်း၍ ကျွန်မကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရသကဲ့သို့ ထင်ရလောက်အောင် ခံစားမိသည်။

စစ်ဖြစ်ခါနီး ဃစ်ကိုကြောက်၍ပြေးရပုံ၊ ပြေးကာမှ ဓားပြ လူဆိုးတို့နှင့် ရင်ဆိုင်တိုးရခြင်း၊ တောမီးလောင် တောင်ကြောင်လက်ခမောင်းခတ်၊ မင်းမဲ့တိုင်းပြည်ကဲ့သို့ ပရမ်းဘတာ ဖြစ်နေသော ရွာင်း ရွာကွက်တို့မှာ စစ်အတွင်း ကျွန်မရှောင်ပြေးရာ မြစ်ဝကျွန်းပေါ် အရပ်၌ ဖြစ်ပျက်ပုံချင်းတို့နှင့် တူလေခြင်းဟု တွေးမိသည်။

စာရေးသူမှာ အမျိုးသမီးဖြစ်၍ ထင့် ... လွတ်လို လွတ်ငြား ရှောင်ရတိမ်းရသော အတိဒုက္ခကို အနုစိတ်ရေးခြယ်ပြရာတွင် စေ့စပ်လှသဖြင့် စစ်၏ကြမ်းကြုတ် ဆိုးရွားခြင်း သဘောကို ပိုင်နိုင်ထိမိစွာ ရေးဖွဲ့ထားနိုင်သည်။

စစ်ကာလအတွင်း ကြုံခဲ့ရသည့် ကြောက်စရာ လန့်စရာ၊ သွေးပျက်စရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာတို့နှင့် ဆုံးရှုံးနစ်နာပုံတို့ကား ကမ်းကုန်အောင် အဆုံးစွန်သော အပိုင်းအထိ နက်ရှိုင်းစွာ ဖော်ပြထားသည်။

ဤမှတ်တမ်းသည် ပြည်သူတို့အတွက် စစ်ကို ရွံ့မုန်းသွားစေကာ အမှတ်တရ သိမြင်ခံယူစေနိုင်မည့်အပြင် ပြည်သူတို့အပေါ်၌ ဖိနှိပ်ချုပ်ချယ်သွေးစုပ်သည့် နယ်ချဲ့စနစ်ဆိုးနှင့် လူစိတ်ကင်းမဲ့သော ဖက်ဆစ်စနစ်ဆိုးကိုပါ အရိပ်ပြအကောင်ထင်အောင် အထောက်အကူပြုနိုင်မည့် အမှတ်အသားဖြစ်သည်။

ခရစ်ယာန်ဘာသာ ကိုးကွယ်သော စစ်ဘေးဒုက္ခသည် မြန်မာမိသားစု ဇာတ်ကောင်များထဲ၌ ဖခင်ဖြစ်သူ ဇာတ်ကောင်က အစ မြန်မာသီချင်းကြီးကိုမှ နှစ်သက်၍ မြန်မာဆန်မှု၊ မြန်မာ့ဇာတိသွေး ဇာတိမာန်ရှိမှုတို့ကို စာဖတ်သူများ အမှတ်ထင်ထင် သတိပြုမိ

ပေလိမ့်မည်။

သို့သော် ...

ဘာသာရေး၌ မခွဲမခြား တစ်လုံးတစ်စည်းတည်း သင်းဝင်ဖွဲ့စည်း၍ အုလိုက်သည်းလိုက် ပူးပေါင်းနိုင်ပါလျက် လူမျိုးရေးထိပ်ပိုင်းသို့ ရောက်လာချိန်၌မူ မြန်မာဖြစ်၍ ကရင်ကလည်း မပူးပေါင်းနိုင်၊ မယုံသင်္ကာရှိ မြန်မာကလည်း ခရစ်ယာန်ဘာသာဝင်ဖြစ်၍ မယုံသင်္ကာ ဖြစ်ရပ်များသည် စစ်ဒဏ်ခံရသည့် မိသားစုတို့၏ ကြေကွဲစရာများအနက်မှ တကယ့်ကြေကွဲစရာ တစ်ကွက်ဖြစ်နေသည်ကို တွေ့ရှိရသည်။

စစ်ဘေးစစ်ဒဏ်ကို ကြွဲကြွဲခိုင်ခိုင် ရပ်တည်ရင်း ဒုက္ခတွေပင်လယ်ဝေနေသည့်ကြားထဲမှ တည်ကြည်ရိုးသား၍ ဖြောင့်မတ် ဖြူစင်သောသဘောရှိသည့် စစ်ပြေး မိသားစု၏ စိတ်ဓာတ် အမူအယာ သဘောသကန်တို့ကို ပြင်းထန်သော မုန်တိုင်းအကြားမှ မြင်ရသည်။

ပင်ကိုသဘာဝအားဖြင့် သနားကြင်နာတတ်သူများ ဖြစ်ရုံသာမက ကျောင်းဆရာအလုပ်ကလည်း ကောင်းမြတ်သော လုပ်ဆောင်ရေးအတွက်သာ ရည်ညွှန်းစေ့ဆော်အားပေးသဖြင့် စေတနာပြည့်ဝခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဖွဲ့ရှိခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်း၊ စာနာတတ်ခြင်း၊ ကြင်နာခြင်း၊ မေတ္တာတရားကြီးမားခြင်း၊ အာဃာတမရှိခြင်း စသည့် စသည့် လူ့စရိုက် လူ့သဘာဝ လူဆန်သော ယင်းအချက်အလက်တို့ကို စစ်မီးဟုန်းဟုန်းတောက်နေသည့်အကြားမှာ ပီပြင်အောင် မှုန်းခြယ်နိုင်စွမ်းရှိသည့်အတွက် စာမူဖတ်ပြီးသည့်နောက် ကျွန်မ၏ ခေါင်းထဲ၌ နှစ်သက်ဖွယ်ရာ ရှိလှသော ချစ်စရာအကွက်တို့သည် သူ့အခန်းနှင့်သူ ခေါင်းထဲ၌ တရစ်ဝဲဝဲပေါ်နေတော့သည်။

**ဂျာနယ်ကျော်မမလေး**

# ငြိမ်းချမ်းစေလိုသည်

ကုလသမဂ္ဂကြီးက ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးကို လုံ့လစိုက်၍ ဆောင်ရွက်နေသည်။ ကမ္ဘာစစ်တားဆီးပိတ်ပင်နိုင်ရေးအတွက် စီစဉ်ကြံဆကြိုးစားအားထုတ်နေသည်။ ငြိမ်းချမ်းရေးကို လိုလားသော ကမ္ဘာသူ လူသားတိုင်းကလည်း စစ်ဆန့်ကျင်ရေးအတွက် နည်းအမျိုးမျိုးနှင့် ဆန္ဒပြနေကြသည်။

သို့စဉ်လျက် ကမ္ဘာကြီး တစ်ဝန်းလုံး၌ "စစ်" သံလွှမ်းနေသည်။ စစ်သံကြီးက ကြောက်မက်ဖွယ်ရာ မြည်ဟည်းနေသည်။ နိုင်ငံကြီးများက အစွမ်းထက်သော လက်နက်ဆန်းများကို သူ့ထက်ငါဦး အပြိုင်အဆိုင် ထုတ်လုပ်၍ "အဏုမြူစစ်ပွဲကြီး" ကို ခင်းရန် ပြင်ဆင်နေကြသည်။ တစ်ဦးနှင့် တစ်ဦး ခြိမ်းခြောက် ဟိန်းဟောက်နေကြသည်။ ပြီး တိုင်းနိုင်ငံတိုင်းလိုလိုမှာလည်း "အာဏာလုပွဲ" နှင့် "ပြည်တွင်းစစ်" မီးပွားကလေးများ တရဲရဲထတောက်နေကြသည်။

ထိုအထဲတွင် နီနီလေးတို့နှင့် အိမ်နီးချင်းနိုင်ငံ ဗီယက်နမ်ပြည်၏ စစ်မီးကြီးမှာ အထူးနီးကပ်စွာဖြင့် တစ်ရှိန်ရှိန် တညီးညီးလောင်မြိုက်လျက်ရှိနေလေသည်။

စစ်ဦးဘီလူး၏ ကြမ်းတမ်းရက်စက်စွာ ကလူကျီစယ်ချက်တွင် ဗီယက်နမ်ပြည်သူတို့၏ အသက်ပေါင်းများစွာမှာ မရေမတွက်နိုင်အောင်ပင် ပျက်စီးဆုံးရှုံးနေကြရချေသည်။ ပြည်သူလူထု၏ သနားစဖွယ် ခံစားညည်းညူနေသံများကလည်း နားမခံသာ

အောင်ပင် မချိမဆန့်လျှံထွက်နေကြပေသည်။

ထိုအခါ နီနီလေးတို့မှာ "အိမ်ရှေ့ပူ ... အိမ်နောက်မချမ်းသာ" ဖြစ်ကြရလေတော့၏။ ကိုယ့်အိမ်နီးချင်း ပြည်သူများအတွက် နလုံးသား၌ မကြည်မြနိုင်တော့။ သူတို့အပေါ် ကြင်နာမေတ္တာထားမိသည်။ သူတို့ခံစားနေရသော စစ်ဘေးဒုက္ခဆိုးအတွက် နီနီလေးတို့ ရင်မှာလည်း နာကြည်း ကြေကွဲကြရလေတော့သည်။

လူသတ် "စစ်ပွဲ" မုန်းသမျှ နီနီလေး မုန်းလေသည်။ လေသံကိုမျှ မကြားလိုပါ။ သို့ရာတွင် ထိုအမင်္ဂလာ "စစ်"သံဆိုးကြီးက ငှက်ဆိုးလိုထိုးနေသည်။ သူ့အသံကြီးကို လွှင့်ထုတ်နေလေသည်။

"စစ်" ကို မုန်းသလောက် နီနီလေးတစ်ယောက် အလွန်လည်းကြောက်မိသည်။ "စစ်"ဆိုသော အသံဆိုးကြီးကို ကြားလိုက်ရတိုင်း နီနီလေးမှာ တစ္ဆေအခြောက်ခံရသလို ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မိလေတော့၏။

"အမှိုက်ကစ ... ပြဿဒ်မီးလောင်" တတ်သည်ဆိုရာ ယခု အမှိုက်မဟုတ်ဘဲ အထုအထည် လူ့အသက်သွေးများဖြင့် စတေးရင်း လောင်မြိုက်နေသော ဗီယက်နမ် ပြည်တွင်းစစ်သည် "ကမ္ဘာစစ် (ဝါ) အဏုမြူစစ်ပွဲကြီး" သို့ မကူးပြောင်းနိုင်ဟု ဘယ်သူ ပြောဝံ့ပါသနည်း) ဘယ်သူကကော အာမခံချက် ပေးနိုင်ပါမည်နည်း။

သည်တော့ နီနီလေးက "အဏုမြူကမ္ဘာ့စစ်ပွဲကြီး"ကိုလည်း ဖြစ်မလာစေလို။ ဖြစ်နေသော ဗီယက်နမ်စစ်ပွဲကြီးကိုလည်း အမြန်ဆုံး ရပ်ဆိုင်းပစ်စေချင်သည်။ ပြီး ... တိုင်းနိုင်ငံအပြည်ပြည်တိုင်းကိုလည်း ငြိမ်းချမ်းသာယာစေလိုသည်။

ထိုသို့ နီနီလေး၏ဖြစ်စေလိုသော ဆန္ဒ အမှန်တကယ်ဖြစ်ပေါ်လာနိုင်ရေးမှာ လူသားတစ်ယောက်စီတိုင်း၌ တာဝန်ရှိသည်ဟု ထင်မိသည်။

သို့ရာတွင် သွေးဆာနေသော စစ်ဦးဘီလူး၏ ဖြားယောင်း လှုံ့ဆော်နေမှုများကို ကမ္ဘာ့လူသားများက ကြံ့ကြံ့ခံ၍ တွန်းလှန်နိုင်ကြပါမည်လော။ "ကမ္ဘာစစ် (ဝါ) အဏုမြူ စစ်ပွဲကြီး"ကိုကော တားဆီးပိတ်ပင်နိုင်ကြပါမည်လော။ တောက်လောင်မြိုက်ကျွမ်းနေသော ပြည်တွင်းစစ်မီးပွားကလေး အသီးသီးကိုရော၊ စုပေါင်းအားဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပေးနိုင် ကြပါမည်လော။

ဒါတွေကို တစ်ခုမျှမတတ်နိုင်ကြဘဲ "ကမ္ဘာစစ်ပွဲကြီး" ဖြစ်ပေါ်လာခဲ့ဦးမည်ဆို လျှင်ကား နီနီလေးသည် တွေးကြည့်ရုံနှင့်ပင် သူရင်ဝယ်သိမ့်သိမ့် တုန်ခါသွားသည်အထိ ကြောက်ရွံ့စိုးထိတ်မိလေသည်။

သူ့အဖို့ ဖွေးလာ၍ လူမှန်းသိတတ်စမှာပင် "ကမ္ဘာစစ်" ကြီး၏ အညှာတာကင်းကင်းနှင့် နှိပ်စက်ခြင်းကို အလူးအလဲ ခံစားလာခဲ့ရသော နီနီလေးခမျာမှာ "စစ်" ဆိုသည်ကို လေသံကြားရုံ၊ တွေးကြည့်ရုံနှင့်ပင် အဘယ်မှာလျှင် မကြောက်ရွံ့မတုန်လှုပ်ဘဲ နေနိုင်ပါမည်နည်း။

သူ့အဖို့ကမ္ဘာစစ်၏ ဆိုးဝါးကြောက်မက်ဖွယ်ရာ ခံစားလာခဲ့ရချက်များမှာ စာကိုမှုမတတ်သေးသော ကလေးအရွယ် နီနီလေးအား ဦးနှောက်နှင့်နှလုံးသားကလေးထဲ၌ တစ်သက်လုံးမမေ့နိုင်အောင် စွဲမြဲကပ်ငြိပ်နေခဲ့စေလေတော့သည်။

ထိုအခါ နီနီလေးက ပြန်တွေးလိုက်တိုင်း "စစ်ဘေးစစ်ဒဏ်"၏ တွေ့ကြုံဖြစ်ပျက်ခံစားချက်များသည် သူ့စိတ်အစဉ်တွင် အမှတ်ထင်ထင် မြင်ယောင်လာခဲ့တတ်လေတော့သည်တကား။

❒

# ကမ္ဘာစစ်၏အစ

"ဆန်တစ်ပြည် သုံးပဲ ... ဂျာမနီ ... ဗုံးကြဲ"

"လက်ကိုကြယ်ဖောက် ... ဂျပန်ရောက်"

"ရောက်သည့်ဂျပန် ... သုံးနှစ်ခံ"

နီနီလေး အဓိပ္ပာယ်ကို သိနားလည်သည်မဟုတ်၊ သူ့ကိုကြီး ကိုညီနှင့် အခြားသော ကလေးများ၏ လေသံကြားနှင့် နီနီလေးကလည်း လိုက်ဆိုနေခဲ့မိခြင်း ဖြစ်သည်။ ထိုသို့ အဆန်းအပြားကိုဆိုရသည်မှာ သူ့အဖို့ "အာ" ကွေ့လှသည်။ မောင်နှမတွေစုပြီး သံကုန် ဟစ်ရသည်မို့လည်း သူတို့ပျော်နေမိကြလေသည်။

သူတို့ကလေးတွေမှာ ပျော်ရွှင်မြူးတူးနေကြသလောက် လူကြီးမိဘတွေမှာတော့ ဘာတွေဖြစ်၍ ဘာတွေလုပ်နေကြမှန်း မသိ။ တိုးတိုးကျိတ်ကျိတ် တိုင်ပင်ဆွေးနွေး ပြောဆိုနေခဲ့ကြသည်။

"ဟော ... ဂျပန်က ... ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီး ... မဟာမိတ်တွေကို စစ်ကြေညာလိုက်ပါပကော ..."

လူကြီးတွေစု၍ ပြောဆိုနေကြသည့်အထဲမှ အထက်ပါစကား အဆန်းအပြားတစ်ခုကို နီနီလေးကြားလိုက်မိလေသည်။ အမှန်က "စစ်" ဆိုသော စကားလုံးကလေးကို သူကြားဖူးနေခဲ့သည်မှာတော့ အတော်ကလေးပင် နားရည်ဝနေခဲ့ပေပြီ။ ၁၉၃၉ ခုနှစ်တွင်

အဓိပ္ပာယ်ကိုတော့ ကွဲကွဲပြားပြား နားလည်ခဲ့သည်မဟုတ်၊ ထို "စစ်" စကားဆိုသည်မှာ လူကြီးများအတွက်သာ ပြောဆိုဆွေးနွေးစရာလူကြီးများနှင့် သက်ဆိုင်သော ကိစ္စတစ်ရပ်ဖြစ်သည်။ သူတို့ကလေးများနှင့် ဘယ်လိုမျှ ပတ်သက်ခြင်းမရှိဟု နားလည်လက်ခံထားနေသော နီနီလေးက စိတ်မဝင်စားခဲ့ပါချေ။

နီနီလေးတို့သည် ပုသိမ်မြို့ဇာတိဖြစ်ကြသည်။ သူတို့နေသော အိမ်မှာ ပုသိမ်မြို့လယ်နှင့် အတော်လေး လှမ်းသည်။ ယိုးဒယားကုန်းရပ်ဟုခေါ်လေသည်။ နီနီလေးတို့အိမ်၏ ညာဘက်တစ်လျှောက်၌ ဗုဒ္ဓဘာသာ ဗမာအမျိုးသားများက တစ်ပိုင်းနေကြသည်။ ဘယ်ဘက်တစ်လျှောက်မှာမူ ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသားများ၏ ရပ်ကွက်ကြီးဖြစ်တော့သည်။ ဗမာလူမျိုး ခရစ်ယာန်ဘာသာဝင် တစ်အိမ်တည်းသာဖြစ်သော နီနီလေးတို့ မိသားစုက သူတို့အလယ်၌ ရပ်တည်နေခဲ့ကြသည်။ ဟိုဘက်သည်ဘက် နှစ်ရပ်ကွက်လုံးမှာ နီနီလေးတို့မိသားစု၏ မိတ်ဆွေများပင်ဖြစ်ကြသည်။ သူတို့ကို အားလုံးကပင် ရင်းနှီးခင်မင်ကျွမ်းဝင်စွာ ရှိကြလေသည်။

ယိုးဒယားကုန်း ရပ်ကွက်မှာ အေးချမ်းသာယာလှပေသည်။

နီနီလေးတို့အိမ်နှင့် ခြံဝင်းနောက်တွင် ကပ်လျက် ချောင်းတစ်ချောင်းရှိလေသည်။ ချောင်းရေ ကြည်ကြည်များသည် တက်လိုက်ကျလိုက်ဖြင့် အလျဉ်မပြတ်အောင် စုန်ဆန်လျက် ရှိနေသည်။ ရေအစုန်အဆန်တွင် ဗေဒါဒိုက်ကလေးများနှင့်အတူ ချောင်းစပ်ရှိ "သံသတ်"ပင်ကြီးမှ အသီးများကလည်း ရောနှောမျောပါသွားတတ်ကြလေသည်။

အေးချမ်းဆိတ်ငြိမ်သော ချောင်းကလေး ဘေးနားတွင် နီနီလေးက ကိုကြီး၊ ကိုညီတို့နှင့်အတူ ကစားလေ့ရှိခဲ့သည်။ ညီမငယ် စီစီလေး တစ်ယောက်ကတော့ ငယ်လွန်းနေသေးသည်။

"ဟော ... ဟော ... ဟိုမှာကြည့် ... ကြည့် ... သမီး ... လေယာဉ်ပျံကြီးတွေ့လား ... တွေ့လား ..."

နီနီလေးတို့ ကစားနေကြစဉ် သူတို့ရပ်ကွက်နှင့် ချောင်းကလေးပေါ်မှ လေယာဉ်ပျံကြီးများ တစ်ခါ တစ်ခါ နိမ့်နိမ့်ကလေး ဖြတ်ပျံသွားခဲ့တတ်သည်။ ထိုသို့ ပျံသွားတိုင်းဖေဖေကလည်း အနား၌ရှိနေလျှင် သူတို့ကို အမြဲတမ်းခေါ်၍ ပြတတ်လေ့ရှိခဲ့လေသည်။

သို့ရာတွင် နောက်ပိုင်း၌ အခြေအနေက တစ်မျိုးပြောင်းလာခဲ့တော့၏။

ယခု တလော ... ဥသြသံရှည်ရှည်ကြီးတစ်ခုကို သူတို့ကြားကြရသည်။ ထိုဥသြသံကြီးကို ကြားလျှင် ...

"ဟော လေကြောင်းရန် ဥသြမှုတ်တယ် ... လာကြဟေ့ ... လာကြ" ဟု ဖေဖေ က မေမေနှင့် နီနီလေးတို့ အားလုံးကို စုခေါ်သည်။ ပြီးလျှင် မကြာမီကလေးမှ ခြံရှေ့၌ တူးထားခဲ့သော မြေကျင်းကြီးထဲသို့ စိုးရိမ်တကြီးဖြင့် ခေါ်ဆင်းသွားတတ်၏။

အခါတိုင်းလည်း စက်ရုံများ၊ သင်္ဘောများက ဥသြများမှုတ်တတ်ကြသည်ပင်။ ယခုမှ ဥသြမှုတ်လျှင် ဘာကြောင့် ဖေဖေက ကျင်းထဲဆင်းခိုင်းနေရတာပါလိမ့်၊ နားမလည်သော နီနီလေးက စပ်စု မေးမြန်းသောအခါ ဖေဖေက သူ့ကို ပြန်၍ ရှင်းပြခဲ့လေသည်။

"အခု ... ဥသြမှုတ်တာက လေယာဉ်ပျံလာနေတယ် ... ကျင်းထဲ ဆင်းပုန်းကြ ဖို့ လူတွေကို အချက်ပေးတာ သမီးရဲ့"

"လေယာဉ်ပျံလာတာနဲ့ ... ဘာလို့ လူတွေကို ပုန်းခိုင်းရတာလဲဟင် ဖေဖေ ..."

"လေယာဉ်ပျံက ဗုံးကြဲချတော့ လူတွေကို မထိအောင်လို့ပေါ့"

နီနီလေးအဖို့ မေးမိကာမှ ပိုရှုပ်လာခဲ့သည်။ ဥသြမှုတ်တာ လေယာဉ်ပျံလာ၍ဟု ဆိုသည်။ ထိုအခါ ထိုစဉ်က လေယာဉ်ပျံကြီးတွေ ဖြတ်ပျံသွားသည်ကို တွေ့လျှင် နီနီလေး တို့ကို အထူးအဆန်းအဖြစ် ခေါ်ယူပြတတ်ခဲ့သော ဖေဖေက ယခုမှ စိုးရိမ်တကြီးဖြင့် သူတို့ကို ကျင်းထဲသို့ ခေါ်ပြေးသွားနေလေသည်။ အကြောင်းကတော့ လေယာဉ်ပျံပေါ် က ဗုံးတွေချသောအခါ လူတွေကို မထိအောင်ဟု ဆိုသည်။

"ပုံး" ဆိုသော ဝေါဟာရကို ရေနံဆီပုံး၊ ရေပုံးစသည်များကိုသာ သိနားလည်ထား နေခဲ့သော နီနီလေးမှာ ကင်းကာမှ ပိုရှုပ်နေတော့သည်။ လေယာဉ်ပျံပေါ်က ဘယ်အတွက် ပုံး (ဗုံး)များကို ပစ်ချမှာပါလိမ့်။ ရေနံဆီတို့ ဆီတို့အပြည့်ရှိနေသည့် ပုံးကြီးများကို လေယာဉ်ပျံက ပစ်ချ၍ လူတွေခေါင်းပေါ်ထိလျှင် အတော်နာမည်ဆိုကိုတော့ ကလေး အတွေးနှင့်ပင် နီနီလေးက သိလေသည်။ သူနားမလည်နိုင်သည်က လေယာဉ်ပျံက ဘယ် အတွက် ဗုံးတွေ လာချမည်ဆိုသည့်အချက်သာ ဖြစ်လေသည်။

"လေယာဉ်ပျံက ဘာလို့ဗုံးတွေ ချလာမှာလဲ ဖေဖေ"

"အခု ကမ္ဘာစစ်ကြီးဖြစ်နေတယ် သမီးရဲ့ ... စစ်ဖြစ်တယ်ဆိုတာ တိုင်းပြည် တစ်ပြည်နဲ့ တစ်ပြည် ရန်ဖြစ်ကြတာ၊ အခု အင်္ဂလိပ်နဲ့ ဂျာမနီ ရန်ဖြစ်ပြီး စစ်ဖြစ်နေကြ တော့ တစ်ပြည်နဲ့ တစ်ပြည် ဗုံးတွေ သွားချ လာချကြတာပေါ့။

ကျောင်းဆရာ ဖြစ်သော ဖေဖေက နီနီလေးကို စိတ်ရှည်လက်ရှည်ပင် ရှင်းပြခဲ့ လေသည်။ ထိုအခါ နီနီလေး၏ စိတ်မှာ နားလည်သလို မလည်သလိုနှင့် ထပ်၍ မမေး တော့။ သို့ရာတွင် စစ်ဖြစ်တယ်ဆိုတာ တိုင်းပြည် တစ်ပြည်နှင့်တစ်ပြည် ရန်ဖြစ်တာ။

ယခု အင်္ဂလိပ်နှင့် ဂျာမနီတို့ ရန်ဖြစ်နေကြသည်။ ထိုအခါ လေယာဉ်ပျံတွေက ဗုံးတွေ သွားချကြသည်။ လာချကြမည်။ သည်တော့ လေယာဉ်ပျံ လာ၍ ဗုံးချသောအခါ လူတွေကို မထိအောင် "ပုန်းကျင်း" ထဲ၌ ပုန်းနေရမည်ဆိုသော အသိစိတ်ကလေးကတော့ ဖေဖေရှင်းပြချက်အရ နီနီလေး၏ နုငယ်သေးသော ဦးနှောက်ကလေးထဲ၌ စွဲငြိမှတ်ယူထားလိုက်လေတော့သည်။

ထိုနောက် မကြာပါချေ။ ကျောင်းအားလုံး ပိတ်ပစ်လိုက်တော့သည်။ ဖေဖေနှင့်အတူ ကိုကြီးတို့ ကိုညီတို့ ကျောင်းသို့မသွားကြတော့။ ထိုအခါ ဟန်တစ်လုံး၊ ပန်တစ်လုံးနှင့် ကျောင်းသူကြီးအဖြစ် စတိုင်ထုတ်မည့် နီနီလေးတစ်ယောက်မှာလည်း စာမသင်ရခင်ကပင် ကျောင်းပိတ်ရက်ရှည်နှင့် သွားတိုးကာ စတိုင်ပြုတ်ရလေတော့သည်။

ကျောင်းပိတ်၍ စာမကျက်ရတော့ဘဲ အနားရကာမှ ကိုကြီးတစ်ယောက် အပြင်းဖျားလေတော့သည်။ ဖေဖေနှင့် မေမေက အိမ်လက်စွဲ ဆရာဝန် ဒေါက်တာ နာယားကို ပင့်ခေါ်ပြရသည်။ ဒေါက်တာက စမ်းသပ်ကြည့်ရှုပြီး ကိုကြီးမှာ တိုက်ဖွိုက်ခေါ် အူယောင်ငန်းဖျားဖြစ်သည်။ မလှုပ်မရှား အိပ်ရာမှ မထရ၊ အရည်မှလွဲ၍ ဘာအစာမျှ မစားရဟု တားမြစ်သွားသည်။ ထိုးဆေး၊ တိုက်ဆေး စသည်များကိုလည်း အပြည့်အစုံပြုလုပ်ပေးသွားသည်။

ဆရာဝန်၏ အမိန့်အတိုင်း ဖေဖေတို့က ကိုကြီးကို အရည်မှလွဲ၍ ဘာအစာကိုမျှတော့ မကျွေးပါ။ သို့ရာတွင် လေကြောင်းရန် ဥဩသံကြားတိုင်း ဖေဖေက ဆယ်ကျော်နှစ်ရွယ်သားကြီး ဩရသကို ပွေ့ချီ၍ ကျင်းထဲဆင်းပြေးရလေရာ ကိုကြီးကို မလှုပ်မရှားအိပ်ရာထဲမှ ချည့်တော့ထား၍ မဖြစ်နိုင်ပေ။

အလှုပ်အရှား မပြုရဆိုသော လူမမာကိုကြီး ခများမှာ ကျင်းထဲမှ ပြန်တက်လာလျှင် အပူဒီဂရီ အပြင်းတက်လာခဲ့သဖြင့် နဖူးတွင် ရေခဲမပြတ်အောင် အုပ်ပေးနေရတော့သည်။ ထိုနောက် ဆရာဝန်က လက်မလွတ်တမ်း ဂရုစိုက်၍ စောင့်ကြည့်ကုသပေးနေသည့်တိုင် ကိုကြီး၏ ဝေဒနာမှာ သက်သာလာခြင်း မရှိပေ။ ထိုအခါ ဆရာဝန်က လူနာကို ဆေးရုံတင်ရန် အကြံပေးသည်။ မိတ်ဆွေများကလည်း ဝိုင်း၍ တိုက်တွန်းကြသည်။ သို့ရာတွင် ဆရာဝန်၏ အကြံပေးချက်နှင့် မိတ်ဆွေများ၏ တိုက်တွန်းချက်ကို မေမေက လက်မခံခဲ့ပါ။

" အို ... စစ်ကြီးကလည်း အခုပဲ ဗမာပြည်ကို ရောက်တော့မလိုလိုနဲ့ဟာ ... ဂျော်ကြာ လေယာဉ်ပျံတွေက ဗုံးကြဲ ဘာကြဲနဲ့ တကွဲတပြား ဆေးရုံမှာ ပို့မထားချင်ပါဘူး။

သေလည်း ကိုယ့်မျက်စိအောက် ရှင်လည်းကိုယ့်မျက်စိအောက် အိမ်မှာပဲ ဆရာဝန်နဲ့ ကုမယ်”

မေမေက သဘောမတူသဖြင့် ကိုကြီးကို ဆေးရုံမတင်ဖြစ်တော့၊ သည်တော့ ဆရာဝန်ခများ လူနာကို အိမ်မှာပင်ထား၍ ဆက်လက်ကုသပေးနေခဲ့ရလေတော့သည်။

နောက်ဆုံးတော့ ဘုရားတန်ခိုးနှင့် ဆရာဝန်၏စေတနာဖြင့် ကြိုးစားကုသပေးမှု အစွမ်းကြောင့်ပင် ကိုကြီးလူမမာမှာ တဖြည်းဖြည်း သက်သာစပြုလာခဲ့တော့သည်။ ထိုအခါ ကျတော့မှလည်း နီနီလေးတို့ အငယ်တစ်စုမှာ ...

“ဖြည်းဖြည်းလျှောက် တိတ်တိတ်နေ ... မဆူကြနဲ့” ဆိုသော လူကြီးများ၏ ချုပ်ချယ်မှုများမှ သက်သာခွင့် ရလာခဲ့ကြရလေတော့သည်။

“လူနာကို ... အရည်ကလွဲပြီး အဖတ်ဆို ဘာမှမကျွေးပါနဲ့ဦးနော်” ဟု ဆရာဝန် ၏ တင်းတင်းကြပ်ကြပ် ပညတ်ချက်အရ မေမေတို့မှာ သူတို့သားကြီး လူမမာကို ဆန်ကို ပြုတ်၍ စစ်ယူထားသော ကဇီရည်ကလေးကိုသာ တိုက်ကြရလေသည်။ ဒါကို လူနာက မကျေနပ်၊ နဂိုထဲက အစားကောင်းခဲ့သော ကိုကြီး လူမမာက ဆန်ပြုတ်ရည်ကြည်ကလေး လောက်ကို ဘယ်လိုမျှ အာသာမပြေနိုင်၊ ထမင်းကိုသာတောင်းစားနေလေသည်။ သူ့အဖို့ ထမင်းနှင့် ဝေးခဲ့ရသည်မှာလည်း ရက်ပေါင်းအတော်ကြာပြီမို့ စားချင်ရှာပေမည်။

လူနာက ဘယ်မျှပင်တောင်းတောင်း ဖေဖေနှင့်မေမေကတင်းထားနိုင်ကြသည်။ လူနာကို ချော့မော့နှစ်သိမ့်ကြသည်။ လူနာကတော့ တကျီကျီတောင်းတုန်းပင်။ ထိုအခါ မေမေ့ အမေ အဘွားက ကြာရှည်တင်းမထားနိုင်တော့ပါ။

“ငါမြေးကြီးစားချင်တာ ... ကျွေးလိုက်ကြပါဟယ်” ဟု ဆိုလာသည်။ သို့ရာ တွင် မေမေတို့မကျွေး၊ လူနာကိုသာမက အဖွားကိုပါ ဖျောင်းဖျရှင်းပြကြရပြန်တော့သည်။

“အို ... ဘယ်ဖြစ်ပါ့မလဲ အမေရယ် ... ကျွေးလိုက်ရင် ဒုက္ခဖြစ်သွားမှာပေါ့။ ဟိုမှာ ... သားကြီးရဲ့ သူငယ်ချင်းလေ ... တစ်ချိန်တည်းဖြစ်ကြတာ သူကတော့ ဆေးရုံ တက်တယ်။ အဲဒါ... နည်းနည်းလည်း သက်သာရော လူနာကတောင်းလို့ ထမင်းသွား ကျွေးလိုက်တာ ... တစ်ခါတည်း ဒုက္ခဖြစ်ခဲ့ပါရော့လား ... ဒီတော့ ဆရာဝန်က မကျွေးပါနဲ့ ဦးဆို မကျွေးဘဲထားတာ အကောင်းဆုံးပါအမေ”

နောက်မကြာမီတွင် ရန်ကုန်တွင် ကျောင်းသွားတတ်နေသော မေမေ့မောင် အငယ် ဆုံး ဦးလေးကြိုင်ပြန်ရောက်ခဲ့သည်။ သူရောက်ပြီး မကြာမီကမှာပင် အဘွားက ဦးလေးကြိုင် ကို ခေါ်ပြီး ရတ်တရက် တောသို့ပြန်သွားခဲ့လေတော့၏။

အိမ်၌ အဘွားရှိနေလျှင် နီနီလေးက အဘွားနှင့် သွားအိပ်လေ့ရှိသည်။ အဘွား၏ ရင်ခွင်ထဲ၌ အဘွားပြောပြတတ်သော "ငလက်မနှင့် ရွှေယုန်နှင့်ရွှေကျား" ပုံပြင်ကလေးများကို မရိုးအောင် နားထောင်ရင်း အိပ်ပျော်သွားလေ့ရှိခဲ့သည်။ ယခု အဘွားက တောသို့ ပြန်သွားလျှင် နီနီလေးက ညီမငယ် စီစီလေးနှင့်လုရ၍ ဖေဖေ့ရင်ခွင်သို့ ပြန်တိုးဝင်ရဦးမည်။

"အဘွား ... ဘာဖြစ်လို့ ပြန်သွားတာလဲ မေမေ ... ဟင်"

နီနီလေးက မေးလျှင် မေမေက ပြောပြသည်။

"သမီးတို့အဘွားက ... သမီးတို့ ကိုကြီး ထမင်းစားချင်တာ မကျွေးရလို့တဲ့ ... စိတ်ဆိုးပြီး ပြန်သွားတာ"

ထိုအခါကျမှ အဘွားတစ်ယောက် မပြန်မီက ...

"ညည်းတို့ ကလေးကို အငတ်ထား သတ်နေကြတယ်... ကလေးက ဒါလောက် စားချင်နေတဲ့ဟာကို သေလည်းဝဝ ... ရှင်လည်းဝဝပေါ့" ဟု မကျေမနပ် ရေရွတ်နေခဲ့သည်ကို နီနီလေး သတိထား ကြားလိုက်မိသလိုရှိတော့၏။

သူ့မြေးကို တကဲကဲ ထမင်းကျွေးမည်ပြုနေသော အဘွားမှာ ဖေဖေနှင့် မေမေတို့က လုံးဝခွင့်မပြု အလစ်မပေးဘဲ တားဆီးစောင့်ကြပ်နေခြင်းအတွက် စိတ်ဆိုးပြီး ပြန်သွားခဲ့လေတော့သည်။

နောက်တော့ ကိုကြီးတစ်ယောက် နာလန်ထလာခဲ့ပြီး စားနိုင်၊ သောက်နိုင်နှင့် နေကောင်းလာခဲ့လျှင်ပင် ဖေဖေနှင့် မေမေတို့က တောသို့ပြေးရန် ပြင်ဆင်ထုပ်ပိုးကြလေတော့၏။

ထိုအချိန်တွင် ဖေဖေ၊မေမေတို့၏ မိတ်ဆွေအတော်များများပင် မြို့၌မရှိတော့ဘဲ တောသို့ရောက်နေခဲ့ကြပေပြီ။

❒

# စစ်ပြေးခရီး၏ နိဒါန်းအစ

နွေဦးကာလ၏ သာယာကြည်လင်နေသော နေ့တစ်နေ့၏ နံနက်စောစောတွင် နီနီလေးတို့မိသားစုသည် ကုလားသင်္ဘောကလေးတစ်စင်းပေါ်တွင် နေရာယူထားကြသည်။ သူတို့သည် အိမ်မှ ကော်ဖီနှင့် မုန့်များကိုသာ စားသောက်လာခဲ့ကြရသည်။ ထမင်းဟင်းများကို မေမေက အဆင့်ဆင့်ရှိသော ချိုင့်ကြီးတစ်လုံးနှင့် ထည့်ယူခဲ့လေသည်။

သင်္ဘောစီး၍ ခရီးသွားရမည်မို့ နီနီလေးက ပျော်နေမိသည်။ အမှန်က အရင်လည်း ဤလိုပင် သင်္ဘောစီး၍ နီနီလေးတို့ မိသားတစ်စု ခရီးသွားခဲ့ဖူးသည်ဆို၏။ သို့ရာတွင် နီနီလေး မမှတ်မိခဲ့တော့။ ထို့ကြောင့် နီနီလေးက ယခုတစ်ခါသာ သူ့အဖို့ ပထမဦးဆုံး မှတ်မှတ်ရရ ခရီးထွက်ချင်းဟု ယူဆကာ ပျော်နေမိလေတော့၏။

သူတို့မိသားစု သင်္ဘောပေါ်သို့ တက်လာခဲ့စဉ်က ဘယ်လိုက ဘယ်လိုဖြစ်သွားခဲ့သည်မသိ ညီမငယ် စီစီလေး၏ ဖိနပ်ကလေးတစ်ဖက် ရေထဲသို့ကျသွားလေသည်။ ရေပေါ်တွင်ပေါ်လောမျောနေသော ဖိနပ်နီနီကလေးကို ဖေဖေက ထီးလက်ကိုင်ကောက်ထိပ်နှင့် လိုက်ချိတ်ဆွဲယူလိုက်သည်။ လိုက်ဆွဲယူကာမှ ဖိနပ်ကလေးက ရေစီးနောက် မျောပါသွားတော့၏။ ဘယ်လိုမှ လိုက်ဆယ်၍မမီတော့သဖြင့် ဖေဖေက လက်လျှော့လိုက်ရသည်။

"ကဲ ... မရပါဘူးကွာ ... သွားပါစေတော့"

"ခရီးစအထွက် ... ဖိနပ်တစ်ဖက်ရေထဲကျတာ ... နိမိတ်ကောက်ရရင် ... စိတ်မကောင်းချင်စရာကြီး"

တောက်တောက်ပြေးတတ်စ သမီးငယ်ကို ချီထားရင်း မေမေက စိတ်လေးသလို ပြောလိုက်လျှင် ဖေဖေက နှစ်သိမ့်စကားပြန်ဆိုလိုက်သည်။

"သြော်ကွယ် ... မင်းကလဲ ... ကလေးခြေထောက်က ကျွတ်နေတာ မသိလို့ ကျသွားခဲ့တဲ့ဟာ အယူသီးပြီး ... စိတ်မကောင်းဖြစ်မနေချင်စမ်းပါနဲ့လေ ..."

နောက်တော့ သင်္ဘောကလေးက ဥသြသံတတူတူပေးရင်း စက်ကို ဖွင့်၍ စတင် ခုတ်မောင်းလိုက်လျှင် မြစ်ရေပြင်ဝယ် လှိုင်းဂယက်ကလေးများ ဖွေးဖွေးထ လှုပ်ရှားသွား ကြလေတော့၏။

မုတ်ဆိတ်မွေးခပ်ထူထူနှင့် ဆလင်ကုလားကြီးက သူ့စက်ခန်းကလေးထဲမှ ထိုင် ရင်း သင်္ဘောကလေးကို တစ်ရွေ့ရွေ့သွားအောင် ထိန်းကိုင်မောင်းနှင်သွားနေသည်။ ကုလားကြီးက သူ့အနီးမှ ကြိုးကလေးတစ်ချောင်းကို ဆွဲလိုက်တိုင်း ဥသြသံစူးစူးကလေးက "တတူတူ" ထွက်ပေါ်လာခဲ့တတ်လေသည်။

ခဏကြာတွင် ကိုညီတစ်ယောက် ဆလင်ကုလားကြီးအနားသို့ရောက်သွားကာ စကားပြောနေသည်။ နောက်တော့ ဥသြဆွဲသည့် ကြိုးသည် ကိုညီ၏ လက်ထဲသို့ရောက် သွားပြီး တစ်လမ်းလုံး သူချည်းဥသြကို " တတူတူ" ဆွဲနေလေတော့သည်။

ဖေဖေတို့ သားအဖ သင်္ဘောပေါ်တွင် လျှောက်သွားနေခဲ့ကြသော်လည်း နီနီလေး မှာ မေမေ့အနားတွင်သာ ထိုင်နေရသည်။ သူ့ကို ရေထဲကျသွားမှာစိုးသော မေမေက ဘယ်ကိုမှ မထခိုင်းပေ။ ဖေဖေက လက်ဆွဲခေါ်မှ လျှောက်ခွင့်ပေးသည်။

"မေမေ ... သမီးတို့ အခုဘယ်သွားမှာလဲဟင်"

သူတို့ဘယ်သွားနေမှန်း မသိသော နီနီလေးက မေးကြည့်လျှင် မေမေက ပြန်ဖြေ လိုက်သည်။

"ဟို ... တောက သမီးတို့ အရီးလေးတို့ဆီကို သွားကြမယ်လေ"

အရီးတို့ဆီ သွားမှာဆို၍ နီနီလေးစိတ်မှာ ပိုပျော်သွားမိသည်။ အရီးလေးတို့ဆီ တွင် သူချစ်သော အဘွားရှိနေသည် မဟုတ်ပါလား။ ပြီး ... အရီးလေးကိုလည်း သူကောင်း ကောင်းကြီး သိပြီဖြစ်သည်။

မေမေ့ညီမ အရီးလေးက နီနီလေးတို့ရှိရာ မြို့သို့ မကြာခဏလာတတ်သည်။

လွန်ခဲ့သော နှစ်လယ်လောက်ကပင် အရီးလေး၏ သားအကြီးဆုံး ကိုအေး မမာသဖြင့် ဆေးလာကုသွားခဲ့သေးသည်။ နောက်သက်လာသည်တွင် အစ်ကိုအေးတို့ သားအမိ ပြန်သွားကြလေသည်။ ပြန်သွားပြီး နှစ်လခန့်အကြာတွင် အရီးလေးထံမှ စာရောက်လာသည်။ စာဖတ်ပြီး မေမေက ငိုလေသည်။ နောက်မှ အရီးလေး၏ သားအကြီးဆုံး ကိုအေး တစ်ယောက် သေဆုံးခြင်းကို နီနီလေးတို့ သိကြရလေတော့သည်။

သူတို့သည် မနက်စာ ထမင်းကို သင်္ဘောပေါ်မှာပင် စားလိုက်ကြသည်။

နီနီလေးသည် ညီမငယ်စီစီလေးနှင့် ဆော့လိုက်၊ အပြင်ဘက်မြစ်ရေပြင် လှိုင်းဖွေးဖွေးကို ငေးကြည့်လိုက်၊ မေမေ့ထံ မုန့်တောင်းစားလိုက်ဖြင့် လိုက်ပါလာခဲ့သည်။ နောက်မောလျှင်တော့ အိပ်ပျော်သွားတော့၏။

သူအိပ်ရာမှ နိုးလာသောအခါ ဖေဖေတို့ မေမေတို့က ပစ္စည်းတွေကို အသင့်သိမ်းဆည်း ပြင်ဆင်ပြီးနေကြပေပြီ။ အချိန်မှာကား နေဝန်းက အနောက်ဘက်သို့ ခပ်စောင်းစောင်း ကျရောက်နေခဲ့ပေပြီ။

သင်္ဘောကလေးသည် စက်ရှိန်ကို လျှော့ပြီး ရေလယ်မှာ ရပ်ပေးလိုက်သည်။ ထိုအခါ ချောင်းဝကလေး တစ်ခုဆီမှာ လှေကြီးတစ်စင်း လှော်ခတ်လာလိုက်သည်။ သင်္ဘောအနီးသို့ ရောက်လျှင် လှေထဲမှာ ဝမ်းသာအားရ အော်ပြောလိုက်တော့၏။

တို့တစ်တွေ အစောကြီးထဲက လာစောင့်နေခဲ့ကြတာ လာ ... လာ ဆင်းကြ”

လှေထဲမှာ အော်ပြောသူမှာ မေမေ့အစ်မကြီး နီနီလေးတို့၏ ကြီးတော်ဖြစ်လေသည်။ ကြီးတော်ကလည်း မြို့သို့မကြာခဏ လာတတ်သည်မို့ သူ့ကိုလည်း နီနီလေး သိလေသည်။ လာတိုင်း သူတို့စားဖို့ ကောက်ညှင်းထုပ်၊ ပုဇွန်ထုပ် စသည်များကို ယူလာတတ်သော ကြီးတော်ကို နီနီလေးက ချစ်လည်း ချစ်လေသည်။ ကြီးတော်မှာ အထူးအာဏာရ သူကြီးကတော်တစ်ဦး ဖြစ်ခဲ့ဖူးသည်။ ပစ္စည်းလည်း ချမ်းသာလေသည်။ ကြီးတော်တွင် သူကြီးကတော် ဘဝ၌ ကိုအောင်နှင့် ကိုနောင် ဆိုသော သားနှစ်ယောက်ရှိခဲ့သည်။ နောက် သူ့ခင်ပွန်း သေဆုံးသည်တွင် ကြီးတော်က နောက်အိမ်ထောင်ပြုသည်။ နောက်အိမ်ထောင် လူပေါ်ကြော၏ ဖြုန်းတီးမှုကြောင့် ကြီးတော်မှာ မောင်ပုနှင့် မပုဆိုသော သားသမီးနှစ်ယောက်သာ အဖတ်ကာ ရှိသမျှ ပစ္စည်းကုန်လေတော့သည်။ ယခုတော့ လက်တွင်ကျန်သမျှ ပစ္စည်းလယ်ယာကလေး နွားကလေးများနှင့် တော်သလို လုပ်ကိုင်စားသောက်နေရရှာတော့၏။

လှေထဲတွင် ကြီးတော်နှင့်အတူ ဦးလေကြိုင်လည်း ပါလာခဲ့သည်။ သင်္ဘော

ပေါ်က ချပေးသော ပစ္စည်းများကို ဦးလေးကြိုင်က လှမ်းယူပြီး လှေထဲ၌ နေရာချလိုက်သည်။ ပစ္စည်းတွေကုန်မှ လူတွေဆင်းရန် ပြင်ကြရသည်။

ဖေဖေက နီနီလေးကို ဂျိုင်းမှ မြှောက်ပြီး ချပေးလိုက်လျှင် ဦးလေးကြိုင်မှ တစ်ဆင့် ကြီးတော်က ဆီးပွေ့ယူလိုက်သည်။ ရေပြင်ကြီးကို မြင်လျှင် နီနီလေး၏ ရင်ကလေးမှာ အေးကနဲဖြစ်သွားမိသည်။

သူတို့အားလုံး လှေထဲသို့ ဆင်းမိကြလျှင် ဦးလေးကြိုင်က လှေကို သင်္ဘောနားမှ ခွာထွက်လိုက်သည်။ ထိုအခါ သင်္ဘောကလေးကလည်း ရှေ့သို့ ခရီးဆက်ရန် ဥသြသံကို တတူတူပေးလိုက်လေတော့၏။

"သွားပြီဗျို့ ... သွားပြီ"

လှေနှင့် သင်္ဘောသည် တစ်ဦးနှင့်တစ်ဦး ကျောချင်းခိုင်း၍ ခရီးလမ်းခွဲလိုက်ကြလေသည်။ တစ်လမ်းလုံးသူနှင့် အပေါင်းအသင်း ဖြစ်လာခဲ့သော ဆလင်ကုလားနှင့် သင်္ဘောသား တစ်စုက ကိုညီကို လက်ပြ နှုတ်ဆက်သွားကြသည်။ ကိုညီကတော့ လက်သာမက "သွားပြီဗျို့" ဟု အော်၍ပင် နှုတ်ဆက်လိုက်လေသည်။

"ညည်းတို့မလဲ အစောကြီးက လာခဲ့ကြပါဆိုနေတာ အခု ရန်ကုန်ကို ဖုံးကြတော့မှပဲ ပြေးလာကြတာပေါ့လေ ..."

လှေဝမ်းအလယ်တွင် နီနီလေးကို ရင်ခွင်တွင် ပွေ့ထားသော ကြီးတော်က သူနှင့် မျက်နှာချင်းဆိုင် ထိုင်၍ စီစီလေးကို ပွေ့ချီထားသော မေမေ့ကို ပြောလိုက်သည်။

"သြော် ... မမရယ် ... ကျွန်မတို့ကလည်း ကျောင်းတွေပိတ်တယ်ဆို လာမလို့ဟာ သားကြီးက ကောက်ပြီး မမာလို့ ဆရာဝန်နဲ့ လက်လွှတ်လို့မရဘဲ အမေက ပြောမပြဘူးလား ... မမတူကို မသေလို့ တွေ့ရတာ အခုမှ နာလန်ထပြီး ထူထူထောင်ထောင် ပြင်လာခဲ့တာ လာချင်လွန်းလို့ပဲ ထလာခဲ့ကြတာ အိမ်မှာ ပစ္စည်းတွေဆိုတာ ဒီအတိုင်း ပိတ်ထားခဲ့ရတယ်။ ဒါကြောင့် ကျွန်မတို့ကို ပို့ပေးပြီး ကလေးတွေဖေဖေက ပြန်သွားရဦးမယ်"

မေမေကလည်း ကြီးတော်ကို ကျိုးကြောင်းသင့်အောင် ရှင်းပြလိုက်လေသည်။ ထိုနောက်တော့ မေမေနှင့် ကြီးတော်တို့ ညီအစ်မနှစ်ယောက်သည် ကွဲကွာနေခဲ့ကြသည့် အချိန်များအတွက် အတိုးချပြီး တစ်လမ်းလုံး စကားတွေကို စုံအောင် ပြောလာကြလေသည်။

လှေကို ဦးနှင့်ပဲ့မှ ညှပ်၍ ဖေဖေတို့သားအဖ သုံးယောက်နှင့် ဦးလေးကြိုင်တို့ကလည်း စကားတွေ ဖောင်ဖွဲ့လာခဲ့ကြသည်။

"ဟော ဟိုမယ် ... အမေနဲ့ ကျောခင်တို့ ထွက်ကြိုနေကြတယ် ..."

ကြီးတော်က ရှေ့ဆီသို့ ညွှန်ပြပြောဆိုလိုက်သဖြင့် နီနီလေးက လည်ကိုဆန့်၍ မျှော်ကြည့်လိုက်မိသည်။ အတော်ကလေး လှမ်းသေးသော ရှေ့နားကမ်းစပ်တစ်နေရာရှိ ရေထဲသို့ တိုးထွက်နေသော တံတားရှည်မျောမျောတစ်ခုတွင် လူတစ်စုရပ်နေကြသည်ကို တွေ့ရသည်။ နီနီလေးတို့ လှေက ထိုတံတားနှင့် လူစုဆီသို့ ဦးတည်သွားနေလေသည်။

တံတားသို့ လှေဆိုက်လိုက်လျှင် ကိုကြီးနှင့် ကိုညီက လှေထဲမှာ အရင်ဆုံးခုန်တက်လိုက်ကြသည်။ အဘွားက သူ့မြေးကြီး ကိုကြီးကို ဆီးဖက်တွဲခေါ်လိုက်လေသည်။

"ဟဲ့ ... မပု နီနီလေးကို ကြည့်ခေါ်သွားစမ်း"

ကြီးတော်က နီနီလေးကို တံတားပေါ် မြှောက်တင်ပေးလိုက်ရင်း သူ့သမီး မပုကိုပါ လှမ်းပြောလိုက်သည်။ ထိုအခါ ဆံရစ်ဝိုင်း ကြက်တောင်စည်းကလေးနှင့် ရှင်မီးအင်္ကျီကလေးကိုသာ ဝတ်ထားသော မပုက ရယ်ကျဲကျဲကလေးပြုရင်း နီနီလေး၏ လက်ကို လာတွဲခေါ်လေသည်။

မပုက နီနီလေးထက် အသက်နှစ်နှစ်ခန့်လောက် ပိုကြီးသော်လည်း ခပ်ညှက်ညှက်မို့ သူတို့နှစ်ယောက် အရွယ်ချင်းမှာ မကွာလှပေ။ လူကြီးများလို တွေ့လျှင် နှုတ်ဆက်စကား မဆိုတတ်သဖြင့် သူ့လက်ကိုလာတွဲသော မပုကို နီနီလေးက နစ်လို လက်ခံခြင်းဖြင့် ပြုံးပြလိုက်လေသည်။

ထိုစဉ်မှာပင် အရီးလေး၏ ယောကျ်ား တရုတ်လူမျိုး ဦးလေး အထောင်က သူ့ဆိုင်ထဲမှ တံတားဆီသို့ ပြေးဆင်းလာခဲ့သည်။

သူ့အဖို့ တွေ့ရခဲသော ဦးလေးအထောင်ကို နီနီလေးက သိရုံသာ သိသည်။ ရင်းနှီးကျွမ်းဝင်ခြင်း သိပ်မရှိပေ။ ဦးလေးအထောင်နှင့် အရီးလေးတွင် သေဆုံးသွားခဲ့သော ကိုအေး၏အောက် အကောက်ဆိုသော သားတစ်ယောက်နှင့် အကူးနှင့်အတူးဆိုသော သမီးကလေး နှစ်ယောက်ရှိပေသေးသည်။ အရီးလေး၏ သားသမီးများသည် အဖေ တရုတ်ဖြစ်သောကြောင့် အသားကလေးများ ဖြူဆွတ်နေပြီး ငိုသောအခါ နီတွတ်သွားတတ်ကြသည်။

မပုက နီနီလေးကို အရီးလေးတို့၏ ဆိုင်ထဲသို့ ခေါ်သွားသည်။ ပြီးလျှင် ခွေးခြေကလေး တစ်လုံးတွင် အထိုင်ခိုင်းသည်။ နီနီလေးက ထိုင်ရင်းဆိုင်ထဲသို့ လှည့်ပတ်ကြည့်နေလိုက်မိသည်။ အရီးလေးတို့၏ဆိုင်ကြီးမှာ အတော်လေး ကြီးမား ကျယ်ဝန်းလေသည်။ မှန်ဗီရိုကြီးများတွင် အထည်အလိပ်နှင့် စည်သွတ်ဘူးများ အပြည့်ရှိနေသည်။

ဈေးရောင်းခုံ နားတွင်လည်း ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့အပြင် ထန်းလျက်၊ ကြံသကာ၊ ဆေးလိပ်၊ မီးခြစ်က အစ စုံအောင်ရှိလေသည်။

ဆိုင်တစ်ဖက်ဘေး မီးဖိုတွင်းမှ တစ်ကိုယ်လုံး အမည်းဝတ်ထားသော တရုတ်အဘွားကြီးတစ်ယောက် ရုတ်တရက် ထွက်လာခဲ့သည်။ တရုတ် အဘွားကြီးမှာ နီနီလေးတို့၏ အဘွားအရွယ်ပင် ရှိမည်ထင်ရသည်။ သူသည် မျက်နှာခပ်ခုံးခုံး သွားခပ်ခေါခေါနှင့် ထိပ်တွင် ဆံပင်များ မရှိသလောက် ပြောင်နေသည်။ သို့ရာတွင် ဘေးနှင့် နောက်စိနားရှိ ဆံပင်ကလေးများကို စုစည်းထုံးခွေ၍ ပိုက်အနက်ကလေးနှင့် အုပ်ထားသည်။ ပြီး ရွှေဆံညှပ်ကြီးနှစ်ခုကိုလည်း ညှပ်ထားသေးသည်။ ပုတီးစေ့နှင့် ရွှေခြည်၊ ငွေခြည်ကလေးများ ရောထိုးထားသည့် ပန်းခက်ရောင်စုံကလေး တစ်ခက်ကိုလည်း ဆံထုံးတွင် ပန်ထားသည်။ ရွှေနားကွင်းကြီး တလှုပ်လှုပ်နှင့် လျှောက်ထွက်သွားသော တရုတ်အဘွားကြီးကို ကြည့်၍ နီနီလေးက မပုကို တိုးတိုးကပ်မေးလိုက်မိလေသည်။

"သူက ဘယ်သူလဲဟင်"

"အကောက်တို့အဘွား ... ဦးလေးအထောင်ရဲ့ အမေပေါ့"

မပုက ဖြေလိုက်စဉ်မှာပင် ဖေဖေတို့ မေမေတို့ တစ်စုတစ်ဝေးကြီး တံတားမှ တက်လာခဲ့ကြတော့သည်။ နောက်တော့ အရီးလေးတို့၏ ဆိုင်ရှေ့ဧည့်ခန်းတွင် ဆွေမျိုးတစ်စု သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ရှိနေကြလေတော့သည်။

အရီးလေးမှာ သူ့သမီးအငယ် အတူးကလေးကို ခါးထစ်ခွင်ရင်း အိမ်ရှေ့ခန်းတွင်ပင် စားပွဲဝိုင်းကြီး ချပြီး ထမင်းပွဲအတွက် အလုပ်များနေသည်။

မေမေက နီနီလေးတို့ ညီအစ်မကို တံထားထိပ်သို့ ခေါ်သွားပြီး ချောင်းထဲမှ ရေနှင့် ချိုးပေးသည်။ ပြီးမှ ညစာထမင်းကို ကျွေးလေသည်။

စားသောက်ပြီးကြလျှင် လူကြီးများက နားနားနေနေဖြင့် စကားစမြည်ထိုင်ပြောနေကြသည်။ နီနီလေးနှင့် မပုက အကောက်နှင့်အတူ ဆိုင်ဘေးရှိ စပါးကျီကြီးရှေ့တွင် သွားကစားနေလိုက်သည်။

ဦးလေးအထောင်နှင့် အရီးလေးတို့သည် စပါးကျီကြီးကို ဆိုင်ဘေးတွင် ကပ်လျက် ဆိုင်နှင့် တစ်ပြေးညီဆောက်ထားသည်။ စပါးကျီကြီး၏ အကျယ်အဝန်း အရွယ်ပမာဏမှာလည်း အိမ်နှင့်တစ်တိုင်းတည်း၊ တစ်မိုးတည်းပင် ဆက်ဆောက်ထားသည်။ အိမ်နောက်ဖက်ကို သွားလာရန်သာ အိမ်နှင့် စပါးကျီကို ခြား၍လမ်းကြားကလေး ပြုလုပ်ထားသည်။

ဦးလေးအထောင်သည် အိမ်နောက်ဘက်တွင် ခြံခတ်၍ ဝက်နှင့်ဘဲများကိုလည်း

မွေးထားသေးသည်။

မောင်စကလေးပျိုးလာတော့မှ ဖေဖေ မေမေနှင့် နီနီလေးတို့အားလုံး အဘွားအိမ်သို့ ကူးခဲ့ကြလေတော့သည်။ သူတို့၏ ပစ္စည်းများကိုမူ လှေထဲမှ တင်လာကတည်းက အဘွားအိမ်သို့ ပို့ထားနှင့်ပြီးကြပေပြီ။

အဘွားက အရီးလေးတို့ဆိုင်၏ နောက်ဘက်နားတွင် သူ့အိမ်ကလေးတစ်လုံး သပ်သပ်နှင့်သူအေးအေးဆေးဆေးနေလေသည်။ အဘွားသည် သူ့လယ်သီးစားခကလေးနှင့်သူ မပူမပင်နေနိုင်သူဖြစ်သည်။

အဘွား၏ အိမ်နောက်ဖက်တွင်ကား တောင်မြင့်မြင့်ကလေးနှင့် တောအုပ်အုပ်ကလေး သာရှိလေသည်။

အမှန်က ထိုနေရာကို "ကမကိုင်" ချောင်းထဲတွင်ဖြစ်၍ "ကမကိုင်ရွာ"ဟု ခေါ်သော်လည်း အိမ်ခြေများများ မရှိပါ။ ဟိုကျဲကျဲ သည်ကျဲကျဲ ဆောက်ထားကြသည်ကို စုပေါင်းရေတွက်လိုက်ပါမှ ဆယ်အိမ်ပင် မပြည့်တတ်ချေ။ ထိုအစုကလေးတွင် ဦးလေးအထောင်နှင့် အရီးလေးတို့၏ အိမ်ဆိုင်နှင့် စပါးကျီမှာ အခိုင်အခံ့ အကြီးဆုံးဖြစ်လေတော့သည်။

အဘွား၏ တူနှင့် တူမတော်သော အိမ်စုကလေးသည် သုံးလေးအိမ်မျှရှိလေသည်။ ကြီးတော်ကတော့ လယ်ပြီး၍ စပါးသိမ်းပြီးလျှင် ရေငန်းရွာသို့ ပြန်နေတတ်သည်။

အဘွား၏ အိမ်နောက် တောင်မြင့်မြင့်ကလေး၏ ရှေ့ဘက်တောင်ခြေနား၌ ရသေ့ကြီးတစ်ပါးရှိလေသည်။ သူ့ကို ဤအိမ်စုကလေးများက ဝိုင်းဝန်း လှူဒါန်းကြသည်။ သူက အရီးလေး၏သား အကောက်နှင့် အခြားကလေးများကို စာသင်ပေးလေသည်။

ဘေးပတ်ပတ်လည်မှာတော့ လယ်ကွင်း လယ်ကွက်များကိုသာ တမျှော်တခေါ်ကြီး တွေ့ရလေသည်။

ထိုသို့ အိမ်စုနည်းပေမယ့် ဦးလေးအထောင်နှင့် အရီးလေးတို့၏ ကုန်စုံဆိုင်ကြီးမှာ အရောင်းမထိုင်းပေ။ အခြား ရွာများမှ လူများ ခြေလျင်လာ၍လည်းကောင်း၊ လှေနှင့်လာ၍လည်းကောင်း၊ မပြတ်အောင်လာဝယ်နေကြသည်။ ဦးလေးအထောင် တစ်ယောက်တည်း လက်မလည်နိုင်၍ အရီးလေးကပါ ကလေးတစ်ဖက်နှင့် ကူရောင်းနေခဲ့ရလေသည်။

"ကမကိုင်ရွာ" ကလေးသည် မြို့နှင့် ဝေးလွန်းလှသည်။ ရွာဇပုဒ်ကလေးလည်း ဖြစ်သည်။ သို့ရာတွင် တသွင်သွင် အစုန်အဆန် စီးဆင်းနေသော ချောင်းရေပြင်ကြီးနှင့် တောတောင်လယ်ကွင်းများက သဘာဝအလှကို ဖန်တီးပေးရာ နေချင့်စဖွယ်ကလေးဖြစ်

လေသည်။

တောသို့ရောက်ပြီး လေးငါးရက်ရှိသွားသောအခါ ဖေဖေသည် မြို့သို့ပြန်ရန် ပြင်တော့သည်။

"သမီးဘာလိုချင်လဲ မှာလိုက်လေ ... ဖေဖေမြို့က ဝယ်ခဲ့မယ်"

နောက်တစ်နေ့ မနက်စောစောမြို့သို့ ထပြန်မည့် ညဦးတွင် ဖေဖေက နီနီလေးကို ရင်ခွင်တွင် ပွေ့ထားရင်း မေးလေသည်။

မိသားစုကို ခွဲသွားလေ့ သိပ်မရှိခဲ့ဘူးသော ဖေဖေသည် မသွားမီကပင် အောက်မေ့နေပုံရလေသည်။

"ဖေဖေ ဘယ်တော့ ပြန်လာမှာလဲဟင်"

"ခဏနေပြီး ပြန်လာမှာပေါ့"

"ဖေဖေ မြန်မြန် ပြန်လာနော်"

အမှန်က နီနီလေးစိတ်တွင် ဖေဖေ့ကို မြို့သို့မသွားစေချင်ပါ။ မေမေ့ထက် ဖေဖေက သူ့ကို ပို၍ အလိုလိုက်သည်။ ပို၍ ချစ်သည်ဟုလည်း ထင်သည်။ သူ့စိတ်မှာလည်း ဖေဖေ့ကို တစ်ရက်ကလေးမျှ မခွဲချင်။ သို့ရာတွင် သူဘယ်လိုပြောရမှန်းမသိ။ မပြောတတ်။ သည်တော့ မြန်မြန် ပြန်လာရန်သာ ဖေဖေ့ကို သူမှာမိသည်။

"ပြန်လာမှာပေါ့ သမီးကောင်းကောင်းနေနော်" "မေမေ့ပြောစကား နားထောင်နော် ဟုတ်လား ... ပြီးတော့ ကမ်းနားရေစပ်ကိုလည်း သမီးဘယ်တော့မှ သွားမဆော့ရဘူး။ ကြားလား၊ ဖေဖေပြန်လာတော့ သမီးဖို့ ဖဲပြားပွင့်ကလေး ဝယ်လာခဲ့မယ်နော်"

နီနီလေးက ဖေဖေ့ရင်ခွင်တွင် ပုရင်း၊ ဖေဖေပြောသည်များကို ခေါင်းကလေး ညိတ်ပြနေလိုက်သည်။ နောက်တော့ ဖေဖေက ပွေ့သိပ်သည်တွင် နီနီလေးလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့၏။

❐

# တောနှင့် မြို့လမ်းအဆက်ပြတ်

နောက်တစ်နေ့ နီနီလေးအိပ်ရာမှ နိုးလာသောအခါ ဖေဖေ့ကို မတွေ့ရတော့ မြို့ကို သွားပြီဖြစ်ကြောင်း မေမေက ပြောပြသည်။ ထိုအခါ နီနီလေးက ဖေဖေအမြန်ဆုံး ပြန်လာပါစေဟု စိတ်ထဲမှ တောင့်တလိုက်မိလေသည်။

မနက်စာ စားပြီးလျှင် နီနီလေးသည် မပုနှင့်နှစ်ယောက်သား ကစားနေလိုက်သည်။ နီနီလေးက မပုနှင့်သာ အမြဲကစားသည်။ မပုက သူ့ကိုညှာသည်။ ချစ်လည်းချစ်လေသည်။ သူတို့နှစ်ယောက်မှာ အစစ စိတ်နေသဘောထားချင်းလည်း ကိုက်ညီကြရာ အပေးအယူ တည့်သည်။

သူတို့နှစ်ယောက်သည် အရီးလေးတို့ဆိုင်သို့လည်း တစ်ခါ တစ်ခါ ကူးသွားတတ်ကြသည်။ ပြီးလျှင် အကောက်တို့နှင့်အတူ ကာထားသော ဆင့်တန်းများကို နင်းလျက် သူတို့စပါးကျီပေါ်သို့ ကုတ်ခြစ်တက်ကြသည်။ အကောက်က ရှေ့မှ လမ်းပြသည်။ အပေါ်ရောက်လျှင် အပြည့်ညီနေသော စပါးစေ့ ဝါဝါတွေပေါ်မှာ လျှောက်ပြေးပြီး ကစားကြလေသည်။ ထိုနောက် စပါးမှုန်တွေနှင့် လူးပြီး တစ်ကိုယ်လုံး ယားယံတော့မှ ပြန်ဆင်းခဲ့ကြသည်။

တစ်ခါတလေ ကိုညီတို့ကပါ နီနီလေးတို့နှင့်အတူ စပါးကျီပေါ် တက်လိုက်ခဲ့တတ်သည်။ များသောအားဖြင့်တော့ ကိုကြီးနှင့် ကိုညီမှာ သူတို့နှင့် ရွယ်တူ ကိုနောင်နှင့်

သာ အနေများသည်။ ကိုကြီး၊ ကိုညီနှင့် ကိုနောင်အုပ်စုတွင် မပုအစ်ကို ကိုပုနှင့် အခြား ရွယ်တူ ဆွေမျိုးညီအစ်ကိုတော်သူများလည်း ပါကြသည်။ သူတို့သည် ထမင်းစားချိန်မှ လွဲ၍ အိမ်၌ ကပ်သည်မရှိဘဲ တောထဲ တောင်ထဲ လယ်ကွင်းများထဲ၌သာ သွားလာ လည်ပတ် ဆော့ကစားနေတတ်ကြသည်။

နီနီလေးမှာ အကောက်နှင့် ကြာရှည်ကစား၍ မဖြစ်၊ ခဏသာကောင်းသည်။ အကောက်မှာ မိဘများ အလိုလိုက်လွန်းထားသော သားပီပီ ဆိုးသည်။ စိတ်ကလည်း တိုတက်သေးသည်။ သူက နီနီလေးထက်ကြီးသော်လည်း ငယ်သူကို သိပ်မညှာတတ်။ အနိုင်ကျင့်ချင်သည်။ နီနီလေးကလည်း မခံ၊ ရန်ဖြစ်ကြတော့သည်။ ထို့ကြောင့် နီနီလေး က သူနှင့်တည့်သော မပုနှင့်သာ အမြဲကစားလေသည်။

ထိုနေ့က နီနီလေးသည် ကစားနေရာမှ အမှတ်တမဲ့ တံတားဆိပ်သို့ လှမ်းကြည့် လိုက်မိသည်။ ထိုအခိုက် တံတားဆိပ်တွင် လှေဆိုက်ပြီး တက်လာနေသော ဖေဖေ့ကို တွေ့လိုက်လျှင် ရုတ်တရက်တော့ နီနီလေး အံ့သြသွားကာ ကြောင်ကြည့်နေလိုက်သည်။ ပြီးမှ ‘ဖေဖေပြန်လာပြီ … ဖေဖေပြန်လာပြီ’ ဟု ဝမ်းသာအားရ အော်ရင်း ဖေဖေ့ဆီသို့ ပြေးသွားလိုက်တော့သည်။ ပြေးဖက်လာသူကို ဖေဖေက ဆီးပွေ့ ချီမြှောက်လိုက်ပြီး အိမ်သို့ ဆက်လျှောက်လာခဲ့လေသည်။

“ဖေဖေ … သမီးဖို့ ဖဲပြားကလေးပါလားဟင်”

နီနီလေး မေးသည် ဖေဖေဘာမျှ ပြန်မဖြေမီ အိမ်ရှေ့သို့ ရောက်သွားခဲ့သည်။ ထိုစဉ် မေမေအိမ်ထဲမှ ထွက်လာပြီး တအံ့တသြ ဆီးမေးလိုက်တော့သည်။

“ဟော … ဘယ်လိုဖြစ်လာတာလဲ”

“ဟား … ဟား မပြောပါနဲ့တော့ကွာ”

ဖေဖေက ရယ်မောရင်း အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။ ချီထားသော နီနီလေး ကို အောက်သို့ချထားလိုက်ပြီးမှ ဖေဖေက ပြောပြလိုက်တော့သည်။

‘တို့လည်း မြောင်းမြရောက်ရော ပုသိမ်မှာ ဗုံးတွေကြဲလို့ သင်္ဘောလမ်းတွေ ပိတ်ပစ် ကုန်တာနဲ့ ရှေ့မဆက်နိုင်ဘဲ လှည့်ပြန်ခဲ့ရတော့တာပေါ့”

“အို … ပုသိမ်ကို ဗုံးတွေကြဲကုန်ပြီ … ဘုရား … ဘုရား”

မေမေက လန့်ဖြန့် တုန်လှုပ်သွားကာ မျက်လုံးကလေးပြူး၍ ရေရွတ်လိုက်ပါ သည်။

“ကျွန်မတို့ပြေးလာခဲ့ကြတာ နည်းနည်းစောပေလို့ပဲ။ နို့မို့ ဗုံးကြဲခံရတဲ့အထဲပါချင်

ပါသွားမှာ၊ မပါလို့ လွတ်ခဲ့တောင် ခုပုံအတိုင်းဆို သင်္ဘောလမ်းတွေ ပိတ်ထားရင် ဘယ်လိုမှကို ပြေးလာတတ်မှာ မဟုတ်တော့ဘူးပေါ့ ... အမယ်လေး ဘုရားမလို့ သီသီကလေး လွတ်လာခဲ့ကြတာ"

မေမေက ရင်ဖိ၍ ဆိုနေပြန်သည်။ မေမေတို့ ပြောကြသည့်အထဲ၌ 'ဗုံးကြဲသည်' ဆိုသော စကားစုကို ကြားလျှင် လေယာဉ်ပျံတွေလာ၍ ဗုံးတွေချပြီဖြစ်ကြောင်း နီနီလေးက ရုတ်ချည်းနားလည်လိုက်သည်။ သင်္ဘောလမ်းတွေ ပိတ်ကုန်သဖြင့် ပုသိမ်ကို မရောက်ခဲ့ဖူးဆိုကတည်းက သူ့အတွက် ဖဲပြားကို ထပ်မေးရန်မလိုတော့ကြောင်းကို နီနီလေးက သိလိုက်သည်။ ဖဲပြားမရလျှင် ရှိစေ၊ သူတောင့်တသည့်အတိုင်း ဖေဖေတစ်ယောက် အမြန်ဆုံး ပြန်ရောက်လာခဲ့သည်ကိုသာ နီနီလေးက ကျေနပ်နေမိတော့၏။ ထို့ကြောင့် နီနီလေးက အားရဝမ်းသာစွာ အိမ်အောက်သို့ ပြန်ဆင်းပြေးကာ မပုနှင့် စိတ်အေးချမ်းသာ ကစားနေလိုက်တော့သည်။

အင်္ဂလိပ်နှင့် ဂျာမနီတို့ တစ်ပြည်နှင့် တစ်ပြည် ရန်ဖြစ်နေသော စစ်ကြီး ဗမာပြည်သို့ရောက်လာခဲ့ပြီး မြို့များပေါ်တွင် ဗုံးတွေကြဲချသဖြင့် ခရီးလမ်းပန်း အဆက်အသွယ် အကုန်ပြတ်ကုန်တော့သည်။ သို့ရာတွင် ဦးလေးအထောင်နှင့် အရီးလေးတို့၏ ကုန်စုံဆိုင်ကြီးတွင်မူ အရောင်းအဝယ်မပြတ်၊ လူစည်မြဲ စည်နေလေသည်။ ကွမ်းဖတ် ဆေးဖတ်ကြီးများ ပါးစပ်အပြည့်ငုံထားလေ့ရှိကြသော လယ်သမားကြီးများက စကားကို အော်ကျယ်ဟစ်ကျယ်ပြောကာ ဈေးလာဝယ်တတ်ကြသည်။ အသားက ဖြူဖြူ၊ လူပုံကပါးပါး မျက်နှာပေါက် ခပ်ပြားပြားနှင့် ရွှေသွားကလေးတစ်ချောင်းရှိသော ဦးလေးအထောင်ကလည်း စကားကို ကျယ်ကျယ်ပြောတတ်သည်။ တစ်ခါတစ်ရံ သူတို့ပြောနေကြသော စကားသံဆူဆူညံညံများမှာ မသိသူများအဖို့ရန်ဖြစ်နေသလားဟုပင် ထင်ရလေသည်။

ဦးလေးအထောင်၏ တရုတ်မိတ်ဆွေများ ရောက်လာသောအခါများ၌လည်း သူတို့၏ ဆိုင်မှာ သောသောညံအောင် ပြောဆိုရယ်မောသံများဖြင့် ဧည့်ပေါ်လှိုင်နေတတ်လေတော့သည်။

ဈေးရောင်းကောင်းသည်နှင့်အမျှ ဦးလေးအထောင်က သူ့သမ္ဗန်ကြီးဖြင့် မြောင်းမြသို့သွားပြီး ကုန်များကိုထပ်၍ ထပ်၍ သယ်လာနေသည်။

ဤသို့ ကုန်များကို ထပ်ဝယ်ခြင်းနှင့် ပတ်သက်၍ တစ်နေ့တွင် ဖေဖေနှင့်မေမေတို့က အရီးလေးကို ပြောဆိုသတိပေးလေသည်။

"ဟဲ့ ... ကျော့ခင် ... နင့်ယောက်ျားက ဘာဖြစ်လို့ ကုန်တွေထပ်ဝယ်တင်နေရတာ

လဲ၊ တိုင်းပြည်အခြေအနေက မကောင်းဘူးနော် ဆိုင်ပေါ် ကျန်တာလေးကိုပဲ ကုန်အောင်ရောင်းချပြီး ငွေကိုသာ ကိုယ့်လက်ထဲစုထားရင် ကောင်းလိမ့်မယ်ထင်တယ် ... အဲဒါ နင့်ယောကျာ်းကို သတိပေးဦး"

သို့ရာတွင် ဦးလေးအထောင်ကတော့ ကုန်တွေကို သွားဝယ်မြဲ ဆိုင်ပေါ်တွင် တင်ရောင်းမြဲပင် ရှိနေလေသည်။

'နင့်ယောကျာ်းကို မပြောဘူးလား ကျော့ခင်'

သံဇလုံကလေး တစ်လုံးနှင့် ထမင်းထည့်ကာ သူ့သမီးအငယ် အတူးကလေးကို အိမ်ဦး ထမင်းလာဝါးခွံ့လေ့ရှိသော အရီးလေးကို မေမေက ပြောလိုက်ရပြန်သည်။

'ပြောတာပဲ ... ဒါပေမဲ့ ဒီတရုတ်ဟာ ပြောလို့ကို နားမလည်ဘူး'

'နားမလည်ဘူးဆိုပြီး ညည်းကအေးမနေနဲ့ ... တော်ကြာအရပ်ပျက်တော့ လုပ်ယှက်ယှက်နဲ့ အခက်တွေ့နေကြဦးမယ်'

'ဒီတရုတ်တော့ ဇက်ပြတ်မှ အေးမယ် ... ကျွန်မပြောရင် ဘယ်တော့မှ နားမထောင်ဘူး ... မမချောနဲ့ အစ်ကိုတို့လည်း လာပြောကြပါဦး'

သူပြောမနိုင်သော သူ့ယောကျာ်းကို ကူပြောပေးရန် အရီးလေးက ဖေဖေနှင့် မေမေတို့ကို စစ်ကူတောင်းလေသည်။

ထို့ကြောင့် တစ်ညနေတွင် ဖေဖေက နီနီလေးကို လက်တွင်ဆွဲ၍ သူ့ဆိုင်သို့ လျှောက်သွားပြီး ဦးလေးအထောင်ကို သတိပေးပြောဆိုလိုက်တော့သည်။ သို့ရာတွင် ဦးလေးအထောင်က သူ့ဆင်ခြေနှင့်သူ အပြီးရှိနေလေသည်။

'အံ့ ... ကိစ္စမရှိပါဘူး ဆရာကြီးရဲ့ ... ကျွန်တော်တို့ ချန်ကေရှိတ်အစိုးရက အင်္ဂလိပ်ဘက်က ကူတိုက်ပေးမှာ ဗမာပြည်အဖို့ အခြေအနေ မဆိုးနိုင်ပါဘူး'

ဖေဖေတို့က ဘယ်လိုပင် အကျိုးအကြောင်းနှင့် ရှင်းပြပြောဆို သတိပေးပေမယ့် သူ့တွက်ကိန်း၊ သူ့ဆင်ခြေနှင့်အပြီးရှိနေသော ဦးလေးအထောင်ကို နောက်ဆုံးတော့ ဖေဖေတို့က လက်လျှော့ကြည့်နေလိုက်ရလေတော့၏။

ဤဆိုင်မှာ ပစ္စည်းတွေစုံလှသည်။ ဘာမဆို ရနိုင်လေသည်။ မေမေတို့မှာ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် နို့ဆီ၊ သကြားက အစ ဦးလေးအထောင်တို့ ဆိုင်ကပင် ဝယ်စားနေရလေသည်။

ယခုတလော အရီးလေးတို့အိမ်တွင် ဦးလေးအထောင်၏ အမေ တရုတ်အဘွားကြီး 'အားမ'ကို မတွေ့မိ၊ ထို့ကြောင့် နီနီလေးက တစ်ရက်တွင် အကောက်ကို မေးမိသည်။

'အကောက် နင်တို့အဘွား ... အားမ ဘယ်သွားလဲ"

အကောက်က သူ့ထက်ကြီးသော်လည်း အရွယ်ချင်းတူနေသော နီနီလေးက "နင်" "ငါ"နှင့်ပင် ပြောလေသည်။ အကောက်က ပြန်ဖြေလိုက်သည်။

"ပါပါးနဲ့ ရန်ဖြစ်လို့ ... တစ်ခြားက ... သူ့အမျိုးတွေအိမ်သွားနေတယ်"

နောက်၊ ဘာ့ ဦးလေးအထောင်က သူ့စီးပွားနှင့်သူ ကြိုက်သလိုလုပ်နေသည်ကို ဖေဖေတို့လည်း ၊ ပြောအားကြတော့ဘဲ ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေခဲ့ကြတော့၏။ ဖေဖေ့ အလုပ်မှာ စုတ်ခြေ သော ငါးဖမ်းပိုက်ကွန်ကြီးတစ်ခုကို အိမ်ခေါင်တွင် ဆွဲပြီး ချည်တစ်လုံး နှင့် ဖာထေးနေခြင်းပင်ဖြစ်သည်။

ပြီးလျှင်တော့ လှေတစ်စင်းနှင့် ဖိုးထူးဆိုသော တပည့်တစ်ယောက်အဖော်ခေါ်ကာ ချောင်းရိုးတစ်လျှောက် ကွန်ပစ်ထွက်လေတော့၏။ ဖေဖေပြန်လာသောအခါ ရေနံဆီပုံး တစ်လုံး အပြည့်အလျှံ ငါးနှင့် ပုစွန်များ ပါလာခဲ့သည်။ ထိုအခါ မေမေက အိမ်တွင်စားဖို့ ချန်ပြီး ပိုသမျှကို အားလုံးဝေခြမ်းပေးလိုက်လေတော့သည်။

"ငါ့ သားကြီး နာလန်ထကို ... ဝအောင် ကျွေးစမ်းကွာ"

ဖေဖေက ဝမ်းသာအားရဖြင့် သူရှာလာခဲ့သော ငါး၊ပုစွန်လတ်လတ်ဆတ်ဆတ် တို့ သူ့သားကြီးနာလန်ထအား စားချင်သလို ချက်ကျွေးခိုင်းလေသည်။

အိမ်အတွက် ထင်းပေါက် ရေခပ် စသည့် ဗာဟီရအလုပ်များ လုပ်ပေးပြီးလျှင် ဦးလေးကြိုင်ကလည်း ဖေဖေနှင့် ကွန်ပစ်လိုက်သွားတတ်သည်။ လသာရက်များတွင် ဖေဖေတို့ သမီးယောက်ဖ တူဝရီးတစ်သိုက်သည် ညဘက်များ၌ပါ ကွန်ပစ်ထွက်ကြပြန် သည်။

ည ၉ နာရီ ၁၀ နာရီ သူတို့ပြန်ရောက်လာသောအခါ ငါး၊ ပုစွန်များ သံပုံးအပြည့် ရလာခဲ့ကြသည်။ ထိုနောက် အိမ်ရှေ့တွင် မီးဖို၍ ရေနံဆီပုံးလွတ်တစ်ခုနှင့် ရေနွေးအိုး တည်သည်။ ရေနွေးပွက်ပွက်ဆူလျှင် ဤအစုကလေးရှိ ပတ်ဝန်းကျင်မိသားစုနှင့် ဆွေအုပ် မျိုးအုပ်တို့ ဝိုင်းဖွဲ့၍ ပုစွန်ထုပ်ကြီးတွေကို သည်အတိုင်း ပြုတ်၍ စားကြလေတော့သည်။ မီးဖိုပေါ်မှ ရေနွေးအိုးကြီးကို အလယ်ထား၍ ပျော်ရွှင် ရင်းနှီးစွာ ပြောဆိုရယ်မောရင်း ဝိုင်းဖွဲ့စားသောက်နေကြသည်မှာ မီးပုံပွဲကလေး ကျင်းပနေသည်နှင့်ပင် တူနေသေးတော့ သည်။

ရှိသမျှ ကလေးများမှာလည်း လူကြီးတွေ၏ အနားမှာ ကပ်လျက် ဗိုက်ကား အောင် စားနေကြရလေသည်။ နီနီလေးသည် ဖေဖေနှင့် ဦးလေးကြိုင်တို့ တစ်လှည့်စီ

ခွာပေးသော ပုစွန်လက်မ နီနီရဲရဲအချောင်းလိုက်ကလေးတွေကို ပါးစပ်မနားရအောင် စားနေလေတော့၏။ ထမင်းပွဲတွင်လည်း မေမေက ဖေဖေ အလွန်ကြိုက်သော ပုစွန်ထုပ်ကြီးကို မီးဖုတ်၍ ပန်းကန်ထဲတွင် အကောင်လိုက် ခွာထည့်ထားသည်။ ပြီးမှ အကောင်လိုက်ပုံမပျက် နီကွေးကွေးကြီးရှိနေသော ပုစွန်ထုပ်ကြီးကို အပေါ်မှ ရောက်ရည်ဖျန်းပေးသည်။ ချဉ်ပြေပြေကလေးဆိမ့်နေပြီး မီးဖုတ်နံ့ကလေးသင်းနေသော နူးညံ့ညံ့ပုစွန်ထုပ်အသားများမှာ နီနီလေးတို့အဖို့ စား၍ မရိုးနိုင်အောင် အရသာတွေ့နေတော့သည်။

ကမ္ဘာစစ်ကြီးဖြစ်ကာ တိုင်းပြည်ကြီး ပျက်နေသော်လည်း တောရွာရှိ လူများမှာမူ မိမိတို့နှင့် ဘာမျှမဆိုင်သကဲ့သို့ အခြေမပျက်ပင်ရှိနေကြပေသေးသည်။

အထူးသဖြင့် နီနီလေးတို့ကလေးများမှာ ကစား၍ ပျော်မဆုံးအောင်ရှိနေကြတော့သည်။ တစ်နေကုန် အလုပ်မရှိတိုင်း ကစားနေကြသည်ကို အားမရသေးဘဲ လသာသာညများ၌ဆက်၍ ကစားကြပြန်သည်။ သူတို့သည် တစ်စုတစ်ဝေး တစ်ပျော်တစ်ပါးကြီး ထုပ်ဆီးတိုး၊ ဘုတ်တလုတ်ရိုက်၊ လိပ်ဥဝှက်၊ စိန်ပြေးတမ်းစသည်ဖြင့် ကျယ်ဝန်းသော လယ်ကွင်းအနှံ့ ဆော့ကစားနေကြသည်မှာ ကျွက်ကျွက်ညံနေတော့၏။ ထိုသို့ ကစားကြသည့်အထဲတွင် နီနီလေးတို့ အငယ်လေးတွေမှာတော့ ကွမ်းစားအဖြစ်သာ ပါဝင်ခွင့်ရခဲ့ကြလေသည်။

လမိုက်ညများတွင်ပင် သူတို့က ဝတ်မပျက် ဆော့တတ်ကြသေးသည်။ တစ်ခါတလေကျတော့လည်း လယ်ကွင်းအနှံ့ တစ်ဝင်းဝင်း တစ်လက်လက်နှင့် ညအမှောင်ထဲတွင် ပြိုးပြက်နေသော ပိုးစုန်းကြူးကောင်ကလေးများကို လိုက်ဖမ်းယူတတ်ကြပြန်သည်။

"သမီး … ပိုးစုန်းဖြူကလေးတွေကို မဖမ်းနဲ့နော် … လက်သည်းထဲဝင်ရင် လက်သည်းပုပ်တတ်တယ်"

မေမေက သူတို့ပိုးစုန်းကြူးကလေးတွေ မဖမ်းနှင့်ဟု ပြောထားခဲ့သည်။ သို့ရာတွင် နီနီလေးက မနေနိုင်။ ဝင်းဝင်းလက်လက်နှင့် ချစ်စရာကောင်းသော ပိုးကောင်ဆန်းကလေးကို ဖမ်းကြည့်ချင်သည်။ မေမေပြောသလို လက်သည်းထဲဝင်ပြီး လက်သည်းကလေးပုပ်မှာကိုလည်း ကြောက်မိသေးသည်။ မဖမ်းဘဲလည်း မနေနိုင်ပြန်။ နောက်တော့ နီနီလေးသည် ကြောက်ဆုတ် ကြောက်ဆုတ်နှင့်ပင် ပိုးစုန်းကြူးကလေးတစ်ကောင်ကို ဖမ်းလိုက်သည်။ ပြီးလျှင် လက်သည်းထဲ မဝင်အောင် အထူးသတိထားကာ လက်ခုပ်ကလေးတွင် အုပ်၍ အသာကလေး ချောင်းကြည့်လိုက်တော့သည်။ လက်ခုပ်အတွင်း အမှောင်ရိပ်ထဲတွင် လက်နှိပ်ဓာတ်မီးနှင့် ဖျတ်ခနဲ ဖျတ်ခနဲ ထိုးလိုက်သလို ဝင်းကနဲ ဝင်းကနဲ လက်ပြ

နေသော ပိုးစုန်းကြူးကလေးမှာ ချစ်စရာကောင်းလှပေတော့သည်။

ချစ်စရာ ပိုးစုန်းကြူးကလေးကို ကြည့်၍ နီနီလေးပျော်ခဲ့ရလေသည်။ ထိုအချိန်က နီနီလေးသာမက သူ့ဝန်းကျင်ရှိ လူအားလုံးတို့မှာလည်း ပျော်ရွှင်နေကြသည်ပင်။ အထူးသဖြင့် ညှို့သက်သော လေပြေအေးကလေးပမာ အပူအပင်ဆိုသည်ကို နားမလည်နိုင်သေးသော အေးချမ်းသာယာသည့် သူ့ဘဝကလေးတွင် နီနီလေးတစ်ယောက်မှာ ပို၍ပျော်ရွှင်နေခဲ့မိလေတော့၏။

သို့ရာတွင် ကမ္ဘာစစ်၏ဒဏ်ကို ခံနေရသော ခေတ်ပျက်ကာလကြီးတွင် လူသားတွေအဖို့ ပျော်ရွှင်ကြည်နူးခြင်းဆိုသည်မှာ ကြာရှည်မခံနိုင်ပါဘူး။

❒

# စားပြဆိုတာ

နေအတော်ကလေးပင် စောင်းနေခဲ့ပေပြီ။ အဘွားက ရေတွင်းသို့ ရေသွားချိုးရန် နီနီလေးနှင့် မပုကို ခေါ်လိုက်သည်။ အခါတိုင်း၌ အဘွားက မြေးတစ်အုပ်ကိုခေါ်ပြီး မနက်ပိုင်း နေထန်းတစ်ဖျားလောက်တွင် အမြဲရေသွားချိုးလေ့ရှိသည်။ ယနေ့တွင်မူ အဘွား ဘာတွေလုပ်နေသည်မသိ၊ နောက်ပိုင်း ရေသွားမချိုးဖြစ်။ ယခု ညနေစောင်းမှပင် သွားချိုး ဖြစ်တော့သည်။ အခြား မြေးတွေလည်း ဘယ်ရောက်နေကြသည်မသိ။ သည်တော့ အိမ်တွင် ရှိနေသော နီနီလေးနှင့်မပု နှစ်ယောက်ကိုသာခေါ်၍ အဘွားက ရေတွင်းသို့ ထွက်ခဲ့လေတော့၏။

အိမ်တွင် ဖေဖေသည် သူ့အသည်းစွဲ "ယမုန်နာ" သီချင်းကလေး တစ်ညည်းညည်းနှင့် ပိုက်ကွန်ဖာလျက် ရှိလေသည်။

အိမ်ရှေ့နားတွင်တော့ ဦးလေးကြိုင်နှင့် အဘွား၏တူတော်သူ ဦးလေးချမ်းမြတို့ နှစ်ယောက် ပုဆိန်တစ်လက်စီနှင့် ထင်းပေါက်နေကြသည်။

အဘွားနှင့် နီနီလေးတို့သည် အိမ်နောက်ဘက်ရှိ တောင်ကိုကွေ့ပြီး တောအုပ်ကလေးကိုကျော်၍ လျှောက်သွားလိုက်လျှင် ရေတွင်းသို့ရောက်လေသည်။ ရေတွင်းမှ အနောက်ဘက်ဆီသို့ မျှော်ကြည့်လိုက်လျှင် လယ်ကွင်းများ အဆင့်ဆင့်ခြားလျက် "ဦးချင်းတောင်"ဆိုသော ကရင်ရွာကြီးတစ်ရွာကို သစ်ပင်အုပ်များတန်းလျက် လှမ်းမြင်ရလေသည်။

"ဟာ ... တုတ်တယ်ကွ ... တုတ်တယ် ... အား ... နာလိုက်တာကွာ"

ရေတွင်းအလွန် တောင်ခြေရှိ တောအုပ်ကလေးထဲမှ ရုတ်တရက် ဆူဆူညံညံ အော်ဟစ်ရင်း ကိုကြီးတို့တစ်သိုက် ပြေးထွက်လာခဲ့ကြသည်။ သူတို့သည် ပါးစပ်ကလည်း အော်၊ လက်တွေကလည်း သူတို့ခေါင်းတွေ၊ ကိုယ်တွေကို ပွတ်သပ်ခါထုတ်ရင်း ခုန်ဆွ ခုန်ဆွ ဖြစ်နေကြလေသည်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်လာကြတာလဲ"

အဘွားက ဆီးမေးလိုက်လျှင် ကိုညီက ပြန်ဖြေသည်။

"ကျွန်တော်တို့ကို ပျားတွေလိုက်တုတ်လို့ အဘွားရဲ့"

"သြော် ... မင်းတို့က ... ပျားအုံကို ... တုတ်နဲ့သွားထိုးကြတာကိုးကွဲ့"

သူတို့အကြောင်းကို သိထားပြီးသော အဘွားက ပြောလိုက်တော့သည်။

"ကဲ ... သွားကြ ... သွားကြ ... အိမ်ပြန်ပြီး ... ပျားတုတ်ခံရတဲ့နေရာတွေကို ထုံးကလေးတို့လိုက်ကြ"

အဘွားကပြောလိုက်လျှင် သူတို့အားလုံး အိမ်ဘက်ဆီသို့ ခြေဦးလှည့်လိုက်ကြတော့သည်။

"ငါတို့ တချို့အကောင်တွေက ... ဆံပင်ကို လာဆွဲတုတ်တယ်ကွ"

ကိုညီက သူတို့ဘိုကေ တိုနံ့နံ့ကလေး ပွတ်၍ပြောလိုက်လျှင် ထိုအရပ်ဒေသကို ကျွမ်းနေသော ကိုနောင်က ပြန်ပြောလိုက်တော့သည်။

"အဲဒါ ... မွေ့လိမ်ပျားလို့ ခေါ်တယ်ကွ ညီညီရ"

"ဟုတ်လား ... နာလိုက်တာကွာ"

"ဟား ... ဟား ... ဟား"

ရှုံ့မဲ့မဲ့လုပ်ပြောနေသော ကိုညီကို ကြည့်၍ ကိုကြီးတို့က ဝိုင်းရယ်လိုက်ကြတော့သည်။ ထိုအခါ ကိုညီကလည်း ရောရယ်လိုက်လေသည်။ သူတို့သည် ပျားတုတ်ခံရ၍ နာသည်ကိုပင် မငိုနိုင်အောင် ရယ်မောပျော်ရွှင်နေကြလေတော့၏။

နောက်တော့ နှုတ်ခမ်းဆောင်မရှိသော ရေတွင်းထဲမှ ရေကို အဘွားက ဆွဲပုံးကလေးနှင့် ငင်ပြီး ရေတွင်းနှင့် ခပ်လှမ်းလှမ်းတွင် နီနီလေးနှင့် မပုတို့ကို လောင်းချိုးပေးလိုက်သည်။ သူတို့နှစ်ယောက်ကို ချိုးပေးပြီးမှ အဘွားက ချိုးလေသည်။ အဘွားရေချိုးနေစဉ် နီနီလေးနှင့်မပုတို့နှစ်ယောက် အနီးရှိ ခြုံပုတ်ကလေးမှ တောပန်းပွင့်ဖြူဖြူကလေးများကို လိုက်ခူးရင်း စောင့်နေလိုက်ကြသည်။

တောအုပ်ကလေးဆီမှ ကိုယ်ကလေးမည်းမည်း ဝမ်းဗိုက်ကလေး ဖြူဖြူနှင့် ငှက်ကလေးတစ်ကောင်က သစ်ကိုင်းများပေါ်တွင် ဟိုခုန်သည်ကူးပြုရင်း တေးသံသာသာကလေးကို သီဖွဲ့နေလေသည်။

ဗိုက်ဖြူဖြူ ငှက်ကလေးနှင့်အပြိုင် ဥဩငှက်ကလေးကလည်း တောင်ပေါ်ဆီမှ တစ်တောလုံးလွှမ်းသွားအောင် သာယာစွာတွန်ကျူးနေလေတော့၏။ ဥဩသံကို အလွန်နှစ်သက်၍ အမြဲတမ်း ဂရုစိုက်နားထောင်လေ့ရှိသော ဖေဖေကပြောပြပြီး သူ့ကိုလည်း နားထောင်စေခဲ့သဖြင့် ဥဩသံကလေးနှင့် နီနီလေးမှာ ရင်းနှီးကျွမ်းဝင်နေခဲ့ပေသည်။

ညနေစောင်း နေခြည်နွေးနွေးအောက်တွင် သာယာသော ဥဩသံကလေးလွှမ်းနေသော ပတ်ဝန်းကျင်ကလေးတစ်ခုလုံးသည် အေးချမ်းသောအလှဖြင့် ကြည်နူးစရာကောင်းနေလေတော့၏။

ထိုသို့ ကြည်နူးစရာ အေးချမ်းနေသော ပတ်ဝန်းကျင်ကလေးကို "တဖုန်း ... ဖုန်း" ပြေးလာနေသော ခြေသံတစ်ခုက ရုတ်တရက် လှုပ်ကာ ပွဲတင်ထပ်သွားစေလိုက်သည်။

"ဘယ်သူများ ... အရမ်းပြေးလာနေပါလိမ့်"

အဘွားက ရေစိုလုံချည်ကို အခြောက်နှင့်လဲဝတ်ရင်း နှုတ်မှ ရွတ်လိုက်သည်။ ထိုအခိုက် ပြေးလာသော ခြေသံရှင်သည် တောအုပ်အကွယ်ကလေးမှ လွန်၍ ဘွားခနဲ ထွက်ပေါ်လာလေသည်။

"ဟော ... ဦးလေးကြိုင်"

နီနီလေး လွှတ်ခနဲခေါ်လိုက်မိသည်။ သို့ရာတွင် ဦးလေးကြိုင်က မကြား။ နီနီလေးတို့ကိုလည်း သတိထား၍ မြင်မိပုံမတူ။ တစ်စုံတစ်ခုအတွက် ရေးကြီးသုတ်ပျာဖြင့်သာ လယ်ကွင်းများဆီသို့ ဆက်၍ ပြေးသွားလေသည်။ ဦးလေးကြိုင်သည် အင်္ကျီချွတ်ကြီးနှင့် ပုဆိုးကို ခါးတောင်းကျိုက်ထားသည်။ ဦးလေးကြိုင်၏ ဖြူသောအသားသည် ပြေးလာသော အရှိန်ကြောင့်လားမသိ နေရောင်နီတီတီဖြစ်နေသည်။ တင်းပုတ်ကြီး နှစ်လုံးကို အမြဲတမ်း ဇာ့ရမ်းကစားလေ့ရှိခဲ့သော ဦးလေးကြိုင်၏ ကြွက်သားတစ်ကြီးများဖြင့် သန်မာသည့် လက်ကြီးတစ်ဖက်လည်း လှံကြီးတစ်ချောင်းကို ဆုပ်ကိုင်ထားလေသည်။

"ဟဲ့ ... ဘယ်သူ"

"ဦးလေးကြိုင်ရယ် ... အဘွား"

လျင်မြန်သောအရှိန်ဖြင့် အနီးမှ ဖြတ်သွားစဉ် မတွေ့လိုက်မိသော အဘွားက

မေးသောကြောင့် နီနီလေးက ဖြေလိုက်သည်။

ဩော် ... ဒီသူငယ်လေး ... ဘာဖြစ်လို့ ... ဘယ်ကိုဒါလောက်ပြေးသွားရတာလဲ"

"ဟိုကိုပြေးသွားပဲ အဘွားရဲ့"

"ဦးချင်းတောင်ဘက်ဆီကိုအဘွား"

အဘွားက မြည်တွန်လိုက်သည်ကို နီနီလေးနှင့် မပုက ဝင်ဖြေလိုက်ကြသည်။

ဦးလေးကြိုင်ကတော့ လယ်ကွင်းများကို ဖြတ်လျက် မရပ်မနား ပြေးသွားနေတုန်းပင် ရှိလေသည်။ အမြန်ဆုံးနှုန်းနှင့် ပြေးသွားနေသော ဦးလေးကြိုင်၏ လက်ထဲမှ လုံသွားကြီးသည် နေရောင်တွင် ဖွေးခနဲ ဖွေးကနဲ လက်နေလေသည်။

"ဦးလေးကြိုင်ရဲ့ လက်ထဲမှာ ... လုံကြီးလည်း ကိုင်ထားတယ် အဘွားရဲ့"

" လုံကြီး ... ဟုတ်လား"

အဘွားက ရင်ထိတ်သွားဟန်နှင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်အဘွား ... လုံကြီး"

"ဘုရား ... ဘုရား ... ဘာများဖြစ်ကြပါလိမ့်"

အဘွားက ရင်မ၍ ဘုရား တလိုက်သည်။

"ကဲ ... လာလာ ... ပြန်ကြမယ်" ဟု အဘွားက နီနီလေးတို့ကို ခေါ်ပြီး အိမ်သို့ ခပ်သုတ်သုတ်ပြန်ခဲ့တော့သည်။ အမြန်ရောက်ချင်ဇောနှင့် ရှေ့မှာလောကြီးလျှောက်နေသော အဘွားကို နီနီလေးတို့မှာ နောက်မှ အမီပြေးလိုက်ခဲ့ကြရလေသည်။

တောတန်းကို လွန်လာခဲ့လျှင် အိမ်စုလေးဆီသို့ လှမ်းမြင်ရတော့သည်။

"အဒွေးရေ ... ကျော့ခင်တို့ဆိုင် ဓားပြတိုက်နေလို့"

"ဟေ ... ဟုတ်လား"

အဘွား၏ တူမတစ်ယောက်က လမ်းမှဆီး၍ သတင်းပေးလိုက်သည်။ အဘွားသည် အိမ်ဆီသို့ပြေးလေတော့၏။ ထိုအခါ နီနီလေးနှင့် မပုမှာလည်း ဘာမှန်းမသိဘဲ နောက်မှ အပြေးကပ်လိုက်ခဲ့ကြရပြန်တော့သည်။

"လာ ... လာ ... အမေအိမ်ပေါ်တက်"

မေမေက အိမ်ပေါ်မှဆီးကြို၍ လုံချည်ရင်လျားကြီးနှင့် အဘွားကို ဆွဲခေါ်ယူလိုက်သည်။ နီနီလေးတို့ကိုလည်း အိမ်ပေါ်သို့တက်ခိုင်းထားလိုက်သည်။

နီနီလေးသည် မပုနှင့်အတူ အိမ်ရှေ့တိုင်ဖုံးအကွယ်ကလေးမှ နှစ်ယောက်သား ပူး၍ ချောင်းကြည့်လိုက်ကြသည်။ သူတို့အနီးတွင် ဖေဖေ၏ပိုက်ကွန်ကြီးက ဖာလျက်

တန်းလန်းပင် ဆွဲထားလျက်သားရှိနေသည်။

ဖေဖေကတော့ အရိုးလေးတို့၏ ခြံဝသို့ရောက်နေသည်။ အရိုးလေးတို့၏ ခြံထဲတွင်ကား ဓားရှည်ကိုင်ထားသော လူကြီးများကို တွေ့ရလေသည်။

"ဟိုလူ ... လက်နက်ချထားပါ"

ဓားရှည်ကြီး ကိုင်ထားသူ လူကြီးတစ်ယောက်က ဖေဖေ့ကို ကျော်ပြီး ဖေဖေ့နောက်နား မလှမ်းမကမ်း၌ ထင်းပေါက်နေရင်း ကိုင်ထားသော ပုဆိန်ကြီးနှင့် ဦးလေးချမ်းမြကို လှမ်းအော်ပြောနေသည်။ ထိုအခါ ဖေဖေက ပြန်ပြောလိုက်သည်။

"ဒီမှာ ... ကျုပ်လူတွေက ... ခင်ဗျားတို့ကို ဘယ်လိုမှ ရန်မမူပါဘူးလို့ ... ကျုပ်တာဝန်ယူထားတယ် မဟုတ်လား ... ခင်ဗျားတို့ စိတ်ချလက်ချသာနေကြပါ"

ဖေဖေက ဦးလေးချမ်းမြကိုလည်း လှမ်းပြောလိုက်သည်။

"ချမ်းမြ ... မင်းပုဆိန်ကြီး ချထားလိုက်စမ်းပါကွာ"

ထိုအခါ ဦးလေးချမ်းမြက ပုဆိန်ကြီးကိုင်လျက်ပင် ခြံထောင့်တစ်ဖက်သို့ သွားကွယ်ရပ်နေလိုက်သည်။

ဖေဖေက လူတစ်ရပ်ကျော်ကျော်မြင့်ကာ ဝါးကိုအလုံးလိုက်ကလေးတွေ ရက်ကာထားသော ဝင်းခြံတံခါးဝ ပေါင်နှစ်ဖက်ကို လက်နှစ်ဖက်နှင့် တားကိုင်ထားရင်း၊ ဓားရှည်ကိုင်လူများကို လှည့်ပြောလိုက်ပြန်သည်။

"ကဲ ... ကျုပ်ဘက်က ကျုပ်လူတွေအတွက်တော့ ကျုပ်က တာဝန်ယူထားပြီ ... ခင်ဗျားတို့ကသာ ပစ္စည်းလိုချင်လို့ လာတာဆိုရင် ပစ္စည်းကို ကြိုက်သလို ယူကြပါ။ လူကိုတော့ ဘယ်လိုမှ မလုပ်ကြပါနဲ့။

"အို ... စိတ်ချပါ"

"ကျုပ်တို့ပစ္စည်းယူဖို့လာတာ လူတွေကို ဘယ့်နှယ်မှ မလုပ်ပါဘူး ... စိတ်ချပါ"

ဖေဖေ့နောက်တွင် ဘယ်သူ့ကိုမျှ မတွေ့တော့မှ ဓားရှည်ကိုင်လူကြီးသည် စိတ်အေးသွားသည့်ပုံဖြင့် အတွင်းဘက်သို့ လျှောက်သွားတော့သည်။

"စောစောလေးကပဲပေါ့ ... ကလေးတွေ အဖေက ကွန်ဖာနေတာကို ကျွန်မတို့သားအမိက ထိုင်ကြည့်နေတုန်း ... ဗြုန်းဆို တဘုံးဘုံးပြေးလာသံတွေကြားရပြီး မဆိုင်သူမကပ်နဲ့ ... မဆိုင်သူမကပ်နဲ့ ဗမာ့ပစ္စည်းကို မယူဘူး။ တရုတ်၊ ကုလားပစ္စည်းသာယူမှာလို့အော်ပြီး ဆိုင်ကို ဝိုင်းထားလိုက်ကြတာပဲ"

မေမေက စီစီလေးကို ပေါင်ပေါ်တင် ပွေ့ထားရင်း အဘွားကို တိုးတိုးကပ်၍

ပြောပြနေသည်။

"အဲဒါ ... မောင်ကြိုင်နဲ့ ကိုကြီးချမ်းမြတို့က ထင်းပေါက်နေလို့ ... ပုဆိန်ကြီးတွေ ကိုင်ထားတာ ... သူတို့ခုခံမယ်ထင်ပြီး ... လက်နက်တွေချထားပါနဲ့ အော်နေတယ်။ မောင်ကြိုင်ကလည်း ခံလုပ်ချင်တာ။ ဟိုမှာ ... အထောင်နဲ့ ကျော့ခင်တို့ကို မိထားတာမို့ ကလေးတွေအဖေက တားထားပြီး ဒီကမခုခံပါဘူးဆိုတာ တာဝန်ယူပြီး သူတို့ကိုလည်း ပစ္စည်းသာယူ ... လူကို မနှိပ်စက်ဖို့ ပြောနေရတယ်"

"နို့ ... မောင်ကြိုင်က ... အခု ... ဘယ်ပြေးတာတုန်း"

"ဘယ်ပြေးလို့တုန်း"

အဘွားး၏အမေးကို မေမေကလည်း ပြန်မေးလိုက်သည်။

"အခုန ... တို့ရေချိုးနေတုန်း ... လုံကြီးကိုင်ပြီး ... ဦးချင်းတောင်ဘက်ပြေးသွားတယ်လို့ ကလေးတွေက ပြောတယ် ... ငါတော့ ခြေသံပဲကြားလိုက်တယ်"

"ဟုတ်လား ... မသိပါဘူး ... ဓားပြတွေက ... သူ့လက်ထဲက ပုဆိန်ကြီးချထားပါချည့် အော်နေလို့ သူ့ကိုမနည်းပြောရသေးတယ်။ ဒါတောင် သူက စွတ်ဝင်သွားပြီး ခုတ်ထစ်လုပ်နေမစိုးလို့ သူ့စိတ်မချတာနဲ့ ကလေးတွေအဖေက ခြံဝကကို လက်တားပြီး စောင့်နေရတာ ... တစ်ခါ ကလေးတွေအဖေ စိတ်မချလို့ အိမ်ပေါ်က စောင့်ကြည့်နေတုန်း သူဘယ်ထွက်သွားလည်း မသိတော့ဘူး။ ဦးချင်းတောင်ဘက်ပြေးတယ်ဆို ... အဲဒီက ဒူးလေးအဖွဲ့ကို အကူသွားခေါ်သလား မသိဘူး။ ဓားပြတွေကလည်း များသား ... လူလေးငါးဆယ်လောက်တောင်..."

မေမေသည် တုန်တုန်ခိုက်ခိုက် မျက်စိမျက်နှာ ခပ်ပျက်ပျက်နှင့် အဘွားကို ပြောပြလေသည်။

"အမလေး နီနီလေးရဲ့ ... ဓားပြတွေတဲ့ ဓားပြတွေ"

ရုတ်တရက် မပုက သူ့ဆီသို့ပို၍ တိုးကပ်လာရင်း ပြောကာ ငိုပါတော့သည်။ နီနီလေးမှာလည်း တစ်သက်နှင့်တစ်ခါ ဓားပြဆိုသည်များကို ပထမဆုံး မြင်ဖူးရခြင်းဖြစ်၍ ရင်ကလေး တဆတ်ဆတ်တုန်အောင် ကြောက်လန့်နေမိသည်။ ထိုစဉ် မပုကငိုလိုက်သောအခါ သူပါရောငိုချင်သည်။ သို့ရာတွင် မငိုမိအောင် စိတ်ကို တင်း၍ အောင့်အည်းမျိုသိပ်ထားလိုက်သည်။ ပြီး စိတ်ထဲ၌လည်း ဓားပြဆိုသည်မှာ အသားမည်းမည်း အရုပ်ဆိုးဆိုး၊ အင်္ကျီကျောပြောင်တွင် ပုဆိုးခေါင်းပေါင်းနှင့် ဓားရှည်ကြီး ကိုင်ထားသူများကို ခေါ်ကြောင်း စွဲမှတ်ထားလိုက်တော့သည်။ သူတို့သည် တင်ပါးသားကြီးတွေ အပြောင်

သားနှင့် ခါးတောင်းကြီးတွေကိုလည်း ပြောင်အောင် ကျိုက်ထားကြသည်။ နီနီလေးသည် ဇိတ်ကို တင်း၍ ချောင်းကြည့်နေရင်း၊ ဓားပြကြီးတွေက ဖေဖေ့ကိုများ ဓားကြီးတွေနဲ့ လာခုတ်မလားဟု တွေးပူနေမိပြန်သည်။

ထိုအခိုက် ဆိုင်ထဲမှ အရီးလေးသည် ဓားပြများအလစ်၌ ကလေးကိုချီပြီး ဖေဖေ့ဆီသို့ စွတ်ပြေးလာခဲ့လေတော့၏။

"ဟေ့ ... ဟေ့ ... ရပ် ... မပြေးနဲ့ ... မပြေးနဲ့"

အရီးလေး၏ နောက်မှ ဓားပြကြီးတစ်ယောက်သည် ဓားရှည်ကြီးကို ဝင့်လျက်အော်ရင်း ပြေးလိုက်လာသည်။

"ဟေ့လူ ... ဟေ့လူ"

ဖေဖေက ရုတ်တရက် ခပ်ထန်ထန် လှမ်းအော်ဟန့်တားလိုက်ရာ၊ ဓားပြကြီးမှာ ကြောင်၍ တန့်သွားတော့သည်။

"ခင်ဗျား ... မိန်းမသားနောက်ကို ဘာလိုက်လုပ်တာလဲ"

ဖေဖေက သူ့အနီးသို့ရောက်လာသော အရီးလေးတို့ သားအမိကို ခြံအပြင်သို့ ဆွဲထုတ်ပေးလိုက်သည်။ ပြီးမှ ဓားလွတ်ကိုင် ဓားပြကြီးကို ခပ်တည်တည် ဆက်ပြောလိုက်ပြန်သည်။

"ဟိုမှာ ... သူ့ယောကျ်ားကို ခင်ဗျားတို့ မိထားနေသားပဲဟာ မိန်းမသားနဲ့ ကလေးငယ်ကို လိုက်မနှောင့်ယှက်ချင်ပါနဲ့"

ဓားပြကြီးသည် ခေတ္တမျှ တွေ၍ ရပ်နေလိုက်သည်။ ပြီးမှ ပစ္စည်းများကို သယ်ပိုးချနေသော သူ့အဖော်များရှိရာ ဆိုင်ဆီသို့ ပြန်လှည့်သွားတော့၏။

"ဟဲ့ ... ကျော့ခင် ... ဒီကိုလာ ... အပေါ်ကို"

ကြောက်လန့်တကြား မောကြီး ပန်းကြီး ပြေးထွက်လာခဲ့သော အရီးလေးကို မေမေက အိမ်ပေါ်မှာ ဆီးခေါ်လိုက်သည်။ သို့ရာတွင် အရီးလေးက မကြား၍ဘဲလားမသိ။ လှည့်မကြည့်ဘဲ ကလေးကြီး ချီရင်း ကြီးတော်တို့ အိမ်စုဘက်ဆီသို့ ပြေးထွက်သွားလေတော့သည်။

ထိုစဉ်မှာပင် ဆိုင်အတွင်းဆီမှ 'တဘုံးဘုံး တဝုန်းဝုန်း' အသံများ ရုတ်ခြည်းထွက်ပေါ်လာလေသည်။

"အထောင်ကို ရိုက်နေကြပြီထင်တယ်"

မေမေက စိုးရိမ်စိတ်ဖြင့် တုန်ခိုက်စွာ ရေရွတ်လိုက်သည်။ အဘွားကမူ ဘုရားရှိခိုး

နေသည်လား၊ ဂါထာရွတ်နေလေသည်လား မသိ၊ နှုတ်ခမ်းတရွရွလှုပ်နေသည်။

"ဟော့ လူတွေ ... ဟော့လူတွေ"

ရုတ်တရက်ထွက်ပေါ်လာသော ဖေဖေ့အသံကြောင့် အဘွားထံသို့ရောက်နေမိသော မျက်လုံးများကို နီနီလေးက ပြန်လွှဲယူလိုက်ရသည်။ ဆိုင်ထဲမှာ ဓားပြနှစ်ယောက်ထွက်လာလျှင် ဖေဖေက လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့ ပစ္စည်းလိုချင်လို့ပါ ... လူကို မနှိပ်စက်ဘူးဆို ... အခုဘာလုပ်ကြတာလဲဗျ"

ဖေဖေ့ကို ဓားပြတွေက ကောင်းမွန်စွာပင် ပြန်ပြောလေသည်။

"ကျုပ်တို့ လူကို ဘာမှ မလုပ်ရပါလားဗျ"

"နို့ ... အခု ... ခင်ဗျားတို့ တဘုံးဘုံး ရိုက်နေကြတာ ဘာလုပ်ကြတာလဲ"

"ဟာ ... ဒါ ... လူကို ရိုက်နေတာမဟုတ်ပါဘူး... မယုံရင်လူကို ထုတ်ပြပါ့မယ်"

ဓားပြတစ်ယောက်က ဆိုင်ထဲသို့ ပြန်ဝင်သွားသည်။ ထို့နောက် ချက်ချင်းပင် လက်ပြန်ကြိုးတုတ်ထားသော ဦးလေးအထောင်ကို ခေါ်ထုတ်လာခဲ့သည်။

"ဒီမှာ ကြည့်ပါ ... ခင်ဗျားတို့ လူကို ကျုပ်တို့ လက်ဖျားနဲ့တောင် မတို့ပါဘူး။ မယုံရင် မေးကြည့်ပါ"

ဆိုင်ထဲမှာ တဘုံးဘုံး အသံမှာကား ဆက်လက်ထွက်ပေါ်နေဆဲပင် ဖြစ်တော့သည်။ ထိုအခါမှ ဖေဖေနှင့် မေမေတို့မှာ ဦးလေးအထောင်အတွက် စိတ်သက်သာသွားကြတော့သည်။

"ကျုပ်တို့ ... ဗီရိုထဲက အထည်အုပ်တွေ ပစ်ချနေကြတာပါ"

ဓားပြတစ်ယောက် ဖေဖေ့ကို ရှင်း၍ပင် ပြနေသေးတော့၏။ ပြီး ဦးလေးအထောင်ထွက်မပြေးနိုင်အောင်လည်း လက်ပြန်ကြိုးကို ဆွဲထားရင်း ဓားကိုင်၍ စောင့်နေလိုက်သည်။ အခြားသော ဓားပြနှစ်ယောက် သုံးယောက်ကတော့ ဦးလေးအထောင်၏အနီးမှာပင် ခြင်ထောင်ကြီးတစ်လုံးကို ဖြန့်ခင်းလိုက်သည်။ ပြီးလျှင် အထည်အလိပ်၊ ပိတ်အုပ်နှင့် စည်သွတ်ဘူးများကိုပါ ရသလိုဆွဲထည့်၍ ထုပ်လိုက်သည်။ ထို့နောက် ပစ္စည်းများကို သူတို့ယူလာခဲ့သော လှေများထဲသို့ သယ်ချသွားကြလေတော့သည်။

"ဒူ ... ဒူ ... ဒူ ... ဒူ"

ရုတ်တရက် မောင်းသံတဒူဒူ အဆက်မပြတ် ထွက်ပေါ်လာသည်။ ထိုအခါ

ဓားပြများ ခေါင်းထောင်၍ ပျာလောင်ခတ် သွားကြတော့သည်။

"ဟော့ ... ဟော့ ... သူတို့မောင်းထုပြီး လူစုကုန်ပြီ ... ဆိုင်ကို မီးရှို့ဟော့ ... မီးရှို့ဟော့ ... မီးရှို့ခဲ့ကြ"

ဓားပြခေါင်းဆောင်နှင့်တူသော သူတစ်ဦးက ထိတ်ထိတ်ပျာပျာဖြင့် ထအော်လိုက်သည်။ ကျန်ဓားပြများကလည်း ရှုးရှုးရှားရှားဖြင့် ရေနံဆီပုံးတွေ ဆွဲထုတ်လာပြီး ဆိုင်ကို လျှောက် ဖျန်းသူကဖျန်းနှင့် လုပ်ကုန်ကြတော့သည်။

မေမေနှင့်အဘွားမှာ ရင်ကိုမ၍ ဘုရားတနေကြရလေသည်။

"ဒီမှာ ... ကျုပ်တောင်းပန်ပါရစေဗျာ"

ဖေဖေက လှမ်းအော်ပြောလိုက်လျှင် ဆိုင်ကိုမီးရှို့ရန် အလုပ်ရှုပ်နေကြသော ဓားပြတစ်စုက လှည့်ကြည့်လိုက်ကြသည်။

"အခုကြားရတဲ့ မောင်းသံဟာ ကလေးတွေ ဆော့ကြတာဖြစ်ပါလိမ့်မယ်။ ကျုပ်တို့ဆီမှာ လူစုစရာလည်း မရှိပါဘူး ... ခင်ဗျားတို့ အေးအေးဆေးဆေးသာ ပစ္စည်းတွေကို ယူကြပါ။ တစ်ခုမှ မကျန်အောင် အကုန်ယူသွားနိုင်ရင်လည်း ယူသွားကြပါ။ ဒါပေမဲ့ ဆိုင်ကိုတော့ မီးမရှို့ခဲ့ကြပါနဲ့ ... ကျုပ်က ... ခင်ဗျားတို့ကို ဗမာအမျိုးသားချင်းဆိုတဲ့ အသိစိတ်နဲ့ မေတ္တာရပ်ခံ တောင်းပန်ပါတယ်။ ဗမာအချင်းချင်း ရိုင်းပင်းတဲ့အနေနဲ့ အနီးအနားက အိမ်စုကလေးတွေကို ထောက်ထားပြီး ကျုပ်ရဲ့ တောင်းပန်ချက်ကို ခင်ဗျားတို့ လက်ခံကြပါ။ ဆိုင်ကိုတော့ မီးမရှို့ခဲ့ပါနဲ့။

ဖေဖေက ပြေပြေပြစ်ပြစ် တောင်းပန်စကားဆိုလိုက်လျှင် ဓားပြတစ်စုသည် ရေနံဆီပုံးတွေ ဖျန်းရင်း တိုးလိုးတန်းလန်းမှ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားခဲ့ကြတော့သည်။ တစ်ယောက်နှင့်တစ်ယောက် ခပ်ကြောင်ကြောင် လှမ်းကြည့်နေလိုက်ကြသည်။

"ဟုတ်သားပဲကွာ ... မီးရှို့မနေကြပါနဲ့တော့"

သူတို့အချင်းချင်း မရှို့ချင်သူနှင့် ရှို့ချင်သူများ အငြင်းပွားကြတော့သည်။

"အချိန်ကြာတယ်ကွာ ... မရှို့ပါနဲ့"

"ကဲ ... ဟော့ ... ဒီလိုဆို ... ပစ္စည်းတွေကို မြန်မြန်ချ သွားကြမယ်... အချိန်မရှိတော့ဘူး"

သူတို့သည် ပစ္စည်းများကို လေ့ထဲသို့ ပျာပျာလောင်လောင်နှင့် အပြေးအလွှား သယ်ချနေကြသည်မှာ တစ်ဆိုင်လုံး ရှန်းရင်းခတ်ဖြစ်နေတော့၏။

"ကဲ ... ကဲ သွားကြမယ်ဟော့"

ခေါင်းဆောင်လုပ်သူက အော်၍ ပြန်ရန် လူစုလိုက်လျှင် ဦးလေးအထောင်ကို စောင့်ကြည့်နေခဲ့သော ဓားပြကြီးက ဦးလေးအထောင်ကိုပါ ခေါ်လိုက်သည်။

"ထဟေ့ ... တရုတ် ... သွားမယ်"

ထိုအခါ ဖေဖေက ဝင်ပြောရပြန်သည်။

"ခင်ဗျားတို့ ပစ္စည်းတွေ အကုန်ရမှပဲဗျာ ... လူကို ဘာလို့ခေါ်သွားနေတော့မလဲ"

ဟာ ... ကျုပ်တို့အတွက် အကွယ်အကာ ဓားစာခံတော့ ခေါ်သွားရဦးမှာပေါ့။ ဒါပေမဲ့ ... စိတ်မပူပါနဲ့ ... သူ့ကို ကောင်းကောင်းမွန်မွန် ပြန်လွှတ်ပေးလိုက်ပါမယ်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဗျာ ... ခင်ဗျားတို့ စကားအတိုင်း ကောင်းကောင်းမွန်မွန် ပြန်လွှတ်ပေးလိုက်ပါ"

"အို ... စိတ်ချပါ ... ကဲ တလုတ်ရေ ... လှေထဲမြန်မြန်ဆင်းကွာလာ ..."

ဦးလေးအထောင်ကို လက်ပြန်ကြိုးကြီး တုပ်လျက်နှင့်ပင် လှေထဲထည့်၍ ဓားပြများလည်း ထွက်ခွာသွားခဲ့ကြတော့သည်။

ဓားပြများ ထွက်ခွာသွားပြီး မကြာမီကလေးမှာပင် ဦးလေးကြိုင် ပြန်ရောက်လာသည်။ သူနှင့်အတူ ဒူးလေးကြီးများ ကိုင်ဆောင်ထားသော လူကြီး ဆယ်ယောက်ခန့်လည်း ပါလာလေသည်။ သူတို့အားလုံးမှာ အမြန်ပြေးလာခဲ့ကြဟန် တူသည်။ မောကြီးပန်းကြီးရှိနေကြသည်။ အထူးသဖြင့် ၄ မိုင်နီးပါးမျှ ရှိသော ဦးချင်းတောင်ကို အသွားအပြန် မနားတမ်း ပြေးလာခဲ့ရသည့် ဦးလေးကြိုင်ခမျာ အမောဆုံးဖြစ်နေရှာသည်။ အသားဖြူသော သူ့မျက်နှာမှာ နီရဲနေလေသည်။ ဦးလေးကြိုင်သည် အံကို တင်းတင်းကြိတ်၍ အသက်ကို ရှိုက်ရှုနေရသည်။

"ဘယ်ရောက်ကုန်လဲ ... သွားကြပြီလား ..."

"အေး ... ဓားပြတွေ ဘယ်မှာလဲကွ ဟေ ..."

ဦးလေးကြိုင်က ခြံဝမှာ အသာမျှော်ကြည့်၍ မေးလိုက်လျှင် ဒူးလေးသမားကြီးတွေကလည်း သူတို့ဒူးလေးကြီးတွေကို အသင့်ပြင်ရင်း အသံဝဲဝဲကြီးများဖြင့် စိတ်တက်ကြွစွာ မေးလိုက်ကြသည်။

"အေး ... အခုလေးပဲ ထွက်သွားကြတယ် ... အထောင့်ကိုလည်း ခေါ်သွားတယ်"

"တောက် ... နည်းနည်းကလေး လွဲသွားတယ်"

ဦးလေးကြိုင်က ဓားပြများနှင့် တွေ့လွဲသွားရသဖြင့် တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပြီး ... မကျေမချမ်း ရေရွတ်လိုက်သည်။

"ဝေး ... တစ်ပွဲတစ်လမ်း မစမ်းလိုက်ရတာ ... နာတာပဲကွာ ..."

"အခုပဲသွားကြတာဆိုတော့ နောက်ကလိုက်ရင် မိဦးမှာပေါ့"

"အေး ... မိမာပေါ့ဝဲ့ ... လိုက်ကြစို့"

တစ်ယောက်တစ်ပေါက်ပြောကာ ဓားပြများနောက်သို့လိုက်ရန် ပြင်နေကြသော ဦးလေးကြိုင်နှင့် သူ့အဖော်တစ်စုကို ဖေဖေက ဝင်ပြောလိုက်ရသည်။

"နေဦး ... စဉ်းစားကြဦး ... အရမ်းမလိုက်ကြနဲ့ ... ကိုယ့်လူက ... သူတို့လက်ထဲ ဓားစာခံအဖြစ်ပါသွားတာ ... နောက်ကလိုက်လာမှန်းသိလို့ အထောင်ကို ရန်ရှာရင် ဘယ့်နှယ်လုပ်မလဲ ... သူတို့က ... ကောင်းကောင်းမွန်မွန် ပြန်လွှတ်ပေးလိုက်ပါ့မယ် ပြောသွားတာ ... ခဏစောင့်ကြည့်ကြရင် ... ကောင်းလိမ့်မယ်ထင်တယ်"

ဖေဖေ၏တင်ပြချက်ကို အားလုံးက သဘောတူ လက်ခံလိုက်ကြသည်။ ထိုနောက် အားလုံး တဲတားသို့ သွားရောက်စုရုံးကာ ဓားပြများ ထွက်ခွာသွားရာ ချောင်းဝဆီသို့ မျှော်ကြည့်ရင်း တစ်ယောက်တစ်ယောက် ထင်မြင်ချက် အမျိုးမျိုးပေးကြ၊ ပြောကြနှင့် ကျွက်စီကျွက်စီရှိနေကြလေသည်။

"တောက် ... သူတို့က ... လူသာများပေမယ့် ... တချို့ ဓားပြတွေက သံချေးတက်ကြီးတွေပါ ... အစ်ကို အတင်းထားတားလို့ ... နို့မို့ ကျွန်တော်နဲ့ ကိုကြီးချမ်းမြတို့က ပုဆိန်နဲ့ ဝင်ခုတ်မယ်ကြံတာ ... နောက်မှ ... ဖထီးတို့အဖွဲ့ကို သတိရတာနဲ့ ... ပြေးခေါ်တာ"

ဝေး ... တို့နဲ့က တော့တော့ကလေးလွဲသွားခဲ့တာကိုး ... နို့မို ... တစ်ပွဲတစ်လမ်းစမ်းလိုက်ရ ... ဒီဓားပြတွေ ... ဖင်ထောင်ပြေးကြရမှာပေါ့ကွာ"

ထိုအချိန်တွင် အရီးလေးမှာ ဗီရိုများဟောင်းလောင်းကျန်ခဲ့ပြီး ဓားပြများ မယူနိုင်သော ပစ္စည်းအစအနများဖြင့် ပြန့်ကျဲနေသည့်တိုင် ကြမ်းပြင်တွင်ထိုင်ရင်း တရှုပ်ရှုပ်ငိုနေတော့သည်။ သူ့ပါးစပ်မှ ပြောစကားနားမထောင်ခဲ့သော ဦးလေးအထောင်ကိုလည်း ပြစ်တင်ပြောဆို ရေရွတ်နေလေသည်။

ထိုအခိုက် တစ်ခြားရွာသို့ စပါးသိမ်း၊ ကျွေးတောင်းသွားနေခဲ့သော ကြီးတော်ပြန်ရောက်လာသည်။ အရီးတို့ဆိုင် ဓားပြတိုက်ခံရကြောင်း လမ်းမှ ကြားလာခဲ့သော ကြီးတော်က ဓားမကြီးကိုင်လျက် ပြေးလာခဲ့ခြင်းဖြစ်သည်။

"ဟဲ့ ... ဒီခွေးမသား ဓားပြတွေ ဘယ်ရောက်ကုန်ပြီလဲ ... ဟော... မတရားစားချင်တဲ့ ရာဇဝတ်ကောင်တွေ"

အထူးအာဏာရ သူကြီးကတော်ဖြစ်ခဲ့သော ကြီးတော်က သူကြီးကတော်လေသံဖြင့် ဒေါသတကြီးမေးနေပါသည်။

"သွားကြပြီ မမရဲ့ ... အထောင်ကိုလည်း ဓားစာခံ ခေါ်သွားတယ်"

"ဟောဒီ ... နင့်လင် တရုတ်ကို ... ပြောလို့ လူ့စကားနားမလည်နိုင်ခဲ့တာ ... ခုတော့တွေ့ပြီပေါ့ ... သူ့ပထွေး ချန်ကေရှိတ် အစိုးရကြီးကို ... အားကိုးဦးလေ ..."

ကြီးတော်၏ဒေါသသည် ဦးလေးအထောင်အပေါ်သို့ ကူးစက်သွားတော့သည်။ စိတ်ကြီးသော ကြီးတော်မှာ ခံပြင်းခြင်းဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေလေသည်။ ကြီးတော်မှာ မေမေက အဖြစ်အပျက်များကို ပြောပြနေရပြန်သည်။

ဟဲ့ ... ဒါနဲ့ ကျော့ခင် ... နင်ဓားပြတွေဆီက ထွက်ပြေးလာတော့ ... နင့်သားနဲ့ သမီး အကောက်တို့မောင်နှမရော ... ဘယ်ရောက်နေကြသလဲ ..."

ယခုမှ သူတို့အမေ၏အနားတွင် လာထိုင်နေကြသော အကောက်နှင့် အတူးတို့ကို ကြည့်၍ မေမေက သတိရပြီး မေးမိတော့သည်။ ထိုအခါ အရီးလေးတို့နှင့် ကပ်နေသော တစ်ဖက်အိမ်မှ အဒေါ်ကြီးက ဝင်ဖြေလိုက်သည်။

"အမလေး ... အကောက်က လျင်လိုက်တာ ... အံ့ရော ... အံ့ရော ... ကျော့ခင်တို့ဆိုင် ဓားပြတွေ ဝုန်းဝုန်းဒိုင်းဒိုင်းလည်း ဝိုင်းရော ... ကျွန်မတို့လည်း အံ့အားသင့်ပြီး အိမ်ပေါ်က ကြောင်ကြည့်နေတုန်း ... အကောက်ရယ် ဝင်းခြံကိုဖြပြီး ထွက်လာတာကို တွေ့လိုက်တယ် ... ပြီးတော့ တစ်ခါ သူ့ညီမလေးကို ဆွဲခေါ်ထုတ်လိုက်ပြန်တယ် ... ဒီတော့မှ ကျွန်မတို့လည်း သတိရပြီး သူတို့ကို အိမ်ပေါ်ခေါ်ပြီး ဝှက်ထားလိုက်ကြရတယ်။ မောင်နှလေးနှစ်ယောက်သား ကြောက်လို့ ငြိမ်ပြီး ပုနေကြတယ် ... အဲဒါ ... အခုမှ လာပို့ပေးရတာ ..."

အဒေါ်ကြီးက တအံ့တသြ ပြောပြလိုက်လျှင် လူကြီးတွေမှာ ကလေးနှစ်ယောက်ကို ကြည့်၍ သနားကြင်နာခြင်းဖြစ်သွားရလေတော့၏။ ရင်ဆိုင်ရသော ဘဝအသိက ကလေးအရွယ်မျှသာ ရှိသေးသော အကောက်တို့ မောင်နှမကို အရေးကြုံလာသောအခါ သက်လုံကောင်းဖို့အတွက် ကြံဆရန်းကန်တတ်အောင် သင်ကြားပေးလိုက်လေတော့သည်။

အချိန်မှာကား နေလုံးကွယ်ပျောက်ပြီး အလင်းရောင်ပင် ပျော့လာခဲ့ပေပြီ။ ချောင်းရေပြင်ဆီသို့ လာရောက် ထင်ဟပ်နေခဲ့သော အနောက်ဘက်ကောင်းကင်တစ်ခိုမှ ဆည်းဆာရောင်တောက်တောက်များကလည်း မှုန်ဝါးမှေးမှိန်စပြုလာခဲ့ပေပြီ။ ဦးလေးအထောင်ကား

ပြန်ရောက်မလာသေး။ သက်ဆိုင်သူများအဖို့ သူ့အတွက် စိုးရိမ်ပူပန်လာကြတော့သည်။

"ဘယ်လိုလုပ်ကြမလဲ"

"လိုက်ကြမလား"

"ဘယ်ကိုလိုက်ကြမလဲ ..." စသည်ဖြင့် တိုင်ပင်ဆွေးနွေးကြရတော့သည်။ သို့ရှိစဉ်မှာပင် လူအုပ်ထဲမှ တစ်ယောက်က ထပြောလိုက်သည်။

"ဟောဟိုမှာ ... လှေတစ်စင်းလာနေတယ် ... ဟော့ ..."

သူညွှန်ပြရာသို့ အားလုံးက လှမ်းကြည့်လိုက်ကြသည်။ လှေကလေးတစ်စင်း တံတားဦးဆီသို့ ဦးတည်လှော်ခတ်နေလာသည်ကို မှောင်ရီရီထဲတွင် လှမ်းမြင်လိုက်ကြရသည်။ တဖြည်းဖြည်း လှေနီးလာခဲ့လျှင် လှေပေါ်၌ လူနှစ်ယောက်ပါကြောင်း တွေ့ကြရလေသည်။

"ဟဲ့ ... လှေပေါ်ကဟာ ... အထောင်မဟုတ်လား..."

ဟုတ်ပေသည်။ လှေပေါ်တွင် ဦးလေးအထောင်သည် ငုတ်တုတ်ကလေးထိုင်၍ လိုက်ပါလာသည်။

"ဟော့ ... ကျော့ခင်ရေ ... အထောင်ပြန်လွတ်လာပြီဟဲ့ ..."

ဦးလေးအထောင် ပြန်လွတ်လာကြောင်း အရီးလေးကို လှမ်းပြောသူ အော်ပြောလိုက်သည်။

လှေကလေး တံတားသို့ဆိုက်ကပ်လိုက်လျှင် ဦးလေးအထောင်က လွှားခနဲလှမ်းတက်လာခဲ့သည်။

"ဟဲ့ ... နင့်ကို ... သူတို့ဘယ်ကျမှ ပြန်လွှတ်လိုက်တာလဲ ..."

"ကိုညာဏ်လင်းဘော်နဲ့က ဘယ်မှာသွားတွေ့သလဲ ..."

"နင့်ကို ... ရိုက်နှက်လုပ်သေးလား ... ဟင်"

သူ့ကို ဝိုင်းမေးနေကြသူများကို ဦးလေးအထောင်က ရွှေသွားလေးပေါ်အောင် ပြုံးကျဲကျဲကလေးပြုရင်း ပြန်ဖြေသည်။

"ကျွန်တော့်ကို ... သူတို့ မြစ်ဝရောက်အောင် ခေါ်သွားပြီးမှ ကမ်းပေါ်တင်ပေးခဲ့ကြတယ် ... မြစ်ဝကနေ လျှောက်ပြန်ခဲ့တာ ကိုညာဏ်လင်းဘော်တို့ တဲရောက်သွားလို့ လိုက်ပို့ပေးခိုင်းရတာ"

ဦးလေးအထောင်က အသံကျယ်ကျယ်နှင့် ဆက်ပြောနေပြန်သည်။

"ဓားပြတွေက စကားတည်ပါတယ် ... ကျွန်တော့်ကို ဘာမှ မလုပ်ကြပါဘူး။

အလုပ်များနေကြသည်ကို နီနီလေးတို့ကလေးတွေမှာ ငြိမ်ကုပ်၍ ကြည့်နေကြရလေသည်။ ခါတိုင်းကဲ့သို့ ကလေးတစ်သိုက်၏ ပျော်ရွှင်စွာ အော်ဟစ်ကစားကြသံများနှင့် ကင်းဝေးနေသော ထိုညကြီးသည် စိတ်ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွှန်းနေသည်။ ထိုအခါ ညအမှောင်ထုကြီးမှာလည်း ခါတိုင်းညများထက် မည်းမှောင်နက်ရှိုင်းနေသည်ဟု ထင်ရလေတော့၏။ လူတွေအဖို့မှာ သစ်ပင်လေတိုး၍ သစ်ရွက်ကြွေသံကိုပင် လန့်စရာဖြစ်နေတော့သည်။

"တောမီးလောင် တောကြောင် လက်ခမောင်းခတ်" ဖြစ်နေသော ခေတ်ပျက်ကာလကြီးတွင် ဖေဖေတို့အဖို့ ဘုရားတရားကို နှလုံးပိုက်ပြီး ရင်ဆိုင်လာရသမျှ ဘဝပြဿနာများကို သတိတမန် ဉာဏ်မြေကတုတ်ပြုလုပ်၍ ကိုယ့်အားကိုယ်ကိုးပြီး အခြေအနေအရ ဖြေရှင်းရန်သာ ရှိကြလေတော့၏။

❒

## မင်းမဲ့တိုင်းပြည်

ဖေဖေတို့သည် တိုင်ပင်ဆွေးနွေးကြပြီး ထိုညတွင် အမျိုးသမီးများနှင့် ကလေးများကို "နာနတ်တောင်" ဆိုသော နေရာသို့ သွားအိပ်ခိုင်းရန် ဆုံးဖြတ်လိုက်ကြတော့သည်။

မေမေလည်း ပေါ့ပေါ့ပါးပါးနှင့် စောင်နှင့် ခေါင်းအုံးလေးတချို့ကို လိပ်ပြီးယူလိုက်သည်။ နောက်သေတ္တာထဲမှလည်း ပစ္စည်းတချို့ကို နှိုက်ယူလိုက်ပြန်သည်။ ထိုနောက် နာနတ်တောင်သို့ သွားရန် အိမ်အောက်သို့ဆင်း၍ လူစုလိုက်ကြတော့သည်။

နာနတ်တောင်ဆိုသည်ကို နီနီလေးတစ်ခါမှတော့ မရောက်ဘူး၊ ကြားသာကြားဖူးနေခဲ့ပေသည်။ နာနတ်တောင်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိကြောင်း ကျောင်းတစ်ဖက်ဘေးတောင်စောင်းခြေရင်းနား၌ ဆေးဝါးကုတတ်သော ဆရာလေးဆိုသူ ဇနီးမောင်နှံနှစ်ဦးတို့ နေကြကြောင်း စသည်များဖြစ်လေသည်။ အတော် အလှမ်းကွာဝေးသည့် ထိုနာနတ်တောင် ဘုန်းကြီးကျောင်းမှ ကုလားတက်ခေါက်သံ တတုံတုံကိုလည်း နီနီလေးတို့ဆီမှ အမြဲကြားခဲ့ရလေသည်။ ယခု ထိုနာနတ်တောင်သို့ သူတို့တစ်တွေ ပြေးခိုအိပ်ကြရပေတော့မည်။

သူတို့တစ်စုတစ်ဝေးကြီးကို ဖေဖေနှင့် ဦးလေးကြိုင်တို့က လက်ထဲတွင် ဓားကြီး၊ လှံကြီးများကိုင်ရင်း စောင့်ကြပ်၍ လိုက်ပို့ပေးကြလေသည်။

သူတို့သည် ကောင်းကင်မှပြောက်ပြောက်ကြဲနေသော ကြယ်ရောင်ကလေးများကို

အားပြု၍သွားကြရလေသည်။ သူတို့အိမ်စုကလေးမှ ထွက်ခဲ့လျှင် လယ်ကွင်းများသို့ရောက်လေသည်။ သူတို့သည် လယ်ကွက်ထဲမှ ပတ်ကြားအက်နှင့် ရိုးပြတ်များကို ကျော်နင်းဖိလျှောက်သွားကြရသည်။

ဦးလေးချမ်းမြတို့ မိသားစုမှာ ဘုစုခရုကလေးတွေ ပေါလှရာ မိဘများမှာ ဆွဲမနိုင်လွဲမနိုင်ဖြစ်နေကြသည်။ လယ်ကန်သင်းရိုး ခလုတ်တိုက် လဲ၍ ငိုသူကငို အိပ်ချင်၍အီသူက တအီအီ တကျည်ကျည် လုပ်သူကလုပ်နှင့် ရှုပ်ယှက် ခတ်နေကြတော့သည်။ ထိုကြောင့် သူတို့ကို ကိုကြီးနှင့် ကိုနောင်တို့အရွယ် ခပ်ကြီးကြီးလေး တွေက ကူညီထမ်းပိုးချီပွေ့ခေါ်သွားကြရလေသည်။

မေမေက စီစီလေးကို ချီထားပြီး နီနီလေးက ဖေဖေ့ လက်တစ်ဖက်ကို ဆွဲ၍မေမေ့ဘေးနားမှ ကပ်လျှောက်လာခဲ့သည်။ ပိုးစုန်းကြူးကလေးများက တစ်ဝင်းဝင်းတစ်လက်လက်ဖြင့် ကောင်းကင်မှ ကြယ်ပွင့်ကလေးများနှင့်အပြိုင် သူတို့လူစုကို လမ်းပြပေးနေကြလေသည်။

ခါတိုင်း ချစ်စရာ ပိုးစုန်းကြူးကလေးများကို လက်ခုပ်ထဲတွင်ဖမ်း၍ ကြည့်ရသည်ကို ပျော်ခဲ့သော နီနီလေးသည် ယခု သူ့ဘေးပတ်ပတ်လည်၌ ပြည့်နေသော ထိုအကောင်ကလေးများကို စိတ်မဝင်စားနိုင်အောင် ရှိနေလေသည်။ သူသည် ညနေက ကြောက်စရာကောင်းသော ဓားရှည်ကြီးများနှင့် လူဆိုးဓားပြကြီးများကိုသာ မြင်ယောင်ပြီး သူတို့ပြန်လာကြလေဦးမလားဟူသော အတွေးဖြင့် ရင်ထဲ၌ စိုးရွံ့တုန်လှုပ်နေခဲ့လေတော့သည်။ ယခုလို ညမှောင်မှောင်ကြီးထဲ၌ ထွက်ပြေးကြရပြန်သောအခါ သူ့စိတ်မှာ ပို၍ ချောက်ချားနေမိပြန်သည်။

သို့ရာတွင် နီနီလေးက သူ့ရင်ထဲမှ ခံစားချက်ကို ထုတ်မပြောတတ်၊ ဘယ်လိုပြောရမှန်းလည်း မသိဘဲ တွေငေးငေးကလေးသာရှိနေခဲ့မိတော့၏။

လယ်ကွင်း လယ်ကွက်များ၌ လျှောက်လေ့လျှောက်ထမရှိခဲ့သော နီနီလေးသည် မကြာခဏ ခြေချော်ယိုင်နဲ့သွားတတ်သည်။ ဖေဖေက သူ့လက်တစ်ဖက်ကို မိမိရရဆွဲကိုင်ထား၍သာ တော်သေးတော့၏။

သူတို့သည် ချောင်းရိုးကလေးတစ်ခုသို့ ရောက်လာခဲ့ကြသည်။ ရေကလေး စပ်စပ်နှင့် ရွှံ့ညွန်းမြေများရှိနေသော ထိုရိုးကလေးကို ကျော်ဖြတ်သွားဖို့ ခနော်ခနဲ့ ဝါးတံတားကလေးတစ်ခု ထိုးထားလေသည်။

"လာ ... သမီးလေးက ... ကြီးတော်နဲ့ ကူးမယ်"

ကြီးတော်က နီနီလေးကို ပွေ့ချီပြီး ရွံ့ထဲမှဖြတ်လျှောက်သွားလိုက်သည်။ ကျန်လူများကလည်း ကြီးတော်ကဲ့သို့ပင် ရွံ့ထဲမှပင် ဆင်းလျှောက်လိုက်ကြသည်။ မေမေနှင့်အဘွားတို့သာ တံတားကလေးပေါ်မှာ သတိထား၍ နင်းသွားကြလေသည်။

ထိုစဉ်ခိုက်မှာပင် မဝေးလှတော့သော ဘုန်းကြီးကျောင်းဆီမှာ တုံးခေါက်သံ ရှစ်ချက်ကို နီနီလေးတို့ ကြားလိုက်ကြရလေသည်။

"ဝေး ... ဟေး ... ဝေး ..."

တုံးခေါက်သံ၏ နောက်မှ တစ်ဆက်တည်းလိုပင် ညာသံပေး၍ ဟေးတိုက်သံကြီး တစ်ခုသည် တိတ်ဆိတ်မှောင်မိုက်နေသော ညကြီးထဲမှ ရုတ်တရက်ထွက်ပေါ်လာခဲ့လေတော့သည်။

"ဟော ... တောပုန်းစားပြတွေ လာကုန်ပြီဟ ..."

လူအုပ်ထဲမှ တစ်ယောက်က အထိတ်တလန့်ထအော်ပြီး ပြေးလိုက်လျှင် ကျန်လူများလည်း ဝရုန်းသုန်းကားဖြစ်ကာ သူ့နောက်မှ စွတ်၍ ပြေးလိုက်ကြလေတော့သည်။

ထိုအခါ သူတို့လူစုထဲမှ ကလေးငိုသံ ခေါ်သံ ဟစ်သံများက ကျွက်ကျွက်ညံသွားတော့သည်။ သူတို့၏ အသံဗလံများက ညအမှောင်ထုကို ထိုးဖောက် ဟိန်းထွက်လာခဲ့သော ညာသံပေး ဟေး တိုက်သံကြီးကိုပင် လွှမ်းသွားမတတ် ရှိလေတော့၏။ ထို့ကြောင့် ကြီးသူများက မနည်းကြိုးစား ထိန်းကြပ်၍ တိတ်ဆိတ်ငြိမ်သက်စေရလေသည်။

ထိုအချိန်တွင် ညာသံပေး ဟေးတိုက်သံကြီးမှာ ဝေး၍ ဝေး၍ သွားလေတော့၏။

"သူတို့ ... လှေတွေနဲ့စုပြီး ချောင်းရိုးတစ်လျှောက်က တရုတ်၊ကုလားတွေ လိုက်လုနေကြတာ ဖြစ်မှာပေါ့ ..."

" အင်း ... မင်းမဲ့တိုင်းပြည်ကြီးဖြစ်နေပြီ ထင်ပါရဲ့ ..."

ထိုသို့ ထင်မြင်ချက် ပေးရင်းမှာပင် သူတို့အားလုံး "နာနတ်တောင်"သို့ ရောက်သွားကြတော့သည်။

တောင်ကုန်းမြင့်မြင့်ကလေး ဖြစ်သော ထို "နာနတ်တောင်"တွင် နာနတ်ပင်နှင့် နာနတ်သီးများ ရှိ မရှိ မသိသော်လည်း ဝါးပင်များတော့ ပေါလှပေသည်။ စိမ်းရင့်ရင့်မှိုင်းနေသော ဝါးပင်ရှည်ရှည်ကြီးများက လေတိုးလိုက်တိုင်း တသဲသဲမြည်ကာ ယိမ်းထိုးယိုင်နွဲ့နေကြလေတော့၏။

သူတို့လူအုပ်ကို ဆရာလေးတို့ ဇနီးမောင်နှံက ဆီးကြို၍ နေရာထိုင်ခင်းများပေးလေသည်။ ဆရာလေးတို့ထဲတွင် အခြားသူတချို့လည်း ရောက်နှင့်နေကြသည်။

သူတို့ကိုပို့ပေးပြီးလျှင် ဖေဖေနှင့် ဦးလေးကြိုင်တို့ ပြန်သွားကြလေတော့၏။

မေမေက စီစီလေးကိုပွေ့သိပ်နေသောကြောင့် နီနီလေးက ကြီးတော်၏ ရင်ခွင်ဘဲ မှီထိုင်ရင်း ကြီးတော်နှင့် သူ့အသိမိတ်ဆွေများ ဝိုင်းဖွဲ့စကားပြောနေကြသည်ကို နားထောင်နေလိုက်မိသည်။

သူတို့သည် စောစောတုန်းက ထွက်ပြေးခဲ့ကြစဉ် မိခွေးဆိုသော အမျိုးသမီးကလေး ဘစ်ယောက် ရွံ့ထဲမှောက်လျက်လဲခဲ့သည့်အကြောင်းပြောကာ ခိုးခိုးခွိခွိနှင့် ကျိတ်ရယ်နေကြသည်။ ပြောသူက ခြေဟန်လက်ဟန်နှင့်ပင် ထလုပ်ပြနေရာ နားထောင်သူများမှာ အူနှိပ်ရယ်နေကြရလေတော့၏။

"ဝေး ... ဟေး ... ဝေး..."

ညာသံပေး၍ ဟေးတိုက်သံကြီးသည် ညအမှောင်ထုထဲမှ ရုတ်တရက် ဟိန်းထွက်လာခဲ့ပြန်သည်။ စောစောက အူနှိပ်ရယ်နေသူတစ်စုလည်း အသာကလေး ငြိမ်ကျသွားလေသည်။ ကြောက်မက်ဖွယ်ရာ ဟေးတိုက်သံကြီးများက ဆက်လက်၍ ထွက်ပေါ်လာနေခဲ့တော့သည်။ အသံများသည် ဝေးရာမှ တဖြည်းဖြည်းနီးလာလေသည်။ သူတို့ရန်မှလွတ်ကင်းရာ လွတ်ကင်းကြောင်း ပြေးလာ ခိုလှုံနေရသူ လူတစ်စုမှာ ရင်ကိုပင့်၍ နားစွင့်နေကြရလေသည်။

ဟေးတိုက်နေသူများသည် နာနတ်တောင် အလွန်နားလောက်ရှိ တစ်နေရာသို့ရောက်နေကြဟန်တူလေသည်။ ချက်ချင်းဆိုသလိုပင် သူတို့၏ တက်ကြွနေသော ညာသံပေး ဟေးတိုက်သံကြီးများနှင့်အတူ "တဘုံးဘုံး ... တဘိုင်းဘိုင်း" ရိုက်သံနှက်သံနှင့် ကုလားအမျိုးသား တချို့၏ အော်ဟစ်ငိုယိုသံများရောထွက်လာခဲ့တော့သည်။

"ဂန်ဂယားနဲ့ ဆာမိတို့တဲ ဝင်လုနေကြပြန်ပြီ"

သည်အနီးပတ်ဝန်းကျင်ကို နှံ့စပ်ကျွမ်းဝင်နေသူများအဖို့ အသံကြားသည်နှင့်ပင် ဘယ်သူ့အိမ်၊ ဘယ်သူ့တဲဆိုသည်ကို တပ်အပ်သိရှိလိုက်ကြလေတော့သည်။ ထိုအသံများကို ကြားနေရသူများမှာ စိတ်မချမ်းမြေ့နိုင်ကြတော့ပေ။

ခဏအကြာတွင် ဖေဖေနှင့် ဦးလေးကြိုင်တို့ရောက်လာခဲ့ကြပြန်သည်။ နီနီလေးတို့ကို စိတ်မချ၍ လာကြည့်ကြခြင်း ဖြစ်လေသည်။ သူတို့အေးအေးချမ်းချမ်း ရှိနေသည်ကို တွေ့လျှင် အိမ်ကိုလည်း စိတ်မချသေးသော ဖေဖေတို့က ပြန်သွားကြရပြန်တော့သည်။ ဖေဖေနှင့် ဦးလေးကြိုင်တို့၏ လက်ထဲ၌ ဓားကြီးနှင့် လှံကြီးကို မချတမ်းကိုင်ထားကြလေသည်။

နီနီလေးသည် ကြီးတော်ရင်ခွင်ထဲတွင်ပုနေရင်းမှ ဟေးသံကြီးကို ကြားတိုင်း ကြောက်စိတ်ဖြင့် ရင်ကလေးတဆတ်ဆတ်တုန်နေခဲ့တော့သည်။ စိတ်ထဲမှာ ထိုအသံကြီးကို မကြားချင်။ ထိုအသံကြီးများနှင့် ဝေးရာသို့ ထွက်ပြေးလိုက်ချင်သည်။ သို့ရာတွင် သူ့အဖို့ မကြားချင်လို့လည်း မရ။ ထွက်ပြေးချင်လို့လည်း မရ။ မုန်းစရာ ကြောက်စရာကောင်းသော ထိုအသံဆိုးကြီးက သူ့နားထဲသို့ အတင်းပင် တိုးဝင်နေတော့၏။

တဲအတွင်း၌ မီးရောင်မရှိသဖြင့် မှောင်နှင့် မည်းမည်းသာရှိနေသည်။ လူများကလည်း တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ ငြိမ်နေကြသည်။ ငိုတတ် ဆူတတ်သော ကလေးငယ်များမှာလည်း အမေများက ချော့သိပ်ထားသဖြင့် အိပ်ကုန်ကြပေပြီ။ ထိုအခါ တစ်ချက်တစ်ချက် ထွက်ပေါ်လာနေသော "ဟေး" တိုက်သံကြီးနှင့် တဲနောက်ဘက်ရှိ တောအုပ်ကလေးဆီမှ တဝီဝီ အော်မြည်နေသော ပုစဉ်းရင်ကွဲများ၏ အသံများကသာ မှောင်မိုက် တိတ်ဆိတ်နေသည့် သတ္တလောကကြီးအား အချီအချ လွှမ်းမိုး အုပ်စိုး နေခဲ့ကြလေတော့၏။

တစ်နေ့လုံး သွားလာလှုပ်ရှားနေခဲ့ရသော ကြီးတော်သည် တုံးလုံးလှဲ၍ နီနီလေးကို ပိုက်သိပ်နေရာမှ သူက အရင်အိပ်ပျော်သွားခဲ့လေသည်။ နောက်ဆုံးတော့ နီနီလေးသည်လည်း ကြီးတော်၏ အသက်ရှူသံ၊ ပုစဉ်းရင်ကွဲများ၏ အော်သံနှင့် ကြောက်စရာ ဟေးတိုက်သံကြီးများကို နားခံရင်းပင် အိပ်ပျော်သွားခဲ့ရလေတော့သည်။

❒

# မြစ်နဒီကြော၀ယ်

နောက်တစ်နေ့မနက် ဝေလီဝေလင်း အချိန်ကြီးတွင် ဖေဖေတို့လာခေါ်သဖြင့် နီနီလေးတို့အားလုံး "နာနတ်တောင်"မှ ထပြန်ခဲ့ကြရလေသည်။

အိမ်သို့ရောက်လျှင် မေမေတို့သည် ချက်ခြင်းပင် ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်လိုက်ကြသည်။ တချို့ အထုပ်အပိုးများမှာ စောစောတည်းကပင် ဖေဖေတို့က အသင့်ချည်နှောင်ပြင်ဆင်ထားပြီးဖြစ်လေသည်။ ထိုအခြင်းအရာများကို မြင်နေခြင်းဖြင့် နီနီလေးက သူတို့ခရီးသွားကြရဦးမည်ဆိုသည်ကို မမေးဘဲနှင့် သိလိုက်သည်။ သူမေးနေ၍လည်း ရေးကြီးသုတ်ပျာအလုပ်များနေကြသော လူကြီးများက ပြောအားကြမည်မဟုတ်ပေ။

မိုးစင်စင်မလင်းမီမှာပင် သူတို့အားလုံး အသင့်ပြင်ပြီးဖြစ်နေကြတော့သည်။ အရီးလေးတို့ သားအမိလည်း မေမေတို့အနားတွင် လာစုနေကြသည်။

"ဟဲ့ ... ကျော့ခင် ..."

တောထဲမှ အိမ်သာတက်ပြီး ပြန်လာခဲ့သော ဖေဖေက အရီးလေးအနီးသို့လာ၍ မေးလိုက်သည်။

"မနေ့က ဓားပြတွေနောက် ... နင်တို့ရွှေထည်ပစ္စည်းတွေပါမသွားဘဲ ... ကျန်ခဲ့တယ်ဆို ..."

ဖေဖေက မေမေနှင့် အရီးလေးတို့ ကြားနိုင်လောက်ရုံသာ ခပ်တိုးတိုးမေးလိုက်

ခြင်းဖြစ်သည်။ ထိုအခါ အရီးလေးက ပြန်ဖြေပါသည်။

"ဟုတ်တယ် အစ်ကို ... သူတိုင်ကြားထဲမှာ ဝှက်ထားလို့ ... ရွှေထည်တွေနဲ့ ငွေတချို့ပါမသွားဘူးတဲ့ ... ကျွန်မလည်း ... ဒီမနက် သူပြောမှဘဲ သိပါတယ်"

"အေး ... ဓားပြနောက် ပါမသွားလို့ ... အခု သူများစားဖို့ လုပ်နေပြန်ပြီ"

"သူဘာတွေလုပ်နေပြန်သလဲ ... အစ်ကို"

အရီးလေးက နားမလည်ဘဲ ပြန်မေးလိုက်လျှင် ဖေဖေက ပြောလိုက်သည်။

"ငါလည်းမသိဘူး ... အိမ်သာသွားပြီးအပြန် ... တောင်ကမူလေးနားက ... သပြေပင်ကလေးအောက်မှာ တွင်းတူးနေတဲ့သူနဲ့ သွားတိုးလို့မေးကြည့်တော့မှ ဒီလို ဒီလိုပဲ ဆိုတာ ပြောပြတယ်... အဲဒါပစ္စည်းတွေကို ... အဲဒီမှာ မြှုပ်ထားခဲ့မလို့တဲ့ ... ငါက ပြောတယ် ... မင်းတို့ ဒီနေရာကို ... ဘယ်တော့ပြန်ရောက်မလဲ ... ပြန်ကောရောက်နိုင်ဦးမှာလား ... ခေတ်အခြေအနေကြီးက ဘယ်လိုဖြစ်လာမယ်ဆိုတာ ... ဘယ်သူမှ တထစ်ချ တွက်ပြီးပြောလို့မရဘူး။

ဒါကြောင့် ... မြှုပ်မထားခဲ့နဲ့ ... တော်ကြာ သူများဖော်ယူသွားလိမ့်မယ်ဆိုတာ ဘယ်လိုမှပြောမရဘူး ... အဲဒါ ... နင့်ယောကျ်ား နင်သွားပြောဦး ... နို့မဟုတ်ရင် ... ဓားပြက ချန်ပစ်ခဲ့တာ အချောင်သူများစားသွားလိမ့်မယ် ... အခုပဲ ... တွေ့တဲ့လူကတွေ့လို့ နင်တို့လည်း ဒီကထွက် ... သူတို့လည်း တူးယူဖို့ ... အသင့်ပြင်ပြီးစောင့်ချင်တောင် စောင့်နေကြရောပေါ့ ..."

ဖေဖေက အကျိုးအကြောင်း ရှင်းပြပြောဆိုလိုက်လျှင် အရီးလေးလည်း ထသွားလေသည်။ တအောင့်လောက်အကြာ၌ စိတ်ဆိုးဒေါသဖြစ်နေသော အရီးလေး ပြန်ရောက်လာခဲ့သည်။

"ကျွန်မ ပြောတာလည်း မရဘူး အစ်ကို ... ဒါလောက် ပြောလို့ဆိုလို့ နားမလည်တာ ... နေပစေအစ်ကိုရယ် ... သူများဖော်ယူလို့ ကုန်လည်း ကုန်ပဲ ... ဒါမှအေးမယ်"

"အေးမှာ မဟုတ်ဘူး ကျော့ခင် ... တော်ကြာသူက တရုတ်ပြည် ပြန်ချင်ပြန်သွားတော့ ... နင့်မှာ ကလေးတွေနဲ့ ဒုက္ခဖြစ်မှာ သိလား"

အဲဒါ ... အစ်ကိုပဲကြည့်လုပ်ပါဦး ... ကျွန်မတော့ သိပ်စိတ်ညစ်တာပဲ ... သေတောင် သေချင်တယ်..."

အရီးလေးကညည်းညူရင်း သူမနိုင်သော သူ့ယောကျ်ားကို ဖေဖေအား ထိုးအပ်နေသည်။ ဖေဖေက ခဏမျှ စဉ်းစားနေပြီးမှ မရီးလေးကို မေးလိုက်သည်။

"ကဲ ... ငါကောင်းသလို လုပ်ပေးရင် ... နင်သဘောတူမလား ..."

"လုပ်ပါ အစ်ကိုရယ် ... ကျွန်မသဘောတူပါတယ် ..."

အရီးလေးက တာဝန်ပုံအပ်လိုက်လျှင် ဖေဖေက ဦးလေးကြိုင်ကို လှမ်းခေါ်လိုက်သည်။ ထိုနောက် နီနီလေးတို့နှင့် ခပ်လှမ်းလှမ်းတွင် ဖေဖေက ဦးလေးကြိုင်ကို တိုးတိုးကျိတ်ကျိတ် ပြောပြနေသည်။ ပြီးလျှင် နှစ်ယောက်သား ထွက်သွားကြလေတော့၏။

တစ်အောင့်လောက်အကြာတွင် ဖေဖေနှင့် ဦးလေးကြိုင်တို့ ပြန်လာကြသည်။ ဦးလေးကြိုင်၏ လက်ထဲတွင် အပေါ်မှ အလုံ ဖုံးပိတ်ချည်နှောင်ထားသော စဥ့်အိုးအသေးစားကလေးတစ်လုံးပါလာခဲ့သည်။ ဦးလေးကြိုင်သည် သူ့လက်ထဲမှ စဥ့်အိုးကလေးကို "ရော့" ဟု အရီးလေးကို လှမ်းပေးလိုက်သည်။

"ငါနဲ့မောင်ကြိုင်သွားတူးတာကို ... အထောင်ရယ် လိုက်လာပြီး ... မတူးပါနဲ့ ... ထားခဲ့ပါ... ကိစ္စမရှိပါဘူးနဲ့ ... အတင်းလိုက်တားသေးတယ် ... မောင်ကြိုင်က ခင်ဗျား စကားမရှည်နဲ့ဆိုပြီး အတင်းဆက်တူးတော့မှ အသာငြိမ်ပြီး ကြည့်နေတာ ... ကဲ ... လုပ်ကြဟေ့ ... သွားကြမယ်..."

ဖေဖေက အရီးလေးကို ပြောပြီး တစ်ဆက်တည်း ခရီးထွက်ကြရန် ဆော်ဩလိုက်တော့သည်။ ထိုအခါ နီနီလေးတို့ အားလုံးသည် ပစ္စည်းများအသင့်ချပြီးနေသော သမ္ပန်ကြီးထဲသို့ ဆင်းလိုက်ကြရတော့သည်။ အဘွားနှင့် အရီးလေးတို့ သားအမိလေးယောက်လည်း အတူပါလာကြသည်။

အရှေ့စွန်းမှ နေဝန်းကြီး ခေါင်းစပြူလာချိန်မှာပင် နီနီလေးတို့၏ သမ္ပန်ကြီးကို ဦးလေးကြိုင်နှင့် ကိုအောင်တို့နှစ်ယောက်က ဦးနှင့်ပဲ့ညှပ်၍ ခတ်တက်ကြီးများကို ကျွံခနဲဆွဲခတ်ပြီး ကမ်းမှခွာခဲ့ကြလေတော့သည်။ ဦးလေးကြိုင်နှင့် ကိုအောင်တို့က အားစိုက်၍ ကုန်းခတ်လိုက်တိုင်း ခတ်တက်ပြားကြီးများက ပြည့်လျှံနေသော ချောင်းရေပြင်ကြီးကို ပန်းပွားများ ထသွားအောင် လှုပ်ရှားခါရမ်းပစ်လိုက်ကြလေသည်။

ဖေဖေက သမ္ပန်ဦးတွင် ပုဆိုးကြီးတိုတိုဝတ်၊ တဘက်ကြီးခေါင်းပေါင်း၊ သူ့ပိုက်ကွန်ကြီးကို ထိုင်ဖာရင်း လိုက်ပါလာခဲ့သည်။ ဖေဖေ့အနီးတွင် ပေါက်တူး ပေါက်ပြားနှင့် ငါးမျှားတံ အစရှိသည့် ပစ္စည်းတချို့ကိုလည်း ချထားသည်။ ပဲ့ပိုင်းတွင်တော့ အိုးခွက်တောင်းပလုံး စသည်များကို စုပြုံကာတင်ထားသည်။ သမ္ပန်ဝမ်းထဲတွင်မူ အဝတ်အစား၊ အိပ်ယာလိပ် စသည်များနှင့် နီနီလေးတို့ သားအမိ၊ မြေးအဘွား၊ တူဝရီး၊ မောင်နှမတွေက စုထိုင်နေကြသည်။

သူတို့ သမ္ဗန်ကြီး ကမတိုင် ချောင်းထဲမှ ထွက်ခဲ့ပြီး ရေဆိုင်မြစ်ထဲသို့ ရောက်ရှိသွားသောအခါ နေပူရှိန်က အတော်လေး ပြင်းလာခဲ့ပေပြီ။ သို့ရာတွင် ပေါင်းမိုးကြီးအောက်၌ရှိနေသော နီနီလေးတို့မှာမူ နေရိပ်ရနေကြပေသည်။

ရေဆိုင်မြစ်ကြီးမှာ ကျယ်ပြောလှလေသည်။ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကို ခပ်ပျပျသာ လှမ်းမြင်ရသည်။ တစ်ဖက်ကမ်းပေါ်၌ မီးခိုးများက တစ်ငွေ့ငွေ့ထွက်နေသည်။ လူကြီးများ၏ ပြောစကားများအရ မနေ့က ထိုရေဆိုင်ရွာမှာ တရုတ်ဆိုင်ကြီးမှာလည်း အလုခံခဲ့ရကြောင်း၊ နောက် မီးရှို့ခဲ့သဖြင့် ယခုတိုင် မငြိမ်းသေးဘဲ တစ်ငွေ့ငွေ့ ထွက်နေသည်။ အိမ်မှ စိတ်ဆိုး၍ "အားမ"သွားနေခဲ့သည်မှာ ယခု အလုခံ၊ မီးရှို့ခံရသော ဆိုင်ကြီးတွင်ဖြစ်ကြောင်း၊ "အားမ" တို့မှာ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရပြီး အရီးလေးတို့ မိတ်ဆွေ မဗျော့ဆိုသူက ညတုန်းက ပြန်လာပို့၍ ညက ဆိုင်မှာပင် အိပ်ခိုင်းရကြောင်း၊ ယခုမနက် အစောကြီးတွင် ဦးလေးအထောင်နှင့်အတူ လူငှား၍ လှည်းဆိပ်သို့ ကုန်းကြောင်းခရီးဖြင့် ဖေဖေတို့ စီစဉ်ပေးလိုက်ရကြောင်း၊ လှည်းဆိပ်ကမှ ရေငန်းရွာသို့ သွားရန်ဖြစ်ကြောင်း စသည်များကို နီနီလေး နားလည်သိရှိရလေသည်။

နီနီလေးတို့ မောင်နှမတစ်စုမှာ သမ္ဗန်ဝင်းထဲ၌ ကြာရှည်စွာ ငြိမ်ပြီး ထိုင်မနေနိုင်ကြပါ။ ဦးနှင့် ပဲ့သို့ ကူးလူးဆန်ခတ်ပြုနေကြတော့သည်။ ထိုအခါ အကောက်တို့ မောင်နှမကလေးများကလည်း ကလေးပီပီ နီနီလေးတို့ကဲ့သို့ပင် ကူးလူး ဆော့ကစားလိုကြပေသည်။ သို့ရာတွင် သူတို့ထမည်ပြုတိုင်း လူကြီးတွေက ဆွဲထားကြလေသည်။

"ဟဲ ... နင်တို့ရုပ်တွေက ... တရုတ်အစစ်ကျနေကြတာ ... ကြပ်ကြပ်အပြင်ထွက်ပြီး ပြချင်ကြ ... တော်ကြာ နင်တို့ကို ဖမ်းပြီးသတ်ပစ်ကြမှာသိလား ... မကြောက်ဘူးလားဟင် ..." ဟု ပြောမရဆိုမရဖြစ်လာလျှင် အကောက်တို့ကို အရီးလေးနှင့် အဘွားတို့က ကြိမ်းမောင်းဆိုမြည်လိုက်ကြသည်။ ထိုအခါ အကောက်တို့မောင်နှမ ကလေးတွေသည် မျက်နှာကလေးတွေ မဲ့တဲ့တဲ့၊ မျက်လုံးကလေးတွေ ပြူးကြောင်ကြောင်နှင့် သနားစဖွယ် ငြိမ်ကုပ်၍ ထိုင်နေကြရရှာတော့သည်။ သို့ရာတွင် တစ်ခုတော့ ဆန်းလေသည်။ အခါတိုင်း သူတို့လိုချင်တာ လုပ်ချင်တာများကို မရရှိ၊ မလုပ်ရသောအခါများ၌ လူးလိမ့်အော်ဟစ်၍ ငိုတတ်၊ စိတ်ကောက်တတ်သော အကောက်တို့ မောင်နှမကလေးတွေသည် ယခု ရှုပ်မဲ့မဲ့ကလေးများသာပြု၍ အတော်ငြိမ်ချက်သားကောင်းနေကြလေသည်။

အကောက်တို့ကို ကြည့်၍ နီနီလေးက သနားမိကြလေသည်။ နောက်ပြီး လူတွေက ဘာဖြစ်လို့ တရုတ်၊ ကုလားလူမျိုးခြားများကို မုန်းတီးနိပ်စက် လုယူဖျက်ဆီးနေချင်

ကြပါလိမ့်ဟုလည်း တွေးနေမိသည်။ တွေးလို့တွေးပေမယ့် အကျိုးအပြစ်ပေါ်အောင်တော့ နုငယ်သေးသော နီနီလေး၏ ဦးနှောက်ကလေးက မစွမ်းဆောင်နိုင်သေးချေ။

သူတို့သည် သမ္ဗန်ပေါ်မှာပင် မနက်စာထမင်းကို ဖြစ်သလို စားလိုက်ကြသည်။ စားပြီးလျှင် နီနီလေးက လှေဦးရှိ ဖေဖေ့ဘေးနားသို့ သွားပြီး မြစ်ပြင်ကြီးကို ငေးကြည့်နေလိုက်သည်။ နေရောင်အောက်တွင် လှိုင်းကြက်ခွပ်ကလေးများက မြစ်ပြင်အနှံ့ဖွေးဖွေးလက်နေကြလေသည်။

သူတို့ သမ္ဗန်ကြီးသည် ရွေ့ကနဲ ရွေ့ကနဲဖြင့် ချောင်းဝတစ်ခုနားသို့ နီးသွားခဲ့လေသည်။ ထိုချောင်းကလေးထဲမှ လှေများသမ္ဗန်များ၊ စုပြုံ၍ လှော်ခတ်ထွက်လာကြသည်။ စပါးများအပြည့် တင်ထားသော ထိုလှေနှင့် သမ္ဗန်များမှာ နေရောင်အောက်၌ ဝါဝင်းမို့မောက်နေကြလေသည်။ သူတို့ကို လှမ်းတွေ့လျှင် ဖေဖေက နီနီလေးကို သမ္ဗန် ဝမ်းထဲသို့ ပြန်ဆင်းခိုင်းလိုက်သည်။ ကိုကြီးနှင့် ကိုညီလေးတို့ကမူ သမ္ဗန်ပဲ့ပိုင်း၌ ငုတ်တုတ် ကလေးတွေပင် ဆက်ထိုင်နေကြသည်။ နီနီလေးက သမ္ဗန်ဝမ်းထဲမှ မတ်တတ်ကလေးရပ်၍ အပြင်သို့ ဆက်ပြီး မျှော်ကြည့်နေလိုက်သည်။

"သိန်လာချောင်းထဲမှာလည်း ... လုနေပြန်ပြီထင်တယ်ဟေ့..."

ဖေဖေက တင်ပလ္လင်ချိတ်ကြီးနှင့် သူ့ပိုက်ကွန်ကြီးကို ဖြန့်ချုပ်ရင်း မေမေတို့ကို လှမ်းပြောလိုက်သည်။

ထိုအခိုက် ချောင်းထဲမှာ ထွက်လာနေသော လှေနှင့် သမ္ဗန်တို့က နီနီလေးတို့ သမ္ဗန်အနီးသို့ လှော်ခတ်လာခဲ့ကြပြီး အော် မေးလိုက်ကြလေသည်။

"ဗျို့ ... ဒီသမ္ဗန် ဘယ်သွားမလို့တုန်း"

အရီးလေးသည် ကြောက်လန့်တကြားဖြင့် သူ့သားသမီးတွေကို အနီးရှိစောင်ကြီးတစ်ထည်နှင့် ကပျာကယာ လွှမ်းခြုံ ဖုံးအုပ်ထားလိုက်တော့သည်။

မေးလာသူကို ဖေဖေကလည်း လှမ်းအော်၍ ပြန်ဖြေလိုက်ရသည်။

"ကျုပ်တို့လယ်ပြီးလို့ ... ပြန်လာကြတာဗျို့..."

"ဟုတ်လား ... ခင်ဗျားတို့သမ္ဗန်အပေါ့ကြီးပဲ ... စစ်ချောင်းဆိုင်စပါးတွေ ဝင်သယ်သွားကြပါဦးလား ..."

သူတစ်ပါးပစ္စည်းနှင့် ကြားမှလောကွတ်ပြု အဖော်ဆွယ်လိုက်သူ စေတနာရှင်ကို ဖေဖေက တက်ကြွစွာ ပြန်ဖြေလိုက်လေသည်။

"အို ... ဟုတ်လား ဒီလိုပွဲတော်မျိုးကို ကြုံကြိုက်တုန်း ဝင်သယ်ချင်လိုက်တာ

ဗျာ ... တောက် ...ဒါပေမဲ့ ... ကျုပ်တို့က လယ်ပြီးလို့ အိမ်ပြောင်းလာခဲ့တာဆိုတော့ ပစ္စည်းတွေနဲ့ နေရာပြည့်နေတာ နာတာပဲဗျို့ ... နေဦး ... နေဦး ... ပြီးတော့မှ တစ်ခေါက် ပြန်လာပြီး သယ်တော့မယ်ဗျာ ..."

"သယ်ရင်လည်း ... မြန်မြန်လာသယ်မှဗျို့ ... တော်ကြာ နောက်ကျသွားလို့ ... မရလိုက်ဘဲ ဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးပဲဗျို့ ... ရောက်တယ်ဆို ... ချက်ခြင်း ပြန်လာခဲ့မယ် ... ကျုပ်ဖို့ ချန်ထားလိုက်ဦးဗျို့နော် ..."

ဖေဖေက တကယ့်လယ်သမားကြီးဟန်မျိုးဖြင့် စပါးသယ်နေသူများကို လိုက်လိုက် လျောလျော ပြန်ပြောနေစဉ် ဦးလေးကြိုင်နှင့် ကိုအောင်တို့ကမူ သမွန်ကြီးကို အားစိုက်၍ ဆက်ခတ်နေခဲ့ရာ၊ သိန်လာချောင်းဝကို ကျော်လာခဲ့တော့သည်။ အခြားလှေများ သမွန်များ နှင့်လည်း ဝေးလာခဲ့လေတော့၏။ ထိုအခါကျမှ အရီးလေးလည်း သူ့သားသမီးတွေကို စောင်ခြုံဖွင့်ပေးဝံ့တော့သည်။

နောက်တော့ ဖေဖေသည် ပိုက်ကွန်ကြီးကို ဖာထေးရင်းမှ တောသားလယ်သမား ကြီးတစ်ဦး၏ ဟန်ပန်လေသံမျိုးဖြင့် သီချင်းတစ်ပုဒ်ကို ကောက်ဆိုလိုက်လေတော့သည်။

"ယမုန်နာ ... သီ ... တာသောင်ခြေဦး ... မှာလ ... လေး... သနားဖွယ်လူနှယ် ... ခေါ်သံထူးလို့လေး ... ကြည်နူးဖွယ်... မယ့် တစ်ကိုယ် ... ရွှေဟသ်ာမောင်နှံငှက်ကယ် တို့ ... ကြင်ဖော်မှာ ... ကြင်ဖော်ဖက်ကယ်သို့ ... တူပျော်ပျော် ... ဘယ်ခါစက်ပါရ ... လည်ယှက်ကာ ... သူတို့ ... လို ..."

ဖေဖေ၏အသံဝါကြီးသည် မြစ်နဒီထကြောသို့ လွင့်မျောနေလေတော့၏။ ဖေဖေ က သီချင်းကြီး၊ သီချင်းခန့်များကို ဆိုလေ့ရှိသည်။ ယခု "ယမုန်နာ" သီချင်းမှာ ဖေဖေ့ အကြိုက်ဆုံး ဖြစ်သည်။ သူ့ပါးစပ်ထဲတွင် ထိုသီချင်းကိုသာ အများဆုံး ဆိုညည်းနေတတ် သည်။ ဖေ့ဖေ့ဆိုဟန်နှင့်အသံမှာ နားထောင်၍လည်း ကောင်းလှတော့သည်။ နီနီလေးတို့ ညီအစ်မကိုလည်း အမြဲတမ်းချော့သိပ်ရာ၌ ထိုသီချင်းကိုပင် အဆိုများတတ်ခဲ့ရာ နီနီလေး အဖို့ နားရည်ဝကာ သူပါ သံယောင်ရော၍ လိုက်ဆိုတတ်နေလေတော့၏။

"မ ... ဖိုခေါ်သံ ... လူ့နှယ် ... သူ့ဟန် ... ဖော်ကွာသူ ... ဆွေးစေဖို့ဖန် ... သတဲ့ ... သဲငွေလျှံ ... ဝဲတဲ့ဝဲကာပျံ ... အို ... ငါးကြင်းတွေဆန် ငါးကန်တွေ ... သောင်ရေစီးမှာလ ... ကိုတင်ငါ ... လှေယဉ်စီးပါလို့ ... ပိုက်ကြီးကို ... ရေ ... ချ ... လာ"

နီနီလေးက အိပ်ချင်လာသဖြင့် မေမေတို့အနားသို့ သွားလှဲပြီး ဖေဖေ့သီချင်းသံကို ဆက်နားထောင်နေလိုက်သည်။ ဖေဖေ၏ သီချင်းသံကို ဦးလေးကြိုင်နှင့် ကိုအောင်တို့၏ တကျွိကျွိ ခတ်တက်သံက စည်းလိုက်ပေးသလိုရှိနေတော့သည်။ ဖေဖေ့သီချင်းသံနှင့် အတူ ရေပေါ်တွင် တအိအိပြေးနေသော သမ္ဗန်ကြီးက ပခက်ပမာ နီနီလေးကို လှုပ်သိပ် လျက်ရှိနေရာ သူသည်ခဏအတွင်းမှာ မျက်စိမှေး၍ အိပ်ပျော်သွားခဲ့လေတော့၏။

သို့ရာတွင် နီနီလေးမှာ အိပ်ရေးဝအောင် မအိပ်ရပါ။ သူအိပ်ပျော်ရုံရှိသေးသည်။ တစ်ကိုယ်လုံးစိုးစိုးစစ်စစ်ဖြစ်လာပြီး လန့်နိုးလေတော့၏။ မြစ်ပြင်တစ်လျှောက်မှာ လေ တဟူးဟူး တိုက်နေသော်လည်း ပေါင်းမိုးကြီးအောက်ရှိ သမ္ဗန်ဝမ်းထဲ၌ကား လေလှောင် နေသလိုထင်ရသည်။ နေကလည်း အပူရှိန်ပြင်းလာလေရာ နီနီလေးတို့မှာ အိုက်လာသည်။ ထိုသို့ပူလောင်အိုက်စပ်ပြီး ချွေးထွက်လာသောအခါ တစ်ကိုယ်လုံး စိုးစိုးစစ်စစ်နှင့် ယားယံလာတော့သည် ယား၍ ကုတ်သောအခါ၌ကား အခံရခက်အောင် စပ်ဖျဉ်းဖြစ်လာ ပြန်တော့၏။

"ယားတယ် မေမေ ... အိုက်လည်း အိုက်တယ် ... ရေချိုးချင်တယ်" ဟု နီနီလေး တို့ ကလေးတစ်သိုက်သည် တစ်ကိုယ်လုံး ကုတ်ဖွဲ့ ပွတ်သပ်ရင်း ရေချိုးချင်ကြောင်း ပူဆာလိုက်ကြတော့သည်။

"ကဲ ... ကလေးတွေတော့ စပါးမှုန်တွေကပ်ပြီး ... ယားကုန်ကြပြီ ..."

မေမေက ဖေဖေ့ကို လှမ်းပြောလိုက်သည်။ သည်တော့ ဖေဖေကလည်း ပြန်ပြော လိုက်သည်။

"အေး ... ဘယ့်နှယ်လုပ်မလဲကွာ ... ကိုယ်က သမ္ဗန်အကြီးလိုချင်တော့ ... သူများစပါးတွေထင်ထားတာကို အသေးနဲ့ လဲထားပေးပြီး ရေဆေးပစ်ချိန်မှ မရခဲ့ဘဲ ကိုးကွာ"

ရေပေါ်မှာသွားနေရပြီး မေမေတို့က နီနီလေးတို့ကို ရေချိုးမပေးကြပါ။ ပါးစပ်မှ သာ အေး ... အေး ... ချိုးပေးမယ်" ဟု နှစ်သိမ့်ပြီး သူတို့အယားသက်သာစေရန် ကူပြီး ပွတ်သပ်၊ ယပ်ခတ်ပေးနေကြလေသည်။ သို့ရာတွင် နီနီလေးတို့မှာ မသက်သာ၊ ယားအိုက် စပ်ဖျဉ်းခြင်းများကို တစ်ပြိုင်တည်း စုပြုံခံစားနေကြရလေသည်။ အသားဖြူသော အကောက်တို့ မောင်နှမတွေမှာ ကုတ်ဖွဲ့ထားသဖြင့် တစ်ကိုယ်လုံး ထွတ်ထွတ်နီနေကြလေ တော့၏။

"သမီးကြီး ... ဖေဖေ့ဆီလာနေ ... ဒီကလေတိုက်တော့ ... ချွေးမထွက်ရင်

အယားသက်သာလိမ့်မယ် ..."

ဖေဖေခေါ်သဖြင့် နီနီလေးလည်း လှမ်းတက်သွားလိုက်သည်။ နေမပူစေရန် ဖေဖေက ဖဲထီးကြီးကို ဖွင့်၍ ဆောင်းပေးထားသည်။ ဟုတ်ပေသည်။ ဖေဖေ့နေရာမှာ လေတဖြူးဖြူးကြောင့် ချွေးမထွက်၊ သည်တော့ အသားယားသက်သာသွားသယောင် ရှိလေသည်။

သူတို့သမ္ဗန်သည် မြစ်ထဲမှ ချောင်းကလေးတစ်ချောင်းထဲသို့ ဝင်လိုက်ပြီး ရွာမရှိသည့် ကမ်းဘက်နီးနီးမှကပ်၍ ခပ်ဖြည်းဖြည်းချင်း ခတ်သွားလိုက်သည်။

"ဒီရွာမှာ ခဏကပ်ပြီး ... ကလေးတွေကို ရေချိုးပေးရရင် ကောင်းမလား ..."

မေမေက လှမ်းပြောလိုက်လျှင်၊ ဖေဖေက ရွာသီသို့ လှမ်းပြီး အကဲခတ်သလို မျှော်ကြည့်နေလိုက်သည်။ ထိုအခါ ဦးလေးကြိုင်နှင့် ကိုအောင်တို့ကလည်း ခတ်တက်ကို လက်မှ လွှတ်လိုက်ပြီး သမ္ဗန်အရှိန်ကို လျှော့ထားလိုက်တော့သည်။ ကိုအောင်က ကိုကြီးနှင့် ကိုညီတို့ အနားထိုင်ချပြီး လက်ဖက်ရည်ကြမ်းကို ငုံ့သောက်နေလိုက်သည်။

နီနီလေးသည် မေမေ၏အပြောကြောင့် ရေချိုးရတော့မည်ဟု ဝမ်းသာအားရဖြင့် ရွာဆီသို့ လှမ်းမျှော်၍ ကြည့်နေလိုက်တော့သည်။

ထိုအခိုက်မှာပင် စောစောတုန်းက တိတ်ဆိတ်ငြိမ်သက်နေဟန်ရှိသော ထိုရွာကလေးသည် ရုတ်ခြည်း လှုပ်လှုပ်ရွရွဖြစ်သွားတော့၏။ ရွာထဲ၌ လူများ အလန့်တကြားဟန်ဖြင့် ဟိုမှ သည်မှ ပြေးလွှားသွားနေကြသည်။ သူတို့လက်ထဲတွင် အထုပ်အပိုးပစ္စည်းကလေးများကိုလည်း အူယားဖားယား ဆွဲပြေးသူများက ဆွဲပြေးနေကြလေသည်။ မိန်းမကြီးတစ်ဦးကမူ ဖိုသီဖတ်သီ ဆံပင်ဖားလျားဖြင့် ကမ်းနားစပ်သို့ ပြေးထွက်လာခဲ့သည်။ ပြီးလျှင် သူသည် ရေစပ်နုံးမြေထဲသို့ ဆင်းလျှောက်ခဲ့ပြီး သူ့လက်ထဲမှ အိုးကလေးတစ်လုံး ကို နုံးမြေပျော့ပျော့တွင် အတင်းထိုးမြှုပ်လိုက်တော့သည်။ ထိုနောက် မိန်းမကြီးသည် ရွာထဲတွင် ပြန်တက်ပြေးသွားလေတော့၏။

" ဟ ... ဒီရွာကိုလည်း ... ဓားပြတွေ ဝင်စီးနေတယ်နဲ့ တူတယ် ..."

ဖေဖေက ပြောလိုက်လျှင် မေမေလည်း ကြောက်လန့်တကြားဖြင့် ဦးလေးကြိုင်တို့ကို လောဆော်လိုက်လေတော့သည်။

"ဟုတ်လား ... အမလေး ... ဒါဖြင့် ဒီရွာကပ်လို့မဖြစ်ဘူး ... ဟဲ့ ... မောင်ကြိုင်နဲ့ မောင်အောင် သမ္ဗန်ကို မြန်မြန် ခတ်ကြစမ်း ..."

" ကဲ ... ရေကျနဲ့တိုးနေပြီ ... ဟော့ မောင်အောင် ထိုးဝါးလုပ်ပါဦးကွ ..."

ဦးလေးကြိုင်က ပြောလိုက်လျှင် ကိုအောင်လည်း လှေဦးမှ ထိုးဝါးကြီးဖြင့် ထထိုး၍ သမ္ဗန်ကို ရေနက်ရာသို့ရောက်အောင် ကြိုးစားလိုက်သည်။ သို့ရာတွင် သမ္ဗန်မှာ ရွေ့သည်ဆိုရုံသာ ရွေ့နေသည်။

ရွာကို ဓားပြတွေ စီးနေသည်ဟုဆိုသည်နှင့်ပင် သွေးလန့်လာခဲ့သော အရီးလေးမှာ နေစရာမရှိအောင် ဖြစ်နေတော့သည်။ ထိုအခါ မေမေကလည်း မြန်မြန်လုပ်ရန် ဦးလေးကြိုင်နှင့် ကိုအောင်တို့ကို လောဆော်လိုက်ပြန်သည်။

"ဟဲ့ ... မြန်မြန်လုပ်ကြစမ်းပါ"

"ဝုန်း"

"ဟဲ့ ... အမလေး"

မေမေ အပြောကြောင့် အလောတကြီး ကြိုးစားလိုက်သော ကိုအောင်တစ်ယောက် 'ဝုန်း'ဆို ရေထဲလိမ့်ကျသွားလေတော့သည်။ ရုတ်တရက်မို့ မေမေနှင့် အရီးလေးတို့က လန့်၍ပင် အော်လိုက်မိကြသည်။

" ဟား ... ဟား ... ဟား "

ကိုကြီး၊ကိုညီနှင့် နီနီလေးတို့ ကလေးတစ်သိုက်ကမူ ထိုးဝါးကြီးနှင့်အတူ ရေထဲသို့ ကိုးရိုးကားရားပစ်ကျသွားသော ကိုအောင်ကိုကြည့်၍ ရယ်လိုက်မိကြသည်။ ထိုအခါ မေမေက စိတ်တိုကာ သူတို့ကို လှမ်းကြိမ်းလိုက်သည်။

"ဟဲ့ ... ဒီကလေးတွေ တိတ်တိတ်နေကြစမ်း"

တစ်ကိုယ်လုံး ရေများရွှဲရွှဲစိုနေသော ကိုအောင်ကို ဖေဖေက သမ္ဗန်ဦးမှ ကူ၍ဆွဲတင်ပေးလိုက်ရသည်။ ကိုအောင်သည် ရေစိုကြီးနှင့်ပင် ဆက်၍ ထိုးဝါးကို ထိုးနေရပြန်သည်။ ထိုနောက် ရေလယ်ရောက်မှပင် သမ္ဗန်မှာ ခတ်၍ အရှိန်ရလေတော့၏။ ရုတ်ရုတ်ရက်ရက်ဖြစ်နေသော စောစောက ရွာကလေးလည်း နောက်ဆီတွင် ဝေးကျန်ခဲ့လေပြီ။ သည်တော့မှ ကိုအောင်လည်း သူ့ကိုယ်ပေါ်မှ ရေစိုဝတ်များကို ချွတ်လဲရရှာတော့၏။

သူတို့ သမ္ဗန်ကြီးသည် ရေကျလျှင် ခဏရပ်စောင့် ရေတက်လျှင် ဆက်လှော်နှင့် တရွေ့ရွေ့ တအိအိ ခရီးဆက်ခဲ့ကြသည်မှာ ကောင်းကင်ပေါ်မှ နေဝင်းကြီးပင် အနောက်ဆီသို့ခပ်စောင်းစောင်း ဖြစ်သွားခဲ့ပေပြီ။ ရွာမရှိသော ချောင်းကမ်းတစ်ဖက်တစ်ချက်တွင်တော့ သစ်တောနှင့် လယ်ကွင်း လယ်ကွက်များက အေးဆေးငြိမ်သက်နေကြလေသည်။

ရေစီးနှင့် အစုန်အဆန် မျောပါနေကြရသော ဗေဒါဒိုက်ကလေးများကလည်း သူတို့၏ အပွင့်ပြာပြာ ထောင်ထောင်ကလေးများကို ရွက်တိုက်၍ နီနီလေးတို့၏ သမ္ဗန်နှင့်

အပြိုင်ခရီးလွှင့်နေကြသည်။

ရေပေါ်၌ ပေါလောမျောလာကြသော လမုသီးများကို တွေ့လျှင် ဖေဖေက နီနီလေးတို့ ကစားဖို့ ဆယ်ပေးတတ်လေသည်။

တစ်နေ့သာကုန်လုပြီ နီနီလေးတို့မှာ ရေမချိုးကြရသေး။ တစ်ကိုယ်လုံးမှာလည်း ရစရာမရှိအောင် နီရဲစပ်ဖျဉ်းနေတော့သည်။ နီနီလေးက မျက်ရည်မရွဲ အငိုမလွယ်တတ်သူမို့ ညည်းရုံသာ ညည်းမိသည်။ ညီမငယ် စီစီလေးနှင့် အကောက်၊ အကူးနှင့် အတူးတို့မှာ တအီအီ တဟင့်ဟင့် ငိုကြ ပူကြလေတော့၏။ လူကြီးတွေမှာလည်း သက်သာအောင် ပြုလုပ် ချော့မော့ နှစ်သိမ့်ရုံအပြင် ဘာမျှ မတတ်နိုင်ကြပေ။ သူတို့အဖို့ ငရဲခံနေရသည်နှင့် ပင် တူနေကြတော့သည်။ လူရောစိတ်ပါ သက်သာစရာ တစ်ချက်မျှမရှိ။

သူတို့သမ္ဗန်ကြီးသည် ရေမမှီသဖြင့် "ဒဂုံး" ချောင်းဝတွင် ခဏရပ်စောင့်နေကြရသေးသည်။ နောက် ရေတက်လာမှ ဆက်၍ ထွက်ခဲ့ကြရပြန်သည်။ အတော်ကလေးသွားမိလျှင် ဒဂုံးရွာသို့ရောက်လေသည်။ ဒဂုံးရွာမှာ ကုန်းဘက်သို့ ဆွဲတည်ထားသည်။ ထိုအခါ သူတို့သမ္ဗန်က ရွာတစ်ဖက်ခြမ်းကို ထိပ်တိုက်ဖြတ်သွားရလေသည်။ ရွာအစွန်ထိပ်ကမ်းနားစပ်နားတွင် သွပ်မိုးအိမ်ကြီးတစ်ဆောင်ကို လှမ်းတွေ့ရသည်။ အိမ်မှာ ရေစပ်ချောင်းထဲသို့ သစ်သားတံတားရှည်မျောမျောကြီးကို တစ်ဆက်တည်း တန်းထိုးထားသည်။ ထိုတံတားထိပ်တွင် လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်တို့ ရပ်နေကြသည်။ သူတို့သည် အဝေးထဲက နီနီလေးတို့ သမ္ဗန်ကို စူးစိုက်ကြည့်နေကြပုံရှိလေသည်။ သူတို့နှင့် အတော်ကလေး နီးသွားလျှင် သမ္ဗန်ဦးမှ ဖေဖေ လှမ်းအော် နှုတ်ဆက်လိုက်သည်။

"ဗျို့ ... ကိုဘချို"

ဖေဖေက နှုတ်ဆက်လိုက်လျှင် နီနီလေးက ဦးဘချိုကို ချက်ခြင်းမှတ်မိလိုက်သည်။ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် ပါးကြီးတစ်ဖက် ဖောင်းအောင် ကွမ်းဖတ်ကြီး အမြဲ ငုံထားလေ့ရှိသော ဦးဘချိုသည် မြို့သို့ခဏခဏ လာတတ်သည်။ လာတိုင်းလည်း နီနီလေးတို့ အိမ်မှာ အမြဲတည်းလေ့ရှိသည်။ ဦးဘချိုနှင့် ဖေဖေ၊မေမေတို့မှာ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေများ ဖြစ်ကြလေသည်။

"ဟာ ... ဆရာကြီးတို့ပါလား ... လာကြ ... လာကြ"

ဖေဖေ့အသံကို ကျက်မိသွားသော ဦးဘချိုက ဝမ်းသာအားရ ကြိုဆို ဖိတ်ခေါ်လိုက်ပါသည်။ သို့ရာတွင် နီနီလေးတို့ သမ္ဗန်က သူတို့ဆီသို့ ဦးမလှည့် ကျော်ခတ်လာသည်။ ဖေဖေကလည်း လှမ်းပြောလိုက်သည်။

"မလာတော့ဘူးဗျို့ ... ကိုဘချို ... ကျွန်တော်တို့ ရေခန်းကို သွားမလို့"

"ဟာ ... မဟုတ်တာဘဲ ဆရာကြီးကလည်း ခဏတော့ဝင်ပါဦး၊ ပြီးတော့ ဆက်သွားပေါ့ ... လာပါ ... ဝင်ပါ"

"ဟုတ်တယ် ... ဝင်ပါဦး ... ဆရာကြီးရဲ့"

ဦးဘချို မိန်းမ ဒေါ်မြကပါ ကူခေါ်နေသည်။

"ကျွန်တော်တို့ ... မိုးချုပ်နေမှာစိုးလို့ပါ ... ကိုဘချို"

"အို ... မိုးချုပ်တော့လည်း ... ဒီမှာပဲအိပ်ကြပေါ့ ... ဆရာကြီးရဲ့"

ဦးဘချိုနှင့် ဒေါ်မြတို့ကို ကြည့်ရသည်မှာ ချောင်းရေပြင်က ခြားနေလို့ပင်၊ နို့မဟုတ်ပါက နီနီလေး သူ၏သမ္ဗန်ကို အတင်းပင် လိုက်ဆွဲထားကြမည့်ပုံပေါ်နေသည်။ ထိုကြောင့် ဖေဖေလည်း သမ္ဗန်ကို ပြန်လှည့်၍ သူတို့တံတားဆိပ်ကို အကပ်ခိုင်းလိုက်ရတော့သည်။

သမ္ဗန်ဆိုက်လျှင် ဦးဘချိုနှင့် ဒေါ်မြတို့ သမ္ဗန်ပေါ်တက်လာပြီး သူတို့အားလုံးကို အတင်းပင်ဆင်းခိုင်းနေကြပြန်သည်။

"သမ္ဗန်ဦးက ... တဘက်ခေါင်းပေါင်းနဲ့ဟာ ဆရာကြီးနဲ့တူပါတယ်လို့ကြည့်နေတာ ... ဆရာကြီးက နှုတ်ဆက်လိုက်တော့မှ သေချာသွားတာ"

"လာ ... အိမ်ပေါ်မှာ ထိုင်ကြဦး ... မချောစင်တို့ကလည်း ဖြည်းဖြည်းပေါ့။

ဦးဘချိုနှင့် ဒေါ်မြတို့က ဝမ်းသာအားရ စကားများကို ဆီးဆိုခေါ်ဖိတ်၍ နေရာထိုင်ခင်းများ ပေးကြလေသည်။

"မနေ့က ... ကျော့ခင်တို့ဆိုင် အလုခံရတယ်ဆိုတာ ကြားလို့ ... စိတ်မကောင်းလိုက်တာ ... ဒါပေမဲ့ ... ဘာမှမပူနဲ့ ကျော့ခင်ရေ ... အခု ... အုပ်ချုပ်ရေးတွေလာနေကြပြီတဲ့ဟဲ့ ... တော်ကြာ ... ညည်းတို့ပစ္စည်းတွေ အကုန်ပြန်ရတော့မှာပါအေ ... စိတ်ကို အေးအေးထား"

ဒေါ်မြက အားတက်သရောဖြင့် အရီးလေးကိုလည်း အားပေးနှစ်သိမ့်လိုက်လေသည်။

သူတို့သည် ခင်မင်ကျွမ်းဝင်သော မိတ်ဆွေရင်းချာများပီပီ၊ ပြောစရာ စကားတွေမှာ တစ်လှေကြီးရှိနေကြသည်။ သို့ရာတွင် စိတ်ပြေနပြေ ပြောမနေအားကြသေးဘဲ တစ်နေ့လုံး စပါးမှုန်များနှင့် တစ်လိမ်းထိုးပြီး ယားယံကုတ်ဖဲ့လာကြရသော ကလေးများကို ရေချိုးသန့်စင်ပေးရသည်။ ပြီး လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်လာခဲ့ကြသော လူကြီးများမှာလည်း ချောင်းရေပြည့် ကြည်ကြည်အေးမှာ စိမ်ချိုးခြင်းဖြင့် လန်းဆန်းမှုအားအင်ကို

ပြန်လည်ဖြည့်တင်းလိုက်ကြရလေတော့၏။

အချိန်မှာကား ... တောတန်းသို့ နေကွယ်သွားခဲ့ပေပြီ။

အိမ်ရှင်ဒေါ်မြက လူကြီးတွေအတွက် ထမင်းတစ်အိုး အသစ်ထပ်ချက်နေစဉ် နီနီလေးတို့က ကလေးတစ်သိုက်ကို ညနေစာ ထမင်းအရင်ကျွေးနှင့်သည်။ လူကြီးများမှာမူ တွေ့ကြုံခဲ့ရပုံအဖြစ်စုံကို ဇာတ်ကြောင်း ပြန်နေကြရသဖြင့် ထမင်းကိုပင် မေ့နေကြလေသလားမသိ။

"ဟော ... ဟိုမှာ ... လှေသုံးစင်း ... အလံကြီးတွေထူလို့"

အိမ်ရှေ့တွင်ဝိုင်း၍ စကားလက်ဆုံကျနေခဲ့ကြရာမှ တစ်ယောက်က ထပြောလိုက်သည်။ ထိုအခါ အားလုံးက အိမ်မျက်နှာခွဲရှိနေသော ချောင်းရိုးဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်မိကြသည်။ ထိုအခါ ချောင်းရိုးတစ်ဖက်ဆီမှ လှေသုံးစင်းသည် အလံကြီးများကို လွှင့်ထူရင်း အိမ်တံတားဆိပ်သို့ ဦးတည်လာနေကြသည်ကိုတွေ့ရ၏။ လှေများပေါ်တွင် ယောကျ်ားများချည့်ဖြစ်လျက် သေနတ်ကြီးများကို ကိုင်ဆောင်ထားကြလေသည်။

ဤတွင် ဝိုင်းထိုင်နေကြသည့်အထဲမှ အရီးလေးသည် ရုတ်တရက် ကလေးငယ်ကို ချီ၍ အိမ်နောက်ဘက်သို့ ပြေးသွားလေသည်။ ထိုအခါ အဘွားနှင့် မေမေတို့လည်း နီနီလေးတို့ ကလေးများကို စုခေါ်ပြီး အရီးလေး နောက်သို့ ပြေးလိုက်ခဲ့ကြလေတော့၏။ မေမေသည် သမီးငယ် စီစီလေးကတစ်ဖက်၊ လုံချည်အဟောင်းတစ်ထည်နှင့် ပတ်ထားသော အထုပ်ကြီးတစ်ထုပ်ကလေး တစ်ပွေ့နှင့် တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေလေသည်။

အိမ်နောက်ဘက်တွင်ကား လယ်ကွင်းများသာ ရှိလေသည်။ အချို့ လယ်ကွက်များမှာ မီးရှို့ထားသဖြင့် မည်းနေကြသည်။ ပုန်းကွယ်စရာ ဘာမျှမရှိသည့် လယ်ကွင်းပြောင်ပြောင်ကြီးများကိုသာ တွေ့ရသောအခါ အရီးလေးနှင့် မေမေတို့မှာ ဘယ်ပြေးရမှန်းမသိအောင် မြေကြီးတွင် ဆင်းပြီး ရပ်နေမိကြတော့သည်။ အရီးလေးမှာ လန့်ဖျပ်ပြီးတုန်ရင်လှုပ်ရှားနေရှာသည်။

အိမ်နှင့်မလှမ်းမကမ်းတွင် အိမ်ကြီးလောက်နီးနီးရှိသည့် စပါးကျီကြီးနှင့် တစ်ဖက်တွင် ကောက်ရိုးပုံမြင့်မြင့်ကြီးတစ်ခုရှိလေသည်။ အရီးလေးက စကားကျီကြီးအကွယ်သို့ ပြေးကပ်သွားလိုက်လျှင် နီနီလေးတို့အားလုံးကလည်း နောက်မှ ပြေးလိုက်သွားကြရပြန်သည်။ နီနီလေးသည် သူတို့နောက်မှ ဓားပြများလိုက်လာတော့မည်အထင်ဖြင့် ရင်ထဲ၌ အထူးကြောက်ရွံ့ တုန်လှုပ်နေမိသည်။

ထိုစဉ် သူတို့နောက်သို့ အိမ်ရှင် ဒေါ်မြပြေးလိုက်လာသည်။

"မချောစင်တို့ ... ကျော့ခင်တို့ ... ဘယ်ပြေးကြမလို့လဲ ... ဘာမှ မဟုတ်ဘူး။ ဘီအိုင်အေ ရဲဘော်တွေ ဖြတ်သွားကြတာပါ ... လာ ... အရီးဉ ... အိမ်ပေါ်ပြန်တက်"

ဒေါ်မြက အကျိုးအကြောင်း ပြောပြပြီး အဘွားကို အိမ်သို့ ပြန်တွဲခေါ်သွားတော့သည်။ ထိုအခါကျမှ မေမေနှင့် အရီးလေးတို့မှာလည်း သက်ပြင်းကို "ဟင်း"ကနဲ ချလိုက်နိုင်ကြတော့သည်။

နီနီလေးတို့သည် အိမ်နောက်ဘက်မှ အိမ်ရှေ့သို့ပြေးထွက်၍ကြည့်လိုက်ကြသည်။

အချိန်ကား နေလုံးကွယ်ပျောက်၍ ညာနေဆည်းဆာ တိမ်တောက်ချိန်ဖြစ်သည်။ ဝါရွှေရွှေ၊ နီပြေပြေ တိမ်ရောင်ဟပ်နေသော ချောင်းရေပြည့်ပြည့်တွင် သုံးရောင်ခြယ် ဒေါင်းလံကြီးများကို ဝင့်ဝင့်ကြွားကြွား လွှင့်ထူထားသော ဘီအိုင်အေ ရဲဘော်များ၏ လှေသုံးစင်းသည် တရွေ့ရွေ့နှင့် ဝေး၍ ဝေး၍ သွားလေတော့၏။

လူကြီးများ ထမင်းစားပြီးကြချိန်မှာပင် နီနီလေးတို့နှင့် အမျိုးတော်သော ဦးမြထွေး ကြီးရောက်လာလေသည်။ ဖြတ်လမ်းမှ "ရေငန်"ရွာသို့ ကြိုရောက်သွားနှင့်သော ကြီးတော်က အရီးလေးကို အခေါ်လွှတ်လိုက်၍ဟု ဆိုသည်။ ထိုသို့ အခေါ်လွှတ်ရခြင်းမှာလည်း မနက်ဖြန်ရွာသို့ ဦးလေးအထောင်တို့သားအမိနှစ်ယောက် ရောက်လာသောအခါ တရုတ်တွေဟု ရွာမှ ဘာဘာညာညာ ပြောလိုသူများနှင့် ပြဿနာမပေါ်စေရန် အရီးလေးက လာပြီး ကြိုတင်စောင့်နေဖို့ဖြစ်ကြောင်း ပြောပြလေသည်။ ထိုအခါ ဖေဖေတို့က ဦးမြထွေး အား အရီးလေးတို့ သားအမိကို မိုးမချုပ်မီ ရွာသို့အရောက် စောင့်ရှောက်ခေါ်သွားရန် ပြောဆိုမှာကြား၍ ထည့်လိုက်ရသည်။ အရီးလေးတို့နှင့် အတူအဘွားလည်း လိုက်ပါသွားခဲ့ လေသည်။

"ကဲ ... ဆရာကြီးနဲ့ မချောစင်တို့ ... ဘာမှမပူကြနဲ့ ... ကျွန်တော်တို့မှာ စပါး တွေစိန့်အပြည့်ရှိတယ် ... ဘာကြီးဖြစ်နေနေ ... ထမင်းတော့ မငတ်နိုင်ပါဘူး ... ဒါကြောင့် ခေတ်မကောင်းမချင်း ... ကျွန်တော်နဲ့ပဲ အတူနေပါ ... မရှိအတူ ... ရှိအတူပေါ့ .. ဘာမှ အားနာစရာလည်း မလိုဘူး ... ဟုတ်လား"

သူတို့အိမ်၌ သောင်တင်ကျန်ခဲ့ကြသော ဖေဖေနှင့်မေမေတို့ကို ဦးဘချိုနှင့် ဒေါ်မြ တို့က အားပေးနှစ်သိမ့်ရင်း သူတို့နှင့်ပင် အတူနေရန် ဖိတ်ခေါ်နေကြပါတော့သည်။

❒

# ရေငန်းရွာသို့

နောက်တစ်နေ့မနက်တွင် ဦးမြသွေး လှေတစ်စင်းနှင့်ရောက်လာပြန်သည်။ နီနီလေးတို့ မိသားတစ်စုလုံးကို ခေါ်ရန်ဖြစ်လေသည်။ အခေါ်လွှတ်သူမှာ ရေငန်းရွာမှ ဦးစံနန်းနှင့် ဒေါ်ညွန့်ဟု ဆိုသည်။ သူတို့ကို လူအနေနှင့်တော့ နီနီလေး မသိ။ မြင်ဖူးတွေ့ဖူးပါလျက် မမှတ်မိ၍လည်း ဖြစ်နိုင်ကောင်းသည်။ သို့ရာတွင် ဖေဖေ၊ မေမေတို့၏ ပြောပြချက်များအရ ဦးစံနန်းနှင့် ဒေါ်ညွန့်တို့၏ နာမည်များကို နီနီလေးသိနေခဲ့လေသည်။

ရေငန်းရွာသို့ အလယ်တန်း ကျောင်းဆရာကြီးအဖြစ်နှင့် သွားရောက်လုပ်ကိုင်ခဲ့စဉ်ကတည်းက ဖေဖေနှင့် ဦးစံနန်း၊ ဒေါ်ညွန့်တို့ မိသားစုမှာ အရင်းအချာ သားချင်းများပမာ အထူးပင် ခင်မင်ရင်းနှီးခဲ့ကြသည်။ တစ်ကိုယ်တည်းသမား ဖေဖေက သူတို့အိမ်မှာပင် ထမင်းလခပေးစားခဲ့သည်။ ထမင်းလခဆိုရာ၌လည်း လခမယူလျှင် ဖေဖေက မစားဟု ဆို၍သာ ဒေါ်ညွန့်တို့က ယူခဲ့ခြင်းဖြစ်ကြောင်း ဖေဖေက စကားစပ်မိတိုင်း ပြောပြတတ်လေသည်။ နောက် ဖေဖေက မေမေနှင့် အိမ်ထောင်ကျပြီး မြို့သို့ရွှေ့ခဲ့သဖြင့် သူတို့နှင့် ခွဲခဲ့ရလေတော့သည်။

ယခု ဖေဖေတို့ "ဒဂုံး" ၌ ရှိနေသည်ဟု ကြားလျှင် ကြားချင်း ဦးမြထွေးကို အရခေါ်ခဲ့ရမည်ဟု လွှတ်လိုက်ခြင်းဖြစ်လေသည်။

ဦးဘချို့တို့ကလည်း ဖေဖေတို့ကို မသွားစေချင်ပေ။ သူတို့နှင့်သာ နေစေချင်ကြ

သည်။ ထိုအခါ ဖေဖေက နေရာရွေး၍ ဆုံးဖြတ်ချက် ပေးလိုက်ရတော့၏။

"ကဲ ... ကိုဘချို ... ခင်ဗျားတို့ရဲ့ ခင်မင်မှုနဲ့ စေတနာကို ကျွန်တော် တကယ်ပဲ ကျေးဇူးတင် ဝမ်းသာမိပါတယ်ဗျာ ... ဒါပေမဲ့ ... ဒေါ်ညွန့်ကတော့ ကျွန်တော့် အမေလို ... အစ်မကြီးလို ဖြစ်နေခဲ့တာမို့ ... လိုက်တော့ သွားဦးမှဖြစ်မယ် ... နို့မို့ သူတို့စိတ်ကောင်းကြမှာ မဟုတ်ဘူး။ နောက်မှ ခင်ဗျားတို့ဆီလည်း ... တစ်လှည့်ပြန်လာနေဦးမှာပေါ့ဗျာ ... ကျေနပ်ပါ ... ဟုတ်လား"

ဖေဖေက ဦးဘချိုတို့ကို အကျိုးအကြောင်းနှင့် ကျေနပ်အောင် တောင်းပန်နှစ်သိမ့်ပြီး လာရင်း သမ္ဗန်ကြီးနှင့်ပင် ဦးစံနန်းနှင့် ဒေါ်ညွန့်တို့ အိမ်ရှိရာ "ရေခန်းရွာ" သို့ နီနီလေးတို့ ခရီးဆက်ခဲ့ကြရပြန်တော့၏။

"ဒဂုံး" ချောင်းဆုံးလျှင် အိမ်တစ်လုံးရွာသို့ ထိပ်တိုက်ရောက်သည်။ ဘယ်ဘက်သို့ ကွေ့ချိုးလိုက်သောအခါ ရေခန်းချောင်းထဲသို့ ရောက်သွားလေတော့၏။ ရေခန်းချောင်းမှာ သိပ်ပြီးမကျယ်လှ၊ ဝါးတစ်ပြန်သာသာလောက်သာ ရှိသည်။

ချောင်းထဲသို့ ဝင်လာသည်နှင့် ကမ်းတစ်ဖက်တစ်ချက်၌ ထူထဲစိမ်းစိုသော ဓနိတောများကို တွေ့ရလေသည်။ အတော်ကလေး ဝင်လာခဲ့ပြီးသောအခါ ချောင်းကမ်းဘယ်ဘက်မှ ရွာဦးဘုန်းကြီးကျောင်းကြီးကို အဦးဆုံး လှမ်းမြင်လိုက်ကြရသည်။ ဘုန်းကြီးကျောင်းမှ အစပြုပြီး ရေခန်းရွာကြီးမှာ ချောင်းကမ်းပါးအတိုင်း မြှောင်၍ အိမ်များကို တန်းဆောက်ထားကြလေသည်။ ချောင်းကမ်းစပ်မှ အိမ်များမှာ ချောင်းကို ကျောပေးဆောက်ထားကြလေသည်။ ညာဘက်ကမ်းပါးတစ်လျှောက်တွင်မူ ဓနိတောများကိုသာ တွေ့ရသည်။ ရွာလယ်တွင် ကျောက်တံတားဖြူဖြူကြီးတစ်ခုကို တွေ့ရသည်။ ကျောက်တံတားကြီးကို လွန်၍ အိမ်လေးငါးခြောက်လုံးမျှကို ကျော်လာခဲ့လျှင်ပင် နီနီလေးတို့၏ သမ္ဗန်သည် ရေထဲသို့ မီးဖိုတစ်ဝက်ခန့်ရောက်နေသော ပျဉ်ထောင်နှစ်ထပ်အိမ်မြင့်မြင့်ကြီးတစ်လုံးနောက်ရှိ တံတားကလေးသို့ ဆိုက်ကပ်လိုက်တော့သည်။

အိမ်ရှိလူများက တံတားသို့ စုပြုဆင်းလာပြီး နီနီလေးတို့ကို ဆီးကြိုကြလေသည်။ သူတို့သည် ဖေဖေနှင့်မေမေတို့ကို ဝိုင်းဝန်းနှုတ်ဆက်ပြောဆိုကြပြီး နီနီလေးတို့ညီအစ်မနှစ်ယောက်ကိုလည်း ပွေ့ချီ၍ အိမ်ပေါ်သို့ ခေါ်သွားကြလေသည်။

အဘွား၊ ကြီးတော်၊ အရီးလေးနှင့် တရုတ်အဘွားကြီး 'အားမ'တို့လည်း ရောက်လာခဲ့ကြလေသည်။

ဦးလေးကြိုင်တို့က သမ္ဗန်ကိုတံတားမှခွာပြီး အိမ်နောက်ဘက် မီးဖိုရေစင်နားသို့

ရွှေ့ကပ်လိုက်သည်။ ပြီးလျှင် သမ္ဗန်ထဲမှ ပစ္စည်းများကို တစ်ယောက်က မပေး၍ တစ်ယောက်က အိမ်ပေါ်မှ ဆီးယူပြီး သယ်တင်လိုက်ကြလေတော့၏။

ပစ္စည်းများ သယ်တင်ရာသို့ ဘောင်းဘီကြီး တကားကားနှင့် "အားမ" ရောက်လာပြီးလျှင် ...

" ဒါ ... ဝ ဥစ္စာ ... ဒါ ... ဝပစ္စည်း" ... ဟု ဗမာစကားမတတ်တတ် မပီတပီဖြင့် ပြောရင်း သူ့သားဆိုင်ပေါ်မှာ ဈေးပြတွေ မသယ်နိုင်သဖြင့် ကျန်ခဲ့သော ငရုတ်၊ ကြက်သွန်၊ ကြံသကာ စသည့် စားကုန်သောက်ကုန် ပစ္စည်းကလေးများကို ဦးလေးကြိုင်က သိမ်းကျုံးသယ်ပိုးလာခဲ့ပြီး၊ သမ္ဗန်ပေါ်မှ တင်လိုက်လျှင် နာရီမဆိုင်း ရွေးယူလျက်သူတို့အိမ်သို့ သယ်ဆောင်သွားလေတော့၏။

ကြီးတော်က "အားမ" ၏ အပြုအမူကို အတော်ကလေး မကျေနပ်ဖြစ်သွားပုံ ရလေသည်။

ငါ့ဖြင့် ... နင့်တို့အတွက် ... စိတ်ပူလိုက်ရတာဟယ်... မပြောပါနဲ့တော့ ... ဟိုမှာ ... အထောင်က ... သူ့ကို လိုက်ပို့ပေးတဲ့ ကိုဖိုးရင်တို့ကို ဆရာကြီးတို့က ကျွန်တော့် ရွှေတွေ ယူသွားတယ်။ ကျွန်တော် သေသွားရင် ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို ပေးပါ့ မလားမသိဘူးလို့ ပြောသတဲ့ ... အဲဒါ ဟိုကဟာတွေကသိပြီး ... နင်တို့ သစ်ပုတ်ထဲ ဝင်ရင် ... ဆီးလုဖို့ စောင့်နေခဲ့ကြသေးတယ် ... ငါ့မှာ ... သတင်းကြားတယ်ဆို လိုက် လိုက်ရတာ ... နင်တို့သစ်ပုတ်ထဲ မဝင်ဘူးဆိုတာ သေချာတော့မှာပဲ... စိတ်အေး သွားတော့တယ်"

ဘွင်းဘွင်းရှင်းရှင်းသမား ကြီးတော်က ဦးလေးအထောင်၏ အကြောင်းကို အောင့်မထားနိုင်ဘဲ မေမေ့ကိုတွေ့လျှင် ဟောဟောဒိုင်းဒိုင်း ပြောပစ်လိုက်တော့သည်။

ထိုနေ့က တစ်နေ့လုံး ရုတ်ရုတ်၊ ရုတ်ရုတ်နှင့် အချိန်ကုန်ခဲ့ပြီး မိုးချုပ်သွားတော့၏။ ဦးစံနန်း၊ ဒေါ်ညွန့်တို့ အိမ်ရှေ့ခန်းမှာ အောက်လင်းဓာတ်မီးရောင်ဖြင့် ထိန်ထိန်လင်းနေလေ သည်။ မီးရောင်အောက်တွင် အိမ်ရှင်မိသားစုနှင့် ဖေဖေ၊မေမေတို့အပြင် ဦးလေးအထောင်၊ အရီးလေး၊ အဘွား၊ ကြီးတော်နှင့် ရွာထဲမှ လူကြီးသုံးလေးဦးတို့ ဝိုင်းထိုင်နေကြလေသည်။ နီနီလေးလည်း မေမေ့နောက်နားမှ သွားကပ်၍ ထိုင်နေလိုက်မိသည်။

ဝိုင်းတွင် ဖေဖေက အေးအေးဆေးဆေးစကားများကို တစ်လုံးချင်းပြောပြလျက်ရှိ လေသည်။ ဖေဖေပြောသည့် စကားများမှာ အကြောင်းအရာ အချက်အလက်တွေ စုံလင် များပြားလွန်းလှပေသည်။ တချို့ကို နီနီလေး လုံးလုံး နားပင်မလည်မိ။ သို့ရာတွင် ဦးလေး

အထောင်အတွက် စေတနာဖြင့် ဘယ်သို့ဘယ်ပုံ သတိပေးခဲ့သည်ကို နားမထောင်ခဲ့၍ ယခုနောက်ဆုံးဒုက္ခနှင့် ရင်ဆိုင်ခဲ့ရပြီး အခက်အခဲများ ကြားမှပင် သည်နေရာ ရောက်ခဲ့သည်အထိ အတိုချုံး၍ ဇာတ်ကြောင်း ပြန်ပြောပြလိုက်သည်။ ပြီးမှ ဖေဖေက စကားကို ဆက်ပြောလိုက်ပြန်သည်။

"ကျွန်တော်က ... မိန်းမနဲ့စပ်မှတော်ရပေမယ့် ... သူတို့ကို ... ကိုယ်သွေးရင်းသားရင်းအမှတ်နဲ့ပဲ ... အမြဲတမ်း ... ရှေ့က မားမားရပ်ပြီး ကယ်ဆယ်စောင့်ရှောက်လာခဲ့တယ်ဆိုတာ ... အထောင်အသိ ... အဲဒီလိုသိရက်သားနဲ့ပဲ ... သူက ကျွန်တော့် စေတနာကို ယုံမှားသံသယဖြစ်ခဲ့တာဟာတော့ ... အံ့သြဖို့လည်း ကောင်းတယ် ... ဝမ်းနည်းဖို့လည်း ကောင်းတယ်လေ..."

ဖေဖေက ဦးလေးအထောင်ကို တည့်တည့်ကြည့်၍ မေးလိုက်သည်။

"မင်းလုပ်ပုံကို ... မင်း ပြန်စဉ်းစားကြည့်စမ်း အထောင်တို့သာ ... သစ်ပုတ်ထဲဝင်ဖြစ်လို့ ... ဆီးအလုခံရင် ... မင်းမိန်းမနဲ့ ... မင်းသားသမီးတွေ ဘယ်လိုဖြစ်မလဲ ... သက်သာလိမ့်မယ်လို့များ မင်းထင်သလား ..."

ဦးလေးအထောင်က တုတ်တုတ်မျှပင် မလှုပ်၊ ကုပ်ကုပ်ကလေး ငြိမ်၍ ကျန်လူများအားလုံးကလည်း ငြိမ်သက်စွာပင် နားထောင်နေကြသည်။

"အဲဒါဟာ ... ပြီးခဲ့ပြီးတဲ့ ကိစ္စပါ ... ဒါပေမဲ့ ... ငါ့စေတနာနဲ့ မေတ္တာကို ... မင်းနားလည်စေချင်လို့သာ ပြောပြတာပါ ... ကဲ ... ရော့"

ဖေဖေက မေမေတစ်ချိန်လုံး တပွေ့ပွေ့ သယ်ပြေးလာခဲ့ရသော လုံချည်ဟောင်းနှင့် ပတ်ထားသည့် အထုပ်ကြီးကို ဦးလေးအထောင်၏ ရှေ့သို့ ထိုးပေးလိုက်သည်။ ပြီးမှ ပြောလိုက်ပြန်တော့၏။

"မင်းတို့ ပစ္စည်းတွေ ... သူတစ်ပါး အချောင်ဖော်စားသွားမှာစိုးတဲ့အတွက် ... ငါကစေတနာနဲ့ယူလာပေးလို့ ... အခု ဒီကို ချောချောမောမောရောက်လာခဲ့ပြီ ... အဲဒါ ... မင်းပစ္စည်းတွေ ... ဘာတစ်ခု ... ခြေရာ လက်ရာ ပျက်သလဲဆိုတာ ... ဖွင့်ပြီး စစ်ကြည့်ပေတော့ ..."

ဦးလေးအထောင်က ခဏမျှငြိမ်၍ သူ့ရှေ့မှ အထုပ်ကို ကြည့်နေလိုက်သေးသည်။ နောက်မှ လှမ်းယူပြီး အပေါ်မှ လုံချည်ဟောင်းကြီးကို ဖြေချလိုက်လျှင် အထဲမှ အလုံပိတ်ထားသော စဉ့်အိုးအသေးစားကလေးတစ်လုံး ထွက်လာလေတော့သည်။ အိုးကလေးကို မြင်လျှင် မနေ့မနက်အစောကြီး သူတို့ခရီးမထွက်မီကလေးတွင် ဖေဖေနှင့် ဦးလေးကြိုင်တို့

သွားတူးပြီး အရိုးလေးလက်ထဲသို့ ထည့်ပေးခဲ့သော စဉ့်အိုးကလေးဖြစ်မှန်း နီနီလေးက ချက်ချင်းသိရှိလိုက်လေတော့၏။

ဦးလေးအထောင်က သူ့စဉ့်အိုးကို စစ်ဆေးကြည့်ပြီးနောက် ဖေဖေ့ကို ပြောလိုက်ပါသည်။

"ဘာမှ လက်ရာမပျက်ပါဘူး ဆရာကြီး ... ကျေးဇူးတင်ပါတယ်နော်"

ဦးလေးအထောင်၏ ကျေးဇူးဆိုစကားကို ဖေဖေက ကြည်ကြည်လင်လင်ကြီး ပြုံးရယ်ရင်း တုံ့ပြန်ပြောဆိုလိုက်ပါသည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူးအထောင်ရာ ... တကယ်တော့ ... ငါက မင်းတို့ ကျေးဇူးတင်တာ ခံချင်လို့မှမဟုတ်ဘဲ ... ငါ့စေတနာနဲ့ မေတ္တာအရသာ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ခဲ့တာ ... ခုလို ... ချောမောအောင်မြင်အောင် လုပ်နိုင်ခဲ့တဲ့အတွက် ဘယ်သူက ဘာပဲထင်ထင် ... ငါကတော့ ... ငါ့လုပ်ရပ်အတွက် ... စိတ်မှာချမ်းမြေ့နေမိပြီလေ..."

နောက်တော့ လူကြီးတွေ၏စကားဝိုင်းမှာ ဘာတွေဆက်ပြောကြပြီး ဘယ်အချိန်တွင် အဆုံးသတ်သွားခဲ့သည်ကို နီနီလေး မသိတော့။ သူသည် မေမေ့ပေါင်ကို ခေါင်းအုံးရင်း အိပ်ပျော်သွားလေသည်။

❐

# ဦးစံနန်းတို့ မိသားစု

နဂိုကတည်းက မိသားစုများ ဦးစံနန်းနှင့် ဒေါ်ညွန့်တို့၏အိမ်ကြီးမှာ နီနီလေးတို့ မိသားစုက ထပ်ရောက်သောအခါ အိမ်နှင့်လူအပြည့်ဖြစ်သွားလေတော့သည်။

ဦးစံနန်း ပြည်ကြီးပေါက်တရုတ်လူမျိုးဖြစ်သည်။ အသားဖြူဖြူခပ်သေးသေး ခပ်ညှက်ညှက်နှင့် ပျော့ပျော့အေးအေးနေတတ်သည်။ ဗမာစကားကို ကောင်းစွာနားလည် ပြီး ပြောတတ်သော်လည်း ပီတော့မပီပေ။ သူ့ကို "ဘကြီး"ဟု နီနီလေးတို့က ခေါ်ကြသည်။

ဒေါ်ညွန့်ကတော့ အသားညိုညိုနှင့်ထောင်ထောင်မောင်းမောင်းဖြစ်သည်။ ဒေါ်ညွန့်မှာ ဗမာလူမျိုးအစစ်ဖြစ်ပြီး၊ မျက်လုံး မျက်ခုံးနှင့် နှာတံလှပြီး ဆံပင်အထူးကောင်း သူဖြစ်လေသည်။ ဒေါ်ညွန့်တို့၏ မိဘများမှာ လယ်ယာနှင့် ဥယျာဉ်ခြံမြေများ အများ အပြားပိုင်ကာ၊ ချမ်းသာကြွယ်ဝကြလေသည်။ သားသမီးများမှာ သူတို့အတွက်ရရှိသော အမွေအနှစ်များနှင့်ပင် ထိုင်စားနေနိုင်ကြပေသည်။ မောင်နှမတွေတစ်အုပ်ကြီးတွင် ဒေါ်ညွန့် က အကြီးဆုံးဖြစ်လေသည်။ ဒေါ်ညွန့်၏ အဘွားမှာ ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး မြောင်းမြမြို့ရှိ အေ၊ဘီ၊အမ် ကျောင်းဝင်းမြေကို လှူခဲ့သူဆိုသည်။ ဒေါ်ညွန့်မှာလည်း ခရစ်ဘာသာ ဝင်သူဖြစ်လေသည်။ ဦးစံနန်းနှင့်သားသမီးအားလုံးတို့မှာမူ ဗုဒ္ဓဘာသာ ဝင်များဖြစ်ကြလေသည်။ ဒေါ်ညွန့်ကို နီနီလေးတို့က "ကြီးကြီးညွန့်"ဟု ခေါ်သည်။

ဘကြီး ဦးစံနန်းနှင့် ကြီးကြီးညွန့်တို့တွင် သားသမီးခြောက်ယောက်ရှိလေသည်။

သားအကြီးဆုံး ဦးလေးသန်းတင်တစ်ယောက်သာ အိမ်ထောင်ကျ၍ အိမ်ခွဲနေသည်။ ဦးလေးသန်းတင်အောက်အငယ်၊ ကိုစွန်ရှိန်နှင့် ကိုစွန်ရှူတို့မှာ ဦးလေးကြိုင်နှင့် ရွယ်တူများ ဖြစ်ကြသည်။ အကြီးဖြစ်သူ အစွန်ရှိန်က ခပ်ပိန်ညှက်ညှက်နှင့် မျက်စိကလည်း အားနည်း ရှာသည်။ ဘကြီးဦးစံနန်းလို လူပျော့ လူအေးပင်၊ သူ့ထက်ငယ်ကို စွန်ရှူကတော့ ထွားထွား ကြိုင်းကြိုင်း ဟောဟောဒိုင်းဒိုင်းသမားဖြစ်လေသည်။

သူတို့ညီအစ်ကိုသည် ချမ်းသာသော လယ်ပိုင်ရှင်သားများအဖြစ် ဇိမ်ယူ၍ အိမ်ပေါ်တွင် ထိုင်မနေခဲ့ကြပေ။ သူတို့နှစ်ယောက်သည် လုပ်သားစာရင်းငှားများများနှင့် အတူ နှစ်စဉ် နှစ်တိုင်း လယ်ကို ကြိုးစားလုပ်ခဲ့ကြသဖြင့် သူတို့အိမ်ရှေ့တွင် စပါးကျီကြီးကို ဟိန်းနေအောင်ဆောက်ပြီး စပါးများကို သိုလှောင်ထားနေနိုင်ကြလေသည်။ သူတို့အဖို့ လုပ်အားပေးနိုင်သလောက် လယ်အောင်၍ စပါးထွက်ကောင်းလျှင် ဘာကိုမှပူစရာမလိုကြ တော့ပေ။ စပါးသည်သူတို့အဖို့ ထမင်းလည်း ဖြစ်သည်။ ငွေလိုလျှင် ငွေလည်းဖြစ်နိုင် လေသည်။

ကိုစွန်ရှိန်နှင့် ကိုစွန်ရှူတို့အောက်တွင် မမကြည်၊ မမသန်းနှင့် မမပုတို့ ညီအစ်မ အဆင့်ဆင့်ရှိကြသည်။ မမကြည်နှင့် မမသန်းမှာ အပျိုကြီးဖားဖားဖြစ်လျက်၊ မမပုမှာ ဆယ်ကျော်နှစ်ရွယ်မျှသာရှိသေးသည်။ သူတို့ညီအစ်မတွေက အိမ်တွင်ချက်ရေးပြုတ်ရေး အလုံးစုံ တာဝန်ယူကြရသည်။ သို့ရာတွင် မမကြည်မှာ ချူချာချာပိန်ချိုချိုဖြစ်ရာ၊ ဖြူဖြူ တုတ်တုတ်ဝဝ လုံးလုံးကလေးနှင့် ချစ်စရာကောင်းသော မမသန်းကသာ ဖျတ်ဖျတ်လတ် လတ်နှင့် ဒိုင်ခံချက်နေရလေသည်။ မမပုမှာမူ နာမည်ကသာ ပုသော်လည်း လူကမူ ခြေတံရှည်ရှည် ပိန်စောက်စောက်ဖြစ်သည်။

မိဘမှဆင်းသက်၍ သူတို့မိသားတစ်စုလုံးမှာ စေတနာ သဒ္ဓါတရား ထက်သန်ကာ ဘယ်သူ့ကိုမဆို ပေးကမ်းချင်၊ ကျွေးမွေးချင် စိတ်ရှိကြသူများဖြစ်သည်။ စိတ်သဘောထား ရိုးဖြောင့်တည်ကြည်ကာ ငြိမ်းငြိမ်းချမ်းချမ်းနေတတ်သူများလည်း ဖြစ်လေသည်။ သူတို့ အိမ်မှာ ဧည့်မပြတ်အောင် တရုန်းရုန်းရှိနေတတ်သည်။ အိမ်ရှေ့ခန်းတွင် သံလင်ပန်းကြီး ကြီးနှင့် တရုတ်လက်ဖက်ရည်အခါးအိုးမှာ ရေနွေးမပြတ်အောင် တည်ထားပေးသော ကြောင့် ရွာထဲမှမည်သူမဆို ရေနွေးခါးသောက်လိုက အချိန်မရွေး လူမရွေး တက်သောက် နေနိုင်ကြသည်။ ထမင်းပွဲနှင့် ကြုံလျှင်လည်း ကြုံသလိုဝင်စားသွားနိုင်ကြသည်။ သူတို့ ကလည်း အတင်းပင် ခေါ်ကျွေးတတ်လေသည်။ နောက်ဆုံး အချို့ဆိုလျှင် အိမ်သာ သွားလိုသည်ကိုပင် သူတို့အိမ်သို့သာ ပြေးလာကြလေတော့၏။

ထိုသို့ စေတနာထားနေသူများကိုပင် လူတချို့က အကွက်ဆိုက်လာသည်ဆိုလျှင် အချောင်နိုက်၍ အခွင့်အရေးယူကာ အနိုင်ကျင့်လိုလာကြပေသည်။ စစ်ကြီးဖြစ်၍ ခေတ်ပျက်ကာ အခြေအနေပြောင်းလဲလာသည်ကို ချက်ကောင်းယူ၍ အချောင်သမား တချို့က ခေါင်းထောင်လာခဲ့ကြသည်။

သူတို့သည် အချိန်မရွေး ဝင်ထွက် စားသောက်နိုင်အောင် ခင်မင်ရင်းနှီးနေခဲ့သော ဦးစံနန်းနှင့် ဒေါ်ညွန့်တို့လို လူမျိုးခြား "တရုတ်အိမ်" ဟူသော အသိဖြင့် ကြည့်လာကြသည်။ အစကတည်းက ထားလာခဲ့သော စေတနာ သဒ္ဓါတရားများကိုပင် "တို့ ... ကြောက်လို့" ဟူသော ယူဆချက်မျိုးဖြင့် "ဒင်းတို့ ဘာပြောရဲမလဲ" ဟု နိုင်လိုမင်းထက် ပိုင်စိုးပိုင်နင်းပြုမူလာခဲ့ကြတော့သည်။ သူတို့၏ ပြောဆိုဆက်ဆံလာပုံများမှာလည်း မောက်မာ ရိုင်းပျလာခဲ့ကြသည်။

ထိုသို့ သူတို့၏စေတနာကို စော်ကား မော်ကားပြုလာကြသောအခါ ကြီးကြီးညွန့်တို့မှာ စိတ်မကောင်းနိုင်ကြတော့။ ဝမ်းနည်းမိကြသည်။ သမီးပျိုကလေးများအတွက်ကိုလည်း စိုးရိမ်ပူပန်ရလေတော့၏။ သို့ရာတွင် မတတ်နိုင်၊ သူတို့မိုးကောင်းနေသည်မို့ ဟန်မပျက်ပင် ဆက်လက် လိုက်လျောနေခဲ့ကြရလေတော့သည်။

သို့ရာတွင် နီနီလေးတို့ရောက်လာခဲ့ပြီး သုံးလေးငါးရက်ခန့် ကြာသွားလျှင် အနိုင်ကျင့်လိုစိတ်ဖြင့် သူတို့အိမ်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်နေခဲ့သူများ စဲသွားကြောင်းကို ကြီးကြီးညွန့်၏ ပြောပြချက်အရသိခဲ့ရလေသည်။

"ဆရာကြီးနဲ့ မချောစင်တို့ ... ကျွန်မတို့အိမ်မှာ လာနေကြတာ ကျွန်မဖြင့် ဝမ်းသာ ကျေးဇူးတင်လိုက်တာ မပြောပါနဲ့တော့"

တစ်နေ့ နေ့လယ် လူရှင်းချိန်တွင် ကြီးကြီးညွန့်က အကျိုးအကြောင်း အခြေအနေများကို တိုးတိုးတိတ်တိတ် ပြောပြပြီး ဖေဖေ့ကို ကျေးဇူးစကားဆိုလိုက်ခြင်းဖြစ်သည်။

"အခု ... ဆရာကြီးတို့ရောက်လာတော့ ... ကျွန်မဖြင့် အားရှိသွားတာပဲ ... အခုဆို ဆရာကြီးအရှိန်ကြောင့် ... သူတို့တန့်သွားကြပြီလေ ... ကျွန်မဖြင့် စိတ်ကို ချမ်းသာသွားတာပဲ ... တကယ်ပါ ..."

ကြီးကြီးညွန့်၏ ညိုစိမ့်စိမ့်မျက်နှာမှာ စိတ်၏ချမ်းသာ ကျေနပ်အားတက်ခြင်းဖြင့် ပြုံးကြည်နေလေသည်။

တစ်ချိန်တုန်းက ကျောင်းဆရာကြီးအဖြစ် သစ္စာ၊သမာဓိဖြင့် တစ်ရွာလုံးအပေါ် ဩဇာညောင်းလာခဲ့သော ဖေဖေ၏အရှိန်အဝါသည် ယခုထက်တိုင်တည်ရှိလွှမ်းမိုးနေခဲ့လေ

သေး၏။ တစ်ရွာလုံးက ဖေဖေတို့ကို နာမည်ပင်မခေါ်ကြ။ "ဆရာကြီး"ဟုသာ တလေးတစား ခေါ်နေကြလေသည်။

သည်အတွက် ဖေဖေတို့လာရောက်နေပေးသည်ကို ဝမ်းသာကျေးဇူးတင်၍ပင် နေသေးသော ကြီးကြီးညွန့်တို့က ဖေဖေနှင့် မေမေတို့ကို ခေတ်မကောင်းမချင်း သူတို့နှင့်သာ အတူနေရန် အတွင်ပြောလေတော့သည်။ အားနာစရာမလိုဟု ဆိုကာ နီနီလေးတို့ မိသားတစ်စု၏ နေရေး စားရေးများကိုလည်း သူတို့ကပင် ဖွတ်အတင်းတာဝန်ယူထားကြလေတော့၏။

နောက်တော့ ကြီးကြီးညွန့်တို့သည် အကောင်းကြိုက်၍ အစားကောင်းသော နှစ်အိမ်ထောင်ပေါင်းအတွက် ဝက်သား၊ ကြက်သား၊ အမဲသားနှင့် သား ငါး ပုစွန် စသည်များကို နေ့စဉ်ဟင်းလျာအဖြစ် အမြဲတမ်းနှစ်ပိဿာ မှန်မှန် ဝယ်ချက်နေခဲ့ရတော့သည်။ မသေန်း တစ်ယောက်မှာလည်း ဆန်ပေါပေါနှင့် ထမင်းတစ်အိုးတည်းမနိုင်သဖြင့် အမြဲတမ်း နှစ်အိုးခွဲ၍ ချက်ကျွေးနေခဲ့ရရှာလေသည်။

ထိုအခါ တစ်ခြားအလုပ်မရှိသော ဖေဖေက သူ့ပိုက်ကွန်ကြီးကို ထုတ်ပြီး ယမုန်နာဧရာတွင်းမှာ လှေတစ်စင်းနှင့် ကိုတံငါလုပ်ပြန်လေတော့၏။ ကြီးကြီးညွန့်တို့၏ ခမည်းခမက် ဦးလေးသန်းတင်၏ ယောက္ခမ ရွာသူကြီး ဦးဖိုးဒွေးက သူ့အိမ်နားတွင် သူမွေးထားသည်ဆိုကာ ဘယ်သူ့ကိုမျှ ငါးဖမ်းခွင့်မပြုခဲ့။ သို့ရာတွင် ဖေဖေ့ကိုတော့ သူကြီးမင်းက လက်မြှောက်ထားရလေသည်။ သည်အခါ ကြီးကြီးညွန့်အဖို့ ငါးပုစွန်အဝယ်ရသက်သာသွားသလို နီနီလေးတို့မှာလည်း ပုစွန်လက်မကြီးများကို ဗိုက်ကားအောင် စားကြရပြန်လေသည်။

နီနီလေးအဖို့ စားသောက်ပြီးလျှင် မမပုနှင့် ကစားလေတော့သည်။ မမပုမှာ ကိုညီထက်ပင် ကြီးသော်လည်း အငယ်ဆုံးမို့ ကလေးလိုပင် ကစားနေတတ်သည်။ အခြားကလေးများကို အဖော်ပြုကစားနေခဲ့ရသော မမပုအဖို့ နီနီလေးတို့ရောက်လာသောအခါ အတော်ဖြစ်သွားတော့သည်။ စားစား၊ သွားသွား နေနေ နီနီလေးနှင့်သာ တတွဲတွဲရှိနေတော့သည်။ သူ့ထက်ကြီး၍ သူ့ကိုအလိုက် အကြိုက်ပေးကစားလေ့ရှိသော မမပုကိုလည်း နီနီလေးက ချစ်လေသည်။

အမှန်က ကလေးငယ်မရှိသော ကြီးကြီးညွန့်တို့ မိသားတစ်စုလုံးက နီနီလေးတို့ မောင်နှမတစ်စုကို ဝိုင်းပြီးချစ်နေခဲ့ကြလေသည်။ အထူးသဖြင့် ငယ်လည်းငယ် မိန်းကလေးများလည်းဖြစ်သော နီနီလေးတို့ ညီအစ်မနှစ်ယောက်ကို ပို၍ ချစ်ကြလေသည်။ ထိုအခါ

သူတို့ ညီအစ်မနှစ်ယောက်ကလည်း ကြီးကြီးညွန့်တို့ မိသားစုတွင် သာမက အိမ်ဘေး ချင်းယှဉ်နေသော ကြီးကြီးညွန့်၏ ညီမ ကြီးကြီးသိန်းတို့၏ အိမ်သို့ပင်ကူးကာ ညာစား နေတတ်ကြတော့သည်။

ကြီးကြီးသိန်း၏ ယောကျ်ားမှာ ဦးဘဟန်ဆိုသူ ကျောင်းဆရာတစ်ဦးဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးမကောင်းသဖြင့် ကျောင်းဆရာမလုပ်တော့ဘဲ ကြီးကြီးသိန်းအမွေ ရသော ဥယျာဉ်လယ်ယာများကိုသာ အိမ်မှ ကြီးကြပ်စီစဉ်လုပ်ကိုင်ပေးနေလေသည်။

ကြီးကြီးသိန်း၏ သမီးအကြီးနှစ်ယောက်ဖြစ်သော မမတင်မေနှင့် မမတင်ရွှေ တို့မှာလည်း ဖေဖေ၏ တပည့်ရင်းများပင်၊ မမတင်မေမှာ အိမ်ထောင်ကျနေပြီး မမတင်ရွှေ နှင့် မမခင်မိတို့မှာ အပျိုများဖြစ်ကြသည်။ ဆန်စက်တွင် အလုပ်လုပ်သော မမတင်မေ ယောကျ်ား ဦးလေးသိန်းဖေ ပြန်လာသောအခါ သူတို့အိမ်နောက်တွင် တံကင်းကြီးများ ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။

ဦးလေးသိန်းဖေကဆိုလျှင် ညီမငယ်စီစီလေးကို "ဂေါက်တေး"ဟု စ တတ်လေ သည်။ မမတင်ရွှေတို့ ညီအစ်မတစ်တွေက ပျင်းပျင်းရှိလျှင် နီနီလေးတို့ ညီအစ်မကိုလာ ခေါ်သွားကာ မုန့်ကျွေး၊ ရေချိုး၊ သနပ်ခါးလိမ်းပေးပြီး သူတို့ကို သီချင်းဆိုပြခိုင်း၊ အကခိုင်း ကြလေသည်။

ထို့အပြင် ကြီးကြီးညွန့်တို့၏ အစ်ကိုကြီးဖြစ်သော "အိမ်တစ်လုံး" ရွာသူကြီး ဦးအေး၏သမီး မမခင်တစ်ယောက်လည်း နီနီလေးတို့ကို လာချစ်သေးသည်။ မမခင်က တစ်ခါ တစ်ခါ သူ့အိမ်မှ ဓာတ်စက်ကြီးယူလာပြီး ဖွင့်ပြတတ်လေသည်။ ဓာတ်စက်ဖွင့် ပြီဆိုလျှင် ရွာထဲမှ လူကြီးတချို့နှင့် ကလေးများ စုပြုံရောက်လာကြပြီး အိမ်ရှေ့မှ ထိုင်၍ နားထောင်ကြလေတော့သည်။ သူတို့သည် "ဓာတ်ဆီနှင့် ဓာတ်စံ"ပြက်လုံးများဖွင့်လျှင် အတောမသတ် တဝေါဝေါ ရယ်မောကြသလောက် ဇာတ်ထုပ်များမှ မင်းသမီး၊မင်းသား များ ငိုချင်းချကြပြီဆိုလျှင်လည်း သူတို့မှာ မျက်ရည်စမ်းစမ်းနှင့် ရောလွမ်းနေကြလေတော့ သည်။ ထပ်ကာထပ်ကာ ဖွင့်လွန်း၍ နီနီလေး မှတ်မိနေသော ဇာတ်ထုပ်တစ်ခုမှာ အဘိုးကြီး က သားနှင့်သဘောမတူသဖြင့် သားကို တခြားလွှတ်ပြီး ချွေးမကို တစ်ဖက်လှည့်နှင့် နှင်ချလိုက်သော ...

"မယ်သုမန" ဇာတ်လမ်းပင် ဖြစ်လေသည်။

ထိုသို့ မမခင်ကလာပြီး ယုယတတ်သော်လည်းအနေဝေးပြီး တစ်ခါတစ်ခါမှသာ တွေ့ရသဖြင့် နီနီလေးတို့က အတူနေသော မမသန်းတို့ မမတင်ရွှေတို့လောက်မချစ်ခဲ့ပေ။

မမသန်းတို့သည် နေ့လယ်နေ့ခင်းအားလပ်နေလျှင် နီနီလေးတို့ မောင်နှမအားလုံးကို သူတို့အိမ်ကြီးပေါ်သို့ ခေါ်တင်သွားတတ်ကြသည်။ အိမ်ကြီးမှာ နှစ်ထပ်အိမ်ဖြစ်သော်လည်း သူတို့အားလုံးမှာ အောက်ထပ်တွင်သာနေကြသည်။ အပေါ်ထပ်တွင် ဘာကြောင့်မနေကြသည်ကို အစက မသိ။ နောက်မှ သဘောပေါက်ရလေသည်။ သူတို့၏အိမ်ကြီးမှာ အိုလှပေပြီ။

ပထမဆုံး သူတို့အိမ်ပေါ်သို့ ခေါ်သွားခဲ့သည့်နေ့ကဆိုလျှင် လှေကားကြီးမှတက်၍ အပေါ်သို့ ရောက်သွားခဲ့ကြသောအခါ မမသန်းတို့က ရှေ့မှနေလျက် ...

"ဟောဒီကိုနင်း ... ဒီကလာ" ဟု နီနီလေးတို့ကို လက်ဆွဲကာ လမ်းပြ၍ ခေါ်သွားခဲ့ကြရသည်။ အကြောင်းမှာ နှစ်ပေါင်းကြာညောင်းလှပြီဖြစ်သော အိမ်ကြီး၏ ကြမ်းခင်းများမှာ ဆွေးနေသဖြင့် ကျွံကျမသွားစေရန် ဆင့်ရှိသည့် အမာခံနေရာကို ရွေးနင်းသွားရခြင်းဖြစ်လေသည်။

သူတို့သည် အိမ်အလယ်ခန်းမကျယ်ကြီးကို ဖြတ်သွားပြီးလျှင် မီးဖိုအပေါ်မှ ထုတ်ထားသော ဝရံတာသို့ ထွက်ခဲ့ကြသည်။ ဝရံတာမှာ ချောင်းထဲသို့ ထိုးထုတ်ထားရာ အောက်သို့ ငုံ့ကြည့်လိုက်လျှင် ချောင်းရေပြင်ကို မြင်ကြရလေသည်။ အပေါ်သို့ မော့ကြည့်လျှင်မူ ဝရန်တာ ပန်းဆွဲများအထက်၌ တန်းစီရှိနေသော ခိုအိမ်ကလေးများကို တွေ့ကြရသည်။ လူနှင့် ယဉ်ပါးနေသော ခိုကလေးများက အနီးအနား ပတ်ဝန်းကျင်မှသာ ပျံဝဲနေကြလေသည်။ မမသန်းတို့က ခိုကလေးများကို ဖမ်းပြီး နီနီလေး၏လက်ထဲသို့ ထည့်ပေးတတ်သည်။ ခိုကလေးများကို ချစ်သော နီနီလေးက အတင်းဖက်ပွေ့ထားလိုက်မိသည်။ သို့ရာတွင် ကြာကြာမပွေ့နိုင်၊ မကိုင်တတ်သောသူကို ခိုကလေးများ၏ ခြေသည်းကလေးများက စူးလာတတ်သဖြင့် နီနီလေးက ပြန်၍ လွှတ်ပေးလိုက်လေတော့သည်။

ပြီးလျှင်၊ တစ်ခါ မမသန်းတို့က ခိုအိမ်ကလေးများထဲသို့ လက်နှိုက်ယူလိုက်လျှင် ဥလုံးလုံးကလေးများ ပါလာတတ်လေသည်။

"ရော့ ... ဟောဒီဥပုပ်ကလေးကို ... ရေထဲပစ်ချကြည့်လိုက်စမ်း ..."

သူတို့က ခိုင်းလျှင် နီနီလေးကလည်း ဝရန်တာ လက်ရန်းကို ကျော်အောင် ခြေဖျားကလေးထောက်ပြီး ပေးလာသော ဥပုပ်ကလေးကို ရေထဲသို့ ပစ်ချလိုက်တော့သည်။ ဥပုပ်ကလေးသည် ချောင်းရေပြည့်ပြည့်ထဲသို့ "စုပ်" ခနဲမြုပ်သွားပြီးနောက် အထဲမှအနှစ်များ ကွဲထွက်၍ ရေတွင် ပြန့်သွားတတ်သည်မှာ ကြည့်၍ တစ်မျိုးလှပေသည်။ ထိုနောက်ရှိသမျှ ခိုဥပုပ်ကလေးများ ကုန်သည်အထိ မမသန်းတို့က ရွေးပေးတတ်သည်။ နီနီလေး

ကလည်း မမောတမ်းစောင့်၍ ခြေဖျားကလေး ထောက်ကာ ထောက်ကာ ပစ်ချ၍ ငုံ့ကြည့်ရသည်ကို ပျော်နေလေတော့၏။

ဝရန်တာမှ ချောင်းကမ်းတစ်ဖက်သို့ မျှော်ကြည့်လိုက်လျှင်တော့ စိမ်းညို့အုပ်ဆိုင်းနေသော ခနိတောထူထူများကို အပေါ်စီးမှ လှမ်းမြင်ကြရလေသည်။

မမသန်းတို့က ခိုကလေးတွေ ဖမ်းပေးပြီး ဥပုပ်ကလေးတွေ ရှာပေးတတ်ကြသလို ကြီးကြီးညွှန့်ကလည်း တစ်ခါတစ်ခါ၌ နီနီလေးတို့ကို ကဏန်းထောင်နည်းပြတတ်လေသည်။

ကဏန်းထောင်ခြင်းကို ကိုကြီးနှင့် ကိုညီတို့က ပို၍စိတ်ဝင်စားကြသည်။ ကြီးကြီးညွှန့်က အစာကို ကြိုးစားကလေးတွင် ချည်ပြီးရေထဲသို့ ချထားလိုက်သည်။ ထိုနောက် သူတို့ကို တိတ်တိတ်ကလေးငြိမ်၍ စောင့်ကြည့်နိုင်းသည်။ လူသံကြားလျှင် ကဏန်းကမဟပ်ဟု ကြီးကြီးညွှန့်က ပြောပြသည်။

ထိုနောက် ကြိုးစကလေးကို ဆွဲကြည့်၍ အနည်းငယ် လေးနေလျှင် ဂဏန်းဟပ်နေပြီဟု သိရလေသည်။ ထိုအခါ ကြိုးစကိုအပေါ်သို့ ဖြည်းဖြည်းချင်းဆွဲတင်လိုက်ရသည်။ နောက် ကြိုးစမှ အစာကလေးကို ဟပ်ယင်းပါလာသော ဂဏန်းကောင်ကြီးကို ရေတွင်မြင်ရပြီဆိုလျှင် အသင့်ဆောင်ထားသည့် နီးပလုံးကလေးနှင့် ရေအောက်မှ အသာထိုးကာ ကျော့၍ ခပ်ယူလိုက်ရသည်။ ကဏန်းကို ဖမ်းရာ၌ အကိုင်မတတ်၍ သူ့လက်မနှင့် ညှပ်မိပြီဆိုလျှင် “အမလေး” တ အော်ရလေတော့၏။ လက်မကြီး ကားကားနှင့် အမြင်မှာ ကြောက်စရာကောင်းသော်လည်း စားကြည့်သောအခါ၌မူ သူ့အသား နူးညံ့ညံ့များမှာ အလွန်ချို၍ အရသာ ရှိလှပေတော့သည်။

‘ ရေငန်းချောင်းသည် ပြက်မကျယ်လှသော်လည်း ဖောက်မှာ အတော်နက်လေသည်။ ရေကျချိန်များတွင် ကြီးကြီးညွှန့်တို့၏ မီးဖိုအောက်ရှိ တိုင်ကြီးများသည် ခြေတံရှည်ကြီးများအဖြစ် အချောင်းလိုက်ပေါ်လာကြလေသည်။ ရွာလယ်ရှိ ကျောက်တံတားကြီး၏အောက်သို့ တုံကင်းတစ်စင်းပင် ဝင်ရပ်နိုင်လောက်အောင် ချောင်းကနက်မှန်းသိရသည်။ ဤချောင်းနက်နက်တွင် တစ်ခါက ကြီးကြီးညွှန့်၏ သမီးကလေးတစ်ယောက်ကျသွားပြီး ရေစီးနောက်ပါသွားခဲ့ရာ အလောင်းပင် ရှာမရသဖြင့် ကြီးကြီးညွှန့်တို့မှာ ရင်ကျိုးခဲ့ကြရဖူးလေသည်။

ချောင်းရေက တက်လာပြန်တော့လည်း ပြည့်လျှံနေလျက် မီးဖိုကြမ်းခမ်းနှင့် တစ်တောင်မျှပင် မကွာတတ်ချင်ပေ။

ညနေပိုင်း ချောင်းရေပြည့်ပြီဆိုလျှင် ဖေဖေက ကိုကြီးနှင့် ကိုညီကို ရေကူးသင်ပေးသည်။ ဖေဖေက မီးဖိုရေစင်အနီး မလှမ်းမကမ်းတွင် ဝါးလုံးတစ်တိုင်စိုက်ပြီး ကြီးကြီးသိန်းတို့ အိမ်ဆောင်းတံတားကလေးအနီး၌ ဝါးလုံးတစ်တိုင်စိုက်ကာ အကွာအဝေးထား၍ သင်ပေးလေသည်။ ဝါးသနာပါ၍ ကူးချင်နေသော ကိုကြီးနှင့် ကိုညီတို့မှာ မကြာမီတွင်ပင် ကူးတတ်သွားကြလေတော့သည်။ သူတို့သည် တစ်နေ့တစ်နေ့ ရေကူးဖို့သာပြင်နေပြီး ရေထဲရောက်သွားလျှင် တော်တော်နှင့် ပြန်မတက်ချင်အောင် ပျော်နေခဲ့ကြတော့သည်။ နောက်တော့ ကိုကြီးက ချောင်းဟိုဘက် သည်ဘက်သို့ပင် ဖြတ်ကူးနိုင်လောက်အောင် ဖြစ်မြောက်သွားခဲ့ပေသည်။ ငယ်သော ကိုညီမှာ ဝါးလုံးနှစ်တိုင်ကြားမှာသာ အပြန်အလှန် ကူးနေရပေသေးသည်။ နီနီလေးအဖို့မှာမူ ကိုကြီးနှင့် ကိုညီတို့ ပျော်မြူးစွာ ကူးခတ်နေကြသည်ကို ရေစင်ကလေးမှ ထိုင်ငေးရုံသာတတ်လေသည်။

ထိုနေ့က ကြီးကြီးညွန့်၊ မမသန်းနှင့် မေမေတို့က မီးဖိုထဲတွင် ထမင်းချက်နေကြသည်။ ကြီးကြီးညွန့်တို့နှင့် အမျိုးလိုဖြစ်နေသော တရုတ်လူမျိုး "ကိုကုတ်ရှောင်" ဆိုသူကလည်း ဝက်သားတစ်တွဲဝယ်လာခဲ့ပြီး ချက်ဖို့အတွက် ရေစင်တွင် ဆေးကြောခုတ်ထစ်ပေးနေသည်။ ဖေဖေကတော့ မလှမ်းမကမ်းမှ ထိုင်၍ ကိုကြီးနှင့် ကိုညီတို့ ရေကူးနေကြသည်ကို ကြည့်ရင်း "ကိုကုတ်ရှောင်" နှင့် စကားပြောနေလေသည်။ နီနီလေးကလည်း ထုံးစံအတိုင်း မီးဖိုတံခါးဝနားမှ ရပ်လျက် မျှော်ငေးနေလေသည်။

ကိုညီလေးသည် ဝါးနှစ်တိုင်ကို ခေါက်တုံ့ခေါက်ပြန် ကူးကာ တစ်ယောက်တည်းအတော်သဘောကျ ကျေနပ်နေလေသည်။ သို့ကူးနေခဲ့ရာမှ တံတားရှိ ဝါးလုံးတိုင်မှ ပြန်လှည့်ခဲ့၍ အလယ်လောက်ရောက်သည်တွင် 'စုပ်'ကနဲ နစ်သွားတော့သည်။

ကိုညီနစ်သွားသည်ကို ဖေဖေရော ကိုကုတ်ရှောင်ပါ မြင်လိုက်ကြသည်။

"ဟာ ... နစ်သွားပြီ" ဟု ပြိုင်တူအော်လိုက်ပြီး ပြိုင်တူထရပ်လိုက်ကြသည်။ သို့ရာတွင် ဖေဖေကသာ ရေထဲသို့ "ဝုန်း" ကနဲ ချက်ချင်း ခုန်ချလိုက်သည်။

"ကိုကုတ်ရှောင်"မှာမူ ဝက်သားခုတ်ရင်း ဓားမကြီးလက်ထဲကိုင်ထားပြီး ခုန်ချမည့်ဟန် ပြင်လိုက်သည်။ သို့ရာတွင် လက်ထဲ၌ ဓားမကြီးနှင့်မို့ ယောင်တောင်တောင်နှင့် ဟိုပြေးမလို ဒီပြေးမလို လုပ်လိုက်သည်။ နောက်မှ သတိရသွားသလို သူ့လက်ထဲမှ ဓားမကြီးကို ကပျာကယာ ပြေးချထားလိုက်သည်။ ထိုနောက် သူက ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းမည်အပြုမှာပင် ဖေဖေက ကိုညီကို ဆယ်တင်လာခဲ့သဖြင့် ကိုကုတ်ရှောင်မှာ ဟန်လွှဲလိုက်သော လက်ကြီးတန်းလန်းနှင့် အရှိန်ရပ်သွားရလေတော့သည်။ ပြီးမှ ရေထဲမှ ဖေဖေ

က မတင်ပေးနေသော ကိုညီကို သူကအပေါ်မှ ဆွဲယူလိုက်တော့သည်။

ရုတ်တရက် လက်ပန်းကျသွားခဲ့သော ကိုညီမှာ ဖေဖေလျင်၍သာ တော်တော့၏။ သို့မဟုတ်က ဘယ်သို့မျောပါသွားလေမည် မသိနိုင်ပေ။ ယခုတော့ ရေကလေး အနည်းငယ် မွန်းရုံသာ ရှိလေသည်။

" ကဲ ... ရေနစ်ပြီးရင်တော့ ... ရေကူးကောင်းကောင်းတတ်ပါပြီကွာ ..."

ရေထဲမှ ဖေဖေပြန်တက်လာသောအခါ အင်္ကျီမှ ချွတ်ချိန်မရခဲ့သော သူ့တစ်ကိုယ်လုံးမှာ ရေများဖြင့် တုတ်တုတ်ရွဲ စက်စက်ယိုနေတော့သည်။ နောက် ဖေဖေက အနည်းငယ်လန့်သွားခဲ့သော ကိုညီကို ရယ်မော၍ အားပေးနှစ်သိမ့်လိုက်ပါသည်။ မေမေကမူ စိတ်ပူပြီး သူ့သားတွေကို ဆက်၍ပင် ရေမကူးစေချင်တော့ပေ။ သို့ရာတွင် ဖေဖေပြောသည့်အတိုင်းပင် ရေနစ်ပြီးသည့်နောက်ပိုင်း၌ ကိုညီတစ်ယောက်က ရေကူးကောင်းကောင်း တတ်သွားလေတော့၏။

အစ်ကိုတွေကို အားကျပြီး နီနီလေးတစ်ယောက်ကလည်း ရေကူးလိုလှသည်။ သို့ရာတွင် လူကြီးများက သူ့ကို ရေစပ်ကိုမျှပင် ဆင်းခွင့်မပြုခဲ့ကြပေ။

သို့ရာတွင် တစ်နေ့မှာတော့ နီနီလေး ရေကူးခွင့်ရခဲ့လေသည်။ ရွာထဲတွင် နီနီလေးနှင့် ညီမငယ် စီစီလေးတို့ကို လာထိန်းပေးဖူးသော မမငြိမ်းအုံဆိုသူရှိသည်။ စစ်ကြီးဖြစ်ပြီဆိုသော သတင်းကြောင့် နီနီလေးတို့ တောသို့မပြေးမီ တစ်လခန့်မှာပင် သူ့မိဘများက သူ့ကိုပြန်ခေါ်သွားခဲ့ခြင်း ဖြစ်လေသည်။

နီနီလေးတို့ကိုချစ်သော မမငြိမ်းအုံက မကြာခဏ သူ့အိမ်သို့ခေါ်သွားပြီး မုန့်ကျွေးတတ်သည်။ မမငြိမ်းအုံ လာခေါ်လျှင် မေမေက နီနီလေးကိုသာ အထည့်များသည်။ သဘောကောင်းသော မမငြိမ်းအုံက နီနီလေးခိုင်းသမျှ၊ တောင်းသမျှ အကုန်အလိုလိုက်အကြိုက်ဆောင်ပေးလေသည်။

ထိုနေ့က မမငြိမ်းအုံ ကျွေးသော မုန့်ဗိုင်းတောင့်များ တဝစားပြီးသွားလျှင် နီနီလေးက ရေချိုးချင်ကြောင်း ပူဆာလိုက်သည်။ ထိုအခါ မမငြိမ်းအုံက ချက်ချင်းပင် အင်္ကျီကိုချွတ်ပြီး လုံချည်ရင်လျားလျက် နီနီလေးကို သူတို့တဲကလေးနောက်ရှိ ရေဆင်းတံတားကလေးဆီသို့ ခေါ်သွားလိုက်သည်။ ချောင်းရေပြည့်ပြည့်က သစ်သားတံတား ရှည်ရှည်ကလေးကို တစ်ဝက်မျှ လွှမ်းငုံထားနေသည်။ တကယ့် တကယ်ရေထဲဆင်းရမည်ဆိုတော့လည်း နီနီလေး၏စိတ်မှာ ရွံ့နေမိပြန်သည်။

သည်တော့ မမငြိမ်းအုံက သူတစ်ယောက်တည်း ရေထဲသို့ ဆင်းသွားပြီး တစ်ဝုန်း

ဝုန်း ကူးခတ်ပြလေသည်။ ပြီးမှ တံတားထိပ်ရေထဲမှနေ၍ နီနီလေးကို ဆင်းခဲ့ရန်ခေါ်လိုက်သည်။

"လာ ... ဆင်းခဲ့လေ နီလေး ... မမရှိနေတဲ့ဟာ ... မကြောက်နဲ့လေ ... လာခဲ့"

မမငြိမ်းအုံက သူ့လက်နှစ်ဖက်ကို ဆန့်တန်း၍ သူ့ကို စောင့်ခေါ်နေလျှင် နီနီလေးလည်း အနည်းငယ် စိတ်ရဲသွားလေသည်။ ထို့ကြောင့် တံတားကလေးအတိုင်း တစ်လှမ်းချင်း ဆင်းသွားလိုက်တော့သည်။ ခြေထောက်နှင့် ချောင်းရေတို့ တွေ့လိုက်လျှင် သူ့ရင်ထဲမှာ အေးခနဲဖြစ်သွားမိသည်။ ရေထဲသို့ တိုးဆင်းသွားပြန်လျှင် ကျင့်သားမရှိသော နီနီလေး၏ ခြေထောက်ကလေးများက ရေထဲ၌ မလျှောက်တတ် မဟန်တတ်ဘဲ ယိမ်းယိုင်ယိုင် ဖြစ်သွားလေတော့၏။ ထိုအခါ မမငြိမ်းအုံက ဆွဲခေါ်ရန် သူ့လက်ကို ကမ်းရင်း ရှေ့သို့တိုးလာခဲ့သည်။ နီနီလေးကလည်း ရောက်ချင်ဇောဖြင့် ခပ်လောလောကလေး ဆက်လျှောက်သွားလိုက်ပြန်သည်။

သို့ရာတွင် နီနီလေးသည် မမငြိမ်းအုံ လက်ထဲသို့ မရောက်မီ လမ်းခုလတ်၌ ရုတ်တရက် သူ့ရေအောက်ရောက်သွားပြီး မည်းမှောင်မွန်ထူသွားသည်ကိုသာ သတိထားလိုက်မိစဉ်မှာပင် ချက်ချင်းသူ့ကို ရေပေါ်သို့ ပြန်၍ ဆွဲဖော်ခံလိုက်ရတော့သည် လန့်ဖြန့်ပြီး ဂူးဂူးဝါးဝါး ဖြစ်သွားခဲ့သော သူ့ကို မမငြိမ်းအုံက ဖက်ထားလိုက်သည်။

"ဘာမှမဖြစ်ဘူး ... ဘာမှ မဖြစ်ဘူး ... အလကား ... ဘာမှမဖြစ်ဘူး မငိုနဲ့နော် ... မငိုနဲ့..."

ခေါင်းတွေပါ ရေစိုကုန်ပြီး ငိုမဲ့မဲ့လေး ဖြစ်သွားသော နီနီလေးကို မမငြိမ်းအုံက ပွေ့ပိုက်ရယ်မော၍ ချော့လိုက်သည်။ သူတို့ဆံထောက်ကလေးထဲမှာ ရေများနှင့် မျက်နှာပေါ်မှ ရေများကိုလည်း လက်ဝါးဖြင့် သပ်ပေးရင်း ဆက်ပြောလိုက်ပြန်သည်။

"တံတားမှာ ... သစ်သားနှစ်ချောင်းကျိုးနေတယ် နီလေးရဲ့ အဲဒါ နီလေးက မသိလို့ နင်းလိုက်တော့ ... ကျွံကျပြီး ရေထဲရောက်သွားတာပါ ... မကြောက်နဲ့နော် ... ဘာမှ မဖြစ်ဘူး ..."

မမငြိမ်းအုံက ရယ်မော ပြောပြလိုက်တော့ နီနီလေးမှာ အကြောက်ပြေသွားသည်။ အကယ်၍ မမငြိမ်းအုံသာ လက်မြန်မြန်နှင့် လှမ်းမဆွဲလိုက်နိုင်ပါက သူ့အဖို့ တံတားပေါက်မှ တစ်ကိုယ်လုံးကျွံကျပြီး နက်ရှိုင်းသော ချောင်းအောက်မှ ရေစီးနောက် မျောပါသွားရမည်ဆိုသည်ကိုတော့ ငယ်သေးသည့် နီနီလေးက နားမလည်သေးချေ။

မမငြိမ်းအုံက နီနီလေးကိုကျောပိုးပြီး ရေနက်ထဲသို့ဆင်းကာ ကူးခတ်လိုက်တော့

သည်။ နီနီလေး၏ မျက်နှာကို ရေနှင့် လွတ်အောင် မမငြိမ်းအုံသည် သူ့ကိုယ်ကိုဖော့၍ ကူးနေရသည်။ နီနီလေးသည် ရင်ထဲမှအနည်းငယ် ကြောက်သလိုရှိသော်လည်း မမငြိမ်းအုံ၏ ကျောပေါ်မှနေ၍ ရေကူးနေရသည်ကို ပျော်နေမိပြန်တော့၏။ နေ့လယ်ကြီးဖြစ်ရာ ချောင်းရိုးတစ်လျှောက်တွင် တစ်ခြားဘယ်သူမှမရှိဘဲ ရှင်းနေလေသည်။

တအောင့်လောက်ကူးပြီးလျှင် မမငြိမ်းအုံက သောင်းသွားပုံရသည်။ နီနီလေးကို တံတားပေါ် ရေစပ်တွင် ရပ်ထားပြီး ပွတ်သပ်ရေချိုးပေးလိုက်သည်။ ပြီးလျှင် မမငြိမ်းအုံက ရေထဲတွင် ထိုင်ရင်းဘယ်သို့လုပ်လိုက်သည်မသိ၊ သူဝတ်ထားသော လုံချည်ကြီးမှာ ပူဖောင်းကြီးလို ဝိုင်းဝိုင်းကြီး ဖောင်းထလာခဲ့တော့သည်။ ပြီးလျှင် သူက ဘဲတစ်ကောင်လို ထိုင်လျက်က ရွေ့လာရင်း နီနီလေးကို ခေါ်လိုက်ပြန်သည်။

လာဟေ့ ... နီနီလေး ... ဟောဒီ ... မမလုံချည်စကို ကိုင်ပြီး ကူးလှည့်ဦး"

ရေထဲ၌နေရန် အနည်းငယ် ရဲသွားပြီး ပျော်လည်း ပျော်မိသော နီနီလေးသည် မမငြိမ်းအုံကခေါ်လျှင် မဆိုင်းမတွ ချက်ချင်းပင် ကူးလိုက်သွားလေသည်။ သို့ရာတွင် သူ့အဖို့စောစောပိုင်း မမငြိမ်းအုံကျောပေါ်ကနေ ကူးရသလိုကားမဟုတ်ပေ။ ရေပေါ်တွင် ဖော့မနေတတ်သော သူ့ကိုယ်မှာ ရေအောက်သို့သွားရောက်သွားနေတော့၏။ သူသည် မမငြိမ်းအုံ ပြောသလို ခြေထောက်ကလေးများကို "ဘုတ်ဘက် ... ဘုတ်ဘက် ..." မြည်အောင် ခတ်နေသည့် ကြားကပင် နီနီလေး၏ ကိုယ်ကလေးမှာ ရေအောက်ဆီသို့သာ ရောက်ရောက်သွားသည်။ ထိုအခါ သူက ကြောက်လန့်တကြားဖြင့် သူကိုင်ထားသော မမငြိမ်းအုံ၏ လုံချည်စကို အတင်းအားစိုက်ဆွဲ၍ ရေပေါ်သို့ ပေါ်ရန် ကြိုးစားလိုက်မိလေသည်။ သို့ပြုလိုက်သည့် တစ်ခဏမှာပင် နီနီလေးတစ်ယောက် ရေအောက်သို့ စုံးစုံးမြုပ်ဝင်သွားခဲ့တော့သည်။

သို့ရာတွင် သည်တစ်ခါလည်း မမငြိမ်းအုံက သူ့ကို အချိန်မှီ ရေပေါ်သို့ ပြန်ဆွဲ၍ တင်ပေးခဲ့ပြန်တော့၏။ ရေပေါ်သို့ပြန်ပေါ်လာခဲ့သော နီနီလေးသည် မမငြိမ်းအုံ၏ လုံချည်တစ်ကွင်းလုံးကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားရင်း နှာခေါင်းနှင့် ပါးစပ်ထဲသို့ ရေများဝင်ကာ မွန်ထူနေတော့သည်။

ကြောက်အားလန့်အားဖြင့် သူ့ကိုလည်း အတင်းမိသလို တွယ်ဖက်ထားနေသော နီနီလေးကို မမငြိမ်းအုံမှာ အတော်ကြီး ခက်ခက်ခဲခဲ တံတားဆီသို့ရောက်အောင် ပြန်ခေါ်ခဲ့ရလေသည်။ ထိုနောက် တံတားပေါ်တွင် ထိုင်ခိုင်းပြီး နီနီလေး၏နှာခေါင်းထဲမှ ရေများကို ညှစ်ထုတ်ခိုင်းသည်။ ထိုအခါကျမှ နီနီလေးက ဝါးခနဲငိုချလိုက်တော့သည်။ ကိုယ်ပေါ်

တွင် လုံချည်မရှိတော့သော မမငြိမ်းအုံမှာ ရေပေါ်လည်းမတက်ဝံ့ဘဲ သူ့ကိုယ်ကိုရေထဲတွင် မြှုပ်ထားရင်းမှ နီနီလေးကို ချော့ရပြန်သည်။

"နီလေးက ... ရေကူးချင်တယ်ဆိုပြီး ... နှာခေါင်းထဲ ရေဝင်တာနဲ့ ငိုလို့ ဘယ်ကူးတတ်မလဲ ... ရေကူးတယ်ဆိုတာ ... ဒီလိုပဲ ညီမလေးရဲ့ ... ဘာမှဖြစ်တာမဟုတ်ဘူးကွယ် ... တိတ်တော့နော် ... တိတ်တော့ ..."

ငိုကြော မရှည်တတ်သော နီနီလေး အငိုတိတ်သွားတော့မှ မမငြိမ်းအုံခမျာ ကပျာကယာ သူ့လုံချည်သူ ပြန်စွပ်ပြီး ရေထဲမှ တက်ခဲ့ရလေတော့၏။

သူတို့အိမ်ပေါ်သို့ရောက်လျှင် မမငြိမ်းအုံက နီနီလေး၏ ဘိုဆံတောက်တိုတိုကလေးကို ရေစင်အောင်သုတ်ပြီးမှ ခေါင်းကိုအကျ ဖြီးပေးသည်။ နောက် သနပ်ခါးကိုလည်း ထူထူညီညီကလေး လိမ်းပေးပြီးမှ အိမ်သို့ပြန်ပို့လေသည်။

"အိမ်ကျရင် နီလေး ရေဆင်းကူးတာ ... မေမေတို့ကို ပြန်မပြောနဲ့နော်"

အိမ်အပြန်လမ်းတွင် မမငြိမ်းအုံက သူ့တို့ရေကူးကြောင်း ပြန်မပြောရန်မှာလေသည်။ သို့ရာတွင် သူ့အဖို့ အထူးအဆန်းတွေ့ကြုံ ခံစားခဲ့ရချက်များကို နီနီလေးက ပြန်မပြောဘဲ မနေနိုင်ပါချေ။

ထိုအကြောင်းကို မေမေတို့သိလျှင် မမငြိမ်းအုံ အဆူခံရလေတော့၏။ နီနီလေးကိုလာခေါ်တိုင်းလည်း မထည့်တော့။ မမငြိမ်းအုံကရော နီနီလေးကပါ ရေသို့ လုံးဝမဆင်းပါဟု ကတိဝန်ခံချက်ပေးတော့မှသာ တစ်ခါတစ်ရံ ခဏတစ်ဖြုတ်လိုက်ခွင့်ပြုလေသည်။ ပြီးလျှင် ဖေဖေနှင့်မေမေတို့က နီနီလေးအား ရေစပ်သို့ပင် မဆင်းရန် တင်းတင်းကျပ်ကျပ် စည်းကမ်းသတ်မှတ်လေတော့သည်။

သည်တော့ နီနီလေးမှာ မမပုနှင့်သာ တွဲလျက် စပါးကျီထဲ သွားကစားလိုက်၊ အိမ်ရှေ့မြေပြောင်ပြောင်တွင် ဇယ်တွင်းတောက်လိုက်၊ ကြီးကြီးသိန်းတို့အိမ် ကူးသွားလိုက်နှင့်သာ အချိန်ကုန်နေခဲ့ရလေတော့၏။

မမကြည်နှင့် မမသန်းတို့သည် ညနေစာအတွက် ချက်ပြုတ်ပြီးကြလျှင် ချောင်းထဲသို့ ရေဆင်းကူးကြသည်။ ထိုနောက် သနပ်ခါးလိမ်း၊ အဝတ်လဲပြီး အခြား ရွာသူအဖော်များနှင့်အတူ ရေခပ်ထွက်ကြလေသည်။ မမပုကလည်း သူနိုင်သော အိုးအလတ်စားကလေးနှင့် ကူခပ်ရာ နီနီလေးလည်း နောက်မှ တန်းလန်းပါသွားပြန်တော့သည်။ နောက်နီနီလေးက သူပါခပ်ချင်သည်ဟု ပူဆာသောအခါ မမသန်းတို့က နှုတ်ခမ်းတွန့်တွန့် ကလေးများနှင့် ကြေးဖလား အလတ်စားအရွယ် ရေအိုးကလေးတစ်လုံးကိုပေး၍ ရွက်စေခဲ့လေသည်။

ကြီးကြီးညွန့်တို့ အိမ်ရှေ့တည့်တည့်တွင် ဘယ်ဘက်မှ စပါးကျီနှင့် ညာဘက်မှ ကြီးကြီးညွန့်တို့၏မောင် အငယ်ဆုံး ဦးလေးမောင်စစ်တို့၏ အိမ်ကြီးကြား၌ လမ်းကလေး တစ်ခုရှိသည်။ လမ်းအဆုံး ဦးလေးမောင်စစ်တို့၏ အိမ်နောက်တွင် လယ်ကွင်းများရှိလေ သည်။ ဦးလေးမောင်စစ်တို့ အိမ်နောက် ပေတစ်ရာအကွာလောက်ရှိ လယ်ကွက်ထဲတွင် ရေကန်ကြီးတစ်ခုရှိလေသည်။ တစ်ရွာလုံးက ထိုရေကန်ရေကိုပင် အမြဲပြုသောက်သုံးနေခဲ့ ကြရသည်။ ရွာဦးပိုင်း ဘုန်းကြီးကျောင်းနှင့် နီးသူများက ဘုန်းကြီးကျောင်းရှိ ရေတွင်းမှ သွားခပ်သုံးကြသည်။

နွေအချိန် ကန်ရေများ ခန်းစပြုပြီး သိပ်မကြည်ချင်တော့သဖြင့် မမသန်းတို့က သုံးဖို့သာခပ်ကြသည်။ သောက်ရေအတွက်ကို ကိုစွန်ရှုနှင့် ဦးလေးကြိုင်တို့နှစ်ယောက်က လယ်ကွင်းများကို ဖြတ်ပြီး တစ်မိုင်လောက်ဝေးသည့် "ဘုရားတောင်ကလေး" အမည်ရှိ ရွာမှ သွားထမ်းကြရသည်။ အအားမနေတတ်သော ဦးလေးကြိုင်က သုံးရေအတွက်ကိုပါ နေ့တိုင်း ကူခပ်ပေးခဲ့လေသည်။

ကန်ပေါင်ရိုးပေါ်တွင် ထန်းပင်မြင့်မြင့်ကြီး နှစ်ပင်ပေါက်နေလေသည်။ ထို ထန်းပင်ကြီးများအောက် ကန်ပေါင်ရိုးမှ မျှော်ကြည့်လိုက်လျှင် ကျယ်ပြန့်သော လယ်ကွင်း လယ်ကွက်များမှာ မျက်စိတဆုံး ရှိနေကြလေသည်။ ရွာတန်းညို့ညို့ တောအုပ်မှိုင်းမှိုင်း ကလေးများကိုလည်း လယ်ကွင်းများကို ကျော်၍ လှမ်းတွေ့ရပေသည်။

ရေကန်၏ ဘက်ဘက် ရွာနောက်လယ်စပ်တွင် လှည်းလမ်းကလေးတစ်ခုရှိသည်။ ရွာတွင်းမှ အိမ်များသည် ချောင်းကို နောက်ခိုင်း၍ တစ်တန်းတည်းဆောက်ထားကြသလို လယ်ကွင်းများကို နောက်ခိုင်း၍လည်း တစ်တန်းဆောက်ထားနေကြသည်။ လယ်ကွင်း များကို ကျောခိုင်းဆောက်ထားသော အိမ်တန်း၏နောက်တွင် လှည်းလမ်းကြောင်း ရှိလေသည်။ လှည်းလမ်းအဆုံး ရွာဦးပိုင်း၏ လယ်ကွင်းများအစပ်တွင် ထုံးဖြူဖြူကလေးနှင့် စေတီကလေး တစ်ဆူရှိလေသည်။ စေတီကလေးနှင့် ခပ်လှမ်းလှမ်းမှာတော့ ပိတောက်ပင် အုပ်အုပ်ကြီးတစ်ပင်ရှိလေသည်။

နီနီလေးတို့ ရေငန်းရွာသို့ရောက်ပြီး တစ်လကျော်ကျော်အကြာတွင် သင်္ကြန်ကျ လေတော့၏။

တစ်ရွာလုံး လှုပ်လှုပ်ရွရွနှင့် ရေကစားကြသည်မှာ ပျော်စရာကောင်းလှတော့သည်။ သို့ရာတွင် တချို့သူများ ရေကစားကြပုံများကတော့ ကြောက်စရာကောင်းလေသည်။ ခပ်ကြမ်းကြမ်း အမျိုးသမီးတချို့က အမျိုးသားတချို့ကို ဝိုင်းဖမ်းပြီး ချောင်းရေတွင် နှစ်ထား

ကြသည်။ အမျိုးသားက "ကြောက်ပါပြီ"ဟု အရှုံးပေးကာ တောင်းပန်တော့မှ လွှတ်ပေးကြသည်။ တချို့ကျတော့လည်း အမျိုးသားတစ်ယောက်ကို ဖမ်းပြီး အင်္ကျီချွတ်၍ ပုဆိုးကို ခါးထောင်းမြောင်အောင် ကျိုက်ခိုင်းသည်။ ပြီးလျှင် တစ်ကိုယ်လုံး ဒယ်အိုးဖင်မှ ဆီဝင်းဝင်း အိုးမည်းပြောင်ပြောင်များ သုတ်လိမ်းလျက်ခါးတွင် ကြိုးတစ်ချောင်းချည်ကာ မျောက်လို ကခိုင်းကြပြန်တော့၏။

သင်္ကြန်တစ်ရက်တွင် နီနီလေးတို့ မိသားတစ်စုလုံး "အိမ်တစ်လုံး" ရွာသို့ သွားလည်ကြသည်။ လှေဖြင့် သွားကြရရာ သူတို့မိသားတစ်စုမှာ လှေတစ်စင်းအပြည့် ဖြစ်လေသည်။ လှေကို ဖေဖေက ပဲ့မှ လှော်၍ ကိုကြီးက ဦးမှလှော်သည်။ နီနီလေး နှင့် ကိုညီက လှေအလယ်တွင် စီစီလေးကို ပွေ့ထားသော မေမေ့အနီးတွင် ထိုင်ကာ ချောင်းရေပြည့်ပြည့်သို့ လက်ကလေးများ နှိုက်ဆော့လှော်ခတ်ရင်း လိုက်ပါခဲ့ကြလေသည်။ သာယာအေးချမ်းသော နံနက်စောစောတွင် ရှည်မျောမျောလှေကလေးတစ်စင်းနှင့် မိသားတစ်စု ခရီးသွားကြရသည်မှာ ကြည်နူးချမ်းမြေ့စရာကောင်းလှပေသည်။ ထို့ကြောင့် နီနီလေးသည် သမ္ဗန်ကြီးစီး၍ ထွက်ပြေးလာခဲ့စဉ်က ဒုက္ခရောက် စိတ်ညစ်ရသလောက် ယခု လှေကလေးဖြင့် ရေကိုလက်နှင့် လှော်ခတ်ဆော့ကစားရင်း သွားရသည်ကို အထူးပင် ပျော်နေမိလေတော့၏။

အိမ်တစ်လုံးရွာသို့ရောက်လျှင် ဖေဖေက လှေကို ချည်တိုင်တွင် ချည်ပစ်ခဲ့ပြီး နီနီလေးတို့ကို ပထမဦးဆုံး ရွာသူကြီးဘကြီး ဦးအေးတို့အိမ်ကို ခေါ်သွားသည်။ ထိုအိမ်တွင် သူကြီးကတော် ကြီးကြီးဒေါ်ချစ်ပုနှင့် သမီးဖြစ်သူ မမခင်တို့ချက်ကျွေးသော မနက်စာ ထမင်းကို စားသောက်ပြီးမှ ဖေဖေနှင့် မေမေက နီနီလေးတို့ကို အဘွားအေးမြအိမ်သို့ ခေါ်သွားလေသည်။

အဘွားအေးမြတို့ မိသားစုနှင့် မေမေတို့မှာ ရင်းနှီးခင်မင်သော မိတ်ဟောင်း ဆွေဟောင်းများဖြစ်ကြသည်။ အဘွားအေးမြ၏ သမီးအကြီး ဒေါ်နှင်းရုံ၏ သားသမီး များဖြစ်ကြသော အန်တီ ဒေါ်တင်မေ၊ ဦးလေးလှမောင်နှင့် ကိုရန်ရှင်းတို့မှာလည်း ဖေဖေ၏ တပည့်များဖြစ်ဖူးလျက် ဦးလေးကြိုင်နှင့် ရွယ်တူ သူငယ်ချင်းများပင် ဖြစ်လေသည်။ အန်တီ ဒေါ်တင်မေမှာ ရန်ကုန် ဆရာဖြစ်ကျောင်းမှ ဆင်းလာစဖြစ်သည်။ အဘွားအေးမြ၏ သမီးအငယ်ဒေါ်ဘီမှာမူ သမီးတစ်ယောက်တည်း ရှိသည်။ ဒေါ်ဘီ၏ သမီး မမတင်အေး ကတော့ နီနီလေးတို့၏ ကိုကြီးနှင့် ရွယ်တူဖြစ်လေသည်။ အဘွားအေးမြတို့ မိသားစု သည်လည်း နီနီလေးတို့ကဲ့သို့ ခရစ်ယာန်ဘာသာဝင်များပင် ဖြစ်လေသည်။

နီနီလေးတို့ရောက်သွားချိန်တွင် အန်တီဒေါ်တင်မေတို့ မောင်နှမတစ်စု သင်္ကြန် ရေကစားနေကြသည်။ သူတို့နှင့်ရော၍ ကိုကြီးနှင့် ကိုညီတို့ကလည်း ရေကစားလိုက်ကြ လေသည်။ ခဏအကြာတွင် အန်တီဒေါ်တင်မေတို့သည် သူတို့ကို ရေလာလောင်းသော လူတစ်ယောက်ကို ဖမ်းချုပ်ကြိုးချည်ပြီး မျောက်က အကခိုင်းကြလေတော့၏။

ထိုသို့ အနိုင်ကျင့်ကာ အကြမ်းပတမ်း ရေကစားကြသော်လည်း မည်သူမျှ စိတ်ဆိုး ဒေါသဖြစ်ခြင်း မရှိကြဘဲ အားလုံးရယ်မော ပျော်ရွှင်နေကြသည်ကိုသာ နီနီလေးတွေ့ရ လေသည်။

သင်္ကြန်အတက်နေ့တွင် ရွာထဲမှ ကာလသားတစ်စုက မမကြည်နှင့် မမသန်းတို့ ညီအစ်မကို ရေလာလောင်းကြသည်။ မမသန်းတို့ကလည်း ကြည်ကြည်သာသာထွက်၍ အလောင်းခံကြသည်။ သို့ရာတွင် လူတစ်ယောက်က ရေချိုးပြီးစ သနပ်ခါး အဖွေးသားနှင့် အဝတ်လဲထားသော မေမေ့ကိုပါ ရောနှောလောင်းရန်ပြုလိုက်လျှင်ကား အနီး၌ရှိနေသည့် ကိုညီက ထိုလူ၏ လက်ထဲမှ ရေခွက်ကို လုစ်ခနဲ ဝင်လုကာ သွန်ပစ်လိုက်လေတော့သည်။

ထိုနောက် နေ့လယ်ဘက်တွင် အိမ်ရှေ့ဝရန်တာရှိ ပက်လက်ကုလားထိုင်တွင် ခါးဆန့်ရင်း အိပ်ပျော်နေသော ဦးလေးကြိုင်ကို မမသန်းတို့က ရေဝိုင်းလောင်းကြလေ သည်။ ထိုအခါ ဦးလေးကြိုင်မှာ လန့်နိုးပြီး ခုန်ထလိုက်တော့သည်။ ထိုသို့ ဦးလေးကြိုင် လန့်ဖြန့်ထခုန်ပုံကို ကြည့်ပြီး မမသန်းတို့နှင့်အတူ နီနီလေးတို့အားလုံးက ဝိုင်းရယ်လိုက်ကြ လေတော့၏။

နီနီလေးတို့ မေမေနှင့် ရုပ်ချင်းဆင်သော ဦးလေးကြိုင်မှာ အသားဖြူဖြူ ခပ်ချော ချောဖြစ်သည်။ အားကစားသမားတစ်ဦးဖြစ်ရာ ဦးလေးကြိုင်၏ ကိုယ်ခန္ဓာမှာ မြင့်မြင့် မားမား ကျားကျားယားယားလည်း ရှိလေသည်။ ထိုသို့ ရုပ်ရည်သန့်ပြန့်၍ အသက်အရွယ် မှာလည်း နှစ်ဆယ်ဝန်းကျင်တွင်သာ ရှိနေသေးသော ဦးလေးကြိုင်အား မမကြည်နှင့် မမသန်းတို့က တစ်အိမ်တည်း၌ အတူနေပြီး ယခုလို ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိကြသည် ကို ရွာမှ ကာလသားတချို့က မလိုလားဟုဆိုသည်။ သူတို့၏ မလိုလားမှုကို ဦးလေးကြိုင် အား ရန်စစောင်းမြောင်းခြင်းဖြင့် ဖော်ပြကြသည်။ ထိုအခါ သူ့အနေဖြင့် ရိုးသားတည်ကြည် စွာ နေပါလျက် တစ်ဖက်သတ်မလိုလားချက်ဖြင့် ထိကပါး ရိကပါး ရန်စခြင်းကို ခံလာရ သောအခါ ဗန်တို၊ဗန်ရှည်နှင့် တုတ်သိုင်း၊ ဓားသိုင်းတို့ကိုပါ လေ့လာလိုက်စား ထားခဲ့သော ဦးလေးကြိုင်က သူတစ်ယောက်တည်းနှင့်ရွာရှိကာလသား တစ်သိုက်လုံးကို စိန်ခေါ်လိုက် တော့၏။ သည်တော့မှ ရွာခံကာလသားများမှာ ကိုယ်ရှိန်သတ်၍ ငြိမ်သွားခဲ့ကြသည်ဆို၏။

ထိုအကြောင်းများကို နီနီလေးသည် နောင်တွင် ဦးလေးကြိုင်နှင့် ကိုအောင်တို့ စုမိကြသည့် အခါ ပြောဆိုဆွေးနွေးချက်များအား ကြားမှ ဝင်နားထောင်ရင်း သိရှိခဲ့ခြင်းဖြစ်လေသည်။

သည်လိုနှင့် ပိတောက်ဝါဝါဖူးကာ အတာကူး၍ နှစ်ဦးတို့ သစ်ခဲ့ပြန်လေတော့ သည်။

နှစ်ဆန်းတစ်ရက်နေ့တွင် ရေငန်းရွာသူ ပျိုဖြူချောများသည် ပိတောက်ပန်းများ ဝေအောင်ပန်ပြီး ရွာအပြင် ပိတောက်ပင်ကြီးအနီးရှိ ထုံးဖွေးဖွေးနှင့် စေတီကလေးသို့ သွား၍ ရေသပ္ပာယ်ကြသည်။ ထိုအထဲတွင် မမသန်းတို့အပြင် မမပုလည်း ပါဝင်ရာ နီနီလေးတစ်ယောက်လည်း နောက်မှ တစ်တန်းတန်းပါသွားလေတော့၏။

ထိုအချိန်သည်ကား ရေငန်းရွာကလေးမှာ အထူးပင် သာယာအေးချမ်းလျက် ရှိသည်။ နှစ်ဟောင်းကို စွန့်ပစ်၍ နှစ်သစ်သို့ကူးပြောင်းဝင်လာခဲ့သော ရွာသူရွာသား အပေါင်းမှာလည်း အထူးပင် ပျော်ရွှင်မြူးတူးလျက်ရှိကြတော့၏။

သို့ရာတွင် ကမ္ဘာစစ်ကြီး၏ အမှောင်ရိပ်ဆိုးကြီး လွှမ်းမိုးနေသော ခေတ်ကာလ ကြီးတွင် "သာယာငြိမ်းချမ်း" မှုဆိုသည်မှာ အဘယ်မှာလျှင် ကြာရှည်ဆက်လက် တည်မြဲ နေနိုင်ပါမည်နည်း။

❐

# ကရင်နှင့်ဗမာ အဓိကရုဏ်း

အေးချမ်းသာယာနေခဲ့သော ရေနန်းရွာကလေးသည် မကြာမီသောကာလမှာပင် "ကရင်နှင့်ဗမာ" အရေးအတွက် လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့လေတော့၏။

"အပ ပယောဂ" ၏ သွေးခွဲဘေးထိုးမှုတွင် တစ်ဦးနှင့်တစ်ဦး အယုံအကြည် မထားနိုင်တော့အောင် အထင်အမြင်လွဲမှားစေသည့် "သံသယ" တစ္ဆေကောင်၏ ခြောက်လှန့်မှုတွင် ရွာသူရွာသားများခမျာ နေစရာမရှိအောင် ထိတ်လန့်တုန်လှုပ်နေခဲ့ကြရလေတော့သည်။

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး သွေးရင်း သားရင်းများပမာလည်းပင်း ဖက် ကြီးလာခဲ့ကြသော ကရင်နှင့်ဗမာတို့သည် ယခုအခါ၌ တစ်ဦးကို တစ်ဦး အလစ်မပေးရဲ၊ တစ်ရွာနှင့် တစ်ရွာ မသွားရဲလောက်အောင် အခြေအနေက ပြောင်းလဲလာခဲ့ကြလေသည်။ တစ်ရွာနှင့် တစ်ရွာ အချင်းချင်း အရိပ်အခြည်ကြည့်၍ သတင်းကို နားတစွင့်စွင့် ဖြစ်နေကြတော့သည်။

ငယ်စဉ်ကတည်းက ရေနန်းရွာသို့ရောက်လာပြီး ရေနန်းရွာမှပင် ကြီးသွားသော "ဂျန်တား" ဆိုသည့် မြေတူးကုလားလူမျိုးတစ်ယောက်ရှိသည်။ အသားမည်းမည်း အရပ်ရှည်ရှည်နှင့် ကုလား "ဂျန်တား" သည် ရုပ်ကသာ ကုလားဖြစ်သော်လည်း လူမှာ ဗမာရည် လယ်လွန်းကာ ဗမာတစ်ပိုင်းဖြစ်နေခဲ့သူပင်၊ သူ့ကို မသိသူ ရှားလှသည်။ ရေနန်းတစ်ရွာ

လုံးမှာ သူ့ဆွေရင်းမျိုးချာလိုပင် ဖြစ်နေလေသည်။ တစ်ရွာလုံးသည် သူ့စားအိမ် သောက်အိမ် ချည်းပင်။ ရွာက သူ့ကို ရင်းနှီးသလို သူကလည်း တစ်ရွာလုံးကို ခင်လေသည်။

ယခုအချိန်တွင် ဂျန်တားသည် "ဖိုးစိန်"ဆိုသော သူ့သားကလေးနှင့် ကရင်ရွာများနှင့်နီးသော "ဦးယျာဥ်တောင်" ဆိုသည့် အရပ်တွင် လယ်ပိုင်နွားပိုင်နှင့် အခြေတကျ နေလေသည်။ အရပ်ပျက်သည်တွင် အခြားကုလားအမျိုးသားများ ဒုက္ခရောက်ကြ သော်လည်း ကြောက်လန့်တကြားဖြင့် ဘင်္ဂလား ပြန်ပြေးကြသော ကုလားများကို သူတို့၏ လယ်ယာ၊ ကျွဲ၊ နွားနှင့် စပါးများကိုပါ သူတို့ကိုပေးခဲ့ကြသဖြင့် ဂျန်တားမှာ ခေတ်ပျက် သူဌေးလို အချောင်ပင် ဟန်ကျနေခဲ့သေးတော့၏။

ဂျန်တားမှာ ကြီးကြီးညွန့်တို့အိမ်သို့လည်း မကြာခဏရောက်လာတတ်သည်။ ဖေဖေနှင့်မေမေတို့ကိုလည်း သူသိလေသည်။ ရွာတကာသို့ လျှောက်သွားနေခဲ့တတ်သော ဂျန်တားက အိမ်တစ်အိမ်ရောက်လျှင် တစ်ဖောင်ဖောင်နှင့် ပြော၍ မဆုံးနိုင်အောင် သူ့ထံ တွင် သတင်းစကားတွေက မျိုးစုံအောင် ပါလာတတ်လေသည်။

"ဂျန်တားရယ် ... ကရင်တွေများ ... တို့ရွာဝင်စီးမယ် ကြားရင် တို့ကိုလာပြီး ပြောစမ်းပါဟယ် ... နော် ..."

ကြောက်တတ်သော ကြီးကြီးညွန့်က သူ့ကို တိုးတိုးကပ်ပြောလိုက်လျှင် ဂျန်တား က အားရှိစရာ ပြန်လည်ဖြေကြားခဲ့လေသည်။

"အိုး ... စိတ်ချနေ အစ်မ ... ဒီရွာဟာ ... နာ့အဖေရွာ ... နာ့အမေရွာ ... တစ်ထုထုကြားတယ်နော် ... နာချက်ချင်း လာပြေးပြောမှာပေါ့ ... မပူနဲ့ ... ဘာမှမပူပါ နဲ့ ..."

ဂျန်တားက မပူနှင့်ပြောပေမယ့် ကြီးကြီးညွန့်တို့နှင့် တစ်ရွာလုံးမှာ တထိတ်ထိတ် ပူနေကြသည်သာပင်။ တစ်ရွာလုံးမှာ "ကျီးလန့်စာစား" ဖြစ်နေတော့သည်။

တစ်နေ့တွင် မနက်စာစားပြီးနောက် နီနီလေးသည် မမပုနှင့်နှစ်ယောက်သား စပါးကျီ အရိပ်အောက်တွင် သွားကစားနေကြသည်။ ထိုစဉ် ရွာထဲဆီမှ ဘာဖြစ်မှန်းမသိ ရုတ်ရုတ်သဲသဲ ဆူဆူညံညံသံများကို ကြားလိုက်လျှင် မမပုသည် နီနီလေး၏လက်ကလေး ကိုဆွဲကာ အိမ်ဆီသို့ သုတ်ခြေတင်ပြေးလေတော့သည်။ မမပုနောက်မှ တန်းလန်း တန်းလန်းနှင့် ပါသွားခဲ့သော နီနီလေးအိမ်သို့ရောက်လျှင် လူကြီးများလည်း ထိတ်ထိတ် ပျာပျာ ဖြစ်နေကြသည်ကို တွေ့ရလေသည်။

"ငခွေးရေ ... မိဝက်ရေ ... အဖေရေ ... အစ်မရေ..."ဟူသော အော်သံ၊ ခေါ်သံ

ပြေးလွှားသံများကလည်း တစ်ရွာလုံးရှန်းရင်းခတ် ဆူညံသွားလေသည်။

ထိုသို့ရှိစဉ်မှာပင် အာကျယ်ကျယ်နှင့် ဆယ်အိမ်ခေါင်းမင်းက တစ်ရွာလုံးကြားနိုင်လောက်အောင် ရွာရိုးတစ်လျှောက် ပါးစပ်မောင်းထုလိုက်လေသည်။

"ရွာသူရွာသားတွေ မလန့်ကြနဲ့ ... ဘာမှမဟုတ်ဘူး ... ဘီအိုင်အေ ... ရဲဘော်တွေ ... ကိစ္စရှိလို့ ... သူကြီးနဲ့ လာတွေ့ကြတာပါ"

ထိုအခါကျမှ တစ်ရွာလုံးမှာ အိမ်ငြိမ်ပြန်ရသွားခဲ့ကြတော့သည်။ ကြီးကြီးညွန့်တို့နှင့် ဖေဖေ၊မေမေတို့မှာလည်း သည်တော့မှ စိတ်အေးသွားကြရလေတော့၏။

တထိတ်ထိတ်ဖြစ်နေကြသော ရွာသူရွာသားများသည် လူစုမြင်လျှင်ပင် "ဒေါင်းအလံ" မှန်းမသိ၊ ဘီအိုင်အေမှန်းမသိ ထစ်ခနဲဆို လန့်ပြေးဖို့သာ ဟန်ပြင်လျက် "ငါ့စကော" ကိန်းဆိုက်နေခဲ့ကြတော့သည်။

အမှန်က ဘီအိုင်အေ အမျိုးသားရဲဘော်များသည် ကရင်–ဗမာအရေး စိတ်မအေးစရာ တလှုပ်လှုပ်တရွရွဖြစ်နေသော အခြေအနေများကို ထိန်းသိမ်းသွေးစည်းသင့်တင့်ရေးအတွက် ရွာများများသို့ လှည့်လည်ဆွေးနွေးနေကြခြင်းဖြစ်လေသည်။

ရဲဘော်များပြန်သွားပြီး သုံးရက်ခန့်အကြာတွင် ဖြစ်သည်။ မေမေက ရေချိုးသနပ်ခါးလိမ်းပေးလိုက်သော နီနီလေးသည် ညီမငယ်စီစီလေးနှင့်အတူ အိမ်ရှေ့ လှေခါးထစ်ပေါ်တွင် ထိုင်ကစားနေခဲ့သည်။ ထိုအခိုက် ရွာထဲမှ အုန်းအုန်းကျွက်ကျွက် စီစီညံညံအသံများ ထွက်ပေါ်လာခဲ့သည်။ လူကြီးတစ်ယောက်သည် အကျီများစုတ်ပြဲပြီး သွေးရဲရဲနှင့် သူ့လက်တွင် ဓားကြီးတစ်ချောင်းကိုင်ဆောင်ရင်း အော်ဟစ်ဆဲဆိုကာ အိမ်ရှေ့မှ ဖြတ်ပြေးသွားသည်။ သူ့နောက်မှလည်း ယောကျ်ား၊မိန်းမများက စုပြုံလိုက်ပြေးလာနေကြလေသည်။

နီနီလေးသည် ဘာဖြစ်မှန်းမသိဘဲ ငေးကြည့်နေမိစဉ် ဖေဖေက ပြေးဆင်းလာပြီး သူတို့ညီအစ်မကို မြောက်ခနဲဆွဲ၍ အိမ်ထဲသို့ သွင်းလိုက်တော့သည်။ ပြီးလျှင် ဖေဖေက အိမ်မှ ခေါက်တံခါးကြီးကို အမြန်ဆွဲပိတ်လိုက်သည်။ နောက် ဓားရှည်ကြီးတစ်ချောင်းကို လက်မှတင်းတင်းဆုပ်ကိုင်ရင်း အပေါက်ဝမှ မားမားကြီးရပ်လျက် အပြင်ဘက်သို့ အကဲခတ်စောင့်ကြည့်နေလေသည်။

မေမေနှင့် ကြီးကြီးညွန့်တို့မှာလည်း အိမ်ထဲတွင်စု၍ ဘာလုပ်ရမှန်းမသိဘဲ မျက်လုံးပြူးနေကြလေသည်။ အိမ်တွင် ဦးလေးကြိုင်နှင့် ကိုစွန်ရှူတို့ကလည်း မရှိကြ။ ယောကျ်ားဆို၍ ဘကြီးဦးစံနန်းနှင့် ဖေဖေသာရှိလေသည်။ ရွာလမ်းပေါ်တွင် လူများပြေးလွှားဆူညံ

နေကြဆဲရှိနေသည်။

ခဏအကြာတွင်မှ အကျိုးအကြောင်းနှင့် ဖြစ်ရပ်မှန်ကို သိရလေတော့၏။

"ဘအုန်းနှင့် ဘလှိုင်တို့ သမီးယောက်ဖ … ဝက်ပေါ်ရင်း ရန်ဖြစ်ပြီး ဓားနဲ့ခုတ်ကြလို့"

သမီးယောက်ဖ နှစ်ယောက်၏ ရန်ပွဲမှာ ရွာပျက်ခမန်းပင်။ ထိုအခါကျမှ ဖေဖေလည်း သူ့လက်ထဲမှ ဓားကြီးကို ထရံတွင်ချိတ်ထားသော ဓားအိမ်တွင် ပြန်ထည့်ထားလိုက်ပြီး တံခါးများကိုလည်း ပြန်ဖွင့်လိုက်တော့သည်။

နောက်တော့ နီနီလေးသည် ကစားရာမှာပင်သတိနှင့်ကစားနေရလေသည်။ အရင်တုန်းကလို ကလေးပီပီ စိတ်လွတ် လက်လွတ်မကစားရဲတော့ပေ။ လူကြီးများ၏ သွန်သင်မှာကြားချက်များအရ နီနီလေးက အရေးအကြောင်းရှိလျှင် လူကြီးများနှင့် အတူရှိနေစေရန်အတွက် ကစားရင်းမှ ရင်ကလေးတထိတ်ထိတ်နှင့် နားကိုစွင့်၊ မျက်စိကို ဖွင့်ကာနေရလေတော့သည်။ စီခနဲ ညံခနဲကြားလျှင် ညီမငယ်ကို လက်ဆွဲ၍ မေမေ့အနားသို့ အရောက်ပြေးခဲ့ရန်ကို နီနီလေးက ကောင်းကောင်းတတ်မြောက်နားလည်နေလေတော့၏။

မမသန်းတစ်ယောက်မှာလည်း စကတည်းက မီးဖိုထဲက မထွက်ရအောင် အလုပ်များနေခဲ့ရသည့်အထဲ ယခုမနက်စာ ညစာစားပြီးလျှင် ကျန်သမျှ ထမင်းကြမ်းများကို ပန်းကြီး ပန်းငယ်များနှင့် ထည့်ဖြန့်၍ နေလှန်းရခြင်း အလုပ်တစ်ခုက ပိုလာခဲ့ပြန်လေသည်။ ထမင်းကြမ်းမကျန်လျှင် မမသန်းက အသစ်ထပ်ချက်၍ လှန်းလေသည်။ ထိုနောက်ထမင်းများခြောက်လျှင် မမသန်းက အဝတ်အိတ်များတွင် ခေါင်းအုံးများလို သိပ်ထည့်ပြီး မေမေက အပ်တစ်ချောင်းနှင့် ကူချုပ်၍ အိတ်ကို ပိတ်ပေးရသည်။

ထို့ပြင် ဆားနှင့်ထန်းလျက်များကိုလည်း စုဆောင်းသိုသိပ်၍ အသင့်ထားရှိနေလေသည်။ အကြောင်းမှာ သူပုန်များ ရွာဝင်စီး၍ တောထဲပြေးပုန်းနေရသောအခါ ထမင်းခြောက်ကို ဆား၊ ထန်းလျက်တို့ဖြင့် စားကြရန်ဖြစ်လေသည်။

ထမင်းခြောက်များမှာ ကျောက်ခဲလိုမာတောင့်နေလေသည်။ ပါးစပ်ထဲတွင် အတော်ကြာကြာ မြုံ့ထားပြီးမှ ပျော့လာကာ ဝါးလို့ရတော့သည်။ ဆားကလေးနှင့် မြုံ့ကြည့်သောအခါ အရသာမှာ ငန်ဆိမ့်ဆိမ့်ကလေးရှိလေသည်။ တစ်ခါတစ်ခါတော့ ထမင်းခြောက်များကို မမသန်းက ဒယ်အိုးကြီးနှင့် လှော်၍ကျွေးတတ်သည်။ နီကျွတ်ကျွတ် ထမင်းခြောက်လှော်များကို ဆားကလေးဖြူး၍ လက်ဖက်ရည်ကြမ်းနှင့် အပျင်းပြေသောက်ရသည်မှာလည်း အရသာတစ်မျိုးပင်။ လက်ဖက်ရည်ကြမ်းဟု ဆိုသော်လည်း လက်ဖက်

ခြောက်မှာ လုံးလုံးမရှိပေ။ လယ်စပ်၌ ပေါက်နေသော ဒန့်ကျွဲပင်မှ အစေ့များကို လှော်ပြီး လက်ဖက်ခြောက် အစားကြားထိုး၍ သောက်နေကြရခြင်းသာဖြစ်လေသည်။

လူများအဖို့ မရနိုင်သော အစားအစာနှင့် ပစ္စည်းများကို ကြံဖန်ဉာဏ်ထွင်၍ ပြုလုပ်စားသုံးခြင်းဖြင့် ဘဝမှာ ဖြစ်သလို ရောင့်ရဲတင်းတိမ်ကာ ဝမ်းရေးအတွက် သိပ်မပူကြသော်လည်း တွေ့ကြုံရင်ဆိုင်ရမည့် ဘေးဒုက္ခ အန္တရာယ်အတွက်ကိုတော့ မပူဘဲမကြောက်ဘဲ မနေနိုင်ကြပေ။ သူတို့သည် မီးနှင့်ကပ်ထားသော "ယမ်းအိုး"ကြီးတစ်လုံးကို ဘယ်အချိန် မီးကူးပြီး ထပေါက်ကွဲထွက်လေမည်နည်းဟု စောင့်ကြည့်နေရသလို ရင်ထဲမှာ တထိတ်ထိတ် တလန့်လန့်ဖြစ်နေကြရလေသည်။

ညအမှောင်ပျိုး၍ မိုးချုပ်လာဆိုလျှင်ပင် တစ်ရွာလုံးမှာ တိတ်ငြိမ်နေတော့၏။ တစ်အိမ်နှင့်တစ်အိမ် ခါတိုင်းကဲ့သို့ ကူးလူးဆက်ဆံလည်ပတ်ခြင်း မပြုကြတော့ဘဲ ကိုယ့်အိမ်အသီးသီးမှာသာ ငြိမ်ကုပ်၍ တံခါးပိတ်တိတ်ဆိတ်နေကြလေသည်။ ထိုသို့ တိတ်တိတ်ဆိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြရခြင်းမှာပင် လူများအဖို့ ကျရောက်လာမည့် ဘေးအန္တရာယ်ဆိုးကြီးတစ်ခုကို စောင့်မျှော်နေရသလို ပို၍ ချောက်ချားစိတ်အားငယ်စေလေတော့သည်။

ထိုသို့အသက်မျှ ရဲရဲမရှူဝံ့ကြသလို တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသော ရေငန်းရွာကလေးကို "ဟေး" တိုက်သံကြီးတစ်ခုက ရုတ်တရက် ဆွဲခါလှုပ်ရမ်းလိုက်တော့သည်။ ထိုအခါ ရွာသူရွာသားများသည် အိပ်မောကျနေသူကို ဗြုန်းခနဲ ကိုင်လှုပ်၍ နှိုးလိုက်သောအခါ ဂဏှာရှုးထိုးလန့်နိုးသွားသကဲ့သို့ ဘယ်ပြေးရမှန်းမသိအောင် အကြီးအကျယ် တုန်လှုပ်သွားကြလေတော့၏။

အချိန်မှာ ည ၈ နာရီခန့်သာ ရှိသေးသည်။ နီနီလေးတို့ကလေးများပင် မအိပ်ကြသေးပေ။ အပြင်ဘက်တွင် အမှောင်ထုက စိုးမိုးနေသည်။ ထိုအမှောင်ထုကို ထိုးဖောက်၍ "ဟေး"သံကြီးက ထွက်ပေါ်ရောက်လာလေသည်။ ထို "ဟေးသံ"ကြီးမှာ ကရင်အမျိုးသားရွာကြီးတစ်ရွာဆီမှဖြစ်နိုင်ကြောင်းဖြင့် ကြီးကြီးညွန့်က ခန့်မှန်းလေသည်။ မီးမထွန်းသောကြောင့် အိမ်ကြီးထဲ၌လည်း မှောင်နှင့်မည်းမည်းဖြစ်နေလေသည်။ သို့မှောင် နှင့်မည်းမည်းဖြစ်နေသော အိမ်ကြီး၏ အလယ်ခန်းတွင် အိမ်သားအားလုံး သွားစုထိုင်ပြီး ရင်ကို မ၍နားစွင့်နေလိုက်ကြသည်။

"ဟေး"သံကြီးမှာ လူစုလူဝေးအများကြီး တက်တက်ကြွကြွ အော်နေကြသံများဖြစ်လေသည်။ နီနီလေးသည် နားထောင်နေရင်း မရီးလေးတို့ဆိုင် စားပြတိုက်ခံရပြီး ညက

ကြားခဲ့ရသော ဓားပြများ၏ "ဟေး" တိုက်သံများကို ပြေး၍ အမှတ်ရနေမိသည်။ ယခု ကြားနေရသော အသံများမှာလည်း ဓားပြများပင်ဖြစ်ရမည်ဟု တွေးကာ နီနီလေးသည် ရင်ကလေး တဆတ်ဆတ်ခုန်အောင် ကြောက်နေမိတော့၏။ သို့ရာတွင် ကြီးကြီးညွှန့် ကတော့ ကရင်တွေ ရွာကိုစီးဖို့လာနေခြင်းဖြစ်သည်ဟု လေသံဖြင့် ပြောလေသည်။ ထိုအခါ နီနီလေးက ယခုကြားနေရသံများမှာ ကရင်သူပုန် 'ရွှေထွန်းကြာ'တို့ အဖွဲ့ဖြစ်မှာပဲဟု တွေးလိုက်မိပြန်သည်။ သို့တွေးမိခြင်းမှာ ကရင်သူပုန် ဗိုလ်ရွှေထွန်းကြာ ဆိုသူသည် သူ့အပေါင်းအသင်း တပည့်လက်သားများနှင့် ဗမာရွာများကို ဝင်စီးလုယက် တိုက်ခိုက် နေသည်ဟူသော သတင်းများ လူကြီးများ ပြောနေကြသည်ကို နီနီလေး ကြားဖူးနေ ခဲ့ခြင်းကြောင့်ပင်။

"ဟေး" သံကြီးသည် တစ်ချက်တစ်ချက်၌ ဝေးသွားသလို တိုးသွားတတ်ပြီး တစ်ခါတစ်ခါမှာတော့ ဟိန်း၍ ထွက်လာခဲ့သံကြီးမှာ နီးကပ်ကျယ်လောင်လွန်းလှပေ တော့။

တစ်ရွာလုံးကလည်း နီနီလေးတို့ကဲ့သို့ပင် ငြိမ်၍နားထောင်နေကြပုံရှိသည်။ ကလေးငိုသံ၊ ခွေးဟောင်သံကိုမျှ မကြားရအောင် တိတ်ဆိတ်လွန်းနေတော့သည်။ ထိုအခါ တလောကလုံးကို 'ဟေး' သံကြီးများကသာ မြည်ဟိန်းပဲ့တင်ထပ်လျက် ရှိနေလေတော့ ၏ ။

ထိုသို့ တစ်ရွာလုံး တုတ်တုတ်မျှ မလှုပ်ဝံ့အောင် တိတ်ဆိတ် ငြိမ်သက်နေကြချိန် တွင် ...

"ဒုန်း"ဆိုသော အသံကြီးတစ်ခု ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။ "ဒုန်း" သံကြီးနောက်မှ ကပ်လျက် ရွာထဲဆီမှ ကြောက်လန့်တကြား စူးစူးဝါးဝါး အော်ဟစ်လိုက်ကြသံများကလည်း တစ်ဆက်တည်း ပေါ်လာခဲ့တော့၏။

"ဟဲ့ ... ဟဲ့ ... လာကြ ... သူပုန်တွေ သေနတ်ဖောက်ပြီး ... ရွာကိုဝင်စီးပြီ ..."

ကြီးကြီးညွှန့်က အလောတကြီးခေါ်ရင်း အိမ်နောက်ဆီသို့ ထပြေးတော့သည်။ ထိုအခါ နီနီလေးတို့အားလုံးကလည်း နောက်မှပြေးလိုက်ကြသည်။ ထိုအခါ မှောင်နှင့် မည်းမည်းထဲတွင် ခလုတ်တိုက်သံ "ဂလုံဂလွမ်" များက အိမ်ထဲတွင် ဆူဆူညံညံဖြစ် သွားလေသည်။ နီနီလေးကမူ စီစီလေးကို ချီထားနေသော မေမေ့လက်တစ်ဖက်ကို တင်း တင်းဆုပ်ကိုင်ထားသဖြင့် ချော်မလဲခဲ့ပေ။

သူတို့သည် မီးဖိုထဲသို့ရောက်လျှင် တစ်ယောက်က တံခါးကို ဖွင့်လိုက်သည်။

ထိုအခါ အပြင်ဘက်တွင် မှောင်သည်ဆိုသော်လည်း ကြယ်ရောင်များကြောင့် အိမ်ထဲမှာထက် အနည်းငယ် ပိုလင်းသည်။ မှောင်ထဲတွင် ကျင့်သားရသွားသလို ဖြစ်သွားသော သူတို့မျက်လုံးများကလည်း ကြယ်ရောင်ကလေးများကို အားပြု၍ မှုန်ဝါးဝါးကြည့်မြင် တတ်သွားကြတော့၏။

အိမ်နောက်တွင် အသင့်ချည်ထားသော လှေကလေးတစ်စင်းထဲသို့ မိန်းမတွေနှင့် ကလေးတွေကို အဆင်းခိုင်းလိုက်ကြသည်။ ရေပြည့်နေသောကြောင့် လှေထဲသို့ လွယ်လွယ်ကူကူပင် ဆင်းနိုင်ကြလေသည်။

တစ်ရွာလုံးမှာလည်း ပြေးကြ၊လွှားကြ၊ ခေါ်ကြ၊ အော်ကြသံများ၊ ကလေးငိုသံ၊ ခွေးဟောင်သံများနှင့် ရုတ်ရုတ်သဲသဲဖြစ်နေလေတော့သည်။

နီနီလေးတို့သည် လှေထဲ၌ စုထိုင်နေကြပြီးနောက် အရေးရှိမှ လှော်ပြေးရန် မမသန်းတို့က လှော်တက်ကို အသံပြင်ရင်း အိမ်ဘေး၌ ကပ်၍ အရိပ်ခိုနေလိုက်ကြသည်။ ဖေဖေတို့ ယောကျ်ားတစ်စုကတော့ အိမ်ပေါ်မှာပင် စောင့်ကျန်ရစ်ကြသည်။

ထိုအခါကျမှ မမသန်းက သူ့ထမင်းခြောက်အိတ်များကို သတိရလာတော့၏။ ထို့ကြောင့် အိမ်ပေါ်မှ သူ့အစ်ကိုများကို ထမင်းခြောက်အိတ်များ ယူပေးရန် မမသန်းက အော်တောင်းလိုက်လေသည်။ ခဏအကြာတွင် မီးဖိုပြတင်းပေါက်ဆီမှ "ရော့ ... ရော့" ဟု လှမ်းပေးသံကြောင်း မမသန်းက လှေကို ရှေ့သို့တိုး၍ သွားလိုက်သည်။

"ဝုန်း"

"အမလေး"

ရုတ်တရက်ဝုန်းဆိုသော အသံကြီးနှင့်အတူ လှေပေါ်မှ ကြီးကြီးညွန့် မေမေနှင့် မမသန်းတို့၏ အလန့်တကြား အော်လိုက်သံများက စူးစူးဝါးဝါး ထွက်ပေါ်သွားခဲ့ကြလေသည်။

"ဘာဖြစ်သလဲ ... ဘာဖြစ်သလဲ"

ဖေဖေတို့လည်း ပြတင်းပေါက်သို့ စုပြုပြေးလာပြီး စိုးရိမ်တကြီးမေးလိုက်ကြသည်။

ကြီးကြီးညွန့်နှင့် မေမေတို့ကလည်း ဘာဖြစ်မှန်းမသိ။ ဘာမှမဖြေတတ်ကြ။ နောက်မှ ကိုစွန်ရှိန်က ဖြေလိုက်သည်။

"ကျွန်တော်ပါ"

"ဟဲ့ ... ဘယ်လိုများ ဖြစ်သွားရတာလဲ"

ကိုစွန်ရှိန်က ပြောလိုက်တော့မှ ကျန်လူများမှာ အကြောက်ပြေသွားကြပြီး သူရှိရာ မှောင်ရိပ်ထဲသို့ မျက်လုံးကို ဖြဲကြည့်လိုက်ကြသည်။ မှောင်ရိပ်ကျကျနေရာထဲ၌ လှုပ်တုတ်တုတ်ပေါလောလောဖြစ်နေသော ကိုစွန်ရှိန်ရှိရာသို့ မမသန်းက လေ့ကိုလှော်သွားလိုက်သည်။ ပြီးလျှင် ကြီးကြီးညွန့်တို့က ကိုစွန်ရှိန်ကို ယူ၍ ဆွဲတင်လိုက်ကြရသည်။ နီနီလေးတို့မှာ ကြောက်ရလန့်ရသည့်ကြားထဲမှ တစ်ကိုယ်လုံး ရေစိုကာ မှောင်ကြီးမည်းမည်း၌ စမ်းတမ်းစမ်းတမ်းပြုနေသော ကိုစွန်ရှိန်ကို ကြည့်၍ ငိုအားထက်ရယ်အားသန်မိကြလေတော့၏။

မမသန်းက လေ့ကိုအိမ်ဘေးသို့ လှည့်ကပ်ပေးလိုက်လျှင် အိမ်ပေါ်မှ ဦးလေးကြိုင်နှင့် ကိုစွန်ရှူတို့က ကိုစွန်ရှိန်ကို ဆွဲတင်တွဲခေါ်ကြရပြန်သည်။

အမှန်က ကိုစွန်ရှိန်မှာ မျက်စိအားနည်းသူဖြစ်လေသည်။ နေ့အလင်းရောင်မှာပင် သူ့မျက်စိက ခပ်မှုန်မှုန်ဖြစ်ရာ ညမှောင်မှောင်၌မူ မမြင်ရတော့ပေ။ သို့ရာတွင် အိမ်တွင်းမှာတော့ သူ့စိတ်မှန်းဖြင့် သွားတတ်လာတတ်နေခဲ့လေသည်။ ယခု မမသန်းက ထမင်းခြောက်ထုပ် တောင်းသောအခါ သူက မှောင်ထဲမှပင် သွား၍ယူလေသည်။ ထိုနောက် ပြတင်းပေါက်မှ လှမ်းပေးဖို့ကျတော့ သူက မမသန်းတို့ရှိရာကို မမြင်ရတော့ပေ။ ထို့ကြောင့် မမသန်းက သူ့ဆီမရောက်မီမှာ သူက ရမ်းသမ်းလှမ်းပေးသည်။ မမသန်းမရောက်လာသေးသည်ကို သူကမမှို၍ဟုထင်ကာ အားပြု၍ ရှေ့တိုးပေးလိုက်သည်တွင် မမြင်မစမ်းနှင့် မဟန်နိုင်ဘဲရေထဲသို့ "ဝုန်း"ခနဲ့ ပစ်ကျသွားခဲ့ခြင်း ဖြစ်လေတော့၏။

"ကဲ ... ကဲ ... ဘာမှမဟုတ်တော့ဘူး ... အိမ်ပေါ်ပြန်တက်ခဲ့ကြပေတော့"

ဖေဖေက မီးဖိုထဲသို့ ဝင်လာပြီး လှမ်းခေါ်လိုက်သဖြင့် နီနီလေးတို့အားလုံး အိမ်ပေါ်သို့ ပြန်တက်ခဲ့ကြလေတော့၏။

အိမ်ပေါ်သို့ ပြန်ရောက်ကြပြီး သူတို့တစ်တွေ ကြောက်လန့်တကြား ထွက်ပြေးခဲ့ကြရသော အဖြစ်မှန်ကို သိရှိကြရပြန်သောအခါ၌ကား တစ်အိမ်သားလုံးမှာ "မပြုံးဘဲနှင့် ဝါးလုံးကွဲ" ရယ်လိုက်ကြရပြန်လေတော့၏။

အကြောင်းမှာ သူတို့ရွာကို ဘယ်ကရင်သူပုန်ကမျှ လာမစီးခဲ့ကြပါ။ စောစောတည်းက ကြားခဲ့ရပြီး ယခုလည်း ဆက်၍ကြားနေရသော "ဟေး"သံများမှာ ကရင်ရွာကြီးမှ မင်္ဂလာဆောင်တစ်ခုတွင် သူတို့တိုင်းရင်းသားများ၏ ဓလေ့ထုံးစံအတိုင်း ပျော်ရွှင်မြူးတူးစွာ အော်ဟစ်သီဆို၊ ကခုန်နေခြင်းသာဖြစ်ကြောင်း သတင်းရောက်လာခဲ့လေသည်။

ပြီး ... တစ်ခါ "ဟေး" သံကြီးကို လန့်နေကြချိန် "ဒုန်း"ခနဲ မြည်သွားသံကြီး

မှာလည်း ဘယ်သူပုန်ကမျှ သေနက်ဖောက်၍ ရွာကို စီးခြင်းမဟုတ်ပါ။ ရွာလယ်ရှိ မိဝက်တို့အိမ်မှ ကလေးပုခက်ပြုတ်ကျခဲ့သည့်အသံသာ ဖြစ်သည်ဟူသတတ်။

“ဟိုတုန်းက ... ငါ့ဇကောကြောင့် တိုင်းပြည်ပျက်ခဲ့သလို ... အခုလည်း ကလေးပုခက်ကြိုးပြတ်ကျသံကြောင့် ... ရွာပျက်တော့မလို့ ... သီသီကလေး လိုတော့တယ်”

အခုတော့မှပဲ တစ်ရွာလုံးမှာ “ငိုအားထက် ... ရယ်အားသန်” ကာ လှုပ်လှုပ်ရွရွ ဖြင့် ပြောဆိုရယ်မောနိုင်ကြလေတော့၏။

❐

# မြို့သို့အပြန်ခရီး

"ကျွန်မတော့ ... မြို့မှ ဗုံးကျလို့ သေချင်လည်း သေပါစေတော့ ...

ဒီမှာလို ... နေ့တထိတ်ထိတ် ... ညတထိတ်ထိတ်နဲ့ ... ဓားတဝင့်ဝင့်လုပ်ပြီး ... အသက်ဖက်နဲ့ထုပ်ထားနေရတဲ့ဆီမှာဖြင့် ... ဆက်ပြီးမနေချင်တော့ပါဘူး"

မေမေ၏ စိတ်မချမ်းမြေ့စွာ ညည်းညူသံကို နီနီလေးကြားလိုက်ရပြီးနောက် မကြာမီမှာပင် သူတို့မိသားစု မြို့သို့ပြန်ရန် ဖေဖေက စီစဉ်ပြင်ဆင်ကြတော့သည်။

သူတို့မြို့ပြန်တော့မည်ဆိုသောအခါ ကြီးကြီးညွှန့်တို့ တစ်အိမ်သားလုံးက ဝိုင်းဖျက်ကြလေသည်။ "သေအတူ ရှင်မကွာ" နေကြပါစို့ဟု ဆိုကြသည်။ ကြီးတော်နှင့် အရီးလေးတို့ကလည်း ဝိုင်း၍တားကြသည်။ အားလုံးက စိတ်မကောင်းကြ။

တကယ်တော့ ဖေဖေနှင့် မေမေတို့ကလည်း ဘကြီးဦးစံနန်းနှင့် ကြီးကြီးညွှန့်တို့မိသားစုကို ခွဲမသွားလိုကြပါ။ ကြီးတော်နှင့် အရီးလေးတို့နှင့်လည်း နီးနီးပင်နေလိုကြပါသည်။ သို့ရာတွင် "မင်းမဲ့တိုင်းပြည်"ပမာ ဘယ်သူ့ကြောက်၍ ဘယ်သူ့အားကိုးရမှန်းမသိဖြစ်နေသော အရပ်ဒေသမျိုးတွင်တော့ ဖေဖေတို့က ဆက်ပြီးမနေလိုကြတော့ပါ။

ဘယ်သူတား၍မျှ မရဘဲ ဖေဖေ၊ မေမေတို့ တကယ်ပင်မြို့သို့ပြန်ရန်သေချာသွားသောအခါ အဘွားက သူလည်းလိုက်မည်ဟု ပြောလေသည်။

နီနီလေးတို့စီးသွားရမည့် သမ္ဗန်ကြီးသည် ကြီးကြီးညွှန့်တို့အိမ်နောက် ရေစင်ဆေး

သို့လာကပ်ပြီး ပစ္စည်းများကို သယ်ချလိုက်ကြသည်။ ထိုနောက် လူများပါ ဆင်းလိုက်ကြတော့သည်။

ကြီးကြီးညွှန့်က အိမ်ပေါ်မှ မျက်ရည်များကျရင်း ကြည့်နေလေသည်။ အိမ်ခေါင်ပေါ်မှ ခိုကလေးများကလည်း သူတို့နှင့်မိတ်ဆွေဖြစ်နေခဲ့သော နီနီလေးကို နှုတ်ဆက်ချင်ကြသလို၊ သမ္ဗန်သို့ဆင်းလာနားနေကြသည်။ သို့ရာတွင် နီနီလေးတို့ကို လိုက်ပို့ကြမည့် ဦးမြကြီးနှင့် ဦးမြထွေးတို့ ညီအစ်ကိုက သမ္ဗန်ခတ်တက်ကြီးကို "ကျို" ခနဲ လှုပ်ခတ်လိုက်သောအခါ ခိုကလေးများ အပေါ်သို့ ပြန်တက်ပြေးကြလေတော့၏။

နောက်တော့ နီနီလေးတို့မိသားတစ်စုသည် နှစ်လကျော်ကျော်ကြီးကြာအောင် ခိုနားနေထိုင်လာခဲ့ကြရသော အိမ်အိုမြင့်မြင့်ကြီးနှင့်အတူ တစ်ဖက်သားများအပေါ် မေတ္တာစေတနာကြီးမားလှသလောက် ရိုးသားအေးဆေးကြသည့် ဘကြီးဦးစံနန်းနှင့် ကြီးကြီးညွှန့်တို့ မိသားစုအား ဝမ်းနည်းစွာဖြင့် ခွဲခွာခဲ့ကြရလေတော့၏။ ထိုသို့လူချင်းသာခွဲခွာခဲ့ကြရသော်လည်း ကြီးကြီးညွှန့်တို့မိသားစု၏ မွန်မြတ်လှသော မေတ္တာစေတနာနှင့် ကျေးဇူးတရားများက နီနီလေးတို့ မိသားစု၏ အသည်းနှလုံးများထဲတွင် တစ်သက်မမေ့နိုင်အောင် စွဲမြဲပါရှိသွားခဲ့လေပြီတည်း။

ကြီးကြီးညွှန့် တစ်ယောက်မှာတော့ ဝမ်းနည်းခြင်းနှင့်အတူ စိတ်ပျက်အားငယ်ခြင်းကိုပါ ခံစားရင်း ကျန်ခဲ့ရရှာလေတော့၏။

ရွာလယ် ကျောက်တံတားကြီးသို့ရောက်လျှင် ခဏဝင်ကပ်၍ အဘွားကို ခေါ်ရလေသည်။ ကြီးတော်က နီနီလေးတို့ လမ်းမှာစားသွားရန်ဟု ဝါဝါထိန်ထိန် ဆီထမင်းများနှင့် ငါးကြော်များဆင်းပို့ပေးသည်။ တစ်ခြားရွာသို့ သွားလည်နေသော မပုကိုတော့ နီနီလေး မတွေ့ခဲ့ရတော့ပေ။

ရေငန်းရွာသို့ရောက်ပြီးနောက် ရွာတစ်ဖက်တစ်ပိုင်းစီနေခဲ့ကြသောကြောင့် တစ်ကြောင်း၊ မေမေက ရွာရိုးလျှောက်လည်ခွင့်မပြုသည်ကတစ်ကြောင်း၊ ကိုယ့်အိမ်မှာပင် မမပုနှင့် ကစားဖော်ရှိနေခဲ့သည်တစ်ကြောင်းကြောင့်၊ နီနီလေးမှာ မပုတို့ အကောက်တို့ မောင်နှမတစ်စုနှင့် သိပ်မကစားဖြစ်ခဲ့တော့ပေ။ တစ်ခါတစ်ရံ မေမေက သူတို့အပိုင်းသို့ သွားသည့်အခါများနှင့် အရီးလေးတို့က သည်ဘက်ပိုင်းကို လာကြသည့်အခါများ၌သာ သူတို့မောင်နှမဆွေမျိုးချင်းဆုံတွေ့၍ ကစားဖြစ်ကြရလေသည်။

"အမေ ...ဘာဖြစ်လာသလဲ"

ကျောက်တံတားကြီးမှ သမ္ဗန်ခွာလိုက်လျှင် တစ်စုံတစ်ခုအတွက် မကျေမနပ်ဖြစ်

လာပုံရသော အဘွားကို မေမေက မေးလိုက်သည်။ ထိုအခါ အဘွားက ပြန်ဖြေလေသည်။

"အထောင်ပေါ့ကွယ် ... ငါ့မှာ ငွေနည်းနေလို့ ငွေနည်းနည်းလောက် ခဏလှည့်လိုက်စမ်း... နောက်တော့ ငါ့စပါးရောင်းတဲ့အထဲက နှိမ်ယူလိုက်လို့ပြောတာ မရှိဘူးတဲ့လေ"

"ဩော် ... အမေကလည်း ... သူ့အကြောင်း သိရက်သားနဲ့ ... ဘာလို့များ သွားလှည့်ရတာလဲ ... ကိုယ့်မှာ ရှိသလောက်နဲ့ ... ဖြစ်သလိုပေါ့ အမေရယ်"

"ဒင်းကို ကတ်သတ်လွန်းတယ် ... ငါမပြောချင်ပါဘူး ... သူ့အတွက်ကျ သူများတွေက ... ဘယ်အထိလုပ်ပေးပေး ... သူ့အလှည့်ကျရင် ... အင်မတန်တွန့်တိုကတ်သတ်တယ်..."

တော်ရုံတန်ရုံ စိတ်ဆိုးခဲသော အဘွားသည် ယခုမူ ဦးလေးအထောင်ကို အတော်ကလေးဒေါသဖြစ်ကာ ပြောဆိုနေလေသည်။ အဘွားက တစ်သက်လုံး ဘယ်သူ့ဆီကမှ လက်ဖြန့်၍ မတောင်းဘူးခဲ့။ ယခုမူ အခိုက်အတန့်အားဖြင့် လိုလွန်း၍သာ စပါးရောင်းပြီးတော့ နှိမ်ယူပါဟု ပြောသည်ကိုပင် ရှိလျက်သားနှင့် ပြောင်ပြောင်ငြင်းလိုက်သော ဦးလေးအထောင်အား အဘွားက ခံပြင်းခြင်းလည်း ဖြစ်နေလေသည်။

ဦးလေးအထောင်နှင့် အရီးလေးတို့ဆိုင်ကို ဓားပြတိုက်ခံရပြီးနောက် လက်လွတ်ထွက်ပြေးခဲ့ရသဖြင့် ဦးလေးအထောင်တို့၏ စပါးများနှင့်အတူ အဘွား၏စပါးများလည်း သူ့ဟာကလေးနှင့် သူသပ်သပ်ကျန်နေခဲ့လေသည်။

ထိုနောက် ဦးလေးအထောင်၏စပါးများကို ကြိုက်သလို ခွဲဝေယူလိုက်ကြသော်လည်း အဘွား၏စပါးများကိုမူ ....

"ဒါ ... အဘွားကြီးစပါးတွေဟေ့ မလုပ်ကြနဲ့" ဟု အချင်းချင်းသတိပေးပြောဆိုကာ ဘယ်သူမှ မယူဘဲ သည်အတိုင်းထားခဲ့ကြလေသည်။ ထို့အပြင် အဘွား၏စပါးများကို လာ၍ သယ်ယူရန် သူတို့ကပင် လူကြုံမှာနေလိုက်သေးသည်။ အဘွား၏စပါးများကို အေးအေးချမ်းချမ်း အနှောင့်အယှက်မရှိ လာယူပါဟုဆိုကြသည်။ အဘွားကို လူဆိုးများကပင် မေတ္တာထားခဲ့ကြလေသည်။ ထိုနောက် အဘွားက သူ့စပါးများကို ဦးမြထွေးတို့ကို လွှတ်၍ အယူခိုင်းခဲ့ရလေသည်။ ထိုစပါးများကို ရောင်းပြီးလျှင် ငွေပေါ်မည်။ သို့ရာတွင် အဘွားက စပါးမရောင်းရသေးခင် မြို့ပြန်မည့် နီနီလေးတို့နှင့်လိုက်လိုသဖြင့် စပါးကို ကြည့်ရောင်းလိုက်ရန် လွှဲပစ်ခဲ့သည်။

အဘွားမှာ ပိုက်ဆံမပြတ်ပါ။ သို့ရာတွင် နည်းနေမည်အထင်ဖြင့် ဦးလေးအထောင်ဆီတွင် မပြောစဖူး ငွေလှည့်မိခဲ့သည်။ အလကားမဟုတ်၊ စပါးရောင်းပြီး နှုတ်ယူထား

လိုက်ရန်ဖြစ်သည်။ သို့ရာတွင် ဦးလေးအထောင်က သူ့မှာ ရှိလျက်သားနှင့် မျက်စိမိုတ်ငြင်းလိုက်သောအခါ အဘွား၏ရှားပါးသော ဒေါသများမှာ ပေါက်ကွဲထွက်လာတော့သည်။

မြို့အပြန်ခရီးအတွက် ဦးမြဦးနှင့် ဦးမြထွေးတို့ ညီအစ်ကိုက သမ္ဗန်လိုက်ခတ်၍ ပို့ပေးကြသည်။ ဦးမြဦးမှာ မမငြိမ်းအုံ၏ အဖေဖြစ်လေသည်။ သူတို့နှစ်ယောက်ကို ဦးလေးကြိုင်ကလည်း ကူခတ်ပေးလေသည်။

သည်တစ်ခါတော့ သမ္ဗန်ကြီးကို အသေအချာ ဆေးကြောသုတ်သင်ပြီးမှ စီးလာခဲ့ကြရာ နီနီလေးတို့မှာ ဟိုတစ်ခါပြေးခဲ့စဉ်ကလို စပါးမှုန်များ စူးခြင်း၊ ယားယံခြင်းများမှ ကင်းဆေးကြရလေသည်။ သူတို့မိသားစုချည့်မို့ ကျယ်ကျယ်ဝန်းဝန်းနှင့် အေးအေးသက်သာလည်း ရှိကြတော့သည်။

ဖေဖေ့တွင်လည်း ဟိုတစ်ခါလို လယ်သမားကြီးဟန်ဖြင့် ရုပ်ဖျက်စရာမလိုတော့၊ သူ့နဂိုအတိုင်း စိတ်လွတ်၊ လက်လွတ်ဖြင့် သာယာအေးချမ်းနေသော တောတောင် ရေမြေပတ်ဝန်းကျင်၏ သဘာဝအလှများကို ခံစားကြည်နူးနိုင်လေတော့သည်။ ပြီးလျှင် ဖေဖေ့အဖို့ လူကြားအောင် တမင်ဟာစ်စရာမလိုတော့ဘဲ သူ့အသည်းစွဲ "ယမုန်နာ" ပတ်ပျိုးကလေးကို သာယာကြည်နူးစိတ်ကလေးဖြင့် အေးအေးညင်းညင်း သီဆို ညည်းတွားလာနိုင်နေခဲ့လေ၏။

သမ္ဗန်ကြီးသည် ရေငန်းရွာမှ ထွက်ခဲ့ပြီးနောက် အိမ်တစ်လုံးရွာကတက်ကွင်းရွာ၊ ကြွက်နွယ်ချောင်း၊ ဘုရားကြီး၊ ကညင်ကုန်း၊ မြို့ဟောင်းကုန်းသာ၊ တံတားကြီး၊ တောင်ကလေးစသော ရွာစဉ်တစ်လျှောက်ကို ရေစောင့်လိုက် ခတ်လိုက်ဖြင့် တစ်နေကုန်ခရီးနှင်လာခဲ့ပြီးနောက် အတော်ကြီးကို မိုးချုပ်မှ မြောင်းမြမြို့သို့ ရောက်ကြတော့သည်။

မြောင်းမြမြို့လေးမှာ တိတ်ဆိတ်ခြောက်သွေ့နေသလို ထင်ရသည်။ မှောင်မည်းငြိမ်သက်လျက်ရှိသည်။ ဆိပ်ကမ်းတစ်လျှောက်တွင် လှေနှင့်သမ္ဗန်များ အစီအရီဆိုက်ကပ်ထားကြသည်။ လှေနှင့် သမ္ဗန်ရှင်အားလုံး အိပ်မောကျနေကြသလားမသိ၊ အားလုံးငြိမ်သက်တိတ်ဆိတ်နေတော့သည်။

နီနီလေးတို့၏ သမ္ဗန်မှာလည်း ရေစောင့်ရင်း မြောင်းမြဆိပ်ကမ်းတွင် တစ်ညအိပ်လိုက်ကြသည်။ ထိုနောက် မနက်မစောကြီး မိုးမလင်းခင်မှာပင် ပုသိမ်မြို့ဆီသို့ ဆက်ထွက်ခဲ့သည်။ သမ္ဗန်မထွက်ခင် ဖေဖေက ကိုကြီးနှင့် ကိုညီကို မြောင်းမြကမ်းပေါ်သို့ ခဏခေါ်သွား၍ ပြခဲ့သေးသည်။

"မြို့ထဲမလည်ရပေမယ့် ... မြောင်းမြမြေကို နင်းဖူးတာပေါ့" ဟု ကမ်းပေါ်မှ ပြန်ဆင်းလာသော ကိုညီက ကြွားလေသည်။

အလင်းရောင်သေးသော မြစ်ပြင်တစ်လျှောက်မှာ မှောင်မှိုင်းမှိုင်းရှိနေလေသည်။ မှောင်မှိုင်းနေသလို တိတ်တိတ်ဆိတ်ဆိတ်လည်း ရှိနေသော မြစ်ပြင်ဝယ် သမ္ဗန်ခတ်လိုက်တိုင်း ခတ်တက်လက်ကိုင်နှစ်ခု ပွတ်မိသံ 'တကျွိကျွိ'နှင့် ခတ်တက်ပြားက ရေပြင်ကို ခုတ်လိုက်တိုင်း 'ရှုရပ်' 'ရှုရပ်' နှင့် ညင်ညင်သာသာ မြည်သံများကသာ တစ်လှည့်စီ ထွက်ပေါ်နေလေတော့သည်။

"ဟော့ ... ဟိုသမ္ဗန်ဘယ်သွားမလို့လဲ ... ကပ်ခဲ့စမ်း"

သူတို့သမ္ဗန်မြောင်းမြမှ ထွက်လာခဲ့ပြီး တစ်နာရီခန့်အကြာတွင် ရုတ်တရက် ကမ်းပေါ်မှ အသံမာမာနှင့် လှမ်းခေါ်ခြင်းကို ခံလိုက်ရသည်။ အရှေ့ကောင်းကင်တွင် ရောင်နီကလေးက ခေါင်းပြူစပြုလာခဲ့ပြီဖြစ်သော်လည်း မြစ်ပြင်ထဲတွင်မူ ခပ်မှောင်မှောင်ပင် ရှိနေသေးသည်။

"ကပ်ပေးလိုက်ဟော့ ... ကပ်ပေးလိုက်"

ကမ်းပေါ်မှ အမိန့်သံကြောင့် ဖေဖေက ပေါင်းမိုးအပြင်ဘက် သမ္ဗန်ဦးသို့ ထွက်ရပ်ရင်း ကပ်ပေးလိုက်ရန် ပြောလိုက်သည်။ ပြီးလျှင် ဖေဖေက ယခုရောက်ရှိနေသော ဒေသပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုပြီး မှတ်ချက်ချလိုက်တော့သည်။

"ဒါ ... သစ်ဆိမ့်ကုန်းတောင်ကလေးရွာပဲ"

အအိပ်ဆတ်သော နီနီလေးမှာ သမ္ဗန်စထွက်တည်းက နိုးလာခဲ့သည်။ သူသည် ပေါင်းမိုးစပ်သို့ သွားရပ်ပြီး အပြင်သို့မျှော်ကြည့်လိုက်သည်။ နံနက်စောစော မိုးမလင်းသေးမီ မြစ်ပြင်ကိုဖြတ်တိုက်လာခဲ့သော လေမှာ အေးမြလျက် လူကို လန်းဆန်းသွားစေလေသည်။

သူတို့၏ သမ္ဗန်ကြီးသည် ကမ်းစပ်ရှိ တံတားကလေးတစ်ခုဆီသို့ ကပ်သွားလိုက်ရသည်။ တံတားကလေးပေါ်တွင် လူသုံးလေးယောက် စုရပ်နေကြသည်။ သူတို့၏နောက်နားတွင် ကင်းတဲနှင့်တူသော ဝါးတဲကလေးတစ်ခုရှိသည်။ ဝါးတဲတွင် စက္ကူအနီများ ပတ်၍ ထွန်းထားသော လက်ဆွဲမှန်အိမ်ကလေး တစ်လုံးက နီနီရဲရဲကလေး ရှိနေသည်။

"ဒီသမ္ဗန်... ဘယ်သွားမလို့လဲ"

လူစုထဲမှ ခေါင်းဆောင်နှင့် တူသူတစ်ယောက်က ခပ်ပြတ်ပြတ် လှမ်းမေးလိုက်သည်။ ဖေဖေကတော့ ကောင်းမွန်စွာပင် ပြန်ဖြေလိုက်သည် ။

"ကျုပ်တို့ ... ပုသိမ်ကို သွားမလို့ပါ"

"ဘာသွားလုပ်မှာလဲ"

"ကျုပ်တို့က စကတည်း ပုသိမ်ကပါ ... စစ်ဖြစ်လို့ တောကိုပြေးသွားခဲ့ကြတာ အခုတောမှာ မနေချင်တော့တာနဲ့ ... ပုသိမ်ကို ပြန်ပြောင်းလာခဲ့တာပါ"

သမ္ဗန်မှာ တံတားတွင် ကပ်နေပြီဖြစ်ရာ တံတားပေါ်မှ လူများနှင့် သမ္ဗန်ပေါ်မှ ဖေဖေတို့မှာ တစ်ဦးနှင့်တစ်ဦး အတော်ကလေး သဲသဲကွဲကွဲ မြင်ကာသွားကြလေသည်။

ကင်းတဲမှ ခေါင်းဆောင်၍ မေးနေသူမှာ အသက်မကြီးလှသေးသော လူငယ်တစ်ဦးသာ ဖြစ်သည်။ သူက ဖေဖေ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း သမ္ဗန်ဆီသို့ ဆင်းလာသည်။ အနီးသို့ရောက်လျှင် သူက အံ့ဩဝမ်းသာစွာဖြင့် ဖေဖေ့ကို နှုတ်ဆက်လိုက်တော့၏။

"ဟာ ... ဆရာပါလား"

သူ၏ လှိုက်လှဲသောအသံကြောင့် ဖေဖေကလည်း စိတ်အေးဝမ်းသာ ပြုံးရယ်ပြီး ပြန်လှန်နှုတ်ဆက်လိုက်ရသည်။

"အေး ... ကွယ်" ဟုဆိုလိုက်သော်လည်း ဖေဖေက သူ့ကိုမည်သူမည်ဝါဟု မှတ်မိဟန်မတူ။ သူကလည်း ရိပ်မိလိုက်ပုံရသည်။

"ကျွန်တော် ... ဆယ်တန်းက ... ဆရာ့တပည့် စောကျော်ထူးပါ ဆရာ"

သူကရိုသေလေးစားသော လေသံဖြင့် ထုတ်ဖော်ပြောလိုက်တော့မှ ဖေဖေက မှတ်မိသလို ရှိသွားတော့၏။

"အေးကွယ် ... တပည့်ရယ် ... ဆရာက ... ဖြုန်းကနဲဆိုတော့ ... မင်းနာမည်ကို စဉ်းစားမရဘူး ... တပည့်နဲ့လာတွေ့ရတာ ဝမ်းသာတယ်ကွာ"

ဖေဖေတို့ ဆရာတပည့်နှစ်ယောက်မှာ ဝမ်းသာရွှင်ပြုံးစွာ အပြန်အလှန် နှုတ်ဆက်ကြပြီး သူကမေးသဖြင့် ဖေဖေက စစ်ပြေးခဲ့ရပုံများကို အတိုချုံး၍ ပြောပြလိုက်ရသည်။

"ခုတော့ ... ဆရာတို့လည်း ပုသိမ်ပဲ ပြန်နေတော့မလို့ကွယ်"

"နို့ ... ဆရာတို့မှာ ခရီးသွားခွင့် လက်မှတ်ပါခဲ့ရဲ့လား"

"ဘာလက်မှတ်မှ မပါဘူး တပည့်ရ ... လက်မှတ်ယူရမှန်းလည်း မသိပါဘူး ကွယ်... ဘယ်သူ့ဆီက ယူခဲ့ရမယ်ဆိုတာလည်း နားမလည်ခဲ့ပါဘူးကွယ်"

"ကိစ္စမရှိပါဘူး ... ဆရာ ... ကျွန်တော် လက်မှတ်ရေးပေးလိုက်ပါ့မယ်... လမ်းမှာ ကင်းတွေက စစ်ရင် ... အဲဒီလက်မှတ်ကို ထုတ်ပြလိုက်ပေါ့"

ဖေဖေ့တပည့် စောကျော်ထူးဟာ ကင်းတဲသို့ တက်သွားပြီး လက်မှတ်ကလေး

တစ်စောင် ရေးပေးလိုက်လေသည်။ ဖေဖေလည်း ကျေးဇူးစကားဆိုပြီး သမ္ဗန်ကို တံတားမှ ခွာခဲ့ကြလေတော့၏။ ထိုအချိန်တွင် မိုးမှာလည်း လင်းလာခဲ့လေပြီ။

လမ်းတစ်လျှောက် ကင်းတဲများက ခေါ်စစ်သမျှ ဖေဖေ့ တပည့်စောကျော်ထူး၏ လက်မှတ်ကျေးဇူးကြောင့် အတားအဆီးမရှိ အေးအေးချမ်းချမ်းပင် ခရီးကို ဆက်နိုင်ခဲ့ကြလေသည်။

ထိုသို့ နီနီလေးတို့၏ သမ္ဗန်ကြီးသည် အရှိန်မှန်မှန်ဖြင့် ဇရာတစ်ကြောမှာဆက်၍ မျောခဲ့ကြရာတွင် ဖေဖေ့တပည့် စောကျော်ထူး၏ လက်မှတ်ကျေးဇူးကြောင့် အတားအဆီးမရှိ အေးအေးချမ်းချမ်းပင် ခရီးကို နှင်နိုင်ခဲ့ကြလေသည်။ သို့ရာတွင် ရေမမှီသောအခါ နားပြီး စောင့်စောင့်နေခဲ့ရသဖြင့် အတော်ကြီး မိုးချုပ်၍ မှောင်တော့မှသာ ပုသိမ်မြို့အဝင် "ဂလက်စဗီ" စက်ဆိပ်သို့ ရောက်နိုင်ခဲ့ကြတော့သည်။ ဗုံးဒဏ်ကြောင့် ဂလက်စဗီစက်ကြီးမှာ မီးလောင်ပျက်စီးကာ မှောင်လည်း တိတ်ဆိတ်နေလေသည်။

နီနီလေးတို့သည် ရေတက်ကို စောင့်ရင်း မှောင်မှောင်မည်းမည်း "ဂလက်စဗီ" စက်ဆိပ်မှာပင် ညအိပ်လိုက်ကြရပြန်သည်။

နောက် သန်းခေါင်ကျော် ၁ နာရီခန့်တွင် ရေတက်လာရာ သမ္ဗန်ကို ဆက်ထွက်ရန် ထပြင်ကြရပြန်သည်။ သမ္ဗန်ကို ဆိပ်မှခွာရာတွင် ခတ်တက်နား၌ အရာဝတ္ထုကြီးတစ်ခု လာကပ်နေသဖြင့် ဦးလေးကြိုင်တို့က ဘေးသို့ ပုတ်ထုတ်လိုက်သည်။ ထိုနောက် ဘာကြီးများပါလိမ့်ဟု မီးနှင့်ထိုးကြည့်လိုက်သောအခါ လူသေအလောင်းကြီးဖြစ်နေသည်ကို စိတ်ချမ်းမြေ့စရာ တွေ့သိလိုက်ကြရလေသည်။ တစ်ချိန်လုံး သူတို့သမ္ဗန်ဘေး၌ လူသေအလောင်းကြီးတစ်လောင်းကိုထားပြီး အိပ်နေခဲ့ကြရကြောင်း ထွက်ခါနီးတော့မှပင် နီနီလေးတို့မှာ အထိတ်တလန့် သိရှိနိုင်ခဲ့ကြလေတော့၏။

နီနီလေးတို့၏ သမ္ဗန်သည် ပုသိမ်မြစ်ထဲမှ မြို့အလယ်ရှိဈေးကို ဖြတ်ဖောက်ထားခဲ့သဖြင့် ဈေးချောင်းဟု တွင်သည် ထင်ရသော ချောင်းကလေးထဲသို့ ချိုးဝင်ခဲ့သည်။ ဈေးချောင်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်ရာ ခတ်တက်ကို သုံးမရဘဲ ထိုးဝါးကြီးများဖြင့်သာ ထိုး၍ တဖြည်းဖြည်း ဝင်ခဲ့ရလေသည်။ တစ်နေရာတွင် ရေပေါ်၌ မျောနေသော ဖွာဖြူ အခွေကြီးတစ်ခွေတွေ့သဖြင့် ဦးမြထွေးက ထိုးဝါးကြီးနှင့် ကော်ကြည့်ပြီး ရုတ်တရက် လန့်အော်၍ပင် လွှတ်ပစ်လိုက်တော့၏။ ဖေဖေတို့က မေးကြည့်သောအခါ လူဗိုက်ထဲမှ အူခွေကြီးဟု ဦးမြထွေးက ပြောပြလေသည်။

ကမ္ဘာစစ်၏ ဒဏ်ချက်ကြောင့် လူသားများမှာ ခွေးသေဝက်သေပမာ ရေမှာမျော

လျက် အသားတခြား အရူတခြားဖြစ်နေခဲ့ကြပုံမှာ ရင်နာစရာကောင်းလှပေတော့သည်။

နီနီလေးတို့၏သမ္ဗန်သည် ဈေးချောင်းအတိုင်းဆက်ခဲ့ပြီး ကုလားဗလီကုန်းတံတားကြီးသို့ရောက်လျှင် ဆိုက်ကပ်လိုက်တော့သည်။ မိုးက မလင်းသေးပေ။ ပတ်ဝန်းကျင်တစ်ခုလုံးကတော့ မှောင်မည်းတိတ်ဆိတ်နေလေသည်။ ဖေဖေတို့က မိုးလင်းမှ မြို့ထဲတက်ရန်ဆုံးဖြတ်ပြီး အနားယူစောင့်နေလိုက်ကြသည်။

ထိုအခါ နှစ်ရက်နှင့် နှစ်ညလုံးလုံး မြစ်ရေတစ်ကြောမှာ သမ္ဗန်ကြီးနှင့် မျောကာသမ္ဗန်မှူးလာခဲ့သော နီနီလေးလည်း နွမ်းခွေစွာ အိပ်ပျော်သွားလေတော့၏။

❒

# ပုသိမ်ကိုတော့ရောက်ခဲ့ပြီ

သူ့နားထဲတွင် စူးစူးဝါးဝါး ထိုးဝင်လာခဲ့သော အသံတစ်သံကြောင့် နီနီလေးမှာ လန့်နိုးသွားမိသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့ရာမှ ရုတ်တရက် လန့်နိုးလာခဲ့သောအခါ နီနီလေးမှာ သူဘယ်ကိုရောက်၍ ဘာသံကြားနေရသည်ကိုပင် ရုတ်တရက် မသိနိုင်အောင် ဇဝေဇဝါ ဖြစ်သွားမိလေသည်။

ထို့ကြောင့် သူကအိပ်နေရာမှ ရုတ်တရက် ထထိုင်ကြည့်လိုက်မိသည်။ ထိုအခါကျမှ အခြေအနေ အရပ်ရပ်ကို နီနီလေးက ပြန်လည်သုံးသပ် သတိရမိလေတော့၏။ သူတို့မိသားစုသည် သမ္ဗန်ကြီးထဲမှာပင် ရှိနေကြသေးသည်။ ကြားနေရသော အသံမှာ ချောင်းတစ်ဖက်ကမ်းပေါ်ရှိ ကုလားဗလီကြီးဆီမှ ဘုရားရှိခိုးဝတ်တက်သံဖြစ်လေသည်။ သမ္ဗန်၏ ပေါင်းမိုးအပြင်ဘက်တွင်ကား အရုဏ်ဦး လင်းရောင်ခြည်ကလေးက ဖြန့်လွှမ်းစပြုနေပေပြီ။ အချိန်မှာ နံနက်လေးနာရီခန့်ဖြစ်သည်။

ဖေဖေနှင့် မေမေတို့က အိပ်ရာမှထပြီး မိုးလင်းလျှင် အိမ်သို့ပြန်ရန် ပစ္စည်းများကို သိမ်းဆည်းပြင်ဆင်နေကြသည်။ အိပ်ရေးမဝသေးသော နီနီလေးကမူ အိပ်ရာထဲတွင် ဆက်ပြီး မှိန်းနေလိုက်သည်။ သူနှင့်အတူ ကိုကြီး၊ကိုညီလေးနှင့် ညီမငယ် စီစီလေးတို့က လည်း အိပ်နေဆဲပင် ရှိကြသည်။ ချက်ချင်း ဆိုသလိုပင် နီနီလေးလည်း ပြန်၍ အိပ်ပျော်သွားခဲ့လေတော့၏။

နောက်တစ်ခေါက် နီနီလေး နိုးလာခဲ့ချိန်မှာ မိုးထိန်ထိန်လင်းနေပေပြီ။ ကုန်းတံတားကြီးပေါ်မှ ဖြတ်ကျော်သွားနေကြသော ခရီးသွားများ၏ ခြေသံ၊ နွားလှည်းသံ၊ မြင်းလှည်းသံ အစရှိသည်များကို ကုန်းတံတားကြီးအောက် သမ္ဗန်ထဲမှ နီနီလေးကြားနေရလေသည်။ ထကြည့်လိုက်သောအခါ သူတို့၏ သမ္ဗန်ကို ကုန်းတံတားကြီးက အပေါ်မှ မိုးထားလေသည်။

ခဏအကြာတွင် မြို့ထဲသို့ ဘယ်အချိန်က တက်သွားခဲ့မှန်း မသိသော ဖေဖေ ပြန်ရောက်လာသည်။ ဖေဖေနှင့်အတူ ဘိုးဘိုးဦးညီပုလည်း ပါလာခဲ့သည်။ ဘိုးဘိုးဦးညီပုမှာ နာမည်ကသာ ပုသော်လည်း လူကမူထောင်ထောင်မောင်းမောင်း ဝဝတုတ်တုတ် နှုတ်ခမ်းမွေးကြီးကားကားနှင့် ခန့်ညားသူ ဖြစ်သည်။ ဘိုးဘိုးဦးညီပုမှာ ပုသိမ်မြို့ရှိ နီနီလေးတို့ မြန်မာခရစ်ယာန်နှစ်ခြင်း အသင်းတော်၏ သင်းအုပ်ဓမ္မဆရာကြီးဖြစ်သည်။ ဗမာဆေးကျမ်း ဗိန္ဓောကို နားလည်သော ဘိုးဘိုးဦးညီပုက သူငယ်နာနှင့် တော်ရုံအဖျားအနာမျိုးဆိုလျှင် ဆရာဝန်ခေါ်စရာမလိုအောင် သူ့ဆေးနှင့်သူ စေတနာ့ဝန်ထမ်း ကုသပေးတတ်လေသည်။ နီနီလေးတို့ အိမ်သားများတစ်ခုခုဖြစ်လျှင် အချိန်မရွေး ဘိုးဘိုး ဦးညီပုက လိုက်ကြည့် မစ ပေးတတ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် သူတို့အိမ်သားလုံးမှာ ဟောဟောဒိုင်းဒိုင်း ပြောတတ်ပြီး စိတ်ပါလက်ပါ ကူညီမစတတ်သောသူ့ကို ဆွေမျိုးရင်းချာ အဘိုးတစ်ဦးပမာ ချစ်ခင်နေခဲ့ကြ လေသည်။ နီနီလေးတို့ကဆိုလျှင် သူ့ကို "ဘိုးဘိုး" ဟုသာ ခေါ်ကြသည်။

ဘိုးဘိုးဦးညီပုနှင့် မေမေနှင့် နီနီလေးတို့တစ်ယောက်စီကို ရယ်မောကာ နှုတ်ဆက်စကားတွေ ဆိုပါသည်။

နောက်တော့ ကုန်းပေါ်တွင် ဖေဖေ၊ မေမေနှင့် ဘိုးဘိုးဦးညီပုတို့ စကားရပ်ပြောနေကြလေသည်။

နီနီလေးက သမ္ဗန်ပဲ့ပေါ်တွင် တက်ရပ်ပြီး ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်မိသည်။ ချောင်း၏ ဘယ်ဘက်တွင် ကုလားဗလီ အဆောက်အဦးကြီးက ကမ်းစပ်သို့ မြှောင်၍ တည်ရှိနေခဲ့သည်။ သူတို့သမ္ဗန်ကပ်ထားရာ ညာဘက်ကမ်းမှာမူ လူနေအိမ်ကလေးများ ပွစိကျဲမျှတန်းနေကြသည်။ သမ္ဗန်နှင့် မလှမ်းမကမ်းတွင် ဝါးရုံကြီးတစ်ရုံရှိသည်။ ထိုဝါးရုံကြီးအောက်တွင် အိမ်ခန်းတန်းလျားကလေးတစ်ခုရှိလေသည်။ အိမ်တစ်ခန်း၏ ရှေ့တွင် ဆန်၊ဆီ၊ ငရုတ်၊ ကြက်သွန်နှင့် ထင်းစည်းကလေးများပါ တင်ထားသော အိမ်ဆိုင်ကလေးရှိလေသည်။ ဆိုင်ကလေးထဲရှိ ကွပ်ပျစ်ကလေးပေါ်တွင် မုတ်ဆိတ်ဖြူဖြူကလေးနှင့် ကုလားအဘိုးကြီးတစ်ယောက် ပိုက်ကွန်ကြီးတစ်ခုကို ထိုးနေသည်။

နောက်တော့၊ ထိုကုလားကြီး၏ အမည်မှာ "အာဇီး"ဟုခေါ်ကြောင်း နီနီလေး သိခဲ့ရလေသည်။

ထိုနောက် ဖေဖေသည် နွားလှည်းတစ်စီးငှားလာပြီး ဦးလေးကြိုင်နှင့် ဦးမြထွေး ညီအစ်ကိုက သမ္ဗန်ထဲမှ ပစ္စည်းများကို သယ်တင်လိုက်ကြသည်။ သမ္ဗန်ထဲတွင် ကျန်သေးသော ပစ္စည်းများအတွက် အစောင့်တစ်ယောက်ထားခဲ့ပြီး ဖေဖေ မေမေတို့နှင့်အတူ နီနီလေးတို့ အားလုံးက လှည်းနောက်မှ လျှောက်လိုက်သွားကြရသည်။ ဘိုးဘိုးဦးညီပုကလည်း ဖေဖေနှင့်စကားပြောရင်း အတူလျှောက်လိုက်လာခဲ့သည်။

သူတို့သည် ကိုက်တစ်ရာခန့် လျှောက်မိကြလျှင် လမ်းလေးဆုံခွတစ်ခုသို့ရောက်ကြသည်။ လှည်းသည် လမ်းခွကိုဖြတ်ပြီး တည့်တည့် ဆက်မသွားဘဲ ဘယ်ဘက်လမ်းထောင့်ရှိ ခြံဝင်းတစ်ခုရှေ့သို့ ချိုးကာ ရပ်လိုက်သည်။ ခြံထဲတွင် ကျွန်းဆင်ဝင်အိမ်ခပ်မြင့်မြင့်ကြီး တစ်လုံးရှိလေသည်။ ထိုနောက် ဦးလေးကြိုင်တို့က လှည်းပေါ်မှ ပစ္စည်းများကို ခြံထဲရှိ အိမ်ကြီးဆီသို့ သယ်တင်သွားကြလေတော့၏။

နီနီလေးသည် စိတ်ထဲမှ နားမလည်စွာဖြင့် လူကြီးများနှင့်အတူ ခြံထဲသို့ဝင်ခဲ့ရလေသည်။ လှေဆိပ်မှ တက်လာစဉ်က နီနီလေးစိတ်တွင် ယိုးဒယားကုန်းရှိ အိမ်သို့သွားနေသည်ဟု ထင်ခဲ့သည်။ ယခု သူမသိသောခြံနှင့် အိမ်ကြီးသို့ ရောက်လာခဲ့သောအခါ သူ့မှာ အံ့သြရလေတော့၏။

နောက်မှသိရသည်မှာ ယခုသူတို့ရောက်လာခဲ့သော အိမ်မှာ ဖေဖေနှင့် အေဘီအမ်ကျောင်းမှာတုန်းက ဆရာအတူလုပ်ဖက် မိတ်ဆွေများဖြစ်သော "ဆရာဝါရှင်တန်၊ ဆရာမဖလော်ရာ" လူပျိုကြီး၊ အပျိုကြီးမောင်နှမနှစ်ယောက်တို့၏ အိမ်ဖြစ်သည်။ စစ်ကြီးဖြစ်လာသည်တွင် သူတို့မောင်နှမသည် သူတို့အမေကြီးနှင့်အတူ ဝါးခယ်မသို့ ပြေးသွားခဲ့ကြသည်။ ယခု မြို့မှ လူများပြန်လာကြသော်လည်း သူတို့က မလာကြတော့။

သူတို့အိမ်ကြီးမှာ အေဘီအမ် ကျောင်းဝင်းကြီး၏ထောင့်တွင်ကပ်နေခြင်းဖြစ်သည်။ ထိုနောက် ဘိုးဘိုးဦးညီပုတို့လည်း မြို့သို့ပြန်ရောက်ပြီး သူတို့အိမ်များတွင် ပြန်နေကြသည်။

ထို့နောက် မြို့ပေါ်သို့ အုပ်ချုပ်ရေး ရောက်ရှိလာသောအခါ မြို့ထဲရှိပိတ်ထားသော အိမ်များ အဆောက်အဦးများကို လိုက်သိမ်းပြီး အသုံးပြုကြသည်။ တချို့အိမ်များမှာ အမှန်တကယ်အုပ်ချုပ်ရေးအတွက် သုံးခဲ့ကြသော်လည်း အချို့မှာမူ "ရောင်တော်ပြန်" ကပ်ပါးရပ်ပါးများ၏ ကြိုက်သလို တရားမဲ့ချယ်လှယ်ခြင်းကို ခံနေကြရလေတော့သည်။

ဤတွင် ဘိုးဘိုးတို့က စိုးရိမ်ကာ အေဘီအမ် ကျောင်းဝင်းအတွင်းရှိ ခရစ်ယာန် သာသနာပိုင် အိမ်ကြီးတွင် တက်နေလိုက်ကြသည်။

ပြီးလျှင်ဘိုးဘိုးဦးညီပုသည် ပိုင်ရှင်များပြန်လာ၍ ပိတ်ထားနေရသော ဆရာမ ဖလော်ရာတို့၏ အိမ်ကြီးအတွက် စိုးရိမ်ပူပန်နေပြန်သည်။ ယခု နီနီလေးတို့ရောက်လာ၍ ဖေဖေ့ကို တွေ့သည်တွင် ဘိုးဘိုးက ဖေဖေ့ကို ဆရာမ ဖလော်ရာ၏အိမ်တွင် တက်နေပေးရန်ပြောတော့သည်။ ယိုးဒယားအိမ်မှာ မြို့နှင့်ဝေးသည်။ အရေးအကြောင်းရှိကလည်း အချင်းချင်း နီးနီးနားနားရှိရန်ဟု ဆွယ်တရားဟောသည်။ သူတစ်ပါးအကျိုးအတွက် ကူညီစောင့်ရှောက်ပါဟုလည်း ဆိုလာသည်။ ပထမတွင် ဖေဖေတို့က ကိုယ့်အိမ်သို့သာ ကိုယ်ပြန် နေလိုကြသည်။ သို့ရာတွင် မိဘနှင့်သားသမီးလိုဖြစ်နေခဲ့သော ဘိုးဘိုးဦးညီပု၏ တောင်းပန်မှု ကို ဖေဖေတို့လည်း နောက်ဆုံးလက်ခံသဘောတူလိုက်ကြရလေတော့သည်။ ထို့ကြောင့် နီနီလေးတို့မှာ နောက်ဘက်နားတွင် ချောင်းကလေးစီးနေသော ယိုးဒယား ကုန်းအိမ်သို့ မသွားရတော့ဘဲ အေဘီအမ်ကျောင်းဝင်းထောင့်ရှိ ဆရာမ ဖလော်ရာတို့ အိမ်ပေါ်သို့ သောင်တင်ကာရောက်ရှိခဲ့ကြရလေတော့၏။

အိမ်ကြီးမှာ ကျယ်ဝန်းလှရာ နီနီလေးတို့အဖို့ နေရထိုင်ရ လွတ်လပ်လှပေသည်။ အိမ်မအောက်ရှိ ပတ်ပတ်လည်တစ်ဝိုက်ကို သစ်သားအပြားကလေးများ အကွက်ရိုက်ကာ ထားရာ နှစ်ထပ်အိမ်ဆန်ဆန်လည်းဖြစ်နေလေသည်။ ဆင်ဝင်ဧည့်ခန်းကြီး ပြီးလျှင် စာကြည့်နိုင်သော အခန်းငယ်ကလေးနှစ်ခန်းက တစ်ဖက်တစ်ချက်စီတွင် ရှိသည်။ ညာဘက် အခန်းကလေးဘေး၌ လှေကားကြီးရှိသည်။ အခန်းကလေးများ နောက်တွင် အိပ်ခန်းကျယ်ကြီး နှစ်ခန်းမှာ ရေချိုးခန်းများတွဲလျက် ရှိကြသည်။ အိပ်ခန်း နှစ်ခန်းကြားရှိ အလယ်ခန်းကြီးကို ထမင်းစားခန်းအဖြစ်သုံးသည်။ ထိုအခန်းကို အလင်းရောင်ရစေရန် အမိုးကိုမြင့်၍ မှန်ကွက်ကြီးတပ်ထားလေသည်။ ထမင်းစားခန်းမှ ထွက်လျှင် မီးဖိုသို့ကူး သော စင်္ကြံလမ်းကလေးရှိသည်။ စင်္ကြံလမ်းကလေးဘေးတွင် အနည်းငယ်အဆင့်နိမ့် ထားပြီးမှ အိမ်နောက်သို့ဆင်းရန် လှေကားခပ်စောက်စောက်တစ်ခုရှိပြန်သည်။ မီးဖို၏ ဘေးတွင် ပစ္စည်းများထားသိုရန် စတိုခန်းကြီးတစ်ခုလည်း ရှိသေးသည်။

အိမ်မှာ လမ်းဘက်သို့ အနည်းငယ် ကပ်ဆောက်ထားပြီး အတွင်းဘက်မြေပိုတွင် ရေတွင်းကြီးတစ်တွင်း ရှိလေသည်။ ရေတွင်းကြီးပေါ်မှ မိုးလျက် မာလကာပင်ကြီးတစ်ပင် ကပင် တစ်ကိုင်းကိုင်းကြီးရှိနေသည်။ အိမ်ရှေ့ခြံတံခါးဝ ညာဘက်နားတွင် မန်ကျည်း ပင်ကြီးတစ်ပင်နှင့် လမ်းခွဘက်ခြံထောင့်တွင် တစ်ပင်ရှိလေသည်။ တံခါးဝနားရှိ

မန်ကျည်းကြီးပင်ကြီးကို လက်ထပ်ပန်းလည်း ခေါ်ကြ၍ မှောက်ခုံပန်းလည်း ခေါ်သော ပန်းနွယ်ကြီးများက ရစ်ပတ်တွယ်တက်နေကြသည်။ ခြံပတ်ပတ်လည်တွင် သရက်၊ မရန်းနှင့် မာလကာပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည်။ အားလုံးထဲတွင် လူနှစ်ဖက်နီးပါး ရှိသော မန်ကျည်းပင်မြင့်မြင့်ကြီးနှစ်ပင်က အိမ်မြင့်မြင့်ကြီးကိုပါ အုပ်မိုးနေလေတော့၏။

ပန်းနွယ်များ ပတ်နေသော မန်ကျည်းပင်ကြီး ဘေးနားတွင် အတော်ကလေးကြီးသော ယုဇနပင်ကလေးတစ်ပင်လည်း ရှိသည်။ ထို့ပြင် ပုဏ္ဏရိတ်၊ လေးကျွန်းကြာခိုင်၊ ဘောလုံးပန်း၊ ရွက်လှနှင့် အထူးသဖြင့် ဂမုန်းပင်များမှာ စုံလှပေတော့၏။ ဝင်းခြံကို ကျောင်းဘက်သို့သွားရန်လည်း တံခါးကလေးတစ်ခု ဖောက်ထားခဲ့လေသည်။

နီနီလေးတို့နှင့် လမ်းခြားပြီး မျက်နှာချင်းဆိုင် အနိမ့်ပိုင်းကျကျ ခြံကြီးထဲတွင် ဆင်ဝင်အိမ်ကြီးနှစ်လုံးရှိလေသည်။ သူတို့မှာ အပျိုကြီး ဒေါ်ကြီး ဒေါ်သက်မေနှင့် တစ်ဖက်အိမ်မှာ သူ့ညီမ ဒေါ်လေး ဒေါ်ဖွားရှင်၊ ဆရာကြီး ဦးဘလွန်းတို့ ဇနီးမောင်နှံ၏အိမ်များ ဖြစ်ကြသည်။ ဒေါ်ကြီး ဒေါ်သက်မေမှာ အသက်ခြောက်ဆယ်ခန့်ရှိ၍ တစ်ယောက်တည်း အိမ်တစ်လုံးနှင့် နေသည်။ ဆရာကြီး ဦးဘလွန်းနှင့် ဒေါ်လေး ဒေါ်ဖွားရှင်တို့ကမူ သား၊ ချွေးမ၊ မြေးများနှင့်တစ်အိမ်စုနေသည်။ ဆရာပါချိုနှင့် ဆရာမ ဒေါ်အေးတို့မှာလည်း ဖေဖေနှင့်တစ်ကျောင်းတည်း ဆရာအတူလုပ်ခဲ့ဖူးသော မိတ်ဆွေများပင် ဖြစ်ကြသည်။ သူတို့တွင် ဆန်ဆန်နှင့် မာမာဟု သားတစ်ယောက်၊ သမီးတစ်ယောက်သာရှိသည်။

နီနီလေးတို့နှင့် ထောင့်ဖြတ်အိမ်မှာ ရှေ့နေ ဦးတင်၏အိမ်ဖြစ်ပြီး ဘေးချင်းတိုက်လမ်းကလေးခြားနေသော ကုန်းမြင့်မြင့်တိုက်ကြီးမှာမူ ဆရာဝန်ကြီး စံစီဖိုး၏တိုက်ဖြစ်လေသည်။ သုံးလေးခါမှ သူ့ထံဆေးသွားထိုးဖူးသော နီနီလေးက ဆရာဝန်ကြီး စံစီဖိုးကို သိနေခဲ့လေသည်။ သို့ရာတွင် ယခုအချိန်၌ ထိုတိုက်ကြီးတွင် ဆရာဝန်ကြီး၏သမီးအပျိုကြီး ဆရာမ ဝင်နီနေလေသည်။ ဝဝတုတ်တုတ် ဆရာမ ဝင်နီမှာ ပီယာနိုတီး အထူးတတ်မြောက် ကျွမ်းကျင်သူဖြစ်လေသည်။ တစ်ခါတစ်ခါ သူ့အိမ်ဆီမှ ပီယာနိုတီးသံသာသာကလေးများက ထွက်ပေါ်လာတတ်လေသည်။ သူ့အိမ်၏ ညာဘက်တွင် "နေရှယ်နယ်" အမျိုးသားကျောင်းဝင်းကြီး ရှိလေသည်။

နီနီလေးတို့အိမ်နောက်တွင် အေဘီအမ်ကျောင်းဝင်းကြီးက လမ်းအဆုံးအထိ ရောက်သွားသလို စံစီဖိုးတိုက်ဘေး တစ်လျှောက်မှ "နေရှယ်နယ်" ကျောင်းဝင်းကြီးမှာလည်း ကျယ်ဝန်းလှသည်။ ကျောင်းနှစ်ကျောင်းအဆုံးတွင် လမ်းသုံးခွ သွားဆုံပြန်သည်။ လမ်းခွ၏ညာဘက်သို့ လျှောက်လိုက်လျှင် ယိုးဒယားကုန်းကိုကျော်ပြီး "တိုင်တစ်ရာ"

ခေါ် စကောကရင်ကျောင်းကြီးဆီသို့ ရောက်သွားပေမည်။ လမ်းဆုံ၏ ဘယ်ဘက်သို့ ချိုးလိုက်လျှင်မူ အေဘီအမ်ကျောင်းကျယ်ကြီးနှင့် လမ်းသာ ခြားလျက် ဖေဖေလက်ရှိ လုပ်ကိုင်နေသော "ပိုးကရင်" အထက်တန်းကျောင်းဝင်းကြီး ရှိလေသည်။

အေဘီအမ် ကျောင်းဝင်းကြီးမှာ လမ်းဘေးဘက် ဝိုင်းညှပ်လျက် အလယ်တစ်ကွက်လုံးကြီး ဖြစ်လေသည်။ နီနီလေးတို့အိမ်နှင့် ဘေးတိုက်ကျောင်းဝင်းအဆုံး ထောင့်တွင် မြန်မာနှစ်ခြင်းခရစ်ယာန် အသင်းတော်၏ ဘုရားရှိခိုးကျောင်း ဖြူဖြူလေးရှိသည်။ ဘုရားရှိခိုးကျောင်းနှင့်ဘေးတိုက် လမ်းတစ်ဖက်ခြားတွင် စက်ရှင်မင်းကြီးအိမ်နှင့် ခြံကြီးရှိ၍ မျက်နှာချင်းဆိုင်တွင်မူ ပုသိမ်မြို့၏ ဘောလုံးကွင်းကြီးရှိလေသည်။

နီနီလေးတို့ရောက်ပြီးကြလျှင် ဦးလေးကြိုင်တို့က ရေတွင်းကို ဖော်ပစ်လိုက်ခြင်းဖြင့် မသုံးခဲ့သည်မှာ ကြာ၍ ရေများဟောင်းနေသော ရေတွင်းကြီးမှာ ကြည်လင်သန့်ရှင်းသွားတော့၏။ ထိုအခါ သူတို့အဖို့ ကိုယ်ရေတွင်းမှာပင် သောက်ရေနှင့် သုံးရေများကို ခပ်ယူသောက်သုံးနိုင်လေတော့သည်။

နီနီလေးတို့အိမ်နှင့် နောက်ချင်းခိုင်း ထောင့်ဖြတ် ပေသုံးရာခန့်အကွာ ကျောင်းဝင်းအတွင်းရှိအိမ်မှာ ဆရာမ ဒေါ်သန်းရင်၏အိမ်ဖြစ်သည်။ ဆရာမဒေါ်သန်းရင်မှာ ဘိုးဘိုးဦးညီပု၏ချွေးမ အကြီးဆုံးဖြစ်သည်။ ကိုကြီး၊ ကိုညီနှင့် နီနီလေးတို့၏ သူငယ်တန်းဆရာမလည်းဖြစ်သည်။ ဖေဖေ့တပည့်ဖြစ်ဖူးသော ဆရာမ၏ ယောကျ်ား ဦးချစ်ဆွေမှာ စစ်တပ်ဖြင့် ကုလားပြည်သို့ပါသွားရာ ဒေါ်သန်းရင်မှာ သမီးနှစ်ယောက်နှင့် ကျန်ခဲ့သည်။ သမီးအကြီး မမချစ်မှာ ကိုညီနှင့်တန်းတူရွယ်တူဖြစ်၍ အငယ် နှစ်နှစ်မှာ နီနီလေးနှင့်ရွယ်တူဖြစ်သည်။

နီနီလေးတို့ ပုသိမ်သို့ပြန်ရောက်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် မြောင်းမြမြို့ကို ကရင်များ ဝင်စီးခြင်းကြောင့် "ကရင်ဗမာ အဓိကရုဏ်း" ယမ်းအိုးကြီးမှာ ပေါက်ကွဲသွားလေတော့၏။ တစ်ဖက်နှင့် တစ်ဖက် သတ်ဖြတ်ပျက်ဆီးကြသည်တွင် နှစ်ဖက်စလုံး၌ ဖေဖေ၊ မေမေတို့၏ အသိမိတ်ဆွေတချို့ သေကြေပျက်စီးသွားကြသည့် သတင်းကို စိတ်မချမ်းမြေ့စရာ ကြားသိခဲ့ရလေသည်။

ထိုသို့နှစ်ဦးနှစ်ဖက်ကြား၌ "မြေစာပင်" အဖြစ် အနေခက်ကာ အသက်ရှူကျပ်ရသူများကတော့ မြန်မာခရစ်ယာန်များပင် ဖြစ်ကြလေသည်။ သူတို့မှာ ဗမာဖြစ်၍ ကရင်အမျိုးသားများက အယုံအကြည်မရှိကြ ကိုယ့်အချင်းချင်း ဗမာအမျိုးသားများကကျတော့လည်း ခရစ်ယာန်ဘာသာဝင်များကို "စာဖြူ" ဟုခေါ်ကာ ကရင်အဖြစ် သတ်မှတ် စွဲယူထားခဲ့ကြပြန်သည်။

ထို့ကြောင့်ပင် လူမျိုးရေး အဓိကရုဏ်းတွင်ကြားမှ ဗမာခရစ်ယာန်လူနည်းစု ကလေးမှာ ဘေးကျပ်နံကျပ် ဒုက္ခရောက်နေကြရရှာတော့သည်။

မြောင်းမြမြို့တွင် "အရေးတော်" ပေါ်ပြီးနောက် ပုသိမ်မှ ပြောင်းသွားခဲ့သော ဖေဖေတို့၏မိတ်ဆွေ ဦးသက်၊ ဒေါ်မြရုံတို့မိသားစုနှင့် ဆွေမျိုးတစ်သိုက်မှာ "ကရင်သူပုန်" များအဖြစ် ဖမ်းဆီးခံနေကြရကြောင်း သတင်းရောက်လာလေသည်။ ဦးဘဆက်တို့မှာ ဗမာစစ်စစ် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြလျက် "တမန်ချောင်း" ဆန်စက်ပိုင်ရှင်များ ဖြစ်လေသည်။

ထိုသတင်းကို ကြားလျှင် ဘိုးဘိုးဦးညီပုက ချက်ချင်းလိုက်သွားပြီး မြောင်းမြမြို့သို့ ပထမဆုံးရောက်ရှိလာခဲ့သော ဗမာလို ဗိုလ်ချစ်အမည်ခံ သက်ဆိုင်ရာ ဂျပန်စစ်ဗိုလ်ကို အကျိုးအကြောင်းတက်ပြောတော့သည်။ ထို့နောက် ဂျပန်စစ်ဗိုလ်ကြီး၏ မျှတစွာ မစမှု စောင့်ရှောက်ခြင်းကြောင့် သတ်ခါနီးဆဲဆဲ သား ဦးဘဆက်တို့ အိမ်ထောင်နှင့် ဆွေမျိုး တစ်သိုက်မှာ သီသီကလေးအသက်ဘေးမှ လွတ်ခဲ့ကြရလေတော့၏။ သူတို့ကဲ့သို့ အချိန်မီ ကူကယ်မည့်သူမရှိသဖြင့် ကြားမှ "မြေဇာပင်"အဖြစ် ခံသွားရ ရှာသူများ အဘယ်မျှရှိခဲ့ကြ ပေမည်နည်း။

ထိုသို့ရှိနေစဉ် တစ်ရက်တွင် နီနီလေးတို့အိမ်သို့ အိမ်တစ်လုံးရွာမှ အဘွားအေးမြတို့ မိသားစုတစ်စု ရောက်လာကြသည်။

"အမလေး ... မချောခင်ရယ် ... တကယ့်ကို အံ့ဩစရာပါပဲဟယ် ... တစ်သက် လုံး လည်ပင်းဖက်ကြီးပြီး ခင်မင်ရင်းနှီးလာခဲ့တဲ့ ... တို့ကိုလေ ... တစ်ရွာတည်းသားချင်း တချို့က နင်တို့စာဖြူတွေတော့ သတ်ကိုပစ်မယ်လို့ ကြိမ်းရက်ကြတယ်ကွယ့်"

ဒေါ်နှင်းရုံနှင့် ဒေါ်ဘီတို့၏ ဝမ်းနည်းပက်လက်ပြောပြချက်များအရ သူတို့ ကြောက်ပြီး ထွက်ပြေးလာခြင်းဖြစ်ကြောင်း နီနီလေး သိရလေသည်။ ထို့နောက် သူတို့မိသား စုသည် ယိုးဒယားကုန်းတွင် အိမ်ငှား၍ ပြောင်းရွှေ့သွားကြလေတော့၏။

နောက်တော့ ဂျပန်စစ်တပ်များရောက်ရှိလာပြီး အုပ်ချုပ်ခန့်ခွဲ ဖျန်ဖြေမှုကြောင့် "ကရင်ဗမာအရေး"မှာ မြောင်းမြမြို့နှင့် ထိုနယ်ဘက်တစ်ဝိုက်တွင်သာ ဖြစ်ပျက်ပြီး ငြိမ်းသွားခဲ့လေတော့၏။ သို့ရာတွင် ယခုလိုအစပျိုး၍ လောင်ကျွမ်းသွားသော လူမျိုးရေး စနက်မီးသည် ရင်မှာ နာကြည်းခဲ့ရသူများအဖို့ ထာဝရငြိမ်းသတ်ပြီးပျောက်နိုင်ကြပါမည် လော။ ဘယ်သူမျှ မပြောနိုင်။

▢

## ဂျပန်ခေတ်

"လကိုကြယ်ဖောက် ... ဂျပန်ရောက်" နီနီလေးတို့ ရွတ်ဆိုခဲ့ကြသည့်အတိုင်း ယခုတွင် ဂျပန်များ အမှန်တကယ်ပင် ပုသိမ်မြို့သို့ရောက်လာခဲ့ကြပေပြီ။

ပထမဆုံးအသုတ် ဂျပန်စစ်သားများ ကမ်းနားမှ တက်လာခဲ့ကြစဉ်ကဆိုလျှင် သူတို့ကို နီနီလေးတို့မှာ အထူးအဆန်းအဖြစ် ဝိုင်းကြည့်ခဲ့ကြရလေသည်။

နီနီလေးတို့ အိမ်ရှေ့ရှိ လမ်းမကြီးမှာ ကမ်းနားမှစ၍ စစ်တပ်များထားရာ "ကန်သုံးဆင့်"သို့ တောက်လျှောက် တည့်တည့်ကြီးပေါက်သည်။ ထို့ကြောင့် သင်္ဘောများဖြင့်ရောက်လာခဲ့ကြသော ဂျပန်စစ်တပ်များမှာ ကမ်းနားမှာ ကန်သုံးဆင့်သို့ နီနီလေးတို့အိမ်ရှေ့မှသာ ဖြတ်သန်းချီတက်သွားခဲ့ကြရလေသည်။

ဂျပန်စစ်တပ်ကြီး ချီတက်လာနေသည်ကို အဦးဆုံး လှမ်းမြင်လိုက်သော ဖေဖေက ခေါ်ပြမှ မေမေနှင့် နီနီလေးတို့မှာ ပြေးကြည့်မိကြသည်။ သူတို့အိမ်မှာ အမြင့်ဖြစ်ရာ ဧည့်ခန်းဆင်ဝင်မှ မျှော်ကြည့်လိုက်လျှင် ကျောင်းဝင်းတစ်ဝက်အရှည်လောက်အထိ လမ်းမပေါ်ကို လှမ်းမြင်ရသည်။

ကတ္တရာလမ်းမကြီးပေါ်တွင် အစိမ်းရောင် စစ်ဝတ်စုံများနှင့် ဂျပန်စစ်သားများ တန်းစီ၍ ချီတက်လာနေကြသည်။ သူတို့သည် လေးယောက်စီတန်း၍ ခြေလှမ်းမှန်မှန် ငြိမ်ငြိမ်သက်သက်ဖြင့် ဓားရှည်ကြီး ခါးချိတ်ထားသော သူတို့၏ စစ်ဗိုလ်ကြီးနောက်မှ

ချီတက်သွားကြလေသည်။ သူတို့သည် အသားဝါဝါ မျက်နှာဝိုင်းဝိုင်း ခေါင်းတုံးပြောင်ပြောင်နှင့် အရပ်ခပ်ပုတိုက်တိုက် ကလေးများဖြစ်ကြသည်။ သူတို့သည် ခါးတွင် ရေဘူး၊ လက်ပစ်ဗုံး၊ ဓားမြှောင်၊ ကျောတွင်ကျောပိုးအိတ်နှင့် ဘဲနက်ချွန်ချွန်ကြီးများ တပ်ထားသော သေနတ်ကြီးများကို လွယ်ထားကြသည်။

သူတို့ကို ဖေဖေနှင့် နီနီလေးတို့ မောင်နှမတစ်စုက ပြတင်းပေါက်များမှ ပြူး၍ အားရပါးရ ပွင့်ပွင့်လင်းလင်း ကြည့်လိုက်ကြသော်လည်း မေမေကမူ ကြောက်လန့်စိုးရွံ့ခြင်းဖြင့် အိမ်ပြတင်း တရုတ်ကတ်ကလေးများကြားမှသာ ချောင်းကြည့်ခဲ့လေသည်။

နောက်တော့ ပုသိမ်မြို့မှ ဂျပန်စစ်သားများဖြင့်သာ ပြည့်နေလေတော့သည်။ ဂျပန်စစ်သားများက ဥဒဟို လှည့်လည်သွားလာနေကြသလို ဂျပန်စစ်သားများကိုလည်း မြို့အနှံ့ နေရာတကာတွင် တွေ့နေကြရလေသည်။ ဂျပန်စစ်သားများကလည်း မြို့သူမြို့သားများကို လိုက်လံ၍ မိတ်ဆွေဖွဲ့ကြလေသည်။

သူတို့သည် အသုံးမပြုဘဲ ပိတ်ထားနေသည့် အဆောက်အဦးမှန်သမျှ အကုန်သိမ်း၍ သူတို့စစ်တပ်တွေလိုက်ချသည်။ ရုံးတွေ လိုက်ဖွင့်သည်။ မကြာမီ အောဘီအမ် ကျောင်းကြီးကိုလည်း စစ်တပ်လာချထားလိုက်တော့သည်။ ထိုအခါ ဂျပန်စစ်သားအချို့က ကျောင်းဝင်းနှင့်ကပ်နေသော နီနီလေးတို့ အိမ်သို့လာလည်ကြလေသည်။ မေမေက သူတို့ကိုအတွေ့လည်းမခံ စကားလည်းမပြောပေ။ ဖေဖေနှင့်နီနီလေးတို့ မောင်နှမတွေကသာ သူတို့ကို ဧည့်ခံစကားပြောကြရသည်။

အထူးသဖြင့် သူတို့သည် ကိုကြီးနှင့်ကိုညီတို့ကို အပေါင်းအသင်းဖွဲ့ကာ ပျင်းပျင်းရှိတိုင်း လာစကားပြောနေကြလေသည်။ သူတို့သည် သူတို့မတတ်သော ဗမာစကားကို တစ်လုံးစ နှစ်လုံးစ သင်ယူတတ်ကြသည်။ ကိုကြီးနှင့် ကိုညီတို့ကိုလည်း သူတို့ ဂျပန်စကားကလေးများပြန်၍ သင်ပေးတတ်ကြလေသည်။ ထိုပြင် နီနီလေးကိုပါ။

"မာရှိရိကီ ... ဖူးချီနော် .... ကေဒါတာဆား ... အို ... ကို ... ကို ... ရိနိ ... စူယိုကီ ... တာတေ ... တိုရှိတယ် ... မိကူ ... နို့ကူ ... မိကူဆူး ... အိမီ ... နာရာဝါ ... ကာ ... ကာ ... ယာကူး ... ဝါ ... ဂေးမူ ... ယာမ ဆားကူရာ ... ချိကူ ... နို့ကူ .... အိယိုအူ ... အူနိနိုး ... ဟာ ... နာ ..." ဆိုသောသူတို့ ဂျပန်သီချင်းကို စိတ်ရှည်လက်ရှည် သင်ပေးကြလေသည်။

သူတို့အထဲမှ "အိနု" "ကိုခွေး"ဟု အမည်ရှိသော ဂျပန်စစ်သားခပ်ဝဝကြီးတစ်ယောက်က ကိုကြီးနှင့်ကိုညီကို အခင်ဆုံးဖြစ်လေသည်။ သူ့မျက်နှာက အမြဲပြုံးနေတတ်ပြီး

သဘောလည်းကောင်းပုံရလေသည်။ သူသည် တစ်ခါတစ်ခါ၌ လက်ဆွဲပုံးကြီးတွင် ဆန်ပြုတ်တွေထည့်၍ နီနီလေးတို့အတွက် ယူလာပေးတတ်သည်။ သူ့ဆန်ပြုတ်မှာ နီရဲရဲ ဖြစ်နေပြီး ကန်စွန်းဥဖတ်တွေလည်း ထည့်ထားသည်။ သူက ခင်မင်သဖြင့် ယူလာပေး၍သာ လက်ခံပြီး "အရိဂတ်ထိုး"ဟု ကျေးဇူးစကားပြန်ဆိုလိုက်ကြရသော်လည်း ဝက်စာ နှင့်တူနေသော သူ့ဆန်ပြုတ်ကို ဘယ်သူမျှ မစားခဲ့ကြပေ။ အကြောင်းမသိသော သူကတော့ မကြာခဏ ပဲဟင်းနှင့် အသီးအနှံစုံရောချက်ထားသော သူတို့ဂျပန်ဟင်းချိုရဲရဲ ခဲပျစ်ပျစ် ကြီးများကို ဝမ်းသာအားရ ယူလာပေးနေ ပြန်သေးသည်။ သို့ရာတွင် နောက်မကြာမီ "အိနု"တို့ စစ်တပ်ရွှေ့သွားခဲ့လေသည်။ ထိုအခါကျမှ ကိုကြီးနှင့် ကိုညီတို့မှာ ကို"အိနု" လာပေးသမျှ လက်ခံယူပြီးနောက် သူပြန်သွားလျှင် သွန်ပစ်ရသည့် ဝတ္တရားတစ်ခုမှ ကင်းလွတ်သွားခဲ့လေတော့သည်။

တချို့စစ်သားများကမူ မိန်းကလေးများ အပျိုအရွယ်များရှိသည့် အိမ်များကို တမင် အကြောင်းရှာ၍ သွားတတ်ကြသည်။ အေဘီအမ် ကျောင်းအုပ်ဆရာကြီး ဦးဖိုးစိမ်း၏ အိမ်သို့သွားတတ်သော စစ်သားများက အကြောင်းရှာ၍ ဦးဖိုးစိမ်းသမီး မမနီကို ဟိုမေး သည်စမ်းပြုကြသည်ဆို၏။ မမနီက သူ့အိမ်ရှိ ကြမ်းပြင်များကို ပြောင်လက်နေအောင် လှည်းကျင်းပွတ်တိုက်ထားတတ်သည်။ ကြမ်းပြောင်သည်ကိုပင် အကြောင်းပြုလျက် ကြမ်းကို "ဘာနှင့်တိုက်သလဲ" "ဘာတံမြက်စည်းနှင့်လှည်းသလဲ။ အဲသည် တံမြက်စည်း သူတို့ကို ခဏငှားပါနှင့် အမျိုးမျိုးလာပြောကြလေသည်။ မမနီတို့မှာ အလိုက်အထိုက် ညှော့ခံပြောဆိုနေခဲ့ကြရမှ သူတို့အနည်းငယ် တရားလွန် လာချင်သောအခါ တစ်နေ့၌ စကားစပ်ပြီး မမနီက သူတို့တပ်က စစ်ဗိုလ်နှင့်အဘယ်မျှ ခင်မင်ရင်းနှီးကြောင်း၊ အိမ်ကို လာမည့်အကြောင်းများကို ပြောပြလိုက်တော့၏။ သူတို့ စစ်ဗိုလ်နာမည်ကို ကြားလိုက် တည်းက မျက်လုံးပြူးသွားကြသော စစ်သားများသည် သူတို့ စစ်ဗိုလ်အခုပဲ လာလိမ့်မည်ဟု သိရလျှင် အိန္ဒြေမှမဆောင်နိုင်တော့ဘဲ၊ ချက်ချင်း ပြန်ပြေးကြလေတော့၏။ နောက်ရက်များ တွင်လည်း ထိုဂျပန်စစ်သားများမှာ မမနီတို့အိမ်သို့ မလာကြတော့ဟု ဆိုလေသည်။

ဂျပန်စစ်သားများသည် အဘယ်မျှ ဆိုးသွမ်းတေပေနေသောသူများ ဖြစ်ကြစေ ကာမူ သူတို့စစ်ဗိုလ်ကိုဆိုလျှင် တုန်အောင် ကြောက်ရွံ့ရိုသေကြရလေသည်။ သူတို့၌ အပြစ်ရှိလျှင် တုန်အောင် ကြောက်ရွံ့ရိုသေကြရလေသည်။ သူတို့၌ အပြစ်ရှိလျှင် စစ်ဗိုလ်က ဘယ်ပြန်ညာပြန်ပါးရိုက်၍ ဆုံးမတတ်သည်ကို သူတို့အားလုံး ကျိုးနွံစွာခံယူတတ်ကြ လေသည်။ ပါးရိုက်တတ်ကြသည်မှာ သူတို့ဂျပန်များ၏ အလေ့ပင်ဖြစ်လေတော့၏။

တခြား တစ်စုံတစ်ယောက်နှင့် အဆင်မပြေလျှင်လည်း ဂျပန်များက "ဒူးရား ဒူးရား" နှင့် ပါးရိုက်တတ်ကြောင်းကို ဗမာများ သိလာခဲ့ကြရတော့သည်။

"သုံးရောင်ခြယ် ... မြန်မာအလံရယ် ... နီပွန်တွေနေမှာ ... ဝိုင်းလို့ ... ဘန်ဇိုင်း ... ဘန်ဇိုင်းဆို"ဟု မြန်မာပြည်ကြီးအား အင်္ဂလိပ်လက်အောက်ခံ ကျွန်ဘဝမှ ကယ်တင်ပေးသူများအဖြစ် ဗမာလူထုကြီးက ဝမ်းသာအားရဆီးကြိုလက်ခံလာခဲ့မိသော ဂျပန်များမှာ ရောက်လာ၍ မကြာမီမှာပင် ဇာတိပေါ်လာခဲ့တော့၏။

သူတို့သည် သူတို့အလိုရှိသော ပစ္စည်းများတွေ့လျှင် မည်သူ့ကိုမျှ ခွင့်မတောင်း ဖွတ်အတင်းနိုင်လိုမင်းထက် ပြုကျင့်ယူငင်သွားတတ်ကြသည်။ စိတ်မထင်လျှင် ပိုင်ရှင်ကို ပါးရိုက်ပစ်ခဲ့သေးသည်။ ထိုမျှမက အကောင်းရှာ၍ဖမ်းသွားပြီး လူကိုကြိုးနှင့်ချည်၍ ဖောက်ထိုးဆွဲ၊ နှာခေါင်းထဲရေလောင်း၊ လက်သည်းခွာ၊ အစရှိသော ဖက်ဆစ်နည်းများနှင့် နှိပ်စက်ညှဉ်းပန်းခြင်းကိုပြုခဲ့ကြပြန်သေးသည်။ ထိုအခါ လူထုမှာ သူတို့လက်နက်ကို ကြောက်၍သာ ငြိမ်နေကြရသော်လည်း စိတ်ထဲမှကား လုံးဝမကျေနပ် မကြည်ဖြူကြတော့ပေ။

ဂျပန်စစ်တပ်များရောက်လာခြင်းဖြင့် ပုသိမ်မြို့လူထုအတွက် ပထမဆုံး ထိခိုက်ကြရသည်မှာ ဟင်းကျွေး၊ ဟင်းလျာ ဝယ်မရအောင် ရှားပါးသွားခြင်းပင်ဖြစ်သည်။ မနက်မိုးလင်း၍ ဈေးဖွင့်ပြီဆိုလျှင် သူတို့စစ်တပ်ကားကြီးက ချက်ချင်းရောက်လာပြီး သူတို့၏ ပေါ်များလှသော ဂျပန်ငွေစက္ကူများဖြင့် တစ်ဈေးလုံးတွင် ရှိသမျှ အသား၊ ငါး၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များပါမကျန် အကုန်ချုပ်၍ ဝယ်တတ်ကြလေသည်။ တစ်ခါတစ်ခါ၌ ပစ္စည်း၏တန်ဖိုးထက် ငွေကို ပိုပေးခဲ့တတ်ကြသလို တစ်ခါတစ်ခါ၌မူ တန်ဖိုး၏ ထက်ဝက်မျှလောက်ကိုသာ ပေးသွားတတ်ကြပြန်သည်။ မကျေနပ်၍ စောဒကတက်လျှင်တော့ ထိုသူမှာ သူတို့၏ လက်ဝါးစာဖြစ်သွားခဲ့ရလေတော့၏။

မေမေ၏ အကျီများကို သူထံတွင်သာ အမြဲအပ်၍ ချုပ်စေသော စက်ချုပ်သည့် အပျိုကြီး ဒေါ်အုန်းမြိုင်ဆိုသူ ရှိလေသည်။ သူက တစ်နေ့တွင် ဈေးသို့ ဟင်းလျာဝယ်ရန် သွားခဲ့သည်။ လူကျပ်သောတစ်နေရာတွင် ဘဲဥတောင်းကြီး ပိုက်လာခဲ့သော ဂျပန်စစ်သားတစ်ယောက်က သူ့ကိုဝင်တိုက်ပြီး ဘဲဥတွေ ကျကွဲကုန်တော့၏။ ဘဲဥများကွဲကုန်လျှင် ဂျပန်စစ်သားသည် စိတ်ဆိုးကာ ဒေါ်အုန်းမြိုင်ကို ဆဲဆိုကြိမ်းမောင်းလေတော့သည်။ သူကဝင်တိုက်ပြီး သူကပဲတစ်ပြန်စီး ဆဲဆိုကြိမ်းမောင်းနေသော ဂျပန်ကို ဒေါ်အုန်းမြိုင်မှာ အကြီးအကျယ် ဒေါသထွက်သွားမိတော့၏။ သူကဝင်တိုက်ပါဟု ရှင်းသည်ကိုပင် ဂျပန်က

ရိုက်မောင်းပုတ်မောင်း လုပ်လာပြန်သည်။ ထိုအခါ စိတ်ထက်သော အပျိုကြီး ဒေါ်အုန်းမြိုင်သည် ရှည်ရှည်ဝေးဝေးရှင်းမနေတော့ဘဲ "နင်ကပဲဝင်တိုက်ပြီး ... နင်ကပဲဆဲရသေးသလားဟဲ့ ... ခွေးဂျပန်စုတ်ရဲ့ ..."ဟု ဆိုပြီး ဂျပန်စစ်သား၏ ပါးကိုလက်ဝါးနှင့် တအားလွှဲ၍ နှစ်ချက်ဆင့်ချလိုက်တော့သည်။ ထိုနောက် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ဂျပန်စစ်သားမှာ ရုတ်တရက် ကြောင်နေစဉ် ဒေါ်အုန်းမြိုင်က လူအုပ်ကြားသို့ ဝင်ရောက်ထွက်ပြေးခဲ့လေ၏။ ဂျပန်စစ်သားသည် ဒေါသတကြီးဖြင့် ဒေါ်အုန်းမြိုင်ကို လိုက်ရှာသေးသည်။ သို့ရာတွင် ဒေါ်အုန်းမြိုင်၏ အစအနကိုမျှ ရှာမတွေ့ရသဖြင့် နောက်ဆုံး၌ လက်လျှော့ကာ ပြန်သွားရလေတော့၏။ ဂျပန်ကို ခံတွယ်ရဲသော အပျိုကြီး ဒေါ်အုန်းမြိုင်၏ သတ္တိကို မြို့လူထုမှာ ဝမ်းထဲမှကျိတ်၍ ချီးမွမ်းပြောဆိုနေကြတော့သည်။

ထိုသို့တစ်ဖက်သတ် မတရားမှုများရှိသလို တစ်ခါတလေတော့လည်း သူတို့အထဲမှ တရားမျှတမှုကို အလေးပေးတတ်သူတချို့ကို တွေ့ကြရပြန်လေသည်။

တစ်နေ့ ဒေါက်တာနာယားနှင့် ဇနီးဆရာမ ဒေါ်တင့်တို့၏ ဆေးတိုက်ရှေ့နားတွင် ဖြစ်သည်။ အမျိုးသမီးဝဝကြီးတစ်ယောက်သည် ကမ်းနားမှ ငွေငါးမူးပေးမည်ဆိုကာ လန်ချားစီးလာခဲ့သည်။ ရောက်သောအခါ လန်ချားကုလားကြီးကို တစ်မတ်သာပေးလေသည်။ ထိုအခါ လန်ချားကုလားအဘိုးကြီးက မကျေနပ်သဖြင့် အဒေါ်ကြီးနှင့် စကားများကြတော့သည်။ ထိုစဉ် ဂျပန်စစ်ဗိုလ်တစ်ယောက်က ဖြတ်သွားသည်တွင် တွေ့ရှိပြီး အကျိုးအကြောင်းဝင်မေးသည်။ ထိုအခါ လန်ချားကုလားကြီး တိုင်လေတော့၏။ ဂျပန်စစ်ဗိုလ်က အဒေါ်ကြီးကို အစက ငါးမူးနှင့် ငှားသလားမေးရာ အဒေါ်ကြီးက မလိမ်သာ၍ လား မသိဟုတ်ကြောင်း ဝန်ခံရလေသည်။ လူအများ ဝိုင်းကြည့်နေကြစဉ်တွင်ပင် ဂျပန်စစ်ဗိုလ်ကြီးက လန်ချားကုလား အဘိုးကြီးကို သူ့လန်ချားပေါ်သို့ အတက်ခိုင်းလိုက်သည်။ ထိုနောက် အဒေါ်ကြီးကို ခေါ်၍ လန်ချားကို ဆွဲခိုင်းလေတော့၏။ အဒေါ်ကြီးသည် ကြောက်ကြောက်နှင့် ဂျပန်စစ်ဗိုလ်ခိုင်းသည့်အတိုင်း ကုလား အဘိုးကြီးကို လန်ချားပေါ်တင်၍ ခေါက်တုံ့ခေါက်ပြန် ဆွဲနေလိုက်ရသည်။ နောက်ဆုံး မောလွန်းတော့မှ ဂျပန်စစ်ဗိုလ်က အဒေါ်ကြီးကို အရပ်ခိုင်းပြီး ကုလားကြီးအား ကျန်သည့် ငွေတစ်မတ်ကို ထပ်ပေးစေပြန်သည်။ နောက်ကို ဤသို့မပြုရန်လည်း အဒေါ်ကြီးကို သတိပေးဆုံးမလိုက်သေးသည်။

တစ်ခါကလည်း ဒေါ်တင့်တို့နှင့် သိကျွမ်းနေသော ဂျပန်စစ်ဗိုလ်တစ်ဦးက ဗမာအမျိုးသားတစ်ယောက်ကို ဆေးတိုက်သွင်းသို့ ဆွဲခေါ်လာခဲ့သဖြင့် ဒေါက်တာတို့လင်မယားမှာ ဘာမှန်းမသိဘဲ အကြောင်းသား ငေးကြည့်နေလိုက်ကြရသည်။ အထဲသို့

ရောက်လျှင် ဂျပန်ဗိုလ်က ထိုသူအား ဝါးလုံးကြီးတစ်လုံးဖြင့် တစ်အားလွဲရိုက်လေတော့၏။ ထိုသူမှာ မျက်စိတစ်ဖက်လပ်နေရာ ကျန်သော မျက်လုံးတစ်ဖက်ကို အတင်းထိုးဖောက်ဟု တကဲကဲ ပြုလုပ်ကြိမ်းမောင်းနေပြန်ရာ ဒေါက်တာတို့ ဇနီးမောင်နှံက ဝင်၍တောင်းပန်ပြောဆိုကြရလေသည်။ သည်တော့မှ ဂျပန်စစ်ဗိုလ်လည်း ထိုသူအား ရိုက်နှက်ပြီး ကျေနပ်မှ ပြန်လွှတ်လိုက်တော့၏။

မေးစမ်းကြည့်သောအခါ လန်ချားနှင့် ပတ်သက်၍ပင်ဖြစ်နေပြန်သည်။ ဂျပန်ခေါ်လာပြီး ရိုက်ခဲ့သူမှာ ပုလိပ်သားတစ်ယောက်ဟုဆိုသည်။ သူသည် လန်ချားကို ခေါ်ပြီး ဟိုသွား၊ ဒီသွားလျှောက်စီးနေခဲ့သည်။ နောက်ဆုံး လန်ချားကုလားက သူဆက်ပြီး မပို့နိုင်ကြောင်း ပြောပြီး ကျသင့်သော အခငွေကို တောင်းတော့သည်။ ထိုအခါ ပုလိပ်သားက စိတ်ဆိုးဒေါသဖြစ်ပြီး လန်ချားခကို မပေးဘဲ ကုလားကို ရိုက်မောင်း ပုတ်မောင်းပြု၍နှင်ထုတ်လေသည်။ ဤတွင် ကုလားက ဂျပန်စစ်ဗိုလ်ကို သွားတိုင်ခြင်းဖြင့် ပုလိပ်သားမှာ ကိုယ်ကမတရားပြုသူများအား ဆီးတားပဲ့ပြင်ရမည့်အစား ယခုလိုသူကပင် ပြန်ပြီးအနိုင်ကျင့်ရမည်လားဟု ဂျပန်စစ်ဗိုလ်က စိတ်ဆိုးကာ ဆုံးမလိုက်ခြင်းဖြစ်သည်ဆို၏။

ထိုအကြောင်းများမှာ လူကြီးများ၏ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် နီနီလေး သိရှိနားလည်ခဲ့ရသော အကြောင်းချင်းရပ် တချို့ဖြစ်လေသည်။

တစ်ခါကဆိုလျှင်လည်း နီနီလေးတို့အိမ်ရှေ့တွင် ဓားရှည်ကြီးကိုင်ထားသော ဂျပန်စစ်ဗိုလ်ကြီးတစ်ဦးနှင့် သူ့နောက်မှ လူတစ်စု စုရုံး စုရုံးဖြစ်နေကြသည်ကို တွေ့ကြရသည်။ စစ်ဗိုလ်ကြီးသည် မျက်ထားကြီးက ဆိုးသလောက် အသံကြီးကလည်း ခက်ထန်မာကျောလှလေတော့၏။ သူသည် လမ်းဆုံ၌ရပ်ပြီး သူ့လက်ထဲမှ ဓားကြီးဖြင့် ကတ္တရာစေးလမ်းပေါ်တွင် ဟိုခြစ်သည်ခြစ် လုပ်သည်။ သူ့နောက်မှ လူများက ကြည့်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ တရုတ်နှင့် တရုတ်ကပြားများဖြစ်ဟန်တူသည်။ ဂျပန်စစ်ဗိုလ်ကြီးက သူတို့ကို လှည့်မေးလိုက်သောအခါ သူတို့က ဘာမှပြန်မဖြေကြ။ ထိုအခါ ဂျပန်စစ်ဗိုလ်ကြီးသည် ဒေါသကြီးဖြင့် ကုန်းအော်လိုက်တော့၏။ စစ်ဗိုလ်ကြီးက အော်လိုက်တိုင်း သူ့နောက်မှ လူတစ်စုမှာ လန့်တုန်သွားကြပြီး မျက်နှာငယ်ကလေးတွေနှင့်သာ ရှိနေကြရှာတော့သည်။

နောက်အကြောင်းသိတစ်ဦး၏ ပြောပြချက်အရ အဖြစ်အပျက်ကို နီနီလေးတို့ သိကြရလေတော့သည်။

ပုသိမ်မြို့ကို ဂျပန်စစ်တပ်များရောက်လာလျှင် ဖဲဝိုင်းတွေ အကုန်လိုက်ပိတ်ပစ်

လိုက်သည်။ သို့ရာတွင် အသည်ကြီးဘက်ပိုင်း၌ တရုတ်သူဌေးတချို့၏ အိမ်များတွင် တိတ်တဆိတ် ဝိုင်းဖွဲ့ကစားနေခဲ့ကြလေသည်။ ထိုအကြောင်းကို သိသော ပုလိပ်သားမှာ ဥပဒေအရသွားဖမ်းသလား တမင်သက်သက်ပင် ငွေရပေါက်အတွက် သွား၍ခြိမ်းခြောက်လေသလားမသိ။ သူ့ကိုဖဲဝိုင်းမှ လူများက သူတို့အိမ်တက်လုပါသည်ဟုဆိုကာ ဝိုင်းရိုက်ပြီး ဖမ်းလိုက်ကြတော့သည်။ ထို့ပြင် သူတို့နှင့် အဆက်အသွယ်ရှိသော ဂျပန်စစ်ဗိုလ်ကို သွားတိုင်ပြန်သည်။ ထိုအခါ အတိုင်ဦးသူကို ပစ်ယုံတတ်သော ဂျပန်စစ်ဗိုလ်က ကိုယ်တိုင်လိုက်လာပြီး ပုလိပ်သားကို ဥပဒေမဲ့ အပြစ်ပေးဆုံးမလေတော့၏။

ဂျပန်စစ်ဗိုလ်၏ ဆုံးမပုံမှာ သူတို့ကို ဝင်လုပါသည်ဟု စွပ်စွဲပြီး လူတစ်စုက ဝိုင်းရိုက်ခြင်းခံထားခဲ့ရသူ ပုလိပ်သားကို လူစည်ကားရာ လမ်းလယ်ခေါင်သို့ ခေါ်ထုတ်ခဲ့သည်။ ပြီးလျှင် ဂျပန်စစ်ဗိုလ်ကြီး အမျိုးမျိုး စစ်ဆေးပြီး ပါးကို ဘယ်ပြန်ညာပြန်ရိုက်သည်။ ရိုက်၍ ကျေနပ်သွားလျှင် ပုလိပ်သားကို သွားတော့ဟု ခိုင်းသဖြင့် ပုလိပ်သားက သွားရန် လှည့်လိုက်သည်။ ထိုအခါ ဂျပန်စစ်ဗိုလ်ကြီးက သူ့စစ်ဖိနပ်ဦးကြီးဖြင့် ရုတ်တရက်နောက်မှ ဆောင့်ကန်လိုက်လျှင် ပုလိပ်သားခမျာ ပုံ၍လဲရှာပြန်တော့၏။

ထိုသို့ လျှောက်ခိုင်းလိုက် ကန်လိုက် လဲလိုက်နှင့် ကိုယ့်ဗမာပြည်သို့လာကာ ကိုယ့်ဗမာအမျိုးသားတစ်ယောက်ကို တိုင်းတစ်ပါးသား ဂျပန်တစ်ယောက်က ဖက်ဆစ်ဆန်ဆန် အနိုင်ကျင့်ပြုမူနေသည်ကို ဗမာအမျိုးသား မြို့လူထုမှာ ဘာမျှ မတတ်နိုင်ကြဘဲ ရင်နာနာနှင့်သာ ဘေးမှ လက်ပိုက်ကြည့်နေကြရ ရှာလေသည်။ နောက်ဆုံး၌ ပုလိပ်သားခမျာ ထပင်မထနိုင်တော့အောင် မြော့မြော့ကလေးရှိတော့မှသာ ဂျပန်စစ်ဗိုလ်က ကျေနပ်သွားကာ သူ့အိမ်သို့ထမ်းပို့ခိုင်းလိုက်လေတော့၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး ပုလိပ်အဖွဲ့မှာ အကြီးအကျယ်မခံမရပ်နိုင်ဖြစ်သွားကြတော့သည်။ သို့ရာတွင် အာဏာစက်ပြင်းနေသော ဂျပန်စစ်တပ်ကိုလည်း ပွင့်ပွင့်လင်းလင်း အံမတုသာအောင်ဖြစ်နေပြန်သည်။ နောက်ရက်တွင် ဖဲဒိုင်ခံသည့် အိမ်ရှင်တရုတ်မှာ ရုတ်တရက် ထူးဆန်းစွာ အိမ်မှပျောက်သွားလေတော့၏။ ထိုအခါ တရုတ်နှင့်သက်ဆိုင်သူများ မျက်လုံးပြူးကာ သူတို့အားကိုးရာ ဂျပန်စစ်ဗိုလ်အား ပြေးတိုင်ကြတော့၏။ သိလျှင် ဂျပန်စစ်ဗိုလ်က သူ့အာဏာကိုသုံးလျက် သူတို့လူကို လိုက်ရှာစေသည်။ သို့ရာတွင် ပျောက်နေသော တရုတ်၏ အစအနကိုမျှ မတွေ့ကြ၊ တစ်မြို့လုံးလည်းနံ့နေကြပေပြီ။ နောက်ဆုံး၌ ဂျပန်စစ်ဗိုလ်ကိုယ်တိုင်လိုက်ရှာခဲ့ရာမှ စုရုံးစုရုံးနှင့် နီနီလေးတို့အိမ်ရှေ့သို့ ရောက်လာကြခြင်း ဖြစ်လေသည်။

ဂျပန်စစ်ဗိုလ်က သူ့လူ၏ထူးထူးဆန်းဆန်း ပျောက်ပုံပျောက်နည်းကို သက်ဆိုင်သူများကိုမေးသည်။ သက်ဆိုင်သူများက တိတိကျကျ မပြောတတ်ကြ။ ထိုသို့ သူတို့က မပြောတတ်လေ၊ ဂျပန်စစ်ဗိုလ်က ဒေါသကြီးလေနှင့်တစ်မြို့လုံးလှည့်ကာ တစ်ဆူဆူဖြစ်နေခဲ့ကြခြင်းဖြစ်လေတော့၏။

နောက်ဆုံး၌ ဂျပန်စစ်ဗိုလ်ကြီးမှာ လက်လျှော့လိုက်ရပြီး ပုလိပ်အဖွဲ့မှ ဗမာအမျိုးသား အကြီးအကဲများနှင့် နားလည်မှုယူကာ ဖျန်ဖြေဆွေးနွေးရလေတော့၏။ ထိုအခါမှ ပုလိပ်အဖွဲ့၏ အကူအညီဖြင့် ပျောက်ဆုံးနေခဲ့သော တရုတ်ကို ရှာ၍တွေ့ကြလေတော့သည်။ နောက်မှ သတင်းထွက်လာသည်မှာ ဂျပန်စစ်ဗိုလ်၏ ရက်စက်ရိုင်းပြသော အပြုအမူကို မကျေနပ်သော ဗမာအမျိုးသား ရာဇဝတ် ဝန်ထောက်တစ်ယောက်၏ စီစဉ်ညွှန်ကြားချက်ဖြင့် ဖဲဒိုင်ခံတရုတ်ကို ပုလိပ်အဖွဲ့က ဖုက်ထားခဲ့ကြခြင်းဖြစ်သည်ဟူ၏ ။

"ရောက်ရောက်ချင်း ... ဆောက်နှင့်ထွင်း"ဆိုသလို ဂျပန်အစိုးရနှင့် ဗမာအမျိုးသားများမှာ "စလယ်ဝင် ... ဖင်မမဲခင်ကကွဲ" ကိန်းဆိုက်ကာ တစ်ဦးနှင့်တစ်ဦး နာကြည်းစရာများဖြင့် မပြေမလည် အစပျိုးလာခဲ့ကြရလေသည်။

နေရှင်နယ်ကျောင်းအဆောက်အဦးကြီးကို ဗမာရဲဘော်များက သိမ်းထားသည်။ ဂိတ်ဝတွင် သေနတ်ကိုင် ရဲဘော်များက စောင့်ကြပ်နေကြသည်။ တစ်ခါ တစ်ခါ လူများကို တန်းစီ၍ဖမ်းပြီး အထဲသို့သွင်းသွားတတ်သည်။ ဖမ်းလာသည့်အထဲတွင် ကုလားလူမျိုး အတော်များများကို တွေ့ကြရသည်။ တစ်ခါတစ်ခါတွင် ကျောင်းထဲမှ အော်ဟစ် ညည်းညူသံများကို နီနီလေးတို့အိမ်မှ စိတ်မချမ်းမြေ့ဖွယ်ရာ ကြားနေခဲ့ရလေသည်။

ဘီအိုင်အေ ရဲဘော်များထဲမှ ဆရာဘထွန်းဆိုသူ သခင်တစ်ယောက်မှာ ဖေဖေတို့နှင့် ခင်မင်ရင်းနှီးသဖြင့် နီနီလေးတို့အိမ်သို့ မကြာခဏလာလည်တတ်သည်။ နောက်သူ့မိန်းမနှင့်ကလေးများကို ခဏခေါ်ထားလိုသည်ဆို၍ ဖေဖေတို့က အားနေသော ယိုးဒယားကုန်းရှိအမ်ကို ခဏပေးထားလိုက်ရသည်။ နောက်သခင်ဘထွန်း၏ ပြောပြချက်အရ သခင်ရဲဘော်ထဲမှ စိတ်ကြိုက်အချို့သာ ချန်ထားပြီး ကျန်သောသူအားလုံးကို နေရပ်အသီးသီးသို့ပြန်လွှတ်လိမ့်မည်ဟု သိရလေသည်။ ပြောသည့်အတိုင်းပင် မကြာမီသော ရက်အတွင်း၌ ဗမာရဲဘော်များ တစ်သုတ်ပြီး တစ်သုတ်ပြန်သွားကုန်ကြတော့သည်။ နောက်ဆုံး၌ ဆရာဦးဘထွန်းတို့ပင်လျှင် အထက်မှ အမိန့်အရ ပုသိမ်မှ ပြောင်းရွှေ့သွားခဲ့ရလေတော့၏။ သူနယ်ပြောင်းသွားခဲ့ပြီး တစ်လလန့်အကြာတွင် တောပိုင်းတစ်နေရာ၌

ဆရာဘထွန်းတစ်ယောက် အသတ်ခံရကြောင်း သတင်းကို ဖေဖေတို့မှာ စိတ်မကောင်းစွာ ကြားသိကြရလေတော့သည်။

နောက်တော့ မြို့ပေါ်တွင် ဗမာရဲဘော်များမရှိသလောက် ဖြစ်သွားပြီး ဂျပန်စစ်သား များသာ နေရာတကာ တွင်ကျယ်နေကြလေတော့သည်။

စစ်ပြေးတိမ်ရှောင်နေခဲ့ကြသူများလည်း တဖြည်းဖြည်း ပြန်ရောက်လာကြရာ ပုသိမ် မြို့ကမှာ ပြန်လည်၍ စည်ကားစပြုလာလေသည်။ စစ်အတွင်း အခြေအနေအရ အစား အစာနှင့် ပစ္စည်းပစ္စယများ ရှားပါးသည်ကလွဲ၍ စစ်ရိပ်စစ်ငွေ့များမှာမူ အတော်ကလေးပင် အေးအေးချမ်းချမ်း ရှိနေလေသည်။ ကမ္ဘာစစ်၏ ဗုံးဒဏ်၊ သေနတ်ဒဏ်ဆိုသည်များကို ပုသိမ်မြို့သူမြို့သားများအဖို့ "ပြောသံကြားနှင့် တရားနာ"ရုံသာ ရှိနေကြပေသေးသည်။ ထိုကြောင့် ကြားစတုန်းက အကြောက်ကြီးကြောက် အလန့်ကြီးလန့်ပြီး ထွက်ပြေးသွားခဲ့ ကြသလောက် ယခုတော့လည်း "စစ်"ဆိုသည်မှာ ထင်သလောက် ကြောက်စရာမဟုတ် ပါလားဟုပင် တွေးချင်လာမိကြတော့၏။ အချိန်မှာကား ဝဿန်ဥတု မိုးဦးဖြိုင်ဖြိုင်ကျခဲ့ လေပြီ။

❒

## ဦးလေးလှိုင်ပြန်လာပြီ

ကုန်လွန်ခါနီးမို့ နှုတ်ဆက်လေသလားမသိ။ ထိုနေ့က တစ်နေ့လုံး မိုးရောလေပါ သည်းထန်ခဲ့လေသည်။ နောက် ညနေစောင်းရောက်မှ နည်းနည်း ငြိမ်သက်လာခဲ့သော်လည်း တစ်ဖွဲဖွဲရွာစွေနေပြန်သေးသည်။ ထိုကြောင့် နေ့တာရှည်သော်လည်း မိုးမှောင်က လွှမ်းလာခဲ့တော့သည်။ တစ်မြို့လုံး လမ်းမီးများကလည်း မရှိပြန်ရာ အမှောင်ထုက ပို၍ အားများနေတော့၏။

မိုးအေးအေးနှင့် နီနီလေးတို့မိသားစုသည် အိမ်ပေါ်တွင် ငြိမ့်၍ကွေး၊ ထွေးနေကြစဉ် အိမ်အောက်ခြံဝဆီမှ ခေါ်သံတစ်ခုက ရုတ်တရက် ထွက်ပေါ်လာခဲ့လေသည်။

"မမ ... မမ ... အစ်ကို"

မိုးတစ်ဖွဲဖွဲကြားမှ ကျွမ်းဝင် ရင်းနှီးသောခေါ်သံကြောင့် ငြိမ်နေကြသော နီနီလေးတို့အားလုံး ခေါင်းထောင်ထလာမိကြသည်။

"မမရေ ... မမ"

"ဟဲ ... မောင်လှိုင့်အသံနဲ့တူတယ်"

မေမေ့စကားမဆုံးမီမှာပင် နီနီလေးတို့အားလုံး အိမ်ရှေ့သို့ တဝုန်းဝုန်း စုပြုံပြေးထွက်လိုက်ကြတော့သည်။ ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်ကြသောအခါ မှောင်တရီညချမ်းတွင် မိုးရေများ တုတ်တုတ်ရွှဲနေသော လူတစ်ယောက်ကို ခြံဝ၌ရပ်နေသည်ကိုတွေ့ရသည်။

မျက်နှာကို သဲကွဲစွာ မမြင်ရသော်လည်း သူက အိမ်ပေါ်သို့ မော့ကြည့်နေမှန်း သိရလေသည်။ သူ့ကို ငုံ့ကြည့်ရင်း မေမေက အံ့သြဝမ်းသာသဖြင့် မေးလိုက်တော့သည်။

"ဟဲ့ ... မောင်လှိုင်လား ... ဟုတ်လား"

"ဟုတ်တယ်မမ ... ကျွန်တော်ပါ"

သူ့အဖြေ မဆုံးမီမှာပင် ဦးလေးကြိုင်က သူ့ဆီသို့ ပြေးဆင်းသွားတော့၏။ ထိုအခါ နီနီလေးတို့ မောင်နှမတစ်စုလည်း "ဟော ... ဦးလေးလှိုင် ပြန်လာပြီ" ဟု ဝမ်းသာအားရ အော်ဟစ်ရွတ်ဆိုရင်း အိမ်တံခါးဝ လှေကားထိပ်ဆီသို့ စုပြုံပြေးသွားလိုက်ကြပြန်သည်။ ဖေဖေ၊မေမေနှင့် အဘွားတို့ကလည်း သူတို့နောက်မှ ဝမ်းသာအားရ လိုက်လာခဲ့ကြသည်။ ထိုစဉ် ဦးလေးကြိုင်က ဦးလေးလှိုင်ကိုခေါ်လျက် အိမ်ပေါ်သို့ ပြန်တက်လာခဲ့လေသည်။ ဦးလေးကြိုင်နောက်မှ ပါလာသော ဦးလေးလှိုင်ကို တွေ့လိုက်လျှင် နီနီလေး၏စိတ်တွင် အံ့သြခြင်းနှင့်အတူ ဇဝေဇဝါလည်း ဖြစ်သွားမိတော့၏။

အကြောင်းမှာ နီနီလေးသိခဲ့ ချစ်ခဲ့ရသော ဦးလေးလှိုင်နှင့် သူ ယခုတွေ့လိုက်ရသော ဦးလေးလှိုင်မှာ အံ့သြစရာကောင်းလောက်အောင် တခြားစီဖြစ်နေသောကြောင့်ပင်။

ဦးလေးလှိုင်မှာ အဘွား၏မောင်အငယ်ဆုံးက မွေးသောသားဖြစ်သည်။ ဦးလေးလှိုင် မီးတွင်းထဲမှာပင် သူ့အမေသေဆုံးသွားခဲ့ရာ အဘွားကယူပြီး နို့တိုက်၍ မွေးခဲ့ရလေသည်။ ထိုကြောင့် ဦးလေးလှိုင်မှာ အဘွားအဖို့ ဝမ်းနှင့်မလွယ်ခဲ့ရသည်ကလွဲ၍ သားအရင်းနှင့်မခြား ဖြစ်ခဲ့ရလေသည်။ ထို့အတူ မေမေတို့ကလည်း ဦးလေးလှိုင်အား ဦးလေးကြိုင်နှင့်မခြား ချစ်ခင်တွယ်တာခြင်းဖြင့် ပြုစုထိန်းကျောင်းခဲ့ကြလေသည်။ ဦးလေးလှိုင်သည် ဦးလေးကြိုင်ထက် အနည်းငယ်လကြီးသော်လည်း လူအလုံးအဖန်မှာမူ ဦးလေးကြိုင်က ပို၍ သန်မာထွားကြိုင်းလေသည်။ သူတို့နှစ်ဦးမှာ တစ်ကျောင်းတည်း တစ်တန်းတည်းတွင် ဖြစ်နေကြရာ မသိသူများအဖို့ သူတို့နှစ်ယောက်ကို ညီအစ်ကိုအရင်းဟု ယူဆကြပြီး ဦးလေးကြိုင်က အကြီး ဦးလေးလှိုင်က အငယ်ဟု ထင်တတ်ကြလေသည်။ သို့ရာတွင် ဦးလေးကြိုင်က ဖြူ၍ ဦးလေးလှိုင်က ခပ်ညိုညိုဖြစ်လေသည်။

ဖေဖေနှင့်မေမေ အိမ်ထောင်ကျပြီးကတည်းက သူတို့နှစ်ယောက်ကလည်း မခွဲတမ်း အမြဲလိုက်နေကြရာ နီနီလေးတို့ မောင်နှမတစ်တွေမှာ ထိုဦးလေးနှစ်ယောက်၏ လက်များပေါ်မှာပင် ကြီးလာခဲ့ကြရလေသည်။ ဦးလေးကြိုင်ထက် ဦးလေးလှိုင်က စိတ်ရှည်ပြီး အလိုလိုက်တတ်ရာ နီနီလေးတို့မှာ ဦးလေးလှိုင်ကို ပို၍ ဆိုးနွဲ့အနိုင်ကျင့်တတ်ပြီး ပို၍ချစ်သလိုလည်း ရှိကြလေသည်။

သည့်လိုနှင့် စစ်မဖြစ်ခင်တစ်နှစ်တွင် ဦးလေးကြိုင်က လူကြီးများ၏ ခွင့်ပြုချက် အရ ရန်ကုန်မြို့သို့ရောက်သွားခဲ့သည်။ သွားခြင်းမှာ သူဝါသနာပါရာ စက်မှုလက်မှု သင်တန်းကျောင်းသို့တက်ရန်ဖြစ်သည်။ ထိုအခါ ဦးလေးလှိုင်ကလည်း သူဝါသနာပါရာ စစ်ထဲသို့ ရောက်သွားခဲ့လေတော့၏။ ဦးလေးလှိုင် စစ်ထဲရောက်ရခြင်းမှာ လူကြီးများက ခွင့်ပြု၍ကားမဟုတ်။ သူ့ဟာသူ တိတ်တိတ်ကလေး လိုက်သွားခဲ့ခြင်းသာ ဖြစ်လေသည်။ ပထမတစ်ခေါက်တွင် လူကြီးများ သိသွား၍ မဝင်ဖြစ်ခဲ့သော ဦးလေးလှိုင်မှာ နောက် တစ်ခေါက်တွင်တော့ အဖော်ကောင်းကောင်းနှင့် ပါသွားခဲ့လေတော့၏။ သူဒါလောက် စစ်ထဲလိုက်ချင်လှတာ လိုက်ပေစေတော့ဟု လူကြီးများက လက်လျှော့လိုက်ကြရလေ သည်။

နောက် မကြာမီတွင်ပင် သူ့စစ်တပ် ရန်ကုန်ပြောင်းရာ ဦးလေးလှိုင်လည်း လိုက်ပါ သွားခဲ့လေတော့၏။ သူရန်ကုန်သို့ ပြောင်းခါနီး အိမ်သို့ လာနှုတ်ဆက်သော ဦးလေးလှိုင် ကို နီနီလေးတို့ နောက်ဆုံးတွေ့ခဲ့ကြရခြင်းဖြစ်လေသည်။ အသက်နှစ်ဆယ်မျှ မပြည့်သေး သော ဦးလေးလှိုင်မှာ တပ်ကြပ်ကလေးအဆင့်ရှိသော သူ့စစ်ဝတ်စုံဖြင့် သေသပ်လှပနေခဲ့ လေသည်။ နောက် ရန်ကုန်ရောက်သွားသော ဦးလေးလှိုင်မှာ မင်္ဂလာဒုံ သူ့တပ်ထဲမှနေ၍ သူချစ်ပိုးထိန်းခဲ့ရသော နီနီလေးတို့ တူတွေ၊ တူမတွေကို လွမ်းတသသဖြင့် စာများရေးနေ ခဲ့သည်။ သို့ရာတွင် စစ်ကြီးဖြစ်သောအခါ ဦးလေးကြိုင်တစ်ယောက်သာ အိမ်သို့ပြန်လာ နိုင်ခဲ့သည်။ ဦးလေးလှိုင်မှာမူ သူ့စစ်တပ်နှင့် အထက်ဗမာပြည်သို့ပါသွားကြောင်း နောက်ဆုံး သတင်းကြားရပြီး နီနီလေးတို့နှင့် လုံးလုံးအဆက်ပြတ်သွားခဲ့လေတော့၏။

မေမေတို့မှာ ဦးလေးလှိုင်တစ်ယောက် သေသည်လား၊ ရှင်သည်လား မသိနိုင်ဘဲ စိတ်ပူနေခဲ့ကြရာမှ ယခုလို ပြန်ရောက်လာခဲ့သောအခါ ပြောမပြနိုင်လောက်အောင် ဝမ်းသာ အားရဖြစ်သွားမိကြလေတော့၏။

အသားများ မည်း၍ ကြမ်းတမ်းနေသော စစ်ပြန်ကြီး ဦးလေးလှိုင်၏ တစ်ကိုယ် လုံးမှာ မိုးရေများဖြင့်စက်စက်ယို စိုရွှဲနေသည်။ အသက်ကြီးသူ အဘိုးကြီးများ ဆောင်းလေ့ ရှိသော သိုးမွေးပွခေါင်းစွပ်ကြီးကို ချွတ်လိုက်သောအခါ သူ့မျက်နှာမှ ပါးသိုင်းမွေးများနှင့် လိုက်ဖက်အောင် ဦးလေးလှိုင်၏ ဆံပင်များက အတော်ပင် ရှည်ထွက်နေကြသည်။ ကိုယ် ပေါ်တွင် ရေများဖြင့် လေးအိနေသော ကုတ်အင်္ကျီကြီးနှင့် ပုဆိုးကို ဝတ်ထားပြီး ခြေထောက် တွင် စစ်ဘွတ်ဖိနပ်ကြီးကို စွပ်ထားသည်။ ဦးလေးလှိုင်က သူ့ကုတ်အင်္ကျီကြီးကို ချွတ်လိုက် သောအခါ ခါးတွင် ချိတ်ထားခဲ့သော ဓားမြှောင်တစ်လက်နှင့် ဓားဦးကားကြီးတစ်ချောင်း

တို့ ထွက်လာသည်။ ခြေထောက်မှ ဘွတ်ဖိနပ်ကြီးကို ချွတ်ပြီး ခြေနင်းမှ သားရေပြားကို ခွာထုတ်လိုက်သောအခါ အတွင်းမှ ငွေဒင်္ဂါးတချို့ ထွက်ကျလာလေသည်။

ဦးလေးလှိုင်ကို ကြည့်၍ တစ်အိမ်သားလုံးမှာ မေးစမ်းပြောဆိုနှင့် လှုပ်လှုပ်ရွရွ ဆူဆူညံညံ ဖြစ်နေကြတော့ရာ ဖေဖေက ရုတ်တရက် သတိပေးရလေသည်။

"ရှူး ... ရှူး တိုးတိုးတိတ်တိတ် လုပ်ကြပော့ ... တော်ကြာ ... ဂျပန်တွေသိသွားရင် ... အင်္ဂလိပ်တပ်က စစ်ပြန်ဆိုပြီး စစ်လား၊ မေးလား၊ ဖမ်းလား၊ ဆီးလား လုပ်ခံနေရဦးမယ်"

ထိုအခါမှ အားလုံး သတိရပြီး ငြိမ်ငြိမ်သက်သက်ဖြစ်သွားကြတော့သည်။

အဝတ်အထည် ကိုယ်တစ်ခုနှင့် ပြန်ရောက်လာခဲ့သော ဦးလေးလှိုင်ကို ရေမိုးချိုးစေပြီး ဦးလေးကြိုင်က သူ့အင်္ကျီနှင့် ပုဆိုးများကို ထုတ်ပေးလိုက်ရသည်။ ထိုနောက် ဆာလောင်မွတ်သိပ်လာခဲ့သော ဦးလေးလှိုင်ကို အဘွားနှင့်မေမေက ထမင်းပြင်၍ ကျွေးကြရလေသည်။

ဦးလေးလှိုင်က နွေးနွေးထွေးထွေး ဝတ်ကာ ဗိုက်ဝအောင် စားသောက်ပြီးလျှင် မီးဖိုထဲဝင်၍ ဆေးလိပ်ကို အားရအောင် ဖွာလိုက် ရှိုက်လိုက်သေးသည်။ စစ်ထဲရောက်မှ ဆေးလိပ်သောက်တတ်လာခဲ့သော ဦးလေးလှိုင်က ငယ်စဉ်မှစ၍ သွန်သင် ပညတ်လာခဲ့သော ဖေဖေ့ရှေ့တွင် မသောက်ဝံ့ရှာပေ။ ပြီးမှ အိမ်အလယ်ခန်းရှိ စားပွဲကြီးတွင် မိသားစုအားလုံး ဝိုင်းထိုင်လိုက်ကြလျက် ဦးလေးလှိုင်က သူ့စစ်ပြန် ဇာတ်ကြောင်းကို ပြန်လှန်ပြောပြလေတော့၏။

နီနီလေးတို့ ပုသိမ်မှ တောပြေးခဲ့ကြချိန်တွင် ဦးလေးလှိုင်တစ်ယောက်မှာ ရန်ကုန်မင်္ဂလာဒုံတပ်စခန်းတွင်ပင် ရှိနေခဲ့ပေသေးသည်။ ရန်ကုန်မြို့ကို ပထမဆုံး ဂျပန်က ဗုံးကြဲသဖြင့် သောက်သောက်လဲ သေကျေကြသူတို့၏ အလောင်းများကို ဦးလေးလှိုင်တို့ တပ်သားများက လိုက်လံကောက်သိမ်းပေးခဲ့ကြရလေသည်။ ထိုနောက် မြို့ကိုလည်း စောင့်ရှောက်ပေးနေကြရသည်။

ထိုနောက် အင်္ဂလိပ်အစိုးရက အရေးကြီးသော အဆောက်အဦးဌာနနေရာများကို ဖောက်ခွဲဖျက်ဆီးပြီး အထက်ဗမာပြည်မြစ်ကြီးနားသို့ စစ်တပ်များ ဆုတ်ပြေးသွားကြသည်တွင် စစ်သားတစ်ဦးဖြစ်သော ဦးလေးလှိုင်မှာလည်း လိုက်ပါသွားခဲ့ရလေတော့၏။ သူတို့သည် ပထမ မန္တလေးသို့မော်တော်ကားများနှင့် ဆုတ်ကြရသည်။ မန္တလေးကမှ မြစ်ကြီးနားသို့ "အက်စစ်"ဆိုသော သင်္ဘောဖြင့် ခရီးဆက်ခဲ့ကြရပြန်သည်။ ဦးလေးလှိုင်၏ တပ်

မှာ ချင်းသေနတ်တပ်ရင်းဖြစ်၍ သူတို့တပ်စုတွင် ကရင်အမျိုးသားကများလေသည်။

သူတို့တပ် မြစ်ကြီးနားသို့ရောက်လျှင် ကုလားပြည်သို့ ဆက်ပြေးရန်အတွက် လေယာဉ်ပျံလာအခေါ်ကို "ကူလီရွာ"ဆိုသော ကချင်ရွာကလေးမှ စောင့်နေကြရသည်။ ထိုနောက် တစ်လခန့်ကြာသည်အထိ သူတို့မှာ မသွားဖြစ်သေး။ ရောက်လာသော လေယာဉ်ပျံတစ်စင်းတလေမှာ အရပ်သားများပင် နေရာမရနိုင်အောင် ဖြစ်နေခဲ့လေသည်။ လူတွေမှာ အလုအယက် သူ့ထက်ငါဦး နေရာရရန် ကြိုးစားနေကြရလေတော့သည်။ ထိုအပတ် အရပ်သား ခရီးသည်များကို အပြည့်တင်လျက် ထွက်ခွာခါနီးဆဲဆဲသား လေယာဉ်ပျံကို ရုတ်တရက် ဂျပန်လေယာဉ်များများက ဗုံးကြဲတိုက်ခိုက်ရာ လူများအား လုံးလိုလို သေကုန်ကြတော့သည်။ နောက်ဆုံး အခေါက်ဖြစ်၍ တစ်စင်းထဲသော လေယာဉ်ပျံကြီးမှာလည်း မီးလောင်ပျက်စီးသွားခြင်းဖြင့် ဗမာပြည်အဖို့ လေယာဉ်အဆက်အသွယ် လုံးဝပြတ်သွားခဲ့တော့၏။

ထိုအခါစစ်တပ်ကို အုပ်ချုပ်သူ အကြီးအကဲများက အစီအစဉ်သစ်တစ်မျိုးကို ရေးဆွဲကြရသည်။ ထိုအချိန်တွင် ရန်ကုန်ကို ဂျပန်များက သိမ်းပိုက်ထားပြီးပေပြီ။

. သူတို့၏ အစီအစဉ်သစ်တစ်ရပ်မှာ လေယာဉ်ပျံ လာမခေါ်နိုင်တော့လျှင် သူတို့အားလုံး ကုလားပြည်ကို ခြေလျင်ခရီးဖြင့် ဆက်သွားကြရန်ဖြစ်သည်။ သို့ရာတွင် ချွင်းချက်တစ်ခုတော့ ထားလေသည်။ ထိုချွင်းချက်မှာ သူတို့နှင့်အတူ ကုလားပြည်သို့ဆက်လိုက်လိုသူများ လိုက်နိုင်ကြသည်။ မလိုက်လိုသူများနေခဲ့၍ ကိုယ့်မြို့ကိုယ်ရွာသို့ ပြန်ခွင့်ပြုလေသည်။

ထိုအခါ တချို့က ဆက်လိုက်သွားရန် သဘောတူကြသည်။ တချို့ကနေခဲ့ရန် ဆုံးဖြတ်ကြသည်။ နေခဲ့ရန် ဆုံးဖြတ်သည့်အထဲတွင် ဦးလေးလှိုင်တို့ တပ်စုကလေးလည်း ပါဝင်လေသည်။ သို့နှင့် နောက်လှည့်ပြန်မည့်သူများကို အုပ်စုခွဲကြပြန်ရာ ဦးလေးလှိုင်တို့အုပ်စုမှာ တပ်သားငါးဆယ်နှင့် ကရင်အမျိုးသမီး သူနာပြုဆရာမနှစ်ယောက်ကိုပါ စောင့်ရှောက်ခေါ်ခဲ့ဖို့ တာဝန်ယူကြရလေသည်။ သူတို့တပ်စုကလေးကို ကရင်လူမျိုး "ဂျမဒါ"ဗိုလ်ကလေးတစ်ဦးက ကွပ်ကဲအုပ်ချုပ်ရသည်။

သူတို့သည် ကုလားပြည်သို့သွားမည်သူများနှင့် နှုတ်ဆက်ပြီး ကျောချင်းခိုင်းလျက် မြစ်ကြီးနားမှ "နန်းလှိုင်"ဆိုသော ကချင်ရွာကလေးသို့ စတင်ပြန်ဆုတ်ခဲ့ကြတော့သည်။ သူတို့တွင် လက်နက်ခဲယမ်းအပြည့်အစုံ လော်ရီကားကြီးနှစ်စင်း ဓာတ်ဆီလေးပေပါနှင့် ငွေသားများလည်း အတော်များများ ပြန်ပါလာခဲ့ကြသည်။

သူတို့ "နန်းလှိုင်" ရွာသို့ ရောက်ရှိခဲ့ချိန်တွင် ဂျပန်တပ်များ တက်လာနေပြီဆိုသော သတင်းကြောင့် သူတို့မှာ ရှေ့သို့မဆက်ရဲကြတော့ပေ။ အခက်တွေ့နေကော သူတို့ကို နန်းလှိုင်ရွာမှ ကချင်ကျောင်းဆရာကလေးတစ်ဦးက သူ့ဥယျာဉ်ခြံကြီးထဲတွင် နေရာပေးခဲ့လေသည်။ ထိုအခါ သူတို့သည် မော်တော်ကားဓာတ်ဆီနှင့် လက်နက်များကို ဝှက်ထားလိုက်ကြပြီး ကျောင်းဆရာလေး၏ ခြံထဲတွင် ခိုအောင်းရင်း သောင်တင်နေခဲ့ကြလေတော့သည်။

သူတို့တွင် အမျိုးသမီးနှစ်ဦးက ပါလာခဲ့၍ တာဝန်ပိုနေသော်လည်း စုပေါင်း၍ ချက်ပြုတ်စားသောက်ကြသည်တွင် အမျိုးသမီးနှစ်ဦး၏ အကူအညီများကို ရရှိနေခဲ့၍ ကျေးဇူးတင်မိကြပြန်တော့သည်။

သူတို့သည် ဂျပန်စစ်တပ်လာသည်ဟု သတင်းကြားလျှင် တောထဲသို့ပြေး၍ ကိုယ်ရောင်ဖျောက်နေလိုက်ကြသည်။ ဂျပန်စစ်တပ်များသွားပြီဆိုတော့မှ ခြံကြီးထဲသို့ ပြန်လာဖို့ကြလေတော့၏။ သူတို့သည် အလုပ်မရှိသူများပီပီ အားအားရှိလျှင် တောထဲသို့ အမဲပစ်ထွက်သူက ထွက်ပြီး ငါးမျှားဝါသနာကြီးသူများကလည်း တစ်နေကုန် ငါးထိုင်၍များနေတတ်ခဲ့ကြလေသည်။ တချို့ကတော့လည်း ရွာသူရွာသားများ ချောင်းထဲသို့ ရွှေကျင်သွားရာသို့ လိုက်ပြီး သူတို့လည်း အပျင်းပြေ ရွှေကျင်ကြလေသည်။ သူတို့ ရေချိုးသွားတိုင်း "နန်းလှိုင်" ချောင်းထဲမှ သဲဖြူဖြူများတွင် ရွှေမှုန်ရွှေစလက်လက်ကလေးများကို တွေ့နေခဲ့ကြပေသည်။

ကချင်ပြည်နယ်၏ ရာသီဥတုအေးလွန်းသည်။ သစ်ရိပ် ဝါးရိပ်များအုပ်စိုးနေသော တောကြီးတောင်ကြီးများတွင် ပို၍စွတ်စို၊ စိမ့်အေးနေတော့၏။ သူတို့မြေပြန့်သားများအဖို့ အအေးဒဏ်ကို ခံနိုင်ပြီး ငှက်ဖျားမဝင်နိုင်ရအောင် ခေါင်ရေကို အမြဲသောက်နေကြရလေတော့သည်။ တစ်ခါမိုးကကျလာပြန်လျှင် လူတွေမှာ ခိုက်ခိုက်တုန်အောင် အအေးဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားကြရတော့သည်။ ထိုနေရာတွင် သည်အတိုင်းဆက်နေပါက ဒုက္ခရောက်မည့်အရေးကို တွေးမိကြပြီး သူတို့အဖို့ လေးလကြာမျှ ခိုအောင်းနေခဲ့ရသော "နန်းလှိုင်" ရွာကလေးမှ ခွာရန် စီစဉ်ကြရပြန်တော့၏။

ထိုအခါ လူနှစ်စုခွဲကြရပြန်သည်။ တစ်စုက ကုန်းလမ်းဖြင့် ပြန်ပြီး တစ်စုက ရေလမ်းမှ ပြန်ကြရန်ဖြစ်သည်။ လူအုပ်ကို ထက်ဝက်ပိုင်းလိုက်သဖြင့် တစ်စုလျှင်လူ ၂၅ ယောက်စီရှိကြလေသည်။ ရေလမ်းဖြင့် ပြန်မည့် ဦးလေးလှိုင်တို့၏အုပ်စုတွင် သူနာပြုဆရာမနှစ်ယောက်စလုံးက ပါခဲ့ပြန်လေသည်။ ထိုနောက် သူတို့သည် လက်နက်ခဲယမ်း

နှင့် ငွေသားများကို အညီအမျှ ခွဲဝက်လိုက်ကြသည်။ ဓာတ်ဆီပေပါနှင့်ကားကြီး နှစ်စင်းကိုမူ "နန်းလှိုင်" ရွာကလေးမှာပင် ထားပစ်ခဲ့ကြရန် အားလုံးသဘောတူကြလေသည်။

ရေလမ်းနှင့် ပြန်ကြမည့် ဦးလေးလှိုင်တို့အုပ်စုက သစ်လုံးထွင်း လှေကြီးတစ်စင်းကို အင်္ဂလိပ်ငွေ ၃၀၀ ကျပ်ပေး၍ ဝယ်လိုက်ကြသည်။ ခရီးသွားစဉ် လှေမမြုပ်စေရန် ကြိုတင် ကာကွယ်မှုအဖြစ် ဝါးလုံးများကို လှေဘေးမှ ဖောင်ပြုတွဲထားလိုက်ကြပြန်သည်။ ထိုဖောင်၏ အောက်ရေထဲတွင် လက်နက်နှင့်ခဲယမ်းတချို့ကို လုံအောင်ပြု၍ ဝှက်ထည့်ထားလိုက်ကြသည်။ ထိုနောက် လမ်းတစ်လျှောက်တွင် စားသောက်သွားရန်အတွက် အစစစုဆောင်းဝယ်ခြမ်းစီစဉ်ပြီး ကျန်သောငွေများကို ဝေပုံကျခွဲလိုက်ရာ တစ်ယောက်ကို ၅၀ ကျပ်စီအတွက်ကျ ရခဲ့ကြလေသည်။

သူတို့လှေ ဗန်းမော်မြစ်ထဲသို့မဝင်ခင် ကမ်းပေါ်မှ သေနတ်ဖြင့် လှမ်းအပစ်ခံခဲ့ရသေးသည်။ သူတို့က လွတ်အောင် ရှောင်တိမ်း၍ ပြေးခဲ့ကြရသည်။ သို့ရာတွင် ဗန်းမော်မြစ်ထဲရောက်သွားသောအခါ ဂျပန်စစ်တပ်နှင့် ပက်ပင်းထိုးကာ သူတို့မှာ အဖမ်းခံရလေတော့၏။

သစ္စာတရားကို လက်ကိုင်ထားပြီး ဥပဒေကို လေးစားသော ဂျပန်စစ်ဗိုလ်နှင့်တွေ့၍ ဦးလေးလှိုင်တို့မှာ သက်သာခွင့်ရခဲ့တော့သည်။ သူတို့ဇာစ်မြစ်အကြောင်းချင်းရာတို့ကို မေးမြန်းစစ်ဆေးပြီးနောက် ဂျပန်စစ်ဗိုလ်က ဦးလေးလှိုင်တို့ထံမှ လက်နက်နှင့် စက်အသုံးအဆောင် ဆိုင်ရာပစ္စည်းများကို သိမ်းယူထားလိုက်သည်။ ဦးလေးဘလှိုင်က သူ့အဝတ်အစား သေတ္တာကြီးကို နန်းလှိုင်ရွာတွင် အပ်ထားပစ်ခဲ့သဖြင့် သူ့တွင် စစ်တပ်မှ ပေးထားခဲ့သော အသုံးအဆောင်ကလေး အနည်းငယ်သာ ပါတော့ရာ ဂျပန်က သိမ်းလိုက်သောအခါ ဘာမျှမကျန်တော့ပေ။ ကချင်ဓားဦးကားနှင့် ဓားမြောင်ကလေးကိုတော့ ဂျပန်များက မသိမ်းခဲ့ပေ။ ငွေဒင်္ဂါးတချို့ကို ဦးလေးဘလှိုင်က ဖိနပ်အောက်တွင် ဝှက်ထားခဲ့သဖြင့် ဂျပန်များက တွေ့မသွားခဲ့ကြပေ။

ထိုနောက် ဂျပန်စစ်ဗိုလ်က သူတို့အတွက် ဂျပန်လိုစာတစ်စောင်ရေးပေးလိုက်သည်။ လှေဦးတွင် အလံဖြူတစ်ခုကိုလည်း ထိုးစိုက်ပေးလိုက်သေး၏။ နောက်တော့ ဦးလေးဘလှိုင်တို့ လူစုသည် ဂျပန်စစ်ဗိုလ်၏ စာကိုယူ စိုက်ထိုးပေးလိုက်သော အလံဖြူကို တလူလူလွှင့်ထူရင်း ဧရာဝတီမြစ်ရိုးကို ဆက်၍ စုန်ဆင်းခဲ့ကြရပြန်တော့သည်။

အလံဖြူထိုးထားသောသူတို့လှေကို တချို့ရွာက ဘာထင်ကြ၍မသိ ကမ်းပေါ်မှ လှမ်း၍ လှမ်း၍ သေနတ်ဖြင့် ထွက်ပစ်ကြလေသည်။ ဦးလေးလှိုင်တို့မှာ မနည်းလွတ်အောင်

ကြိုးစားရှောင်တိမ်းခဲ့ကြရလေသည်။ အခြားနေရာများက ချောက်ချီးချောက်ချက်ပစ်သည်ဆိုရုံပစ်ခဲ့ကြသော်လည်း "ကျောက်တွင်း"ဆိုသည့်အရပ်သို့ ရောက်သည်တွင် ဖြတ်မသွားဝံ့အောင်ပင် သဲသဲမဲမဲ ဆီးပစ်နေတော့၏။ သူတို့လည်း အကြံရကြပ်ပြီး မတတ်သာသည့်အဆုံး၌ ဂျပန်များသိမ်းယူစဉ်က ဖွက်ထား၍ ကျန်ခဲ့သေးသော "ဘရင်းဂန်း" သေနတ်ကိုထုတ်၍ ပြန်လှန်ပစ်ခတ်ကြရလေတော့သည်။ ကမ်းပေါ်မှ ပစ်နေသူတချို့ ထိမှန်သွားကြသည်ထင်၏။ ရွာထဲသို့ ပြန်ဝင်ပြေးကြတော့သည်။ ထိုအခါမှ ဦးလေးလှိုင်တို့ လှေလည်း "ကျောက်တွင်း" ကို အမြန်ဆုံး ကျော်လာနိုင်ခဲ့ရန် တက်သုတ်ရိုက်၍ လှော်ခတ်ပြေးခဲ့ကြရလေတော့၏။

သူတို့သည် များသောအားဖြင့် နေ့အချိန်များတွင် ချောင်ခပ်ကျကျ ကမ်းစပ်သဲသောင်များတွင် ခိုအောင်း၍ ချက်ပြုတ်စားသောက်ပြီး နားနေမှေးစက်ကြရသည်။ ညဘက်များတွင်သာ လှေဦးကို တိုက်၍လွှင့်ခဲ့ကြရသည်။ မြေပုံမရှိ လမ်းပြမပါနှင့် ဘယ်အရပ်ဘယ်ဒေသရောက်၍ ဘယ်မြို့ပေါက်ခဲ့မှန်းကိုပင် မသိခဲ့ကြပေ။

တချို့နေရာအရပ်များကမူ ကင်းများချထားသဖြင့် ကောင်းမွန်စွာခေါ်ယူ စစ်မေးခဲ့ကြသည်။ ထိုအခါ ဦးလေးလှိုင်တို့က ဂျပန်စစ်ဗိုလ်ပေးလိုက်သော စာရွက်ကို ထုတ်ပြလိုက်ကြသည်။ စာရွက်ကိုတွေ့လျှင် သူတို့လှေကို အဆီးအတားမရှိ သွားခွင့်ပြုလေသည်။ ထိုကြောင့် သူတို့မှာ သူတို့နားမလည် မဖတ်တတ်ကြသော်လည်း ဘူးသီးငါးပေါင်းကျော်စာလုံးများဖြင့် အစွမ်းတန်ခိုးကြီးသော ထိုစာရွက်ကလေးကို တရိုတသေ သိမ်းဆည်းကိုင်ဆောင်ထားနေခဲ့ကြရလေတော့၏။

သူတို့လှေ ပြည်မြို့သို့ရောက်သည်တွင် အမျိုးသား ခြောက်ယောက်နှင့် သူနာပြုဆရာမတစ်ယောက်ကို တက်ကျန်ခဲ့ကြသည်။ အောက်ဗမာပြည်ဘက်သို့ ရောက်ခဲ့သည်တွင် သက်ဆိုင်ရာဒေသများ၌ အသီးသီးတက်ရောက်နေရစ်ကြသည်။

သူတို့သည် လှေကိုဝယ်၍ ခရီးစဉ်ကို တိုင်ပင်ဆွေးနွေးကြစဉ်ထဲက နောက်ပိတ်ဆုံးကျန်သူက လှေကို အပိုင်သိမ်းရန် အားလုံးသဘောတူညီထားခဲ့ကြလေသည်။ ယခုဆိုလျှင် လှေထဲ၌ ဦးလေးလှိုင်နှင့် အခြားအဖော်နှစ်ဦးသာ ကျန်ရှိကြလေတော့၏။ ဟင်္သာတရောက်လျှင် ထိုအဖော်နှစ်ဦးကလည်း တက်နေရစ်တော့မည်ဖြစ်ရာ ဦးလေးလှိုင်တစ်ယောက်တည်းသာ လှေတစ်စင်းနှင့် တစ်ကိုယ်တော် ခရီးဆက်ရပေတော့မည်။ သို့ရာတွင် သူတို့ ဟင်္သာတမြို့သို့ရောက်လျှင် ပုသိမ်သို့ထွက်မည့်ဆဲဆဲ မီးရထားကြီးကို တွေ့ရသည်။ ထိုအခါ ပုသိမ်သို့သာ အမြန်ဆုံးရောက်လိုနေသော ဦးလေးလှိုင်က လှေကို

သူ့အဖော် နှစ်ယောက်ကိုပင် ပေးပစ်ခဲ့ပြီး သူကတော့ မီးရထားပေါ် အမှီပြေးတက်၍ လိုက်ပါလာခဲ့လေတော့၏။

ပုသိမ်သို့ရောက်လျှင် ဦးလေးလှိုင်က ဘုတာမှတန်း၍ ယိုးဒယားကုန်းအိမ်သို့ သွားခဲ့သည်။ အိမ်မှာ သော့ခလောက်တန်းလန်းနှင့် ပိတ်ထားသည်ကိုတွေ့လျှင် သူ့မှာ မောသွားမိတော့၏။ ဘယ်ရောက်၍ ဘယ်လိုဖြစ်ကုန်ကြပြီလဲဟုလည်း နီနီလေးတို့မိသားစု အတွက် တွေးပူမိလိုက်ပြန်သည်။ နောက်မှ တံခါးဖွင့်ထားသော အိမ်တစ်အိမ်ကို ဝင်မေးကြည့်မိသည်။ ထိုအိမ်မှ သတင်းပေး ညွှန်ကြားချက်အရ ဦးလေးလှိုင်က ယခုလို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်လေတော့၏။

ဦးလေးလှိုင်၏ ဇာတ်ကြောင်းပြန်ကို နီနီလေးတို့အားလုံး စိတ်ဝင်စားစွာ ထိုင်၍ နားထောင်နေလိုက်ကြသည်မှာ အတော်ကြီး ညဥ့်နက်သန်းခေါင်ကျော်မှ အိပ်ရာဝင်ဖြစ်ခဲ့ကြတော့သည်။

အမှန်မှာ ဦးလေးလှိုင်က သူ့ဘဝ၏ တွေ့ကြုံခဲ့ရပုံ အလုံးစုံကို အစီအစဉ်ချကာ သဲထိတ်ရင်ဖိုစရာ၊ စိတ်ပျက်အားငယ်စရာနှင့် တစ်ခါတစ်ခါတွင်လည်း ငိုအားထက်ရယ်အားသန်စရာ၊ ပျော်မြူးရယ်ရွှင်ဖွယ်ရာကလေးများဖြင့် စုံစေအောင် ပြောပြနေခဲ့ပေသည်။ သို့ရာတွင် ကလေးအရွယ်မျှသာရှိသေးသော နီနီလေးကတော့ အထက်ပါအကြောင်းအချက်များလောက်ကိုသာ နားလည်သိရှိနိုင်ခဲ့လေတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ဦးလေးလှိုင်တစ်ယောက် ယခုလို မသေမပျောက် အိမ်သို့ပြန်ရောက်လာနိုင်သည့်အတွက် အဘွားနှင့်အတူ နီနီလေးတို့ မိသားတစ်စုလုံးမှာ ဝမ်းမြောက်မဆုံးအောင် ရှိတော့၏။

❒

# ဘဝအတွေ့ကြုံခဲ့ရပေ

စိုက်ပျိုးမွေးမြူရေး၌ ဝါသနာကြီးသော ဦးလေးကြိုင်သည် ငွေနားဖြူ ကြက်ရစ်မျိုး တွေ့ရာကာ မွေးလေတော့၏။ သူသည် မိုးလင်းသည်ဆိုလျှင်ပင် သူတို့ကြက်ကိစ္စနှင့်သာ အလုပ်များကြလေတော့သည်။

ပထမဦးဆုံး ကြက်ခြံကို စင်ကြယ်သန့်ရှင်းအောင် လှည်းကျင်းပစ်ရသည်။ ပြီးလျှင် ရေလဲ၊ အစာကျွေးလုပ်ရသည်။ ထိုနောက် အနည်းငယ် ချွဲကျပ်သည့်အကောင်ကလေးများ ကို ဆေးတိုက် အနွေးပေးနှင့် ပြုစုရပြန်သည်။ ဦးလေးကြိုင်က နီနီလေးတို့ကလေးများ အပေါ်၌ သူသိပ်ပြီး စိတ်မရှည်တတ်ချင်သော်လည်း သူ့ကြက်ငှက်တိရစ္ဆာန်ကလေးများ အပေါ်၌မူ စိတ်ရှည်လွန်းကာ ကရိကထ ခံနိုင်လွန်းပေသည်။

သူက ကရိကထခံကျိုးနပ်အောင်လည်း ဦးလေးကြိုင်၏ ကြက်များသည် ကြီးထွား လှပလာကြလေသည်။ ငွေနားဖြူဖြူကြီးများနှင့် အရစ်ရစ်ထနေသော သူ့ကြက်ကြီးများ ကို မြင်သူတိုင်းက သဘောကျနေကြလေသည်။ ကြက်ကြီးများမှာလည်း လူက ယုယလွန်း ၍လားမသိ လူများနှင့် ယဉ်ပါးနေကြသည်။ ကြေးဖလားကြီးကို “ တစ်တောင်တောင် ” ခေါက်၍ အစာခေါ်ကျွေးလိုက်လျှင် လူနှင့် ယဉ်ပါးနေသော သူ့ကြက်ကြီးများက မြူးပျံ့စွာ ပြေးလာကောက်စားတတ်ကြသည်မှာ ချစ်စရာကောင်းလှလေတော့၏။

ဥကြီးများစွာလည်း ကြီးထွားလှကြပေသည်။ ဦးလေးကြိုင်က စိတ်ကြိုက်ဥကြီး

များကို ရွေးလျက် မှန်ပြောင်းသဏ္ဌာန်ပြုလုပ်ထားသော ကပ်ထူစက္ကူလိပ်တွင်ထည့်ပြီး မီးရောင်မှာခံ၍ အောင် မအောင် စစ်ဆေး စမ်းသပ်သည်။ ပြီးမှ ထိုလက်ရွေးစင်ဥများကို အကောင်ကလေးတွေ ဖောက်လေသည်။

နီနီလေးတို့အိမ်တွင် ကြက်ဥပေါပေါစားကြရသလို လာဝယ်ကြသူများကိုလည်း ဦးလေးကြိုင်က ရောင်းလေသည်။

ထို့ပြင် ဦးလေးကြိုင်နှင့် ဦးလေးလှိုင်တို့သည် စက်ဘီးပြင်ဆိုင်ကလေးတစ်ခုကို ဖွင့်လိုက်ကြပြန်သည်။ ဦးလေးကြိုင်နှင့် ဦးလေးလှိုင်တို့သည် ရေသာခိုအချောင်စားနေရသည့်ဘဝကို မလိုလားကြ။ ကိုယ့်ခွန်ကိုယ့်အားကို ရင်းနှီးအသုံးချ၍ ဥပဒေဘောင်အတွင်း၌ တရားလမ်းနှင့်ညီသော လုပ်ငန်းမှန်သမျှ ဘယ်အလုပ်မျိုးမဆို လုပ်ဝံ့သူ လုပ်ချင်သူများဖြစ်ကြလေသည်။ သူတို့စက်ဘီးပြင်ဆိုင်မှာ ဖွင့်သည်ဆိုလျှင် လူစည်လှတော့၏။ သို့ရာတွင် အသိမိတ်ဆွေပေါများသူများပီပီ၊ တော်ရုံတန်ရုံဆိုလျှင် မိတ်ဆွေများအတွက် အလကားသက်သက် မေတ္တာဖြင့် ပြင်ပေးလိုက်ရသည်က များလေသည်။

ဦးလေးကြိုင်ဦးလေးလှိုင်တို့က အချိန်ကို အလဟဿမဖြုန်းဘဲ တန်ဖိုးရှိရှိ အသုံးချနေကြသလို ဖေဖေကလည်း သူ့လုပ်ငန်းကို စလေတော့၏။

ဂျပန်ခေတ်သည် အစားအသောက်များ ရှားပါးသည်နှင့်အမျှ ဆပ်ပြာဆိုသည်မှာလည်း မြင်ပင် မမြင်ကြပေ။ မြင်ရပြန်တော့ သကြားများက နီရဲစိုရွှဲ၊ ရေနံဆီက ရေရော၊ မီးခြစ်ကခြစ်မရမလို ဆပ်ပြာကလေး လုံးဝမမြှုပ်မထွက်၊ ချေးမကျွတ်သောဆပ်ပြာများသာ ဖြစ်ကြလေတော့သည်။

ထို့ကြောင့် ဖေဖေက ကော့စတစ်ဆော်ဒါ အုန်းဆီနှင့်အခြားလိုသောပစ္စည်းများကို ရှာရှာဖွေဖွေ လိုက်လံစုဆောင်းဝယ်ယူလိုက်သည်။ ထိုနောက် ကြေးချိန်ခွင်ကလေးနှင့် အတိုင်းအဆများကို ချိန်စက်သည်။ ဆေးထောင်းသော ကျောက်ဆုံဖြူဖြူကလေးနှင့်လည်း တကျောက်ကျောက် တစ်ယောက်တည်း ထောင်းပြန်သည်။ ပြီးလျှင်တော့ ဖေဖေက မီးတစ်ဖို၊ ဒယ်အိုးတစ်လုံး၊ ယောင်းမတစ်ချောင်းနှင့် ဆပ်ပြာချက်လေတော့၏။

ချွေးတစ်လုံးလုံးနှင့် ပထမအိုးချက်ပြီးသွားလျှင် ဖေဖေက သူ့ဆပ်ပြာကို ကြည့်၍ အတော်ကလေး ကျေနပ်သွားခဲ့လေသည်။ ဖေဖေ့ဆပ်ပြာမှာ အနည်းငယ်ပျော့သွားကာ အတိုက်မခံလှသော်လည်း အမြှုပ်က ကောင်းကောင်းထွက်၍ လျှော်ရဖွတ်ရသည်မှာ အားရပါးရရှိလေသည်။

ထိုနောက် ပထမတစ်အိုးအစမ်းတွင် အချိန်အဆကို မှန်းနိုင်သွားသော ဖေဖေက

ဒုတိယအကြိမ် ထပ်ချက်လိုက်ပြန်သည်။ ဒုတိယအကြိမ်တွင် ဖေဖေ့အဖို စိတ်ကျေနပ်မှုကို အပြည့်အဝရရှိခဲ့တော့သည်။ ဖေဖေ့ဆပ်ပြာများသည် အမြှုပ်ထွက်သလောက်ချေးကျွတ်ကာ နာမည်ကျော် "ခရေပွင့်" တံဆိပ် ဆပ်ပြာတောင့်များနှင့် စံချိန်ညီအောင် မာတောင်နေသဖြင့် အတိုက်လည်းခံလှပေသည်။ ဖေဖေက သူ့လုပ်ဆောင်ချက် အောင်မြင်မှုအတွက် အထူးပင် အားရနှစ်သိမ့်ခြင်းဖြင့် ကျေနပ်ဝမ်းမြောက်နေခဲ့တော့၏။

ကုန်ကြမ်းပစ္စည်းများ ရှားလွန်း၍ မရနိုင်သဖြင့် ရောင်းစားလောက်အောင် မချက်နိုင်သော်လည်း အိမ်သုံးအတွက်မူ မပူရအောင် ဖူလုံနေခဲ့လေတော့သည်။ ရောင်းစရာမရှိသော်လည်း သူ့အောင်မြင်မှုအတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူနေခဲ့သော ဖေဖေက ရင်းနှီးခင်မင်သူများကို လက်ဆောင်အဖြစ်တော့ ပေးကမ်းခဲ့ပေသည်။

ထိုသို့ ကိုယ့်လုပ်ငန်းကလေးတွေနှင့် ကိုယ်အသီးသီးဖြစ်သလိုပင် ကြံဖန်စခန်းသွားရင်း အတော်ကလေး ငြိမ်းငြိမ်းချမ်းချမ်းဟန်ရှိနေခဲ့သော ပုသိမ်မြို့ကလေးသည် ဆောင်းလယ်လောက်ရောက်လာခဲ့သည်ဆိုလျှင်ပင် ကောင်းကင်မှ လေယာဉ်ပျံဝဲသံများကို တဝီဝီညံအောင် ကြားလာခဲ့ကြရတော့၏။ ထိုသို့လေယာဉ်ပျံသံ ကြားရသောအခါများ၌ မြို့သူမြို့သားများသည်မော့၍ ကြည့်ရုံကြည့်ကာ မထူးဆန်းသလို သွားမြဲလာမြဲသာ ရှိနေခဲ့ကြသည်။ လေယာဉ်ပျံကလည်း ကောင်းကင် အမြင့်ကြီးမှ ဝဲပြီးနောက် ပျောက်ကွယ်၍ သွားတတ်ခဲ့လေသည်။

ထိုသို့မြို့လူထုအတွက် လေယာဉ်ပျံကို ရိုးသလိုဖြစ်နေခဲ့စဉ် တစ်နေ့တွင် ရုတ်တရက် တစ်မြို့လုံးဟိန်းသွားအောင် "ဝေါ"ခနဲ အသံကျယ်ကြီးတစ်ခုကို အထိတ်တလန့် ကြားလိုက်ကြရတော့၏။

ထိုအခါကျမှ လူများမှာ ရုတ်ရုတ်ရက်ရက်ဖြင့် ပြေးကြလွှားကြနှင့် တစ်မြို့လုံး ဆူညံလှုပ်ရှားသွားခဲ့လေတော့သည်။

ထိုနေ့ကအိမ်တွင် ဖေဖေရော မေမေပါမရှိခဲ့ကြပေ။ ဖေဖေကဘယ်သွားသည်မသိ၊ မေမေကတော့ ဈေးကိုသွားနေသည်။ ကိုကြီးနှင့် ကိုညီတို့ကလည်း ဂျပန်စစ်တပ်က ဖွင့်ထားပေးသော ဂျပန်စာသင်ကျောင်းသို့သွားနေကြသည်။ ဦးလေးကြိုင်နှင့် ဦးလေးလှိုင်တို့တော့ အိမ်ရှေ့ရှိ သူတို့စက်ဘီးပြင်ဆိုင်ခန်းထဲတွင် ရှိနေကြသည်ထင်၏။ နီနီလေးနှင့် စီစီလေးတို့ ညီအစ်မနှစ်ယောက်ကတော့ အိမ်ဘေးရှိသရက်ပင်အောက် မြေပြောင်ပြောင်တွင် ထိုင်၍ ကစားနေကြလေသည်။

"ဝေါ" ခနဲဆိုသော အသံကျယ်ကြီးကို ရုတ်တရက် ကြားလိုက်လျှင် နီနီလေး

သည် ကိုယ်ကလေး တုန်သွားအောင်ပင် လန့်ဖျပ်သွားမိသည်။ သူသည် ဘာလုပ်ရမှန်း မသိဘဲ ညီမငယ်စီစီလေးကိုသာ တင်းတင်းပြေးဖက်လိုက်မိသည်။ အသံကြီးမှာ နောက်ထပ်၍ကား ပေါ်မလာခဲ့တော့ပေ။ လူတွေမှာ ပြေးလို့သာ ပြေးလွှား ကြောက်လန့် တကြားဖြစ်နေခဲ့ကြသည်။ ကြားလိုက်ရသော "ဝေါ" သံကြီးမှာ ဘာဖြစ်၍ ဘာသံမှန်း မသိကြသေးပေ။ တစ်ဦးနှင့်တစ်ဦး "ဘာသံလဲ"၊ "ဘာဖြစ်တာလဲ" ဟုသာ သူမသိ ကိုယ် မသိ မေးစမ်းနေကြရလေသည်။

ခဏအကြာတွင် မေမေက လန်ချားနှင့်ပြန်လာခဲ့သည်။ မေမေ့မှာ မောကြီးပန်းကြီးဖြစ်နေသည်။

"ဟဲ့ ... ခုန ... ဗုံးချသွားသံကြီးကြားကြလား"

မေမေက နီနီလေးတို့ကို လက်ဆွဲ၍အိမ်ပေါ်သို့ ခေါ်ခဲ့ရင်း ပြောလိုက်သည်။ ထိုအခါ စောစောက အသံကြီးမှာ ဗုံးကျသံဖြစ်ကြောင်း သိရလေတော့၏။ နောက်တော့ ဖေဖေနှင့် ကိုကြီးတို့ ကိုညီတို့လည်း ပြန်ရောက်လာခဲ့ကြသည်။ ထိုအခါကျမှ အင်္ဂလိပ်လေယာဉ်ပျံက မြို့လယ်ရှိ ဘဏ်အဆောက်အဦးပေါ်သို့ ဗုံးချခဲ့ခြင်းဖြစ်ကြောင်း သိကြရလေသည်။ နောက် ဖေဖေတို့သွားကြည့်သောအခါ ဗုံးကျသောနေရာမှာ ကျင်းကြီးများ ဖြစ်ကျန်ခဲ့သည်ဟု ပြန်ပြောပြလေသည်။ လူများမှာမူ အထိအခိုက်မရှိခဲ့ဟု သိရလေသည်။

ဘဏ်အဆောက်အဦးသို့ ချခဲ့ရသော ဗုံးမှာ နီနီလေးတို့အဖို့ ပထမဆုံး မိတ်ဆက်ပင်ဖြစ်လေတော့သည်။ မိတ်ဆက် ဗုံးတစ်လုံးချခဲ့သွားရပြီး နောက်တွင်တော့ လေယာဉ်ပျံသံ ကြားရလျှင် တစ်မြို့လုံး သံချောင်းခေါက်၍ အချက်ပေးသည်။ ထိုအခါ လူများမှာ ဗုံးခိုကျင်းထဲသို့ ဆင်းပြေးရလေတော့၏။ လေယာဉ်ပျံသံကြားလျှင်၊ သံချောင်းခေါက်သံကြားလျှင် ဘာလုပ်၍ ဘာမှာရှိနေနေ ဗုံးခိုကျင်းထဲသို့ ချက်ချင်းပြေးဆင်းရမည်ဟု ဖေဖေ၊ မေမေတို့၏ မှာကြားချက်များအရ နီနီလေးသည် လေယာဉ်ပျံသံ သဲ့သဲ့မျှကြားရလျှင်ပင် သံချောင်းခေါက်သံကို နားထောင်မနေတော့ဘဲ ညီမငယ်ကို ဆွဲ၍ ဗုံးကျင်းထဲအရောက်ပြေးတတ်နေခဲ့လေတော့၏။

လေယာဉ်ပျံလာလျှင် ဗုံးခိုကျင်းထဲဆင်းလိုက်ကြ၊လေယာဉ်ပျံသွားလျှင် ပြန်တက်လာလိုက်ကြနှင့် မြို့လူထုမှာ လေယာဉ်ပျံနှင့် "တူပုန်းတမ်း" ကစားနေကြသည်နှင့်ပင် တူနေတော့သည်။ လေယာဉ်ပျံသံမကြားရသော ရက်များမှာ မြို့လူထုအဖို့ ပျင်းစရာကောင်းသလိုပင် ဖြစ်နေကြလေတော့၏။

ထိုနေ့က အိမ်ရှေ့မှ ဆရာပါချို့က သူ့စက်ဘီးလာပြင်ရင်း ဦးလေးကြိုင်တို့နှင့်

အကြာကြီး ထိုင်စကားပြောနေခဲ့သည်။ သူက ပြန်ခါနီး၌ ဦးလေးကြိုင်တို့ကို ရယ်ရယ်မောမောနှင့် ပြောဆိုနှုတ်ဆက်သွားခဲ့သည်။

"ဟော့ ...ဦးကြိုင် ဒီနေ့ ဝိဝိသံမကြားရပါလားကွ ... ဒီလိုဆိုတော့လည်း ... ခြောက်ကပ်ကပ်နဲ့ ပျင်းစရာကြီးလိုပဲနော် ... ဟဲ ... ဟဲ..."

ထိုနောက် ဆရာပါချိုပြန်သွားပြီး မကြာပါချေ။ သူမျှော်နေသော "ဝိဝိ"သံ လေယာဉ်ပျံက ရောက်လာခဲ့တော့သည်။ ပြီးလျှင် ချက်ချင်းပင် ဗုံးများကို ကြဲချလိုက်လေသည်။ "ရွှီး"ခနဲ "ဒိုင်း" ခနဲ၊ "ဝေါ" ခနဲနှင့် ဗုံးများကို ကြဲချလိုက်ပြီးနောက် တစ်မြို့လုံး တုန်ခါသွားအောင် "တဝုန်းဝုန်း" ပေါက်ကွဲနေကြလေတော့၏။

ထိုနေ့မှာ နီနီလေးတို့ မြို့ပြန်ရောက်ပြီးနောက် ဗုံးကြဲချသည့်အထဲ၌ အတော်ကလေး ပြင်းထန်သော အကြိမ်ဖြစ်လေသည်။ လေကြောင်းရန် အေးပြီဖြစ်ကြောင်း "အေး" သံချောင်းခေါက်တော့မှ နီနီလေးတို့မှာ အပေါ်သို့ ပြန်တက်ခဲ့ကြတော့သည်။ အပေါ်သို့ ရောက်လျှင် ဦးလေးကြိုင်က အိမ်ရှေ့မှသွားပြီး ဆရာပါချိုကို လှမ်းပြောလိုက်လေတော့သည်။

"ဘယ့်နှယ်လဲဆရာ ... ဆရာက ပျင်းတယ်ဆိုလို့ ... စိန်ဗေဒါကြီးလို ... လက်ပြောင်ပြောင်နဲ့ကို ... လာပြီး ဖြေဖျော်သွားခဲ့ပါရောလား ... ဟား ... ဟား"

ထိုနေ့က မြို့လယ်ရှိ ဂျပန်များနေထိုင်ရာ အဆောက်အဦးများပေါ်သို့ ဗုံးတည့်ကျခဲ့ရာ လူများ အတော်သေသည်ဟု သိကြရလေသည်။ သို့ရာတွင် ဂျပန်မှု မထိဘဲ၊ သူတို့အတွက် "ပျော်တော်ဆက်" ရန် တောမှ ရောက်လာခဲ့သော ဗမာတိုင်းသား အမျိုးသမီးကလေးများသာ ထိခိုက်သေဆုံးခဲ့ကြလေသည်။ ထိုသတင်းကိုကြားလျှင် ဂျပန်များအပေါ် မေတ္တာတုံးနေကြသော မြို့လူထုက မသနားသည့်အပြင် "ဂျပန်ကတော် လုပ်ချင်တဲ့ဟာတွေ သေတာကောင်းတယ် ..." ဟု ပင် ဩဘာပေးကြသေးသည်။

ထိုသို့လေယာဉ်ပျံက ဗုံးလာကြဲခြင်းကို နီနီလေးတို့လို ကြောက်တတ်သူများက တုန်အောင် ကြောက်ကြသော်လည်း အချို့သူများကမူ သိပ်မကြောက်တတ်ကြပေ။ "တို့နဲ့ ဘာဆိုင်လို့လဲ" ဟု အလုပ်မပျက် အသွားအလာမပျက် ရှိနေခဲ့ကြလေသည်။ သူတို့က ရန်သူလေယာဉ်ပျံများသည် ဂျပန်များ ရှိရာကိုသာ ရွေးချလိမ့်မည်။ သူတို့နှင့်တော့ အလွတ်ကြီးဟု ယူဆထားနေခဲ့ကြလေသည်။ ထိုကြောင့် သူတို့သည် လေယာဉ်ပျံလာ၍ သံချောင်းခေါက်လည်း ဗုံးခိုကျင်းထဲသို့ မဆင်းဘဲ နေမြဲထိုင်မြဲသာ ရှိနေခဲ့ကြလေသည်။

ထိုသို့ရှိစဉ် တစ်နေ့ ဦးလေးကြိုင်တစ်ယောက် သူ့ကြက်များကို အစာခေါ်ကျွေး

ပြီး ခဏအကြာတွင် တစ်ဖက်တိုက်မှ ဆရာမ ဒေါ်ဝင်နီက ဖေဖေ့ကို လှမ်းမေးလေသည်။

"တောင် တောင် ... တောင်တောင်နဲ့ ... သံချောင်းခေါက်သံဟာ ဆရာတို့အိမ်ကလားဆရာ ... ဘာလုပ်တာလဲ"

"ဟုတ်တယ် ... ဆရာမရေ ကျွန်တော့်ညီ မောင်ကြိုင်က သူ့ကြက်တွေကို ကြေးဖလားခေါက်ပြီး အစာခေါ်ကျွေးတာလေ"

"အိုး ... ဟား ... ဟား ... ဟား"

ဖေဖေက ပြန်ဖြေလိုက်လျှင် ဆရာမ ဒေါ်ဝင်နီက သူ့ကိုယ်ကြီး လှုပ်ခါသွားအောင် အားရပါးရ ရယ်ပါလေတော့၏။ ပြီးမှ နားမလည်ဖြစ်နေသော ဖေဖေ့ကို ဆရာမ ဒေါ်ဝင်နီက ပြောပြပါလေသည်။

"အမလေးဆရာရယ် ... ဆရာညီ ကြက်စာကျွေးတာကို ... လေယာဉ်ပျံလာလို့ သံချောင်းခေါက်တယ်ထင်ပြီး ကျွန်မတို့မှာ နေ့တိုင်း ... ကျင်းထဲကိုချည့် ဆင်းပြေးနေခဲ့ကြရတာပေါ့ ... ဟား ... ဟား"

ထိုအခါ ဖေဖေလည်း ရောရယ်လိုက်လေသည်။ ဦးလေးကြိုင်က မနက်တစ်ခါ ညတစ်ခါ သူ့ကြက်များကို ကြေးဖလား "တစ်တောင်တောင်" ခေါက်၍ အစာခေါ်ကျွေးတိုင်း တစ်ဖက်တိုက်မှ ဆရာမ ဒေါ်ဝင်နီတို့ခမျာမျာမှာ လေကြောင်းရန် သံချောင်းမှတ်ပြီး နေ့တိုင်း ဗုံးခိုကျင်းထဲသို့ ဆင်းပြေးနေခဲ့ကြရရှာလေတော့သည်။

တစ်မနက် စောစောတွင်တော့ ဝတ္တရားမပျက် သူ့ကြက်များကို ခြံပြင်ထုတ်ပြီး ကြက်ချေးများကို လှည်းကျင်းသုတ်သင်ရန် ဦးလေးကြိုင် ဆင်းသွားခဲ့သည်။ သို့ရာတွင် ကြက်ခြံသို့ရောက်သောအခါ သူ့ကြက်များတစ်ကောင်မျှ မရှိတော့ပေ။ ကြက်ခြံတံခါးကြီးမှာလည်း ပွင့်နေသည်။ ဦးလေးကြိုင်က သူ့ကြက်တွေ အခိုးခံရပြီဆိုသည်ကို ချက်ချင်းသိလိုက်တော့၏။ ဦးလေးကြိုင်သည် အိမ်ပေါ်သို့ ပြေးတက်လာပြီး အဘိုးကို ဝတ်ရင်း ကြက်တွေသူခိုး အခိုးခံရကြောင်း ပြောပြသည်။ ပြီးလျှင် အိမ်အောက်သို့ ဆင်းပြေးပြန်ကာ စက်ဘီးကို ဆွဲနင်းလျက် ထွက်သွားတော့၏။

အချိန်မှာကား မိုးလင်းစပင် ရှိသေးသည်။ တစ်နာရီကျော်ကျော်ခန့် ကြာလျှင် ဦးလေးကြိုင် ပြန်ရောက်လာသည်။ သူနှင့်အတူ သူ့ကြက်များလည်း ပြန်ပါလာခဲ့ကြလေသည်။ သူခိုး ခိုးသွားခဲ့သော ကြက်များ ပြန်ပါလာနိုင်၍ အားလုံးက အံ့ဩဝမ်းသာဖြစ်သွားမိကြသည်။ နောက်အိမ်သားများ၏ တအံ့တဩ ဆီးကြိုမေးမြန်းကြသည် များကို ဦးလေးကြိုင်က သူ့ကြက်များကို တယုတယ အစာကျွေးရင်း ...

"ကျွန်တော်က ... ဒီသူခိုးဟာ ... ဘယ်နည်းနဲ့မဆို ... ဈေးမှာသွားချရောင်းမှာဘဲလို့ တွက်ပြီး အမှီ အုပ်နိုင်အောင်ပြေးလိုက်သွားခဲ့ရတာပေါ့" ဟု အစချီပြီး သူ၏ကြက်ပျောက်ရှာပုံတော် ဖွင့်ခဲ့ရပုံကို ပြောပြလေတော့သည်။

ဦးလေးကြိုင်သည် စက်ဘီးကို အရမ်းနင်းပြီး ဈေးရှိ ကြက်တန်းသို့ တန်းဝင်သွားလိုက်သည်။ သူ့အဖို့အထူးအထွေ လိုက်မရှာရပါချေ။ တစ်နေရာ၌ ကုလားတစ်ဦးသည် ဦးလေးကြိုင်၏ ရစ်ကြက်ထွားထွားကြီးများကို ခြင်းကြားကြီးနှင့် အကျ ထည့်ရောင်းနေသည်ကို တွေ့ရလေတော့၏။ ကြက်ကုလား ရှေ့မှာတော့ လူတစ်ယောက်က ရစ်ကြက်ကြီးများကို အထူးသဘောကျစွာ ကိုယ်တွယ်ကြည့်ရှုနေလေသည်။ ဦးလေးကြိုင်က ကြက်ကုလားရှေ့သို့ အပြေးသွားရပ်လိုက်လျှင် ဈေးဝယ်ရန်ထိုင်နေသူက မော့ကြည့်လေသည်။

"ဟော့ ... မောင်ကြိုင်"

"ဟ ... ထွန်းတင်ပါလား"

သူ့ကြက်များအတွက်သာ စိုးရိမ်စိတ်ဇောကြီးနေခဲ့သော ဦးလေးကြိုင်က ဈေးဝယ်နေသူကို သိပ်သတိမထားမိ။ ယခု သူ့ကို နှုတ်ဆက်တော့မှ သူနှင့်ညီရင်းအစ်ကိုတမျှရင်းနှီးခင်မင်သော ကိုထွန်းတင်မှန်းသိလေတော့၏။ ကိုထွန်းတင်မှာ အင်္ဂလိပ်မပြေးခင်က ပုလိပ်ဌာနတွင် လုပ်ခဲ့သူဖြစ်သည်။ နောက် စစ်မဖြစ်မီကလေးမှာပင် အိမ်ထောင်ကျပြီး ပုလိပ်အလုပ်မှ ထွက်ခဲ့သည်။ ယခုမူ စီးပွားရေးသမား ကုန်သည်အလုပ်နှင့် ဟန်ကျနေသူဖြစ်သည်။ ဦးလေးကြိုင်သည် ကိုထွန်းတင် စကားမဆက်အားသေးဘဲ သူကြက်များကိုကြည့်ရင်း ကြက်ကုလားကိုသာ မေးလိုက်မိသည်။

"ဟော့ ... ခြင်းထဲက ကြက်တွေအားလုံး ဘယ်နှစ်ကောင်ရှိသလဲကွ"

"အားလုံး ရှယ့်နား ကောင် ... ဆပ်"

ကုလားက သူ့ကြက်များကို အကုန်ချုပ်၍ ဝယ်လိုသူအထင်ဖြင့် ပျာပျာသလဲပြန်ဖြေလေသည်။ သို့ရာတွင် ဦးလေးကြိုင်က နောက်ထပ်၍ မေးခွန်းထုတ်လိုက်သောအခါ၌ကား ကိုရွှေကုလားမှာ မျက်လုံးပြူးကာ ကြောင်အအဖြစ်သွားရှာတော့၏။

"မင်း ... ဒီကြက်တွေဘယ်ကရသလဲ ... မှန်မှန်ပြော"

ကုလားက ရုတ်တရက်ပြန်မဖြေ၊ ပြီးမှခပ်မာမာပင် ပြန်ပြောသည်။

"ချနော့ကို ... တူများလာရောင်းတာပေါ့"

"အေး ... အဲဒီရောင်းတဲ့လူကို ပြစမ်း ... သူဘယ်မှာလဲ"

"ဒါ ... ချနော် ... ဘယ်လိုပြတတ်မလဲ ... တူလာရောင်းတယ်နော် ဝယ်ထားတယ် ... နောက်ပြန်ရောင်းတယ် ... ဒါပဲပေါ့"

"အေး ... မင်း ဒါပဲသိတယ်ဆိုရင် ... လာခဲ့ဂါတ်ကိုလိုက်ခဲ့ ... ဒါ ငါ့ကြက်တွေ ညက လာခိုးသွားခဲ့တာ ... အဲဒါ ... မင်းကိုလာရောင်းလူကို ပြနိုင်ရင်ပြ ... မပြနိုင်ရင်တော့ မင်းသာ သူခိုးလက်ခံပဲ ... လာ ... ဂါတ်သွားကြမယ်"

ဦးလေးကြိုင်ကို ရုတ်တရက်နားမလည် ဖြစ်နေခဲ့သော ကိုထွန်းတင်မှာ ယခုမှပင် လိပ်ပတ်လည်ကာ သဘောပေါက်သွားတော့၏။ သည်တော့မှ သူကလည်း ဝင်ပြောလိုက်တော့သည်။

"ဟေ .. မင်းကြက်တွေ ခိုးခံရတာလား ... ဒါကြောင့် ငါလာတွေ့တော့ ဒီကြက်တွေဟာ မင်းကြက်ကြီးတွေနဲ့ တူလိုက်တာလို့ တွေးမိပြီး သဘောကျတာနဲ့ ဝယ်သွားမလို့ ဝင်မေးနေတုန်း ... မင်းရောက်လာခဲ့တာပဲကွ ... မောင်ကြိုင်ရ"

"အေးပေါ့ ထွန်းတင်ရ ... ငါ ... ဒီမနက် ခြံရှင်းဖို့ဆင်းသွားတော့ တစ်ကောင်မှ မရှိတော့ဘူး ... ဒါနဲ့ အမြန်လိုက်လာရတာ အခုတောင် တစ်ကောင်လျော့နေပြီ"

ဦးလေးကြိုင်က ကိုထွန်းတင်ကို ပြောလိုက်ပြီး ကြက်ကုလားကို လှည့်ပြောလိုက်ပြန်သည်။

"ကဲ ... ဟော့ ... ဘယ်လိုလဲ ... ငါ့ကြက်တွေကို ခိုးလာပြီးရောင်းတဲ့သူကိုပြမလား ... မင်းက သူခိုးလက်ခံအဖြစ်နဲ့ ဂါတ်ကို လိုက်ခဲ့မှာလား ... ပြော"

"ချနောင်မှ ... တခိုးကို ... မမှတ်မိတော့ဘဲ ... ဆပ် ... ဘာတတ်နိုင်မှာလဲ"

"အေး ... မတတ်နိုင်ရင် ... ခိုးလာတဲ့ပစ္စည်းတွေက မင်းဆီမှာ လက်ဆုပ်လက်ကိုင်တွေ့နေတာ ... မင်းဟာ ... သူခိုးလက်ခံပဲ ... ဂါတ်သာလိုက်သွားပေါ့"

ကိုထွန်းတင်ကလည်း ဝင်ကူပြောလေသည်။ သူ့ကြက်များကို လက်ဆုပ်လက်ကိုင်တွေ့နေပါလျက် အူတူတူလုပ်နေသော ကြက်ကုလားကို ဦးလေးကြိုင်မှာလည်း စိတ်မရှည်ချင်တော့ပေ။ ထိုကြောင့် မျက်နှာထားတည်တည်နှင့် တိုတိုပြတ်ပြတ်ပင် ပြောချလိုက်တော့၏။

"ဟော့ ... ကုလား ... စကားမရှည်နဲ့ ... အခု ... ဂါတ်ကိုလိုက်ခဲ့မလား ... မလိုက်ဘူးလား ... ဒါပဲပြော"

ဦးလေးကြိုင် စိတ်ဆိုးမှန်းသိတော့မှ ကုလားက လန့်သွားသည်။ သူတို့ ကြက်ကုလားတချို့က သူခိုးနှင့်ပေါင်းပြီး ပါတီဖွဲ့ထားခြင်းများရှိနေကြရာ ယခု ကုလားမှာလည်း

သူခိုးပါတီဝင်တစ်ဦး ဖြစ်နိုင်လေသည်။ ထို့ကြောင့် ဦးလေးကြိုင်တို့က အတိအကျ စွပ်စွဲပြီး ဂါတ်သို့ အတင်းဆွဲခေါ်တော့မည့်ဟန် ပြုလိုက်သောသောအခါ ကုလားမှာ တုန်လှုပ်သွားလေသည်။

"အခုဆို ... ငါ့ကြက်တစ်ကောင်တောင်လျှော့နေပြီ ... မင်းပဲ အစားပြန်လျော်ပေးတော့"

ဦးလေးကြိုင်က လျှော့နေသော သူ့ကြက်တစ်ကောင်အတွက်ပါ အစားပြန်တောင်းလိုက်သောအခါ ကုလားမှာ ဆလံအထပ်ထပ်ပေး၍ တောင်းပန်လေတော့၏။

"ချနော်ဆီကို .... တူအားလုံး ရှယ့်နားကောင်ပဲ ယူလာတာပါဆပ် ... ချနော်တူ့ဆီက ပိုက်ဆပ်ပေးပြီး ဝယ်ထားတာပါ။

တခြား ... ချနော် ... ဘာမှအထိပါဘူး ... ဆပ် ... ဆလံပေးပါတယ် ဂါတ်ကို မခေါ်ပါနဲ့"

နောက်ဆုံး ကုလားက ရှိခိုးဦးတင်ဆလံ အထပ်ထပ်ပေးပြီး ကြက်များကိုလည်း ပြန်အပ်လာသဖြင့် ဦးလေးကြိုင်လည်း သူ့ကြက်များကို ပိုက်ပြီး ကျေနပ်စွာပြန်လာခဲ့တော့၏ ။

"အလိုက်စေပေလို့ပေါ့ ... နို့မဟုတ်လို့ ... နည်းနည်းကလေးသာ နောက်ကျသွားခဲ့ရင်တော့ ... ဒီကောင်ကြီးတွေ ... သူများလက်ထဲရောက်နေမလား ... ဟင်းအိုးထဲပဲ ရောက်နေကြမလားပဲ"

ကျဉ်းကျဉ်းကျပ်ကျပ် ကုလားခြင်းကြားထဲမှ ယခုသူတို့သခင်အိမ်သို့ ပြန်ရောက်လာကြရသဖြင့် လွတ်လပ်မြူးတူးစွာ အစာများကို အလုအယက် ကောက်စားနေကြသော သူ့ကြက်ကြီးများကို ကြည့်ရင်း ဦးလေးကြိုင်က ပြောလိုက်လေတော့သည်။

ယခုတလောမြို့ပေါ်တွင် သူခိုးကလည်း ပူလှပေသည်။ မကြာခဏ အလစ်သုတ်ခံရ၊ သူခိုင်းအခိုးခံရသည့် သတင်းများကို မပြတ်ကြားနေခဲ့ကြရသည်။ ဗလီ ကုန်းတံတားကြီး နားက "အာဇီး" ကုလားအဘိုးကြီး၏ သူခိုးလိုက်သံကိုလည်း မိုးမလင်းတတ်သေးသော မနက်ဝေလီဝေလင်း အချိန်များတွင် အနီးပတ်ဝန်းကျင်ရှိလူများမှာ မကြာခဏ ဆိုသလို ကြားနေခဲ့ကြရလေသည်။ ခြေတစ်ဖက် မသန်သော်လည်း နောက်မှသတ္တိကောင်းကောင်း နှင့် "ဟေ့သခိုး ... ငါ့ပုဆိုးထားခဲ့ကွ"ဟု အော်၍ လိုက်တတ်သော အာဇီးအဘိုးကြီးကို သူခိုးက ဆဲတောင်သွားခဲ့ပေသေးသည်။ "အာဇီး" အသံကြောင့် အခြားသူများ အိပ်ရာမှ နိုးလာကြပြီး ဝိုင်းလိုက်မည်ပြုကြချိန်တွင်ကား သူခိုးမှာ သူ့အိမ်ပြန်ရောက်၍ တရေးပင်

အိပ်ပြီး နေလောက်ပေပြီ။

တကယ်တော့လည်း အစစ ရှားပါးကျပ်တည်းနေသော ခေတ်ဆိုး စစ်ကာလကြီးကို သူခိုးများက“ထ” နေခြင်းမှာ သိပ်မဆန်းပါချေ။ အချို့မှာ အချောင်လိုက်၍ လွယ်သလို ဆိုး ခိုး တိုက်ခိုက်နေကြသူများဖြစ်သော်လည်း၊ အချို့မှာမူ တဝမ်းတခါးအတွက် မလွဲသာ၍ ဇွတ်ထိုးလုပ်နေကြရသူများ ဖြစ်ကောင်းဖြစ်ကြပေမည်။

တစ်ညနေစောင်းတွင်ဖြစ်သည်။

“ကျွန်တော် ... မဟုတ်ရပါဘူး ဆရာတို့ရယ် ... ကျွန်တော် ... ရှိခိုးပြောပါ့မယ် ဘုရားစူးရပါစေရဲ့ ခင်ဗျာ”

အိမ်ရှေ့ဆီမှာ ရုတ်တရက် ဆူဆူညံညံအသံများကြောင့် နီနီလေးတို့လည်း ပြေးထွက်၍ ကြည့်လိုက်ကြသည်။

အိမ်ရှေ့ရှိ လမ်းမပေါ်တွင် ပုလိပ်သားနှစ်ယောက် လူတစ်ယောက်ကို ဖမ်းခေါ်လာနေသည်။ ထိုသူ၏ လက်နှစ်ဖက်ကို ပုလိပ်နှစ်ယောက်က တစ်ယောက်တစ်ဖက်ဆီ ညှပ်၍ ဆုပ်ကိုင်ထားကြသည်။ ပုလိပ်နှစ်ယောက်ကြားမှ လူမှာ ကိုယ်ပေါ်တွင် အင်္ကျီမရှိ။ ခါးမှ ပုဆိုးမှာလည်း ညစ်နွမ်းနွမ်း။ သူ့မျက်နှာတော့ ညှိုးငယ်စိုရွှဲနေရှာသည်။ သူသည် သူ့ကို ဖမ်းကိုင်ထားနေသော ပုလိပ်နှစ်ယောက်ကို အသနားခံတောင်းပန်ရင်း ဆုတ်ကန် ဆုတ်ကန်ပြုနေသည်။

“ကျွန်တော့်ကို သနားပါ ဆရာတို့ရယ် ... ကျွန်တော်မဟုတ်ရပါဘူးဗျာ... ကျွန်တော့်”

သူ့စကားမဆုံးမီမှာပင် ပုလိပ်တစ်ယောက်၏ လက်ဝါးက သူ့ဖက်ပိုးပေါ်သို့ “ဖျန်း”ကနဲရောက်သွားသည်။ ထိုအခါ နောက်သို့ ဆုတ်ကန် ဆုတ်ကန်ပြုနေသောသူမှာ ရှေ့သို့ ငိုက်စိုက် ငိုက်စိုက် ဖြစ်သွားရှာလေတော့၏။

“ငါဘယ်သူလဲဆိုတာ ... နင်သိတယ်မဟုတ်လား...ကျော်တင်တဲ့ကွ... တစ်ကျော်တင်တည်းရှိတဲ့ ... ကျော်ထင်ကွ”

ပုလိပ်သားတစ်ဦးက ခက်ထန်သောအသံကြီးဖြင့် သူ့ကိုယ်သူဖော် သူတော်ခုနစ်ပါးလုပ်ရင်း ‘ဖျန်း’ ခနဲ တစ်ချက် ထပ်ရိုက်လိုက်ပြန်သည်။ ထိုအခါ တရားခံမှာ “အမလေး”ဟု အော်ကာ ကျောကော့ သွားရရှာပြန်တော့သည်။ နောက်တော့ သနားစဖွယ် ညည်းညူအော်ဟစ်ရင်း ထိုသူမှာ ပုလိပ်နှစ်ဦး၏ကြားထဲမှာ ယက်ကန်ယက်ကန်နှင့် ပါသွားခဲ့ရရှာတော့သည်။

အိမ်ပေါက်မှ ငေးကြည့်ရင်း ကျန်ခဲ့ရသော နီနီလေးက ပုလိပ်များ ဖမ်းသွားခဲ့သူကို တွေး၍ သနားနေမိသည်။ သို့ရာတွင် သူ့အဖို့ ဘာကိုမျှတော့ မတတ်နိုင်ပါချေ။

လူတိုင်းမှာ အစဉ်သတိနှင့် ပြောဆိုနေထိုင်နေကြရလေသည်။ စကားကလေး တစ်ချက်မှားလျှင် ဂျပန် 'ကင်ပေတိုင်'က ကားနဲ့လာဖမ်းသွားပြီး လက်သည်း ချွတ်ခံရသည်။ အနည်းဆုံး ပါးရိုက်ပြီး အစစ်အဆေးတော့ ခံကြရသည်။ မလိုသူက "ကုန်း" တစ်ချက် သွားချောလျှင် ခံရသူမှာ မရှုမလှ မသက်မသာဖြစ်ရလေတော့၏။ "ဂျပန်" "ကင်ပေ"ကို တုန်အောင် ကြောက်ကြရသလို၊ ကိုယ့်ဗမာအချင်းချင်း စကားပြန်တချို့နှင့် အာဏာပါဝါ ပြလိုသော ကိုယ့်အမျိုးသားချင်း အာဏာရှင် အကြီးအသေးတချို့ကိုလည်း ကြောက်နေကြ ရသေးသည်။ မှားမှားမှန်မှန် သူတို့ကလာဆွဲသွားလျှင် ကိုယ်ခံရမှာက အရင်ဖြစ်သည်။ နောက်မှလွဲမှားနေပါက "အများကြီး ဝမ်းနည်းပါတယ်"ဟု 'ဘုန်းကြီး ခေါင်းခေါက်ပြီး' မှ ကန်တော့လွှတ်တတ်ကြလေရာ မုန်းသူရှိသူများအဖို့ အထူးပို၍ သတိ ထားနေကြရပေသည်။

"မင်းတို့ စကားကို အရမ်းမပြောကြနဲ့နော် ... သူများက ပြောလာရင်တောင် ... ကိုယ်က နားထောင်ရုံပဲ နားထောင်နေကြ ... နောက်ဆုံး အန္တရာယ်ဖြစ်မယ့်စကားကို နားမထောင်ဘဲနေရင် အကောင်းဆုံးပဲ"

ဖက်ဆစ်ဆန်သော ဂျပန်များ၏ မိုက်ရိုင်းရမ်းကားမှုများကို မကျေမနပ်ဖြင့် ဦးလေးကြိုင်နှင့်ဦးလေးလှိုင်တို့က လူငယ်တွေ စုမိလျှင် ပြောတတ်ဆိုတတ်ကြသည်။ ထို့ကြောင့် စိုးရိမ်တတ်သော ဖေဖေက သူတို့ကို အစဉ်သတိပေးနေခဲ့ရသည်။

အထူးသဖြင့် အင်္ဂလိပ်သွေးပါသူ ကပြားများမှာ ဒုက္ခအရောက်ကြဆုံးဖြစ်သည်။ သူတို့မှာ ဂျပန်များ၏ ဖမ်းဆီးနှိပ်စက် စစ်မေးခြင်းများကို မကြာခဏခံနေကြရသည်။ အချို့ကိုဆိုလျှင် ပြန်မလွှတ်ဘဲ တစ်ချိန်လုံးဖမ်းထားပြီး ညှဉ်းပန်းနှိပ်စက်ခြင်းပြုခဲ့ကြလေသည်။ အဖမ်းခံထားရသူ ကပြားများတွင် ဖေဖေတို့၏ မိတ်ဆွေအချို့လည်း ပါဝင်နေလေသည်။

နီနီလေးကဲ့သို့ အရွယ်မရောက်သေးသော ကလေးတစ်ယောက်အဖို့ ဘာကိုမျှ တော့ နက်နက်နဲနဲ တွေးခေါ်တတ်နိုင်ခဲ့သည် မဟုတ်သေး။ သို့ရာတွင် သူ့အဖို့ မျက်မှောက်ခေတ်၏ အဖြစ်အပျက်များကို နေ့စဉ်တွေ့မြင် ခံစားနေခဲ့ရသည်။ လူကြီးသူကြီး များ၏ ပြောဆိုဆွေးနွေး ထင်မြင်ချက်များကို မကြာခဏဆိုသလို ကြားဖူးနားဝရှိခဲ့ရသည်။ ကြာတော့ သူ့အဖို့ကလေးတစ်ယောက်၏ အသိနှင့်ပင် ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုး

များအပေါ် တိုင်းတစ်ပါးသားလူမျိုးခြားတို့က လာရောက်လွှမ်းမိုးအုပ်စိုးခြင်းသည် မကောင်း။ သူတစ်ပါး၏ အအုပ်အချုပ် လက်အောက်ခံဘဝသည် မလွတ်လပ်။ ကျွဲးမြောင်းလှကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်နားလည်လိုက်မိလေတော့သည်။ ထို့အပြင် စစ်ဖြစ်ခြင်းသည်မကောင်း၊ စစ်သည် လူသားများကို ဒုက္ခရောက်စေသည်။ လူသားများ၏ အသက်ကို သေကျေပျက်စီးစေသည်။ ကလေးငယ်များ ကျောင်းနေလိုသည်ကို အေးအေးဆေးဆေး မနေရ။ ထိုကြောင့် စစ်ဆိုသည်မှာ မုန်းစရာကောင်းသလို စစ်ကို လိုလားသူတိုင်းမှာလည်း မုန်းစရာကောင်းသည်ဟု နီနီလေးက သူ့ အသိစိတ်ကလေးနှင့်သူ စွဲမှတ် နားလည်ထားလိုက်ခဲ့လေတော့၏။

တိုင်းရေးပြည်ရေးနှင့် ရှုပ်ထွေးနေသော ခေတ်ကာလ၏ အခြေအနေ အရပ်ရပ်ကြောင့် စိတ်မအေးကြရသည့်အထဲတွင် နီနီလေးတို့မိသားစုအဖို့ စိတ်မကောင်းစရာအကြောင်း တစ်ခုကထပ်လောင်းဖြစ်ပေါ်လာခဲ့သည်။ ထိုအကြောင်းမှာ ကြီးတော်တစ်ယောက် သေဆုံးပြီဆိုသော သတင်းဆိုးပင်ဖြစ်လေသည်။ မေမေက ငိုလေတော့၏။ တစ်အိမ်သားလုံးမှာ ကြီးတော်အတွက် အထူးပင် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြလေတော့သည်။ ကြီးတော် သတင်းကြားလျှင် အဘွားက ချက်ချင်းထလိုက်သွားသည်။

နောက်ရက်များမကြာမီ အဘွားက ပြန်ရောက်လာခဲ့တော့သည်။ အဘွားနှင့်အတူ ကြီးတော်၏ ပထမသားအကြီးနှစ်ယောက်ဖြစ်သော ကိုအောင်နှင့် ကိုနောင်တို့နှစ်ယောက်လည်း ပါလာခဲ့ကြလေသည်။ အငယ်နှစ်ယောက်ဖြစ်သော ကိုပုနှင့် မပုတို့ကမူ သူတို့အဖေနှင့် နေရစ်ခဲ့ကြသည်ဆို၏။

ကိုအောင်ရောက်လာသောအခါ ဦးလေးကြိုင်နှင့် ဦးလေးလှိုင်တို့အဖို့ အဖော်တိုးသွားလေသည်။ ကိုအောင်မှာ ဦးလေးကြိုင်တို့နှင့် တူဝရီးတော်သူဖြစ်သည်။ သို့ရာတွင် သူတို့သုံးဦးမှာ အသက်ချင်းက မတိမ်းမယိမ်း မကွာလှသလို အလုံးအဖန်နှင့် အရပ်အမောင်းမှာလည်း ရွယ်တူဖြစ်နေကြသည်။ ငယ်စဉ်မှစကာ လည်ပင်းဖက်ကစားခဲ့ကြသူများလည်း ဖြစ်ပြန်ရာ ကိုအောင်အဖို့ ဦးလေးတော်သူများကို ဦးလေးလို သဘောမထားဘဲ ညီအစ်ကိုပမာ၊ သူငယ်ချင်းများပမာ "မင်း"တစ်လုံး "ငါ"တစ်လုံးနှင့်သာ ခေါ်ဝေါ်သုံးစွဲနေခဲ့လေတော့၏။

ကိုအောင်ရောက်လာခဲ့လျှင် ဦးလေးလှိုင်က အဖော်စပ်ပြီး နှစ်ယောက်သားဆိုက်ကားတစ်စီးစီဖြင့် ကိုယ်တိုင်ထွက်နင်းကြလေသည်တော့သည်။ ဦးလေးကြိုင်ကမူ ကိုယ်တိုင်ဆိုက်ကားထွက်နင်းဖို့ကို စိတ်မပါခဲ့ပေ။ ထိုကြောင့် သူက သူ့ကြက်တွေနှင့်

အလုပ်များရင်း ဆိုင်မှသာ လုံးလုံးတာဝန်ယူ၍ လာသဖြင့် စက်ဘီးနှင့် ဆိုက်ကားများကို ဒိုင်ခံပြီးပြင်ပေးနေလေသည်။ ဦးလေးခင်တို့ကို အားကျပြီး နောင်တွင် တပ်မတော်တွင် ဗိုလ်မှူးတစ်ဦးဖြစ်လာမည့် ဦးလေးကြိုင်၊ ဦးလေးလှိုင်တို့၏ သူငယ်ချင်း ကောလိပ်ကျောင်းသားကြီးကပါ ဆိုက်ကားထွက်နင်းလေတော့၏။

အလုပ်ဟူက ဂုဏ်ရှိစွာဟူသော ဆောင်ပုဒ်ကို လက်ခံထားပုံရသော ထိုကောလိပ်ကျောင်းသား ဆိုက်ကားဆရာကလေးက ဂျပန်ကျောင်းကိုလည်း တစ်ဖက်မှ တက်သေးသည်။ ထိုနောက် အောင်လက်မှတ်ရတော့မှ သူက ဆိုက်ကားအနင်းရပ်လိုက်ပြီး ဂျပန်စကားပြန်လုပ်သွားလေသည်။

သည်လိုနှင့်ပင် ၁၉၄၂ ခုနှစ် ကုန်ဆုံး၍ ၁၉၄၃ ခု၊ နှစ်သစ်ဆန်းလာခဲ့လေတော့သည်။

❒

# တို့ပြည်လွတ်လပ်ပြီ

၁၉၄၃ ခု၊ နှစ်ဦးဆောင်းနှောင်းကာလ၏ တစ်ရက်တွင် အရီးလေးတစ်ယောက် သူ့သားသမီးကလေးတွေနှင့် ဖြုန်းဆိုပေါက်ချလာသည်။ ကရင်နှင့်ဗမာအရေး ဆူဆူပူပူဖြစ်ပြီးကတည်းက အရီးလေးတို့ မြောင်းမြမြို့သို့ ပြောင်းနေခဲ့ကြသည်။ ယခုအခါ ပုသိမ်သို့ အပြီး ရွှေ့ပြောင်းခဲ့ပြန်ခြင်းဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ဦးလေးအထောင်ကမူ ပါမလာခဲ့ပေ။ နောက်မှ အရီးလေးက ဒေါသဖြစ်ဖြစ်နှင့် မျက်ရည်များကျရင်း ပြောပြလေတော့၏။

ဦးလေးအထောင်နှင့် အရီးလေးတို့သည် မြောင်းမြမြို့သို့တက်နေကြပြီး အဆင်ပြေသလိုပင် လုပ်ကိုင်စားသောက်နေခဲ့ကြလေသည်။ ရွှေနှင့်ငွေရှိနေသော ဦးလေးအထောင်တို့ကို စီးပွားရေးလာပ်မြင်ကြသူများအဖို့ ချောင်ချောင်လည်လည်ပင် ရှိနေခဲ့ကြလေသည်။ တရုတ်လူမျိုးဖြစ်သော ဦးလေးအထောင်သည် စီးပွားရေးကို ရှာရာ၌ မရမနေကြိုးကြိုးကုတ်ကုတ် အပင်ပန်းခံပြီး ရှာတတ်ဖွေတတ်ခဲ့သလောက် သုံးချင် ဖြုန်းချင်ပြီဆိုလျှင်လည်း တစ်ထိုင်တည်းနှင့် ပြောင်အောင် သုံးတတ်၊ ဖြုန်းတတ်သူဖြစ်လေသည်။ ယခုလည်း သူတို့တရုတ်နှစ်ကူးပွဲတွင် ဦးလေးအထောင်က ရှိသမျှ ရွှေနှင့်ငွေများအားလုံးကို တစ်ညတည်းနှင့်ပြောင်အောင် ဖဲရိုက်ပစ်လိုက်သည်ဆို၏။

ဖေဖေနှင့်မေမေတို့က သူပုန်ကြား၊ ဓားပြကြားမှ သူ့အငြိုးအငြင် အထင်အမြင်လွဲမှားခြင်းကိုပင် ခံယူပြီး သူ့သားမယားနှင့်အတူ သူ့ရွှေနှင့်ငွေများကို တစ်လမ်းလုံး စွန့်စား

စောင့်ရှောက်ပြီး သယ်ပိုးပေးခဲ့ရသည်။ ယခုတော့ ဖေဖေတို့က တပင်တပန်းကြိုးစား သယ်ဆောင်ပေးခဲ့ရသော ရွှေနှင့်ငွေများကို ဦးလေးအထောင်သည် တစ်ထိုင်တည်းနှင့် သွက်သွက်ကလေး ဖဲရှုံးပစ်နိုင်ရက်ခဲ့ပေတော့သည်။ သူပိုင်သော သူ့ပစ္စည်းကို သူ့သဘောနှင့်သူ ဦးလေးအထောင်က ဖဲရှုံးပစ်သည်ကိုတော့ ဖေဖေတို့လည်း ဘာမျှ မတတ်နိုင်ကြတော့ပေ။

နောက်တစ်ပတ်ကြာတွင်မူ ဦးလေးအထောင်သည် အရီးလေးတို့နောက်သို့ လိုက်လာခဲ့တော့၏။ ထိုအခါ ဖေဖေနှင့်မေမေက ယိုးဒယားကုန်းထဲရှိ အိမ်ကို အရီးလေးတို့အား နေခိုင်းလိုက်လေသည်။ ထိုအခါ ငယ်စဉ်က ကြီးတော်မမာ၍ သူက နို့တိုက်ရသော ကိုနောင်ကို အရီးလေးတို့က အတူခေါ်ထားလေတော့၏။

ယိုးဒယားကုန်းအိမ်မှာ ရေနီးနီး၊ ချောင်းနီးနီးဖြင့် ဦးလေးအထောင်အဖို့ ကြက်၊ ဘဲ၊ ဝက်မွေးမြူရန် အံကိုက်ပင် ဖြစ်သွားလေတော့သည်။

အရီးလေးတို့ ပြောင်းသွားပြီး သိပ်မကြာမီ တောမှ ဦးမြထွေးတို့ မိသားစု ရောက်လာကြပြန်သည်။ ထိုအခါ ဖေဖေတို့က ဦးမြထွေးတို့ကို အိမ်အောက်ထပ်တွင် နေစရာလုပ်ပေးလိုက်ရတော့သည်။

နောက်တော့ ခပ်ခြောက်ကပ်ကပ်နှင့်ပင် သင်္ကြန်ကျပြီး ဗမာနှစ်ဆန်းခဲ့ပြန်တော့၏။

နေပူရှိန်ကပြင်းသဖြင့် လူတွေမှာ ရောဂါဘယ ထူပြောကြလေတော့၏။ ထိုအခါ ဂျပန်များက လမ်းဆုံလမ်းခွမှ စောင့်၍ လာသမျှတွေ့သမျှလူတိုင်းကို အတင်းဆွဲ၍ ဝမ်းရောဂါ၊ ပလိပ်ရောဂါနှင့် ကျောက်ရောဂါ ကာကွယ်ဆေးများ ထိုးပေးလေသည်။ ထိုးပြီးသူများက ထိုးပြီးကြောင်း ပြော၍လည်း သူတို့နားမလည်ကြ။ အတင်းပင် ထိုးပေးနေသည်။ တချို့အသားထဲ၌ ဆေးထိုးအပ်ကျိုးကျန်ခဲ့၍ ဆေးရုံမှ သွားခွဲကြရသည်လည်း ရှိသည်။

တချို့ဆေးတစ်ခါမှ မထိုးဘူးခဲ့ကြသူများမှာ ဆေးထိုးရမှာကို သေမလောက် ကြောက်တတ်ကြလေသည်။ အထူးသဖြင့် တောသူတောင်သားများမှာ ပိုဆိုးကြလေသည်။ ဆေးထိုးဖို့ခေါ်လျှင် သူတို့က စွတ်ပြီးထွက်ပြေးကြတော့သည်။ ဂျပန်များကလည်း အမိအရ အတင်းပင် ဖွတ်ဖမ်း၍ ထိုးလွှတ်နေကြသည်မှာ လမ်းဆုံလမ်းခွများ၌ စီညံစီညံနှင့် ရုတ်ရက်ခတ်နေလေသည်။

နီနီလေးမှာ ကျောက်ထိုးသည်ကို အောင့်၍ခံနိုင်သော်လည်း ဝမ်းနှင့် ပလိပ်ရောဂါ ကာကွယ်ဆေးများ ထိုးသောအခါ၌ကား နာလွန်း၍ ငိုရလေတော့၏။ နီနီလေးအဖို့

လမ်းဆုံမှာ သွားထိုးခြင်းမဟုတ် ကျောင်းသို့လာထိုးပေးသည်ကို ဖေဖေက ခေါ်သွား၍ ထိုးပေးခြင်းဖြစ်သည်။ နေ့တိုင်းလမ်းထွက်တတ်ကြသော ကိုကြီးနှင့် ကိုညီတို့မှာမူ မကြာခဏပင် အထပ်ထပ် အထိုးခံနေရသောကြောင့် သူတို့လက်မောင်းကလေးတွေမှာ ယောင်ကိုင်းနေတော့သည်။ ဖေဖေနှင့် မေမေတို့က ရောဂါဘယများ ကင်းဝေးစေရန် အနေအထိုင် အစားအသောက်များကို အထူးပင် ဂရုစိုက်ခဲ့ကြသည်။ ရေကိုပင် ကျို၍ သောက်စေလေသည်။

ထိုမျှ ကြိုတင်ကာကွယ်မှုများ ပြုနေကြခဲ့သည့်ကြားမှ နီနီလေးတို့နှင့် နေ့တိုင်း ကစားနေခဲ့သော ဦးမြထွေး၏ သမီးလေးမပိုက်မှာ ရုတ်တရက် အပြင်းဖျားလေတော့သည်။ နောက်တစ်ကိုယ်လုံးတွင် အဖုများ ထွက်လာခဲ့တော့၏။ ထိုအခါ ကလေးကို ဖေဖေတို့က ဆေးရုံသို့ တင်ပေးရသည်။ ကလေးအဖေရော အမေပါကလေးနှင့်အတူ ဆေးရုံသို့ လိုက်စောင့်နေကြရသည်။ အိမ်၌ကျန်ခဲ့သော အစ်ကိုကြီးနှစ်ယောက်ကို မေမေက တာဝန်ယူ၍ ကြည့်ရှုကျွေးမွေးပေးရသည်။

ဖေဖေကမူ အထူးစိုးရိမ်စိတ်ဖြင့် တစ်အိမ်သားလုံးကို ကာကွယ်ဆေးများ ထပ်ထိုးခိုင်းပြန်တော့သည်။ ဗမာဆေးများကိုလည်း တစ်ယောက်မကျန် သောက်ခိုင်းပြန်သည်။ နောက်ပြီး တစ်အိမ်လုံးကိုလည်း ဆေးကြောသန့်စင်စေလိုက်သည်။ ရှားပါးသော ကြွက်ဆေးရည်များကိုလည်း တစ်အိမ်လုံးအနှံ့ ပိုးမွှားများ သေကုန်အောင် လျှောက်ဖျန်းလိုက်ပြန်သည်။ အစစ ကြိုတင်ကာကွယ်မှုကောင်းခဲ့၍လားမသိ။ နီနီလေးတို့အားလုံး ဘာမျှမဖြစ်ခဲ့ကြ ကျောက်ရောဂါဖြင့် တက်နေခဲ့ရသော မပိုက်ကလေး သေဆုံးသွားခဲ့ရှာတော့၏ ။

"မပိုက်"အတွက် နီနီလေးတို့ တစ်အိမ်သားလုံး တစ်ယောက်မျှ စိတ်မကောင်းနိုင်ကြတော့ပေ။ အသားကလေးဖြူဖြူ ဝဝတုတ်တုတ်နှင့် စကားအလွန်တတ်သူ သုံးနှစ်ရွယ်မပိုက်ကလေးကို နီနီလေးတို့ တစ်အိမ်သားလုံးကလည်း ဝိုင်းချစ်နေခဲ့ကြသည်။ ယခုမပိုက်ကလေး သေဆုံးသွားသောအခါ တစ်အိမ်သားလုံး တသသဖြစ်ကျန်ခဲ့ကြတော့သည်။ နောက်တော့ ဦးမြထွေးတို့ မိသားစုသည် သူ့သမီးကလေးအတွက် စိတ်မကောင်းဖြစ်ကြပြီး တောသို့ ပြန်သွားကြတော့သည်။

ထိုနောက် မိုးဦးကျတွင် ဖေဖေတို့၏ ပိုးကရင် အထက်တန်းကျောင်းကြီး ပြန်ဖွင့်လေသည်။ နီနီလေးလည်း ဖေဖေတို့နှင့် လိုက်၍ ကျောင်းတက်ရလေသည်။ သို့ရာတွင် နီနီလေးမှာ ကျောင်းမှတက်မည်ကြံကာ ရှိသေးသည်။ ဘယ်ဘက်ဂျိုင်းတွင် အကျိတ်ဖု

ကြီးတစ်ခု ပေါက်လာသဖြင့် ဒေါက်ဘာ ဦးအောင်ဒင်ထံ သွားခွဲရပြန်သည်။

ထိုနောက် ဆယ်တန်းကျောင်းသားကြီး ကိုကြီးတစ်ယောက် ဂျပန်စာအောင်လက်မှတ်ကို ရရှိပြီး ကိုညီတစ်ယောက်ကလည်း ...

"ဝါတာဂုရှိဝ ... ကျွန်ုပ်သည် ... နီနွန်းဂတ်ကောနော ... ဂျပန်ကျောင်းတွင် ... ဆေးအိတောဒတ်စ် ... ကျောင်းသားဖြစ်ပါသည်" ဟု ရွတ်ဆိုတက်လာခဲ့ချိန် ၁၉၄၃ခုနှစ် ဩဂုတ်လဆန်း ၁ရက်နေ့တွင် ဂျပန်အစိုးရက ဗမာပြည်ကြီးအား "လွတ်လပ်ရေး" ပေးလိုက်ကြောင်း ကြေညာလိုက်တော့၏။

အများက တောင့်တနေခဲ့သော "လွတ်လပ်ရေးကြီး" ရပြီမို့ တစ်တိုင်းတစ်ပြည်လုံး နှစ်ထောင်းအားရ ရှိကြလေတော့၏။ အများတကာ ပျော်နေကြသလို နီနီလေးတို့လည်း ပျော်ခဲ့ကြလေသည်။ ပျော်သည်နှင့်အမျှ။

"လွတ်လပ်ပြီ ... လွတ်လပ်ပြီ ... တို့ပြည် လွတ်လပ်ပြီ အောင်သပြေကို ဆွတ်တာ အတည် ... ငါတို့ ကိုင်ဆောင်မည် ..." ဟူသော လွတ်လပ်ရေး သီချင်းကလေးကို နီနီလေးတို့မှာ တက်ကြွရွှင်မြူးစွာ မမောနိုင် မပန်းနိုင် တကြော်ကြော် သီဆိုမဆုံးရှိနေခဲ့ကြတော့သည်။

ဗမာပြည်ကြီး လွတ်လပ်ရေးရသည့် အထိမ်းအမှတ်အဖြစ် ဖေဖေတို့ "ပိုးကရင် အထက်တန်းကျောင်းကြီး" က ပဒေသာကပွဲတွင် အဆို အတီး အက စုံအောင် စီစဉ်ပြင်ဆင်ထားကြသည်။ ကိုညီက သီချင်းဆိုသည့်အထဲတွင် ပါသည်။ သို့ရာတွင် ပွဲနီးခါမှ သူ့မှာ အအေးမိပြီး အသံဝင်သွားခဲ့တော့၏။ ကိုညီက အသံအကျယ်ဆုံးမို့ သူ့ဆရာမက သူ့ကို အားထားနေခဲ့ရာ ယခု သူက အသံဝင်သွားသောအခါ ဆရာမခမျာ ဒုက္ခရောက်လာတော့၏။ ဆရာမက စိုးရိမ်စိတ်ဖြင့် ကိုညီလေးအတွက် ကောင်းနိုးရာရာ ဆေးဝါးကလေးများ ရှာဖွေပြီး ပို့လာသည်။ ကိုညီမှာ ဆေးသောက်ပြီး အသံခပ်ဝင်ဝင်နှင့်ပင် သီချင်းကိုတော့ နေ့တိုင်းတိုက်နေရလေသည်။

ပဒေသာ ကပွဲကို နေ့လယ်ကြီးမှာပင် ပြုလုပ်ကြရသည်။ မြို့ပေါ်မှ လူကြီးလူကောင်း၊ ကျောင်းသား မိဘများနှင့် ဂျပန်စစ်တပ်မှ စစ်ဗိုလ်ကြီးတစ်ယောက်လည်း လာရောက်အားပေး ကြည့်ရှုလေသည်။ စစ်ဗိုလ်ကြီးနှင့်အတူ ဂျပန်စစ်သားအချို့လည်း လိုက်ပါလာခဲ့ကြသည်။

နီနီလေးတို့ ညီအစ်မနှစ်ယောက်ကိုလည်း ဖေဖေက ခေါ်သွားပြီး ရှေ့နားကနေရာတွင်ထိုင်စေသည်။ ပြီးလျှင် လာခေါ်မည်စောင့်နေဟု မှာထားပြီး ဖေဖေထွက်သွားသည်။

ယခုလိုကျောင်းကပွဲမျိုးကို ကြည့်ရခဲသောကြောင့် နီနီလေးက စူးစိုက်ကြည့်နေလိုက်မိသည်။
ကပွဲမှာ အခန်းတွေက စုံလှတော့သည်။ တပင်တိုင်၊ နှစ်ပါးသွား၊ ယိမ်းအပြင် ပြဇာတ်တိုကလေးလည်း ပါသေးသည်။ ပွဲပြနေစဉ် ကောင်းကင်မှ လေယာဉ်ပျံသံကို ရတ်တရက် ကြားရသဖြင့် လူတွေမှာ ရင်ကိုပင့်၍ နားစွင့်နေကြရသေးသည်။ နောက် လေယာဉ်ပျံသံ ပျောက်ကွယ်သွားတော့မှ ရင်ကိုချပြီး ပွဲကို ဆက်ကြည့်နိုင်ကြတော့သည်။ တပင်တိုင်အကမှာ မြန်မာ၊ ရှမ်းနှင့် ဂျူးအမျိုးသမီးတစ်ယောက်၏ တပင်တိုင် "ခြေက" တို့ဖြစ်သည်။ ကိုညီတို့အဖွဲ့က "လွတ်လပ်ရေး" သီချင်းဆိုကြသည်။ ဖေဖေကလည်း ခေါင်းကြီးတကားကားဖြင့် စင်မြင့်ပေါ်မှ "ချစ်သမျှကို" ပတ်ပျိုးကို သံနေသံထားနှင့် အကျအနဆိုပြလိုက်လေသည်။ ပတ်ပျိုး၏ အဓိပ္ပာယ်ကို ဂျပန်စစ်ဗိုလ်ကြီးက နားမလည် သဖြင့် သူ့စကားပြန်က ရှင်းပြရလေသည်။ သီချင်း၏ အဓိပ္ပာယ်ကို သဘောပေါက်သွား ခဲ့သော စစ်ဗိုလ်က အထူးနှစ်သက်စွာဖြင့် အားရပါးရ လက်ခုပ်တီး၍ ဩဘာပေးလိုက် လေသည်။
ပြဇာတ်မှာမူ အင်္ဂလိပ်တပ်များနှင့် ဂျပန်တပ်များ စစ်တိုက်ကြရာ၌ နောက်ဆုံး အင်္ဂလိပ်များ စစ်ရှုံးပြီး ဂျပန်က စစ်နိုင်လျက် ဗမာပြည်နှင့် ချစ်ကြည်ရင်းနှီးစွာ လက်တွဲ မိကြပုံကို သရုပ်ဖော်ပြခြင်းဖြစ်သည်။ အင်္ဂလိပ်များ စစ်ရှုံး၍ သူတို့ "ယူနီယံဂျက်" အလံ ကြီး မီးဟုန်းဟုန်းတောက်ကာ လောင်ကျွမ်းသွားသည် အခန်းကို ဂျပန်စစ်သားများက အထူးသဘောကျကြလေသည်။ သူတို့သည် လက်ခုပ်များကို အားရပါးရ တီးရင်း ပါးစပ် များမှပင် အော်ဟစ်၍ ဩဘာပေးကြလေသည်။
ကပွဲပြီးချိန်မှာ ညနေပင် စောင်းပေပြီ။ အခြားသူများ အသီးသီး ထပြန်သွားကြ တော့သည်။ နီနီလေးကမူ ဖေဖေလာခေါ်မည်ဆိုထားခဲ့သဖြင့် ညီမငယ်နှင့်အတူ ငုတ်တုတ် ကလေးဆက်ထိုင်ပြီး စောင့်နေလိုက်သည်။ ဖေဖေက တော်တော်နှင့် ပေါ်မလာ။ ကိုကြီး နှင့် ကိုညီကလည်း လာမခေါ်။ နောက်ဆုံး၌ ခန်းမကြီးထဲတွင် သူတို့ညီအစ်မနှစ်ယောက်ထဲ သာ ရှိလေတော့သည်။ နေလည်း ဝင်သွားခဲ့ပေပြီ။ ညီမငယ်က အိမ်ပြန်ရန်ပြောလေ သည်။ နီနီလေးမှာလည်း ပြန်ချင်လှပေပြီ။ သို့ရာတွင် ဖေဖေက လာခေါ်မည်စောင့်နေဟု မှာထားခဲ့သဖြင့် ဖွဲခတ်ပြီး ဆက်စောင့်နေလိုက်ပြန်သည်။
ကျောင်းကြီးတစ်ခုလုံးမှာ သူတို့ညီအစ်မနှစ်ယောက်တည်းသာ ရှိလေသလားမသိ တိတ်ဆိတ်နေလေသည်။ တဖြည်းဖြည်းနှင့် အချိန်မှာ မှောင်၍ပင်လာပေပြီ။ နီနီလေးမှာ ဘာလုပ်ရမှန်းမသိတော့ စိတ်ထဲမှ ကြောက်သလိုဖြစ်လာမိသည်။ ထိုအခိုက် ကိုကြီးတို့

အရွယ် ကရင်အမျိုးသားလေး နှစ်ယောက်ဝင်လာပြီး သူတို့အချင်းချင်း ကရင်လိုပြောရင်း ခန်းမကြီး၏ တံခါးများကို လိုက်ပိတ်နေကြပြန်သည်။

သူတို့ကို နီနီလေးက ဖေဖေ့အကြောင်း မေးကြည့်မိသည်။ သူတို့က ဘာမျှမဖြေ။ သူတို့အချင်းချင်းသာ ရယ်မောပြောဆိုနေကြသည်။ နီနီလေးက ဘာပဲဖြစ်ဖြစ် အိမ်ပြန်မည်ဟု ဆုံးဖြတ်ပြီး ညီမငယ်၏လက်ကိုဆွဲကာ ထရပ်လိုက်သည်။ ထိုအခါမှ ကရင်ကလေး တစ်ယောက်က သူတို့ကို လှမ်းပြောလိုက်တော့၏။

"ဟော့ ... ကောင်မလေးတွေ ... တို့ ... တံခါးတွေပိတ်တော့မယ် ... အပြင်ထွက်ကြကွ"

ထိုအခါ နီနီလေးသည် ညီမငယ်၏ လက်ကလေးကို ဆွဲပြီး မပိတ်ရသေးသော တံခါးမှ ခပ်သုတ်သုတ် ပြေးထွက်ခဲ့တော့၏။

နီနီလေးအဖို့ ကျောင်းကလေးတက်ဖူးခဲ့၍ ကျောင်းခန်းများနှင့် ကျောင်းဝင်း အကြောင်းကိုတော့ ကျွမ်းဝင် သိရှိနေခဲ့လေသည်။ သို့ရာတွင် လူကြီးများ မပါဘဲနှင့်တော့ တစ်ခါမှ ကျောင်းနှင့်အိမ်သို့ ကူးသန်းသွားလာဖူးခြင်းမရှိခဲ့ပေ။ ယခုမူ ကျောင်းဝင်းကြီး တစ်ခုလုံးတွင် သူတို့ညီအစ်မနှစ်ယောက်သာ ရှိနေသည်။ တိတ်ဆိတ်နေသော ကျောင်း အဆောက်အဦးများ ဘေးနားမှ လျှောက်ခဲ့ချိန်တွင် မိုးချုပ်သွားလေတော့၏။

ကျောင်းဂိတ်ဝမှ ထွက်လိုက်လျှင် လမ်းတွေမှာ မှောင်နေလေသည်။ နီနီလေးသည် ညီမငယ်၏ လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ရင်ကလေးတဒိတ်ဒိတ် ခုအောင် ကြောက်လာမိတော့သည်။ သူက အမှောင်ကို အလွန်ကြောက်တတ်သူဖြစ်သည်။ အိမ်မှာပင် ညဘက်အခန်းထဲ၌ မီးမထွန်းဘဲ မှောင်နေလျှင် တစ်ယောက်တည်း မဝင်ရဲ၊ မသွားရဲ၊ မနေရဲအောင် သတ္တိကြောင်တတ်သူဖြစ်သည်။ သို့ရာတွင် ညီမငယ်ကတော့ မကြောက်တတ်၊ မှောင်မှောင်မည်းမည်း တစ်ယောက်တည်း " တတောက်တောက်" လျှောက်သွားနေတတ်သည်။ ထိုကြောင့် မှောင်နေသော အခန်းထဲမှ ပစ္စည်းတစ်ခုခုလိုချင်လျှင် နီနီလေးက သူ့ညီမငယ် စီစီလေးကိုသာ အယူခိုင်းလေ့ရှိသည်။

ယခုတော့ နီနီလေးအဖို့ သူကြောက်သော အမှောင်ကို အိမ်နှင့်မနီး လူသူမရှိသည့် လမ်းမကြီးပေါ်တွင် ရင်ဆိုင်တွေ့ကြုံနေရတော့၏။ လမ်းမီးများ မရှိသဖြင့် တလောကလုံး မှောင်မည်းတိတ်ဆိတ်နေတော့သည်။ နီနီလေး၏ ရင်တွင် ကြောက်လန့်စိတ်ကို အပြည့်အသိပ်ခံစားနေရလေတော့သည်။ အမှောင်ကို မကြောက်တတ်သော ညီမငယ်ကမူ သူ့ဘေးမှ ခပ်အေးအေးပင် လျှောက်လိုက်လာနေခဲ့လေသည်။

ညမှောင်မှောင်တွင် ကြောက်လန့်တုန်လှုပ်နေသည့်ကြားမှ ကိုယ့်အိမ်ရှိရာကို စိတ်ထဲမှ သိထားပြီး မှန်းလျှောက်နိုင်၍တော့ နီနီလေး၏ရင်မှာ အနည်းငယ် သက်သာမိလေသည်။ လမ်းသုံးခွဆုံသို့အရောက်တွင် တစ်ဖက်ထောင့်ဆီမှ ဆေးလိပ်မီးဖွားတရဲရဲကို လှမ်း တွေ့လိုက်ရပြီး စကားပြောသံများကို မသဲမကွဲကြားလိုက်ရပြန်သဖြင့် နီနီလေးတွင် အား တက်သလို ဖြစ်သွားမိသည်။ ထိုနေရာမှာ အန်ကယ် မောင်ချိုတို့၏ လက်ဖက်ရည်ဆိုင် ဖြစ်သည်။ အန်ကယ်မောင်ချိုတို့ ညီအစ်ကိုတွေမှာ ဖေဖေ၏တပည့်များ ဖြစ်ကြသည်။ ဦးလေးကြိုင်တို့နှင့်လည်း "ဘတ်စကက်ဘော" ကစားဖက်၊ အဖွဲ့သားချင်း ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။ အန်ကယ်မောင်ချိုမှာ ဖေဖေ၏ကျောင်းဘောလုံးအသင်းမှ နာမည်ကျော် ဂိုလီလည်းဖြစ်လေသည်။ သကြိန်တွင်းတုန်းက အကျီလုလှကလေးဝတ်ပြီး ဖေဖေနှင့်အတူ လိုက်သွားမိသော သူ့ကို သူတို့ဆိုင်မှ ရေပိုင်းလောင်းကြ၍ နီနီလေးငိုခဲ့ရသေးသည်။ ယခုမူ ညဘက် ဆိုင်ပိတ်ပြီး မီးထွန်းမထားသဖြင့် မှောင်မည်းနေလေသည်။

အန်ကယ်မောင်ချိုကို သိသော်လည်း နီနီလေးသည် သူတို့ဆိုင်ရှိရာသို့ကူးမသွား။ အကူအညီလည်းမတောင်း၊တောင်းရန်ကိုလည်း သတိမရ။အိမ်ဘက်သို့သာဆက်လျှောက် လမ်းသုံးခွဆုံမှာ အေဘီအမ်ကျောင်းဝင်း၏ ထောင့်တထောင့်ဖြစ်ရာ တည့်တည့်ကြီးဆက်လျှောက်၍ လမ်းဆုံးလျှင် အိမ်သို့ရောက်မည်ကို နီနီလေး သိထားသည်။ ကျောင်းဝင်းကြီး၏ လမ်းဆုံထောင့်နှင့် နီနီလေးတို့အိမ်ရှိရာထောင့်မှာ အတော်လေးတော့လှမ်း၏။ တစ်ခေါ်မက နှစ်ခေါ် သုံးခေါ်လောက်ရှိပေလိမ့်မည်။

ဘေးတစ်ဖက်က အေဘီအမ်ကျောင်းဝင်း၏ ခြံစည်းရိုး တစ်ဖက်က သစ်ပင်ချုံပုတ်များထူနေသော "နေရှင်နယ်" ကျောင်းဝင်းအစပ် တောင်ကုန်းမြင့်မြင့်ကြားမှ ကတ္တရာလမ်းမှာ မှောင်မည်းတိတ်ဆိတ်နေသည်နှင့်အမျှ လူသူကင်းပြတ်နေလေတော့သည်။ ဘေးဘက်ဝဲယာသို့ လှည့်ကြည့်မိလိုက်လျှင် နေရှင်နယ်ကျောင်းဝင်းစပ်မှ ထန်းပင်မြင့်မြင့်ကြီးများ ချုံပုတ် ပုတိုက်တိုက်များနှင့် အေဘီအမ်ကျောင်းဝင်းထဲမှ ကုက္ကိုပင် အုပ်အုပ်ကြီးများသည် ပုံထဲမှ သရဲတစ္ဆေကြီးများပမာ။ မှောင်ထဲတွင် မည်းမည်းရိပ်ကြီးများအဖြစ် ချောက်ချားစရာကောင်းအောင် ယိမ်းထိုးလှုပ်ရှားနေကြသည်။

နီနီလေးသည် ကြောက်လွန်းသဖြင့် ရင်ထဲမှ အသက်ရှူမရလောက်အောင် မောလာမိသည်။ ချွေးများလည်း ပြန်လာလေသည်။ အရဲစွန့်ပြီး ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ သူတို့အိမ်မည်းမည်းမြင့်မြင့်ကြီးဆီမှ ခပ်အုပ်အုပ်ထွန်းထားသော မီးရောင်လဲ့လဲ့ကို လှမ်းမြင်လိုက်ရတော့သည်။

ထိုအခါ နီနီလေးသည် အားတက်သွားပြီး ညီမငယ်၏ လက်ကိုဆွဲကာ အပြေးကလေးပင် ဆက်လျှောက်လိုက်လျှင် မကြာခင် သူတို့ခြံရှေ့သို့ရောက်သွားလေတော့၏။ သို့ရာတွင် သူတို့အိမ်ကြီး၏ ရှေ့ခန်းများမှာ မှောင်မည်းတိတ်ဆိတ်နေသည်။

ထိုကြောင့် သူတို့ညီအစ်မကလေးနှစ်ယောက်သည် ခြံတံခါးကို တွန်းဖွင့်ဝင်ခဲ့ပြီး အိမ်နောက်ဘက်သို့ ဆက်လျှောက်ခဲ့ကြသည်။ ထိုအခါ စောစောက လှမ်းမြင်ခဲ့ရသော မီးရောင်လဲ့လဲ့ကို ပြန်တွေ့ရတော့၏။ သည်တော့မှ နီနီလေးလည်း ဝမ်းသာအားတက်ခြင်းဖြင့် စီစီလေးနှင့်အတူ မီးဖိုလှေကားမှ အပြေးကလေး လှမ်းတက်သွားလိုက်ကြတော့သည်။ ကိုယ့် အိမ်မိုးအောက်တွင် မီးရောင်နွေးနွေးနှင့် တွေ့ထိလိုက်ရတော့မှ နီနီလေးတစ်ယောက်မှာ အသက်ကို အားရပါးရ ရှိုက်ရှူလိုက်နိုင်ရှာတော့၏။

သို့ရာတွင် နီနီလေးအဖို့ စဉ်းစား ဝေခွဲမရအောင် အထူးအဆန်းဖြစ်ရပြန်လေတော့သည်။

နီနီလေးက ဖေဖေလာခေါ်မည်ဆိုပြီး လာမခေါ်သဖြင့် သူတို့ညီအစ်မနှစ်ယောက် ဘယ်လောက်ကြောက်ကြောက်လန့်လန့်ဖြင့် စွန့်စွန့်စားစား အိမ်သို့ပြန်လာခဲ့ကြောင်း ပြောပြသောအခါ အိမ်သားတစ်ယောက်ကမျှ လက်မခံကြပေ။ သူတို့ညီအစ်မကို တစ်ခါမျှ ဤသို့မထားရစ်ခဲ့ကြောင်းဖြင့်သာ အတွင် ငြင်းကြလေတော့၏။ သို့ရာတွင် နီနီလေးတို့အဖို့ ကြုံခဲ့ရသည်မှာလည်း တကယ့်အမှန်။ နောက်နည်းနည်းကြီးလာသည်အထိ နီနီလေးကပြောတိုင်း "မဟုတ်"ဟုသာ အားလုံးက ငြင်းကြသည်။ သူ့အဖို့ သက်သေထူရအောင်ကလည်း ညီမငယ်က ဘာကိုမျှမပြောတတ်။ မမှတ်မိ။

သည်တော့ နီနီလေးတွင် "သံသယ"အတွေးကလေးတစ်ခုက သူ့စိတ်မှာ ခိုအောင်းလာမိတော့သည်။

အမှန်တကယ်လည်း နီနီလေးတို့ ညီအစ်မကို တစ်အိမ်သားလုံးက အစဉ်ဂရုတစိုက်ရှိခဲ့ကြပေသည်။ အကယ်၍ သူတို့ညီအစ်မကို မေ့ပြီးထားရစ်ခဲ့သည်ဆိုဦး အိမ်သို့ရောက်လျှင် ဖေဖေတို့ကို မေမေက မေးရမည်။ ထိုအခါ သတိရပြီးပြန်လာခေါ်ရပေမည်။

တစ်ခါ မေမေကလည်း စောစောတုန်းကတော့ သတိမရ မမေးမိဘူးပဲထား။ ညနေ ထမင်းစားချိန်တွင် သတိရရမည်၊ အခါတိုင်း ဟိုပြေးသည်ဆော့နှင့် တစ်အိမ်လုံးတွင် အငယ်ဆုံးကလေးနှစ်ယောက်ပျောက်ပြီး ငြိမ်ချက်သားကောင်းနေလျှင် ဘယ်ရောက်ကုန်ကြပါလိမ့်ဟု သတိထားလာကြရမည်။

ယခုတော့ မိုးကြီးချုပ်၍ မှောင်လာသည့်တိုင် နီနီလေးတို့ကို မေ့ပစ်ထားနိုင်ရက်ကြ

သည်မှာ စဉ်းစားစရာဖြစ်နေသည်။ မဖြစ်နိုင်၊ မဟုတ်နိုင်ဟုသာ အဖြေကထွက်လာသည်။

ထိုအခါ နီနီလေးအဖို့ အသက်ထွက်မတတ် ကြောက်လန့်တကြား ဖြစ်ပျက်ခံစားနေခဲ့ရသည်ကို ဘယ်မှာထားရမည်နည်း။ အိပ်မက်ဟုပင်ဆိုရမည်လော။ အိပ်မက်ဟုဆိုလျှင် သူ့အိပ်မက်မှာ လက်တွေ့ကျလွန်းသည်ဟု နီနီလေးက ထင်ချင်သည်။ သူ့မှာ ကလေးမို့ ဘာကိုမျှလည်း ခိုင်ခိုင်မာမာပြုကာ ရှင်းမပြတတ်ရာ သည်အတိုင်းပင် ငြိမ်နေလိုက်ရလေတော့၏။

သို့ရာတွင် ထိုအဖြစ်အပျက်မှာ "အမှန်တကယ်လား ... အိပ်မက်လား" ဆိုသည့် "ဒွိဟ ... သံသယ" စိတ်ကလေးကမူ စစ်အတွင်းကာလ၏ ကြောက်မက်ဖွယ်ရာ အခြားအတွေ့အကြုံများနှင့်အတူ နီနီလေးအဖို့ တစ်သက်လုံး မေ့မရနိုင်သောဖြစ်ရပ်ကလေးတစ်ခုအဖြစ် သူ့ရင်ထဲတွင် စွဲငြိနေတော့မည်သာပင်။

ဂျပန်အစိုးရက ဗမာပြည်ကြီးကို လွတ်လပ်ရေးတော့ ပေးခဲ့ပါ၏။ သို့ရာတွင် သူတို့ ဂျပန်စစ်သားများကမူ ဗမာပြည်မှာပင် ဆက်လက်ရှိနေလေသည်။ ရှိရုံသာမက ဆက်လက်စိုးမိုးအုပ်ချုပ်မင်းလုပ်နေကြတုန်းပင်။ သူတို့သည် ဗမာပြည်သူများအပေါ် အရင်ထက်ပင် ချုပ်ချယ်ဖိနှိပ်လာခဲ့ကြသည်။ ဖက်ဆစ်ဆန်ဆန် ညှဉ်းပန်းနှိပ်စက်မှုများကလည်း ပိုလာခဲ့လေသည်။ ထိုအခါ ဗမာပြည်သူ လူထုတစ်ရပ်လုံးမှာ နာမည်ခံသာ "လွတ်လပ်ရေး" ကြီးရနေခဲ့သော်လည်း တကယ်လက်တွေ့မှာမူ လူရောစိတ်ပါ ဘာတစ်ခုမျှ လွတ်လပ်မှုမရှိပေ။ မရှိသည့်အပြင် ပို၍ပင်ကျပ်တည်းကျဉ်းမြောင်းခြင်းဖြင့် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများကို မရှုမလှခံစားနေခဲ့ကြရလေတော့၏။

ထိုအချိန်တွင် မဟာမိတ်အင်္ဂလိပ် လေယာဉ်ပျံများကလည်း ဗမာပြည်အပေါ် ပို၍ ဖိတိုက်နေလေသည်။

ပုသိမ်မြို့ကိုဆိုလျှင် ရက်ခြားလောက်ပင် ဗုံးများ လာရောက်ကြဲချနေကြလေသည်။ ထိုစဉ်က မြို့အစွန် ဆေးပတ်ဝန်းကျင်လောက်ကိုသာ ကြဲချခဲ့သော်လည်း ယခုမူ မြို့အတွင်းပိုင်းထဲသို့ ရောက်လာခဲ့တော့၏။ ထိုအခါ မြို့သူမြို့သားများမှာ တစ်နေ့တစ်နေ့ ဗုံးခိုကျင်းထဲပြေးဆင်းနေကြရသည်နှင့်ပင် မအားနိုင်အောင် ရှိနေခဲ့ကြရလေတော့၏။

လေယာဉ်ပျံကြား၊ ဗုံးကြားမှာပင် နီနီလေးတို့ ခရစ်ယာန်ဘာသာဝင်တစ်စုမှာ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့သွားကာ စုပေါင်းဝတ်ပြုကြလေသည်။ ဘိုးဘိုးဦးညီပုက တရားဓမ္မများ ဟောကြားပြသသည်။ နီနီလေးတို့ ဘုရားရှိခိုးကျောင်းတက်နေစဉ် လေယာဉ်ပျံလာလျှင်တော့ မည်သူမျှ ဗုံးကျင်းထဲသို့ ဆင်းမပြေးကြ၊ ဘုရားကိုပို၍

အားကိုးစိတ်နှင့်သာတိုးပြီး ဆုတောင်းနေကြလေသည်။

ထိုသို့ တထိတ်ထိတ် တလန့်လန့်ကြားမှာပင် ဦးလေးအထောင် တစ်ယောက် မမာပြီး သေဆုံးသွားခဲ့လေတော့သည်။ သူစပြီး မမာစဉ်က ဖေဖေနှင့်မေမေတို့က ဆရာဝန်နှင့်ကုရန် တိုက်တွန်းကြသည်။ ဦးလေးအထောင်က လက်မခံ သူတို့တရုတ်ဆရာနှင့်သာ ကုနေခဲ့သည်။ ယခုမူ သူ့တရုတ်ဆရာနှင့် ကုရင်းမှပင် ဦးလေးအထောင် သေဆုံးသွားလေတော့၏။ ထိုအခါ အရီးလေးခမျာ သားသမီးငယ်ကလေး သုံးယောက်နှင့်အတူ မုဆိုးမကလေးဖြစ်ကျန်ရစ်ခဲ့ရှာတော့သည်။ ဦးလေးအထောင်မရှိသော်လည်း သူ့အမကြီး "အားမ" က အရီးလေးတို့သားအမိနှင့်ပင် အတူဆက်၍ နေလေသည်။ ယောကျ်ားဖော်အဖြစ် ကိုအောင်က အရီးလေးတို့နှင့် သွားနေလေသည်။

နောက်မကြာမီ တစ်နေ့တွင် ယိုးဒယားကုန်းဘက် ဗုံးများချရာ မေမေတို့မှာ အရီးလေးတို့ မိသားစုအတွက် အထူးပင် စိတ်ပူမိကြတော့သည်။ သို့ရာတွင် လေယာဉ်ပျံပြန်သွားမှ ဦးလေးကြိုင်တို့က ပြေးကြည့်သောအခါ ယိုးဒယားကုန်း ထိပ်ဝအနားတွင်ဖြစ်၍ အရီးလေးတို့နှင့် လုမ်းကြောင်း သိရလေသည်။

ထိုယိုးဒယားကုန်းထိပ်တွင်ကျသော ဗုံးဒဏ်မှာ အရပ်သူအရပ်သားများကို အများအပြားသေကြေထိခိုက်စေခဲ့လေသည်။ သွေးသံရဲရဲဖြင့် ဒဏ်ရာရသူများနှင့် သေသူအလောင်းများကို လှည်းနှင့်တိုက်ပြီး နီနီလေးတို့ အိမ်ဘေးလမ်းမှ ဆေးရုံသို့ ယူသွားကြလေသည်။ ညည်းညူအော်ဟစ်ငိုယိုသံများကြောင့် နီနီလေးက ပြေးကြည့်ရာ မေမေကအတင်းလိုက်ဆွဲ၍ သူ့မျက်နှာကို လက်နှင့်အုပ်ထားလိုက်သည်။ ပါးစပ်မှလည်း ...

"ဟဲ့ ... ဟဲ့ ... သမီး ... သွားမကြည့်နဲ့ ... လာ ... လာ "ဟု ပြောကာ နီနီလေးကို အိမ်ထဲသို့ ပြန်ဆွဲခေါ်ခဲ့သည်။ မေမေက ကွယ်ပေမယ့် လှည်းပေါ်မှ သွေးသံရဲရဲတုံးလုံးပက်လက်များကို နီနီလေးက လှစ်ခနဲ လှမ်းမြင်လိုက်ပြီးခဲ့ပေပြီ။ မေမေက ကြည့်မကောင်းသော အနိဋ္ဌာရုံများအား သူ့ကိုမတွေ့ရအောင် ကြိုးစားခဲ့ပေမယ့် လှစ်ခနဲမြင်လိုက်ပြီးသော ထိုမြင်ကွင်းများကို နီနီလေးမှာ မျက်စိထဲမှ မထွက်အောင် စွဲထင်သွားတော့သည်။ ထိုသို့စွဲထင်မြင်နေသည်နှင့်အမျှ စစ်ဖြစ်ခြင်း၊ ဗုံးကြဲချခံခြင်းမှာ အလွန်ပင် ကြောက်စရာ မုန်းစရာကောင်းကြောင်းကို သူ့အဖို့ ပို၍ သိနားလည်စေပြန်လေတော့၏။

သေကြေဒဏ်ရာရသူများတွင် ဖေဖေ၊ မေမေတို့၏ အသိမိတ်ဆွေများလည်း ပါကြလေသည်။ အချို့မှာ လေယာဉ်ပျံနှင့် ဗုံးကို မထီမဲ့မြင်ပြုခဲ့သောကြောင့် သေကြရခြင်းဖြစ်သည်။ လူတစ်ယောက်ကဆိုလျှင် လေယာဉ်ပျံလာနေသည်ကို အိမ်မိုးနေရာမှ ကျင်းထဲ

မဆင်းဘဲနှင့် မော့ကြည့်နေသဖြင့် သေခဲ့ရသည်။ လူတစ်ယောက်မှာလည်း အနှိပ်ခံမပျက် ရှိနေခဲ့ရာ အနှိပ်သည်ကြီးမှာ နှိပ်ရင်းတန်းလန်း ဇက်ပြုတ်ထွက်သွားသည်ဆိုသည်။ လူတစ်ယောက်မှာမူ ဗုံးကျင်းထဲရောက်ပြီးမှ ဆိုင်ပေါ်တွင် ကျန်ခဲ့သော သူ့ပိုက်ဆံဘူးကို တက်ယူမိ၍ ဗုံးဆန်ထိကာ သေရသည်။ မိသားစုတစ်စုမှာမူ ပုန်းနေသော ကျင်းပေါ် တည့်တည့်သို့ ဗုံးကျလာခဲ့ခြင်းကြောင့် သေကြရရှာ၏။ လူကြီးများပြောသမျှ တစ်စွန်းတစ ကြားရသည်များမှာလည်း တစ်ချက်ကလေးမျှ သက်သာစရာ မပါပေ။

ထိုအခါ နီနီလေးက စစ်ကြီးမြန်မြန်ပြီးပါစေ။ ဂျပန်များ ဗမာပြည်ထဲမှ အမြန်ဆုံး ထွက်ခွာသွားကြပါစေဟု ဆုတောင်းမိသည်။ နီနီလေးသည် ကမ္ဘာစစ်ကြီး ဖြစ်လာခဲ့ရခြင်း အကြောင်းရင်းကို မသိသော်လည်း ကလေးတစ်ယောက်၏ တွေးခေါ်တတ်သော အသိစိတ် ဖြင့် ဂျပန်များရှိနေ၍ စစ်ကြီးဖြစ်နေသည်။ သူတို့မရှိလျှင် စစ်ကြီးလည်း ပြီးသွားမည်။ ဗုံးလည်း အကြိခံရတော့မည်မဟုတ်။ ထိုအခါ သူတို့ ဗမာပြည်သူ ပြည်သားတွေအဖို့ ကောင်းမွန် ဘေးလွတ်စွာ နေနိုင်ကြရလိမ့်မည်ဟု သူ၏ နငယ်သော ဦးနှောက်ကလေး ဖြင့် တွေးထင်နေခဲ့မိသည်။ ထိုကြောင့် နီနီလေးက ဂျပန်စစ်သားများကို ဗမာပြည်ထဲမှ နှင်ထုတ်ချင်နေမိလေသည်။

နီနီလေးက နှင်ထုတ်ချင်နေသော်လည်း ဂျပန်စစ်သားများက မပြေး။ သူတို့ အရပ်သားများမှသာ ပြေးကြရလေတော့၏။

အင်္ဂလိပ် လေယာဉ်ပျံများက နေ့စဉ် ရက်ဆက်ဆိုသလို ဗုံးများကို ကြမ်းကြမ်း ရမ်းရမ်း လာကြဲချနေကြသောအခါ နီနီလေးတို့မှာ ကိုယ့်အိမ်မှာပင် မနေဝံ့ကြတော့ပေ။

ထိုအခါ ဖေဖေနှင့် မေမေတို့က နေ့အချိန်များတွင် မြို့အစွန် "ကန်သုံးဆင့်" နားက "ပိန္နဲကုန်း"ဆိုသော ရွာကလေးသို့ ဗုံးသွားရှောင်ရန် စီစဉ်လိုက်ကြတော့သည်။

ကန်သုံးဆင့်နားရှိ ပိန္နဲကုန်းရွာကလေးတွင် ဖေဖေ၊ မေမေတို့နှင့် အလွန်ရင်းနှီးသော ဦးစိုးရုံနှင့် ဒေါ်ရွှေပွင့်တို့ မိသားစုရှိကြလေသည်။ ဒေါ်ရွှေပွင့်မှာ နီနီလေးတို့ မောင်နှမ အားလုံးကို မွေးဖွားပေးခဲ့သော ဝမ်းဆွဲဆရာမကြီးဖြစ်ပေသည်။ သူတို့သည် ဒေါ်ရွှေပွင့် ၏ သားအကြီးနှင့် ချွေးမ ကိုမောင်ထွန်းနှင့် မမလှတို့၏ အိမ်ဘေးအဖီကလေးတွင် စတည်းချပြီး တစ်နေကုန် အေးအေးလူလူ စားသောက်နေထိုင်ကြရသည်။ ထို့နောက် ညနေစောင်းတွင်မှ အိမ်သို့ပြန်ခဲ့ကြတော့သည်။

မြို့ထဲ ကန်သုံးဆင့်မှာ ၃ မိုင်ခန့် ကွာဝေးလေသည်။ ထို ၃ မိုင် ခရီးကြီးကို အသက်ကြီးသော အဘွားနှင့် ကလေးအရွယ် နီနီလေးတို့ပင် မနက်တစ်ခေါက် ညနေတစ်

ခေါက် မှန်မှန်လျှောက်နေကြရလေတော့၏။

မသိသူများအဖို့ စားစရာ သောက်စရာများကို ချိုင့်ကြီး၊ ချိုင့်ငယ်အသွယ်သွယ်နှင့် ထည့်ပြီး တစ်စုတဝေးကြီး သွားနေကြသည်မှာ ပျော်ပွဲစားထွက်နေသလားဟုပင် ထင်ချင်စရာကောင်းပေသည်။ သူတို့မှာတော့ သေချင်စော် နံလောက်အောင် ပင်ပန်းနေကြရလေသည်။

စစ်မဖြစ်ခင်လေးက ကန်သုံးဆင့်သို့ လမ်းလျှောက်သွားရမည်ဆိုလျှင် နီနီလေးတို့ အလွန်ပျော်ခဲ့ကြလေသည်။ သူတို့သည် လေညှင်းခံရင်း ပန်းခြံထဲရှိ ပုဏ္ဏရိပ်တန်းကလေးများမှ ပန်းသီးမှည့် မှည့်ရွှဲရွှဲကလေးများကို လက်ကိုင်ပဝါကလေးများနှင့် အပြည့်ခူးထုပ်လာခဲ့ကြသည်။ ကြည်စိမ်းနေသော ကန်ရေပြင်ကို ကြည့်မြင်ရသည်မှာ ရင်အေးရှင်လန်းရသလို ကန်ပေါင်ရိုးပေါ်မှာ လျှောက်ပြေးပြီး ဆော့ကစားခဲ့ရသည်မှာလည်း ပျော်စရာ ကောင်းလှတော့၏။ ကန်သုံးဆင့်၏ ဆည်းဆာအလှမှာလည်း ကြည်နူးစရာကောင်းလှပေသည်။

သို့ရာတွင် ယခုတော့ ကန်သုံးဆင့်ကို သွားရမှာ နီနီလေးတို့ ပျင်းလာမိသည်။ ကန်သုံးဆင့်မှာ အရင်လို ပျော်စရာ မကောင်းဟု ထင်မိလေသည်။ သူတို့သည် တစ်နေကုန်ကိုမောင်ထွန်းတို့ အိမ်နားရှိ သရက်ပင်ကြီးအောက်၌သာ အချိန်ကုန်ခဲ့ကြရသည်။ ထိုသို့အချိန်ကုန်ရာ၌ သူတို့ချည့်မဟုတ်သေး။ ဂျပန်စစ်သားများကလည်း ရောပါလာခဲ့ကြသေးသည်။ သူတို့ကလည်း အရပ်သားများနှင့် လိုက်၍ ဖုံးရှောင်ကြခြင်းဖြစ်သည်။

သူတို့ရှိလျှင် အင်္ဂလိပ် လေယာဉ်ပျံများက လာပြီး ဗုံးချ၊ စက်သေနတ်နှင့်ပစ်မှာကြောက်ကြရသဖြင့် အရပ်သားများက သူတို့နှင့် နီးနီးမနေလိုကြ။ သို့ရာတွင် ပြောလည်းမပြောဝံ့ကြသဖြင့် သည်အတိုင်း အလိုက်အထိုက် ကြည့်ပေါင်းနေကြရလေသည်။

ဂျပန်စစ်သားများက နီနီလေးတို့ကို လာ၍ မိတ်ဆွေဖွဲ့ကြသည်။ လူကြီးများကို စကားရော ဖောရောပြုကြသည်။ ကလေးများကိုတော့ သူတို့တွင်ပါသော စားမြှောင်ကလေးများနှင့် ဝါးကလေးတွေကို ချက်ချင်းဖြတ်တောက်ပြီး ချက်ချင်း "ပီပီ" မှုတ်တံကလေးတွေပြုလုပ်ပေးတတ်ကြသည်။

တချို့စစ်သားကလေးတွေကတော့ ဘာစကားမျှမပြောကြ။ တစ်ယောက်တည်း တစ်ဦးတည်း အငူသားထိုင်ပြီး ငိုင်နေတတ်ကြသည်။ တချို့ကတော့လည်း သစ်ရိပ်ဝါးရိပ်များအောက်တွင် ထိုင်ကာ သူတို့စစ်ဘောင်းဘီ၊ အင်္ကျီအစုတ်အပြဲများကို အပ်တစ်ချောင်းနှင့် ချုပ်လုပ်နေခဲ့ကြလေသည်။

ပျင်းပျင်းရှိလျှင်တော့ သူတို့သည် ကိုယ်စီပါသော မျက်နှာသုတ်ပဝါ အသေးစားလေးများကို ဖြန့်ခင်း၊ ခေါင်းအုံးပြီး အိပ်ကြလေတော့၏။ သူတို့အမြတ်တနိုး ခေါင်းအုံးအိပ်သော မျက်နှာသုတ်ပဝါလေးများတွင် ပိုးချည်အနီများဖြင့် ဂျပန်စာလုံးများကို ထိုးချုပ်ထားရှိကြလေသည်။ ထိုစာလုံးများအကြောင်းကို စပ်စု၍ မေးစမ်းကြည့်သောအခါ သူတို့က ရှင်းပြကြသည်။

အဓိပ္ပာယ်မှာ ထိုမျက်နှာသုတ်ပဝါပေါ်မှ စာလုံးများသည် သူတို့အတွက် ဘေးရန်အပေါင်းမှ ကင်းဝေးစေသော ဆုတောင်းစာများဖြစ်သည်ဆို၏။ ထိုစာများကို သူတို့နှင့်သက်ဆိုင်ရာ ချစ်သူ၊ ဇနီး၊ အမေနှင့် နှမများက ဆုတောင်းမေတ္တာစာများကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း၊ ထိုးချုပ်ပေးလိုက်ခြင်းဖြစ်သည်ဟု ပြောသည်။ ထို့ကြောင့် ထိုဆုတောင်းစာပါသည့် မျက်နှာသုတ်ပဝါကလေးကို ရင်ဘတ်တွင်စည်းနှောင်ထားပါက မုံးဘေး၊ သေနတ်ဘေးများမှ လွတ်ကင်းနိုင်သည်ဟု ယူဆလက်ခံထားကြသည် ဟူ၏။

"သူတို့အတွက် ... ကျည်လွဲ ... မုံးလွဲ ... ပီးဆေး ... ဆုတောင်းမေတ္တာစာပေါ့ကွယ်..."

လူကြီးများက ထိုသို့မှတ်ချက်ချကြလေသည်။

အမှန်က သူတို့၏ ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ်ဝါဒကိုသာ လူတွေကမုန်းခြင်းဖြစ်ကြောင်း၊ လူလူချင်းအနေနှင့်မူ ဂျပန်စစ်သားကလေးများ၏ ဘဝမှာလည်းအထူးပင် သနားကြင်နာစရာကောင်းကြောင်း စသည်ဖြင့် လူကြီး သူကြီးများပြောဆိုနေကြသည်ကို နီနီလေးကြားမိခဲ့လေသည်။

ထိုသို့ စစ်သားကလေးများမှာ သနားစရာကောင်းနေကြသလောက် သူတို့၏ကြီးကြီးမာစတာကြီးများမှာမူ ရိုးကောင်းကောင်းနှင့် စတိုင်ဖြောင့်နေကြသည်။ ထို့အတူဗမာပြည်သူအများ လူထုမှာ အစစချို့ငဲ့ ဒုက္ခရောက်နေခဲ့ကြသော်လည်း ဂျပန်ဗိုလ်များနှင့်အလွန်းသင့်နေသူများအဖို့မှာ "ရာရှင်"တွေ ကြိုက်သလို ထုတ်ယူနိုင်ခြင်းဖြင့် စီးပွားလမ်းဖြောင့်နေကြလေသည်။

ဝမ်းရေးအတွက်မို့ အချို့ ဗမာအမျိုးသမီးများမှာ ဂျပန်များနှင့် ပေါင်းပြီး ရသလိုရှာဖွေစားသောက်နေကြရရှာသည်။

"ဦးမြခင်ကြီးတစ်ယောက် ... စိတ်နောက်သွားလို့ ဆိုပါလား ... ဟူသော သတင်းကို ကြားရလျှင် ဖေဖေတို့မှာ အံ့သြရင်း စိတ်မကောင်းလည်းဖြစ်သွားမိကြသည်။

ဦးမြခင်ဆိုသော အဘိုးကြီးကို နီနီလေး သိလေသည်။ သူ့တွင် သမီးတစ်ယောက်

တည်းသာ ရှိလေသည်။ နောက်မှ ဦးမြခင် ရူးရခြင်းအကြောင်းရင်းကို ကြားသိလာခဲ့ရပြန်သည်။

အဖေတစ်ခု၊ သမီးတစ်ခုသာရှိသော သူတို့သားအဖတွင် ဦးမြခင်က အသက်ခုနစ်ဆယ်ကျော်ပြီမို့ အလုပ်မလုပ်နိုင်တော့၊ သည်တော့ သမီးဖြစ်သူက လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့ရသည်။ ယခု ဂျပန်ခေတ်တွင်ထဲတွင် "ရာရှင်"များ ထုတ်ပြီး ပြန်ရောင်းခြင်းဖြင့် ဝင်ငွေရအောင် ကြိုးစားရပြန်သည်။ ထိုအခါ "ရာရှင်"ကို လွယ်လွယ်ရနိုင်ဖို့ရန်မှာ ဂျပန်စစ်ဗိုလ်များနှင့် ပေါင်းသင်းထားမှဖြစ်လေသည်။

ထိုသို့ သူ့သမီး ဂျပန်တွေနှင့် တွဲသွား တွဲလာပြုနေသည်ကို ဦးမြခင်က နည်းနည်းမျှ မလိုလား။ သို့ရာတွင် သူ့အနေနှင့် ဘာမျှ မရှာဖွေနိုင်တော့သည်မို့ သမီးအတွက် စိုးရိမ်ပူပန်စိတ်ကို မျိုသိပ်ရင်း ရင်ထဲမှသာ ကျိတ်မှိတ်၍ ခံစားနေခဲ့ရှာလေသည်။ သို့နှင့် ထိုနေ့က သူ့သမီးအိမ်အပြန် နောက်ကျသည်တွင် ရင်ထဲ၌မျိုသိပ်ထားနေခဲ့ရသော ပူပန်စိုးရိမ်မှု အစိုင်အခဲကြီးမှာ ပွင့်အန်ထွက်ပြီး ဦးမြခင် စိတ်နောက်သွားရှာတော့သည်။

ဦးမြခင်သည် ပါးစပ်မှ "ငါ ဂျပန်ဘုရင်ဖြစ်ပြီဟေ့ ..." ဟု ဗွမ်မိ ဗွမ်ရာ အော်ဟစ်နေတော့သည် ဆို၏။

တကယ် တွေးကြည့်ပြန်တော့ "စစ်"ကာလကြီးအတွင်းတွင် လူတိုင်းလူတိုင်းမှာ ဒုက္ခကိုယ်စီရှိနေကြသည်သာ။

တစ်ညနေစောင်း အိမ်သို့ပြန်ရန် ကန်သုံးဆင့် ကန်ပေါင်မှအဆင်းတွင် အဘွားတစ်ယောက်၏ ခဲလုံးကလေးများကို နင်းမိပြီး ခြေခေါက်လဲလေတော့၏။ နာလွန်းသဖြင့် လုံးလုံးခြေပြန်မထောက်နိုင်သော အဘွားကို ဆိုက်ကားရှာပြီး တင်ခေါ်ခဲ့ရလေသည်။ အိမ်ရောက်လျှင် မေမေက ချက်ချင်းထုံးနှင့် နနွင်းများ ဖျော်ပြီး လိမ်းပေးရသည်။ သို့အကြောထုံးသွားခဲ့သော အဘွား၏ ခြေခုံမှာ ဖားပြုပ်ကြီးလို ရောင်ကိုင်းကုန်းထလာခဲ့လေတော့၏။

ထို့ကြောင့် နောက်တစ်နေ့တွင် အဘွားကို ဆိုက်ကားနှင့်ပင် တင်ခေါ်သွားရပြန်သည်။ ဆိုက်ကားမှာ ကန်ပေါင်ရင်းသို့သာရောက်နိုင်ရာ အဘွားကို အိမ်သို့အရောက် ဦးလေးကြိုင်က ထမ်းပို့ရသည်။ ထိုအခါ အဘွားအဖို့ ကသီကအောက်နှင့် ပင်ပန်းလေတော့၏။

ထို့အတွက် အဘွားခြေနာသက်သာသည်အထိ နီနီလေးတို့အားလုံး ပိန္နဲကုန်းရွာကလေးတွင် တစ်ပတ်မျှ နေ့ရောညပါနေလိုက်ကြရလေတော့၏။ တောရွာကလေးဖြစ်သောကြောင့် ဝယ်ခြမ်းစရာ ဈေးမရှိပေ။ ဈေးဝယ်ချင်လျှင် မြို့ထဲသို့ သွားကြရလေသည်။

တစ်နေ့တွင် ဖေဖေက မေမေ့ဆီမှ မသုံးတော့သော ဓာခြင်ထောင် အစတစ်ခုကို တောင်းပြီး ဦးလေးကြိုင်တို့နှင့်အတူ ရေကန်ဆီသို့ ထွက်သွားခဲ့လေသည်။ ဖေဖေတို့ ပြန်လာကြသောအခါ ငါးသေးသေး ဖြူဖြူကလေးများ အတော်ကလေးပါလာခဲ့လေသည်။ မေမေက တချို့ကို မမလှကို ခွဲပေးပြီး ကျန်သမျှအားလုံးကို ဆီပြန်ခြောက်ခြောက်ကလေး ချက်ပေးသည်။ ထိုကြော်ထားသည့် ငါးကလေးများကို မေမေက ငရုတ်ဖျော်ရည်ထောင်းပြီး ငါးပိခွက်ခပ်ကြီးကြီးတွင် ထည့်ဖျော်လိုက်သည်။ ထိုနောက် အနီးအနားက ရှာဖွေပြီး ခူးပြုတ်ထားသော "ကင်မလင်း" ညွန့်နုနု တို့စရာကလေးများက ငါးပိရည်ဖျော်နှင့် ခံတွင်းတွေ့စေလေတော့၏။ ဟင်းမကောင်းသော်လည်း မေမေကမရှိ ရှိသလို ကြံဖန်ချက်ပြုတ်ပြီး စားချင့်စဖွယ်ပြုပြင်မွမ်းမံကျွေးတော့လည်း နီနီလေးတို့အားလုံးမှာ ရှူးရှူးရှဲရှဲနှင့် စားလို့ အရသာ တွေ့လှပေတော့သည်။

နီနီလေးတို့ ပိန္နဲကုန်းမှာ ရှိနေကြစဉ် တစ်နေ့၌ တအုန်းအုန်း တဒိုင်းဒိုင်း မြည်ဟည်းသံကြီးများကို ကြားကြရသည်။ ဝေးတော့အတော်ကလေး ဝေးလေသည်။ နောက်မှ "ဒက" တံတားကို ဗုံးကြဲခံရကြောင်း သိကြရလေသည်။

နောက် အဘွားခြေနာသက်သာလျှင် မြို့ထဲအိမ်သို့ နီနီလေးတို့ ညပြန်အိပ်ကြတော့သည်။ အဘွားကို ဆိုက်ကားနှင့်တင်ပြီး ကျန်လူများကတော့ ကုန်းကြောင်းပင် လျှောက်ကြရပြန်သည်။

ကန်သုံးဆင့် ကန်ကြီးကို လွန်လျှင်ပင် ခပ်လှမ်းလှမ်း တစ်နေရာ၌ လူများ စုစုရုံးရုံးနှင့် အလုပ်များနေကြသည်။ အသေအချာ ကြည့်လိုက်သောအခါ ထိုလူစုသည် သစ်ပင်ကြီးတစ်ပင်ကို အမြစ်မှ လှန်၍ တူးလှဲနေကြကြောင်း တွေ့ရလေသည်။

ထိုအပင်ကြီးမှာ "မင်းပြောင်းပင်" ဟု အများက ဆိုကြသည်။ ထိုအပင်ကြီးမှာ အမြဲတမ်း အရွက်မရှိ ငုံးတိတိကြီးသာ ရှိနေခဲ့သည်။ သို့ရာတွင် တိုင်းပြည်တွင် မင်းပြောင်းမင်းလွှဲ ပေါ်ပေါက်တော့မည်ဆိုလျှင် အရွက်နုကလေးတွေ ဝေလာတတ်သည်ဟု အဆိုရှိကြသည်။ ယခု ထိုအပင် ငုံးတိတိကြီးတွင် အရွက်နုပရစ်ဖူးကလေးများက အစီအရီထွက်ပြူနေကြသည်။

နောက်မှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိရသည်မှာ ထိုအပင်ကြီးအကြောင်းကို သိသွားခဲ့ကြသော ဂျပန်များက အမြစ်မှလှန်၍ ဖြိုဖျက်ခိုင်းခြင်း ဖြစ်သည်ဆိုလေ၏။

"ဒီအပင်ကြီးကို ... အမြစ်ကတူးလဲပစ်တော့ကော ... ပြောင်းမဲ့မင်း ... မပြောင်း

တော့ဘူးတဲ့လား ...”

“အမလေး ... တတ်နိုင်လို့ ... ဘာကြီးလုပ်ပစ်ပစ် မကောင်းတဲ့ မင်းဆိုး မင်းညစ်ဆိုတာမျိုးကတော့ ... ပြောင်းချိန်တန် ပြောင်းသွားရမှာပါလေ ...”

ဂျပန်များ၏ အပြုအမူကိုကြည့်၍ မြို့သူမြို့သားများက မဲ့ပြုံးဖြင့် တီးတိုးအတင်းစကားကို အချင်းချင်း နှစ်ကိုယ်ကြားပြောဆိုနေခဲ့ကြလေသည်။

နောက်တော့ မင်းပြောင်းပင်ကြီးမှာ အမြစ်မှလန်၍ မျိုးပြုတ်သွားခဲ့လေသည်။ သို့ရာတွင် ပုသိမ်မြို့မှာတော့ မဟာမိတ်များက ဗုံးကြဲလျော့သွားခဲ့သည်မရှိ။ ပို၍ပင် အခြေအနေက ဆိုးလာခဲ့သေးသည်။ ညဘက်များတွင်ပါ လေယာဉ်ပျံသံ တဝီဝီများက ကောင်းကင်၌ ခြေချင်းရှုပ်အောင် ဝဲပျံကင်းထောက်နေကြရာ မြို့လူထုမှာ နေဝင်မီးငြိမ်းဖြင့် တထိတ်ထိတ် တလန့်လန့်ဖြစ်နေကြရလေတော့၏။ ယခုမှ “အိပ်ကောင်းခြင်း မအိပ်ရ စားကောင်းခြင်း မစားရ ... ” ဆိုသည့် ဒုက္ခကို လူတွေမှာ လက်တွေ့ခံစားနေကြရလေတော့သည်။

ထိုအခါ မြို့ပေါ်မှ လူများမှာ ဗုံးသေနတ်ဒဏ် ကင်းဝေးမည်ဟု ထင်ရသောတောရွာများဆီသို့ နောက်တစ်ကျော့ ပြေးကြရပြန်လေတော့၏။

ဖေဖေတို့ မေမေတို့က ပြေးစရာကောင်းမည့်နေရာကို စဉ်းစားနေကြစဉ် အရီးလေးတစ်ယောက်က သူ့သဘောနှင့်သူ မိသားတစ်စုလုံး ထလိုက်သွားကြလေတော့သည်။ အရီးလေးတို့ လိုက်သွားသော ရွာမှာ “ပေပင်”ဟု ခေါ်ကာ မြို့နှင့် ဝေးလွန်းလှလေသည်။

သူတို့ကို မတိုင်မပင် သူ့သဘောနှင့်သူ ထလုပ်သွားသော အရီးလေးကို အဘွားနှင့် မေမေတို့က စိတ်ဆိုးမိကြသည်။ သို့ရာတွင် ဘာမျှမတတ်နိုင်ကြ။ အရီးလေးတို့က ရောက်သွားနေနှင့်ကြပြီ။

တစ်ပတ်ခန့်အကြာတွင် အရီးလေးက လူကြုံနှင့် စာပေးလိုက်သည်။ စာမှာ ဖေဖေတို့ မေမေတို့ကို လိုက်ခဲ့ရန်ခေါ်ခြင်းဖြစ်သည်။ ရွာတွင် အိမ်တစ်လုံးကို အဆင်သင့်ငှားပေးထားပြီမို့ ဆက်ဆက်လိုက်ခဲ့ကြပါဟု ဆိုသည်။

ဖေဖေတို့က ထိုမျှ မြို့နှင့် ဝေးလံလွန်းသော အရပ်ဒေသသို့ မသွားလိုကြပေ။ သို့ရာတွင် ကလေးငယ်များနှင့် အားကိုးမရှိသော မုဆိုးမအရီးလေးကိုငဲ့ပြီး သူ့အတွက် စိတ်မချသဖြင့် နောက်ဆုံး၌ လိုက်သွားကြရန် ဖေဖေတို့က ဆုံးဖြတ်စီစဉ်လိုက်ကြရတော့သည်။

❒

# ပြေးကြလေဦးတစ်ခါ

နီနီလေးတို့ မိသားတစ်စုသည် မြို့သို့ပြန်ရောက်ပြီး နှစ်နှစ်ခန့်အကြာတွင် ဒုတိယမ္ပိ သမ္ပန်ကြီးတစ်စင်းဖြင့် "စစ်ပြေး" ခရီးကို ထွက်ခဲ့ကြရပြန်လေတော့၏။

ရှည်လျားကွေ့ကောက်သော "ပေပင်" ချောင်း ခပ်ကျဉ်းကျဉ်းထဲတွင် သမ္ပန်ကြီး "တအိအိ" နှင့် ခရီးသွားကြရသည်မှာ ပျင်းစရာကောင်းလှပေသည်။ ဖေဖေကလည်း ဟိုတစ်ခါလို "ယမုန်နာ" သီချင်းကို မဆိုတော့။ ရှေ့ရေးအတွက် စိတ်မအေးသလို သမ္ပန်ဦး၌ ခပ်ငေးငေး ခပ်ငြိမ်ငြိမ်သာ ထိုင်နေခဲ့လေသည်။

သူတို့သည် မနက်စာကို သမ္ပန်ထဲမှာပင် သွားရင်းကစားကြရသည်။ ဦးလေးကြိုင် နှင့် ဦးလေးလှိုင်တို့မှာမူ ဒီရေအတက်ကို ရပ်စောင့်ပေးသောအခါကျမှ ထမင်းစား အနား ဖြေကြရလေသည်။ မေမေက သမ္ပန်ပဲ့ခုံပေါ်တွင် မီးကလေးဖိုပြီး ရေနွေးမပြတ် ကျိုကာ လက်ဖက်ရည်ကြမ်းကို တစ်လမ်းလုံးထည့်ပေးလာခဲ့သည်။ ဦးလေးကြိုင်နှင့် ဦးလေးလှိုင် တို့မှာ သမ္ပန်ခတ်၍ မောတိုင်း လက်ဖက်ရည်ခါးခါးကိုသာ အမောပြေ ကြိုက်ချနေကြရ လေသည်။

နေ့လယ်တွင် နေကလည်း ကျဲကျဲတောက်ပူလေသည်။ ပေါင်းမိုးအောက် သမ္ပန် ဝမ်းထဲ၌ရှိနေကြရသော နီနီလေးတို့မှာ ခံသာသေးသော်လည်း ဦးလေးကြိုင်နှင့် ဦးလေးလှိုင် တို့မှာမူ မသက်သာကြရှာပေ။ သူတို့သည် ပုဆိုးကြီးများ ခေါင်းပေါင်းလျက် အင်္ကျီကြီး

များကို ချွတ်ထားပြီး ခါးတောင်ကျိုက်ကာ သမ္ဗန်ကို အားစိုက်ခတ်နေကြသည်။ ထိုအခါ ချွေးပြိုက်ပြိုက်ကျနေသော သူတို့၏ကိုယ်မှာ နေရောင်အောက်တွင် ပြောင်လက်နေကြလေသည်။

ချောင်းကမ်းဘေးတစ်လျှောက်တွင် တစ်ခါတလေရွာကလေးများကို တွေ့ရတတ်ပြီး တစ်ခါတစ်ခါတော့ လယ်ကွင်းများကိုသာ တွေ့ရတတ်ကြသည်။ လမ်းတစ်လျှောက်လုံးမှာ အေးဆေးငြိမ်သက်နေကြလေသည်။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ပျင်းပျင်းရှိသော ကိုညီက သီချင်းကလေးတစ်ပုဒ်ကို အော်ဆိုလျက် ဆူညံလှုပ်ရှားသွားစေလိုက်တော့၏။

"လှေ ... လှေ ... လှေကိုလှော် ... မြစ်ကိုစုန်ဆင်းမည် ... ပျော်စွာ ... ပျော်စွာ ... ပျော်စွာ ... အိပ်မက်လွန်းသက်တာ"

ထိုသီချင်းကလေးကိုပင် အင်္ဂလိပ်လို တစ်ကျော့ထပ်ဆိုပြန်သောအခါ နီနီလေးကလည်း လိုက်ဆိုခဲ့လေသည်။

"ရိုး ... ရိုး ... ရိုး ... ယော်ဘုတ် ... ဂျိန်သလီဒေါင်းသစထရီးမ် ... မယ်ရလီ... မယ်ရလီ ... မယ်ရလီ ... မယ်ရလီ ... လိုက်ဖ်အစ်ဗက်အဒရီးမ်"

တိတ်ဆိတ်ငြိမ်သက်နေသော ချောင်းတစ်လျှောက်တွင် သူတို့မောင်နှမနှစ်ယောက်၏ သီချင်းသံမြိုင်မြိုင်ကလေးများက ချောင်းရေနှင့်အတူ စုန်ဆန်ပျံ့လွင့်သွားနေလေတော့၏။ သူတို့သီချင်းသံ ညံညံကလေးများကြောင့် ကမ်းပေါ်မှလူများက သူတို့သမ္ဗန်ကို သတိထား၍ လှမ်းမျှော်ကြည့်လိုက်ကြလေသည်။

"ရိုး ... ရိုး ... ရိုး ... ယော်ဘုတ်"

"ဟဲ့ ... ဒီကလေးတွေဟာ ..."

သီချင်းကို နောက်တစ်ကျော့ဆိုရန် နီနီလေးတို့က စရုံရှိသေးသည်။ ရုတ်တရက် မေမေက ဝင်ပြီး ဟန့်တားလိုက်သဖြင့် သူတို့မှာ တစ်ပိုင်းတန်းလန်းနှင့် ရပ်ပစ်လိုက်ကြရတော့သည်။

"ဒီ ... အင်္ဂလိပ်လို သီချင်းကို ... မဆိုချင်ကြစမ်းနဲ့ ... တော်ကြာ ဂျပန်တွေက ... အပြစ်ရှာချင်နေဦးမယ်"

မေမေက အစိုးရိမ်လွန်စွာ ဆက်ပြောလိုက်ပြန်လျှင် ကိုညီနှင့် နီနီလေးမှာ ပါးစပ်ကလေးတွေ အသာပိတ်၍ ငြိမ်နေလိုက်ကြတော့၏။ ငြိမ်လို့သာနေရသော်လည်း နီနီလေး၏ စိတ်ထဲတွင်တော့ သိပ်ပြီး မကျေနပ်လှပေ။ သူတို့အဖို့ ကိုယ်နှစ်သက်ရာ သီချင်းကိုမှ

လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ဆိုခွင့်မရှိသည့် သူတို့ဘဝကို ကလေးအသိနှင့်ပင် တွေးကြည့်နေလိုက်မိသည်။ နောက်ဆုံး သူတွေး၍ ရသောအဖြေမှာ "စစ်ဖြစ်"နေခြင်းကြောင့် ဟူ၍သာဖြစ်တော့သည်။ ထိုအခါ စစ်ဖြစ်နေရခြင်း၏ အကြောင်းရင်းကို မတွေးတတ်၊ မသိတတ်သော်လည်း နီနီလေးက "စစ်"ကိုမူ ပို၍မုန်းလာမိသည်။ ထို့ကြောင့် စိတ်ထဲမှ စစ်ကြီး ပြီးပါစေတော့ဟု ဆုတောင်းလိုက်မိလေသည်။

❒

## ပေပင်နှင့် ပိတောက်ကုန်း

သို့နှင့် တစ်နေ့လုံး ပျင်းပျင်းတွဲတွဲနှင့် သမ္ဗန်ကြီးကို ဆက်စီးလာလိုက်ကြရသည်မှာ ညနေစောင်းမှပင် "ပေပင်ရွာ"သို့ ရောက်လေတော့၏။

ရွာမှ အရီးလေးတို့က ဆီးကြိုနေကြပြီး တစ်လ ၁၀ ကျပ်နှင့် သူငှားပေးထားသည်ဆိုသော အိမ်သို့ လိုက်ပို့ပေးလေသည်။

သမ္ဗန်ဆိပ်မှ ကိုက်တစ်ရာလောက် လျှောက်လာခဲ့လျှင်ပင် အရီးလေးငှားပေးထားသော အိမ်သို့ရောက်လေတော့၏။ အိမ်မှာ ဓနိမိုး ထရံကာ ပျဉ်ခင်း၍ခပ်ပြားပြား ခပ်ကုပ်ကုပ်ဆောက်လုပ်ထားသည်။ သုံးပင်နှစ်ခန်း အိမ်ရှေ့တွင် ဖိနပ်ချွတ် အနိမ့်ကလေးတစ်ဆင့်ထုတ်ထားသည်။ အလယ်ခန်းကို ခါးမှဖြတ်ကာပြီး အိပ်ခန်းတစ်ခန်းတည်းသာ ရှိသည်။ အိမ်နောက်ဘက်မှ မီးဖိုဆောင်ကလေးမှာလည်း ခပ်ကျဉ်းကျဉ်းဖြစ်သည်။

အိမ်အခြေအနေမှာ တစ်ချက်လှမ်းကြည့်လိုက်ရုံနှင့်ပင် အဘယ်မျှ အိုနေပြီဆိုသည်ကို သိနိုင်လေသည်။ အိမ်မဆင့်နှင့် မြေကြီးမှာ လူတစ်ယောက်ထိုင်လောက်အောင်ပင် မမြင့်ပေ။ ထိုအိမ်မှာ အိုပင်အို၊ ဟောင်းပင်ဟောင်းငြား လေးငါးခြောက်လုံးစုနေသော ထိုအိမ်စု ဝန်းကျင်ကလေးတွင် သူက အကောင်းဆုံးဖြစ်နေပေသေးသည်။ အိမ်ရှင်၏နာမည်မှာ "ကိုဒုံးပေ" ဟု သိရလေသည်။ ကိုဒုံးပေမှာ ငယ်စဉ်က တေလွန်းပေလွန်း၍ 'ဒုံးပေ'ဟု မှည့်ခေါ်ခဲ့ကြောင်း နောက်တော့ နီနီလေးတို့ သိရပြန်လေသည်။

မြို့မှ စစ်ပြေးလာခဲ့သောသူတို့ကို ထိုအစုကလေးရှိ လူများက အထူး အဆန်း သဖွယ် ဝိုင်း၍ ကြည့်နေကြလေသည်။ ယောကျ်ားကြီး၊ မိန်းမကြီးများနှင့် ကလေးများက တစ်စုတဝေးကြီး ဖြစ်သည်။ သူတို့က အထူးအဆန်းပမာ ဝိုင်းကြည့်နေကြသလို သူတို့ကို လည်း နီနီလေး၏ စိတ်တွင် ထူးဆန်းအံ့ဩနေမိလေသည်။

အကြောင်းမှာ သူတို့အားလုံးသည် တစ်ယောက်မျှ အင်္ကျီဝတ်ထားသည်ကို မတွေ့ရ။ ယောကျ်ားများက ခါးအောက်ပိုင်းလုံ့ရုံ လံကွတ်တီဆန်ဆန် ပုဆိုးပိုင်းကလေး များလောက်သာ ပတ်စည်းထားပြီး၊ မိန်းမများက အဖာတစ်ရာ လုံချည် ဒူးပေါ်ကို ရင်လျား ထားနေကြသည်။ နီနီလေးတို့ထက်ကြီးသော အရွယ်အထိ ကလေးငယ်များမှာမူ အားလုံး ကိုယ်လုံးတီးကလေးများသာ ဖြစ်လေတော့၏။ ဖြုန်းခနဲ သူတို့ကိုမြင်လျှင် ကိုယ့်ဗမာတွေ မှ ဟုတ်ရဲ့လား၊ တောထဲက လူရိုင်းတွေများလားဟုပင် ထင်စရာကောင်းနေလေသည်။

အသစ်အလွင်ကြီးများ မဟုတ်သော်လည်း သင့်တင့်လျောက်ပတ်စွာ ဝတ်ဆင် ထားနေကြသော နီနီလေးတို့ မိသားစုကို သူတို့က ငေးမောကြည့်နေကြသည်။ နီနီလေး တို့က ပြန်ကြည့်လိုက်လျှင် အဝတ်ဗလာ ကိုယ်လုံးတီးနှင့် ကလေးငယ်များသည် ရှက်စနိုး ဖြင့် ထွက်ပြေးသူက ထွက်ပြေးကြသည်။ လူကြီးများကို ကွယ်၍ ပုန်းသူများက ပုန်းနေကြ သည်။ ခဏကြာလျှင် သူတို့ပြန်ထွက်လာပြီး နီနီလေးတို့ကို ဝိုင်း၍ကြည့်ကြပြန်တော့၏။

ထိုအခိုက် ရုတ်တရက် မိုးသက်လေက တိုက်ခတ်လာခဲ့သည်။ နီနီလေးတို့ကို ဝိုင်းကြည့်နေခဲ့ကြသော သူတို့လည်း ထွက်ပြေးသွားကြသည်။ ပြီးလျှင် ကလေးများနှင့် အတူ လူကြီးတချို့က လေတိုက်၍ ကြွေကျသော ဝါးပင်မှ "ဝါးဖက်" ကြီးများကို အလု အယက် လိုက်ကောက်နေကြသည်။ ထိုနောက် ဝါးဖက်ကြီးများကို သူတို့အိမ်ဆီသို့ ယူပြေးကြတော့၏။

သူ့ရာသီကုန်ခါနီး မိုးကလည်း "ဝုန်းဝုန်းဒိုင်းဒိုင်း" ပြိုကျလာသလို ရွာချလိုက် တော့၏။ ထိုအခါ ကြယ်မြင် လမြင်ဖြစ်နေသော ကိုဒုံးပေ၏ အိမ်ခေါင်မိုးမှ မိုးရေများက တဖျန်းဖျန်းယိုကျလာလေတော့သည်။ ပစ္စည်းတွေနှင့် လူတွေမှာ ချောင်ကပ်၍ ခိုစရာမရှိ အောင် တစ်အိမ်လုံး ရွှဲရွှဲစိုသွားခဲ့တော့သည်။ နီနီလေးတို့မှာ အိမ်မိုးအောက်တွင်ရှိလျက်က စိုစိုရွှဲရွှဲ ကြွက်စုတ်ဖြစ်ကုန်ကြရလေတော့သည်။

သည်တော့မှ နီနီလေးတို့မှာ စောစောတုန်းက ကလေးများနှင့်အတူ လူကြီးများပါ ဝါးဖက်ကြီးတွေကို လိုက်ကောက်ယူခဲ့ကြသည့် အကြောင်းရင်းကို နားလည်ကြရလေတော့ ၏။ သူတို့သည် အလွန်ဆင်းရဲသူများဖြစ်ကြရာ အိမ်မိုးကို အသစ်မလဲနိုင်ကြရှာပေ။

သည်အတွက် ဆွေးမြေ့ပေါက်ကွဲနေသော ကြယ်မြင် လမြင် ခေါင်မိုးပြင်ကို ဝါးဖက်များနှင့် ထိုးညှပ်ဖာထေးထားရခြင်းဖြစ်သည်။ သူတို့အိမ်၏ခေါင်များမှာ ဖာထေးထားနေသော ဝါးဖက်ရွက်များနှင့်သာ ပြည့်နေကြလေသည်။

ထိုနေ့မှစပြီး လေတိုက်၍ ဝါးဖက်ကြွေလျှင် နီနီလေးတို့တစ်တွေလည်း ဆင်းကောက်ကြရတော့၏။ သည်တော့မှပဲ သူတို့အဖို့ မိုးရွာသောအခါ ခံသာရလေသည်။ သည်တစ်ခါ ခံသာပေမည့် နောက်တစ်နေ့ မိုးရွာပြန်လျှင် တစ်ခါထပ်ယိုပြန်သည်။ ထိုအခါ ယိုသည့်နေရာကို ကြည့်ပြီး ဖာကြထေးကြရပြန်သည်။ မိုးရွာတိုင်းယိုပြီး မိုးယိုတိုင်း စောင့်ဖာနေရတတ်သည်မို့ ဝါးဖက်ကို ကြွေကျတိုင်းလိုက်ကောက်ပြီး စုထားကြရလေတော့၏။

ကိုဒုံးပေ၏ အိမ်မှာ အမိုးသာဆွေးသည်မဟုတ် အခင်းကြမ်းများမှာလည်း ကြီးကြီးညွန့်တို့ အိမ်အပေါ်ထပ်ကဲ့သို့ တချို့နေရာများ အတော်ဆွေးနေကြပေပြီ။ တစ်နေ့တွင် စီစီလေးသည် နီနီလေးနှင့်အတူ အိမ်ပေါ်တွင် ထိုင်ကစားနေရာမှ ရုတ်တရက် အိမ်ထရံနားသို့ ထပြေးသွားလိုက်သည်။ ထရံနားသို့ရောက်ခါနီးတွင် စီစီလေး ချော်လဲသွားလေသည်။ နီနီလေးက မော့ကြည့်လိုက်သောအခါ စီစီလေးကို မတွေ့တော့။ နောက် အိမ်အောက်မှ စီစီလေး၏ ငိုသံကြောင့် လူကြီးတွေမှာ ပြေးဆင်းပြီး ချီတင်ခဲ့ရသည်။ ကိုဒုံးပေ၏ အိမ်ခင်းကြမ်းမှာ မခိုင်လား ခိုင်လား စီစီလေးတစ်ယောက်လုံး အိမ်အောက်သို့ ဒုတ်ဒုတ်ထိအောင် ကျွံကျသွားခဲ့ရလေတော့သည်။ ထိုကြောင့် နီနီလေးတို့မှာ အိမ်ပေါ်တွင် အစဉ်သတိထား၍ နင်းလျှောက်ကြရလေသည်။

နောက်တော့ နီနီလေးတို့ မိသားစုနှင့် တစ်ရွာလုံးမှာ ခင်မင်ရင်းနှီးသွားခဲ့ကြလေသည်။ အိမ်ရှင် ကိုဒုံးပေကလည်း တစ်ခါတစ်ခါ လာလည်တတ်သည်။ အသားခပ်ညိုညိုနှင့် ကိုဒုံးပေ၏ မျက်နှာမှာ ပြည့်ပြည့်ဖောင်းဖောင်းကြီးဖြစ်သည်။ သူ့ကိုကြည့်၍ နီနီလေးက ဝသည်ဟု ထင်မိသည်။ နောက် ဖေဖေတို့နှင့် စကားစမြည်ပြောရင်း ကိုဒုံးပေက သူ့ရောဂါကို ပြောပြတော့မှ ဖောသွပ်နေခြင်းဖြစ်ကြောင်း သိရသည်။ ကိုဒုံးပေ သူ့ရောဂါအတွက် နွားအနက် ကျင်ငယ်ရေကို ဆေးအဖြစ် သောက်သုံးနေရကြောင်းကို ဆက်ပြောပြန်လျှင်တော့ ရွံ့တတ်သော နီနီလေးက အန်ချင်သွားကာ လူကြီးများ စကားဝိုင်းနားမှ ထပြေးခဲ့လေသည်။

ထိုနောက်တော့ နီနီလေးတို့မိသားစုသည် ယခုရောက်ရှိနေသော ရပ်ရွာဒေသသစ်၏ အနေအထားနှင့် ရွာသူရွာသားများ၏ ဘဝအခြေအနေတို့ကိုပါ သိရှိနားလည်လာကြလေသည်။

အမှန်က တစ်ဖက်မှ ကရင်ရွာကြီးကို အမှီပြု၍ "ပေပင်"ဟုခေါ်ခဲ့ကြသော်လည်း ယခု နီနီလေးတို့ ရောက်လာခဲ့သော နေရာမှာ "ပိတောက်ကုန်း" အမည်ရှိ ရွာဇပုဒ်ကလေးသာ ဖြစ်လေသည်။ ကရင်အမျိုးသားများ၏ "ပေပင်ရွာ"ကြီးမှာ ချောင်းကမ်းနှစ်ဖက်ကို ခွတည်ပြီး ကြီးပွားချမ်းသာသလောက် ထို "ပိတောက်ကုန်း" ဗမာရွာ ဇနပုဒ်ကလေးမှာမူ အဘက်ဘက်မှ အားနည်းဆင်းရဲရှာလေသည်။ လူခြေအိမ်ခြေနည်းသည်နှင့်အမျှ ကိုယ့်ရွာတွင် ကိုအုပ်ချုပ်ရလေသည်။ "ပေပင်ရွာကြီး"မှာမူ ချောင်းတစ်ဖက်တစ်ချက်ဆီတွင် သူကြီးတစ်ယောက်စီဖြင့် နှစ်ယောက်ပင် အပြိုင်ထား၍ အုပ်ချုပ်ရအောင် ကြီးပွားစည်ကားနေခဲ့လေသည်။

ထို "ပိတောက်ကုန်း" ရွာကလေးတွင် အနည်းငယ် ချောင်လည်ကြသူများကတော့ ကြက်၊ ဝက် စသည့်မွေးမြူရေးကို လုပ်ကြသော တရုတ်နှစ်အိမ်ခန့်နှင့် သူတို့ရွာကလေး တစ်ခုလုံးက အားကိုးဝယ်စားနေကြရသော ကုန်စုံဆိုင်ရှင် "ခါးရှည်"ဆိုသော ကုလားပင် ဖြစ်လေသည်။

ကျန်သောသူများမှာ တစ်ရွာလုံး လယ်သမားများသာဖြစ်ကြသည်။ လယ်သမားများဆိုသော်လည်း ကိုယ်ပိုင် လယ်ယာ ကျွဲ နွားများဖြင့်ကား လုပ်ကိုင်နိုင်ခဲ့ကြသူများ မဟုတ်ကြ။ "ပေပင်" ရွာမှ လယ်ပိုင်ရှင်များထံ မှီခို၍ လယ်ကူလီဘဝဖြင့် ထမင်းတစ်လုတ်ကို မသေရုံ လုပ်စားနေခဲ့ကြရသူများသာ ဖြစ်ကြလေတော့၏။

"ပေပင်ရွာ" သူကြီး ဦးပန်းဝင်ဆိုသူမှာ ဖေဖေတို့၏ မိတ်ဆွေပင်ဖြစ်သည်။ သူ့သားသမီးများမှာ ဖေဖေ့တပည့်များဖြစ်ကြလေသည်။ ရွာထဲတွင် အခြားရင်းနှီးခင်မင်သော မိတ်ဆွေများလည်း ရှိနေကြပေသေးသည်။ ဖေဖေတို့အဖို့ "ပေပင်ရွာ" ကြီးတွင် သွားနေလိုက သွားနေနိုင်ကြပေသည်။ သို့ရာတွင် ဖေဖေတို့က မသွား။ ဤဆင်းရဲ နွံချာသော ကိုယ့်ဗမာရွာဇပုဒ်ကလေးမှာသာ နေလိုခဲ့ကြသည်။

အားလုံးတွင် ကိုမောင်စိန်၊ မဇီးဖဲ၊ ဒေါ်ကုလားမတို့ နှစ်အိမ်ထောင်မှာ နီနီလေးတို့နှင့် အရင်းနှီးဆုံး ဖြစ်ကြသည်။

ဒေါ်ကုလားမမှာ မုဆိုးမဖြစ်၍ သားသမီးများနှင့် လုပ်ကိုင်စားသောက်နေရသူဖြစ်သည်။ သူ့သားလေးအငယ်ဆုံးမှာ နီနီလေးလေးနှင့် ရွယ်တူဖြစ်၍ "ဖိုးလက်မ"ဟု ခေါ်လေသည်။ ကိုယ်လုံးတီးကလေးနှင့် အိမ်သို့ လာကစားသော ဖိုးလက်မကို မေမေက ကြည့်မကောင်းဟုဆိုကာ ကိုညီလေး၏ ဘောင်းဘီနှင့် အင်္ကျီအဟောင်းကလေးများ ပေးဝတ်စေရသည်။ ကိုညီက သူ့ထက်ကြီးရာ အင်္ကျီနှင့် ဘောင်းဘီများမှာ ဖိုးလက်မနှင့်

မတော်လှဘဲ ပွယောင်းနေသည်။ သို့ရာတွင် ဖိုးလက်မကတော့ ထိုမတော် တတော် အဝတ်ကလေးများကိုပင် အထူးနှစ်သက် မြတ်နိုးစွာ တသသဝတ်ဆင်ထားနေလေတော့၏။ ဒေါ်ကုလားမမှာ ဆင်းရဲသည်ဆိုသော်လည်း ကိုမောင်စိန်၊ မဇီးဖဲတို့နှင့် စာလျှင်တော့ တော်သေးသည်ဟုပင် ဆိုနိုင်လေသည်။

ကိုမောင်စိန်နှင့် မဇီးဖဲတို့ အိမ်ထောင်ကမှ "ဖွတ်ဘိုးအေ"ဟု ခေါ်ရလောက်အောင် ဆင်းရဲတွင်းနက်ကြသူများ ဖြစ်လေသည်။

ကိုမောင်စိန်မှာ ဒေါ်ကုလားမနှင့် အမျိုးတော်လေသည်။ သူသည် ဗမာအစစ်ဖြစ်သော်လည်း ခေါင်းတုံးပြောင်ပြောင် အသားကမည်းမည်းတွင် နှုတ်ခမ်းမွေးထိုးထိုးထောင်ထောင်နှင့် ကုလားနှင့်တူကာ၊ အရုပ်ကလည်း ဆိုးပေသည်။ သူ့ခါးတွင် အနံ့တစ်တောင်သာသာရှိ နံ့ငယ်ပိုင်းကလေးမှ လွဲ၍ ဗလာကျင်းနေသော သူ့ကိုယ်မှာ အသားမည်းရသည့်အထဲ နေလောင်လေစား ခံထားရပြန်သောအခါ မွဲခြောက်ခြောက် ပြာနှမ်းနှမ်းဖြစ်နေတော့သည်။

သူ၏ ရှမငြိုးသည့် ချစ်ဇနီး မဇီးဖဲကလည်း မြင်သူတကာ စိတ်ပျက်အောင် လှရှာသူဖြစ်လေသည်။ ပုတ်ခတ်ပုတ်ခတ်နှင့်သူ့ "မျက်ခမ်းစပ်စပ်" တွင် မျက်ချေးများကဗရပျစ်နှင့် ဆီမရှိသော သူ့ခေါင်းမှာ ငါးခြောက်ထောင်းလို ပွယောင်းရှုပ်ထွေးနေသည်။ မီးယပ်ပိန် မီးယပ်ခြောက် မဇီးဖဲမှာ အမြဲတမ်းလည်း မမာနေတတ်ပြန်သည်။ သူ့တွင် ချမ်းသာသမျှကတော့ သူ့အိမ်ပေါ်၌ ရင်လျားထားသည့် တစ်ထည်တည်းသော အဖာတစ်ရာ လုံချည်ကလေးသာ ဖြစ်လေသည်။

ကိုမောင်စိန်နှင့် မဇီးဖဲတွင် မျက်စိတစ်ဖက်လပ်နေသော သမီးအပျိုကြီး မချေးမနှင့် ခြေတစ်ဖက်မသန်သော ကိုချေးဆိုသည့် သားအငယ်တစ်ယောက်တို့ရှိကြလေသည်။ သမီးအပျိုတွင် ရင်လျားထားစရာ လုံချည်တစ်ထည်မျှ ရှိနေသေးသော်လည်းဆယ်ကျော်နှစ်အရွယ်သားငယ်ကလေးမှာမူ ဗလာကျင်းကာ ကိုယ်လုံးတီးကလေးနှင့်သာ ဖြစ်လေသည်။

သို့ရာတွင် သိပ်မကြာပါချေ။ နီနီလေးတို့ရောက်ပြီး မကြာမီ ကိုမောင်စိန်နှင့် မဇီးဖဲတို့ မိသားစုမှာ လုံလုံခြုံခြုံ အဝတ်အထည်ကလေးများနှင့် အတော်စတိုင်ထွားသွားခဲ့လေတော့၏။

အကြောင်းမှာ ဖေဖေက သူ့ရှပ်အင်္ကျီအဟောင်းတစ်ထည်နှင့် ပုဆိုးတစ်ထည်ကို ကိုမောင်စိန်အတွက် ပေးလိုက်သလို၊ မေမေကလည်း သူ့အင်္ကျီနှင့် လုံချည်တစ်ပတ်နွမ်းကလေးများကို စုဆောင်းပြီး မဇီးဖဲတို့သားအမိကို ဝေမျှလိုက်သည်။ ထို့ပြင် ကိုကြီးနှင့်

ကိုညီတို့၏ အင်္ကျီနှင့် ဘောင်းဘီအဟောင်းကလေးများကို စုပြီးလည်း သူတို့သား ကိုခွေး အတွက် ပေးလိုက်ပြန်သောကြောင့် ဖြစ်လေသည်။

"ကျေးဇူးတင်လိုက်တာ ... ဆရာကတော်ရယ်"

မဇီးဖဲသည် သူ့အတွက်ပေးသော အဝတ်အထည်ကလေးများကို ရင်ခွင်တွင် ယုယ မြတ်နိုးစွာ ပွေ့ပိုက်ရင်း မေမေ့ကို ကျေးဇူးစကားဆိုခဲ့ရှာလေသည်။

"ကျွန်မတို့သားအမိနှစ်ယောက်မှာ ကိုယ်ပေါ်ဝတ်ထားတဲ့ လုံချည်အစုတ်ကလေး တစ်ထည်စီပဲ ရှိတာမို့ လျှော်ဖွတ်ချင်ရင် တစ်ယောက်က သဖော့ဖျာပတ်ပြီး ... အိမ်ထဲ ပုန်းနေခဲ့ရပါတယ်ရှင်..."

မဇီးဖဲက သူ့ဘဝ၏နံချာဆင်းရဲပုံများကို လှစ်ဟဖွင့်ဆိုခဲ့ပြန်သေးသည်။ ပြီးလျှင် ဝမ်းသာ ကြည်နူးသံဖြင့် ဆက်ပြောခဲ့လေသည်။

"ဒီလို ... ပဒုမ္မာတို့ ... ရှန်သားတို့ဆိုတာ ... မမြင်ဘူးခဲ့တာ ကြာလွန်းလို့ ... တွေ့လိုက်တော့ မှတ်တောင် မမှတ်မိချင်ဘူး ... တစ်ခါတစ်ခါ ကျွန်မစိတ်ကူးပြီး တေးထား တယ် ... စစ်ကြီးပြီးသွားလို့ လက်ထဲမှာ ပိုက်ဆံများရှိလာခဲ့ရင် ပိတ်စတွေသွား ဝယ်ပြီး တစ်ကိုယ်လုံး ... နေရာမလပ်ကျန်အောင် ... ပတ်ထားလိုက်ဦးမယ်လို့လေ ဟင်း ...ဟင်း"

ကိုမောင်စိန်နှင့် မဇီးဖဲတို့မိသားစု၏ ဆင်းရဲမွဲတေပုံကတော့ အံ့ဩကုန်ဖွယ်ပင် ဖြစ်လေသည်။

ညကလေး မှောင်စပျိုးလာပြီဆိုလျှင် ဖွဲနှင့် ဆုပ်ပစ်လိုက်သကဲ့သို့ ရိုက်မနိုင်၊ ယပ်မနိုင်အောင် ခြင်များပေါလှသည့် ထိုအရပ်တွင် သူတို့မှာ ခြင်ထောင်နှင့် စောင်ဆို သည်မှာ ဆေးဖော်ရန်ပင် မရှိပေ။ ခြင်ကြီးတစ်ကောင် တစ်ကောင်မှာလည်း ချိန်ကြည့်လျှင် တစ်ပဲသားလောက်ပင် ရှိလေမလားမသိ။ ကြောက်ခမန်းလိလိ ခြေလက်ကားကားနှင့် ကြီးထွားလွန်းကြသည်။ ထိုအခါ သဖော့ဖျာခြုံအိပ်ရသောသူတို့အဖို့ ခြင်ကိုက်သက်သာ စေရန် မြက်ခြောက်များကို မီးရှို့ပြီး တစ်အိမ်လုံး မွှန်းကျပ်အောင် မီးခိုးမှိုင်းတိုက်ထားကြ ရလေတော့၏။

ဖေဖေနှင့်မေမေသည် ကိုမောင်စိန်နှင့် မဇီးဖဲတို့ မိသားစုသာမက အခြားသူများကို လည်း တတ်အားသလောက် ဝတ်သည့်အထဲမှ ခွဲဝေမျှတ၍ ပေးကမ်းနေခဲ့ကြလေသည်။ တချို့ကလေးများမှာ ယောကျ်ားကလေးများ ဖြစ်သော်လည်း တခြားပေးစရာမရှိသောအခါ နီနီလေးတို့ မိန်းကလေးဝတ် ဂါဝန်များကိုပင် ပေးဝတ်ခဲ့ရလေသည်။ သူတို့အဖို့မှာတော့ ဂါဝန်မကလို့ထမီပင်ဖြစ်စေဦးနွေးထွေးမှုအတွက်ရရာကိုဝတ်ဆင်ကြမည်သာဖြစ်လေသည်။

ပေးရမှုများလွန်းသဖြင့် ဖေဖေတို့ မေမေတို့မှာ ရှားပါးနေသည့် ခေတ်ကြီးတွင် ကိုယ်ဝတ်ဖို့ပင် အနိုင်နိုင် ကျန်တော့၏။ သို့ရာတွင် ...

"တကယ်မရှိဆင်းရဲလို့ ... ဒုက္ခရောက်နေသူတွေကို တွေ့ရင် ကိုယ်စားမယ့်အထဲက ... ကိုယ်ဝတ်မယ့်အထဲက ... ခွဲဝေမျှတ ပေးကမ်းစွန့်ကြဲနိုင်ခြင်းဟာသာ ... တကယ်မွန်မြတ်တဲ့ စေတနာ မေတ္တာပါ ... ဒါမှ ... ကုသိုလ်လည်း တကယ်ရနိုင်တယ် ... အဲဒီလို ... ကိုယ်က ခြိုးခြံပြီး ... ပေးကမ်းကူညီလိုက်လို့ ... တစ်ဖက်သားမှာ အကျိုးရှိအဆင်ပြေသွားတယ်လို့ သိရတဲ့အခါ ... ကိုယ့်မှာ ကြည်နူးချမ်းမြေ့တဲ့ အရသာကို ခံစားရတာဟာလည်း ... လောကမှာ ... ဘာနဲ့မှ လဲလို့မရနိုင်တဲ့ ... စိတ်၏ချမ်းသာခြင်း ဆိုတဲ့ ... ကျေးဇူးတရား ဆုထူးဆုမြတ်ကြီးကို ... မတောင်းဘဲနဲ့ပြည့်ရတာပဲပေါ့"

အထက်ပါစကားများမှ မိသားစုစကားဝိုင်းတွင် ဖေဖေက မကြာခဏဆုံးမသြဝါဒ ပေးတတ်သော လက်သုံးစကား ဖြစ်သည်။ ဖေဖေက ပြောသလို လက်တွေ့လည်း လုပ်သူ ဖြစ်သည်။ ထို့ကြောင့် တစ်ခါတစ်ခါ၌ မေမေပင် စိတ်မရှည်တော့ဘဲ ...

"ကဲ ... ဝေဿန္တရာဆရာကြီး ... မယားတွေ ... သားသမီးတွေကိုပါ အလှူပေးလိုက်တော့မလို့လား" ဟူ၍ပင် ပြောယူခဲ့ရလေသည်။

ယခုနောက်ဆုံး ပေးစရာများကုန်လျှင် ဖေဖေနှင့် မေမေက စိတ်တူသဘောတူဖြင့် မွေ့ရာကြီးများကို ဖျက်ပစ်လိုက်တော့သည်။ ပြီးလျှင် မေမေက မွေ့ရာဖျင် အစင်းကျားကြီးများကို အကြမ်းဝတ်ရန် ဦးလေးလှိုင်၊ ဦးလေးကြိုင်၊ ကိုကြီးနှင့် ကိုညီတို့ကိုလည်း ဘောင်းဘီတိုကလေးများ ချုပ်ပေးသည်။ ကိုမောင်စိန်တို့ သားအဖနှင့် အခြားသူများကိုလည်း တစ်ထည်စီရအောင်မျှ၍ ချုပ်ပေးလိုက်တော့သည်။

ထိုအခါ သူတို့အစုကလေးတွင် ရှိသောသူများမှာ ကြောင်ကြောင်ကျားကျား ဖြစ်ကုန်ကြလေတော့၏။ အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့် ထိပ်ပြောင်ပြောင်တွင် အစင်းကျား ဘောင်းဘီတိုကလေးဖြင့် ရှိနေသော ကိုမောင်စိန်မှာ စစ်မဖြစ်မီကလေးတွင် နီနီလေး ကြည့်ဖူးခဲ့သော ဆပ်ကပ်ပွဲထဲမှ လူပျက်ကြီးနှင့်တူလေတော့သည်။

အရီးတို့အပိုင်းဘက်တွင်နေသော ဦးဖိုးလယ်နှင့် ဒေါ်မိဆိုသော လယ်သမားကြီး လင်မယားကလည်း ဖေဖေတို့ကို လာပြီးခင်နေခဲ့ကြသည်။

ဦးဖိုးလယ်မှာ အလွန်ယောင်တတ်သူဖြစ်သည်။ သူ့ကို တစ်စုံတစ်ယောက် ခါးတို့ပြီး ...

"လေယာဉ်ပျံကြီးဟေ့"ဟု အော်လျက် သူ့ကျောပေါ်တက်ပိုးလိုက်လျှင် ဦးဖိုးလယ်

သည် သူ့လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ပါးစပ်မှ 'တဝီဝီ' မြည်ရင်း လျှောက်ပြေးလေတော့၏။ လယ်လုပ်ရင်း သူ့တူများက မကြာခဏ ဧ တတ်၍ အဘိုးကြီးမှာ မကြာခဏ မောရ၊ စိတ်ဆိုးရခဲ့လေသည်။ ဧ သူများက ပျော်သော်လည်း ခံရသူ သူ့ခမျာပင်ပန်းရှာလေသည်။

တစ်ခါတစ်ခါ နီနီလေးတို့ရှေ့မှာပင် ဧ သူများက စ၍အဘိုးကြီးခမျာ လေယာဉ်ပျံကြီးလုပ်ကာ လျှောက်ပြေးနေရတတ်လေသည်။ ဦးဖိုးလယ်မှာ ထိုသို့ယောင်တတ်ခြင်းအတွက် တစ်ခါ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရပုံကို တစ်နေ့တွင် ပြောပြခဲ့လေသည်။

ခေတ်ကောင်းစဉ်က သူမြို့သို့တက်သွားပြီး မုတ်ဆိတ်ရိပ်ချင်သဖြင့် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားခဲ့သည်။ နေရာမအားသေးသဖြင့် သူလည်း စောင့်ရင်း မှန်ရှေ့ခုံပေါ်တွင် တင်ထားသော သင်တုန်းဓားကို အမှတ်မဲ့ သွားကိုင်ကြည့်နေလိုက်မိသည်။ ထိုအခိုက် လူတစ်ယောက်က အနားမှ ပွတ်လျှောက်သွားရင်း သူ့တတောင်ဆစ်ကို ရုတ်တရက် ဝင်တိုးလိုက်သည်။ ထိုအခါ သူက ယောင်ပြီး လက်ထဲမှ ဓားဖြင့်အနီးရှိ အခြားလူတစ်ယောက်ကို လှည့်ထိုးမိလေတော့၏။

ဓားထိုးခံရသူမှာ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ဦးဖိုးလယ်မှာလည်း အဖမ်းခံရရှာလေတော့သည်။

နောက် အမှုဖွင့်သည်တွင် ဦးဖိုးလယ်က သူယောင်တတ်ကြောင်းဖြင့် ထုချေအစစ်ခံရသည်။ သူ့ဘက်မှ သက်သေများကလည်း ဟုတ်ကြောင်း ကူညီထွက်ကြသည်။ ရုံးမှ သူ့ကို အမျိုးမျိုးစစ်မေးပြီး သူတကယ်ယောင်တတ်၊ မယောင်တတ်ဆိုသည်ကိုလည်း အမျိုးမျိုးစမ်းသပ်ကြလေသည်။ နောက်ဆုံး၌ သူယောင်တတ်ကြောင်း သက်သေ အခိုင်အလုံ အထောက်အထားများ အပြည့်အစုံရသွားသဖြင့် သူ့မှာ "လူသတ်မှု" နှင့် တရားစွဲခံနေရခြင်းမှ လွတ်ခဲ့ရလေတော့၏။

သူတို့သည် အားအားရှိလျှင် အိမ်သို့သာလာကြပြီး ဖေဖေတို့နှင့် စကားလက်ဆုံကျနေတတ်ကြလေသည်။ ပြောဆိုကြသည့်အကြောင်းများကတော့ သောင်းပြောင်းတွေလာရောက်တတ်ရာရာများပင် ဖြစ်ကြလေသည်။ ရိုးသားပွင့်လင်းသော သူတို့အားလုံးကို ဖေဖေ၊ မေမေတို့ကလည်း ရင်းရင်းနှီးနှီးပင် ခင်မင်ခဲ့ကြလေသည်။ သို့ရာတွင် ဖေဖေတို့သည် ဤ "ပိတောက်ကုန်း"ရွာကလေးတွင် ကြာရှည်တော့ ဆက်လက်နေလိုစိတ် မရှိကြပေ။

အကြောင်းမှာ ထိုအရပ်သည် မိုးတွင်းအချိန် လယ်ယာလုပ်ခြင်းမှ အခြားဘာမျှ

လုပ်ကိုင်စားသောက်စရာက မရှိအောင် "ခေါင်"လှပေသည်။ ထိုမျှ ခေါင်လှသော အရပ်ဒေသမျိုးတွင် လယ်ကူလီဘဝနှင့်သာ အသက်မွေးနေကြရသော ကိုမောင်စိန်တို့လို ရိုးလွန်းသဖြင့် "အ"လွန်းသွားကြသူများအဖို့ လူစင်မမီ၊ လူတန်းမစေ့အောင် ဆင်းရဲမွဲတေနေကြရသည်မှာလည်း သိပ်တော့ မဆန်းပါချေ။

ချောင်းကတတ်လျှင် ရွာ၊ ရွာကတက်လျှင် လွင်တီးခေါင်ခေါင် လယ်ကွင်းပြင်ကျယ်ကြီးများသာ ရှိသည်။ ထင်းခွေစရာမှ သစ်တောက လုံးဝမရှိ။ သူတို့အဖို့ ဟုန်းခနဲလောက်သာ ထတောက်ပြီး ပြာကျသွားတတ်သော ကောက်ရိုးသာသာ "ခွေးသေးပန်းပင်"ဟု ခေါ်သော အပင်ကလေးများကို အခြောက်လှန်း၍ ထင်းအမှတ်သုံးလျက် သူတို့အတွက် အသက်ဆက်စရာ ထမင်း၊ ဟင်းများကို ဖြစ်သလိုပင် ချက်ပြုတ်စားသောက်နေခဲ့ကြရလေသည်။ ထိုအခါ နီနီလေးတို့အိမ်အတွက် ထင်းပေါက်ခြမ်းများကို ဖေဖေတို့မှာ မြို့မှသွားသယ်ပေးနေရလေသည်။

သူတို့ဆီတွင် "ပေါ"တာ တစ်ခုတော့ရှိလေသည်။ ထိုအရာမှာ "ငါးရှူ"ငါးများဖြစ်လေသည်။ အဘွားနှင့်မေမေက ငါးရှူများကို ရသလောက်စုဝယ်ပြီး ခေါင်းဖြတ်၍ "ငါးရှူငါးပိကောင်" သိပ်လေတော့၏။ ငါးရှူခေါင်းများကိုတော့ မန်ကျည်းသီးမှည့်နှင့် ချဉ်ရည်ဟင်းချက်ကျွေးသည်။ နီနီလေးတို့မှာ ငါးရှူခေါင်းချဉ်ရည်ဟင်းကို မုန်းသွားလောက်အောင်မပြတ် စားခဲ့ကြရလေသည်။

"လူရော ... ခွေးရော ... ဝတဲ့ဟင်းဟော့"

ထမင်းစားပွဲပေါ်၌ ငါးရှူးခေါင်းဟင်းကိုတွေ့တိုင်း အိမ်သားများက အထက်ပါ စကားစုကလေးကို ကြွေးကြော်တတ်ကြလေသည်။

ပိတောက်ကုန်းရွာကလေးမှာ ဒေသအနေဖြင့် သာယာအေးချမ်းပါပေသည်။ ရွာသူရွာသားများအနေဖြင့်လည်း ရိုးသားဖြောင့်မတ်၍ ခင်မင်စရာကောင်းလှပါပေသည်။ သို့ရာတွင် ထို "ပိတောက်ကုန်း" ရွာဇနပုဒ်ကလေးမှာ မနေအပ်သောအရပ်တွင် တစ်ပါးအဖြစ်ပါဝင်နေသည်ဟု ဖေဖေတို့က ယူဆခဲ့ကြလေသည်။

❒

# ငှက်ဖျား

ငှက်ဖျားဆိုသည်ကို ကြားသာ ကြားဖူးခဲ့သော နီနီလေးတစ်ယောက် ယခု ပိတောက်ကုန်းရွာရောက်မှ ကိုယ်တွေ့ခံစားဖူးရလေတော့၏။

ဖေဖေကမြို့သို့ သွားနေခဲ့၍ အိမ်မှာ မရှိပေ။

ထိုနေ့က နီနီလေးသည် ရေချိုးပြီးနောက် ဘာဖြစ်မှန်းမသိ တစ်ကိုယ်လုံးခိုက်ခိုက် တုန်ကာ ချမ်းလာသည်။ ခါတိုင်းရေချိုး၍ ချမ်းသည်နှင့်မတူဘဲ လူမှာ ဆတ်ဆတ်တုန်နေသည်။ ဟန်မရ ထိန်းမရနိုင်အောင်ပင် ဖြစ်နေသည်။ မေးတဆတ်ဆတ်ရိုက်နေသောကြောင့် သွားချင်းထိရိုက်သံက "တခတ်ခတ်" မြည်နေသည်။ မေမေက ချက်ချင်းရေသုတ် အနွေးထည်တွေ ထပ်ဝေပေးပြီး အိပ်ရာထဲသွင်း၍ စောင်ခြုံပေးသည်။ သို့ရာတွင် အတုန်ကမပျောက်၊ အချမ်းကမပြေ မေးကရိုက်ဆဲနှင့် 'တဟီးဟီး'ပင် အသံက ထွက်လာခဲ့ပြန်တော့သည်။

မေမေက ကွမ်းရွက်ပြုတ်ရည် ပူပူနှင့် ငန်းဆေးတစ်ခွက် တိုက်သည်။ တစ်ကိုယ်လုံး မဟန်နိုင်အောင် တုန်ခိုက်နေသော နီနီလေးတွင် ပန်းကန်ကို နှုတ်ခမ်းနှင့်တေ့၍ ကောင်းကောင်းပင် သောက်မရ။ မေမေက တစ်အိမ်လုံးရှိ စောင်များကို သွားယူပြီး ထပ်ခြုံပြေးသည်။ သူ့အပေါ်မှ ပိနေသော စောင်ပုံကြီးမှာလည်း တလှုပ်လှုပ်တုန်နေတော့သည်။ မေမေက သူ့ကို အတင်းဖက်ထားပေးလည်း မေမေ့ရင်ခွင်ကြားမှာပင် တုန်တက်နေပြန်

သည်။ နီနီလေးသည် အနေရခက်တိုင်း ပါးစပ်မှ ဖေဖေ့ကိုသာ "တ" ခေါ်နေမိတော့၏။

နောက်တော့ နီနီလေးသည် တုန်တက်ရင်း ဖေဖေ့ကို တမ်းတရင်း မေမေ့ရင်ခွင်ထဲတွင် ဘယ်အချိန်၌ အိပ်ပျော်သွားခဲ့သည်ကို မသိတော့။

နောက်တစ်နေ့တွင် ဖေဖေက ပြန်ရောက်လာခဲ့သည်။ မျက်တွင်းကလေး အချောင်သားနှင့် ခပ်ပျော့ပျော့ဖြစ်နေသော နီနီလေးကို တွေ့လျှင် ဖေဖေက လှမ်းပွေ့ရင်း မေးသည်။

"သမီးကြီး နေမကောင်းဖြစ်နေသလား"

"ဟုတ်တယ် ... မနေ့က ရေချိုးပြီး ... ငှက်ဖျားတက်လို့ပေါ့"

မေမေက ဝင်ဖြေလိုက်တော့မှ မနေ့က သူချမ်းပြီး တုန်ခြင်းမှာ ငှက်ဖျားတက်ခြင်းပါလားဟု နီနီလေး ရိပ်စားလိုက်မိတော့၏။ ဖေဖေက သူ့သမီးကြီးကို ကြည့်၍ စိတ်မကောင်းဖြစ်သွားပုံရသည်။

"ဒါကြောင့် ... ညတုန်းက ဖေဖေမက်တာ ... အိပ်မက်ထဲမှာ ... ဖေဖေကလေ စိတ်ဆိုးပြီးသမီးကို ရိုက်လို့တဲ့ ... နိုးတော့ ... သမီးကြီးများ နေပါမကောင်းဖြစ်နေသလားလို့တွေးပြီး စိတ်မကောင်းတာနဲ့ ... ဒီနေ့ပြန်လာခဲ့တာ"

မကျန်းမမာ နေမကောင်းဖြစ်၍မှ ခေါ်ကုစရာ ဆေးဆရာကောင်းကောင်း မရှိသော ထိုအရပ်တွင် အိမ်သားများ တစ်ခုခုဖြစ်မှာကို ဖေဖေတို့က အထူးပင် စိုးရိမ်မိကြလေသည်။ အိမ်မှာလည်း ဆေးဝါးများကို ဖော်စပ်ပြီး အမြဲတမ်းအသင့်ဆောင်ထားခဲ့သည်။ ငန်းဆေး၊ ခန္ဓာပိုင်းသွေးဆေး၊ အစာကြေလျက်ဆား၊ အပုပ်ချ ဝမ်းနုတ်ဆေးစသည်များကို ရေလဲအမျိုးမျိုးနှင့် သောက်နည်းများကို အသေအချာ ရေးမှတ်ကာ ဆေးဆရာအိမ်ရှုံးအောင် နီနီလေးတို့အိမ်မှာ ဗမာဆေး၊ အင်္ဂလိပ်ဆေး အစုံရှိနေခဲ့လေသည်။

ထိုကြောင့် ရောက်လေရာအရပ်တွင် နီနီလေးတို့အိမ်မှာ ဆေးပေးခန်းကလေး တစ်ခုပမာ ဘယ်သူဘာဖြစ်ဖြစ် ဒိုင်ခံ၍ ဆေးပေးဆေးတိုက် လုပ်ခဲ့ကြရလေသည်။ နောက်တော့ လူတွေမှာ ဘာကလေးဖြစ်ဖြစ် ဆေးရုံကိုပြေးကြသလို နီနီလေးတို့အိမ်သို့သာ ပြေးလာပြီး ဆေးတောင်းကြလေတော့၏။ သူတို့ကလာမတောင်းလည်း သတင်းကြားလျှင် ဖေဖေနှင့် မေမေတို့က အိမ်တိုင်လာရောက်အောင် သွားပို့ပေးတတ်ကြလေသည်။

မေမေတိုက်သော ငန်းဆေးအစွမ်းတန်ခိုးကြောင့်ပဲလားမသိ၊ နောက်ပိုင်းတွင် နီနီလေးတစ်ယောက် ငှက်ဖျားထပ်၍ မတက်တော့ပေ။

သို့ရာတွင် အဘွားနှင့် အရီးလေး၏ သမီးအကြီးကလေး အတူးတို့မှာ ရုတ်တရက်ကောက်ပြီး မမာဖြစ်ကြတော့၏။ အရီးလေးက သူ့သမီးကို ဤအရပ်တွင်ရှိသည့် ဗိန္ဓော

ဆရာနှင့်ပင် ခေါ်ကုရလေတော့သည်။ အဘွားကိုတော့ မေမေက အိမ်မှဆေးဝါးခတ်စာများနှင့် တိုက်ကျွေးပြုစုပေးနေရလေသည်။

နှစ်ပတ် သုံးပတ်သာရှိသွားသည်။ အရီးလေး၏ သမီးအခြေအနေမှာ မထူးခြားသက်သာ၍မလာခဲ့ပေ။ ထိုအခါ မြို့သို့သွားကုရန် စီစဉ်ကြရတော့သည်။ ထိုအချိန်တွင် အဘွားကတော့ သက်သာသည်ဆိုရုံ သက်သာသေးရာ သူ့မြေးအတူးအကြောင်းကို ဘာမှ အသိမပေးဘဲထားလိုက်သည်။

အရီးလေးတို့က တစ်အိမ်သားလုံး မြို့သို့ပြန်ရွှေ့သွားကြလေသည်။ သူတို့နှင့် အတူ၊ ဖေဖေနှင့် ဦးလေးကြိုင်က လိုက်သွားရသည်။

သို့ရာတွင် မြို့ရောက်၍ ဆရာဝန်နှင့်ကုသော်လည်း ရောဂါကျွမ်းနေသော အရီးလေး၏ သမီးမှာ တစ်ပတ်အကြာ၌ သေဆုံးသွားခဲ့ရှာတော့၏။ ဖေဖေနှင့် ဦးလေးကြိုင်သည် ဖုံးသေနတ်များကြားမှပင် အရီးလေးတို့ သားအမိကို ဆရာဝန်ဆီနေ့တိုင်းပို့ပေးနေခဲ့ရသည်။ ယခု ကုမရလို့ သေဆုံးပြန်တော့ ဖုံးသေနတ်များကြားမှပင် အစစစီမံဆောင်ရွက်ပြီး သင်္ဂြိုဟ်ပေးခဲ့ရပြန်လေသည်။

နောက် အရီးလေးတို့က တောသို့ ပြန်မလိုက်လိုတော့ ဆို၍ သူတို့ကို မြို့မှာထားခဲ့ပြီး ဖေဖေနှင့် ဦးလေးကြိုင်သာ ပြန်လာကြလေသည်။

အရီးလေးသမီးအတွက် မေမေနှင့် တစ်အိမ်သားလုံးမှာ စိတ်မကောင်းကြ။ သို့ရာတွင် အဘွားမသိစေရန် အားလုံးဟန်မပျက်နေကြရသည်။ တစ်လနီးပါးကြာမှ အဘွားက ထူထူထောင်ထောင်နှင့် နေကောင်းလာခဲ့တော့၏။ သည်အခါမှ အရီးလေး၏ သမီးအကြောင်း ပြောဝံ့ကြတော့သည်။ ထိုအခါ အဘွားမှာ သူ့မြေးအတွက် ရင်ထုငိုရင်း အရီးလေးကိုသာ အပြစ်တင် ရေရွတ်နေလေတော့၏။

"ဒင်းကြိုဟ်မွေပြီး ... ဒီနေရာကို အတင်းလိုက်လာလို့သာ ... ငါ့မြေး ခုလို မမာပြီး သေရတာ ဒင်းကြောင့် ... ဒင်းကြောင့်"

ထိုအခါ ဖေဖေနှင့်မေမေတို့က အရီးလေးတွင်လည်း သမီးတစ်ယောက်လုံး ဆုံးထားနေခဲ့ရရမို့ သူ့ကိုဆက်လက်ပြီး အပြစ်တင်မနေတော့ရန် အဘွားကို ဝိုင်းပြီး ဖျောင်းဖျ နားချကြရလေတော့သည်။

❑

# ကောင်းကင်တိုက်ပွဲ

စောစောပိုင်းတုန်းက ကင်းရှင်းသလောက် ယခုတလောတွင် ဂျပန်များ ပေပင်ရွာကို ဖြတ်သန်းသွားလာခြင်းဖြင့် ခြေရှုပ်လာခဲ့ကြသည်။ မကြာမီကလေးကပင် ဂျပန်စစ်သားများသည် ကရင်အမျိုးသားတစ်ယောက်ကို ဖမ်းလာပြီး ရွာသူကြီးအိမ်တွင် ခဏစတည်းချကြသည်။ သူတို့၏အပြောအရ ထိုကရင်အမျိုးသားက "သူလျှို"ရှိသည်ဟု ဂျပန်စစ်တပ်ကို လာပြီး အကြောင်းကြားသည်ဆိုသည်။ စစ်တပ်က အသေအချာမေးသောအခါ သူမပြနိုင်တော့။ ထိုအခါ ဂျပန်များက သူ့ကို "သူလျှို"ဟု စွပ်စွဲကာ ဖမ်းလေတော့၏ ။

ထိုအခါက သူက "သူလျှို" ပုန်းနေရာသို့ လိုက်ပို့မည်ဆိုပြီး ဂျပန်များကို ခေါ်လာခဲ့ပြန်သည်။ ယခုပေပင်ရွာတွင် စတည်းချနေစဉ် သူ့ကို သူကြီးအိမ်တွင် ခဏထားခဲ့ပြီး ဂျပန်များက ချောင်းထဲရေဆင်းချိုးကြသည်။ ထိုစဉ် သူကြီးအိမ်မှ သေနတ်သံတစ်ချက်ထွက်ပေါ်လာခဲ့လေသည်။ ပြေးကြည့်သောအခါ ထိုကရင်အမျိုးသားမှာ သွေးအိုင်ထဲတွင် အသက်ထွက်နေတော့၏။ သူသည် ဂျပန်များထားခဲ့သော သေနတ်ကိုယူပြီး သူ့ပါးစပ်တွင် ငုံ၍ ပစ်ထည့် သတ်သေသွားခြင်း ဖြစ်လေသည်။

"ပေပင်ရွာ"မှ ထူးဆန်းသော သေနတ်သံကြောင့် "ပိတောက်ကုန်း"ရွာမှ နီနီလေးတို့တစ်တွေမှာ လန့်ဖျပ်သွားခဲ့ကြပေသေးသည်။

တစ်ခါ ဖေဖေတို့ "ပိုးကရင်အထက်တန်းကျောင်း" မှ ကျောင်းအုပ်ဆရာကြီး ဦးချာလီယောကို ဂျပန်ဖမ်းသွားသည်ဆိုသော သတင်းကြောင့် ဖေဖေတို့မှာ စိတ်ကောင်းဖြစ်ကြရပြန်သည်။

ယခုတလော လေယာဉ်ပျံများကလည်း ရွာပေါ်မှ နေ့တိုင်းကျော်ဖြတ်ပျံသွားနေခဲ့ကြသည်။ လေယာဉ်ပျံသံကြားလျှင် မေမေနှင့် နီနီလေးတို့မှာ ကြောက်နေမိကြသည်။ သို့ရာတွင် သူတို့အဖို့ ပြေးပုန်းစရာများကျင်းက မရှိပေ။

ထိုနေ့ကဆိုလျှင် မဟာမိတ်တို့၏ လေးတွဲ့မြည်တည်းသော လေယာဉ်ပျံသံကြီးများ နောက်မှ ပေါ့ပျက်ပျက်၊ ကွဲတဲတဲ ဂျပန်တိုက်လေယာဉ်ကလေးများ၏ အသံက ဆက်တိုက်ထွက်ပေါ်ရောက်ရှိလာခဲ့ကြသည်။

အုပ်လိုက်ချီ၍ ပျံလာနေသော လေယာဉ်ပျံသံကြီးများမှာ "ပိတောက်ကုန်း"ရွာကလေး တစ်ခုလုံးအား ပွဲတင်ထပ်တုန်ဟည်းသွားစေလေသည်။

လေယာဉ်ပျံများ ရွာပေါ်တည့်တည့်သို့ရောက်လျှင်ပင် ရုတ်တရက် တဒိန်းဒိန်း တဒိုင်းဒိုင်း အသံများက ထွက်ပေါ်လာခဲ့တော့သည်။

"ဟာ ... ကောင်းကင်မှာ ချကုန်ပဟ"

ဦးလေးလှိုင်က ရုတ်တရက်ထပြောပြီး အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။ ထိုနောက် ရွာအပြင် လယ်ကွင်းများဆီသို့ ပြေးထွက်သွားလိုက်ပြန်သည်။

မေမေနှင့်အဘွားက နီနီလေးတို့ညီအစ်မကိုခေါ်ပြီး အိမ်အောက်ထဲသို့ ဆင်းပုန်းကြစဉ် ဖေဖေနှင့်အတူ ဦးလေးကြိုင် ကိုကြီးနှင့် ကိုညီတို့ကလည်း ဦးလေးလှိုင်၏နောက်မှ ရွာအပြင်သို့ ပြေးထွက်သွားခဲ့ကြပြန်လေတော့၏။

နီနီလေးတို့မှာမူ ပစ်သံခတ်သံ တဒိန်းဒိန်းများကြောင့် အထူးပင် ကြောက်လန့်တုန်လှုပ်နေမိကြသည်။ သို့ရာတွင် ပုန်းကွယ်စရာက မရှိသဖြင့် အိမ်အောက်ထဲသို့ ကုန်းဝင်ပြီး ပုထိုင်နေကြရလေတော့၏။ မေမေက "ဘုရား"လည်း တရင်း အကြောက်အလန့်မရှိ ရွာအပြင်သို့ ပြေးထွက်သွားနေကြသော ဖေဖေတို့ တစ်ပြုံလုံးကို မကျေမနပ် မြည်တွန်တောက်တီးလည်း လုပ်လေတော့သည်။

ကောင်းကင်မှ ပစ်သံ၊ ခတ်သံများကမူ အသံဟိန်းဟိန်းကြီးက ထွက်ပေါ်လာလိုက်၊ အသံခပ်သေးက ထွက်ပေါ်လာလိုက် တစ်ခါတစ်ခါတော့လည်း အသံနှစ်ခုက ပြိုင်တူထွက်ပေါ်လာလိုက်နှင့် မိုးတွေချုန်းနေသည့်ပမာ ဆူညံနေကြတော့သည်။ ထိုအသံကြီးများသည် နီနီလေးတို့၏ ခေါင်းပေါ်တည့်တည့်မှ တဖြည်းဖြည်း လယ်ကွင်းများဆီ

သို့ ရွေ့သွားနေကြလေသည်။

နောက်ဆုံး အသံဗလံများ လုံးဝပျောက်ကွယ်သွားတော့မှ နီနီလေးတို့တစ်တွေမှာ အိမ်ပေါ်သို့ ပြန်တက်ဝံ့ခဲ့ကြတော့သည်။

ခဏအကြာတွင် ဖေဖေတို့သားအဖ တူဝရီးတစ်စုလည်း စကားတွေ တဖောင်ဖောင်နှင့် လယ်ကွင်းများဘက်ဆီမှ ပြန်လာကြလေတော့သည်။

"အိုး ... ကောင်းကင်က တကယ့်တိုက်ပွဲက ... ရုပ်ရှင်ထဲမှာထက် ကြည့်လို့ကောင်းတယ်"

"အမယ် ... ကြည့်တော့ကော ... စပါးတောထဲက ပက်လက်လှန်ပြီး ဗိုမ်နဲ့ကြည့်ရတာကလည်း ... ရုပ်ရှင်ရုံ...ပထမတန်းထက်တောင် ...စတိုင်ကျသေးတယ်ဟုတ်လား"

"ကွာ ... အင်္ဂလိပ်လေယာဉ်ပျံက ... အကြီးကြီးတွေ ... ဂျပန်လေယာဉ်ပျံသေးသေးကလေးတွေနဲ့ ယှဉ်လိုက်တော့ ... လင်းတကြီးတွေနဲ့ နံပြည်စုတ်ငှက်ကလေးတွေကျနေတာပဲ"

"ဟုတ်တယ်ကွ ... အင်္ဂလိပ်လေယာဉ်ပျံကြီးတွေက ... ဒိန်းဒိန်းနဲ့ ပစ်ထည့်လိုက်ရင် အနီပိုင်းတံဆိပ်နဲ့ ဂျပန်လေယာဉ်ပျံကလေးတွေဆိုတာ ... နောက်ကို ... တုံ့ ... တုံ့သွားကြတာပဲ"

"အေး ... ဂျပန်လေယာဉ်ပျံကလေးတွေက ... ဖောက်ဖောက်နဲ့ နောက်က လှမ်းပစ်တဲ့အခါတွေမှာတော့ ရှေ့ကဟာကြီးတွေက ဖြုတောင်မဖြုကြဘူးလေ"

"လေယာဉ်ပျံ တစ်စင်းနဲ့တစ်စင်း လှမ်းပစ်တဲ့အခါ မီးပွင့်ပွင့်သွားတာကလည်း ကြည့်လို့ကောင်းလိုက်တာ မပြောပါနဲ့တော့"

လယ်ကွင်းပြင် စပါးပင်များကြားမှ ပက်လက်လှန်၍ ကောင်းကင်တိုက်ပွဲကို တစ်သက်တစ်ခါ မျက်ဝါးထင်ထင် အံ့ဘနန်းတွေ့မြင်လာခဲ့ကြသော ဖေဖေတို့တစ်သိုက်သည် တစ်ယောက်တစ်ပေါက် အားရပါးရပြောဆိုနေကြလေသည်။

ထိုအခါ သေဘေးကိုမှမကြောက် မမြင်စဖူး အထူးအဆန်းဆိုလျှင် နောက်မှ အရောက်ပြေးလိုက်ကြည့်ပြီး ပြန်လာခဲ့ကြသော ဖေဖေတို့သားအဖ တူဝရီးတစ်စုကို မေမေက စိတ်ဆိုးဆိုးနှင့် အိမ်မှ ဆီးဆူလိုက်တော့သည်။

"အင်း ... အင်း ... သွားပြီး ဗိုမ်နေကြ ... ကောင်းနေကြ ... အဲဒီကြည့်ကောင်းတဲ့ သေမင်းက ... မိုးပေါ်ကနေ ဗုံးဖြုတ်ချသွားတော့မှ ... ပိုပြီးဗိုမ် ... ပိုပြီးကောင်းနေကြမယ် ... သိလား"

ဖေဖေတို့က မြို့သို့ပြန်လိုကြပေပြီ။ သို့ရာတွင် အဘွားက ခရီးသွားနိုင်လောက်အောင် အားမရှိသေးသဖြင့် ဆိုင်းနေကြရလေသည်။

အချိန်မှာ "ဖုံးတုန်း ... လုံးတုန်း ... တန်ဆောင်မုန်း" ဖြစ်ရရာ ကိုမောင်စိန်တို့၏တဲ့ အနောက်ဘက်ရွာအပြင် လယ်ကွင်းကြီးမှ စပါးဖုံး၊ စပါးနှံများဖြင့် စိမ်းနုရောင် လွှမ်းနေလေသည်။

မနက်စောစောထကြည့်လျှင် လယ်ကွင်းကျယ်ကြီး တစ်ပြင်လုံးမှာ ဖြူဖွေးသော မြူနှင်းများဖြင့် ပိန်းပိတ်မှောင်ဝေနေလေသည်။

အလုပ်မရှိသော ဖေဖေတို့သားအဖ တူဝရီးတစ်စုသည် မနက်အစောကြီးထ၍ နှင်းရည်ချိုးကာ နှင်းတောတိုးကြပြန်သည်။ နီနီလေးတို့အဖို့ စောင်ခြုံထဲမှမထွက်နိုင်သေးမီမှာ လယ်ကွင်းအနှံ့ လျှောက်ပြေးလာခဲ့ကြသော ဖေဖေတို့ကမူ သူတို့ကိုယ်များတွင် နှင်းရည်များ ရွှဲပြီး ကိုယ်ငွေ့များ တထောင်းထောင်း ထွက်ရင်း ပြန်ရောက်လာခဲ့ကြသည်။

အိမ်ရောက်လျှင် ကပျာကယာ ရေချိုးအနွေးအထွေးထပ်ဝတ်ပြီး နွားနို့ပူပူတစ်ခွက်စီကို သောက်လိုက်ကြလေသည်။

ထိုသို့မနက်စောစော နှင်းတောတိုးပြီး နှင်းရည်ချိုးခြင်းမှာ လူကျန်းမာသည်ဟု ဖေဖေတို့ကပြောကြသည်။ သူတို့အထဲမှ အငယ်ဆုံးဖြစ်သော ကိုညီကမူ ...

"အိုက်ရင် စောင်ခြုံ ... မီးကိုလှုံ"

"ချမ်းရင်ရေချိုး ... နှင်းတောတိုး ... ဟူသော ဆောင်ပုဒ်ကလေးကို ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်ကြားမှ အသံကျယ်ကျယ်နှင့် ရွတ်ဆိုလေသည်။ ပြီးလျှင် ချမ်းတတ်သော နီနီလေးကိုလည်း ...

"ချမ်းသလား" ဟု လာမေးသည်။

"ချမ်းတယ်"ဟု ပြန်ဖြေလျှင်

"ချမ်းရင် ... ကြက်ချေးနမ်း"ဟု စတတ်ပြန်သည်။

နောက်ဖေဖေတို့က မြို့ပြန်တော့မည်ဖြစ်ကြောင်း ထုတ်ပြောလိုက်လျှင် "ပိတောက်ကုန်း" ရွာသူ ရွာသားများမှာ စိတ်မကောင်းဖြစ်ကြလေတော့၏။ အားလုံးထဲတွင် ကိုမောင်စိန်တို့က အသည်းဆုံးဖြစ်ကြလေသည်။ သိလျှင်သိခြင်း သူသည်အိမ်သို့ပြေးလာကာ တားရှာသည်။

"မပြန်ကြနဲ့ဦးလား ဆရာကြီးရယ် ... စစ်ကြီးပြီးသွားတဲ့အထိ ဒီမှာပဲနေသွားကြပါ"

ရိုးသားသလောက် ခင်တွယ်တတ်လွန်းသော ကိုမောင်စိန်မှာ ငိုတော့မည့်နှယ်

ရှိနေရာသည်။

"ဆရာကြီးတို့ပဲပြောတယ်ဟုတ်လား ... ညဘက်တွေမှာ ... ဒီကနေလှမ်းမြင်နေရတာ ... မြို့မှာ ဗုံးတွေကြဲတာဆို ... အဲဒါကိုပဲ ဆရာကြီးတို့က ပြန်သွားကြလို့ ... ဖြစ်ပါ့မလားဗျာ ... စဉ်းစားပါဦး"

ကိုမောင်စိန်က အကျိုးအကြောင်းပြန်၍လည်း တောင်းပန်နေပြန်သည်။

မကြာလှသေးသော တစ်ညဦးတွင် ဖြစ်သည်။ ကိုမောင်စိန်က ဖေဖေ့ကို အထူးအဆန်းပြစရာရှိသည်ဆိုကာ လာခေါ်သည်။ ဖေဖေနှင့်အတူ မေမေနှင့် နီနီလေးတို့အားလုံးကလည်း လိုက်ပါသွားခဲ့ကြသည်။

ကိုမောင်စိန်က သူ့တဲကိုလွန်ပြီး လယ်ကွင်းစပ်သို့ သူတို့ကို ခေါ်သွားခဲ့သည်။ ပြီးလျှင် စပါးလယ်ကွင်းများကို ကျော်၍ ဝေးလံသောနေရာဆီသို့ ညွှန်ပြရင်း ပြောလေတော့သည်။

"ဟိုမှာတွေ့လား ဆရာကြီး ... ဥစ္စာစောင့်တွေ သိုက်ပြောင်းနေကြတာ"

နီနီလေးတို့က ကြည့်လိုက်သောအခါ တမျှော်တခေါ် လယ်ကွင်းအဆင့်ဆင့်ကို ကျော်ပြီး မိုးကုပ်စက်ဝိုင်းတစ်နေရာလောက်ဆီမှ ပြိုးပြိုးပြက်ပြက်နှင့် ဝင်းလက် လှုပ်ရှားနေကြသော အရာဝတ္ထုကလေးများကို ညမှောင်မှောင်တွင် ခပ်ပျပျ လှမ်းတွေ့ကြရလေသည်။

"ကြည့်ရတာ ... မီးလုံးကလေးတွေနဲ့တူတယ်"

ဖေဖေက စဉ်းစားတွေးခေါ်၍ ပြောလိုက်သည်။ မျက်စိကျင့်သားရသွားခဲ့၍ ထင်သည် လှုပ်ရှားနေသော ဝင်းဝင်းလက်လက် အရာကလေးများက ပိုပြီး ထင်ထင်ရှားရှားဖြစ်လာခဲ့သည်။ တစ်ချက် တစ်ချက် မီးကျည် မီးပန်းကလေးများလို ဖြာခနဲ ဖွာခနဲဖြစ်သွားတတ်ကြလေသည်။ ညမှောင်မိုက်မိုက်တွင် အနီ၊ အဝါရောင်စုံဖြာပြီး ရွေ့လျား ကွန့်မြူးနေကြပုံမှာ အထူးပင် ကြည့်၍လှနေလေတော့၏။

"ဟုတ်တယ် ဆရာကြီးရဲ့ ... ဥစ္စာစောင့်ဆိုတာက ... တန်ခိုးဣဒ္ဓိပါဒ်နဲ့ မီးလုံးမီးပန်းတွေအဖြစ် ဖန်ဆင်းပြီးမှ ... အသိုက်ပြောင်းကြတာ မဟုတ်လား ဆရာကြီးရဲ့..."

သူတို့အဖို့ သမီးဖြစ်သူ မျက်လုံးပျက်ခဲ့ခြင်းနှင့် သား၏ ခြေမသန်ခြင်းတို့ကိုပင် "နတ်ဖမ်းစားလို့... တောဖမ်းလို့" ဟူ၍ ယုံကြည်လက်ခံထားနေခဲ့သူ ကိုမောင်စိန်က သူ့အယူအဆနှင့်သူ သိရှိသလောက် ပြောလိုက်ပြန်တော့၏။ ထိုအခါ ဖေဖေက ရှင်းပြလိုက်သည်။

"အခု ... ကျွန်တော်တို့ မြင်နေရတာဟာ ... ဥစ္စာစောင့်တွေ သိုက်ပြောင်းတာ မဟုတ်ပါဘူး ကိုမောင်စိန် ... မြို့တစ်မြို့ကို ... လေယာဉ်ပျံတွေက ဗုံးသွားကြဲနေကြတာပါ။ သေသေချာချာ ကြည့် ... တွေ့လား ... အဲဒါ... ညဘက်မှာ မီးကျည်တွေချပြီး... ဗုံးကြဲနေကြတာပေါ့..."

"အမလေး ... ဒါဖြင့် ... ဒီဥစ္စာတွေဟာ ငရဲမီးတွေပေါ့ ဆရာကြီးရဲ့ ... ဟုတ်လား"

"ဟုတ်တာပေါ့ ... ကိုမောင်စိန် ... ငရဲပန်း ... နတ်ပန်းထင်တယ်ဆိုတဲ့ စကားလို ဒီကနေ ကျွန်တော်တို့ လှမ်းမြင်နေရတာက မီးကျည်မီးပန်း ... ရွှဲလုံးကလေးတွေလို လှလို့မဟုတ်လား ... အဲဒီ ကျွန်တော်တို့က ရွှဲလုံးလှလှလေးတွေလို့ ထင်နေရတဲ့ ... မီးကျည်မီးလုံးတွေ ကျရောက်သွားနေခဲ့တဲ့ဆီက လူတွေမှာတော့ ငရဲပြည်ရောက်နေကြပြီပေါ့..."

သူ့နားလည်အောင် ဖေဖေ၏ ရှင်းပြခဲ့ချက်များအရ ယခု ကိုမောင်စိန်က ထောက်ပြပြီး မြို့သို့မပြန်ရန် တားနေခြင်းဖြစ်လေသည်။

သို့ရာတွင် ဖေဖေက သူတို့ ဟိုတစ်ညက မြင်ခဲ့ကြရသည့်နေရာမှာ ရန်ကုန်မြို့လောက်ဆီက ဖြစ်နိုင်ကြောင်း၊ ပုသိမ်မြို့မှာတော့ ထိုမျှ ဆိုးဝါးလိမ့်မည် မထင်ကြောင်း၊ ခင်မင်စရာကောင်းသော ကိုမောင်စိန်တို့ကို ခွဲမသွားလိုကြောင်း၊ သို့ရာတွင် ထိုအရပ်တွင် သူတို့မိသားစုအဖို့ လုပ်ကိုင်မစားတတ်၍ ပြန်ရမည်ဖြစ်ကြောင်းများကို ဖေဖေက အကျိုးအကြောင်းနှင့် ပြောပြနှစ်သိမ့်လိုက်ရလေသည်။ ပြီးမှ ဖေဖေက ကိုမောင်စိန်ကို ဆက်ပြောလိုက်တော့၏။

"ကဲ ... ကိုမောင်စိန်က ဒီလိုလုပ် ... ကျွန်တော်တို့ကို သမ္ဗန်ခတ်ပြီး မြို့လိုက်ပို့ပေးဗျာ"

ကိုမောင်စိန်က ချက်ချင်း ဘာမှပြန်မဖြေ။ ပြီးမှ ခပ်ဆုတ်ဆိုင်းဆိုင်းနှင့် ပြောလေတော့၏။

"ဆရာကြီးတို့ကို ... သမ္ဗန်ခတ်ပြီး ပို့ပေးချင်တဲ့ စေတနာဟာ ကျွန်တော် စိတ်ထဲမှာရှိတာ အမှန်ပါခင်ဗျာ ... ဒါပေမဲ့ ... မြို့ကိုလိုက်ပို့တော့ ... ကျွန်တော် ကြောက်တယ် ... ဆရာကြီးရယ်"

"ဘာကို ကြောက်တာလဲ ... ကိုမောင်စိန်ရဲ့"

"မြို့ရောက်တော့ ... ဗုံးကြဲခံရပြီး ... သေရမှာကို ကြောက်တာပါ ... သူများတွေက ဆင်းရဲလွန်းရင် ... သေချင်တယ်လို့ ပြောကြပေမယ့် ကျွန်တော်ကတော့ ဘယ်လောက်

ဆင်းရဲဆင်းရဲ ... မသေချင်ဘူး ... ဆင်းရဲတာကို ခံနိုင်တယ် ... သေရမှာကိုပဲကြောက်တယ် ဆရာကြီးရဲ့"

ကိုမောင်စိန်က သူ့ရင်ထဲ ရှိသည့်အတိုင်း ရိုးရိုးပွင့်ပွင့် ပြောလိုက်လျှင် ဖေဖေတို့မှာ သဘောကျပြီး ရယ်ကြသေးသည်။

"ဩော် .... ကိုမောင်စိန်ကလည်းဗျာ ... လူတိုင်းဟာ တစ်နေ့မှာ သေကြရမဲ့ သေမျိုးချည့်ပဲမို့ ... ကြောက်စိတ်ကို ဒီလောက်မမွေးပါနဲ့လေ ... အခုအချိန်တော့ ပုသိမ်မြို့မှာလည်း အေးအေးချမ်းချမ်းပဲလို့ ကြားတယ် ... ဒီတော့ ကိုမောင်စိန်လည်း မြို့ရောက်ဖူးအောင် လိုက်ခဲ့ပါ .... ဘာမှဖြစ်မယ် မထင်ပါဘူး"

မွေးထဲက မြို့သို့တစ်ခေါက်မှ မရောက်ဘူးသေး၍ ရောက်လည်းရောက်ချင်၊ ကြောက်လည်း ကြောက်နေပြန်သော ကိုမောင်စိန်ကို မေမေက ပါဝင်ကူပြီး ပြောလိုက်လေသည်။

"ဟုတ်သားပဲ ... ကိုမောင်စိန် ... ကြောက်ရင် ကြာကြာမနေနဲ့ပေါ့ ... နှစ်ညလောက်သာအိပ် ... ကိုမောင်စိန် ပြန်တော့ ... အိမ်မှာ မသယ်နိုင်လို့ ထားခဲ့ရတဲ့ အဝတ်ဟောင်းတွေ စုပြီး ပေးလိုက်ဦးမယ် ... ပြီးတော့ ဇကောရက်ဖို့လည်း ... ကြိမ်ခွေဝယ်ပေးလိုက်မယ်"

နောက်ဆုံးတော့ ဖေဖေတို့ကိုလည်းခင်၊ မြို့ကိုလည်းရောက်ဖူးချင်၊ ပြီးသူတို့အတွက် ရှားပါး အဖိုးတန်လှသောအဝတ်ဟောင်းများကိုလည်း တစ်ထုပ်တစ်ပိုးကြီး ရနိုင်ဦးမည်ဟုဆိုသောအခါ ကိုမောင်စိန်က မြို့သို့ သမ္ဗန်ခတ်၍ လိုက်ပို့ပေးရန် လက်ခံသဘောတူလိုက်လေတော့၏။

ဖေဖေက ပေပင်ရွာရှိ မိတ်ဆွေတစ်ဦးထံမှ သမ္ဗန်တစ်စင်း ခဏငှားရသည်။ နောက် ကိုမောင်စိန်နှင့် ပြန်ပို့ပေးလိုက်မည် ဖြစ်သည်။

နီနီလေးတို့ မြို့မပြန်ခင်တစ်ရက်မှာ ဖေဖေ့မိတ်ဆွေ ပေပင်ရွာသူကြီး ဦးပန်းဝင်းက ဘဲဂတ်ကြီးတစ်ကောင် လက်ဆောင်လာပေးသည်။ သူ့ဘဲများမှာ စားဖို့အတွက် သက်သက် ဂရုစိုက်၍ မွေးထားခြင်းဖြစ်သည်။ ဖေဖေ့ကို ခင်လွန်းသဖြင့်သာ ပြန်ခါနီး နှုတ်ဆက်လက်ဆောင်ပေးခြင်းဖြစ်သည်။ တော်ရုံတန်ရုံ သူ့ဘဲများကို ဘယ်သူ့မှ မပေးခဲ့ပေ။

ခက်သည်က ဘဲလက်ဆောင်ကိုရပေမယ့် နီနီလေးတို့အိမ်မှာ ချက်စရာဆီက အလျှင်းမရှိအောင် ကုန်နေသည်။ "ခါးရှည်"ဆိုင်မှာလည်း ရောင်းစရာမရှိ။ ရေလုံပြုတ်သောက်ရန် ကိန်းပင် ဖြစ်တော့သည်။

သို့နှင့် နောက်ဆုံး၌ လမ်းတွင် စားသွားဖို့ဖြစ်သလိုပင် ချက်တော့မည်ဆိုပြီး ဦးလေးကြိုင်က ဘဲကို ကိုင်ပေးသည်။ မေမေက အိုးတစ်လုံးနှင့် နယ်ဖတ်ပြီး ရေများများနှင့် ချက်ထားလိုက်တော့၏။ အသားနူးချိန်လောက်တွင် သွား၍ ဖွင့်ကြည့်လိုက်သောအခါ၌ကား မေမေတို့တွင် တအံ့တသြ ဖြစ်ကြရလေတော့သည်။

အကြောင်းမှာ ရေခမ်းနေသော ဘဲသားဟင်းအိုးမှာ အသားတွေမြုပ်နေအောင် ဆီပြန်ဟင်းဖြစ်နေသောကြောင့်ပင် အယူသည်းယူများဖြစ်ပါက နတ်သကြားများလာ၍ ဖန်ဆင်းလိုက်သလားဟု ထင်ရလောက်အောင် ဘဲသားဟင်းမှာ ဆီများဖြင့် ရွှဲအိနေလေတော့၏။ ဖေဖေသည် မေမေခေါ်ပြသော ဟင်းအိုးကို ကြည့်ပြီး "ဟာ ... ဦးပန်းဝင်းဘဲတွေက စပါးတွေ အရမ်းစားပြီး ဆူချင်တိုင်းဆူနေတော့တာကလား ... အေးလေ ... တို့အိမ်မှာ ဆီကုန်နေတုန်း ဆီမထည့်ဘဲ ချက်လို့ရတဲ့ ဘဲမျိုးရတာဟာ ဘုရားပေးတာလို့ ဆိုရမယ်ဟေ့ ..." ဟု ဝမ်းသာ ကျေနပ်စွာ ဆိုလိုက်လေသည်။

နောက်တစ်နေ့တွင် နီနီလေးတို့သည် ဘုရားပေး၍ဆီမထည့်ဘဲနှင့် ဆီများအိုင်ထွန်းနေသော ဘဲသားဆူဆူနူးနူးအိအိများကို အရသာရှိရှိနှင့် တစ်လမ်းလုံး စားကြရင်း သမ္မန်ကြီးစီး၍ ပုသိမ်မြို့သို့ ပြန်ခဲ့ကြပြန်လေတော့၏။

❒

# စစ်ဘေးစစ်ဒဏ်

၁၃၀၅ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့ ညနေစောင်းတွင် နီနီလေးတို့ မိသားတစ်စု ပုသိမ်မြို့သို့ ပြန်ရောက်ခဲ့ကြလေသည်။

သူတို့သည် "ရေငန်း" ရွာမှ ပြန်လာခဲ့ကြတုန်းကလိုပင် ဗလီကုန်းတံတားကြီးနားတွင် သမ္ဗန်ဆိုက်ပြီး အိမ်သို့တက်လာခဲ့ကြသည်။

သူတို့ကို အိမ်ရှေ့ခြံမှ ဆရာကြီး ဦးဘလွန်း၊ ဒေါ်လေး ဒေါ်ဖွားရှင်နှင့် ဒေါ်ကြီး ဒေါ်သက်မေတို့က ဝမ်းသာအားရ ဆီးကြို နှုတ်ဆက်ကြလေသည်။

နီနီလေးတို့အိမ်ကြီးမှာ မူမပျက်ပင်ရှိနေသည်။ သို့ရာတွင် ပိတ်ပစ်ထားခဲ့ရသဖြင့် ဖုံတသောသောဖြစ်နေသည်။ ထို့ကြောင့်ရောက်သည်ဆိုလျှင် နေလို့ဖြစ်အောင် တစ်အိမ်သားလုံး ဝိုင်းပြီး လှည်းကျင်းသုတ်သင်လိုက်ကြရသည်။ ထို့နောက် ပစ္စည်းများကို နေရာချလိုက်ပြီး ညစာကိုမှောင်မှ စားဖြစ်ခဲ့ကြသည်။ ပြီးလျှင် ကိုမောင်စိန်က သမ္ဗန်ကို စောင့်ရင်း အိပ်ရန် သမ္ဗန်ဆီသို့သွားလေသည်။ ထိုအခါ အိမ်တွင်ကျန်ခဲ့ကြသော နီနီလေးတို့လည်း မိသားစု ဘုရားဝတ်ပြုပြီးကြလျှင် ခရီးပန်းပန်းနှင့် စောစောပင် ထိုးအိပ်လိုက်ကြလေတော့၏ ။

နောက်နေ့ တစ်နေ့လုံးတွင်လည်း တစ်အိမ်သားလုံးမှာ မအားရအောင် အလုပ်များနေခဲ့ကြရပြန်သည်။ နေ့လယ်တွင် မေမေက နောက်တစ်နေ့ ကိုမောင်စိန်အပြန်မှာ

ပေးလိုက်ဖို့ အဝတ်ဟောင်းများထဲမှ အကောင်းများကို ရွေးထုတ်ပြီး ပုဆိုးကြီးတစ်ထည်နှင့် အသင့်ထုပ်ပေးထားလိုက်သည်။

အမှန်က မြို့နေသူများအဖို့ အဟောင်းဟုဆိုသော်လည်း ကိုမောင်စိန်တို့ကဲ့သို့ တောနေ မရှိဆင်းရဲသူများအဖို့မှာမူ ပွဲထိုင်တက်နိုင်လောက်အောင်ပင် အမြတ်တနိုး တန်ဖိုးထားနေကြရလေသည်။ အဝတ်ထုပ်ကြီးထဲတွင် ယောကျ်ားဝတ်၊ မိန်းမဝတ်နှင့် ကလေးဝတ်များပါ အစုံပါလေသည်။

ဖေဖေကလည်း အဘွားအတွက် ဇကောရက်ပေးခိုင်းရန် ကြိမ်ခွေတွေသွားဝယ်လာသည်။ ပြီးလျှင် မနက်ဖြန်၌ သူ့အပြန်မှာ လူကြုံတစ်ယောက်လိုက်မည်ဖြစ်ကြောင်းကိုလည်း မောင်စိန်ကို ပြောပြလိုက်သည်။ လိုက်မည့် လူကြုံမှာ "ပေပင်ရွာ"မှ မြို့သို့ ခဏလာသော ဦးလေးကြိုင်၏ ဆရာ၊ ဆရာ ဦးကျော်သူ၏ ဇနီးဖြစ်လေသည်။

ဦးလေးကြိုင်က သူ့ဆရာကတော်ကို ထမင်းဖိတ်ကျွေးလိုသည်ဟုဆိုရာ မေမေက မနက်ဖြန် မနက်စာကို အိမ်မှာလာစားရန် ဖိတ်ခိုင်းလိုက်သည်။ ဆရာကတော်အဖို့အိမ်မှာ မနက်စာစားပြီး သမ္ဘန်သို့တန်းဆင်းပါက အဆင်ပြေလှတော့သည်။ ဆရာကတော်ကလည်း မေမေတို့ အစီအစဉ်အတိုင်း အိမ်တွင် မနက်စာလာစားပြီးနောက် ကိုမောင်စိန်နှင့် အတူ သမ္ဘန်သို့တန်းဆင်း၍ ရွာသို့ပြန်မည်ဟု လက်ခံသဘောတူလိုက်လေသည်။

ထိုနေ့တစ်နေ့လုံး ပုသိမ်မြို့သည် လေယာဉ်ပျံသံကိုမျှ မကြားမိအောင် ငြိမ်ငြိမ်သက်သက်ပင် ရှိနေခဲ့လေသည်။ သို့ရာတွင် လိုလိုမယ်မယ်ဟုဆိုကာ ဦးလေးလှိုင်နှင့် ဦးလေးကြိုင်တို့က "ဗုံးခိုကျင်း"များကို လှည်းကျင်း ရှင်းလင်းထားလိုက်ကြသည်။ ဦးလေးလှိုင်က အိမ်ရှေ့ဘယ်ဘက်ထောင့် မန်ကျည်းပင်ကြီးအောက်တွင် သူ့တစ်ယောက်စာ ကျင်းဝိုင်းကလေးတစ်ခုကိုလည်း သပ်သပ် တူးထားခဲ့သေးသည်။ ဦးလေးလှိုင်၏ ကျင်းဝိုင်း ကလေးမှာ လူတစ်ယောက် ဆောင့်ကြောင့်ဝင်ထိုင်နိုင်ရုံသာ လုံခြုံလေသည်။

ညစာစားပြီးလျှင် ဖေဖေနှင့် ဦးလေးကြိုင်တို့နှစ်ယောက်က "ပိုးကရင်ကျောင်းဝင်း" အလွန် မင်းကြီးလမ်းရှိ ဖေဖေ့ မိတ်ဆွေဆရာကြီး ဦးအေးဖေနှင့် ဆရာမ ဒေါ်အေးမေတို့ အိမ်သို့ ထွက်သွားကြသည်။

ထိုနောက် မှောင်စကလေးပျိုးလာခဲ့လျှင် လမ်းများပေါ်၌ လူသွားလူလာမရှိသလောက်ပင် ရှင်းလင်းခြောက်ကပ်နေတော့၏။ ဂျပန်စစ်ကားကြီးများသာ တစ်ခါတစ်ခါ အရှိန်ပြင်းပြင်းနှင့် ဖြတ်သန်းမောင်းနှင်သွားတတ်ကြသည်။ ထိုအခါ သူတို့၏ စစ်ကားသံကြီးများက ဆိတ်ငြိမ်နေသော ပုသိမ်မြို့ကလေးအား "ဟည်း"ခနဲ "ဝီး"ခနဲ ပဲ့တင်ထပ်

လှုပ်ရှားသွားစေခဲ့ကြလေသည်။

လမ်းမီးများမရှိသော်လည်း နတ်တော်လဆန်း ၆ ရက် လအကွေးကလေးက မြို့သူမြို့သားများအတွက် အေးမြမြ အလင်းရောင်ကလေးကို ပေးနေလေသည်။

ဦးလေးလှိုင်က စားသောက်ပြီးနောက် တစ်ယောက်တည်း ခြံထဲသို့ဆင်းကာ လသာသာမှာ ဆေးတံထိုင်ခဲနေသည်။

ထိုအချိန်တွင် ကိုမောင်စိန်က သမ္ဘန်ထဲသို့မဆင်းမီ အလယ်ခန်းရှိ စားပွဲကြီးတွင် ကိုကြီး၊ ကိုညီတို့နှင့် စကားကောင်းနေသည်။ အမှန်မှာ ကိုမောင်စိန်က သူ့ဝါသနာအတိုင်း စုန်း၊ နတ်၊ ကဝေ စသည့်အကြောင်းများကို စိတ်ပါလက်ပါ ပြောပြနေခြင်းသာ ဖြစ်သည်။

ထိုအခါ သူတို့မကြားဘူးသော အထူးအဆန်းအကြောင်းအရာမို့ နီနီလေးကလည်း ဝင်၍ နားထောင်နေလိုက်မိသည်။ ကိုမောင်စိန်က တစ္ဆေအကြောင်း၊ သရဲအကြောင်းတွေကို ဆက်ပြန်သောအခါ နီနီလေးမှာ ကြောက်လာမိသည်။ နားကလည်း ထောင်ချင်သေးသည်။ ထိုအခါ သူသည် စားပွဲမှောင်ရိပ်အောက်၌ တွဲလောင်းချထားနေသော ခြေထောက်များကို ကုလားထိုင်ပေါ်သို့ တင်ထိုင်လိုက်သည်။ ထိုနောက် ရင်ထဲမှာကြောက် ကြောက်နှင့်ပင် ကိုကြီးတို့ ကိုညီတို့အနားသို့ တိုးကပ်ရင်း ဆက်၍နားထောင်နေလိုက်မိ ပြန်သည်။

ညီမငယ်စီစီလေးကတော့ အိပ်နေခဲ့ပေပြီ။ မေမေကမူ ကိုယ်ဝန်ကြီးတကားကားနှင့် နောက်တစ်နေ့ မနက်တွင် ဧည့်သည်ကို ကျွေးရန်အတွက် ဟင်းတချို့ကို ကြိုတင်ချက်ပြုတ်ခြင်းဖြင့် မီးဖိုထဲ၌ အလုပ်များနေခဲ့သည်။ မေမေ့ကို အဘွားကလည်း ကူညီလျက်ရှိပေသည်။

ည ၉ နာရီဒေါင်ဒေါင်ထိုးမှပင် မေမေတို့က မီးဖိုထဲမှ ထွက်လာနိုင်ခဲ့ကြတော့သည်။ အဘွားက ယခုထက်တိုင် အရှိန်ကောင်းနေသေးသော ကိုမောင်စိန်နှင့် ကိုကြီးတို့၏ စကားဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ မေမေကတော့ အိပ်ခန်းထဲသို့ ဝင်သွားလေတော့သည်။

ကိုမောင်စိန် ပြောပြသော တစ္ဆေသရဲအကြောင်းများနှင့် ပတ်သက်၍ မဖြစ်နိုင်၊ မဟုတ်နိုင်၍ ကြောက်စရာလည်းမရှိဟု ကိုကြီးကလည်း အကျိုးအကြောင်း၊ အကိုးအကားနှင့် သူတတ်သလောက် ပြန်လည်ဆွေးနွေးပြောဆိုလျက်ရှိရာ သူတို့စကားဝိုင်းမှာ ပို၍ မြိုင်ဆိုင်နေခဲ့လေတော့သည်။

ထိုအခိုက်မှာပင် အိမ်အောက်မှ ဦးလေးလှိုင်က လှမ်းအော်ခေါ်လိုက်လေသည်။

"မမ ... မမ"

"ဟေ ... ဘာလဲ"

မေမေက အိမ်ခန်းထဲမှ ထွက်လာပြီး ပြန်၍ အော်ထူးလိုက်သည်။ စကားဝိုင်းမှာလည်း အရှိန်တန့်၍ ငြိမ်ကျသွားသည်။

"လေယာဉ်ပျံတွေ လာနေတယ်"

ဦးလေးလှိုင်က လှမ်းပြောလိုက်သည်။ ထိုအခါမှ နီနီလေးကလည်း လေယာဉ်ပျံသံကို သတိထားမိကြလေတော့၏။

"မမ ... အောက်ကိုဆင်းကြလေ ... ဘာလုပ်နေကြတာလဲ"

"ဆင်းမှာပေါ့ဟဲ့ ... ဂျပန်လေယာဉ်ပျံတွေပဲဟာ ... နင်ကလည်း အရေးကြီးနေလိုက်တာ"

အရေးတကြီး လှမ်းခေါ်နေသော ဦးလေးလှိုင်ကို မေမေက "ဂျပန်လေယာဉ်ပျံ" တွေဟု ပြန်အော်လိုက်သည်။ ထိုအခါ ဦးလေးလှိုင်က စိတ်တိုသဖြင့် ထပ်အော်၍ ခေါ်လိုက်ပြန်သည်။

"မြန်မြန်ဆင်းကြပါဆို ... မမတို့ဟာ ... ဘယ်က ဂျပန်လေယာဉ်ပျံရမှာလဲ ... မီးကိုလည်း မြန်မြန်မှုတ်လိုက်လေ ... ဘာလုပ်နေကြတာလဲ"

ထိုအချိန်တွင် လေယာဉ်ပျံသံကြီးများက ကျယ်လောင်စွာ မြည်ဟည်းလာခဲ့တော့၏ ။

မေမေက အိပ်ပျော်နေသော စီစီလေးကို သွားပွေ့လာခဲ့စဉ်မှာ ကိုကြီးက မီးအိမ်ကိုငြိမ်းပစ်လိုက်တော့သည်။ ထိုအခါ တစ်အိမ်လုံး အမှောင်ဖုံးသွားလေသည်။ နီနီလေးက မေမေ့ဘေးသို့ ပြေးကပ်လိုက်သည်။ ပြီးလျှင် အားလုံး အိမ်နောက် လှေကားမှ ပု၍ ဆင်းလိုက်ကြသည်။ လှေကားထိပ်ရောက်မှ ...

"ငါ့ ... တဘက်ကလေး သွားယူလိုက်ဦးမယ်"ဟု ဆိုကာ အဘွားက မှောင်ကြီးထဲမှာ သူ့အခန်းဆီသို့ ပြန်လှည့်သွားလိုက်လေတော့၏။

"တဘက်ယူမနေပါနဲ့ အမေရယ်"

မေမေ့တွင် သမီးအငယ်ကိုပွေ့ပြီး သမီးအကြီးကိုလည်း တစ်ဖက်ဆွဲထားရပြန်သေးရာ မှောင်ကြီးထဲတွင် စမ်း၍ ပြန်ဝင်သွားသော အဘွားကိုလိုက်ပြီး ဆွဲမထားနိုင်ခဲ့ပေ။

"လာ ... လာ"

သူတို့တော်တော်နှင့် ဆင်းမလာနိုင်သဖြင့် ဦးလေးလှိုင်ကတက်လာပြီးခေါ်လိုက်သည်။ ထိုအခါ မေမေက ဆီးပြောလိုက်ရသည်။

"ဟဲ့ … မောင်လှိုင် … အမေအိမ်ထဲပြန်ဝင်သွားတယ် … နင်သွားပြီး တွဲခေါ်ခဲ့စမ်းဟယ်"

မေမေက ပြောပြီး ဆင်းလာခဲ့လျှင် ဦးလေးလှိုင် အပေါ်သို့ ပြေးတက်သွားလေတော့၏။ လေယာဉ်ပျံသံကြီးများကလည်း မြေပြင်သို့ပင် ရိုက်ခတ်တုန်ဟည်းလျက်ရှိလေသည်။

သူတို့သည် သရက်ပင်များ အောက်မှဖြတ်ပြီး ဖုံးကျင်းရှိရာသို့ ပြေးကြရသည်။ သူတို့ကျင်း နူတ်ခမ်းသို့အရောက်တွင် ကောင်းကင်မှ "ဖောင်း … ဖောင်း" ဟု အသံကြီးများ မြည်သွားပြီးနောက် ရုတ်တရက် လင်းထိန်သွားခဲ့လေတော့၏။

"ဟာ … မီးကျည်တွေချပဟော့"

ကိုကြီးက ရုတ်တရက်အော်ပြောလိုက်ပြီး နီနီလေးတို့နောက်မှ ကပ်၍ ကျင်းထဲသို့ ခုန်ဆင်းခဲ့လေသည်။

သူတို့ကျင်းထဲရောက်သည်ဆိုလျှင် မိုးကောင်းကင်ကြီး ပြိုကျကာ ကမ္ဘာကြီးပျက်စီးသွားသလားဟု ထင်ရအောင် ဖုံးကျသံကြီးများက "ဝုန်းဒိုင်း" ကျဲသွားခဲ့လေတော့၏ ။

"ဘုရား … ဘုရား"

မေမေက နီနီလေးတို့ ညီအစ်မကို ဖက်ထားရင်း ဘုရားတလိုက်သည်။ ပြီးလျှင် နောက်၌ ကျန်ရစ်ခဲ့သော အဘွားနှင့် ဦးလေးလှိုင်တို့အတွက် ပူလိုက်လေသည်။

"အမေနဲ့အောင်လှိုင်တို့လည်း … မလာကြသေးပါလား"

မေမေကခိုင်းသဖြင့် နီနီလေးက မျက်စိကို စုံမှိတ်ပြီး နားကိုလည်း လက်ချောင်းကလေးများနှင့် အတင်းပိတ်ထားလိုက်သည်။ သို့ရာတွင် မျက်စိကိုမှိတ်၊ နားကိုပိတ်ထားနေသည့် ကြားထဲမှပင် မျက်လုံးထဲ၌ ဝင်းခနဲ လက်ခနဲ လျှပ်ပြက်သလို ဖြစ်သွားတတ်သည်။ "အုန်း" ခနဲ "ဒိုင်း"ကခနဲ ဖုံးပေါက်ကွဲသံကြီးများကလည်း မိုးကြိုးဆယ်လုံး တစ်ပြိုင်နက် ပစ်ထည့်လိုက်သလို အတင်းပိတ်ဆို့ထားနေသည့်အထဲမှာပင် နားကွဲမတတ် ထိုးဖောက်ကြားနေရလေတော့၏ ။

တစ်ချက်တွင် "အုန်း"ခနဲ "ဒိုင်း"ခနဲ ဖုံးပေါက်ကွဲ သံကြီးကို ကြားလိုက်ရပြီး နီနီလေးကျောနှင့်ထိနေသော ကျင်းနံရံမြေသားမှာ ရုတ်တရက် သွက်သွက်ခါသွားလေသည်။ နီနီလေး၏ စိတ်တွင် မြေကျင်းကြီးပြိုကျလာပြီဟု ထင်ကာ လန့်၍အော်လိုက်ပြီး မေမေ့ကို အတင်းဖက်ထားလိုက်လေတော့သည်။

မေမေ့ခမျာ ကိုယ်ဝန်ဆောင်ကြီး ကသိကအောင့်နှင့် သမီးအငယ်ကို ရင်ခွင်ထဲသွင်းထားရပြီး၊ နီနီလေးကိုလည်း ဖက်ထားနေရပြန်သည်။

"သိပ်မအော်နဲ့သမီး ... သိပ်မအော်နဲ့ ... ဘုရားဆုတောင်း ... ဘုရားသခင်က သမီးတို့ မေမေတို့ကို ကွယ်ကာပေးမှာပေါ့"

မေမေက နီနီလေးကို အားပေးနှစ်သိမ့်ပြီး ဘုရားဆုတောင်းခိုင်းသည်။ ပြီး မေမေကလည်း နှုတ်မှတရွရွနှင့် ဘုရားဆုတောင်းနေသည်။ ထိုအခါ နီနီလေးကလည်း မေမေနှင့်အတူ "ဘုရားသခင် ... ကွယ်ကာတော်မူပါ"ဟု လိုက်၍ ဆုတောင်းလိုက်မိသည်။ သူသင်ကြားတတ်မြောက်ထားသမျှ ဘုရားရှိခိုးဆုတောင်းချက် ကလေးများကို မှတ်မိသမျှ စုပေါင်း ရွတ်ဆိုနေလိုက်သည်။ သို့ရာတွင် ဗုံးများက "ဝင်း"ခနဲ "လက်"ခနဲ "အုန်း"ခနဲ "ဒိုင်း"ခနဲ မြည်ဟည်းသွားတိုင်း နီနီလေးမှာ ကြောက်လန့်တုန်လှုပ်ခြင်းဖြင့် ဆုတောင်းချက်များကို ရပ်ပြီး "ထ"၍ "ထ"၍သာ အော်နေခဲ့မိလေတော့သည်။ ထိုအခါ သူက တစ်ချက်အော်လိုက်တိုင်း သူ့ဘေးနားမှာ ကိုညီလေးက မအော်ရန် သူ့ကို ဆူလိုက်နှင့် လုပ်နေလေတော့၏။ "မအော်နဲ့ဆို ... တော်ကြာ နင်အော်သံကို လေယာဉ်ပျံတွေက ကြားသွားလိမ့်မယ်...သိလား..."ဟုလည်း ခြောက်သည်။ သို့ရာတွင် ဘယ်သူ ဘာဆူဆူ ခြောက်ခြောက် နီနီလေးကတော့ ဗုံးတစ်လုံးကျလာတိုင်း သူက လန့်ပြီး တစ်ချက်အော်လိုက်နှင့်သာ ရှိနေခဲ့လေတော့သည်။ မေမေရင်ခွင်ထဲမှ ညီမငယ် စီစီလေးတစ်ယောက်ကမူ ကြောက်စရာ လန့်စရာဆိုသည်ကို နားမလည်တတ်သေး၍လားမသိ သူက အော်လည်း မအော်ငိုလည်းမငိုဘဲ ငြိမ်ငြိမ်ကလေးသာ ပုနေခဲ့လေသည်။

နောက်တစ်ခါ ကျင်းနံရံကြီး လှုပ်သွားပြန်တော့မှ နီနီလေးက ကျင်းနံရံကြီးနှင့်သူ ကျောကပ်နေမိကြောင်းကို သတိထားမိပြီး မြန်မြန်ခွာလိုက်ရသည်။ သူ့ကို လူကြီးတွေက ဗုံးကျတုန်း နံရံနှင့်ကျောကို ကပ်မထားရန် မှာထားခဲ့လေသည်။ ကပ်ထားမိလျှင် မြေကြီး၏ လှုပ်ရှားသော အရှိန်ရိုက်ခတ်မှုကြောင့် နှလုံးကွဲသေတတ်သည်ဟု ဆိုသည်။

ယခု နီနီလေးက ဗုံးတွေ မရေမတွက်နိုင်အောင်ကျပြီးမှ သတိရကာ ခွာလိုက်မိတော့သည်။ သူ့တွင် နှလုံးကွဲသွားလား မကွဲလားတော့မသိ။ ရင်ထဲ၌ နှလုံးအရှမ်းခုန်ကာ မောနေမိသည်ကိုတော့ နီနီလေး သတိထား သိရှိလိုက်လေသည်။

"အမေနဲ့ မောင်လှိုင်တို့လည်းမလာ ... နင်တို့အဖေနဲ့ မောင်ကြိုင်လည်း ... ဘယ်ရောက်လို့ ... ဘာဖြစ်နေကြလဲ မသိ ... ဘုရား ... ကယ်တော်မူပါ ... ဘုရား ဆုတောင်းကြ ... ဆုတောင်းကြ"

မေမေ့ခမျာ ကိုယ့်အသက် ဘယ်ထားရမှန်း မသိနိုင်သည့်ကြားမှ အဘွား ဖေဖေနှင့် ဦးလေးကြိုင်၊ ဦးလေးလှိုင်တို့အတွက် တစ်ဖက်က ပူပန်စိုးရိမ်နေရရှာပြန်သည်။ နောက်ဆော့ မေမေတို့ နီနီလေးတို့မှာ သူတို့အတွက် အားကိုးရာတစ်ခုတည်းသော ဘုရားကိုသာ ဆုတောင်းနေကြရလေတော့၏။

ထိုအခါ နီနီလေးက သူနားလည်နိုင်သမျှ အသိစိတ်ကလေးဖြင့်ပင် ဖေဖေ၊ အဘွား၊ ဦးလေးလှိုင်နှင့် ဦးလေးကြိုင် မသေပါစေနှင့်ဟု ဆုတောင်းလိုက်သည်။ ပြီး မေမေနှင့်တကွ သူတို့အားလုံး သူ့အပေါ်သို့လည်း ဗုံးများ၊ သေနတ်များ ကျမလာပါစေနှင့်ဟု စိတ်ထဲမှ ထက်ထက်သန်သန်ဖြင့် ဘုရားကိုသာ ဖိ၍ ဆုတောင်းနေလိုက်မိတော့သည်။

ထိုသို့မေမေနှင့် နီနီလေးတို့မှာ ကိုယ့်အပူနှင့်ကိုယ် အသက်မှမရှုနိုင်ရသည့်ကြားထဲ သေရမှာ အလွန်ကြောက်သူ ကိုမောင်စိန်က တမျှော့ဖြစ်နေခဲ့သည်။

"အမလေး ... ကျွန်တော်တော့ ... ဆရာကတော်တို့ကို ခင်ပြီး လိုက်လာမိတာ မှားတာပါပဲဗျာ ... ဟီး"

ကိုမောင်စိန်က သူမြို့သို့ လိုက်လာခဲ့မိခြင်းကို နောင်တကြီးစွာ ရလျက် "တဟီးဟီး " ငိုကြွေးလိုက်တော့၏။

"ကျွန်တော်တော့ ... ဒီဗုံးတွေ၊ သေနတ်တွေ ကြားမှာပဲ ... သေရတော့မယ် ထင်ပါရဲ့ဗျာ ... အမလေး ဓီးဖဲ့တို့ ချွေးမတို့ရေ ... နင်တို့နဲ့ ငါပြန်မတွေ့ရတော့ဘူးဟဲ့ အဟီ ... ဟီး"

"ကိုမောင်စိန်ရယ် ... ကျွန်မတို့က ကျင်းထဲ ဆင်းပုန်းနေကြတဲ့ဟာ ဗုံးက ကိုယ့်ခေါင်းပေါ် တည့်တည့်ကျမလာသမျှ ဘာမှကို မဖြစ်နိုင်ပါဘူး ... သိပ်ပြီး မကြောက်စမ်းပါနဲ့ ..."

ကိုယ့်အပူကြားမှာပင် ဝမ်းပမ်းတနည်း ငိုကြီးချက်မ ဖြစ်နေသော ကိုမောင်စိန်ကို မေမေ့မှာ လှမ်း၍ အားပေးနေရပြန်သည်။

ကိုမောင်စိန်၏ ငိုသံကြောင့် နီနီလေးက မျက်စိဖွင့်၍ ကြည့်လိုက်မိသည်။ အပြင်ဘက်မှ လင်းထိန်နေသော မီးကျည်ရောင်အရှိန်က ကျင်းထဲသို့ မှုန်ပြေပြေလာဟပ်နေသည်။

ကျင်းရှည်မျောမျောထဲတွင် သူတို့အားလုံးတန်းစီးပြီး ထိုင်နေကြသည်။ အပေါက်ဝနှင့် အနီးဆုံးအစွန်တွင် ကိုကြီးက ထိုင်သည်။ ကိုကြီးဘေးမှ ကိုမောင်စိန်နောက် ကိုညီပြီးတော့ နီနီလေးနှင့် မေမေတို့က အဆင့်ဆင့် ဖြစ်ကြလေသည်။

နီနီလေးသည်လည်း ဖုံးတွေ၊သေနတ်တွေကို သေမတတ်ကြောက်နေမိသူပင်၊ သူသည် ဖုံးကျလာတိုင်း လန့်၍ အော်နေသော်လည်း ငိုတော့ မငိုပေ။ ငိုဖို့ကိုလည်း သတိရမခဲ့။ ယခု ယောကျ်ားကြီးမားမားဖြစ်သော ကိုမောင်စိန်က ရှိုက်ကြီးတငင် ငိုနေသောအခါ နီနီလေးမှာ ထူးဆန်းအံ့သြမိလေတော့၏။ ကိုမောင်စိန် ငိုနေသည်ကို ငေးနေလိုက်သော နီနီလေးက သူကြောက်ဖို့ကိုပင် ရုတ်တရက်မေ့သွားသလိုရှိမိလေသည်။

"မကြောက်ပါနဲ့ ... ဦးမောင်စိန်ရဲ့ ... ဘာမှမဖြစ်အောင် ကျွန်တော်တို့ဘုရား ဆုတောင်းပေးမယ် ... ဘာမှ မဖြစ်ရပါဘူး စိတ်ကိုသာ အေးအေးထား ..."

သူနှင့်အနီးကပ်ဆုံး ကိုကြီးကလည်း ကိုမောင်စိန်ကို သူတတ်သလောက် အားပေးလိုက်သည်။

"အေး ... အေး ... ဆုတောင်းပါ ... ငါ့တူရယ် ... ဆုတောင်းစမ်းပါကွာ... ဘုရား ... ဘုရား"

"ဒီလိုလုပ် ... ဖုံးတစ်လုံးကျလာပြီဆို ... ကျွန်တော်က ပြောမယ် ... အဲဒီအခါ ဦးမောင်စိန်က ... မျက်စိကို အတင်းမှိတ်ပြီး ... နားကိုလည်း ... တအားပိတ်ထားလိုက်ပေါ့ ... အဲဒီလိုဆို ... ဦးမောင်စိန် စိတ်ထဲမှာ သက်သာလိမ့်မယ်ထင်တယ် ... ဟုတ်လား"

"အေး ... အေး ... ပြောစမ်းပါကွယ် ... ဦးလေး မျက်စိကိုလည်း ပိတ်ထားပါ့မယ် နားကိုလည်း ပိတ်ထားပါ့မယ်"

နောက်တော့ ကိုကြီးက လေယာဉ်ပျံပေါ်မှ "ရွှီး"ခနဲ "ဝေါခနဲ" ဖုံးများကျလာတိုင်း ...

"ဟော ... ကျလာပြီ" "လာပြန်ပြီ တစ်လုံး"နှင့် အချက်ပေးလိုက်လျှင် ဦးမောင်စိန်က "အမလေး ... ဘုရား ... ဘုရား"ဟု ရွတ်ကာ ဆောင့်ကြောင့်ထိုင်နေသော သူ့ဒူးနှစ်လုံးကြားထဲသို့ သူ့ခေါင်းကို ငုံ့သွင်းပြီး မျက်စိကိုမှိတ် နားကိုပိတ်ထားလိုက်တော့သည်။

သို့ရာတွင် ကိုမောင်စိန်က ကြာရှည်မတင်းနိုင် ငိုပြန်တော့၏။ ဖုံးသံ၊ သေနတ်သံတွေကလည်း ကျယ်လောင် မြည်ဟည်းလွှန်းနေရာ ကျင်းထဲမှာ တစ်ဦးနှင့် တစ်ဦးအတင်းအော်ပြောမှ ကြားနိုင်ကြလေသည်။

တစ်ချက်တစ်ချက်တွင် ကျင်း၏အမိုးမှာ တုန်ခါသွားပြီး မြေခဲအချို့နှင့် သဲများက နီနီလေးတို့ခေါင်းပေါ်သို့ သဲကနဲပြိုကျလာတတ်လေသည်။ တစ်ခါတွင် အမိုးကြီးပြိုကျရောဟုပင် ထင်လိုက်ကြရလေသည်။

နောက်တော့ ဖုံးတွေက "ဝေါ" ခနဲ ကျလာလိုက် "အုန်း"ခနဲ ပေါက်ကွဲလိုက်

နီနီလေးက လန့်အော်လိုက်၊ ကိုမောင်စိန်က ကြောက်ငိုလိုက်နှင့် လုံးလည်ချာလည်လိုက်နေခဲ့ကြလေတော့၏။

"ဟော ... နေရှင်နယ်ကျောင်းကို ချပြီနဲ့တူတယ်"

"ဟာ ... စစ်စီဖိုး တိုက်ကြီး ပြိုသွားပြီထင်တယ်"

"ဟင် ကျွန်တော်တို့အိမ်လည်း ... မီးလောင်သွားပြီလား မသိဘူး... မီးခိုးတွေဆိုတာ မှောင်နေတာပဲ မေမေရေ"

အဝနှင့်နီးသော ကိုကြီက အပြင်သို့ ကဲ ... ကဲကြည့်ပြီး သတင်းပို့နေလေရာ မေမေ့မှာ သူ့ကို စိုးရိမ်တကြီးဖြင့် ...

"ဟဲ့ ကိုကို ... အဝကိုထွက် ... ထွက်မကြည့်နဲ့"ဟု ဟန့်တားပြောဆိုနေရပြန်တော့သည်။

မီးခိုးနှင့်ယမ်းနံ့ဆိုးဆိုးကြီးများကလည်း မြေကျင်းထဲသို့ လိုမ့်ဆင်းပြီးတိုးဝင်လာကြလေသည်။

တစ်နာရီခန့် စိတ်တိုင်းကျ ဗုံးမိုးများကို ရွာချပြီးနောက် ရုတ်တရက် အသံဗလံများ စဲငြိမ်သွားလေသည်။

"လေယာဉ်ပျံတွေ သွားကုန်ပြီထင်တယ်"

လေယာဉ်ပျံတွေ သွားကုန်ပြီဆို၍ သည်တစ်ခါဖြင့် ငရဲဗုံးသေဘေးမှလွတ်ပြီဟု နီနီလေးတို့ အားလုံး စိတ်သက်သာသွားမိကြလေသည်။ သို့ရာတွင် အပေါ်သို့မူ ရုတ်တရက် ချက်ချင်း မတက်ဝံ့ကြသေးပေ။

"ဟဲ့ ... အမေနဲ့ မောင်လှိုင်တို့ ဘယ်လိုများဖြစ်နေကြသလဲ ... နင်တို့အဖေနဲ့ မောင်ကြိုင်ရော ... ဘယ်လိုက်ရှာကြမလဲ"

မေမေက အဘွားတို့ တူဝရီးနှစ်ယောက်နှင့် ဖေဖေတို့ သမီးယောက်ဖနှစ်ယောက်ကို ဘယ်လိုက်ရှာရပါ့ဟု စိုးရိမ်ပူပန်နေစဉ် ခြေသံတစ်ခုက ရုတ်တရက် တဖုတ်ဖုတ် ပြေးလာခဲ့လေသည်။

"မမ ... မမတို့အားလုံး ... ဘာမှမဖြစ်ကြဘူး ဟုတ်လား ... ဟင်"

ကျင်းအဝမှ ဦးလေးလှိုင်၏ ခေါင်းပြူလာပြီး အမောတကောမေးသည်။ သူ့ကိုတွေ့လျှင် မေမေတို့မှာလည်း ဝမ်းသာအားတက်သွားမိကြလေသည်။

"အမလေး ... မောင်လှိုင်ရယ် ... တို့ဘာမှမဖြစ်ဘူး ... နင်နဲ့အမေက ဘယ်သွားနေကြလဲ ... အခု... အမေ ဘယ်မှာလဲဟင်"

"ကျွန်တော်တို့လည်း ဘာမှမဖြစ်ပါဘူး ... အဒွေးလည်းရှိတယ် ... မမတို့ အပြင်ကို မထွက်ကြနဲ့ဦးနော် ... ကျွန်တော် အဒွေးကို သွားခေါ်လာခဲ့မယ်"

ဦးလေးလှိုင်က ပြောပြီး ပြန်ပြေးသွားလေသည်။

"အဖေနဲ့ မောင်လှိုင်ကတော့ ... ဘာမှမဖြစ်ဘူး ... သမီးတို့ ဖေဖေနဲ့ မောင်ကြိုင်က ဘယ်လိုမှန်းမသိသေးဘူး ... ဘုရား မ လို့ ... ဘေးလွတ်လုံခြုံကြပါစေ"

မေမေက အဘွားတို့အတွက် စိတ်အေးရပြီမို့ ဖေဖေနှင့် ဦးလေးကြိုင်အတွက်ကို ပို၍ ဖိ၍ ဆုတောင်းပေးနေရပြန်လေသည်။ သူအချစ်ဆုံးဖေဖေနှင့် ဦးလေးကြိုင်တို့ အိမ်သို့ အမြန်ဆုံးပြန်ရောက်လာနိုင်ပါစေဟု နီနီလေးကလည်း ရင်ထဲမှ တတွတ်တွတ် မပြတ် အောင် ဆုတောင်းနေလိုက်မိတော့၏။

လေယာဉ်ပျံက မရှိတော့သော်လည်း ဗုံးပေါက်ကွဲသံကြီးများကမူ "တအုန်းအုန်း တဒိုင်းဒိုင်း" ဆက်လက် မြည်ဟည်းနေကြသည်။ သည်ကြားထဲ ဂျပန်စစ်ကားကြီးများ ကလည်း ပျာလောင်ခတ်ပြီး တဝီးဝီးနဲ့ အတင်း စက်ကုန်ချ၍ မောင်းနှင်သွားကြလေသည်။

ခဏအကြာတွင် ဦးလေးလှိုင်က အဘွားကို လာပို့သည်။ ဦးလေးလှိုင်နှင့်အတူ အဘွားသာမက ရှေ့ခြံမှ ဒေါ်ကြီးတို့ပါ လိုက်ပါခဲ့ကြလေသည်။

"ဒီမှာ မမရေ ... ဒေါ်ကြီးတို့လည်း ဒီဘက်ကူးလာခဲ့ကြတယ်"

ကိုကြီးက အဘွားနှင့်အတူ ဒေါ်ကြီးတို့ကိုပါ ကျင်းထဲသို့ ဆွဲချပေးလိုက်ရသည်။ နောက် ဦးလေးလှိုင်ကလည်း နောက်ဆုံးမှ ဆင်းလိုက်လာပြီး အဝနားမှာပင် ထိုင်ချလိုက် သည်။

"ဒေါ်ကြီးအိမ် ... ဗုံးကျပြီး မီးလောင်သွားပြီ"

"ဟယ် ... ဟုတ်လား ... ဘုရား ... ဘုရား ... လူတွေ ဘာမှမဖြစ်တာ တော်သေး တာပေါ့"

မေမေက ဒေါ်ကြီးအတွက် စိတ်မကောင်းဖြစ်သွားသည်။

"ဒေါ်ကြီးက ... လေယာဉ်ပျံလာတာကို မကြားလို့ မီးကိုမငြိမ်းဘူး ... သူ့ကို ဒေါ်လေးတို့က အတင်းအိမ်ပေါ်က သွားခေါ်ခဲ့ရတာတဲ့ ... သူလည်းကျင်းထဲရောက်ရော သူ့အိမ်လည်း ဗုံးကျတာပဲ ... စောစောကမီးရောင်ကြောင့် ဖြစ်ချင် ဖြစ်မှာ ... ဒေါ်ကြီး တောင် ... သီသီကလေး လွတ်ခဲ့တာ"

နီနီလေးတို့က အိမ်သားများများနှင့်မို့ ဗုံးကျင်းကို ကျယ်ကျယ်ရှည်ရှည် တူးထား ခဲ့သဖြင့် ဒေါ်ကြီးတို့အတွက် နေရာကို ချောင်ချောင်ပေးနိုင်လေသည်။

"မဖွားရှင် ... မဖွားရှင် ဘယ်မှာလဲ"

"ဒီမှာရှိပါတယ်"

ဒေါ်ကြီးက သူ့ညီမကိုခေါ်သည်၊ မေးနေသည်။ သူ့ညီမကရှိကြောင်း ပြန်ဖြေသည်။ သို့ရာတွင် သွေးလန့်ကာ မွှန်ထူနေသော ဒေါ်ကြီးက မကြား၊ မသိ ဆက်၍သာခေါ်နေသည်။ မေးနေသည်။

"မဖွားရှင်ကော ... မဖွားရှင် ဘယ်မှာလဲ"

"ဒီမှာရှိပါတယ် ... ဒီမှာပါ"

"မဟုတ်ဘူး ... မဖွားရှင်လေ ... မဖွားရှင်ကိုမေးတာ"

"ဟုတ်ပါတယ် ... မဖွားရှင်ပါ ... ဒေါ်ကြီးညီမ ... ဒေါ်ကြီးဘေးမှာ ရှိနေပါတယ်"

ကယောင်ချောက်ချား ဖြစ်နေသော ဒေါ်ကြီးကို သူ့မတ် ဆရာကြီး ဦးဘလွန်းနှင့် မေမေတို့ကပါ ဝိုင်းကူ၍ ပြောလိုက်ကြရလေသည်။

ထိုစဉ်မှာပင် လေယာဉ်ပျံသံကြီးများက ရုတ်တရက် ပြန်၍ ပေါ်လာခဲ့ကြပြန်တော့သည်။

"ဟော ... လေယာဉ်ပျံတွေ ပြန်လာပြီ"

ကျင်းထဲရှိ လူအားလုံးငြိမ်ကျသွားပြီး ရင်ပင့်၍ နားစွင့်နေလိုက်ကြသည်။

တ "ဒီး ဒီး "အော်မြည်ကာ လေးပင်စွာ ပျံသန်းလာနေသော လေယာဉ်ပျံသံကြီးများက မြေအပြင်ကိုပါ တုန်ရင်း လှုပ်ရှားနေစေလေသည်။

လေယာဉ်ပျံများသည် နီနီလေးတို့ခေါင်းပေါ်တည့်တည့်သို့ ရောက်လျှင်ပင် သူတို့၏ သေမင်းလက်နက်များကို မဆိုင်းမတွ ပစ်ချကြပြန်လေတော့သည်။

ယခု တစ်ကျော့မှာ သူ့ထက်သူ လူစွမ်းကောင်းကာ ပထမတစ်ခေါက်ထက်ပင် ပို၍ ပိုပြင်းထန်ဆိုးဝါး ကြောက်စရာကောင်းနေလေတော့၏။ သူတို့သည် အမောသွားဖြေခဲ့ပြီး နောက်အသစ်သော အားအင်များဖြင့် ပို၍ သဲသဲမဲမဲ ကြဲချနေကြလေသည်။ သူတို့သည် အငြိုးကြီးကြီးဖြင့် ပထမတစ်ခေါက် လွတ်ကျန်ခဲ့သူများကို ယခုတစ်ကျော့တွင် အပြီးအပိုင် သုတ်သင်ရှင်းလင်းသွားမည့်ပုံပင်၊ နီနီလေးတို့ထိုင်နေသော မြေထုကြီးမှာ ဗုံးများကျလာတိုင်း သွက်သွက်ခါသွားနေခဲ့တော့၏။

"မမတို့ ... ကျင်းနံရံကို ကျောကပ်မထားကြနဲ့နော်"

ကမ္ဘာပျက်သလို ဆူညံနေသည့်ကြားမှ ဦးလေးလှိုင်က လှမ်း၍ သတိပေးလိုက်သည်။ နီနီလေးသည် ကျောနှင့်နံရံနှင့်ကပ်နေသလား၊ ကပ်မနေသလားတော့မသိ၊ မြေကြီး

ထုကြီး လှုပ်ခါပြီး အပေါ်မှ မြေတွေပြိုကျလာတိုင်း မေမေ့ကိုသာ အတင်းဖက်၍ အော်နေမိလေတော့၏။ သူ့အော်သံနှင့်အတူ ကိုမောင်စိန်၏ ငိုသံကလည်း တစ်ကျော့ ထွက်လာခဲ့ပြန်သည်။

မီးခိုးလုံးကြီးများနှင့် ယမ်းနံ့ဆိုးကြီးများကလည်း သူတို့ကျင်းထဲသို့ လိမ့်ဆင်းတိုးဝင်လာခဲ့ကြပြန်သည်။ နီနီလေးတို့မှာ အသက်ရှုကျပ်ကာ မွန်းလာမိကြသည်။ လူတွေမှာ အသက်ကို ဘယ်လိုရှူ၍ ထိုအသက်ကို ဘယ်တွင်ထားရမှန်းမသိအောင် ဖြစ်နေကြတော့သည်။ အပြင်ဘက်တွင် ဝုန်းဒိုင်းကြဲ ပေါက်ကွဲသံကြီးများက အဝီစိပွက်နေကြလေသည်။

စစ်နှင့်ပတ်သက်ပြီး "ဗုံး'တို့ 'သေနတ်'တို့ကို ကြောက်လွန်းသဖြင့် ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ လျှောက်ပြေးနေခဲ့ကြသော နီနီလေးတို့မိသားစုမှာ ဘယ်လိုမှ ပြေးမလွတ်ဘဲ ဗုံးမိုး၊ သေနတ်မိုးများနှင့် ရင်ဆိုင်တိုးနေခဲ့ရလေတော့၏။ ထိုအခါ 'စစ်' တစ်ချီဖြစ်လာခဲ့ပြီဆိုလျှင် ကမ္ဘာလောကကြီးတွင် ရှိရှိသမျှသော လူတိုင်းအဖို့ ဘယ်လိုမှ ရှောင်လွှဲ ဖယ်ကွင်းနေ၍ မရဘဲ "စစ်ဘေးစစ်ဒဏ်"ကို ခံရမည်သာဖြစ်ကြောင်း ပို၍နားလည်လာခဲ့ကြလေတော့၏။

ကျင်းထဲတွင် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသော မေမေနှင့် ဒေါ်ကြီးတို့၏ ဘုရားရှိခိုးဆုတောင်းသံများက နားကွဲမတတ် အသံဆိုးကြီးများကြားမှ တတွတ်တွတ်ရွတ်ဆိုထွက်ပေါ်လာနေခဲ့ကြသလို၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော အဘွားနှင့် ကိုမောင်စိန်ကလည်း ဘုရားရှိခိုးဂါထာအမျိုးမျိုးကို ရွတ်ဖတ် သရဇ္ဈာယ်နေကြလေတော့၏။

တစ်ချက်တွင် ကျယ်လောင် ပြင်းထန်လွန်းသော ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာခဲ့ရာ နီနီလေးသာမက ကျင်းထဲရှိ လူအားလုံးပင် လန့်၍ အော်လိုက်မိကြလေတော့၏။

လေယာဉ်ပျံများသည် တစ်နာရီခန့်ကြာအောင် စိတ်တိုင်းကျ ဗုံးများကို ကြဲချပြီးနောက် ကျေနပ်ကာ ပြန်သွားကြတော့သည်။ လေယာဉ်ပျံသံပျောက်သွားခဲ့သော်လည်း ပေါက်ကွဲသံကြီးများက ထွက်ပေါ်နေဆဲပင်။ ထိုကြောင့် အပြင်ကိုတော့ မထွက်ဝံ့ကြသေးပေ။ သည်တစ်ခါလည်း သူတို့အဖို့ မသေမပျောက် လွတ်ကျန်ခဲ့ကြပြန်သည်။ သို့ရာတွင် နောက်တစ်ကျော့ပြန်လာပြီး ထပ်ချလေဦးမလားဟူသော သံသယအတွေးများဖြင့် သူတို့မှာ စိတ်ကို တုံးတုံးမချဝံ့ကြသေးပေ။

အတော်ကလေးကြာအောင် ဆက်ပြီး နားစွင့်နေလိုက်ကြသော်လည်း လေယာဉ်ပျံသံက ထပ်၍ ပေါ်မလာခဲ့တော့ပေ။ ထိုအခါ ဦးလေးလှိုင်က အရင်ဆုံးအပြင်သို့ စမ်းထွက်

သွားလိုက်သည်။ တစ်အောင့်လောက်ကြာတော့မှ သူကပြန်လာပြီးခေါ်လေသည်။

"ကဲ ... မမတို့ အပေါ်တက်ချင်တက်ခဲ့ကြတော့"

သည်အခါမှ မေမေနှင့်နီနီလေးတို့အားလုံးလည်း အပေါ်သို့တက်ခဲ့ကြတော့သည်။ မြေကျင်းထဲတွင် နှစ်နာရီကျော် သုံးနာရီနီးပါးကြီးမျှ ငုတ်တုတ်ကွေးထိုင်ထားနေကြရသဖြင့် သူတို့၏ ခြေထောက်များမှာ ညောင်းချိ၊ ထုံကျဉ်နေကြတော့သည်။ ကိုယ်ဝန်ဆောင်ကြီးနှင့် မေမေ့ခမျာ ကောင်းကောင်းပင် မလျှောက်နိုင်သဖြင့် ကိုကြီးတို့က ကျင်းထဲမှ ဖေးမတွဲခေါ်ခဲ့ရသည်။ ဖိနပ်မပါ မြေကျင်းအေးအေးထဲမှာ တစ်ချိန်လုံးထိုပြီး ထိုင်နေခဲ့ရသော နီနီလေး၏ခြေထောက်ကလေးများမှာလည်း အေးစက်တောင့်တင်းနေတော့၏။

အပြင်သို့ လှမ်းတက်လိုက်မိလျှင် နီနီလေးမှာ ရုတ်တရက် လန့်မိရပြန်သည်။ အကြောင်းမှာ ပုသိမ်တစ်မြို့လုံး မီးဟုန်းဟုန်း တောက်နေသောကြောင့်ပင်။ မီးညွန့်ကြီးများသည် အရှိန်ပြင်းစွာဖြင့် ကောင်းကင်သို့ ဖြာတက်နေကြသည်။ မီးအရှိန် ဟပ်နေသော ကောင်းကင်ပြင်ကြီး တစ်ခုလုံးမှာလည်း နီရဲတောက်လွင်နေတော့သည်။ တဟုန်းဟုန်း တောက်လောင်နေသော မီးများအရှိန်နှင့် ကောင်းကင်မှ ရောင်ပြန်ဟပ်မှုကြောင့် ညမှာ အမှောင်ပျောက်ပြီး ညနေဆည်းဆာပမာ နီကျင်ကျင် လင်းနေလေသည်။

မီးများ တဟိန်းဟိန်းလောင်ကျွမ်း ဝါးမျိုချက်ကြောင့် အဆောက်အဦးများ တဖြောင်းဖြောင်း၊ တဖြုန်းဖြုန်း ပြိုကျပျက်စီးနေကြသံများကိုလည်း ပွက်လောရိုက်အောင် ကြားနေကြရသည်။ သည်ကြားထဲမှ လေယာဉ်ပျံမှ ချထားပစ်ခဲ့သော တိုင်းဗုံးကြီးများကလည်း တစ်မြို့လုံး တုန်သွားအောင် ထ၍ ထ၍ ပေါက်ကွဲနေကြပြန်သည်။ နီနီလေးတို့ ခြံနောက်ရှိ ကုက္ကိုပင်ကြီးဆီမှာ ကျီးတစ်အုပ်မှာလည်း "တအာအာ" လန့်အော် ပျံသန်းနေကြသည်။

ပုသိမ်တစ်မြို့လုံးမှာ ဗုံးပေါက်ကွဲသံ၊ မီးလောင်ကျွမ်းသံ၊ အဆောက်အဦးများ ပြိုကျသံ၊ လူများအော်ဟစ်ညည်းတွားပြေးလွှားကြသံ၊ ကျီးအာသံ၊ ဂျပန်စစ်ကားများ အသံဖြင့် စိတ်နှလုံးတုန်လှုပ်ချောက်ချားဖွယ်ရာ အုန်းအုန်းကျွက်ကျွက်စီစီညံညံဖြစ်နေလေတော့၏။

ဖေဖေတို့က ရောက်မလာကြသေးပေ။ မေမေသည် အထူးပင် စိုးရိမ်ပူပန်ခြင်းဖြင့် ဖေဖေတို့ကို ဘယ်လိုက်ရှာရမည်မသိအောင် အခက်တွေ့နေသည်။

သူတို့သားအမိ မြေအဘွားတစ်စုသည် ဦးလေးလှိုင်က ထားသည့်အတိုင်း ဗုံးခို

ကျောင်းနားမှာပင် စုထိုင်နေကြရသည်။ ကိုမောင်စိန်ကလည်း အကြောက်မပြေသေး။သူသည် မျက်နှာခပ်ငယ်ငယ်နှင့်ပင် နီနီလေးတို့အနီး မလှမ်းမကမ်းတွင် ငုတ်တုတ်ကလေး ထိုင်နေရှာသည်။ နီနီလေးသည် အရှိန်ပြင်းဆဲ "တဟဲဟဲ" အော်မြည်ရင်း တောက်လောင် နေသော မီးညွန့်ကြီးကို ရင်ထဲမှ ကြောက်ကြောက်နှင့်ပင် ငေးကြည့်နေလိုက်သည်။

အမှန်က မီးလောင်နေသော နေရာမှာ နီနီလေးတို့နှင့်ဆိုလျှင် အဘေးအိမ်ကျောင်းဝင်းကြီးနှင့် ဘောလုံးကွင်းကြီးတစ်ခုလုံးခြားနေလေသည်။ သို့ရာတွင် မီးရှိန်မှာ ပြင်းထန်လွန်းရာ အနီးကလေးကပ်နေသည်ဟု ထင်ရသည်။ မီးညွန့်ကြီးများကို ငေးရင်း နီနီလေးက ပြန်ရောက်မလာသေးသော သူ့ဖေဖေနှင့် ဦးလေးကြိုင်တို့ကို တွေးနေမိသည်။ ဖေဖေတို့ ဘယ်ရောက်နေကြပါလိမ့်။ ဖုံးထိ၍ပဲ သေကုန်ကြပြီလား၊ ယခုမြင်နေရသော မီးတောက်ကြီးများအထဲမှာပဲ ရောက်နေသလား။ ထိုသို့ တွေးငေးနေမိစဉ် "တိုင်းဖုံး" ကြီးများက ထပေါက်လိုက်ပြန်သည်လျှင် နီနီလေးမှာ လန့်တုန်၍ အတွေးများ ပြတ်သွားလေတော့၏။

နောက်နာရီဝက်ခန့်အကြာတွင် ဖေဖေနှင့် ဦးလေးကြိုင်တို့ ပြန်ရောက်လာခဲ့ကြလေတော့သည်။

တစ်ဦးနှင့်တစ်ဦး သေပြီဟု ထင်ထားနေကြရာမှ မသေမပျောက် ပြန်တွေ့လိုက်ကြရသောအခါ ဖေဖေနှင့် မေမေတို့မှာ ဝမ်းသာလွန်းသဖြင့် ရုတ်တရက် စကားပင် မဆိုနိုင်ကြ။

နောက်မှ တစ်ယောက်တပြန် အကျိုးအကြောင်း ဖြစ်ပျက်ခံစားချက်များကို ပြောဆိုမေးမြန်းကြရလေတော့၏။

ယခုလည်း ဇာတ်ကြောင်းကို ပြန်ကြရသည်။

လေယာဉ်ပျံများရောက်လာတော့ နီနီလေးတို့နှင့်အတူ အိမ်အောက်ဆင်းခဲ့ရာမှ သူ့တဘက်ယူရန် ပြန်တက်သွားသော အဘွားကို ဦးလေးလှိုင်က မှောင်ထဲတွင် စမ်း၍ သွားခေါ်ခဲ့ရလေသည်။

ထိုနောက် အဘွားနှင့် ဦးလေးလှိုင်တို့ အိမ်အောက်သို့ရောက်ခဲ့ချိန်တွင် တစ်မြို့လုံးမှာ မီးကျည်ရောင်များဖြင့် လင်းထိန်နေလေပြီ။ ကျင်းဆီသို့ သွားရန်မှာ ကြား၌ အကွယ်အကာ မရှိသော ကွက်လပ်ကလေးတစ်ခုကို ဖြတ်ရလေသည်။ အဘွားကလည်း ခြေနာသဖြင့် မြန်မြန်မလျှောက်နိုင်ပေ။

ထိုအခါ ကွက်လပ်ကလေးကို မီးရောင်လင်းလင်းကြီး အောက်၌ ဖြတ်သွားရန် စိတ်မချသော ဦးလေးလှိုင်က နီနီလေးတို့နောက်သို့ လိုက်မလာခဲ့တော့ပေ။ သူသည်

အိမ်ရိပ်နှင့် သစ်ပင်ရိပ်အောက်များမှ ခိုရင်း အိမ်ရှေ့မန်ကျည်းပင်ကြီးအောက်ရှိ သူ့တစ်ယောက်စာ တူးထားခဲ့သော ကျင်းဝိုင်းကလေးဆီသို့သာ အဘွားကို ခေါ်သွားလိုက်တော့၏။ ရောက်လျှင် ဦးလေးလှိုင်က အဘွားကို ကျင်းကလေးထဲ ဆင်းစေပြီး ခေါင်းကိုပုံ၍ ထိုင်ခိုင်းထားလိုက်သည်။

ပြီးလျှင် ဦးလေးလှိုင်က အဘွားကိုထားခဲ့ကာ သူက ခြံနောက်ဘက်ကျောင်းဝင်း ထဲရှိ ကုက္ကိုကြီးအောက်တွင် မှောင်ခို၍ သွားရပ်နေလိုက်သည်။ ထိုအခိုက်မှာပင် လေယာဉ်ပျံ ပေါ်မှ ဗုံးများကျလာလေတော့၏။ ဦးလေးလှိုင်သည် စိတ်မသန့်သည်နှင့် ခြံစပ်ရှိ ဗုံး ကျင်းပျက်အဟောင်းကြီးထဲသို့ အပြေးခုန်ဆင်းလိုက်တော့သည်။ သူကျင်းပျက်ကြီးထဲသို့ အရောက်မှာပင် ဦးလေးလှိုင် စောစောက ရပ်နေခဲ့သော ကုက္ကိုပင်အောက်သို့ ဗုံးတစ်လုံး ကျလာခဲ့တော့၏။ ဦးလေးလှိုင်နှင့် တော့တော့ကလေးသာ လွဲသွားသည်။ ထိုဗုံးကျသော နေရာမှာ နီနီလေးတို့ ဗုံးခိုကျင်းနှင့် ပေတစ်ရာမျှလောက်သာ ကွာလေသည်။

ဗုံးကျပြီးဖွာတက်သွားသော မြေစိုင်ခဲများက အမိုးမရှိသော ဦးလေးလှိုင်ရှိရာ ကျင်းထဲသို့ လွင့်စင်ကျလာခဲ့လေသည်။ ဦးလေးလှိုင်က ထိုကျင်းကြီးထဲမှ နေ၍ ဗုံးမိုးရွာ ချနေသော လေယာဉ်ပျံများကို မော့ကြည့်နေလိုက်သည်။ ဗုံးများ သဲသဲမဲမဲကျလာပြီးနောက် အနည်းငယ်စဲသွားသလိုရှိလျှင် ဦးလေးလှိုင်က အပေါ်သို့ ခုန်တက်လိုက်သည်။ ထိုနောက် ပြေးလိုက် မှောက်လိုက်ဖြင့် ဦးလေးလှိုင်သည် အဘွားဆီ ပြန်ရောက်သွားတော့၏။

ထိုအချိန်တွင် ဗုံးများက သည်းလာခဲ့ပြန်ရာ ဦးလေးလှိုင်မှာ အဘွား၏ ခေါင်းပေါ်မှ မှောက်၍ ဝပ်နေရတော့သည်။ လမ်းသာ ခြားနေသော ဒေါ်ကြီး၏ အိမ်မှာ ဦးလေးလှိုင်၏ မျက်စိရှေ့မှာပင် ဗုံးကျပြီး မီးလောင်ပျက်စီးသွားခဲ့လေသည်။ နောက်လေယာဉ်ပျံများ ခဏပြန်သွားတုန်း ဦးလေးလှိုင်က မေမေနှင့် နီနီလေးတို့ဆီ ပြေးသတင်းမေးပြီး အဘွားကို လာပို့ခဲ့ခြင်းဖြစ်လေသည်။

ထိုအခါ ဒေါ်ကြီးအိမ်ဗုံးကျသွားသည်တွင် သူတို့ခြံထဲ၌ ဆက်မနေဝံ့တော့သော ဆရာကြီး ဦးကလွန်းတို့ကလည်း ကူးလာခဲ့ကြခြင်းဖြစ်တော့သည်။

နီနီလေးအဖို့ ဘုရားက သတ်မှတ်ထားသည့် သေချိန်မရောက်သေး၍ဟုပင် ဆိုရမည်။ ဗုံးများမှာ သူတို့ပတ်ပတ်လည်မှာပင် ဝိုက်ကျနေခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ လည်း ဂျပန် စစ်ကားများက သူတို့အိမ်ရှေ့လမ်းပေါ်မှ ရပ်ပြီးအမြောက်နှင့် လှမ်းပစ်ကြ သည့်အတွက် မဲချခံရခြင်းဖြစ်ဟန်တူသည်ဟု ဦးလေးလှိုင်က ပြောပြလေသည်။

ထိုကဲ့သို့ နီနီလေးက သည်မှာ အသက်ဘယ်ထားရမှန်းမသိအောင် ဖြစ်နေကြစဉ်

ဖေဖေနှင့် ဦးလေးကြိုင်တို့မှာလည်း လောကငရဲကို ခံနေခဲ့ကြရလေသည်။

ဆရာဦးအေးဖေနှင့် ဆရာမ ဒေါ်အေးမေတို့မှာ ဖေဖေနှင့် တစ်ကျောင်းတည်း ဆရာလုပ်ဖက်၊ တင်းနစ်ကစားဖက်၊ ဆုရဖက် အလွန်ရင်းနှီးခင်မင်သော မိတ်ဟောင်း ဆွေဟောင်းကြီးများ ဖြစ်ကြလေသည်။ သူတို့မှာ ဖေဖေ့ကဲ့သို့ ဘောလုံးဝါသနာအိုးများ လည်း ဖြစ်ကြသည်။ ဖေဖေခေါင်းဆောင်လုပ်နေသော ကျောင်းဘောလုံးအသင်းက နိုင်၍ ဒိုင်းဆုကြီးရလာခဲ့လျှင် ဖေဖေ့ထက် သူတို့က ပို၍ဝမ်းသာခဲ့ကြသူများဖြစ်သည်။

ထိုမျှရင်းနှီး ခင်မင်သော မိတ်ဆွေများဖြစ်၍လည်း ဖေဖေက ပုသိမ်ပြန်ရောက်ပြီး နောက် သူတို့အိမ်သို့ အဦးဆုံးသွားလည်ခြင်း ဖြစ်လေသည်။ ထိုအချိန်တွင် ဦးအေးမောင် က နယ်ပိုင်ဝန်ထောက်ဖြစ်နေလေသည်။ သွားစဉ်တုန်းကတော့ ဖေဖေက ခဏတစ်ဖြုတ် ပြောဆိုနှုတ်ဆက်ပြီး မိုးမချုပ်မီ အိမ်ပြန်ခဲ့ရန် စိတ်ကူးထားသည်။ သို့ရာတွင် အချိန် အတော်ကြာကြာ ကွဲကွာနေခဲ့ပြီးနောက် ယခုလို ပြန်တွေ့ကြသည်တွင် မိတ်ဟောင်း ဆွေ ဟောင်းများပီပီ “စကားလက်ဆုံ ပြောလို့မကုန်” ဖြစ်နေမိကြသည်။ နောက်ဆုံး သေမင်း တမန် လေယာဉ်ပျံကြီးများ ရောက်လာတော့မှပင် စကားစဖြတ်သွားခဲ့ကြလေတော့၏။

သူတို့သည် မီးများကို ငြိမ်းလိုက်ပြီး အိမ်ပေါ်မှပင် အခြေအနေကို စောင့်ကြည့် နေလိုက်ကြသေးသည်။ နောက် လေယာဉ်ပျံပေါ်မှ မီးကျည်များချလာတော့မှ အောက်သို့ ဆင်းခဲ့ကြသည်။

ဦးအေးဖေတို့နေသောအရပ်မှာ မြို့၏ အရေးကြီးသော အချက်အချာနေရာဌာန အဆောက်အဦးများနှင့် အတော်လှမ်းသည်။ ထိုကြောင့် သူတို့က သိပ်မစိုးရိမ်ဘဲ ဗုံးခို ကျင်းကိုမျှ အကျအနတူးမထားခဲ့ကြ၊ ယခုထူးထူးဆန်းဆန်း မီးကျည်များ ချလာတော့မှ အခြေအနေကို ရိပ်စားမိကာ အိမ်ရှေ့ရှိ အမိုးမရှိသော ကျင်းပက်လက်ကြီးထဲသို့ ပြေးဆင်း လိုက်တော့သည်။ သူတို့အရပ်မှာ မြေအနိမ့်ပိုင်းဖြစ်ရာ ကျင်းထဲ၌ရေများက ထိုင်လိုက် သောအခါ ခါးဆစ်အထိမြုပ်နေလေတော့၏။

သူတို့ကျင်းထဲသို့ ထိုင်မိကြလျှင်ပင် လေယာဉ်ပျံများက ငရဲဗုံးများကို တဝေါဝေါ ပစ်ပစ်ချလိုက်ကြလေတော့သည်။

သူတို့ထိုင်နေကြသော ကျင်းမှာ ခေါင်းနှင့် မလွတ်တလွတ်ဖြစ်ရာ “ဝုန်း” “ဒိုင်း” နှင့် ဗုံးများက ပေါက်ကွဲလိုက်တိုင်း သူတို့မှာ ခါးဆစ်မြုပ်နေသော ရေထဲသို့ ဖင်ပူးတောင်း ထောင်ကာ ဝပ်ချနေခဲ့ကြရလေသည်။ ထိုနောက် ဖေဖေတို့မှာ ရေထဲတွင် ငုတ်ချည် ပေါ်ချည်လုပ်နေကြရလေတော့သည်။

မီးကျည်မီးပန်းများနှင့် ဗုံးသံ၊ အမြောက်သံများကို နီနီလေးတို့ရှိရာဘက်ဆီမှ မြင်ရကြားရ ခန့်မှန်းရသောအခါ အပူအပင် အစိုးရိမ်ကြီးတတ်ခဲ့သူ ဖေဖေ့ခမျာ ကိုယ့်ဒုက္ခထက် ဇနီးမယားနှင့် သားသမီးများအတွက် ရင်ထဲ၌ ငရဲဖုံးကိုမျိုထားရသလို ပူလောင်နေခဲ့ရှာလေသည်။ မကြံုစဖူး တုန်လှုပ်ချောက်ချားဖွယ်ရာ အခြေအနေများအရ ဖေဖေ့စိတ်တွင် မေမေတို့သားအမိတစ်စုတော့ သေကုန်ကြပါပြီဟုပင် ရင်ထဲ၌ အားငယ်ထိခိုက်နေမိလေသည်။ သို့ရာတွင် မရကာမှ နေရောဟု သဘောထားကာ စိတ်ကိုတင်းလျက် ဖေဖေက ဘုရားကိုသာ နာနာဖိ၍ ဆုတောင်းနေလိုက်တော့သည်ဆို၏။

လေယာဉ်ပျံများ ခဏပြန်သွားကြလျှင် ဖေဖေတို့က အိမ်ပေါ်သို့ ပြန်တက်၍ အဝတ်ခြောက်များကို လဲဝတ်ကြသည်။ ပြီးလျှင် ဖေဖေက အိမ်သို့ချက်ချင်း ပြန်ပြေးခဲ့ရန်ပြုသည်။ သို့ရာတွင် အခြေအနေမှာ စိတ်မချသေးသောကြောင့် ဦးအေးဖေတို့က ခဏစောင့်ကြည့်ပါဦးဟု အတင်းတားထားခဲ့ကြသည်။

ထင်သည့်အတိုင်းပင် လေယာဉ်ပျံများက နောက်တစ်ကျော့ပြန်လာကြပြီး ချပြန်တော့၏။ ဦးအေးဖေသာ တားမထား၍ ဖေဖေတို့ပြန်လာခဲ့ပါက လမ်းမှာတွင် နောက်တစ်သုတ်နှင့်တိုးပြီး ဒုက္ခလှလှတွေ့ကြပေလိမ့်မည်။

"နောက်လာတဲ့ မောင်ပုလည်း … ဒိုင်းဝန်ထက်ကဲ" နေသော ဒုတိယအသုတ်၏ ကြမ်းပုံ၊ ရမ်းပုံများကြောင့် ဖေဖေသည် နီနီလေးတို့သားအမိတစ်စုကို ပြန်လည်တွေ့ဆုံရန် မျှော်လင့်ချက်များပင် ကုန်ခန်းသွားမိလေတော့သည်။

နောက်လေယာဉ်ပျံများ ပြန်သွားကြလျှင်တော့ ဖေဖေနှင့် ဦးလေးကြိုင်တို့က အချိန်မဆိုင်းတော့ဘဲ အိမ်သို့ ပြန်ပြေးခဲ့ကြတော့သည်။ ဦးအေးဖေက ဖေဖေတို့ကို လမ်းထောင့်အထိ လိုက်ပို့ပေးလေသည်။

ယခု တစ်ဦးနှင့် တစ်ဦး ဘေးကင်း ရန်ကင်း ပြန်တွေ့ကြရသောအခါ ဖေဖေတို့မှာ စိတ်အေးသွားကြပြီး ရှေ့ဆက်ပြီး စခန်းသွားရန်အတွက် အစီအစဉ်များကို ပြင်ဆင်ပြုလုပ်လိုက်ကြလေတော့၏။

သန်းခေါင်ကျော်လောက်တွင် လောင်ကျွမ်းနေသော မီးအရှိန်များက လျော့ပါးစပြုလာသည်။ သို့ရာတွင် "တိုင်းဖုံး"ကြီးများကတော့ တစ်ချက် တစ်ချက်၌ တစ်မြို့လုံးတုန်သွားအောင် ထပြီးပေါက်ကွဲနေကြဆဲဖြစ်သည်။ လမ်းများပေါ်တွင် ဂျပန်စစ်ကားများက ဗျာယာခတ် ဖြတ်သန်းသွားလာနေကြသည်။ စစ်ဘေးစစ်ဒဏ်ကို မချိတရိနှင့် ထိခိုက်ခံစားရှာကြရသူများကိုလည်း ဆေးရုံသို့ ပို့၍မစွဲ တသဲသဲပင် ရှိနေကြတုန်းပင်။

ဆောင်းဦးနံနက်၌ နှင်းမှုန်များကျပြီး လေအေးကလည်းတိုက်နေရာ နီနီလေးတို့မှာ ချမ်းလာကြတော့၏။ ထိုအခါ ဖေဖေက သူတို့အတွက် အနွေးထည်များကို အိမ်ပေါ်မှ သွားယူပေးသည်။ ဦးလေးလှိုင်နှင့် ဦးလေးကြိုင်တို့ကလည်း မွေ့ရာနှင့် စောင်များ၊ ခေါင်းအုံးများကို သယ်ချလာပြီး ဗုံးခိုကျင်းနားမှာပင် နီနီလေးတို့အတွက် ဖြန့်ခင်းပေးလေသည်။ ထိုအခါ နီနီလေးတို့ မောင်နှမတစ်စုလည်း နှင်းမှုန်မှုန်အောက်တွင် စောင်ခြုံ၍ ထွေးနေလိုက်ကြတော့သည်။

ထို့နောက် ခဏအကြာတွင်မူ ဆိုးဝါးလှသော စစ်ဘေးစစ်ဒဏ်ကို သွေးပျက်မတတ် တုန်လှုပ်ချောက်ချားစွာ ကြုံတွေ့ခံစားလိုက်ရသော နီနီလေးခမျာ အရှိန်မပျောက်သေးသော မီးရောင်များကို ငေးရင်း ပြီးလျှင် ဆက်လက် ပေါက်ကွဲနေသေးသော တိုင်းဗုံးအသံကြီးများကိုလည်း ရင်ထိတ်စွာ ကြားနာရင်းမှပင် စိတ်ပင်ပန်းလူပင်ပန်းဖြင့် မှေးခနဲ အိပ်ပျော်သွားခဲ့လေတော့၏။

သူအိပ်ပျော်သွားခဲ့၍ တအောင့်လောက်အကြာတွင် ရုတ်တရက် အနီးကပ် ထပေါက်လိုက်သော "တိုင်းဗုံး"သံကြီးကြောင့် နီနီလေးမှာ လန့်နိုးလာလေသည်။

မီးအရှိန်များ လျော့ပါးသွားပြီမို့ အစောပိုင်းတုန်းကလို မီးညွန့်မီးလျှံကြီးများ မရှိကြတော့သော်လည်း တမြေ့မြေ့ကား ကျွမ်းလောင်နေဆဲဖြစ်လေသည်။ မီးခိုးမှိုင်း ရိုက်ထားနေသော ကောင်းကင်ပြင်ကြီးမှာ နှင်းမှုန်များဖြင့်ရောကာ ညှိုမှိုင်းမှိုင်းဖြစ်နေသည်။

အိမ်အောက်တွင် မီးခွက်ကလေးများကိုင်လျက် လူများ ဟိုသွား သည်ကူးပြုနေကြသည်ကို နီနီလေးက လှမ်းမြင်နေရသည်။ ထိုအခါ သူ့တွင် အိပ်ချင်စိတ်လည်းမရှိတော့သဖြင့် အိမ်ဆီသို့ ထသွားလိုက်သည်။ သူရောက်သွားလျှင် အိမ်ရှေ့မှ ဒေါ်ကြီး၊ ဒေါ်လေးနှင့် ဦးဘလွန်းတို့လည်း ရောက်နေကြသည်ကို တွေ့ရသည်။ ဒေါ်ကြီးတို့နှင့်အတူ ဖေဖေ မေမေ၊ ဦးလေးလှိုင်နှင့် ဦးလေးကြိုင်တို့ပါ မီးခွက်ကိုယ်စီဖြင့် ပစ္စည်းတစ်ခုကို ရှာနေကြလေသည်။

ဒေါ်ကြီးက တကယ်ယူလာခဲ့လို့လား"

"ယူလာခဲ့ပါတယ် ... သေသေချာချာကို ယူလာခဲ့တာ"

မေးသူကို ဒေါ်ကြီးက ပြန်ဖြေရင်း သူကိုယ်တိုင်လည်း ကုန်းကုန်းနှင့် ဟိုရှာသည်ရှာနေသည်။ ကျန်လူများမှာလည်း တစ်အိမ်လုံး ချောင်ကြို ချောင်ကြားနှင့် ရေတွင်းဘေး သရက်ပင်အောက်သို့ အထိ နေရာအနှံ့လိုက်ရှာလိုက်ကြပြန်သည်။ သို့ရာတွင် ရှာသော ပစ္စည်းကိုကား မတွေ့ကြ။

"ဒေါ်ကြီး ... ယူမလာလို့ဖြစ်ပါလိမ့်မယ်"

"အို ... ယူလာခဲ့ပါတယ်ဆို ... သေသေချာချာကို ခေါက်ပြီးမှ ယူလာခဲ့တယ်... ဒီရောက်မှ ဘယ်မှာ မေ့ချထားလိုက်မှန်း မသိတာ"

ဘာပစ္စည်းပျောက်နေကြောင်းကို နောက်မှ နီနီလေးလေးသိရသည်။ သူတို့အိမ်မှ ကူးလာတော့ ဒေါ်ကြီးက သူ့လုံချည်တစ်ထည်ကို ယူလာခဲ့သည်ဆို၏။ ရောက်ပြီးခါတွင် သူ့လုံချည် ဘယ်ချထားလိုက်မှန်းမသိတော့။ ထိုအခါ အားလုံးက ဝိုင်းရှာပေးလိုက်သည်။ သို့ရာတွင် ဘယ်မှာမှမတွေ့။ သူ့ကို ယူမှ လာရဲ့လားဟု ဝိုင်းပြောခံရသဖြင့် ဒေါ်ကြီးလည်း မကျေမနပ် စိတ်တိုသွားပုံရသည်။

"ယူလာတယ်ဆို ရှိရမှာပေါ့ ... ခုတော့ ... တစ်အိမ်လုံး နှံ့နေပြီ ဘယ်မှာမှလည်း မတွေ့ဘူး"

ဒေါ်လေးက သူ့အစ်မကို စိတ်မရှည်ချင်တော့သလို ပြောလိုက်သည်။ ပြီး ဆက်ရှာကြပြန်သည်။ ရှာသူများလည်း ဦးနှောက်ခြောက်ကုန်ကြတော့သည်။

"ဒေါ်ကြီးချိုင်းမှာ ညှပ်ထားတာဘာလဲ ..."

ရှာနေကြသူများထဲမှ တစ်ယောက် ဒေါ်ကြီးကို ကြည့်၍ ရုတ်တရက် လှမ်းမေးလိုက်သည်။ ထိုအခါ ကျန်လူများက ဒေါ်ကြီးကို လှည့်ကြည့်လိုက်ကြသည်။ ဒေါ်ကြီးကလည်း သူ့ချိုင်းကြားကို သူပြန်ငုံ့ကြည့်လိုက်ပြီး ...

"အေး ... ကဲ ... မပြောချင်တော့ပါဘူး" ဟု ဆိုလိုက်သည်။

ဒေါ်ကြီးက ပြောပြောဆိုဆို သူ့ချိုင်းကြား၌ ညှပ်ထားနေသော လုံချည်ခေါက်ကလေးကို ဆွဲထုတ်ယူလိုက်တော့သည်။

"ကဲ ... ကောင်းကြရော ... ဟား ... ဟား ... ဟား"

လူတွေမှာ "ငိုအားထက် ရယ်အားသန်" ကြရလေတော့၏။ လူတွေ ဖတ်ဖတ်မောအောင် ရှာပုံတွေဖွင့်ခဲ့ရသော ဒေါ်ကြီး၏ လုံချည်ပျောက်မှာ နောက်ဆုံးတော့ အမေ့မေ့အလျော့လျော့ ဖြစ်နေသော ဒေါ်ကြီး၏ ချိုင်းကြားတွင် ပြန်တွေ့လေတော့၏။

ထိုနောက် ဖေဖေတို့သည် နောက်တစ်ကျော့ စစ်ပြေးဖို့အရေး ပြင်ဆင်လိုက်ကြရပြန်တော့၏။ ကိုစိန်မောင်က သူနှင့်အတူ သူတို့ရွာကို ပြန်လိုက်ခဲ့ရန် ဖေဖေတို့ကို အတင်းပင် ခေါ်ရှာသည်။ သို့ရာတွင် ဖေဖေတို့က ကိုမောင်စိန်တို့ကို ခင်မင်သော်လည်း "ခေါင်" လွန်းသော သူတို့အရပ်သို့မူ မလိုက်လိုကြတော့ပေ။

ထိုကြောင့် ဖေဖေက ကိုစိန်မောင်တို့ကို ခင်မင်သော်လည်း ယခုမူ ဆရာကြီး

ဦးဘလွန်းတို့က ခေါ်နေသော "သူတော်ကုန်း" ရွာဆိုသည့်အရပ်သာ လိုက်သွားတော့မည် ဖြစ်ကြောင်း ကျိုးကြောင်း ရှင်းလင်းပြောပြလိုက်လေသည်။ ဆရာကြီး ဦးဘလွန်းတို့က "သူတော်ကုန်း"တွင် အိမ်များပင် ဆောက်ထားပြီးကြ၍ ဆရာပါချိုမိသားစုပင် ပြောင်းရွှေ့သွားခဲ့ကြပေပြီ။ သူတို့က နောက်မှ လိုက်မည့်ဆဲဆဲသားတွင် ယခုလိုအဖြစ်ဆိုးနှင့် တိုးနေခဲ့ရခြင်းဖြစ်လေသည်။ ဒေါ်ကြီးကလည်း အတင်းပင်ခေါ်နေရာ မေမေတို့က လိုက်ရန် သဘောတူ ဆုံးဖြတ်လိုက်ကြတော့သည်။

ကိုမောင်စိန်လည်း ဖေဖေတို့ကို ခေါ်မရသည့်အဆုံး သူ့အတွက်ငွေ အဝတ်ထုပ်နှင့် ကြိမ်ခွေများယူလျက် မျက်ရည်ဝဲဝဲဖြင့် သူ့သမွန်ဆီသို့ ဆင်းသွားရှာတော့သည်။

အချိန်မှာ ရောင်နီပျိုး၍ အလင်းရောင်ကလေးပင် ဖြန့်စပြုလာခဲ့ပေပြီ။

နောက်တော့ ဦးလေးလှိုင်နှင့် ဦးလေးကြိုင်တို့က "ပေပင်"မှ ပြန်သယ်လာခဲ့ကြသော အထုပ်အပိုးပစ္စည်းများကို ယခုတစ်ဖန် "သူတော်ကုန်း"ကို ယူသွားဖို့အတွက် သမွန်ထဲသို့ သယ်ချနေကြရပြန်တော့၏။ ကိုအောင်ကလည်း လာ၍ ကူညီသယ်ပိုးပေးလေသည်။

မေမေက အိမ်ပေါ်တက်သွားသည်တွင် နီနီလေးလည်း နောက်မှ တက်လိုက်သွားမိသည်။

"ဟဲ့ ... သမီး ... မုန့်စတွေ စူးမယ်နော်"

ထမင်းစားခန်းရှိ စားပွဲကြီးနားသို့ရောက်လျှင် မေမေက လှည့်ပြောပြီး မုန့်စများ မရှိသည့်ဘက်မှ ကွေ့ခေါ်လိုက်သည်။ နီနီလေးက မော့ကြည့်လိုက်ရာ ခေါင်မိုးမှအလင်းရောင်ပေးသော ပြတင်းပေါက်ကြီးမှာ မှန်သားများမရှိတော့ဘဲ သံဇကာကွက်ကလေးများသာ ကျန်တော့သည်ကို တွေ့ရလေသည်။

နောက် မေမေနှင့်အတူ အိပ်ခန်းထဲသို့ နီနီလေးက ဝင်လိုက်သွားခဲ့ပြန်သည်။ မေမေက သူ့ဟာသူ အလုပ်များနေစဉ် နီနီလေးကလည်း ခါတိုင်းလို ခြေဖျားကလေးထောက်ပြီး အဝတ်ဗီရိုထိပ်မှ မှန်ထောက်ဝိုင်းကြီးကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် မှန်ဝိုင်းကြီးထဲ၌ သူ့အရိပ်က ခါတိုင်းလို ထင်မလာခဲ့ပေ။ သူက မကျေမနပ်ဖြစ်သွားသည်။ ထို့ကြောင့် အနားသို့ကပ်သွားပြီး ဗီရိုထိပ်ကို လက်ကလေးနှစ်ဖက်နှင့်ပါ အားပြုဆွဲခိုရင်း ထပ်၍ ကြည့်လိုက်ပြန်သည်။ ထိုအခါမှ နီနီလေးတွေ့လေတော့၏။ သူ့အရိပ်ကိုတော့ မဟုတ်၊ သစ်သားပေါင်ကြီးနောက်ကျောမှ ကျည်ဆံပေါက် ဟောင်းလောင်းရာများနှင့် ဘောင်၏အောက်ခြေ ဗီရိုထိပ်တွင် စုပုံနေသော **မှန်သားအပိုင်းအစများသာဖြစ်လေ**

တော့သည်။

မိုးလင်းသည်ဆိုလျှင်ပင် မေမေက စောင်ကြီးတစ်ထည်ခေါင်းပေါင်းပြီး အဘွားနှင့် နီနီလေးတို့ မောင်နှမတစ်စုကိုခေါ်၍ အရီးလေးတို့အိမ်သို့ ထွက်ခဲ့တော့သည်။ ကိုနောင်က သူတို့ကို လာခေါ်သည်။

သူတို့ကဲ့သို့ပင် အခြားသော "စစ်ပြေး"များကိုလည်း လမ်းတစ်လျှောက်၌ နီနီလေး တွေ့ခဲ့ရလေသည်။ လူတွေ၏ မျက်နှာများမှာ ကြောက်လန့်တုန်လှုပ်ခြင်းဖြင့် အရေးတကြီး ပျာပျာလောင်ဖြစ်နေကြသည်။

လမ်းတစ်နေရာတွင် ထုံးနှင့် ဝိုင်း၍ ပြထားသော အမှတ်အသားတစ်ခုကို တွေ့ကြရသည်။

"ဟဲ့ ... တိုင်းဖုံးကျနေလို့ မှတ်ထားတာထင်တယ် ... လာလာမြန်မြန်ပြေးကြ"

မေမေက စိုးရိမ်တကြီးဖြင့် နီနီလေးတို့ ကလေးတွေကို ထိုနေရာမှ အမြန်ဆုံး ဝေးအောင် အပြေးခိုင်းလေသည်။ ခြေနာသောအဘွားနှင့် ကိုယ်ဝန်ဆောင်ထားနေရသော မေမေတို့ကလည်း တတ်နိုင်သလောက် အမြန်ဆုံး လျှောက်လိုက်ကြလေသည်။ ထိုနေရာနှင့် အတော်ကြီး ဝေးလာခဲ့တော့မှသာ နီနီလေးတို့မှာ အသက်ကို ရဲရဲရှူဝံ့ကြတော့သည်။ သို့ရာတွင် နောက်မှ နီနီလေးတို့ သိကြရသည်။ ထုံးဝိုင်း၍ မှတ်ထားသည်မှာ "တိုင်းဖုံး" မဟုတ်။ 'မီးကျည်'တံတစ်ခု မြေကြီးထဲသို့ ဝင်သွားခဲ့သောနေရာသာ ဖြစ်သည်ဟူ၏။

နောက်ဆုံး အရီးလေးတို့အိမ်သို့ ရောက်သွားကြသောအခါ သူတို့ကလည်း ဘယ်ပြေးရမှန်းမသိသေးပေမယ့် အထုပ်အပိုးများပြင်၍ အသင့်စောင့်နေကြသည်။ မေမေက "သူတော်ကုန်း"သို့သွားမည်ဖြစ်ကြောင်း အရီးလေးကို ပြောပြလိုက်ရသည်။

❐

# ပြေးကြလေဦးတစ်ခါ

နီနီလေးတို့တစ်တွေ အပြေးအလွှားဖြင့် အရီးလေးတို့အိမ်သို့ရောက်ပြီး တအောင့်လောက်အကြာတွင်မှ ဖေဖေနောက်ကလိုက်လာသည်။

နောက်တော့ အရီးလေးတို့ နှစ်အိမ်ထောင်စုပြီး 'စစ်ပြေးခရီးစဉ်' အသစ်ကို နောက်တစ်ခါ ထွက်ခွာကြရပြန်တော့၏။

သူတို့သည် ယိုးဒယားကုန်းမှ ထွက်ခဲ့ပြီး 'ပိုးကရင်ကျောင်း' ရှေ့မှ ဖြတ်လျက် အောဘီအိမ်ကျောင်းဝင်းကြီးနှင့် ဘောလုံးကွင်းကြီးကို ပတ်၍လျှောက်သွားလိုက်ကြသည်။ ကမ်းနားလမ်းသို့ ချိုး၍ မကွေ့မီညာဘက်ခြံကြီးထဲမှ အစိုးရအဆောက်အဦးများ၊ ဗုံးကျပျက်စီးပြီး မီးလောင်ကျွမ်းထားသည်ကို နီနီလေးတို့ တွေ့ကြရလေသည်။ ဗုံးကျသဖြင့် ကျင်းကြီး၊ချိုင့်ကြီးများလည်း ဖြစ်ပေါ်နေသည်။ လူတစ်စုက ပေါက်တူး၊ပေါက်ပြားများနှင့် လှုပ်လှုပ်ရှားရှား အလုပ်များနေကြသည်။ အနီးတွင် အဒေါ်ကြီးတချို့ ထိုင်ငိုနေကြသည်။

'မြေကျင်းပိလို့ တူးဖော်နေကြတာ'

ဖေဖေကပြောပြတော့မှ ညဘက်ဗုံးဒဏ်ကြောင့် မြေကျင်းများ ပြိုကျပိနေခဲ့ကြခြင်း၏အဖြစ်ကို နီနီလေးသိရလေသည်။ ထိုအခါ ညတုန်းက သူတို့ခိုအောင်းနေခဲ့ကြသော မြေကျင်းကြီး တုန်ခါသွားလျက် မြေခဲများ တသဲသဲပြိုကျခဲ့သည်ကို နီနီလေးက ပြေး၍

သတိရလိုက်မိကာ ကြက်သီးကလေးပင် ထသွားမိလေတော့သည်။ အဲသည်တုန်းက သူတို့မြေကျင်းကြီးလည်း ပြိုကျခဲ့ပါက သူတို့ဘယ်သို့ အသက်ရှူရပါ့၊ ဘယ်သူတွေက လာပြီး တူးဖော်ပေးကြပါ့ဟု သူတွေးချင်ရာ လျှောက်တွေးကြည့်လိုက်မိသည်။ ပြီးတစ်ခါ ညတုန်းက ဗုံးဒဏ်ကြောင့် လူတွေအများကြီး သေကြမှာပဲဟု စဉ်းစားမိပြန်ကာ သူ့အသိကလေးနှင့်သူ လူတွေအတွက် စိတ်မကောင်းဖြစ်လိုက်မိပြန်သည်။

စိတ်မကောင်းမိသည်နှင့်အမျှ ညတုန်းက အဖြစ်ဆိုးမျိုးကို နောက်တစ်ခါကြုံရဆုံရမှာ ကြောက်မိသည်။ မကြုံလို၊ မဆုံလိုတော့ စစ်ကြီးပြီးသွားမှသာ ထိုကြောက်စရာအဖြစ်ဆိုးမျိုးနှင့် ကင်းဝေးနိုင်မည်ကို နီနီလေးက ကလေးအသိနှင့်ပင် နားလည်လိုက်လေသည်။ ထို့ကြောင့် သူက သူ့အလွန်ကြောက်သော မုန်းသော 'စစ်ကြီး'အမြန်ဆုံး ပြီးပါစေဟု တတ်သလိုပင် ဆုတောင်းလိုက်မိပြန်လေတော့၏။

ကမ်းနားကူးတို့ ဆိပ်တွင် ဆရာကြီး ဦးဘလွန်းတို့ကရောက်နှင့်နေကြသည်။ ကူးတို့ဆိပ်တစ်ခုလုံးမှာ 'စစ်ပြေး' ခရီးသည်များဖြင့် စုပြုံပြည့်ကျပ်နေသည်။ ကူးတို့သမ္ဗန် ကုလားများမှာ လက်မလည်နိုင်အောင် မြစ်ပြင်ကြီးကို လူးလာခေါက်တုံ့ ဖြတ်ကူးလှော်ခတ်နေကြရလေသည်။ သမ္ဗန်အလှည့်ရရန် ဘကြီး ဦးဘလွန်းနှင့် ဖေဖေတို့က လူအုပ်ကြားသို့ တိုးကာ သွားစောင့်နေကြရသည်။

နောက် သမ္ဗန်ရလျှင် နီနီလေးတို့ အားလုံး သုံးအိမ်ထောင်ပေါင်း၍ တစ်စင်းထဲမှာပင် စုစည်းလိုက်ကြသည်။ ပြီးလျှင် သမ္ဗန်ကုလားက ခတ်တက်ကို "တကျွိကျွိ"မြည်အောင် ခတ်ရင်း ဆိပ်မှခွာလိုက်တော့သည်။ ထိုအခါ နီနီလေးတို့သည် နှင်းဝေ့ဝေ့မြစ်ပြင်ဝယ် သမ္ဗန်၏ ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားကြရလေတော့သည်။

သူတို့သမ္ဗန် မြစ်လယ်သို့အရောက်တွင် ဈေးချောင်းထဲမှထွက်လာခဲ့သော ဦးလေးကြိုင်တို့ သမ္ဗန်နှင့် သွားဆုံသဖြင့် အချင်းချင်း လှမ်း၍ နှုတ်ဆက်လိုက်ကြလေသည်။ နီနီလေးတို့က ကုန်းလမ်းမှ ခြေလျင်သွားကြရမည်ဖြစ်ပြီး ဦးလေးလှိုင်၊ ဦးလေးကြိုင်တို့နှင့် ကိုအောင်တို့က ပစ္စည်းတွေဖြင့် ရေလမ်းမှ သွားကြရန် ဖြစ်သည်။

သူတို့သမ္ဗန် တစ်ဖက်ဆိပ်ကမ်းသို့ ဆိုက်ကပ်လိုက်လျှင် သူတို့အားလုံးတက်လိုက်ကြရသည်။ အချိန်မှာ နှင်းကွဲစ နံနက် ၈ နာရီခန့်ရှိပေပြီ။ သူတို့သည် ကမ်းပေါ်သို့တက်ပြီး မကြာမီမှာပင် ပထမထဲက ဗုံးကျပြီး မီးလောင်ပျက်စီးသွားခဲ့သော "ကန်ကုန်းစက်"ဝင်းမီးလောင်ပြင်ကြီးကို ဖြတ်လျှောက်သွားကြရသည်။

ထိုနောက်တွင်တော့ သူတို့ "စစ်ပြေး"တစ်စုသည် ခြေလျင်ခရီးကြမ်းကြီးကို

စတင်၍ လှမ်းခဲကြရလေတော့၏။ အခြား "စစ်ပြေး"များလည်း သူ့အစုနှင့်သူ၊ ကိုယ့်လမ်းနှင့် ကိုယ်သွားနေကြသည်ကို တွေ့ရသည်။ လမ်းတွင် ဖေဖေတို့၏ မိတ်ဆွေ ကုလားလူမျိုး ဆရာ "အဲလ်ဖရက်" ဆရာကတော် "ဒေါ်ပိနီးနာ"တို့နှင့် သွားတွေ့ကြသည်။

အမှန်က ဆရာ "အဲလ်ဖရက်"တို့ အိမ်သားများမှာ စောစောတည်းကပင် "သူတော်ကုန်း"သို့ ပြောင်းနေကြပြီး ဖြစ်သည်။ ယခု မြို့သို့ ခဏဈေးဝယ်လာရင်း မုံးချသည်နှင့် တိုးနေခဲ့ခြင်း ဖြစ်ကြသည်။ "ဒေါ်ပိနီးနာ"မှာလည်း ကိုယ်ဝန်ဆောင်ကြီးနှင့် ဖြစ်ရာ မေမေနှင့် အဖော်ရသွားခဲ့တော့၏။

သူတို့အဖွဲ့မှာ ဖေဖေနှင့် ဆရာအဲလ်ဖရက်မှ လွဲ၍ အဘိုးကြီး အဘွားကြီး ကိုယ်ဝန်ဆောင်နှင့် ကလေးအုပ်စုများသာဖြစ်ရာ ခပ်ဖြည်းဖြည်းသာ လျှောက်နိုင်ကြသည်။ ပတ်ကြား အက်များနှင့်သာ ပြည့်နေပြီး ဂလုဂလက် ချိုင့်ခွက်ပေါများသော တောလမ်းခရီးကြမ်းတွင် သူတို့အဖို့ မြန်မြန်လျှောက်ချင်၍လည်း မလျှောက်နိုင်ကြပေ။ ကိုယ်ဝန်မဆောင်သော အရီးလေးမှာလည်း သူ့သမီးအငယ်ကိုချီ၍ လျှောက်နေရသည်။ နီနီလေး၏ ညီမငယ် စီစီလေးကိုမူ ဖေဖေနှင့် ကိုကြီးတို့က ချီတစ်လှည့် ကုန်းပိုးတစ်လှည့် လုပ်လာနေခဲ့ကြရသည်။ အရီးလေး၏ သမီးငယ်ကို ကိုနောင်ကလည်း တစ်လှည့်တစ်လှည့် ကူချီပေးလေသည်။ ကလေးအုပ်စုတွင် ကြီးကြီးများဆို၍ ဆယ်ကျော်နှစ်ရွယ် ကိုကြီးနှင့် ကိုနောင်တို့ နှစ်ယောက်ထဲသာဖြစ်၍ ကျန်သူများမှာ ဆယ်နှစ်အောက်ရှိ အရွယ်အဆင့်ဆင့်ကလေးများသာ ဖြစ်ကြလေသည်။

နေကလည်းပူစပြုလာခဲ့ပေပြီ။ အတော်ကလေး လျှောက်မိကြလျှင် သူတို့ရှေ့၌ ချောင်းရိုးကလေးတစ်ခုကို တွေ့ရလေသည်။ ချောင်းရိုးကလေးမှာ ဘယ်နေရာက အစပြုပြီး ဘယ်အထိ ဆင်းသွားသည်မသိ လယ်ကွင်းများကြားတွင် မြွေကြီးတစ်ကောင်လို တွန့်လိမ်လျက် မျက်စိတဆုံး မြင်နေရသည်။

ရေများခန်းစပြုနေပြီမို့ ခပ်စပ်စပ်သာ ကျန်တော့သည်။ သူတို့သည် ချောင်းစပ်နှုန်းများထဲသို့ စနင်းလိုက်လျှင် ခြေထောက်များ ကျွံဝင်သွားတော့သည်။ မေမေ ချော်မလဲအောင် ဖေဖေက တွဲခေါ်ပြီး တစ်ဖက်ကမ်းစပ်သို့ အရင်ပို့ပေးလိုက်သည်။ ကိုကြီးက ညီမငယ်စီစီလေးကို ကုန်းပိုးပြီး ကူးသွားသည်။ နီနီလေးကတော့ ကိုညီနှင့် လက်ချင်းတွဲပြီးကူးရလေသည်။ ရေအနက်မှာ သူ့ပေါင်လယ်အထိရောက်သဖြင့် နီနီလေး၏ ဂါဝန်အနားစကလေးများကပင် ရေစိုကုန်တော့သည်။ တရုတ်အဘွားကြီး "အားမ" မှာ သူ့ဘောင်းဘီအနက်ကြီး မ တင်ပြီး သူ့ကြိမ်ဆွဲခြင်းကြီးနှင့် ကူးသွားလိုက်သည်။ ခြေနာ

နေသော အဘွားကိုတော့ ကိုကြီးနှင့် ကိုညီတို့က တစ်ခေါက်ပြန်၍ တွဲခေါ်ရလေသည်။

သူတို့အားလုံး တစ်ဖက်ကမ်းသို့ရောက်လျှင် ရှေ့သို့ ခရီးဆက်ကြပြန်သည်။ နေကလည်း ပို၍ ပူလာသည်။ သူတို့တွင် တစ်ယောက်မှ ဆောင်းစရာထီးမပါကြ။ ဘကြီးဦးဘလွန်းနှင့် ဖေဖေ့မှာသာ ဘယ်သွားသွား ယူသွားလေ့ရှိသည့် ဖော့ဦးထုပ် တစ်လုံးစီပါကြသည်။

မေမေကမူ စောင်ကြီးကို ခေါင်းပေါင်းထားဆဲပင်။ အဘွားကတော့ ညတုန်းက အသက်စွန့်ပြီး ပြန်လုယူခဲ့သည့် သူ့မက်ကော စောင်အကွက်ကလေးကို ခေါင်းပေါ်အခေါက်လိုက်ကလေးတင်ထားသည်။ ဤတွင် မေမေက နီနီလေးတို့ကို အိုက်လာပြီမို့ ကိုယ်ပေါ်မှ အနွေးထည်များကို ချွတ်၍ ခေါင်းဆောင်းခိုင်းသည်။

နီနီလေး၏ စိတ်ထဲတွင်မူ အနွေးထည်များကို ကိုယ်ပေါ်လည်း မဝတ်ချင်တော့သလို ခေါင်းမှာလည်း ဆောင်းမထားလို။ နေပူကာမှပူ၊ လွတ်လွတ်လပ်လပ်သာ လျှောက်လိုသည်။ စောစောပိုင်းတုန်းကတော့ "မောင်နှမတွေ စုရုံးစုရုံးနှင့် သိပ်သတိမထားမိသေး။ ယခု ခရီးပန်းလာသည်နှင့်အမျှ သူတို့ကလေးတွေမှာ အချင်းချင်းစကားပင် မပြောနိုင်ကြတော့ဘဲ လူကြီးများအနားသို့ ကပ်တတ် ကပ်တတ် လုပ်လာကြလေသည်။

နီနီလေးသည် ညတုန်းက အသက်ထွက်မတတ် ထိတ်လန့်တုန်လှုပ်ခဲ့ရသည့်အပြင် အိပ်ရေးကလည်း ပျက်ခဲ့သည်။ သည်မနက်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ခဲ့ကြသည်မှာ ဘယ်သူမှ ဘာမှ မစားမသောက်ခဲ့ရကြ။ နေကပူ၊ အာကခြောက်ရေကဆာ၊ ခရီးကပန်း၊ လမ်းကကြမ်းနှင့် ခြေထောက်ကို တရွတ်တိုက်ဆွဲ၍ အနိုင်နိုင်ကြိုးစားလျှောက်နေရသည်။ ပျော့စိပျော့နဲ့နှင့် ကန်သင်းရိုးကိုပင် လွတ်အောင် မကျော်နိုင်၍ ချော်လဲကာ ဒူးပြဲရသေးသည်။ ရင်ထဲမှလည်း မောလာတော့၏။

သူတို့တစ်ဖွဲ့လုံးတွင် ဒေါ်ကြီးတစ်ယောက်မှာသာ ရေတစ်ပုလင်းပါလာခဲ့သည်။ သူ့အဖို့သောက်လိုက်လျှင် တစ်ကျိုက်တည်းနှင့် ရေတစ်ပုလင်းကုန်သွားလိမ့်မည်ဟု နီနီလေးက ထင်မိသည်။ နောက် ဒေါ်ကြီးက အာစိုရုံဟု သူတို့တစ်ဖွဲ့လုံးကို ပုလင်းလိုက်တေ့၍ တစ်ယောက်တစ်ငုံစီ စုပ်သောက်ခိုင်းလေသည်။ သို့ရာတွင် ရွံ့တတ်ပြီး ကြေးများသော နီနီလေးက မသောက်ဘဲနေလိုက်သည်။ ရင်ထဲက ဆာသော်လည်း ပေ၍ အငတ်ခံပြီး အောင့်ထားခဲ့လေသည်။

သည်သို့နှင့် နှစ်မိုင်ခန့်လျှောက်မိကြလျှင် သူတို့သည် တောရွာကလေးတစ်ခုသို့ ရောက်ခဲ့ကြလေတော့၏။ သစ်ရွက်များ စိမ်းစိမ်းစိုစိုနှင့် အရိပ်ရှိရာ သစ်ပင်အောက်များသို့

ရောက်သွားလျှင် နီနီလေး၏ ရင်ထဲ၌ အေးမြသွားသော အရသာကို ထူးထူးခြားခြား မှတ်မှတ်သားသား သတိထားခံစားလိုက်မိလေသည်။ ထိုနေရာကလေးတွင် သူတို့အားလုံး ခေတ္တနားကြသည်။

နီနီလေးသည် အရိပ်အောက်ရှိ မြက်ပင်ကလေးများပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။ သူ့စိတ်ထဲတွင် လဲ့တောင်အိပ်လိုက်ချင်မိသည်။ ထိုင်လိုက်တော့မှ ခြေထောက်တွေ အဘယ်မျှတောင့်ပြီး ညောင်းနေသည်ကို သတိထားမိလေသည်။ အရိပ်ထဲဝင်လိုက်တော့မှ ချွေးများကလည်း နေပူကျဲကျဲတွင် လျှောက်နေစဉ်ကထက် ပိုကဲ၍ ပြိုက်ခနဲ ထွက်ကျလာခဲ့လေသည်။

မောမောနှင့် နီနီလေးက ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်မိသည်။ သူတို့ အနီး ချုံပုတ်ကလေးများဘေးတွင် ရေတွင်းကြီးတစ်တွင်းကို တွေ့ရသည်။ သူတို့က ထသွားပြီး ကြည့်လိုက်ကြသည်။ ရေတွင်းကြီးမှာ အိုဟောင်း၍ နှုတ်ခမ်းများကျိုးပဲ့ပျက်စီး နေလေသည်။ အထဲ၌ ရေများရှိသော်လည်း သစ်ရွက်ကြွေများနှင့် ပြည့်နေသည်။

'အဲဒီရေတွေ မသောက်ကြနဲ့နော် ... ဖက်သွတ်ရေတွေ ... ဖျားတတ်တယ်'

ဒေါ်ကြီးက စိုးရိမ်စွာဖြင့် လှမ်း၍ သတိပေးတားမြစ်နေလေသည်။

ရေတွင်းအလွန်နားမှာတော့ ထုံးဖွေးဖွေးနှင့် စေတီကလေးတစ်ဆူရှိနေသည်။ ဘကြီး ဦးဘလွန်း၏ ပြောပြချက်အရ ထိုစေတီကလေးမှာ 'သံပတ်ဘုရား' ဟု သိကြရလေသည်။ လေအေးက ဖော့ရမ်းတိုက်ခတ်လိုက်လျှင် စေတီ၏ထီးကလေးမှ ညောင်ရွက်ကလေးများက ချာချာလည်သွားပြီး ဆည်းလည်းသံကလေးများက 'တချွင်ချွင်' မြည်သွားကြလေသည်။ နွေရာသီ၌ ထိုစေတီကလေးတွင် နှစ်စဉ် ဘုရားပွဲကျင်းပကြသည့်အကြောင်းများကိုလည်း ဘကြီး ဦးဘလွန်းက ပြောပြလေသည်။

ထိုစေတီ ထိုရေတွင်းနှင့် ထိုတောအုပ်ကလေးမှ ကျော်၍ကြည့်လိုက်လျှင် နေပူကျဲကျဲအောက်မှ လယ်ကွင်း လယ်ကွက်များကိုသာ တစ်မျှော်တစ်ခေါ်ကြီးတွေ့ကြရလေသည်။ လယ်ကွင်းများ၏ အလွန်တွင် တောအုပ်ကလေးများနှင့် ရွာတန်းအစုကလေးများကို ခပ်ပျပျလှမ်း တွေ့ကြရလေသည်။

နီနီလေးသည် ထမင်းလည်းဆာ ရေလည်ဆာနှင့် ရင်ထဲမှာပူလောင်ပြီး တုန်လှိုက်၍ မောနေသည်။ လူကြီးများကို ပူဆာလျှင်လည်း နှစ်သိမ့်စကားအပြင် ဘာကိုမျှ ရနိုင်မည်မဟုတ်မှန်းသိသဖြင့် အသာပင် ငြိမ်နေလိုက်တော့၏။

'ကိုင်း ... အမောပြေရင်လည်း ... ခရီးဆက်ကြဦးစို့ ...'

ဘကြီးဦးဘလွန်းက နှိုးဆော်လိုက်လျှင် သူတို့ 'စစ်ပြေး' တစ်စုလည်း မထချင် ထချင်ဖြင့် ခရီးဆက်ရန် ပြင်လိုက်ကြရလေသည်။ နီနီလေးသည် စိတ်မပါသော်လည်း အများနည်းတူ ခြေကို ဒရွတ်တိုက်ဆွဲ၍ ကြိုးစားလျှောက်လိုက်ရပြန်သည်။ နေကလည်း မြင့်လာလေ၊ အပူရှိန်က ပြင်းလာလေဖြစ်သည်။ နီနီလေးသည် ညောင်းညာပင်ပန်းလွန်းသဖြင့် သူ့ကို တစ်ယောက်ယောက်က ချီပိုးပြီးထမ်းခေါ်သွားစေချင်မိသည်။ ဖေဖေက ညီမငယ် စီစီလေးကိုသာ တစ်လမ်းလုံး ထမ်းသွားနေရာ သူ့အဖို့ ခိုင်းစရာ လူမမြင်ပေ။

အခါတိုင်းသာဆိုပါက နီနီလေးသည် ထိုင်ငိုမိမလားမသိ၊ ယခုမူ ညက ကြုံခဲ့ရသော ကြောက်စရာ စစ်ဘေးဒဏ်ကြီး၏ သွန်သင်ချက်အရ ဘဝပေးအသိဖြင့် သူ့အဖို့ ကိုယ့်ခြေနှစ်ချောင်းကိုသာ အားကိုးကြိုးစားလျှောက်ရမည်ဟု နီနီလေး နားလည်ထားလေသည်။ ထိုကြောင့် သူမငိုပေ၊ သူသည် မောပန်းနွမ်းနယ်မှုကို သက်သေလိုသက်သာ ငြားတော့ ဖေဖေနှင့် မေမေတို့၏လက်များကို တလှည့်စီ ဆွဲကိုင်၍ အားခဲသွားလိုက်လေသည်။

ပထမလျှောက်ခဲ့ပြီးသော ခရီးတစ်ပြန်လောက် နောက်ထပ်၍ သွားမိကြလျှင် ဘကြီးဦးဘလွန်းက ရုတ်တရက်ပြောလိုက်တော့သည်။

"ဟော ဟိုဟာ ... သူတော်ကုန်းရွာပေါ့ ...'

သူတို့က အားတက်သရော လှမ်းမျှော်၍ ကြည့်လိုက်မိကြသည်။ ထိုအခါ သိပ်မဝေးလှတော့သော နေရာဆီမှ 'သူတော်ကုန်း'ရွာဆိုသည်ကို တွေ့လိုက်ကြရတော့၏။ ရွာထဲမှ အိမ်ခေါင်မိုးသွပ်ဖြူဖြူ တချို့ကို သစ်ပင်အုပ်များကြားမှ လှမ်းမြင်ကြရလေသည်။

သူတို့ဦးတည်သွားနေသော 'သူတော်ကုန်း'ရွာသို့ ရောက်လုနီးပြီဟု သိရလျှင် နီနီလေးမှာ အားတက်ဝမ်းသာသွားမိသည်။ ရွာသို့ရောက်လျှင် ပထမဆုံး ခြေညောင်းသက်သာမည်။ ပြီးလျှင် 'တကြုတ်ကြုတ် ... တဂွီဂွီ' အော်မြည်ကာ ဆာလောင်မွတ်သိပ်နေသော သူတို့၏ ဝမ်းဗိုက်များအတွက် စားစရာတစ်ခုခု ရှာကျွေးမည်ဆိုသည်ကိုလည်း နီနီလေးက အတတ်သိထားလိုက်လေသည်။

သူတို့သည် လယ်လေးငါးကွက်ကို ကျော်လွန်ပြီးလျှင် ရွာအဝင်လမ်းပြေပြေကလေး တစ်ခုပေါ်သို့ ရောက်ရှိသွားကြလေသည်။ ထိုလမ်းကလေးအတိုင်း ဆက်ဝင်သွားလိုက်လျှင်တော့ ရွာထိပ်သို့ သူတို့ရောက်သွားကြလေသည်။

'လာ ... ဒီအိမ်မှာ ရေဝင်တောင်းသောက်ကြမယ်'

ရွာထဲသို့ဝင်မိလျှင် ဘကြီးဦးဘလွန်းက ပြောပြီး ဘယ်ဘက်တန်းရှိ ခြံတစ်ခြံထဲသို့

ဝင်သွားသည်။ သူတို့ကလည်း နောက်မှဝင်လိုက်သွားကြရသည်။

'ကဲ ... မူဂါ (အဒေါ်) ရေ ... ကျွန်တော်တို့ကို ကျွေးမွေးပြုပြီး ရေအေးအေး တိုက်စမ်းပါဗျို့ ...'

ဘကြီးဦးဘလွန်းက အိမ်ရှင်အဒေါ်ကြီးကို ရေတောင်းလိုက်သည်။ ထိုအခါ ကွမ်းဖတ်ကြီးငုံထားသော အဒေါ်ကြီးက အိမ်ထဲမှ ရေအိုးတစ်လုံးကို မ ထွက်လာခဲ့သည်။ နောက် သူတို့ 'စစ်ပြေး' တစ်စု ရှေ့သို့လာချလိုက်ပြီး လက်တံရှည် အုန်းမှုတ်ခွက်လုံးချော ခြောက်ခုကိုလည်း ရေအိုးပေါ်မှာ တင်ပေးလေသည်။

ဘကြီးဦးဘလွန်းက ရေမှုတ်ကြီးနှင့် တစ်မှုတ်ပြီး တစ်မှုတ်ခပ်ပြီး ကလေးတွေကို အရင်တိုက်လိုက်သည်။ သူ့အလှည့်သို့ ရောက်သောအခါ နီနီလေးက ရေမှုတ်အပြည့် တစ်ခွက်လုံးကို မနားတမ်း တစ်ကျိုက်ကျိုက် သောက်ချလိုက်လေသည်။ ရေမှာ ရေခဲရေ တမျှ အေးစက်နေသည်။ နေပူပူမှလာပြီး အေးစက်သောရေကို သောက်ချလိုက်ရသည်မှာ အရသာထူးလှပေတော့သည်။ ရေခဲတုံးကြီး မျိုချလိုက်ရသလို ရင်ထဲမှာ အေးမြ သွားလေသည်။ လူမှာလည်း ပန်းလာခဲ့သမျှ အားပြည့်ပြီး လန်းသွားသလို ထင်ရလေသည်။ နီနီလေးအဖို့ ထိုမျှအေး၍ ထိုမျှအရသာရှိသော ရေမျိုးကို သည်တစ်ခါသောက်ဖူး သည်ဟုလည်း စိတ်မှာ ထင်မိလိုက်လေတော့၏။

ကွမ်းဖတ်ကြီးငုံထားသော အိမ်ရှင်အဒေါ်ကြီးက ညတုန်းက ပုသိမ်မြို့ 'ငရဲခန်း' အကြောင်းကို ကရင်သံတဝဲဝဲနှင့် မေးစမ်းနေသဖြင့် ဘကြီးဦးဘလွန်းနှင့် ဖေဖေတို့က ဖြေကြားပြောပြခဲ့ကြရလေသည်။

❒

# သူတော်လူရွာ

သူတို့သည် ဘကြီးဦးဘလွန်း၏ နောက်မှ သူတော်ကုန်းရွာကြီးထဲသို့ ဆက်၍ ဝင်လိုက်သွားကြရပြန်သည်။ သို့ရာတွင် သည်တစ်ခါတော့ သူတို့သည် သဲများဖြင့် အိနေသော ရွာလမ်းမဖြူးဖြူးကြီးအတိုင်း လျှောက်ကြရသဖြင့် တောလမ်းကြမ်းကြီးထက် များစွာ သက်သာလှပေသည်။ ထို့ပြင် လမ်းဘေးရှိ သစ်ပင်အုပ်အုပ်ကြီးများကလည်း နေပူရှိန်မှ ထီးမိုးသလို မိုးပေးနေပြန်သည်။ ထိုရွာရှိလူများမှာ ရိုးသားအေးဆေးလွန်းကြသဖြင့် "သူတော်လူရွာ" ဟုလည်းခေါ်ကြောင်း ဘကြီးဦးဘလွန်းက ဖေဖေ့ကို ပြောပြလေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် အိမ်များက အစီအရီရှိနေကြသည်။ အိမ်များမှာ အကြီးအသေး အနိမ့်အမြင့် စသည်ဖြင့် ပုံစံအမျိုးမျိုး အရွယ်အစားစား ဖြစ်ကြသည်။ တချို့က ဝင်းကလေး၊ ခြံကလေးများကိုပင် သပ်သပ်ယပ်ယပ် ခတ်ထားကြသည်။ ရွာလမ်းပေါ်တွင် ကလေးများ ဆော့ကစားနေကြသည်။ အမျိုးသမီးကလေး တချို့က သီချင်းတအေးအေးဖြင့် ဆန်ဖွပ်မောင်းထောင်းနေကြသည်ကိုလည်း လှမ်းတွေ့ကြရသည်။ သူတော်ကုန်းရွာကြီးကို ကြည့်ရသည်မှာ အထူးပင် အေးချမ်းနေလေသည်။ ကမ္ဘာစစ်ကြီးမှာ သူတို့နှင့် ဘယ်လိုမှ မပတ်သက်သလို ထင်ရလေသည်။

သူတို့ဆက်လျှောက်လာကြစဉ် လမ်းဘေး၌ မုန့်သည် တစ်သည်ကို တွေ့ကြရသည်။ ပန်းကလေးထဲတွင် အုန်းသီးနှင့် ထန်းလျက်ကို ဌာပနာပြီး အပေါ်မှ ဆန်မုန့်အပြားကလေးကို လေးထောင့်ပုံပြုလုပ်ထားသော "မုန့်လိပ်ပြာ" မုန့်ကလေးများ လေးငါး ခြောက်ခုရှိနေသည်။ မေမေတို့က တစ်ယောက်တစ်ခု ဝယ်ကျွေးလိုက်လျှင် မုန့်များမှာ ကုန်သွားတော့၏။

ဟိုစဉ်က သည်မုန့်မျိုးကို နီနီလေးမကြိုက်ခဲ့။ ယခုမူ ဗိုက်ထဲက ဆာလှသဖြင့် စားပစ်လိုက်သည်။ ထိုအခါ မုန့်ကလေးသည် နီနီလေး၏ပါးစပ်ထဲ၌ ချိုဆိမ့်၍ အထူးပင် အရသာတွေ့သွားမိလေတော့၏။ နောက်ထပ်၍ပင် စားချင်နေသေးသည်။ သို့ရာတွင် မုန့်ကမရှိတော့၊ သည်တော့လည်း သူ့မှာ မဆတ်တငံ့ မုန့်ကလေးတစ်ခုတည်းနှင့်ပင် ကျေနပ်လိုက်ရလေသည်။

ရွာလယ်လောက်တွင် သူတို့သည် ကျွန်းသား ကျွန်းတိုင်ကြီးများကို အုတ်ဖိနပ်အကျခံ၍ ဆောက်ထားသော ခြေတံရှည်အိမ်မြင့်မြင့်ကြီးတစ်ဆောင်ကို တွေ့ကြရသည်။ ဘကြီးဦးဘလွန်း၏ ပြောပြချက်အရ ထိုကျွန်းအိမ်ကြီးမှာ ရွာမှ အလယ်တန်းကျောင်းဖြစ်ကြောင်း နီနီလေးတို့ သိကြပြန်သည်။ တစ်ရွာလုံး ခရစ်ယာန်ဘာသာဝင်များသာဖြစ်ခြင်းကြောင့် တနင်္ဂနွေနေ့များ၌ ထိုစာသင်ကျောင်းကြီးကို သုဓမ္မာဘုရားရှိခိုးကျောင်းအဖြစ်လည်း အသုံးပြုကြသည်ဟုဆိုသည်။ ထိုကျောင်းကြီးမှာ သူတော်ကုန်းရွာ၏ ကျက်သရေဆောင်ကြီးပင် ဖြစ်လေတော့၏။ ဘကြီးဦးဘလွန်းက ရွာနှင့် ပတ်သက်သည့် အကြောင်းများကို တစ်လမ်းလုံး ပြောရင်းသွားနေခဲ့လေသည်။

ဆက်လျှောက်လာခဲ့ပြန်၍ အတော်ကလေးရောက်လျှင် ခေါက်ဆွဲဆိုင်တစ်ဆိုင်ကို တွေ့ကြရသည်။ ထိုခေါက်ဆွဲဆိုင်ရှင်မှာ "မူခါတို" ဖြစ်သော်လည်း အများကတော့ သူ့ကို "ကိုခါးတို" ဟု သာ ခေါ်ကြသည်ဆို၏။ "ပေပင်" "ပိတောက်ကုန်း" ရွာကလေး၌ ကုန်စုံဆိုင်ရှင်ကုလား "ခါးရှည်"ကို တွေ့ခဲ့ရပြီး ယခု "သူတော်ကုန်း" ရွာ၌ တိုက်တိုက်ဆိုင်ဆိုင် နီနီလေးတို့မှာ ကရင်အမျိုးသား "ကိုခါးတို"နှင့် လာဆုံနေကြပြန်တော့သည်။

ရွာတန်းကြီးမှာ ရှည်လျားလွန်းလှတော့သည်။ သူတို့အဖို့ သောက်ခဲ့ရသော ရေတစ်မှုတ်နှင့် မဆွတ်ပလွတ်စားခဲ့ရသော မုန့်ကလေးများ ဘယ်ချောင်ရောက်သွားကြသည်မသိ၊ ဝမ်းထဲမှ တဂွီဂွီအော်ကာ သူပုန်ထ ဆန္ဒပြကြသလို ခြေထောက်များကလည်း ညောင်းညာလာခဲ့ကြပြန်တော့သည်။

နောက်ဆုံး၌ အိမ်တန်းများဆုံးသွားကာ ဝါးရုံများကိုသာ တွေ့ရတော့သည်။

သူတို့လျှောက်လာနေသောလမ်းမှာလည်း တဖြည်းဖြည်း နိမ့်လျော၍သဲများမရှိတော့ ဘဲ မာကျောလာခဲ့သည်။ ထိုနိမ့်လျောကလေးအတိုင်း ဆက်လျှောက်ခဲ့ကြပြီး ဘကြီးဦးဘလွန်းက ဖေဖေနှင့်အတူ ဘယ်ဘက်သို့ ကွေ့ချိုးဝင်သွားလိုက်သည်။ နီနီလေးတို့ကလည်း နောက်မှ လိုက်ချိုးဝင်လိုက်ကြရသည်။

သူတို့သည် ဝါးပင်များအောက်ရှိ လူသွားလမ်းကလေးအတိုင်း လျှောက်ဝင်သွား၍ ဝါးရုံတောကလေးကို လွန်လိုက်လျှင်ပင် အိမ်စုတန်းကလေးတစ်ခုကို ဘွားခနဲ တွေ့လိုက်ကြရလေသည်။

"ဟော ... ရောက်လာကြပြီ"

သူတို့ရေဝင်တောင်း၍ သောက်နေကြစဉ် ရှေ့မှပြန်သွားနှင့်ကြသော ဆရာ "အဲလ်ဖရက်" တို့၏ သတင်းပေးထားချက်အရ ထိုအိမ်တန်းအစုကလေးမှ လူများက ကြိုတင်သိထားကာ သူတို့ကို ဆီးကြို၍ နှုတ်ဆက်လိုက်ကြလေသည်။

ထိုအိမ်တန်းအစုကလေးရှိ လူများအားလုံးမှာ ဖေဖေတို့၏ မိတ်ဆွေများချည့် ဖြစ်နေကြတော့သည်။ အားလုံးမှာ ဝါးနှင့်ဆောက်ထားသော တဲအိမ်ကလေးများသာ ဖြစ်လေသည်။

အဦးဆုံးအိမ်မှာ ဆရာ အဲလ်ဖရက်၏အိမ်ဖြစ်ပြီး သူနှင့်ကပ်နေသော အိမ်ကြီးမှာ အေဘီအမ်ကျောင်းအုပ်ဆရာကြီးဟောင်း ဘိုးဘိုးဦးချစ်ထွေးနှင့် ကြီးကြီး ဒေါ်မမတို့အိမ်ဖြစ်လေသည်။ ဘိုးဘိုးဦးချစ်ထွေးတို့ မိသားစုနှင့် ဖေဖေတို့မှာ ဆွေမျိုးရင်းချာပမာ ရင်းနှီးသူများဖြစ်ကြလေသည်။ သားသမီးများမှာလည်း ဖေဖေ့တပည့်များပင် ဖြစ်ကြသည်။ ဦးလေးလှိုင်၊ ဦးလေးကြိုင်တို့နှင့်လည်း ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြလေသည်။

ဘိုးဘိုးဦးချစ်ထွေးတို့အိမ်နှင့် ပေတစ်ရာခန့်အကွာတွင် ဒေါက်တာဦးအောင်ဒင်တို့ မိသားစု၏ တဲရှိလေသည်။ ဒေါက်တာဦးအောင်ဒင်၏သမီးများမှာလည်း ဖေဖေ၏ တပည့်များပင် ဖြစ်လျက် ကိုကြီး၊ ကိုညီတို့နှင့် တစ်တန်းတည်း ကျောင်းနေဖက်များ ဖြစ်ကြသည်။ နီနီလေးကမူ ပေပင်သို့မပြေးမီ သူ့ချိုင်းတွင် အကျိတ်ပေါက်၍ သွားခဲ့ဖူးသဖြင့် ဒေါက်တာဦးအောင်ဒင်ကို သိထားခြင်းဖြစ်လေသည်။

သူတို့သုံးအိမ်မှာ ကုန်းအမြင့်တွင်ရှိ၍ ရှေ့မှ မြေအနိမ့်ပိုင်းတွင် သူတော်ကုန်းချောင်းကြီးက ခပ်ကွေ့ကောက်ကောက် စီးဆင်းနေသည်။

ဒေါက်တာဦးအောင်ဒင်၏အိမ်သို့ လွန်ခဲ့ပြီး နောက်ဘက်သို့ အနည်းငယ်ကွေ့ဝိုက်သွားလိုက်လျှင် တဲအသစ်ကလေးတစ်လုံးသို့ ရောက်လေသည်။ ထိုတဲကလေးမှာ

ဒေါ်ကြီး၏ တဲကလေးပင်ဖြစ်လေသည်။ နီနီလေးတို့သည် ဒေါ်ကြီး၏ တဲသေးသေးကလေးမှာပင် စတည်းချ ခိုနားကြရလေတော့၏။ သူတို့ဒေါ်ကြီး၏ တဲသို့ရောက်လာခဲ့ချိန်မှာ မွန်းတည့်၍ တစ်ဆယ့်နှစ်နာရီပင် ကျော်နေပေပြီ။

ဒေါ်ကြီးတဲ၏ အရှေ့ဘက် ပေငါးဆယ်ခန့်အကွာ ချောင်းနားနီးနီးတွင် ဘကြီးဦးဘလွန်းတို့ အိမ်ရှိသည်။ ဘကြီးဦးဘလွန်းတို့နှင့် ဘေးချင်းယှဉ်လျက် ခြေတံခပ်ရှည်ရှည်တဲကလေးတစ်လုံးရှိပြန်သည်။ ထိုတဲမှာ ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည်၏အစ်ကို ဆရာဦးဘလွန်းနှင့် ဆရာမ 'ဒေါ်ရှယ်' တို့၏ အိမ်ကလေးဖြစ်လေသည်။

ဆရာဦးဘလွန်းတို့မှာလည်း ဖေဖေတို့နှင့် ရင်းနှီးခင်မင်သူများပင် ဖြစ်ကြသည်။ သူတို့သမီးအကြီးကလေး "အယ်လ်နီရာလွင်" ခေါ် မြင့်မြင့်သန်းမှာလည်း ရုတ်ရုတ်ရက်ရက်နှင့် မြို့မှာကျောင်းခဏတက်ခဲ့စဉ်တုန်းက နီနီလေးနှင့်အတန်းတူဖြစ်ကာ သိကျွမ်းခင်မင်ခဲ့လေသည်။ သူ့ကို နီနီလေးတို့က ကျောင်းနာမည်ကို မခေါ်ကြ၊ သူ့အမေက ခေါ်သလို 'နန်းနန်း'ဟုသာ လိုက်ခေါ်ကြသည်။ တကယ်တော့ 'နန်းနန်း'မှာ နာမည်မဟုတ်ပေ။ သူ့အမေက သူ့ကို ကရင်ဘာသာဖြင့် 'နန့်နန့်' 'သမီး'ဟု ချစ်စနိုးခေါ်ခြင်းဖြစ်သည်။ ဒါကို နီနီလေးတို့က သဘောကျပြီး 'နန့်နန့်'အစား 'နန်းနန်း' ဟု လိုက်ခေါ်ခဲ့ကြခြင်း ဖြစ်လေသည်။

ဒေါ်ကြီး၏ ဘယ်ဘက်ဘေးတွင်ကပ်နေသော တဲကြီးတစ်ဆောင်ကတော့ ဆရာဦးမောင်ကြီးနှင့် ဆရာမဒေါ်သာတို့၏အိမ်ဖြစ်လေသည်။ ဦးမောင်ကြီးတို့မှာလည်း မိတ်ဆွေပင်ဖြစ်လျက် သူ့သားသမီးတွေမှာ ဖေဖေ့၏ တပည့်များပင် ဖြစ်ကြသည်။ ကိုကြီး၊ ကိုညီတို့၏ ကျောင်းနေဖက် သူငယ်ချင်းများလည်း ဖြစ်ကြလေသည်။

ဆရာဦးမောင်ကြီးတဲ၏ တစ်ဖက် ခပ်လှမ်းလှမ်းတွင် အခြားတဲတစ်လုံးနှင့် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းတွင်လည်း တဲတစ်လုံးရှိပြန်သည်။ ထိုအိမ်နှစ်လုံးမှာ ဤကုန်းစွန်းကလေးကို ပိုင်သော အဘိုးကြီး ဦးဖိုးကူးဆိုသူ၏ သားနှစ်ယောက်၏ အိမ်များဖြစ်ကြောင်း သိရလေသည်။

နောက်တော့ ဒေါ်ကြီး၏ အိမ်ရှေ့ခန်းတွင် နီနီလေးတို့အဖို့ ထမင်းပွဲပြင်လိုက်ကြသည်။ ကုန်းစွန်းရှိ မိတ်ဆွေအိမ်များအားလုံးကလည်း ထမင်းဟင်းများကို လာပို့ပေးကြလေသည်။ ထိုအခါ သူတို့၏ ထမင်းစားပွဲမှာ ဝက်သား၊ ငါး၊ ပုစွန်ထုပ်၊ ဘဲဥစသဖြင့် ဟင်းမျိုးစုံနေတော့သည်။

ထိုနောက် နီနီလေးတို့သည် တစ်ချိန်လုံး ဆာလောင်မွတ်သိပ်လာခဲ့သည့် သူတို့၏

ပြားချပ်နေသော ဝမ်းဗိုက်များကို ကားထွက်လာအောင် အတင်းဖိစားပစ်လိုက်ကြလေတော့သည်။

စားသောက်ပြီးကြလျှင်တော့ ပန်းခဲ့သမျှ နွမ်းခဲ့သမျှ နီနီလေးတို့ စစ်ပြေးတစ်စုသည် ဒေါ်ကြီး၏ အပျိုကြီးဆောင် အိမ်ကျဉ်းကျဉ်းကလေး ပြည့်ကျပ်သွားအောင် အစီအရီ ထိုးအိပ်ကြလေတော့သည်။

ညနေစောင်းတွင်မှ ဦးလေးကြိုင်တို့ ညီအစ်ကို တူဝရီးသုံးယောက်က သမ္ဗန်ကြီးနှင့် ရောက်လာခဲ့ကြတော့သည်။

သူတို့သည် လမ်းဘေး၌ ရေတက်ကိုစောင့်စောင့်နေခဲ့ရသဖြင့် ညနေစောင်းမှ ရောက်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။ သူတို့က သူတော်ကုန်းချောင်းကြီးသည် ရှည်လျားသလောက် မြွေကြီး လင်းမြွေလို ကွေ့ကွေ့ကောက်ကောက်လည်း နိုင်လွန်းသည်ဟု ညည်းကြလေသည်။ ပြီးလျှင် သမ္ဗန်ထဲမှ ပစ္စည်းများကို ဒေါ်ကြီး၏အိမ်နှင့် မျက်စောင်းထိုး ခပ်လှမ်းလှမ်းရှိ နွားတင်းကုပ်ကြီးထဲသို့ သယ်ချကြရလေသည်။

နွားတင်းကုပ်ကြီးမှာ ဤကုန်းစွန်းကလေးကို ပိုင်သော မြေပိုင်ရှင်၊ လယ်ပိုင်ရှင်ကြီး ဦးဖိုးကူး၏ နွားတင်းကုပ်ပင်ဖြစ်လျက် သူ့သားအငယ်၏ အိမ်နားတွင်ရှိလေသည်။ အမှန်က ဦးဖိုးကူးတို့မှာ သူတော်ကုန်းရွာနှင့် ကုန်းစွန်းကလေး၏ ထိပ်တစ်ဖက်ရှိ 'ကန်းနီဖျား'ရွာမှ ဖြစ်သော်လည်း သူတို့လယ်များနှင့် နီးနီးနားနားရှိသော ဤကုန်းစွန်းကလေးတွင် လာရောက်နေထိုင်ကြခြင်းဖြစ်လေသည်။ သို့ရာတွင် လယ်များ ပြီးစီးသွားလျှင် ဦးဖိုးကူးက သူနှင့် တစီးပွားတည်းဖြစ်သော သားငယ်အတွက် အချိုးကျ ခွဲဝေပေးပြီး 'ကန်းနီဖျား'ရှိ သူ့အိမ်တွင် ဇနီးသမီးများနှင့်အတူ ပြန်နေတတ်သည်ဆို၏။

ယခု စစ်ပြေးလာသော နီနီလေးတို့ မိသားစုအတွက် လူအုပ်က များများနှင့် လောလောဆယ်နေစရာ အခက်အခဲကို ဦးဖိုးကူးက ဖေဖေနှင့် ဆွေးနွေးပြီးနောက် သူ့ နွားတင်းကုတ်ကြီးကို ချက်ချင်း ရှင်းလင်း၍ နေရာချပေးခြင်း ဖြစ်လေသည်။

နွားတင်းကုပ်ကြီးမှာ အမိုးနှင့် မလုံ့တလုံ အကာသာရှိသည်။ ထို့ကြောင့် ပစ္စည်းများကို မြေကြီးပေါ်မှာပင် ချထားကြရသည်။ လှည်းကျင်းရှင်းလင်းထား၍ မြေကြီးမာမာမှာ ပြောင်နေပါသည်။ နွားတင်းကုပ်ကြီးမှာ အတော်ကျယ်ဝန်းရာ လူရော ပစ္စည်းပါ များပြားလှသည်။ နီနီလေးတို့ အုပ်စုနှင့်တော့ အံကိုက်ပင် ဖြစ်သွားခဲ့လေသည်။ သဘောကောင်းကာ တစ်ဖက်သားကို တတ်နိုင်သလို အကူအညီပေးကြသော ဦးဖိုးကူးတို့ကို ဖေဖေတို့မှာ ကျေးဇူးအထူးတင်နေမိကြလေသည်။

သခင်ခရစ်တော်တောင် ... နွားတင်းကုပ်ထဲမှာ မွေးဖွားပြီး ... လူဇာတိအဖြစ်ကို ခံယူခဲ့ရသေးတာပဲမဟုတ်လား...'

ဖေဖေက မေမေတို့ကို အားပေးနှစ်သိမ့်လိုက်ပါသည်။ အမှန်က နွားတင်းကုပ်နေရသဖြင့် မေမေတို့ကလည်း စိတ်ပျက်အားငယ်ခြင်း လုံးဝမဖြစ်မိကြပါ။ ယခု နွားတင်းကုပ်ကြီးကို နေစရာ လုပ်ပေး၍သာ မေမေတို့အဖို့ မိသားစုတစ်ပြုံကြီးနှင့် သူတစ်ပါးအိမ်တက်မနေရခြင်းဖြစ်သည်။ သည်အတွက် သူတစ်ပါးကို အားနာရခြင်း၊ စိတ်ကျဉ်းကျပ်ရခြင်း ဒုက္ခမှ ကင်းဝေးနိုင်ရသည်။ ကိုယ့်မိသားစုချည်း ဤနွားတင်းကုပ်ကြီးထဲတွင် လွတ်လပ်စွာ ပြောဆိုနေထိုင် ချက်ပြုတ်စားသောက်နေနိုင်ကြရသည်မို့ ဦးဖိုးကူး ကျေးဇူးပင် အထူးတင်နေမိကြရပေသေးတော့၏။

ဦးဖိုးကူးက ဖေဖေ့ကို ကြိုက်သည့်နေရာတွင် အိမ်တစ်လုံးဆောက်နေဖို့လည်း ခွင့်ပြုခဲ့ပြန်သည်။

မိုးချုပ်လျှင် နီနီလေးတို့၏ နွားတင်းကုပ်ကြီးထဲတွင် လူများဖြင့် စည်ကားသိုက်မြိုက်နေတော့သည်။ နဂိုက မိသားစုများများတွင် ဦးဖိုးကူးတို့ သားအဖတစ်တွေအပြင် မြို့မှ စစ်ပြေးနေခဲ့ကြသူ တခြား မိတ်ဆွေများကလည်း လာရောက် စကားစမြည်ပြောနေကြလေသည်။ ဖေဖေတို့က "စစ်ဘေးစစ်ဒဏ်" ၏ တွေ့ကြုံဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို ဇာတ်ကြောင်းပြန်၍ ဒိုင်ခံပြောပြကြရလေတော့၏။

ကြောက်စရာ လန့်စရာအဖြစ်ထဲမှပင် အလိုလို ဟာသကွက်ကလေးများ ပါလာခဲ့သောအခါ ပြောသူရော၊ နားထောင်သူများပါ တဝါးဝါး တဟားဟား ရယ်ကြလေတော့သည်။ သူတို့အဖို့ ညတုန်းက ဗုံးဒဏ်ချက်ဖြင့် အသက်မထွက်ခဲ့ကြ၍သာ ယခု ဇာတ်ကြောင်းပြန်ကာ ရယ်နိုင်အားကြသည်။ တကယ်တော့လည်း သူတို့အဖို့ "စစ်ဘေးစစ်ဒဏ်" ဗုံးသေနတ်များနှင့် ကင်းဝေးရာ နယ်မြေကလေးဖြစ်သော ဤ"သူတော်ကုန်း" ရွာသို့ ရောက်ရှိပြီး ဤရိုးသားကူညီတတ်သော တောင်သူလယ်သမားကြီး ဦးဖိုးကူး ၏ မေတ္တာရိပ်တွင် ခိုလှုံနိုင်သောကြောင့်သာလည်း ယခုလို ရယ်မောနိုင်ခြင်းဖြစ်ကြလေတော့သည်။

ထိုအချိန်တွင် ပုသိမ်မြို့ကြီးကား ဘယ်သို့ဖြစ်နေလေသည်မသိ ဦးလေးကြိုင်တို့ မနက်စောစောက သမ္ဗန်ကြီးနှင့် ဈေးချောင်းထဲမှ ထွက်ခဲ့စဉ် ချောင်းရေတိမ်တိမ်တွင် စစ်၏ဒဏ်ကို ကြားမှ အပြစ်မဲ့စွာ ခံသွားကြရရှာသည့် လူသေအလောင်းများကို ခတ်တက်နှင့် ဖယ်ရှား၍ ထွက်ခဲ့ကြရသည်ဟု ဆို၏။

နောက်သူတို့ မြစ်ထဲရောက်လာခဲ့သည့်တွင် ရုတ်တရက် ရေထဲမှ ရေပန်းကြီး တစ်ခုက ရှူးခနဲ ထွက်ပေါ်လာသည်။ သူတို့လည်း "တိုင်းဗုံး" ကြီး ပေါက်ကွဲတော့ မည်အထင်နှင့် သုံးယောက်သား ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းမည်အပြု ရေပန်းကြီးက ငြိမ်ကျ သွားတော့သည်။ ထိုအခါမှ သူတို့လည်း အရှိန်သပ်ကာ အသက်ရှူဝံ့ကြတော့၏။ အကယ်၍ ရေပန်းကြီးသာ တိုင်းဗုံးကြီးဖြစ်၍ ပေါက်ကွဲသွားပါက ရေထဲသို့ ခုန်ချလည်း ဦးလေးကြိုင်တို့အဖို့ သက်သာမည်ကား မဟုတ်ပေ။ ညတုန်းက လွတ်ခဲ့ပြီး မြစ်ထဲရောက်မှ သေကြရဦးမည်ဖြစ်လေသည်။

နောက်သူတို့သည် သမ္ဘန်ခတ်၍ မောမောနှင့် ရေစောင့်ရင်း မနက်စာကို စားရန် အိုးခွက်များကို ဖွင့်ကြသောအခါ ထမင်းအိုးကြီးထဲ၌ လက်တဝါးခန့် ဗုံးဆံတစ်ခုကို တွေ့ရလေတော့၏။ ဗုံးဆံသည် ထမင်းအိုးကြီး တစ်ဖက်ဘေးမှ ဖောက်ဝင်လာခဲ့ပြီးနောက် တစ်ဖက်သို့ပေါက်ထွက်မသွားနိုင်ဘဲ ထမင်းအိုးထောင့်တွင် သွားကပ်နေလေသည်။ ထိုနေရာတွင် ပေါက်ထွက်၍ မသွားသော်လည်း အပြင်ဘက်သို့ ဖောင်းကားထွက်နေလေသည်။ ထိုအိုးထဲမှ ထမင်းများကို သူတို့မစားဝံ့ကြတော့ပေ။

မနေ့က ဧည့်သည်ကျွေးရန် မေမေက ကြိုတင်၍ ချက်ပြုတ်ထားခဲ့သော ဟင်းများ ကို ဦးလေးကြိုင်တို့က ထမင်းတစ်လုံး ထပ်ချက်ပြီး တစ်လမ်းလုံး စားလာခဲ့ကြလေသည်။ ရွာသို့ ဦးလေးကြိုင်တို့ ရောက်လာခဲ့သောအခါ၌ကား ဟင်းများမှာ တက်တက်ပြောင်နေ လေပြီ။

သူတို့သည် ညနေစာကို အတော်ကြီးမိုးချုပ်မှပင် စားကြရလေသည်။ ဦးဖိုးကူး၏ သားများက လယ်ထဲမှ ငါးရှဉ့်များရလာ၍ အိမ်အတွက် ဟင်းစားလာပေးသည်။ ဦးလေးကြိုင်က ကိုင်ပေးလျှင် မေမေက ဒယ်အိုးကြီးနှင့် ဆီပြန်ချက်လေတော့၏။ နီနီလေး က ငါးရှဉ့်ဆိုသည်ကို စားဖူးဖို့ ဝေးစွာ မြင်မှုပင် မမြင်ဘူးခဲ့ပေ။ ယခုတွေ့ဖူးပြန်တော့ မြွေနှင့်တူ၍ စိတ်ထဲ၌ ကြောက်မိလေသည်။ ထို့ကြောင့် မစားဟု စိတ်ကူးထားသည်။ သို့ရာတွင် မေမေက ဆီတဝင်းဝင်းနှင့် မွှေးကြိုင်နေအောင် ချက်ထားသောအခါ သူ့စိတ်တွင် သွားရည်ယိုသွားမိလေသည်။ တခြားဟင်းများကလည်း မယ်မယ်ရရ စားစရာကမရှိ၊ ထိုအခါ နီနီလေးက အရဲစွန့်၍ စမ်းပြီး မြည်းကြည့်လိုက်သည်။ ထိုအခါ လေးလေးပင်ပင် ငါးရှဉ့်ချက်ကလေးက သူ့လျှာပေါ်တွင် မြက်မြက်ကလေး အရသာတွေ့သွားလေတော့၏။

❒

## မိသားစုဦးရေ တိုးပွားခြင်း

သူတို့သည် နွားတင်းကုပ်ကြီးထဲ၌ သုံးရက်နေပြီးနောက် ဆောက်ပြီးသွားသော တဲအိမ်အသစ်ကျပ်ချွတ်ကလေးသို့ ပြောင်းရွှေ့ခဲ့ကြလေတော့၏။

သူတို့ သူတော်ကုန်းစွန်းကလေးသို့ရောက်ခဲ့ပြီး နောက်တစ်နေ့မှာပင် ဖေဖေသည် ဘကြီး ဦးဖိုးကူးတို့၏ အကူအညီဖြင့် ချက်ချင်းလက်သမားငှား ချက်ချင်း ဝါး၊ဓနိတို့ကို ,ဝယ်ခြမ်းပြီးတဲ တစ်လုံးကို အမြန်ဆုံး စဆောက်ခဲ့လေသည်။

လက်သမားများကလည်း လက်ညီတက်ညီဖြင့် ချက်ချင်း မြေကွက်ရှင်း၊ ချက်ချင်း တိုင်စိုက်သူစိုက် နီးသပ်သူကသပ်၊ ဝါးများကို ထုရိုက်အပြားဖြန့်ပြီး အကွက်လှလှပေါ် အောင် အကွက်ဖော်၍ ရက်သူက ရက်လေသည်။ ဖေဖေနှင့် ဦးလေးကြိုင်တို့ကလည်း ကူညီဆောက်လုပ်ပေးခြင်းဖြင့် အိမ်မှာ နှစ်ရက်နှင့် ပြီးသွားသည်။

အိမ်မှာ သုံးပင်နှစ်ခန်း ခြေတံရှည် ခပ်မြင့်မြင့်ကလေး ဖြစ်သည်။ လူကြီးတစ် ယောက်၏ ပေါင်လုံးကြီးလောက်ရှိသော ဝါးပိုးတိုင်ကြီးများက အိမ်ကလေးကို တောင့် တောင့်တင်းတင်း ရပ်တည်နေစေသည်။ ဓနိမိုး၍ ဝါးထရံကာ၊ ဝါးထရံခင်းထားသည်။ အိမ်ရှေ့တွင် ဝရန်တာဆန်ဆန် အနိမ့်ဆင့်ကလေးတစ်ခုရှိပြီး မီးဖိုကို အိမ်၏ ခြေရင်းဘက် တွင် အဖီချ၍ အိမ်မ ဆင့်ထက် နိမ့်ထားသည်။ ဝါးလုံးလှေကား မတ်မတ်ကလေးမှာ

အထစ်ခုနစ်ထစ်ရှိသည်။ တစ်အိမ်လုံးရှိ တံခါးများနှင့် ပြတင်းပေါက်များမှာ ပိတ်လျှင် ဝါးလုံးဖြင့် ကလန့်ထိုးထားရပြီး ဖွင့်လျှင် ထောက်ထားရသော "ကဲလား" တံခါးများ ဖြစ်လေသည်။

နွားတင်းကုပ်ကြီး၏ ညာဘက်ခပ်လှမ်းလှမ်းတွင် ဘကြီးဦးဖိုးကူး၏ သားအကြီး ဦးစံမြင့်နှင့် ဒေါ်ဝါညွန့်အိမ်ရှိ၍ ဘယ်ဘက်နား ခပ်နီးနီးတွင်တော့ သားအငယ်ကိုမောင်ချစ်နှင့် ဒေါ်ရှန်တို့အိမ်ရှိလေသည်။

ကိုမောင်ချစ်တို့၏ အိမ်ဘေးတွင် လူသွားလမ်းကလေးတစ်ခု ရှိသည်။ ထိုလမ်းလေးအတိုင်း လေးငါးဆယ်လှမ်း လျှောက်သွားလိုက်လျှင် ညာဘက်၌ ကွမ်းခြံကြီးတစ်ခြံရှိသည်။ ဘယ်ဘက်တွင် မြောင်းပေါက်စိုက်ထားသော ချင်းခင်းရှိလေသည်။

ကွမ်းခြံကြီးဆုံးလျှင် ထောင့်နား၌ မောင်းတက်ကြီးနှင့် ခပ်ရသော ရေတွင်းတစ်တွင်းရှိသည်။ ရေတွင်းအနီးတွင် တောင်စလဲပင်အုပ်ကလေးတစ်ပင်က အရိပ်မိုးပေးထားနေသည်။ တောင်စလဲပင်ကလေးအလွန် မြေပြောင်ပြောင် ကလေးတွင်တော့ ဝါးနံ့ကလေးသင်းသင်းနှင့် နီနီလေးတို့၏ ခြေတံရှည် တဲအသစ်ကျပ် ချွတ်ကလေးက အငူသားရှိနေလေတော့သည်။

နီနီလေးတို့၏ အိမ်နားတွင်ကပ်လျက် ဖေဖေတို့က အရီးလေးတို့သားအမိတစ်စုအတွက်လည်း တဲကလေးတစ်လုံး ဆောက်ပေးလိုက်ကြရပြန်သည်။ အရီးလေးတို့အိမ်တစ်ဖက်တွင်တော့ မြေကွက်လပ်နှင့် တောင်တန်းကလေးတစ်ခုသာ ရှိလေတော့၏။

နီနီလေးတို့ အိမ်အရှေ့ ကိုက်တစ်ရာလောက်အကွာတွင် လူနှစ်ဖက်ကျော်မျှရှိသော ပျဉ်းမပင်ကြီးတစ်ပင်က ထီးထီးကြီးရှိနေသည်။ ပျဉ်းမပင်ကြီး၏ ရှေ့နားတွင်ကပ်လျက်ကတော့ လှည်းလမ်းကြောင်းကြီးဖြစ်လေသည်။ လှည်းလမ်းကြောင်းကြီးသည် လယ်ကွင်းနှင့်သူတော်ကုန်းရွာကို ပတ်၍ ရွာထဲသို့ ခါးလည်မှ ဖြတ်ဝင်နိုင်သည်။ 'ကန်းနီးဖျား' ရွာသို့လည်း ပေါက်လေသည်။

သူတို့အိမ်ဆီမှ ပျဉ်းမပင်ကြီးနှင့် လှည်းလမ်းကြောင်းကို ကျော်၍ ဆက်မျှော်လိုက်ပြန်လျှင် မျက်စိတဆုံး လယ်ကွင်းပြင်ကျယ်ကြီးများကို မြင်ကြရလေသည်။ လယ်ကွင်းများအဆုံး၌ တောအုပ်အုပ်နှင့် ရွာတန်းညို့ညို့ကလေးများကို မှုန်ပျပျ လှမ်းမြင်ကြရပြန်သည်။ ထိုလယ်အတွင်းတွင် တောအအုပ်အုပ်နှင့် ထိုရွာအတန်းတန်းကလေးများကို ညို့မှိုင်းမြင့်မားသော အနောက်ရိုးမ တောင်တန်းပြာနှမ်းနှမ်းကြီးက အပေါ်မှ စီး၍ မိုးထားလေသည်။ အနောက်ရိုးမ တောင်တန်းကြီးသည် မိုးကောင်းကင်ကြီးနှင့် ထိစပ်နေလေသလားဟုပင်

ထင်ရလောက်အောင် မြင့်မားလျက် အလျားမှာလည်း လိုက်ကြည့်၍ မဆုံးနိုင်အောင်ရှည်လွန်းလှပေတော့၏။

သူတို့အိမ်ရှေ့နှင့် လယ်ဆယ့်လေးငါးကွက်လောက်ခြားသော လွင်တီးခေါင်ခေါင် လယ်ကွင်းပြန့်ပြန့်ကြီးတွင် ထိန်ပင်ကြီးတစ်ပင်က ငှက်ကြီးတစ်ပင်တည်း ပေါက်နေသည်။ ထိုထိန်ပင်ကြီးအောက်တွင်တော့ သူတော်ကုန်း ချောင်းဖျား အစဖြစ်သော ရိုးကလေးက လယ်ကွင်းများကြားမှ ဖြတ်စီးနေခဲ့လေသည်။

'ကဲ ... ဒီတစ်ခါတော့ ကမ္ဘာစစ်ကြီး မပြီးမချင်း ... တို့ဒီနေရာကနေ ... ဘယ်မှ မသွားတော့ဘူးကွာ ... ဒီမှာပဲဖြစ်သလို လုပ်စားကြတော့မယ် ...'

အိမ်သစ်ကလေးကို ရွှေ့ပြောင်းခဲ့ပြီးလျှင် အဖန်တလဲလဲ စစ်ပြေးရခြင်းကို ပင်ပန်း ငြီးငွေ့ဟန်ဖြင့် ဖေဖေက သူ့ဆုံးဖြတ်ချက်ကို ထုတ်ဖော် ကြေညာလိုက်လေတော့၏။

ဤသူတော်ကုန်း စွန်းကလေးမှာ သိဟောင်း ကျွမ်းဟောင်း မိတ်ဆွေအပေါင်း အသင်းများကိုသာ တွေ့နေရ၍လည်းကောင်း၊ ပတ်ဝန်းကျင်ဒေသမှာလည်း အေးချမ်း သာယာ၍လည်းကောင်း၊ နီနီလေးတို့ မိသားတစ်စုလုံးမှာ ရောက်ရောက်ခြင်းပင် ဤနေရာ ဤဒေသနှင့် ဤအရပ်ခံ ရွာသူရွာသားများအပေါ် ခင်မင်တွယ်တာခြင်းများ ဖြစ်ပေါ်မိကြလေသည်။

နီနီလေးတို့ရောက်ပြီး မကြာမီမှာပင် တစ်ကွင်းလုံး ရွှေဝါရောင်ပြေးနေသော စပါးပင်များကို လယ်သမားများ ရိတ်သိမ်းကြလေတော့၏။

ဘကြီးဦးဖိုးကူးသည် အသက်ခြောက်ဆယ်ကျော်ခန့် ဆံပင်များ ဖြူနေပြီဖြစ်သော်လည်း သားများနှင့်အတူ တွဲ၍ စိမ်လုပ်ကိုင်နိုင်သေးသူ ဖြစ်လေသည်။ ဘကြီး ဦးဖိုးကူးမှာ အသက်အရွယ်ကြီးပြီ ဖြစ်သော်လည်း အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်းနှင့် သန်တုန်း မြန်တုန်းပင်ဖြစ်သည်။ အသားဖြူဖြူတွင် နှုတ်ခမ်းမွေးကျင်စွယ်နှင့် ဘကြီး ဦးဖိုးကူးသည် စကားကို အေးအေးပင် ပြောလေ့ရှိသည်။

သူသည် လယ်ထဲဆင်းလျှင် ရောင်ကလေးရှိသော သူ့ခေါင်းကို ပုဆိုးကြီးတစ်ထည်နှင့် ပေါင်းထားတတ်ပြီး ချိုင်းပြတ် ရှပ်အင်္ကျီအစုတ် တစ်ထည်ကို ရင်ဘတ် အမြဲဖွင့်၍ ဝတ်ထားသည်။ တစ်ခါ တစ်ရံ နွားများကို မ လာပြီး ကိုယ်တိုင်ရေးချိုးပေးသောအခါများ၌မူ ပုဆိုးကို ခါးတောင်းကျိုက်ထားတတ်ရာ၊ ပေါင်ဖြူဖြူမှ မင်ကြောင်ပန်းကွက်များက ဘောင်းဘီဝတ်ထားသလို အထင်းသားပေါ်နေကြသည်။

သူ့သားအကြီး ဦးစံမြင့်မှာ သူ့လိုပင် ထောင်ထောင်မောင်းမောင်းဖြစ်သော်လည်း

အသားကညိုသည် ရိုးသားအေးဆေးသော်လည်း လူဖြောင့်စိတ်တိုဖြစ်လေသည်။ သူက သူ့မိန်းမ ဒေါ်ဝါညွန့် သမီးအပျိုပေါက်ကလေးများနှင့်အတူ သူ့စီးပွားနှင့်သူ ဖြစ်လေသည်။

ဘကြီးဦးဖိုးကူး၏ သားအငယ် ကိုမောင်ချစ်မှာမူ အသား ခပ်ဖြူဖြူ ခပ်ချောချော ဖြစ်လေသည်။ သူ့မိန်းမ ဒေါ်ရှံမှာလည်း သူနှင့် ရေ့သွားနောက်လိုက်ညီအောင် ချောမောလှပသူပင် ဖြစ်သည်။ အသားကလေးဖြူနုနေသော ဒေါ်ရှံ၏ ပါးကလေး နှုတ်ခမ်းကလေးများမှာ ဆေးမဆိုးဘဲ သွေးရောင်ကလေးဖြင့် ရဲနေကြလေသည်။ ပုဆိုးကြီးတစ်ထည် ခေါင်းပေါင်း၍ ကွမ်းခြံကြီးထဲတွင် အလုပ်များနေလေ့ရှိသော်လည်း အမြဲတမ်း ပြုံးနေတတ်သော ဒေါ်ရှံ၏ မျက်နှာကလေးမှာ ချောရုံသာမက ချစ်စရာလည်း အလွန်ကောင်းနေလေတော့၏။

ကိုမောင်ချစ်နှင့် ဒေါ်ရှံတို့ ဇနီးမောင်နှံမှာ ရုပ်ရည်ချင်းသာ ရေ့သွားနောက်လိုက် ညီသည်မဟုတ် လုပ်ငန်းကိုင်တာနှင့် ပတ်သက်လာလျှင်လည်း "မောင်တစ်ထမ်း ... မယ်တစ်ရွက်"ဖြင့် လက်ညီတက်ညီ ကြိုးစားလုပ်ကိုင်ကြသူများ ဖြစ်ကြလေသည်။ သူတို့သည် လယ်က တစ်ဖက် ကွမ်းခြံတစ်ဖက်နှင့် လက်မလည်နိုင်အောင်ပင် အလုပ်ကို ဇယ်စက်သလို လုပ်ကိုင်နေကြရသူများ ဖြစ်ကြသည်။ ကွမ်းခြံအတွင်း ထောင့်နားတွင် ကန်ကလေးတစ်ခု တူးထားသည်။ တစ်ယောက်က တွင်းထဲမှ ရေများကို မောင်းတက်ကြီးဖြင့် ဆွဲပြီး ကွမ်းခြံထဲမှ ကန်ကလေးထဲသို့ သွယ်ထားသော ရေတံလျှောက်မှ လောင်းထည့်ပေးသည်။ တစ်ယောက်က ထိုကန်ကလေးထဲမှ ပုံးကြီးနှင့် ခပ်ပြီး ကွမ်းပင်များကို လိုက်လောင်းရလေသည်။ ပြီးလျှင် အပင်များကို လိုက်ကြည့်လိုက် ခွေရပြန်သည်။ ဂရုတစိုက် ပြုစုနိုင်လို့လားမသိ ကွမ်းရွက်ကြီးတွေမှာ သန်လှသည်။ တစ်ပတ် တစ်ပတ်ခူးပြီး မြို့ဈေးသို့ ပို့လေသည်။ သူတို့၏ သားအကြီးကလေး "ကလေးကြီး"ဆိုသူလေးမှာ ရွာထဲမှ ဘုန်းကြီးကျောင်းတွင်ထားရာ မနက်တိုင်း ဆွမ်းလာခံသည်ကို တွေ့ရသည်။

ဘကြီးဦးဖိုးကူးနှင့်အတူ သားများဖြစ်ကြသော ဦးစံမြင့်နှင့် ကိုမောင်ချစ်တို့မိသားစုများမှာ ဖေဖေ၊ မေမေတို့နှင့် အထူးပင် ရင်းနှီးခင်မင်သွားခဲ့ကြလေတော့၏။ အထူးသဖြင့် နီနီလေးက ချောမော၍ ချစ်စရာကောင်းသော ဒေါ်ရှံကို "မမရှံ" ဟု ခေါ်ကာ ချစ်နေမိလေတော့၏။

နောက်တော့ ဘကြီးဦးဖိုးကူးတို့ သားအဖသည် လယ်ထဲမှ ရိတ်ထားသော ကောက်လှိုင်းများကို လှည်းနှင့်တိုက်ပြီး နီနီလေးတို့အိမ်ရှေ့ရှိ မြေကွက်လပ် ပြောင်ပြောင်တွင် လာပုံကြလေသည်။ ပုံပြီးသွားလျှင် သူတို့သားအဖက တစ်ယောက် တစ်လှည့်ဖြင့်

စီပုံထားသော စပါးကောက်လှိုင်းများပေါ်တွင် နွားနှင့်အတူ စပါးနယ်ကြလေတော့၏။ နွားက စပါးနှံများကို မစားနိုင်အောင်ခြင်းကြားကလေးနှင့် ပါးစပ်ကို စွပ်ချည်ထားသည်။ အောက်ဘက်မှ စပါးနှံများ မကျန်ခဲ့ရအောင်လည်း လူက ကောက်ဆွကြီးနှင့် ဆွတင်ပေးရလေသည်။

စပါးများနယ်ပြီးသွားလျှင် ကောက်ရိုးများကို ဘေးနားတွင် တောင်ကလေးတစ်လုံးပမာ ကျစ်လစ်သိပ်သည်းစွာ ပုံထားလိုက်တော့သည်။ ကောက်ရိုးပုံက လူမမီအောင် မြင့်သွားသောအခါ မြို့မှ ဝန်ချီစက်သဏ္ဌာန်မျိုး ပြုလုပ်ထားသော ဝါးလုံး ချိတ်ကြီးဖြင့် ကောက်ရိုးများကို ချိတ်ပြီး ပုံထိပ်ပေါ်သို့ တင်ကြလေသည်။ ပြီးလျှင် နယ်ပြီးသားစပါးပုံ မောက်မောက်ကြီးကို တစ်တောင်းချင်း သယ်ယူပြီး အနီးရှိ ဝါးနှင့်ဆောက်ထားသော "လင့်စင်" ပေါ်သို့ ပို့ပေးရသည်။ လင့်စင်ပေါ်မှ လူက လှမ်းယူပြီး နောက် စပါးထဲမှ အမှုန်များ အဖျင်းများ လွင့်ပါသွားစေရန် လေတွင် လှေ့ချလိုက်ပါသည်။ ထိုအခါ အောင်သော စပါးစေ့များက အောက်ဘက်တွင် လုပ်ထားသော မြေပြောင်ပြောင်သို့ သန့်သန့် ကျသွားကြပြီးအမှုန်များ၊အဖျင်းများကမူ လေတွင် လွင့်ပါသွားခဲ့ကြလေတော့၏။

ထိုသို့ အဆင့်ဆင့် လုပ်ဆောင်ပြီးမှ နောက်ဆုံးတွင် ထိုစပါးသန့်သန့်များကို ယိုင်ပတ်များ ဝိုက်ကာထားသော နွားလှည်းနှင့်တိုက်ပြီး ဝမ်းစာအတွက် စပါးကျီထဲသို့ သွတ်သွင်း သိမ်းဆည်းထားလိုက်ကြတော့သည်။

နီနီလေးအဖို့ "ထမင်းဟူသော ဝေါဟာရကို သိကတည်းက ထမင်းဆိုသည်မှာ မေမေတို့ချက်ပေး၍ ထမင်းအိုးထဲမှ ရသည်ဟုသာ နားလည်ထားနေခဲ့မိသည်။ နောက် စစ်ဖြစ်၍ တောရွာတွေ လျှောက်ပြေးသောအခါ ထမင်းဖြစ်လာသော လယ်တောများနှင့် စပါးပင်များကို တွေ့ဖူးလာခဲ့ရသည်။ ယခု သူတော်ကုန်းစွန်းကလေးကို ရောက်လာသောအခါ၌ကား သူ့အဖို့ ထိုလယ်တောနှင့် စပါးပင်များမှ နောက်ဆုံးထမင်းဖြစ်လာအောင် လယ်သမားတွေအနေဖြင့် ဘယ်သို့အဆင့်ဆင့်ပြုလုပ်ပေးကြရကြောင်းများကို နေ့တိုင်း ပြေးလွှားဆော့ကစားရင်းမှာပင် ပို၍ နားလည်သိရှိခွင့်ရလာခဲ့ရပြန်လေတော့၏။

ထိုသို့ လယ်များ၊ တလင်းများ သိမ်းပြီးစ ဆောင်းမကုန်မီ တစ်ညတွင် နီနီလေးတို့အတွက် မေမေက ညီမလေး "အငယ်"ကို မွေးဖွားပေးခဲ့လေသည်။ ဒေါ်ရှုံတို့၏ ဆက်သွယ်ခေါ်ယူပေးခြင်းဖြင့် "ကန်းနီးဖျား" ရွာထဲမှ "ဒေါ်လေးကြီး" ဆိုသော တောလက်သည်ကြီးနှင့် မွေးရလေသည်။ အကြီးတွေတုန်းကတည်းက စပြီး ဗမာ့နည်း၊ ဗမာ့ဟန်ဖြင့်သာ မွေးဖွားလာခဲ့သော မေမေအဖို့ တောဝမ်းဆွဲနှင့် မွေးရသော်လည်း

ဘာအခက်အခဲ၊ ဘာပြဿနာမှ မဖြစ်ပေါ်ခဲ့ပါပေ။

မီးဖိုကြီး တရဲရဲနှင့် တစ်ကိုယ်လုံး နနွင်းတထိန်ထိန် ရှိနေသော မေမေ့ကို အဘွားက ရိုးစပ်တောအုပ်ကလေးဆီမှ "ခရာဆူး" အရွက်နုများကို ဟင်းခါးချက်တိုက်လေသည်။ ထိုအခါ နို့ရည်ကောင်းသော မေမေမှာ ကလေးအတွက် နွားနို့ကူရန် မလိုဘဲရင်မှဖြစ်သော မိခင်နို့စစ်စစ်ကိုသာ တိုက်ကျွေးနိုင်ခဲ့လေတော့၏။ ထိုသို့ မေမေ့နို့ကို အပြည့်အဝစို့ရပြီး ကျန်းကျန်းမာမာရှိသော "သူတော်ကုန်း" သူညီမလေး "အငယ်"မှာ ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်ဖြင့် ချစ်စရာ အလွန်ကောင်းနေလေသည်။ သူတို့ မိသားစုတွင် ချစ်စရာ ညီမလေးတစ်ယောက်တိုးလာခဲ့သဖြင့် နီနီလေးတို့မှာ အပျော်ကြီး ပျော်နေကြတော့၏။

မိသားစုဦးရေ တိုးခြင်းမှာ နီနီလေးတို့အိမ်တွင်သာ မဟုတ်ပေ၊ မေမေနှင့် ရက်သတ္တပတ်စောစွာ ဆရာအဲလ်ဖရက် ကတော် ဒေါ်ပီနီးနာကလည်း သမီးကလေး "မာမာသ"ကို ချောမောစွာ မွေးဖွားခဲ့သေးသည်။

နောက်တော့ ကုန်းစွန်းကလေးတွင် အိမ်ထောင်စုအနေနှင့်လည်း တိုးပွားလာခဲ့ပေသေးသည်။ ဤအရီးလေးတို့ အိမ်ဘေးမြေကွက်လပ် တောစပ်နား ခပ်ကျကျ၌ ဆရာအဲလ်ဖရက်တို့၏အမျိုး ကုလားမိသားစုတစ်အိမ်ထောင်က တဲကြီးတစ်လုံးထိုး၍ လာနေကြပြန်သည်။ သူတို့ ရှေ့နား တောတန်းအစွန်းကလေးဆီတွင်လည်း မြေတူးကုလားတချို့က လာနေပြီး ကုလားမိသားစု တစ်စုကတော့ အရီးလေးတို့ အိမ်နောက်ဘက်နား တောစပ်တွင် လာနေကြလေသည်။

တစ်ဖက်ပိုင်း ဘိုးဘိုးဦးချစ်ထွေးတို့ အိမ်နားမှာတော့ ပုသိမ်မှ တရုတ်လူမျိုး ကုန်သည် "ကိုကာဟင်"နှင့် ဒေါ်ပိုးပွေးတို့ မိသားစု တစ်အိမ်ထောင်သာ တိုးခဲ့လေသည်။ အိမ်ထောင်စု တိုးလာသည်နှင့်အမျှ ကုန်းစွန်းကလေးမှာလည်း စည်ကားသိုက်မြိုက်လာခဲ့လေတော့သည်။

အထူးသဖြင့် နီနီလေးတို့အပိုင်းမှာ တောတန်းအစွန်းကလေးအနားရှိ ကုလားတစ်စု၏ဘုရားရှိခိုးသော ကုလားဆိုင်းသံ ဗုံသံမှာ တညံညံရှိနေတတ်၏။ သူတို့က တပုံပုံ၊ တတုံတုံ ဆိုင်းတီး၍ ဘုရားရှိခိုးပြီး အိမ်တိုင်းသို့လိုက်၍ မုန့်ဆန်း ထန်းလျက်နှင့် ပေါက်ပေါက်ဆုပ်များကို ပေးဝေတတ်ကြသည်။ ထိုကြောင့် သူတို့၏ ဆိုင်းသံကို ကြားရပြီဆိုလျှင် ပေါက်ပေါက်ဆုပ်စားရတော့မည်ဟု နီနီလေးတို့ကလေးတွေက အတတ်သိထားနေခဲ့ကြလေသည်။

အရီးလေးတို့ အိမ်နောက်ဘက်မှ မိသားစုမှာမူ အဘိုးကြီး အဘွားကြီးနှင့် သားတစ်

ယောက်၊ သမီးတစ်ယောက် ရှိကြသည်။ အဘိုး အဘွားကြီးက နို့စားနွားမတစ်ကောင် မွေးထားကြပြီး သားအကြီးက လယ်ကူလီလုပ်သည်။ သမီးအငယ် "လင်ဂမ" ဆိုသူက လေးက နွားကျောင်းရ၍ မနက်တိုင်းလည်း မှာထားသော အိမ်များသို့ နွားနို့လိုက်ပို့ပေးရလေသည်။ နွားကျောင်းရင်းမှ လင်ဂမက နီနီလေးတို့နှင့် လာ၍ ကစားတတ်လေသည်။ တစ်ခါ တစ်ခါ ကုလားအဘိုးကြီးက အရက်တွေမူးပြီး အဘွားကြီးကို ရိုက်တတ်သည်။ အဘွားကြီးက သူ့နဖူးကို မြေကြီးနှင့် ဆောင့်ငိုပြီး ဖေဖေတို့ကို လာတိုင်တတ်သည်။ ဖေဖေတို့မှာ ကုလားအဘိုးကြီး လင်မယားကို မကြာခဏသွား၍ ရန်ဖျဉ်ပေးနေခဲ့ရလေတော့၏။

ကုန်းစွန်းကလေးရှိ မြို့မှ စစ်ပြေးများတွင် အဘွားနှင့် အရီးလေးတို့ တစ်မိသားမှ လွဲ၍ အားလုံးမှာ ခရစ်ယာန်ဘာသာဝင်များချည်းဖြစ်ကြသည်။ သူတို့သည် တနင်္ဂနွေနေ့များတွင် ရွာထဲရှိ ဘုရားရှိခိုးကျောင်းသို့ သွားတတ်ကြရသည်။ သို့ရာတွင် ဗမာခရစ်ယာန်များဖြစ်သော သူတို့မှာ စိတ်ထဲမှ မှန်း၍ ဘုရားကိုတော့ အာရုံပြုရှိခိုးနိုင်ကြပါသည်။ သို့သော် ကရင်ဘာသာနှင့် တိုက်ကျွေးသော တရားရေအေး အမြိုက်ဆေးမှာတော့ သူတို့အဖို့ နားဝေးနေကြရလေသည်။

ထိုကြောင့် ကုန်းစွန်းကလေးရှိ စစ်ပြေး ဗမာခရစ်ယာန်တစ်စုတို့က ကိုယ့်ကုန်းစွန်းကလေးတွင် သီးသန့် ဘုရားရှိခိုးကျောင်းဝါးတဲကြီးတစ်ဆောင်ကို ဘိုးဘိုးဦးချစ်ထွေးတို့ အိမ်နှင့် ဒေါက်တာ ဦးအောင်ဒင်တို့ ကြားရှိ ကွက်လပ်ကြီးတွင် စုပေါင်းဆောက်လုပ်လိုက်ကြလေတော့၏။

ထိုအခါ နီနီလေးတို့ ကလေးများမှာ တနင်္ဂနွေနေ့ မနက် ၇ နာရီတိုင်း သုဓမ္မာဇရပ်သို့သွား၍ ဥပုသ်စာဖြေကျောင်းကို မှန်မှန်တက်ကြရလေတော့သည်။ သူတို့အဖို့ စာသင်ကျောင်းကို မတက်ရသော်လည်း ဥပုသ်နေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ သွားကာ တရားဓမ္မ၏ သွန်သင်ချက်ကလေးများကို ယူပြီး နိပါတ်တော်နှင့် ပုံဝတ္ထုကလေးများကို နားထောင်၊ သီချင်းကလေးများဆိုနှင့် ပြုလုပ်ရသည်ကို အထူးနှစ်သက်ပျော်ရွှင်နေကြလေသည်။

မနက် ၁၀ နာရီခွဲတွင် လူကြီးများအတွက် တရားနာ စည်းဝေးရှိလေသည်။ ကလေးများလည်း တက်နိုင်ကြသည်။ နောက်နေ့လယ် ၂ နာရီခွဲတွင် လူငယ်များ ကြိုးစားခြင်း အသင်းစည်းဝေးရှိပြန်သည်။ လူကြီးများလည်း တက်နိုင်ကြသည်။ သို့ရာတွင် ထိုစည်းဝေးမှာ ခရစ်ယာန်လူငယ်များ ဘာသာတရားကိုင်းရှိုင်းရေး အကျင့်စာရိတ္တ

ကောင်းမွန်ရေး၊ လူမှုရေး၊ ကိုယ့်တိုင်းပြည်အပေါ် သစ္စာရှိရေး၊ မျိုးချစ်စိတ်ရှိရေး စသည်များကို ဦးစားပေး၍ တင်ပြဆွေးနွေးကြ၊ အကြံဉာဏ်များပေးကြပြီး ဘုရားကို ဆက်ကပ်ဆုတောင်းကာ ခွန်အားယူကြရလေသည်။

နောက်ဆုံး ညနေ ၅ နာရီခွဲမှာတော့ လူကြီး၊ လူငယ်အားလုံး စုပေါင်း၍ ဝတ်ပြုကိုးကွယ်သော စည်းဝေးရှိသည်။ ထိုစည်းဝေးမှာအများအတွက် မေတ္တာပို့ ဘုရားဆုတောင်းပေးရခြင်း ဖြစ်သည်။

သူတို့သည် ဘယ်စည်းဝေး ဘယ်ဘုရားရှိခိုးပဲဖြစ်စေ၊ ဖြစ်နေသော ကမ္ဘာစစ်ကြီး အမြန်ပြီးဆုံးရေး၊ ကမ္ဘာကြီးအေးချမ်းသာယာရေးကို အမြဲတမ်း ဦးစားပေး၍ ဆုတောင်းမေတ္တာပို့နေခဲ့ကြလေတော့၏။

တကယ်တော့ ဤကုန်းစွန်းကလေးတွင် မြို့မှ စစ်ဘေးတစ်စုမှာ စည်းစည်းလုံးလုံး ခင်ခင်မင်မင်ဖြင့် ရွာသစ်ကလေးတစ်ရွာ တည်နေခြင်းဖြစ်လေသည်။ တစ်ခါတစ်ခါ ကုန်းစွန်းကလေးနှင့် ရွာကြီးကို တစ်လှည့်စီ စုပေါင်း၍ ဘုရားရှိခိုး စည်းဝေးများကိုလည်း ပြုလုပ်ကြလေသည်။ ထို့အပြင် အကျွေးအမွေးများဖြင့် အထူးစည်းဝေးဝတ်ပြုခြင်းများ ပြုလုပ်သောအခါများတွင် ခရစ်ယာန်မဟုတ်သော ဘကြီးဦးဖိုးကူးတို့ မိသားစုနှင့် သားမြေးအားလုံးတို့ကိုလည်း ဖိတ်ကြား ဧည့်ဝတ်ပြုကြလေသည်။ ပြီးလျှင် အိမ်ထောင်ဝတ်ပြု ဘုရားရှိခိုး စည်းဝေးအဖြစ်လည်း တစ်ပတ်တစ်အိမ် အလှည့်ကျ ပြုလုပ်လက်ခံလေ့ရှိပြန်သည်။ မွေးနေ့ နာမည်ပေး အစရှိသော ဝမ်းသာစရာ အရေးကိစ္စများနှင့် ပတ်သက်၍ အိမ်များတွင် 'ကျေးဇူးတော်ချီးမွမ်းခြင်း' ဟု ဘုရားရှိခိုး စည်းဝေးလက်ခံကြပြန်သေးသည်။ ထိုသို့အိမ်များတွင် စည်းဝေးလက်ခံတိုင်း အကျွေးအမွေးများဖြင့် ဧည့်ခံလေ့ရှိရာ အားလုံး ပင်စားစား သောက်သောက်နှင့် ပျော်ပျော်ပါးပါး ရှိနေကြလေတော့၏။

နောက် ထိုနှစ်ဝါမဝင်ခင်တွင် ဘိုးဘိုးဦးချစ်ထွေး၏ နံပါတ် (၇) မြောက်သားကိုညွန့်မောင်နှင့် ဒေါက်တာ ဦးအောင်ဒင်၏ သမီးအကြီး မမရီတို့နှစ်ယောက် လက်ထပ်လိုက်ကြခြင်းဖြင့် သာယာအေးချမ်းသောသူတော်ကုန်းစွန်းကလေးမှာ မင်္ဂလာတစ်ခုတိုး သွားခဲ့ရပြန်တော့သည်။

❒

# လယ်သမားဘဝ

နီနီလေးတို့ အိမ်ရှေ့မှ ပျဉ်းမပင်ကြီးသည် ပြာနှမ်းသော ပွင့်ဖတ် ပွင့်လွှာကလေး များဖြင့် လှပဝေလို့င်နေတော့၏။

'ပျဉ်းမပွင့်တွေပွင့်ရင် ... နွားတွေက ကြည့်ပြီး ငိုကြတယ်တဲ့ ... ပျဉ်းမပွင့်ရင် မိုးကျတော့မယ် ... မိုးကျရင် ... သူတို့လယ်ထဲမှာ ပင်ပန်းဆင်းရဲကြရတော့မယ်ဆိုတာကို နွားတွေက နားလည်ကြတယ် ... ဒါကြောင့် ငိုကြတာတဲ့'

အဘွားက ပျဉ်းမပွင့်များနှင့်ပတ်သက်ပြီး နီနီလေးတို့ကို ပြောပြလေသည်။ ပျဉ်းမ ပွင့်ကလေးတွေမှာ လှပချစ်စရာကောင်းပေမယ့် နွားတိရစ္ဆာန်တွေအဖို့မှာတော့ ငိုစရာဖြစ် နေသည်ဟု အဘွားက ဆိုသည်။

ဟုတ်သည် ... ပျဉ်းမတွေတစ်ပင်လုံး လှိုင်အောင် ပွင့်သွားလျှင် အနောက်ရိုးမ တောင်တန်းပြာကြီး တစ်ဖက်ဆီမှ တိမ်ညို တိမ်မဲကြီးများက ကောင်းကင်အနှံ့ ဖြန့်ကျက် ပြီး တက်လာကြလေသည်။ ပြီးလျှင် ကုန်းစွန်းကလေးရှိ သူတို့စစ်ပြေးတစ်စု 'စစ်ဘေး စစ်ဒဏ်'၏ ကြောက်မက်ဖွယ်ရာ ငရဲဖုံးနှင့် အမြောက်သံများကို ပြန်လည်အမှတ်ရစေ သော မိုးချုန်းသံတဒုန်းဒုန်း တဒိုင်းဒိုင်းများကလည်း ကောင်းကင်အနှံ့ ပြေးလွှားမြည်ဟည်း နေကြသည်။

ထိုအခါ လယ်သမားကြီးများဖြစ်ကြသော ဘကြီးဦးဖိုးကူးတို့ သားအဖလည်း သူတို့လုပ်ငန်းအတွက် ပြင်ကြ ဆင်ကြရလေတော့၏။

ဘကြီးဦးဖိုးကူးတို့နှင့်အတူ ဦးလေးကြိုင် ဦးလေးလှိုင်နှင့် ကိုအောင်တို့ကလည်း လယ်ထဲဆင်းရန် ရောနှောပြင်ဆင်လိုက်ကြသည်။

အမှန်က သူတော်ကုန်းသို့ရောက်ကတည်းက အလုပ်မရှိသော ဦးလေးကြိုင်တို့သည် ဘကြီးဦးဖိုးကူးတို့ သားအဖနှင့်အတူ လယ်ထဲလိုက်ဆင်းနေခဲ့ကြခြင်း ဖြစ်သည်။ ဦးလေးကြိုင်တို့က ဘာမဆို ကြိုးစားလုပ်လျှင် ဖြစ်ရမည်ဟူသော ယုံကြည်ချက် ခွဲသတ္တိဖြင့် ကြံ့သမှုအလုပ်ကို လုပ်တတ်ကြသည်။ သူတို့သည် ကျားကျား ယားယား ယောကျ်ားကြီးများဖြစ်ကြပေမယ့် မိန်းမရှူးအောင် ထမင်းဟင်းများကိုလည်း ချက်တတ်ပြုတ်တတ်သည်။ ပင်မင်းရှုံးအောင်လည်း သူတို့အဝတ်များကို ဖြူဖွေးကော့ကြော့နေအောင် လျှော်ဖွပ်မီးပူတိုက်တတ်ကြသည်။

ယခုတော့သို့ရောက်သည့်တွင် ဆံပင်ညှပ်ဆရာ ဆတ္တာကုလားကမရှိ၊ ထိုအခါ သူတို့ညီအစ်ကိုသည် တစ်ယောက်ခေါင်း တစ်ယောက် ပြန်ညှပ်ပေးကြသည်။ နောက် နီနီလေးတို့မောင်နှမတစ်စုကိုလည်း ညှပ်ပေးသည်။ ဤတွင် မြို့ပုံမပျက် သေသပ်လှသော ဘိုဆံတောက် အကြော့သားကလေးများနှင့် နီနီလေးတို့ခေါင်းကို မြင်ပြီး အခြားကလေးများကပါ လာညှပ်ခိုင်းကြသည်။ ဤတွင် ဦးလေးကြိုင်မှာ ကပ်ကြေးတစ်ချောင်းနှင့် စေတနာ့ဝန်ထမ်း ဆံပင်ညှပ်သမားဖြစ်ခဲ့ရပြန်လေတော့သည်။

ယခုတစ်ခါ ဘကြီးဦးဖိုးကူးတို့ သားအဖက သူတို့ကို ခင်မင်ခြင်းဖြင့် အဆွယ်ကောင်းခဲ့သည်တွင် "ငိုချင်လျက် လက်တို့" ဖြစ်သွားသော ဦးလေးကြိုင်တို့လည်း လယ်လုပ်ရန် စိတ်ကူးလိုက်ပြန်သည်။ နောက် ဖေဖေကလည်း ကျေနပ်သဘောတူလိုက်သောအခါ သူတို့လယ်လုပ်ဖြစ်သွားခဲ့ကြတော့သည်။

ဦးလေးကြိုင်တို့ကို ဘကြီးဦးဖိုးကူးတို့က လယ်ဆယ်ဧကနှင့် နွားတစ်ရှဉ်းငှားသည့်အပြင် မြက်ခုတ်ဓား၊ ထွန်သွား၊ ထယ်သွားစသည့် လယ်သုံးပစ္စည်းများကိုလည်း စုံအောင်စေ့အောင် စုဆောင်းရှာဖွေပေးလေသည်။

"မင်းတို့ လယ်လုပ်ကြတာ ... အကျိုးရှိ ... မရှိသိရအောင် ကုန်စရိတ်ကို စာရင်းမှတ်ထားကြဟေ့"

ဖေဖေက မှာထားသည်။ ထိုကြောင့် ဦးလေးကြိုင်တို့က လယ်သုံးအတွက် ဝယ်ရခြမ်းရ ဝမ်းစာစပါးဝယ်ထည့်ထားကြရသည်များကို အားလုံး စာရင်းတို့ထားကြသည်။

ဝမ်းစပါးကို အိမ်ခေါင်းရင်းဘက်တွင် အဖီကလေးထိုးပြီး၊ ယိုင်ပတ်ပုတ်ကြီးနှစ်လုံးနှင့် ထည့်ထားလိုက်သည်။ အိမ်နောက်ဘက်တွင်လည်း နွားချည်တိုင်နှင့် နွားစာခွက်နှင့် ဝက်ခြံနှင့်ဖြစ်လေသည်။ နွားတင်းကုပ်ကိုမူ အိမ်ရှေ့ခပ်လှမ်းလှမ်းတောစပ်နားတွင် သပ်သပ်ဆောက်ထားသည်။

ထိုအခါ ရတ်ချည်းပင် နီနီလေးတို့အိမ်မှာ လယ်သမား အိမ်ဖြစ်သွားခဲ့လေတော့၏ ။

ဦးလေးကြိုင်တို့ကဲ့သို့ပင် ဆရာ ဦးမောင်ကြီး၏ သားများကလည်း သူတို့အိမ်စားဖို့အတွက် လယ်ဆင်းလုပ်ကြလေသည်။

ဖေဖေကတော့ သူ့ဝါသနာအတိုင်း အိမ်ရှေ့မြေလွတ်များတွင် သခွား၊ ရုံးပတီ၊ ခဝဲ၊ ချဉ်ပေါင်၊ ခရမ်း၊ ပဲတောင့်ရှည်၊ ကြက်သွန်မိတ်၊ နံနံပင် အစရှိသည့် မိုးရာသီသီးနှံများကို အခင်းချ၍ စိုက်ပျိုးလိုက်တော့၏။ နေကြာ၊ ကြက်မောက်၊ ဇလပ်၊ ဇီဇဝါနှင့် ရွှေဒင်္ဂါးပန်းများကိုလည်း အလှစိုက်ထားလိုက်သေးသည်။ တရုတ်အဘွားကြီး “အားမ” ကလည်း သူ့အကွက်ကလေးနှင့် သူ စိုက်လေသည်။

ဖေဖေ့အပင်များကို ဦးလေးကြိုင်၏ ကြက်များက လာယက်တတ်သဖြင့် နီနီလေးတို့က ကြည့်၍ မောင်းပေးရလေသည်။ ဦးလေးကြိုင်က ဝက်နှင့်ဘဲကိုလည်း မွေးလိုက်သေးသည်။ ကြန်စုံနှင့် မိုဝဆိုသော ခွေးနှစ်ကောင်က ရှိနေပြန်သည်။ ဆင်ပေါက်ဆိုသော ဝက်ကလေးတစ်ကောင်မှာ ဆင်ကလေးလို ဝလုံးနေသည်။ လူနှင့်လည်း ယဉ်ပါးနေရာ မိုးလင်းလာလျှင် ဆင်ပေါက်၏အစာတောင်းသံ “တအီအီ” နှင့် ကြက်သံ၊ဘဲသံတို့မှာ ဆူညံနေတော့၏။ အဘွားက ထမင်းရည်နှင့် ဆန်ကွဲကို ကျိုပြီး ဖွဲနှင့်ရောနယ်၍ သူ့အစာခွက်တွင် သွားထည့်ကျွေးလိုက်တော့မှ ဆင်ပေါက်၏ အော်သံမှာ နားသက်သာကြရတော့သည်။

တစ်ခါ ခွေးနှစ်ကောင်က ကြက်ဥခိုးစားတတ်ကြပြန်သည်။ နောက် ကြန်စုံသေသွားရာ၊ မိုဝတစ်ကောင်တည်းသာ ကျန်လေတော့၏။ မိုဝသည် အလွန်ဆော့၍ ဦးလေးကြိုင်နှင့် ကိုညီတို့သွားလေရာနောက်မှ တကောက်ကောက်လိုက်တတ်လေသည်။

ကိုကြီးနှင့် ကိုညီက ညနေတိုင်ကျလျှင် ချောင်းထဲမှ ခရီးကျွဲကာ တစ်ဖက်လယ်ကွင်းထဲသို့ တက်သွားတတ်လေ့ရှိသော ဘဲတစ်အုပ်ကို လိုက်ရှာပြီး အိမ်သို့ ‘မ’ ခေါ်လာရသော တာဝန်ကို ယူရသည်။

နောက်တော့ မြို့တွင် ကျောင်းပြန်ဖွင့်သဖြင့် ဖေဖေနှင့် ကိုကြီး၊ ကိုညီတို့မှာ

ရွာမှနေ၍ နေ့တိုင်းမြို့သို့ ကျောင်းသွားတတ်ကြရလေသည်။ ဖေဖေတို့သည် မိုးမလင်းမီ အစောကြီး ထ၍ လမ်းလျှောက်သွားကြရသည်။ ထိုနောက် အလာတုန်းက နီနီလေးတို့ ဖြတ်ကူးလာခဲ့သော ချောင်းရိုးကလေးမှာ ယခုတွင် ရေများ ဖောင်းလံအောင် လျှံနေပြီမို့ ရွာထဲမှ "စောဘသာကျော်" တို့ ညီအစ်ကိုများ၏ ကူးတို့ဖြင့် ကူးရသည်။ တစ်ခါဆက်လျှောက်ပြီး ပုသိမ်မြစ်ကို ကုလားသမ္ဗန်ကူးတို့ဖြင့် ကူးရပြန်သည်။ ပြီးမှ ကျောင်းသို့ တစ်ခါလျှောက်ကြရပြန်တော့၏။ ဖေဖေတို့မှာ ကုန်းအတန်တန်၊ ရေအတန်တန်ကို ဒုက္ခခံ၍ ကူးဖြတ်ပြီး ဝမ်းစာနှင့် ပညာရေးအတွက် ပင်ပန်းဆင်းရဲစွာ သွားလာနေခဲ့ကြရလေသည်။

မနက်အစောကြီး ထထသွားခဲ့ကြရသော ဖေဖေတို့သည် မိုးကို စုပ်စုပ်ချုပ်မှ ပြန်ရောက်သကဲ့သို့ ဦးလေးကြိုင်တို့ကလည်း နေဝင်မိုးချုပ်မှ လယ်ထဲက တက်လာတတ်ကြရာ မိုးချုပ်မှ လူစုံ၍ စားကြ သောက်ကြ ပြောကြဆိုကြနှင့် သူတို့အိမ်မှာ "စုရုံး စုရုံး ... မန်ကျည်းကုန်း' ဖြစ်နေခဲ့တော့၏။

လသာရက်များတွင် ကြည်လင်သာယာလှသော ကုန်းစွန်းကလေး၏ ညများသည် မိုးမှောင်ကျပြီဆိုလျှင်လည်း ပိန်းပိတ်အောင် မှောင်တတ်လေသည်။ ထိုကဲ့သို့ မိုးမှောင်ကျသော တစ်ညတွင် နီနီလေးတို့ တစ်အိမ်သားလုံး စောစောပင် အိပ်ရာဝင်လိုက်ကြသည်။ ထိုနောက် ခဏအကြာတွင် ဦးလေးကြိုင် ဦးလေးလှိုင်နှင့် ကိုအောင်တို့ သုံးယောက်သား တိုးတိုး တိုးတိုးနှင့် ပြောပြီး အိမ်ပြင်ထွက်သွားကြသဖြင့် ဖေဖေတို့လည်း အိပ်ရာမှ ထလိုက်ကြသည်။ နီနီလေးလည်း ရောနှောထကြည့်မိရာ အိမ်တွင်းမှာရော၊ အိမ်ပြင်မှာရော မှောင်မည်းနေသည်။ မိုးစိမ့်စိမ့်တွင် ပုစဉ်းရင်ကွဲ အော်သံများကသာ အဆက်မပြတ် ထွက်ပေါ်နေသည်။ တံခါးဖွင့်ပြီး အိမ်တွင်းမှ လှမ်းကြည့်လိုက်သောအခါ နွားတင်းကုပ်ရှိရာဆီမှ လက်နှိပ်ဓာတ်မီးနှင့်ထိုးသလို ဝင်းခနဲ ဝင်းခနဲ လက်သွားသော အရောင်တစ်ခုကို တွေ့ရသည်။ ထိုအရောင်ကို ဖေဖေတို့က အိမ်မှ ငြိမ်၍ကြည့်နေကြစဉ် နွားတင်းကုတ်ဆီမှ ကိုအောင်၏ အားရပါးရအော်၍ ရယ်လိုက်သံက ထွက်ပေါ်လာခဲ့သည်။ ပြီးလျှင် သုံးယောက်သား အိမ်ပေါ်သို့ ပြန်တက်လာပြီး ပြောပြတော့မှ နီနီလေးတို့မှာ အကြောင်းရင်းကို သိရလေသည်။ အိပ်ရာဝင်ခါနီး အပြင်ထွက်သော ကိုအောင်သည် နွားတင်းကုပ်ဆီမှ ဝင်းခနဲ လက်ခနဲအရောင်တစ်ခုကို လှမ်းတွေ့သည်။ ဤတွင် နွားသူခိုးဟုတွက်ကာ ဦးလေးကြိုင်တို့ကို ပြန်ခေါ်ကာ သူခိုးသွားဖမ်းကြခြင်းဖြစ်သည်။ သို့ရာတွင် နွားတင်းကုပ်နားသို့ ရောက်သွားကြသောအခါ နွားသူခိုးမဟုတ်ဘဲ ပိုးစုန်းကြူး

ကြီးတစ်ကောင်ဖြစ်နေ၍ ရယ်မောပြီး ပြန်လာခဲ့ကြခြင်း ဖြစ်လေသည်။

ကျောင်းပိတ်ရက်များတွင် ဖေဖေတို့သားအဖတစ်တွေကလည်း ဦးလေးကြိုင်တို့နှင့် လယ်ထဲသို့ ဆင်းလိုက်သွားတတ်ကြပြန်သည်။ ပြန်လာလျှင် သူတို့လက်ထဲ၌ ငါးများ၊ငါးရှဉ့်များနှင့် ပုစွန်လုံး စသည်များ ပါလာတတ်ကြလေသည်။

ကိုကြီးက လိုက်သွားခဲ့သော်လည်း ဘာမှ ဟုတ်တိ ပတ်တိ မလုပ်တတ်ဟုဆိုကြသည်။ ကိုကြီးက ဝါသနာလည်းမပါ။ သူ့ဝါသနာမှာ စာဖတ်ခြင်းသာဖြစ်သည်။ ကိုညီကတော့ ကိုကြီးနှင့်မတူပေ။ သူသည် ဦးလေးလှိုင်တို့နှင့် နှစ်ယောက်တွဲပြီး ယက်သဲ့ထိုး၊ ဂိုးထောက်၊ ပုစွန်လုံးနှင့် ငါးရှဉ့်တွင်းနှိုက်၊ အိုင်ပက်၊ ဆောင်းအုပ်စသည်ဖြင့် အကုန်လိုက်လုပ်တတ်လေသည်။ လုပ်သလောက်လည်း အနည်းနှင့်အများဆိုသလို ဟင်းစား အမြဲရတတ်ခဲ့လေသည်။

တစ်ခါ တစ်ခါ စိတ်ရလျှင် ဖေဖေကလည်း လှေတစ်စင်းနှင့် ချောင်းရိုးလျှောက်ပြီး ကွန်ပစ်ထွက်တတ်ပြန်သေးသည်။ ငါးဟင်းခတ်နိုင်နိုင်နှင့် ခြံထွက်ချဉ်ပေါင်ဟင်းခပ်ပျစ်ပျစ်မှာ စား၍ကောင်းလှပေတော့၏။ ဖေဖေ၏ ချဉ်ပေါင်ရွက်များမှာ ဘယ်သူမဆိုလာတောင်းတိုင်းပေးနေသည့်ပင်၊ စားမကုန်အောင် သန်စွမ်းပေါများနေခဲ့လေသည်။ ရွာကြီးထဲသို့ပင် ပေးရကမ်းရလေသည်။

နီနီလေးတို့အဖို့ လူတွေမှာ ခင်မင်စရာကောင်းသလို သာယာအေးချမ်း၍ အစားအသောက်ပေါသော သူတော်ကုန်းစွန်းကလေးတွင် လာရောက်နေထိုင်ရသည်ကို နှစ်ခြိုက်ပျော်ရွှင်မိကြလေတော့၏။

သူတော်ကုန်းတွင် ရှားသည့်အရာမှာ ဆီဖြစ်လေသည်။ သို့ရာတွင် မပူပါ။ မေမေက ဝက်၏ ဝမ်းပြင်းဆီကို ဝယ်ပြီး အဆီချက်၍သုံးလေသည်။

သူ့တွင် ယောကျာ်းမရှိတော့သော အရီးလေးက သူ့မိသားစုအတွက် သူထွက်၍ စီးပွားရှာလေတော့၏။ သူသည် မိန်းမဖော် မိတ်ဆွေများနှင့်စုပြီး ကုန်ကူးခြင်းအလုပ်ကို လုပ်လေသည်။ ရှေ့ပွဲစား၊ စိန်ပွဲစားလည်း လုပ်သေးသည်။ အဝတ်အထည်များကိုလည်း အရောင်းအဝယ်ပြုသည်။ သူလာလာပြီး အဆွယ်ကောင်းသည်နှင့် မေမေက သူ့ပိုးဖဲလုံချည်များကို ငွေအသုံးလိုတိုင်း တစ်ထည်ကို နှစ်ရာ၊ သုံးရာစသည်ဖြင့် ဈေးကောင်းသည်ဆိုကာ ရောင်းပစ်နေခဲ့လေတော့၏။ စစ်အတွင်းတွင် အဝတ်အထည်များမှာ အရှင်းဝယ်၍ မရသဖြင့် အပိုအလျှံရှိသူများက ငွေလိုလျှင် ချရောင်းနေခဲ့ကြလေသည်။ ဈေးများကလည်း ကောင်းလှပေတော့၏။

အရီးလေးက မြို့သို့လည်း တက်တက်သွားတတ်သည်။ သူ့သားနှင့်သမီးမှာ အိမ်တွင် 'အားမ' ကိုနောင်တို့နှင့် ကျန်ခဲ့ကြသည်။ သူတို့ကို အဘွားနှင့် မေမေကလည်း နီနီလေးတို့နှင့်အတူ ကျွေးမွေး ကြည့်ရှုပေးနေခဲ့ကြရလေသည်။ ဘာမဆို နီနီလေးတို့နှင့် ခွဲခြားမှုမရှိ၊ 'အားမ' ကမူ ထိုသို့မဟုတ် သူ့မြေးများ နီနီလေးတို့နှင့်အတူရှိနေလျှင် ဘာမှမကျွေး၊ ကွယ်ရာကျမှ ခေါ်ကျွေးတတ်လေသည်။ သူ့မြေးတွေ နီနီလေးတို့နှင့် အတူ ထမင်းစားတိုင်း အားမက အမြဲလာကြည့်တတ်သည်။ ဟင်းမကောင်းဟု ထင်လျှင် သူ့အိမ်မှ အမဲသားပြုတ်၊ ဝက်သားပြုတ်စသည်များကို ပြန်ယူလျက် သူ့မြေး၏ပန်းကန်ထဲသို့သာ ထည့်ပေး၍ ' စား ... စား ... နှင့် အနားမှ စောင့်ကျွေးတတ်လေသည်။ သူသည် သူ့မြေးများကို အလွန်ချစ်၍ အလိုလည်း အလွန်လိုက်လေသည်။ ထိုအခါ သူ့မြေးများကို သူမနိုင်တော့ သူ့ကိုမကြောက်သော သူ့မြေးများကို ဖေဖေတို့ မေမေတို့ကဝင်၍ ခြောက်လှန့် ဆုံးမပေးနေခဲ့ကြရလေသည်။

တစ်ခေါက် အရီးလေးအိမ်ပြန်လာသောအခါ "မိဝက်" ဆိုသော အပျိုပေါက်မလေးတစ်ယောက် ပါလာခဲ့သည်။ အရီးလေးက "ရေငန်း"ရွာသို့ရောက်ခဲ့သည်တွင် ဆာလာအိတ် ဝတ်နေရသော မိမရှိ ဖမရှိ မျက်နှာငယ်တစ်ကောင်ကြွက်ဖြင့် ဟိုအိမ်တစ်နပ်သည်အိမ်တစ်နပ် စားနေရသော မိဝက်ကို သနားပြီး ခေါ်လာခဲ့ခြင်း ဖြစ်သည်ဆို၏။

သို့ရာတွင် စည်းလွတ် ဝါးလွတ်ဖြစ်နေခဲ့သော မိဝက်ကို "အားမ"က ဘယ်လိုမှ ကြည့်၍မရ၊ တကျက်ကျက်ဖြစ်နေတော့သည်။ ထို့ကြောင့် နောက်ဆုံး၌ မေမေက မိဝက်ကို ခေါ်ယူမွေးထားရလေတော့၏။ နီနီလေးတို့ တစ်အိမ်လုံးက သူ့ကို "မဝက်" ဟုသာ ခေါ်ကြလေသည်။ သူက နာမည်နှင့်လိုက်အောင်လည်း ဝက်ကလေးလို ဝဝလုံးလုံးကလေး ဖြစ်သည်။ သူ့ကို မီးဖိုထဲ၌ ကူညီချက်ပြုတ်တတ်အောင် မေမေက သင်ပေးရလေသည်။ အများအားဖြင့် မဝက်က နီနီလေးတို့၏ ညီမပေါက်စလေး "အငယ်"ကိုသာ ထိန်းရလေသည်။ ကလေးထိန်းရင်းက နီနီလေးတို့နှင့် ရော၍ ကစားတတ်လေသည်။

သည်လိုနှင့်ဖေဖေသည် သွားရလာရ ဒုက္ခရောက်လှသည်ဆိုကာ သူ့သားနှစ်ယောက်ကို ခေါ်ပြီး မြို့သို့သွားနေသည်။ ကျောင်းပိတ်သော စနေနေ့၊ တနင်္ဂနွေနေ့များမှသာ ပြန်လာကြသည်။ အိမ်မှာ စားစရာကုန်ခါနီးလျှင် ဖေဖေက သူကိုယ်တိုင်စပါးကို လှေတစ်စင်းနှင့် တင်ပြီး စက်သို့ သွားကြိတ်လေသည်။

တစ်အိမ်လုံးတွင် နီနီလေးတစ်ယောက်မှာ တစ်ခါ တစ်ခါ ဖေဖေနှင့် ကိုကြီးတို့က မြန်မာစာ၊ အင်္ဂလိပ်စာနှင့် ဂဏန်းသင်္ချာတို့ကို သင်ပေးတတ်သည်မှလွဲ၍ ကျောင်းလည်း

မတက်ရ၊ အိမ်တွင်လည်း ဘာမှမဖော်မရသေးဘဲ ကြားချောင် လွတ်လပ်နေလေသည်။ သူ့အဖို့ မဝက်ရွာထဲသို့ သောက်ရေသွားခပ်လျှင်လည်းကောင်း တစ်ခါတစ်ရံ ဦးလေးကြိုင်တို့ မပြန်အား၍ ထမင်းသွားပို့လျှင်လည်းကောင်း၊ မိုးမသည်းလျှင် နီနီလေးက လိုက်သွားတတ်လေ့ရှိသည်။ သူက မှျော့မရှိသော ရေကြည်ကြည်တွင် တစွတ်စွတ် လျှောက်ရသည်ကို ပျော်သည်။

သူသည် မဝက်နှင့်လိုက်သွားပြီး လယ်ကွက်ထဲမှ ကြာပွင့်များကို ချိုးလာတတ်သည်။ မဝက်ကတော့ ငါးနှင့် ချဉ်ဟင်းချက်ဖို့ ကြာရိုးကြာနွယ်များကိုပါ ချိုးသည်။ ပြီးလျှင် နီနီလေးအတွက်လည်း ကြာဆစ်ရိုး ဆွဲကြိုးတွေလုပ်၍ အထပ်ထပ် ဆွဲပေးသေးသည်။ တစ်ခါတွင် နီနီလေးက ကောက်စိုက်ကြည့်ချင်သည်ဆို၍ မဝက်က အဒေါ်ကြီးတစ်ယောက် ကောက်စိုက်နေရာသို့ ခေါ်သွားပြီး အမှတ်မဲ့ ကောက်ပင်များကို ယူ၍ စိုက်ပြသည်။ နီနီလေးကိုလည်း စိုက်ခိုင်းသည်။ ထိုစဉ် အဒေါ်ကြီးက လှည့်ကြည့်ရာ မြင်သွားပြီး အော်သဖြင့် သူတို့နှစ်ယောက် ထွက်ပြေးခဲ့ကြလေတော့၏။

အိမ်အပြန်လမ်းရှိ ရိုးကလေးမှ ဇရစ်ရိုး ခမင်းနွယ်နှင့် ငရန့်ပတူရွက်များကို ပြုတ်တို့ဖို့ မဝက်က တစ်ပွေ့တပိုက်ကြီး ခူးပြန်သည်။ ထိုစဉ် မိုးများ ခြိမ်း၍ လယ်ကွင်းများပေါ်သို့ မိုးသားများ နိမ့်ဆင်းလာခဲ့ကြလျှင် နီနီလေးသည် ရင်တဒိန်းဒိန်းခုန် အောင် ကြောက်မိကာ အိမ်သို့ဖွတ်ပြေးခဲ့တော့၏။

နီနီလေးသည် ဖုံးဒဏ်ကို အလူးအလိမ့်ခံပြီးကတည်းက မိုးချုန်းသံများကို ဟိုတုန်းကထက် ပို၍ ကြောက်လာနေမိသည်။ မိုးသားများက နိမ့်ဆင်းလာခဲ့လျှင်လည်း မိုးကြီးပြိုကျလာတော့မည်ဟု ကြံကြံဖန်ဖန်တွေးကာ ယုန်သူငယ်လို ကြောက်နေမိပြန်သည်။ သူသည် ကလေးမှုသာဖြစ်၍ ဘာကိုမှတော့ မပြောပြတတ်။ သို့ရာတွင် သူ့ကိုယ်သူတော့ အမှတ်တမဲ့ဖြင့်ပင် သတိထားခဲ့မိလေသည်။ ယခု သူတော်ကုန်းရွာသို့ ရောက်ခဲ့ပြီး နောက်ပိုင်းတွင် နီနီလေး၏ ရင်ထဲမှ နှလုံးခုန်သံကလေးများသည် အလိုလိုနေရင်းမှာပင် ဖုံးကြဲစဉ်က ပုန်းခိုကျင်းထဲ၌ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် တုန်ခဲ့သလို တဆတ်ဆတ် တုန်ပြီး မောတတ်လေသည်။

ထိုကြောင့် သူက 'မောလိုက်တာ'ဟု ပြောလျှင် လူကြီးများက 'အမလေးဟဲ့ … ကြီးတော်က အလုပ်တွေ လုပ်ရလွန်းလို့ မောရတာတယ်'ဟု ပြန်ပြောကာ ဝိုင်းရယ်ကြပါသည်။

တစ်ခါတွင်မူ အဘွားက နီနီလေး၏ တဆတ်ဆတ်တုန်နေသော ရင်ဘတ်ကလေးကို စမ်းမိပြီး 'ဟဲ့ … ငါ့မြေးက ရင်တွေခုန်လိုက်တာပါလား' ဟု ပြောပြီး

သူသောက်နေကျ သွေးဆေးကို သကြားနှင့် ဖျော်တိုက်ပါသည်။

ရင်ဘယ်လောက်ပင် တုန်တုန် မောမော နီနီလေးက ကစားမက်သော ကလေး အရွယ်ပီပီ အကစားကတော့ မပျက်ခဲ့ပေ။ သူသည် နန်းနန်းနှင့် အချစ်ဆုံးဖြစ်ပြီး အမြဲတမ်း တတွဲတွဲ ကစားနေခဲ့လေသည်။ သူတို့နှစ်ယောက်မှာ အိမ်သာတက်ချင်သည်ပင် အဖော်စပ် တက်လေ့ရှိကြလေသည်။ တစ်ယောက်က ခေါ်လျှင်လည်း ကျန်တစ်ယောက်က မငြင်းတမ်း ထလိုက်ခဲ့တတ်သည်သာ။

သူတို့နှစ်ယောက်က မျောက်ရှုံးအောင်လည်း ဆော့တတ်ကြလေသည်။ တောထဲ တွင် နွယ်ပင်ကြီးများရှိရာ ထိပ်ဖျားရောက်သည်ထိ နှစ်ယောက်သား ဖက်တွယ်၍ တက်ခဲ့ ကြသည်။ တစ်ခါ တစ်ရံ သူတို့သစ်ပင်ထိပ်ဖျားသို့ရောက်နေကြစဉ် အောက်မှ အိမ်က လူကြီးများ ဖြတ်လျှောက်သွားတတ်ကြရာ၊ သူတို့နှစ်ယောက်သည် တိတ်တိတ် ကလေး ငြိမ်နေလိုက်ကြသည်။ လူကြီးများမော့ကြည့်၍ မြင်သွားမှာကို ကြောက်သဖြင့် အသက် ကလေးများပင် အောင့်ထားမိကြသည်။ အိမ်မှ လူကြီးများ လွန်သွားတော့မှ အသက်ကို ရှူသွင်းနိုင်ပြီး နှစ်ယောက်သား ရယ်ကြရလေတော့၏။ အကြောင်းမှ လူကြီးများက လိမ့်ကျ မည်စိုး၍ သူတို့ကို သစ်ပင်နှင့် နွယ်တန်းများကို မတက်ရဟု မှာထားသည်။ သူတို့က ခိုးတက်နေကြခြင်းဖြစ်လေသည်။ သည်လိုပင် ကစားရင်း ဆော့ရင်း သစ်ပင် တက်ရင်းမှပင် နီနီလေး၏ ရင်တုန်ခြင်းမှာ ပျောက်သွားတတ်ပြန်တော့သည်။

တစ်ခါတစ်ခါတော့လည်း သူတို့မောင်နှမတစ်အုပ်ကြီးသည် အဘွားနှင့် တောထဲသို့ လိုက်သွားကြပြီး 'ကားယားရွက်'များ တက်ခူးပေးကြလေသည်။ အဘွားက ရှမ်းဖက်အစား 'ကားယားရွက်'များကို ဆေးလိပ်လိပ်၍ သောက်လေသည်။ အဘွား ဆေးလိပ်လိပ်သောက်ဖို့အတွက် ကိုနောင်က သူ့ဟာသူ ထွင်ထားသော ဆေးရိုးစင်းစက် ကလေးဖြင့် အိမ်နောက်ဖေးတွင် အသင့်ပေါက်နေသော အုန်းနဲပင်မှ အကိုင်းများကို ခုတ်ဖြတ်ပြီး စင်းပေးသည်။ ကိုကြီးနှင့် ကိုညီတို့ကလည်း ကူညီစင်းပေး ကြလေသည်။

ကားယားသီးမှာ စားရသည်။ မဝက်ကသင်ပေးသဖြင့် နီနီလေးက ကားယားစေ့ တွေကိုပါ မျိုချကြည့်မိရာ ဝမ်းမသွားနိုင်ဘဲ ဒုက္ခရောက်ရ၍ နောက်ဘယ်တော့မှ မစား တော့ပေ။

ဦးလေးလှိုင်က အားသည့်အခါများ၌ နီနီလေးနှင့် နန်းနန်းတို့ ကလေးတစ်သိုက် ကို ရေကူးသင်ပေးတတ်သည်။ နန်းနန်းတို့ အိမ်ရှေ့မျက်စောင်းထိုးလောက်နေရာတွင် ပြေလျော့နေသော သဲသောင်ကမ်းစပ်ကလေးတစ်ခုရှိသည်။ သဲသောင်နေရာမှာ

ကလေးတွေအဖို့ တက်ရဆင်းရ လွယ်ကူသည်။ ဦးလေးလှိုင်က သူတို့နှစ်ယောက်ကို ရင်ခေါင်းလောက်ထိနက်သော ရေထဲသို့ ခေါ်သွားကာ ရေထဲရှိ သူ့လက်ပေါ်တွင် မှောက်စေပြီး ကူးခတ်ခိုင်းသည်။ နီနီလေးတို့ကလည်း ကူးခတ်ကြသည်။ သို့ရာတွင် ဘုတ်ဘက်ဘုတ်ဘက်နှင့် ဦးလေးလှိုင်က မ, ထားပေးသော သူ့လက်ကို လျော့ချလိုက်လျှင် သူတို့မှာ ကိုယ်ကို ဖော့မထားတတ်ဘဲ မြုပ်သွားကြလေတော့၏။ ခက်သည်မှာ နီနီလေးက ရေကို အနည်းငယ်မျှ အမွန်းမခံနိုင်ခြင်းပင်။

နီနီလေးတစ်ယောက် ရေကူးအသင်ကောင်းလိုက်သည်မှာ ရေကူးတော့မတတ်၊ မေမေက ဝတ်ပေးထားသော သူ့ရွှေလက်စွပ်ကလေးသာ ပျောက်သွားလေသည်။ သို့ရာတွင် လေးငါးရက်အကြာ၌ သူ့အိမ်ရှေ့မှ ပန်းပင်များကို ချောင်းရေခပ်လောင်းသော ဆရာပါချိုကသဲသောင်ပေါ်တွင် ကောက်ရသဖြင့် သူ့ကို ပြန်ပေးလေသည်။

ဘယ်သို့ပင်ဖြစ်စေ သူတော်ကုန်းစွန်းကလေးတွင် နီနီလေးတို့ စစ်ပြေးတစ်စုမှာ ပျော်ရွှင်ချမ်းမြေ့မှုကိုတော့ ရရှိခံစားနေခဲ့ကြရသည်သာ ဖြစ်လေသည်။

သူတို့စစ်ပြေး ကုန်းစွန်းကလေးတွင် လူငယ်အုပ်ကလည်း အားကောင်းလေသည်။ ထိုသို့ အုပ်ကောင်းသော သူတို့သည် လသာညများ၌ တစ်စုတပေါင်းတည်း ထုပ်စီးတိုး တမ်းကစားကြ၍ နေ့ဘက်များတွင် စိန်ပြေးခြင်း၊ တူပုန်းခြင်း၊ရေကူးခြင်းစသည်ဖြင့် အုပ်စုဖွဲ့၍ ကစားလေ့ရှိကြသည်။ ထိုအထဲ၌ လက်ထပ်လိုက်၍ လူကြီးစာရင်း ဝင်သွားကြသော ကိုညွန့်မောင်နှင့် မမရီတို့နှစ်ယောက်ကလည်း တစ်ခါ တစ်ခါ ရောပါလာတတ်ပြန်သည်။

ဦးလေးလှိုင်၊ ဦးလေးကြိုင်နှင့် ကိုအောင်တို့မှာမူ သူတို့ဝါသနာနှင့် သူတို့မို့ ကစားသည့်အဖွဲ့တွင် မပါနိုင်အားကြပေ။ နီနီလေးတို့ အငယ်အုပ်စုမှာ ကိုယ့်အုပ်စုနှင့် ကိုယ်မကစားဘဲ အကြီးတန်းအဖွဲ့နှင့်သွားရောလျှင် အမြဲတမ်း ကွမ်းစားအဖြစ်နှင့်သာ ပါဝင်နေကြရလေသည်။ တစ်ခါ တစ်ခါတော့လည်း နီနီလေးတို့ အငယ်တွေက အိုးပုတ်ကလေးတွေနှင့် ကစားကြသလို အကြီးတွေကပါ လာရောပြီး ကိုယ့်အိမ်အသီးသီးမှ ဆန်၊ဆီ ဆားများကို ယူ၍ တကယ့်ထမင်း၊ တကယ့်ဟင်းများကို ချက်စားကာ ပျော်ကြရပြန်သည်။

သို့ရာတွင် ကြောက်ရွံ့မုန်းတီးစရာ 'ကမ္ဘာစစ်' မီးကြီးက နီနီလေးတို့အဖို့ ဘယ်ကို မှပြေးမလွတ်နိုင်အောင် သူတို့၏ အေးငြိမ်းချမ်းမြေ့မှုကလေးများကို မလိုတမာ လိုက်လံနှောင့်ယှက်ဖျက်ဆီးလျက်သာ ရှိနေခဲ့လေတော့သည်။

❒

## စစ်၏လမ်းကြောင်း

အေးချမ်းနေခဲ့သော သူတော်ကုန်းစွန်းကလေးနှင့် ပတ်ဝန်းကျင် ကျေးရွာတစ်ဝိုက်သည် ယခုတလော 'ကျွဲညီနောင်' ခေါ် လေယာဉ်ပျံမည်းမည်းကြီး နှစ်စင်းကြောင်း လူများမှာ အတော်ကလေး ထိတ်ထိတ်လန့်လန့် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြလေတော့၏။

လေယာဉ်ပျံကြီးနှစ်စင်းသည် လူများသတိမထားလိုက်နိုင်မီမှာပင် "ဝီး"ကနဲ "ဟည်း"ကနဲ ထိုးဆင်းလာပြီး လျှပ်စီးလက်သလို ချက်ချင်းပျောက်ချင်လည်း ပြန်ပျောက်သွားတတ်သည်။ တစ်ခါ တစ်ခါတော့လည်း သူတို့နှစ်စင်းသည် လူအများ မျက်လုံးမျက်ဆံပြူးလောက်အောင် ရွာတန်းနှင့် အိမ်များ လွတ်ရုံ အခေါက်ခေါက် လှည့်၍ ပျံဝဲနေတတ်ကြသည်။ စိတ်မထင်လျှင် စက်သေနတ်နှင့် တဒက်ဒက် မွှေသွားတတ်သည် ဆိုသောသတင်းကြောင့် သူတို့ဝဲနေလျှင် လူများမှာ ရင်မ၍ အသက်ကို အောင့်ထားကြရသည်။

တစ်ခါတစ်ခါတွင်လည်း သူတို့နှစ်စင်းသည် စိမ်ပြေနပြေကလေး လယ်ကွင်းပြင်ကျယ်ကြီးထဲ၌ လှည့်၍ ဝဲပျံနေကြပုံမှာ ကြည့်၍ပင် လှနေပြန်တော့သည်။ သူတို့နှစ်စင်း၏ အတင့်ရဲသလောက် ဇက်ရဲ လက်ရဲလည်း ပစ်တတ်ခတ်တတ်သော သတင်းက အနံ့ကျော်ကြားနေ၍ လူများမှာ လန့်နေကြရခြင်း ဖြစ်လေသည်။ အနီရောင်မြင်လျှင် ဘာဖြစ်ဖြစ်

ပစ်ထည့်တတ်သည်ဆိုသော သတင်းကြောင့်လည်း အရပ်သူ အရပ်သားများမှာ အနီရောင်ကို သတိထား၍ ရှောင်နေကြရလေသည်။

သူတို့နှစ်စင်းသည် ချောင်းရိုးတစ်လျှောက် မြစ်ရိုးတစ်လျှောက်မှာလည်း ရုတ်ခနဲ ရောက်သွားတတ်ပြီး ပေါင်းမိုးရှိသော လှေနှင့် သမ္ဗန်များ မှန်သမျှကို စက်သေနတ်စာ ကျွေးတတ်ပြန်သည်။ သို့အတွက် တောနေလူထုမှာ စက်သို့ စပါးသွားကြိတ်ဖို့အရေး ရင်လေးနေကြရပြန်တော့၏

ထိုအခါ ဖေဖေလည်း ဆန်စက်သို့ စပါးသွားမကြိတ်ဝံ့တော့ပေ။ အိမ်တွင် မုန့်ထောင်းစားသော လက်ဆုံကလေးမှာလည်း မဖြစ်စလောက် တစ်နပ်ကို ဆန်တစ်ပြည်မက ချက်နေရသော နီနီလေးတို့ မိသားစုအတွက် ဤလက်ဆုံကလေးနှင့် ဖွပ်စားရမည်ဆိုလျှင် ဖွပ်ရသူမှာ သေရုံသာ ရှိလိမ့်မည်။ အလျင်မီအောင်တော့ ရနိုင်မည်မဟုတ်။ သို့ရာတွင် အဆင်ပြေချင်တော့ ကန်းနီးဖျားရွာထဲမှ အဘွားကို ခင်နေသူ ကိုထွန်းရွှေတို့ လင်မယားက သူတို့အိမ်တွင် ဆန်ထောင်းသည့် 'မောင်းဆုံ' တစ်လုံး ပိုနေသည် ယူသုံးပါဟု ပေးလာခဲ့သည်။

မောင်းဆုံကြီးမှာ ကြီးမားလွန်းလှလေသည်။ နီနီလေးတက်ခုန်သည်ပင် မောင်းဦးက အနည်းငယ်မျှ ကြွမလာခဲ့ပေ။ ထိုအခါ နီနီလေးက မဝက်မောင်းထောင်းသောအခါ ဘေးနားမှ လိုက်ခိုစီးတတ်လေသည်။ ထိုသို့ ခိုစီးရသည်မှာ "စီးစော" စီးရသကဲ့သို့ ပျော်စရာကောင်းလှပေသည်။ သို့ရာတွင် လူကြီးများ မြင်သွားသောအခါ မောင်းချက်မနာဟုဆိုကာ နီနီလေးမှာ မစီးရတော့ပေ။

စပါးကို သည်အတိုင်းထောင်းရသည်မှာ လူပင်ပန်း၍ အချိန်ကြာသည်ဆိုကာ ဖေဖေက ကြိတ်ဆုံတစ်လုံးကို ငွေ ၂၅၀ ပေး၍ ဝယ်လိုက်ပြန်တော့၏။ ကြိတ်ဆုံကြီးမှာ ရေစည်အလတ်စားလောက်ရှိ၍ ရေစည်ပုံသဏ္ဌာန်ဆန်ဆန်ပင်ဖြစ်သည်။ စပါးများကိုထည့်ပြီး လက်တံကြီးမှ ထိုးလှည့်လိုက်လျှင် အခွံများ ကျွတ်သွားသော 'လုံးတီး' ဆန် နီကြောင်ကြောင်များက ကြိတ်ဆုံ၏ ခါးလယ်မှ ထွက်ကျလာကြလေသည်။

ထိုအခွံကျွတ် ဆန်လုံးတီးများကို ဖြူအောင် မောင်းနှင့်တခါ ထပ်ထောင်းရပြန်သည်။ မဝက်က မောင်းထောင်လျှင် အဘွားက မောင်းဦးမှနေ၍ မောင်းခွက်ထဲမှ ဆန်များကို လက်နှင့်မွှေပေး လှန်ပေးလေ့ရှိသည်။ မဝက် မအားသောအခါများ၌ မေမေနှင့် ကိုကြီးတို့ ကလည်း ဝင်၍ ထောင်းပေးတတ်ကြလေသည်။ ဆန်ကို ကိုယ့်အိမ်မှာ ကိုယ်ထောင်းခြင်း ဖြင့် ကြက်ဝက်နှင့် ဘဲများ ကျွေးစရာ ဖွဲနှင့် ဆန်ကွဲကို ရနိုင်လေတော့၏။

အရပ်သူ အရပ်သားတွေမှာ စားရေး သောက်ရေး ဝမ်းစာရေးအတွက် ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်နေခဲ့သလို စစ်ဝါဒီသမားများကလည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်ဖိတိုက်လို့ ကောင်းနေကြတုန်း ဖြစ်လေသည်။

တစ်နေ့ နီနီလေးတို့ မိသားတစ်စုသည် နေ့လယ်ပိုင်း အနည်းငယ်အားကြသည်နှင့် အိမ်ရှေ့တွင် စုထိုင်၍ ရောက်တတ်ရာရာ ပြောဆိုနေကြသည်။ ထိုနေ့မှာ မိုးမရွာဘဲ နေကလေးပွင့်နေရာ ကောင်းကင်တစ်ပြင်လုံး ကြည်လင်နေလေသည်။ ကောင်းကင်ပြာကြီးနောက်ခံတွင် အနောက်ရိုးမ တောင်တန်းညို့ညို့ကြီးက ပို၍ ထင်ထင်ရှားရှားမားမားကြီး ရှိနေလေသည်။

"ဟိုမှာ ... ကြည့်စမ်း ... ငှက်တစ်အုပ်ပျံလာနေကြတာ ... မည်းနေတာပဲ"

တစ်ယောက်က ရိုးမတောင်တန်းကြီးဆီသို့ ညွှန်ပြရင်း ရုတ်တရက် ထပြောလိုက်လျှင် အားလုံးက ထကြည့်မိကြသည်။ တောင်တန်းညို့ညို့ကြီးအထက် ကြည်လင်နေသော ကောင်းကင်နောက်ခံတွင် ငှက်တစ်အုပ်သည် မည်းနေအောင် စု၍ ပျံလာနေကြလေသည်။

"ဟ ... ငှက်တွေမှ ဟုတ်ရဲ့လား"

"အင်း ... လေယာဉ်ပျံတွေများလား"

"ဟာ ... အစစ်ပေါ့ ... လေယာဉ်ပျံတွေ အုပ်လိုက်ချီလာနေကြတာပါလား"

တစ်အိမ်သားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကာ ငှက်များပမာ တရွေ့ရွေ့ပျံလာနေသော လေယာဉ်ပျံအုပ်ကြီးကို ထ၍ကြည့်လိုက်ကြသည်။ လေယာဉ်ပျံများကို သဲသဲကွဲကွဲမြင်ရမှ အသံများကလည်း လေနှင့်ပါလာခဲ့တော့၏။ သူတို့က ဖြည်းဖြည်းလေးလေး ပျံလာနေကြသလို သူတို့အသံလေးလေးကြီးများကလည်း သေမင်းရယ်သံကြီးအလား တဟဲဟဲ အော်မြည်လျက် ရှိတော့သည်။

တဖြည်းဖြည်း လေယာဉ်ပျံအုပ်ကြီး သူတို့အပေါ်သို့ရောက်လာခဲ့လျှင် သူတို့၏ ကြောက်စရာ အသံဟိန်းကြီးများက ကုန်းစွန်းကလေးတစ်ခုလုံးကို လွှမ်းခြုံလျက် တုန်ယင်လှုပ်ရှားသွားစေလေတော့၏။ ထိုအသံကြီးသည် သူ့ရင်ထဲသို့ပင် တိုးဝင် အရှိန်ဟပ်သွားလေသလားမသိ။ နီနီလေးမှာ နှလုံးအခုန်မြန်၍ မောသွားမိလေသည်။

"ဒီကောင်ကြီးတွေ ... ဘယ်မှာ ဗုံးသွားကြဲကြမလို့လည်း မသိဘူး"

လေယာဉ်ပျံကြီးများ ကျော်သွားလျှင် ဖေဖေတို့လူကြီးများက အမျိုးမျိုး ထင်မြင်ချက်များ ပေးနေကြလေသည်။ လေယာဉ်ပျံများ လွန်သွားကြသော်လည်း သူတို့၏

အသံဟိန်းကြီးများကမူ တောအလုံး တောင်အနှံ့တွင် တော်တော်နှင့် ပျောက်မသွားအောင် ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့လေသည်။

ထိုနောက် တစ်နာရီခန့်ကြာသွားလျှင် စောစောက လေယာဉ်ပျံအုပ်ကြီးသည် နီနီလေးတို့ပေါ်မှ တစ်ဖန် ကျယ်လောင်စွာ မြည်ဟည်းရင်း အနောက်ရိုးမကြီးဆီသို့ ပြန်သွားကြလေတော့၏။ သူတို့မျက်စိရှေ့မှာပင် စာငှက်ကလေးများပမာ သေးငယ်သွားသော လေယာဉ်ပျံအုပ်ကြီးသည် ရိုးမတောင်ကြီးကို ကျော်ဖြတ်ပြီးနောက် နိမ့်ဆင်း၍ ပျောက်ကွယ်သွားခဲ့ကြလေတော့သည်။

နောက်တစ်နေ့တွင် ပုသိမ်မြို့၌ ဗုံးအကြီးအကျယ် ချခံရကြောင်း သတင်းက သူတော်ကုန်းစွန်းရှိ စစ်ပြေးများထံသို့ ရောက်လာခဲ့လေတော့၏။

နောက်ပိုင်းအချိန်များတွင်လည်း အင်္ဂလိပ်လေယာဉ်ပျံများသည် အနောက်ရိုးမတောင်ကြီးကို ကျော်၍ နီနီလေးတို့ ကုန်းစွန်းကလေးပေါ်မှ မကြာခဏ ဖြတ်သွားဖြတ်ပြန် လုပ်နေခဲ့ကြလေတော့သည်။ လေယာဉ်ပျံများက မြို့များဆီသို့သာ ဗုံးသွားကြဲခြင်းဖြစ်ကြသည်။ သူတို့ကို ရန်မပြုမှန်း နီနီလေးသိလေသည်။ သို့ရာတွင် သွေးလန့်နေခဲ့သော သူ့မှာ လေယာဉ်ပျံသံကြီးကို ကြားတိုင်း ကြောက်လန့်ခြင်းဖြင့် ရင်ခုန်ကာ မောနေမိတတ်လေတော့၏။

ထိုသို့ အနောက်ရိုးမကြီးဆီမှ လေယာဉ်ပျံများ လာ၍ ဗုံးကြဲခံရပြီး မကြာမီသော အချိန်၌ ဂျပန်စစ်တပ်တစ်တပ်သည် သူတော်ကုန်းရွာထဲသို့ လာရောက် တပ်ချလေတော့၏။ ဂျပန် စစ်တပ်ရောက်လျှင် နာရီ၊ ရေဒီယို၊ အင်္ဂလိပ်ပိုက်ဆံနှင့် လက်နှိပ် ဓာတ်မီးပါ မကျန် တွေ့လျှင် ဖမ်းမည်ဟူသော သတင်းအရ ဖေဖေတို့မှာလည်း ကိုယ့်မှာ ရှိသမျှကို အကုန်မြေထဲ မြှုပ်ထားလိုက်ကြရလေတော့၏။

အချိန်မှာလည်း မိုးကုန်စပြုလာခဲ့ပေပြီ ဂျပန်စစ်တပ်က သူတော်ကုန်းရွာမှ ဖြတ်ပြီး အနောက်ရိုးမ တောင်ကြီးဆီသို့ လမ်းမကြီးတစ်ခု ဖောက်လုပ်ရန်ဖြစ်လေသည်။ ဂျပန်စစ်တပ်က ရောက်သည်ဆိုလျှင်ပင် လမ်းဖောက်ဖို့အတွက် ရွာသူကြီးမှ တစ်ဆင့်လူဆင့်ခေါ်စေတော့၏။ ထိုအခါ ရွာသူကြီးလည်း တစ်အိမ် တစ်ယောက်ကျ လမ်းဖောက်ဖို့ မလာမနေရ အမိန့်ထုတ်၍ စာရင်းကောက်တော့သည်။ ချွေးတပ်ဆွဲခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် တတ်နိုင်၍ လူငှားပြီးအစားထည့်လျှင်လည်း သူတို့က လက်ခံလေသည်။

ဖေဖေတို့အလှည့်ကျသောအခါလည်း ဖေဖေတို့က သူကြီးကို ငွေပေးလိုက်သည်။ ရွာသူကြီးက အငှားလိုက်လိုသူများကို ရှာ၍ အစားထည့်ပေးရလေသည်။ စစ်သားများနှင့်

အလုပ်သမားများသည် လယ်ကွင်းများကိုဖြတ်၍ လမ်းကိုဖောက်သွားခဲ့ကြလေတော့သည်။

ဂျပန်စစ်တပ်ရွာထဲသို့ရောက်လျှင်ပင် ရွာသူရွာသားများမှာ အနေကျုံ့သွားကြလေတော့၏။ ဟိုတုန်းကလို လွတ်လွတ်လပ်လပ် မပြောမဆို မသွားမလာ မနေအထိုင်ဝံ့ကြတော့ချေ။

ဂျပန်များကလည်း ရောက်သည်ဆိုလျှင်ပင် ဗမာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သောအပြုအမူများအတွက် ရွာသူရွာသားများမှာ အထူးသဖြင့် ကုန်းစွန်းကလေးရှိ လူတစ်စုအဖို့ ပြဿနာပေါ်ခဲ့ရလေသည်။ ပေါ်ရသည့် ပြဿနာမှာ ဂျပန်စစ်သားများသည် ချောင်းစပ်သို့ တစ်အုပ်ကြီးဆင်းလာပြီး ကိုယ်လုံးတီးဖြင့် ရေချိုးကြခြင်းပင်။

ထိုအခါ ကုန်းစွန်ရှိ လူကြီးများမှာ ကြည့်မနေနိုင်ကြဘဲ ရွာသူကြီးမှ တစ်ဆင့် သူတို့စစ်တပ်မှ ဗိုလ်ကြီးကို အကျိုးအကြောင်း သွားပြောကြရလေတော့၏။ ဗိုလ်ကြီးကလည်း သူ့စစ်သားများကို ပြောပါမည်ဟု ကောင်းမွန်စွာပင် တာဝန်ယူထားလိုက်လေသည်။ တာဝန်ယူထားသည့်အတိုင်း ဗိုလ်ကြီးက ပြော၍ထင်သည်။ နောက်ပိုင်း၌ ဂျပန်များ ချောင်းစပ်၌ ရေမချိုးကြတော့။ ထိုအခါ နီနီလေးတို့အိမ်မှာ အလုပ်များရလေတော့၏။

ချောင်းစပ်၌ ကိုယ်လုံးတီးရေမချိုးရသောအခါ ဂျပန်စစ်သားများက လန်ကွတ်တီကလေးများဖြင့် ရေတွင်း၌ လာ၍ ချိုးကြတော့သည် ရေချိုးလာရင်း သူတို့သည် ရေတွင်းနှင့်နီးသော နီနီလေးတို့အိမ်သို့ဝင်လာပြီး ရေပုံးငှားရင်း၊ ဖေဖေတို့နှင့် စကားစမြည်ပြောတတ်ကြလေသည်။ တစ်နေ့ မေမေက ညီမထွေး 'အငယ်'လေးကို သံဇလုံကြီးထဲ၌ ထည့်၍ ရေချိုးပေးနေစဉ် သူတို့ရောက်လာပြီး ရေပုံးငှားကြသည်။ ပြီး မေမေက အငယ့်ကို ရေချိုးပေးပြီးသွားသည့် ဇလုံကြီးကိုပါ ငှားပြန်လေတော့၏။ မေမေက မငှားလို့ ဂျပန်များဝဲခြောက်ပေါ်သဖြင့် ကလေးကို ကူးလာမှာကြောက်သည်။ သို့ရာတွင် ပစ္စည်းကိုမြင်လျက်မငှားလျှင် မကောင်းတတ်သဖြင့် မေမေက မလွှဲသာဘဲ ငှားလိုက်ရလေသည်။ ဇလုံပြန်လာပေးလျှင် မေမေ့မှာ တိုက်ချွတ်ဆေးကြောရသည်မှာ အမောပင်။

သူတို့သည် ဇလုံးကြီးကို ယူသွားပြီး ရေကိုဖြည့်လိုက်သည်။ ထိုနောက် ရေအပြည့်နှင့် ဇလုံကြီးကို မ, ယူသွားပြီး တောထဲ၌ ရေသွားချိုးလေတော့၏။ သူတို့ဘာဖြစ်၍ တောထဲသွား၍ ရေချိုးကြောင်းကို လူတွေက သိပြီးဖြစ်ကြလေသည်။

တချို့ ဂျပန်စစ်သားများက ရိုးသားအေးဆေးကြလေသည်။ ဗမာများကို ခင်ခင်မင်မင်ရှိပြီး ကလေးငယ်များကိုလည်း ချစ်တတ်ကြလေသည်။ ဂျပန်စစ်သားကလေးတစ်ယောက်ဆိုလျှင် ရှားရှားပါးပါး ဆပ်ပြာမွှေးကလေးတစ်တုံးယူလာပြီး အငယ့်အတွက်

လက်ဆောင်ပေးလေသည်။

သူတို့တပ်မှ စစ်ဗိုလ်ကြီးကလည်း တစ်ခါ တစ်ခါ လမ်းလျှောက်ရင်း လှည့်ဝင်လာပြီး ဖေဖေတို့နှင့် စကားစမြည် ပြောတတ်လေသည်။ သူက အသီးတွေပွတ်နေသော ဖေဖေ့ခရမ်းချဉ်ပင်ကို အတော်သဘောကျနေလေသည်။ ခရမ်းသီးများ ကြီးထွားရန်နှင့် အပင်ကို ပိုးမကျစေရေး သူက နည်းလမ်းကလေးများပင် ညွှန်ကြားတတ်လေသည်။

သူက ရိုးမတောင်အထိ တာဝန်ယူ၍ လမ်းဖောက်သွားရမည်ဖြစ်ကြောင်းလည်း ပြောပြလေသည်။ လမ်းဖောက်ရေးအတွက် သူလိုသလောက် လူများ မရနိုင်ဟုလည်း ဆိုသည်။ အသက်လေးဆယ်ခန့် ခပ်ဝဝပုပုနှင့် အရုပ်ခပ်ဆိုးဆိုး ဂျပန်စစ်ဗိုလ်ကြီးက လူမရသဖြင့် အတော်လေး မကျေမနပ်ဖြစ်နေပုံရသည်။ ဗမာတွေ ပျင်းသည်၊ အလုပ်မလုပ်ချင်ကြဟု ဒေါနှင့်မောနှင့် အပြစ်တင်သည်။ ထိုအခါ ကိုကြီးက မခံချင်ဖြစ်ကာ ဗမာတွေ မပျင်းကြောင်း အခြေအတင် ပြန်ပြောနေသဖြင့် ဖေဖေက မနည်း ဟန့်တား၍ စကားဖြတ်ပစ်ခဲ့ရလေသည်။

'ဘိရုမာနော် ... နိပ္ပွန်ကို ... လာပါ ... လာပါ ခေါ်တယ်နော် ... အခု ... ထိုင်ပါ ... ထိုင်ပါ ... အခု ... ထပါ ... ထပါ ... ပြောတယ် ... မကောင်းဘူးရှိတယ်ကား'

ဗမာများအပေါ် မကျေမနပ် အပြစ်တင်နေသော ဂျပန်စစ် ဗိုလ်ကြီးမှာ နောက်များမကြာမီတွင် သူ့တပ်နှင့်အတူ လမ်းဖောက်ရင်း ရွှေ့လိုက်သွားခဲ့ရလေတော့၏။

ထိုအခါ ရွာထဲသို့ အခြားစစ်တပ်တစ်တပ်က အစားရောက်လာခဲ့ပြန်သည်။ ထိုစစ်တပ်မှ စစ်ဗိုလ်ကြီးမှာ ခပ်ငယ်ငယ် ခပ်ချောချောဖြစ်လေသည်။ ခရစ်ယာန်ဘာသာဝင်တစ်ဦးလည်း ဖြစ်နေခဲ့ပြန်သည်။ သူက ရွာထဲရှိ ကျွန်းသား ဘုရားရှိခိုးကျောင်းကြီးသို့ သွားခဲ့သလို ကုန်းစွန်းရှိ ဗမာခရစ်ယာန်အစုကလေး၏ ဝါးတဲဘုရားရှိခိုးကျောင်းကလေးသို့လည်း တစ်ပတ် တစ်ပတ်လှည့်လာတတ်လေသည်။ တစ်ခုထူးခြားသည်မှာ သူက သူ့တပ်ကို ရွာထဲမှာ ချည့်မထား။ ကုန်းစွန်းကလေးမှာလည်း လာ၍ ဖြန့်ထားခဲ့လေသည်။

သူ့တပ်သားတွေကလည်း လူတိုင်းနှင့်လိုက်၍ ရောရောဝင်ဝင် နေတတ်ကြလေသည်။ သူ့တပ်ခွဲမှာ ဘိုးဘိုးဦးချစ်ထွေးအိမ်နှင့်နီးသည်။ ဘိုးဘိုးဦးချစ်ထွေး၏ သမီးများမှာ ကုလားပြည်သို့ပါသွားခဲ့သော ကြေးနန်းဝန်ထောက် 'မစ္စတာဂျင်ဂျာရေးမွန်း'၏ ဇနီး ဒေါ်ကြည်ကြည်ထွေးကလွဲ၍ အိမ်ထောင်မရှိ။ အပျိုကြီးများသာဖြစ်ရာ သူတို့မှာ ဘေးဆီးရန်ကာအဖြစ် တူလေး၊တူမလေးများကို သားသမီးများအဖြစ် ဟန်ပြထားနေကြရလေသည်။

လူများက လန့်လို့သာ လန့်နေကြသည် ဗိုလ်ကြီးမှစ၍ တပ်သားအားလုံးမှာ ယဉ်ယဉ်ကျေးကျေးပင် နေထိုင်ဆက်ဆံကြလေသည်။ ဘိုးဘိုးဦးချစ်ထွေး၏ သားအငယ်ဆုံး 'ကိုဘဘ'မှာဆိုလျှင် ရယ်စရာ အရွတ်ပလွတ်များကို အင်မတန်ပြောတတ်ပြီး ပျော်ပျော်နေတတ်သူပီပီ။ ဂျပန်စစ်သားများနှင့် ငယ်သူငယ်ချင်းများပမာလုံးထွေးနေခဲ့လေသည်။

သေနတ်ဒဏ်ရာကြောင့် လက်တစ်ဖက်မသန်သော ဂျပန်ကြီးတစ်ယောက်ကမူ ဒေါက်တာ ဦးအောင်ဒင်၏ သမီးများဖြစ်ကြသော မမစုနှင့် မမပုတို့ရေခပ်တိုင်းသူကလည်း လက်တစ်ဖက်က မမြှောက်နိုင်ဘဲ တန်းတန်းကြီးနှင့် ရေကူခပ်ပေးလေသည်။ စစ်ဘောင်းဘီဝတ်ပြီး အင်္ကျီဗလာနှင့် မိန်းမကြီးတစ်ယောက်ပမာ ရေအိုးကြီးရွက်သွားနေသော ဂျပန်စစ်သားကြီးမှာ ရယ်စရာကောင်းသလို သနားစရာလည်း ကောင်းနေလေတော့၏။

နီနီလေးတို့အိမ်သို့ အမြဲတမ်းလိုလာပြီး တစ်အိမ်လုံးနှင့် ခင်နေခဲ့သူကတော့ 'ဟိုရှိဒါ' အမည်ရှိ ဂျပန်စစ်သားကြီးတစ်ယောက်ဖြစ်လေသည်။ သူသည် ကိုညီကို 'အစ်ကို' ဟုခေါ်ကာ နှစ်ယောက်သား အလွန်လေပေးဖြောင့်နေတတ်ကြသည်။ သူက နီနီလေးတို့ ညီအစ်မလေးသုံးဦးကိုလည်း အတော်ချစ်ပုံရလေသည်။

သူသည် ညနေစောင်းအချိန်များ၌ ရောက်လာတတ်လျှင် နီနီလေးတို့ ညီအစ်မနှစ်ယောက်ကို လက်ဆွဲ၍ အိမ်ရှေ့ရှိ လှည်းလမ်းပေါ်တွင် လျှောက်တတ်ကြသည်။ ပြီးလျှင် ကန်သင်းရိုးပေါ်တွင် ထိုင်ချပြီး သူ့အိတ်ထဲမှ အိတ်ဆောင်နာရီကလေးကို ထုတ်ပြသည်။ သူ့ညီအစ်ကို မောင်နှမ မိသားစု၏ ဓာတ်ပုံကလေးများကိုလည်း ထုတ်ပြတတ်လေသည်။

တစ်ခါတော့ 'ဟိုရှိဒါ'က နေမကောင်းဟုဆိုကာ အိမ်ရှေ့ကပြင်ကလေးတွင် အလျားကြီး လာမှောက်၍ အိပ်နေသည်။ ပြီးကိုညီကို နင်းခိုင်းသည်။ ကိုညီက တက်နင်းပေးသောအခါ နာလို့ သူ့မှာ အော်ရပြီး ပြန်ဆင်းခိုင်းလေတော့၏။ သူက အဘွားနှင့် မဝက် မောင်းထောင်းရာသို့လည်း သွားကာ ဖွဲနုတောင်းတတ်ပြန်သည်။ သူ့ဖောသွပ်ခြင်းရောဂါအတွက် ဖွဲနုစားရမည်ဟု ဆိုသည်။ ထိုအခါ အဘွားက သူ့အတွက် ဖွဲနုသန့်သန့်ကလေးများကို စု၍ ထားပေးခဲ့လေသည်။ နီနီလေးက 'ဟိုရှိဒါ'ကို တစ်ခါတစ်ခါ ဝသည်ဟု ထင်နေခဲ့မိသည်။ ယခုတော့မှ ဝခြင်းမဟုတ် ဖောသွပ်သောရောဂါဟု သိရလေတော့၏။

စစ်သားဆိုသည်မှာ စိတ်ကြမ်း လူကြမ်းများဖြစ်ရာ ခပ်ဆိုးဆိုး ခပ်တေတေများလည်း ပါတတ်ကြသည်သာ။

နီနီလေးတို့အိမ်သို့ အခြားဂျပန်စစ်သားများကလည်း လာတတ်ကြသည်။ သူတို့

သည် ဖေဖေနှင့် ဦးလေးကြိုင်တို့ကို ရောက်တတ်ရာရာများ ထိုင်ပြောတတ်သည်။ ကိုကြီးနှင့် ကိုညီကို ကောက်ရိုးနှင့် တစ်မျိုး၊ ငှက်ပျောလက်ခြောက်နှင့် တစ်မျိုး တမဟုတ်ခြင်း ဖိနပ်လုပ်နည်းများကို ပြသတတ်ကြလေသည်။

ထိုသို့ခင်မင်စရာသဘောကောင်းသူများ ရှိသလို တချို့ခပ်ဆိုး တေတေစစ်သားများကလည်း ရှိခဲ့ကြပြန်သည်။

တစ်နေ့အိမ်သို့လာလည်ကြသူများတွင် ခပ်မှုန်တေတေနှင့် စစ်သားတစ်ယောက်လည်း ပါလာခဲ့သည်။ သူများတွေ စကားပြောဆိုကြသော်လည်း သူက ခပ်တည်တည်ပင် ငြိမ်၍ ထိုင်ကြည့်နေသည်။ နောက်အားလုံးထ၍ ပြန်ကြသောအခါသူလည်းထသွားပြီး ဖိနပ်ကိုစီးလေသည်။ သို့ရာတွင် သူက သူ့ခုံဖိနပ် တစ်ပိုင်းပြတ်ကလေးကို မစီး၊ ဖေဖေ့ခုံဖိနပ်ကြီးကို သွားစီးလိုက်သည်။ ထိုအခါ ဖေဖေက လှမ်းပြောလိုက်သည်။

"မာစတာ ... ဖိနပ်မှားစီးနေတယ်"

ဖေဖေက သူ့ခုံဖိနပ်စုတ် တစ်ပိုင်းပြတ်ကလေးကို ညွှန်ပြလိုက်လျှင် ဂျပန်က လိုက်ကြည့်သည်။ ပြီးမှ သူစီးထားသော ဖေဖေ့ခုံဖိနပ်အသစ်ကို ငုံ့ကြည့်လိုက်ပြန်သည်။ နောက်ဘာကိုမှ နားမလည်သည့်ဟန်မျိုးဖြင့် အိမ်အောက်သို့ ဆင်းသွားလိုက်လေသည်။

"မဟုတ်ဘူး မာစတာ ... ခင်ဗျား စီးလာတာက ဟိုဖိနပ်ပဲ ဘာဖြစ်လို့ ကျုပ်ဖိနပ်ကို စီးသွားတာလဲ ... ခင်ဗျားဖိနပ်ကို ခင်ဗျားစီးသွားပါ"

နားမလည်ဟန်ဆောင်၍ မလိမ့်တပတ် လုပ်သွားနေသော ဂျပန်ကို ဖေဖေက ဖွတ်အတင်းပင် လိုက်ပြောလိုက်တော့သည်။ သူ့အဖော်များကလည်း ဝိုင်းကြည့်နေကြသည်။ ဘယ်သူ့ဘက်ကမှတော့ ဝင်မပြောကြ။ ဖေဖေက ထိုသို့ ဖွတ်အတင်းပြောလေသောအခါ ခုံဖိနပ်စုတ် ဂျပန်သည် မုန့်ခိုးနေစဉ် လူကြီးမိသွားသော ကလေးတစ်ယောက်လို မျက်နှာကြီး ပြုံးဖြီးဖြီးဖြစ်သွားသည်။ ပြီးလျှင် သူက သည်အတိုင်းပင် ဖေဖေ့ဖိနပ်အသစ်ကို စီးလျက် ဖွတ်ထွက်သွားခဲ့လေတော့၏။ ဖေဖေ့ မျက်နှာက မကျေနပ်ဖြစ်သွားသည်။ ဦးလေးလှိုင်၊ ဦးလေးကြိုင်နှင့် ကိုကြီးတို့ကလည်း အတော်ခံပြင်းသွားကြလေသည်။

သို့ရာတွင် ဖေဖေက ချက်ချင်းပင်စိတ်ကို လျှော့ချလိုက်သည်။ အဖိုးမတန်သည့် ခုံဖိနပ်ကလေး တစ်ရံအတွက်နှင့် ရန်လိုနေသော ဂျပန်စစ်သားများနှင့် အငြင်းမပွားလိုတော့ဟန်ဖြင့် ဦးလေးကြိုင်တို့ကိုလှည့်၍ အဖြေစကားကို ဆိုလိုက်ပါသည်။

"ဟင်း ... ဟင်း တကယ်ပဲကွာ ... ခုံဖိနပ်တောင် အကောင်းဝယ်မစီးနိုင်အောင် ... အတော်ချမ်းသာတဲ့အကောင်နဲ့ တူပါတယ်ကွာ ... ယူသွားပါစေတော့"

တစ်ခါကလည်း ဂျပန်စစ်သားနှစ်ယောက်သည် ကြက်ဖကြီးတစ်ကောင်ကို ပိုက်လာပြီး ဘကြီးဦးဖိုးကူး၏သားအကြီး ဦးစံမြင့်အိမ်မှ ကြက်ဖကြီးနှင့် အတင်းလာ 'တိုက်' သည် ကြက်နှစ်ကောင်က သဲသဲမဲမဲ ခွပ်နေလျှင် သူတို့က အနားမှ အော်ဟစ်၍ သူတို့ ကြက်ဖကြီးကို အားပေးနေကြသည်။ သို့ရာတွင် ခဏအကြာ၌ သူတို့ကြက်ဖက ရှုံးကာ ထွက်ပြေးတော့၏။ ထိုအခါ ဂျပန်နှစ်ယောက်သည် မဲ၍ ဦးစံမြင့်၏ ကြက်ဖကြီးကို လိုက်ရိုက်လေတော့သည်။ သူ့ကြက်ကိုမတရား အတင်းလာတိုက်ပြီး တစ်ခါ မတရား လိုက်ရိုက်ပြန်သောအခါ လူဖြောင့်စိတ်တို ဦးစံမြင့် ဒေါသဖြစ်ဖြစ်နှင့် ဂျပန်များကို ဆင်းရိုက်မည်ပြုရာ ဒေါ်ဝါညွန့်နှင့် သမီးများက မနည်းဆွဲထားခဲ့ကြရလေသည်။

တစ်နေ့တွင်လည်း ဂျပန်များနှင့် ငယ်ပေါင်းသူငယ်ချင်းပမာ ရင်းနှီးခင်မင်နေခဲ့သော ကိုဘဘတစ်ယောက် ဂျပန်များနှင့် ကစားရင်း၊ ရွှတ်ရင်း၊ နောက်ရင်း၊ ဘယ်လိုက ဘယ်လိုဖြစ်သွားခဲ့သည်မသိ။ ဂျပန်စစ်သားက ဘဲနက်နှင့် အတင်းလိုက်ထိုးလေတော့၏။ ကိုဘဘက ရှောင်ပြီး အပြေးမြန်လို့မထိ။ နောက်လူကြီးများ မြင်၍ သူတို့ဗိုလ်ကြီးကို အမြန်ပြေးခေါ်ကြရလေတော့၏။ သူတို့ ဗိုလ်ကြီးရောက်လာတော့မှ မုန်ယိုနေသော ဂျပန် စစ်သားမှာ ငြိမ်ကျသွားတော့သည်။ ဗိုလ်ကြီးက ဖျန်ဖြေကျေအေးစေပြီး သူ့စစ်သားကို ပြန်ခေါ်သွားလေတော့၏။

ကိုဘဘကိစ္စမှာ ဘိုးဘိုးဦးချစ်ထွေးတို့ မိသားစုနှင့်အတူ ကုန်းစွန်းကလေးတစ်ခုလုံး အား အတော်ကလေး ထိတ်ထိတ်ပျာပျာ ဂယက်ရိုက် လှုပ်ရှားသွားစေခဲ့လေသည်။

ဂျပန်များ၏ မတရားအမြဲ့ကျင့်မှု၊ ရက်စက်ရမ်းကားမှုသတင်းဆိုး အမျိုးမျိုးကို နာကြည်းစရာ၊ ကြက်သီးထစရာ၊ ကြားသိနေခဲ့ကြလေရာ ထိုအဖြစ်မျိုးနှင့် မကြုံရလေ အောင် ကုန်းစွန်းကလေးရှိ လူများမှာနောက်ပိုင်း၌ သတိနှင့်ချုပ်ထိန်း၍ ဂျပန်စစ်သားများကို အလိုက်အထိုက် ပေါင်းနေကြရလေတော့၏။

သူတို့ရောက်လာခြင်းဖြင့် တောရွာများမှာ ရတ်ချည်းအစားအသောက်များ ရှားပါး သွားခဲ့လေသည်။ သူတို့သည် ရွာစဉ် လျှောက်၍ ရသမျှအစားအသောက်များကို ကောက်သိမ်းဝယ်ယူနေခဲ့သည်။ ရပ်သူရွာသားများက သူတို့ကို မရောင်းသောအခါ ဂျပန် များက အိမ်များသို့ အတင်းလိုက်ဝယ်သည်။ သို့ရာတွင် ကြက်၊ ဘဲ၊ ဝက်များမှာ နေ့ဘက် များ၌ ချောင်းထဲ၊ မြောင်းထဲ၊ တောထဲ၊ တောင်ထဲသို့ လွှတ်ထားကြရာ သူတို့ထင်သလောက် မရကြပေ။ ထိုအခါ အမြဲ့ဆန်သူများပီပီ သူတို့က မရလျှင်ရသည့် နည်းကို သုံးလာကြပြန် သည်။

ထိုနည်းကတော့ ညကြီးသန်းခေါင် လူတွေရော တိရစ္ဆာန်များပါ အိပ်မောကျနေချိန်များ၌ အိမ်များသို့ အတင်းဝင်ဖမ်းနည်းပင် ဖြစ်လေသည်။

တစ်နေ့ ခွေးဟောင်းသံ၊ ကြက်၊ ဘဲ၊ ဝက်တို့၏ လန့်အော်သံများကြောင့် နီနီလေးတို့ တစ်အိမ်သားလုံး လန့်နိုးကုန်ကြသည်။ ထ၍ ကြည့်သောအခါ ဂျပန်စစ်သားများတစ်စုသည် ရွာသူကြီးနှင့်အတူ ဦးလေးကြိုင်၏ ကြက်များကို အတင်းဝင်ဖမ်းနေကြလေသည်။

ဖေဖေတို့အောက်ဆင်းသွားသောအခါ ရွာသူကြီးက အကျိုးအကြောင်း ဆီး၍ပြောပြသည်။ အမိန့်အာဏာနှင့် လာသည်မို့ ဖေဖေတို့ ဦးလေးကြိုင်တို့မှာ ရင်ထဲမှာ မကျေမနပ်ပေမယ့် သည်အတိုင်းကြည့်နေလိုက်ကြရသည်။ သို့ရာတွင် ဂျပန်များက တစ်ကောင်တည်းသာကျန်သော သူ့ရစ်ကြက်ဖကြီးကို ဖမ်းသောအခါ ဦးလေးကြိုင်မှာ မနေနိုင်ဘဲ ပြောလိုက်တော့၏။

'ဒီမှာ ... ဒီကြက်ဖက တစ်ကောင်တည်းရှိတာမို့ ... ဒီကြက်ဖတော့ ယူမသွားပါနဲ့ ... ကြက်မတွေတော့ ... ကြိုက်တာယူပေါ့"

ဘယ်လိုပြောပြော ဂျပန်များက နားမလည်ကြ။ ကြက်ဖကြီးကို ဖမ်းထည့်ပြီးသာ သူတို့၏စောများလှသော 'ထောင်မလဲ ... သဲကော်' ဂျပန်ပိုက်ဆံအသစ်ကျပ်ချွတ်များကို ထုတ်ပေးနေသည်။ သို့ရာတွင် ကြက်ဖကြီးအတွက် မကျေမနပ်ဖြစ်နေသော ဖေဖေတို့က သူတို့ငွေကို လက်မခံဘဲ ကြည့်သာ ကြည့်နေလိုက်ကြသည်။ ထိုအခါ အတူလိုက်ပါလာခဲ့သော ရွာသူကြီးခမျာ ကိုယ့်အမျိုးသားတွေအတွက်လည်း မျက်နှာခပ်ပူပူ၊ ဂျပန်များကိုလည်း ခပ်ကြောက်ကြောက်နှင့် ကြားဝင်၍ ဖျန်ဖြေရလေတော့၏။

'ဒီမှာ ... မာစတာ ... ဒီက ဆရာကြီးက ပြောတယ် ... သူတို့မှာ ကြက်ယောကျ်ား ဒီတစ်ခုပဲရှိလို့ ... ကြက်ယောကျ်ားကို မယူပါနဲ့ ... ကြက်မိန်းမကိုသာ ကြိုက်တာယူပါတဲ့'

ကရင်အမျိုးသား ရွာသူကြီးက ကရင်သံဝဲဝဲနှင့် ရှင်းပြလိုက်တော့မှ ကိုရွှေဂျပန်များက နားလည်တော်မူသွားကြလေသည်။ သူ့တို့သည် ချက်ချင်းပင် ဦးလေးကြိုင်၏ ကြက်ဖကြီးကို ပြန်ထားပြီး ကြက်မတစ်ကောင်ကိုသာ အစား ထပ်ယူသွားကြလေတော့သည်။

ည ... ညတွင် လူများမှာ ပုံပြင်ထဲတွင် ကြားဖူးသော ငရဲပြည်ရောက်နေသလို ထင်ရသည်။ အိပ်ကောင်းချိန်ရောက်ပြီဆိုလျှင် ဓားပြတိုက်သလို ဂျပန်စစ်သားများသည် အိမ်များသို့ ဝင်၍ ကြက်ဆွဲ၊ ဘဲဆွဲသံများ တညည်ဆူနေကြတော့သည်။

သူတို့ကြောင့် တောဘက်ပိုင်းများ၌ အစားသောက်ရှားပါးသွားသည်ဆိုသော်

လည်း ငတ်လောက်အောင်တော့ မဟုတ်သေးပေ။ လယ်ထဲဆင်းနိုင်ပြီး ရှာနိုင်ဖွေနိုင်လျှင် ငါး၊ ဖား စသည်များကိုတော့ မပြတ်အောင် စားနိုင်ကြသေးသည်။ လူတွေအဖို့ အခက်တွေ့နေကြသည်မှာ ဝတ်စရာအဝတ် မရှိကြခြင်းပင်။ ချည်ကြမ်းထည်ကိုမှ ဝယ်မရ မဝယ်နိုင် ဖြစ်နေကြသည်။

ဦးလေးကြိုင်တို့ လယ်ထဲဆင်းဖို့ ချည်ချောတွေ မတတ်နိုင်သဖြင့် မေမေက ချည်ကြမ်းတွေ ဝယ်ပေးထားရသည်။ အခြား လယ်သမားများမှာမူ စားစရာမှ အနိုင်နိုင်မို့ ဆာလာအိတ်ကို တချို့ဝတ်နေရလေသည်။ ထိုအခါ လူများမှာ ပစ္စည်းအရောင်းအဝယ်ကို ပိုက်ဆံအစား အဝတ်အထည်နှင့်လဲမှသာ ရကြလေတော့၏။

တစ်ခါက သင်ဖြူးဖျာများရောင်းရန် မြို့သို့ ရွက်သွားသည်ကို မေမေက ဖြတ်ခေါ်ပြီး ဝယ်သည်။ သင်ဖြူးသည် အဝတ်နှင့်မှ လဲမည်ဆို၍ မေမေမှာ သင်ဖြူးသုံးချပ်ကို ဖေဖေ့ ပင်နီတိုက်ပုံ တစ်ထည်၊ ရုပ်အင်္ကျီတစ်ထည်၊ ပုဆိုးအဟောင်းတစ်ထည်နှင့် လဲလိုက်ရလေသည်။ နောင်တွင် ပစ္စည်းရောင်းသူများက သူတို့ကို မြို့မှပြေးလာကြသူမှန်း သိကြလျှင် ခြင်ထောင်၊ အဟောင်းအစုတ်များနှင့်ပင် တောင်း၍ လဲကြလေတော့၏။ ထိုအခါ မေမေ့မှာ ပစ္စည်းတစ်ခု လိုချင်တိုင်း အိမ်မှရှိသမျှ အဝတ်ဟောင်းများကို စုပြီး လဲယူနေခဲ့ရလေတော့သည်။

'ပေပင်' ရွာ 'ပိတောက်ကုန်း' ရွာများတုန်းက မွေ့ရာ တချို့ကုန်ခဲ့သော မေမေ့မှာ ယခုသူတော်ကုန်းရောက်သည်တွင် ကျန်သော မွေ့ရာတချို့နှင့် ခြင်ထောင်၊ စောင်နှင့် အိပ်ရာခင်း အဟောင်းများ ကျန်လေတော့၏။

ထိုအချိန်တွင် အတော်ဟန်ကျနေခဲ့သူမှာ "အားမ" ဖြစ်လေသည်။ သူသွားရာယူသွားလေ့ရှိသော ကြိမ်ဆွဲခြင်းကြီးထဲ၌ သူ့ဖဲအနက်အင်္ကျီနှင့် ဘောင်းဘီများအပြင် ပိတ်စနှင့် အပ်ချည်လုံးများရှိလေသည်။ သူသည် လက်နှစ်လုံးလောက် ပိတ်အစအနကလေးများကို ပင် အပ်တစ်ချောင်းနှင့် စိတ်ရှည် လက်ရှည် စပ်ဟပ်ချုပ်လိုက်သည်တွင် အရောင်စုံ အပွင့်စုံနှင့် တစ်မျိုးကြည့်၍ လှနေသော အဆင်ဆန်းလုံချည်ကလေး ဖြစ်သွားခဲ့လေတော့၏။ ထိုစပ်လုံချည်တစ်ထည်ကို ရောင်းသောအခါ ထောင်ချီ၍ ရခဲ့လေသည်။

ပိတ်အစ အပိုင်းကလေးများ ရှိသူများကလည်း အားမထံလာ၍ ချုပ်ပေးရန် အပ်ကြလေသည်။ နီနီလေးတို့အိမ်မှ စုတ်ပြဲနေသော အင်္ကျီ၊လုံချည်နှင့် အဝတ်အထည်များကိုလည်း အားမက ရက်ချုပ်ကလေးဖြင့် လှပသေသပ်စွာ ဖာထေးချုပ်လုပ်ပေးလေသည်။

လူတချို့က ဂျပန်စစ်သားများထံမှ ခြေအိတ်အသစ်များကို ဝယ်ယူပြီး ရက်ကန်းစင်

များသို့ တစ်ဆင့် ပြန်ရောင်းကြသည်မှာလည်း စျေးကောင်းရကြလေသည်။ ထိုခြေအိတ်များကို ဖျက်ပြီး ပြန်ရက်သော ပုဆိုးမန်ကျည်းစေ့ကွက် အနီကလေးတစ်ထည်ကို ဖေဖေ့အတွက် တစ်ထောင့်ငါးရာပေး၍ ဝယ်ခဲ့ရလေသည်။ မေမေကမူ အသစ်လည်း ရှာမဝယ် ချည်ကြမ်းကိုလည်း မဝတ်လိုဘဲ သူ့မှာကျန်ရှိနေသော အဝတ်အထည်ကလေးများကိုသာ ချွေတာခြိုးခြံ၍ ဝတ်ဆင်နေခဲ့လေတော့၏။

တစ်နေ့တွင် ဖေဖေ့အား စည်းဝေးခေါ်သဖြင့် သွားရသည်။ ပြန်လာသောအခါ ရွာမှ သူကြီးနှင့်အတူ ကုန်းစွန်းကလေးမှ ဆရာအဲလ်ဖရက်၊ ကိုညွန့်မောင်နှင့် ဖေဖေတို့ကို အစိုးရက ရွာစဉ်လျှောက်၍ အမှန်တကယ် ဝတ်စရာ အလျဉ်းမရှိသူများကို စာရင်းကောက်ပြီး အဝတ်များဝေခိုင်းသည်ဆို၏။

နောက်တော့ ဖေဖေတို့သည် ရိုးမတောင်ခြေနားရှိ ရွာများအထိသို့ ခြေလျင်လျှောက် စာရင်းကောက်ပြီး အဝတ်များကို ဝေငှကြရလေသည်။ ဖေဖေတို့က ဝေရသော အဝတ်များမှာ တစ်အိမ်ထောင်အတွက် ယောကျ်ားတစ်ယောက် ပိတ်ဖြူတစ်ဝတ်စာနှင့် မိန်းမတစ်ယောက်ကို ထောင်ကြည့်လိုက်လျှင် တစ်ဖက်ကို အတိုင်းသားမြင်နေရသည့် ရက်ထည်ပါးလှပ်လှပ် အနီပွင့်ရိုက် သုံးထောင့်ထွာ ထဘီတဝတ်စာစီဖြစ်သည်။

ဂျပန်များက စေတနာဝေဖြောစွာ ပေးခဲ့သော်လည်း လက်ခံရရှိသူများမှာ ဝမ်းမသာနိုင်ကြဆိုသည်။ ရွှံ့ထဲ ရေထဲ နွားနှင့် ဖက်ဆင်းနေရသူ လယ်သမားများအဖို့ ဘယ်မှာလျှင် ပိတ်ဖြူကို ပုဆိုးစည်း၍ ဖြစ်ပါမည်နည်း။ မိန်းမဝတ်လုံချည်ပိတ်စိမ်းပါးကလေးများမှာလည်း ဘယ်လောက်ကြာကြာ ရေစိုခံနိုင်ကြပါမည်နည်း။ ထိုအခါ လယ်သမားများအဖို့ "ပေးကားပေး၏ မရ" ဆိုသလိုဖြစ်ကာ ဝမ်းမသာနိုင်ခဲ့ကြပေ။

ထိုအကြောင်းကို သိလျှင်ကုန်သည် "ကိုကာဟင်" က ဖေဖေတို့ကို လာပြောသည်။ ယခု လယ်သမားများရသော အဝတ်အတွက် စိတ်ညစ်နေကြသည်ကို သူဖြေရှင်းပေးချင်သည်ဆို၏။ သူ၏ ဖြေရှင်းနည်းမှာ ဂျပန်က ပေးသော ပိတ်ဖြူနှစ်ကိုက်စီနှင့် သရက်ထည် လုံချည်တစ်ကွင်းစီကို သူကချည်ကြမ်း လုံချည်တစ်ထည်စီနှင့် ငွေအစိတ်စီ အလိုက်ပေး၍ လဲပေးမည်ဖြစ်လေသည်။

ဖေဖေတို့က လယ်သမားများကို ပြောပြသောအခါ လယ်သမားဆင်းရဲသားများကလည်း ဝမ်းသာကျေနပ်စွာ လက်ခံကြလေသည်။ သူတို့အဖို့ ချည်ကြမ်းပုဆိုးတစ်ထည်ကို တစ်ဝက်စီခွဲ၍ ယောကျ်ားနှစ်ယောက် ခါးလုံအောင် စည်းနိုင်သည်။ ဘောင်းဘီချုပ်ဝတ်လျှင်လည်း နှစ်ထည်ရလေသည်။ ရင်လျားနေရသော မိန်းမများအဖို့မှာလည်း

ချည်ကြမ်းလုံချည်မှာ ထူထဲနွေးထွေး၍ ရေစိုစို၊ နေပူပူကြာရှည် အဝတ်ခံလေသည်။ သူတို့ အဖို့ အလှအပ အဖြူအနီများမလို၊ လုံခြုံပြီး ကြာရှည်သုံးနိုင်ဖို့သာ အရေးကြီးလေသည်။ ထို့အပြင် လက်ငင်းကလည်း ငွေပိုအစိတ်စီကို သုံးနိုင်ကြသေးသည်မဟုတ်ပါလား။

နောက်တော့ ဖေဖေတို့က ရှေ့မှ စာရင်းကောက်၍ ဝေသွားသော အထည်များကို 'ကိုကာဟင်'တို့က နောက်မှ ချည်ကြမ်းလုံချည်များနှင့် ငွေအိတ်ကို ထမ်းပြီး လိုက်လဲ ကြလေတော့၏။

ဖေဖေတို့ တာဝန်ပြီးဆုံးသွားလျှင်တော့ အစိုးရက ကိုယ့်ထမင်းကိုယ်စား ကိုယ့် ခြေနှစ်ချောင်း ကိုယ်အားကိုးပြီး ရွာစဉ်လျှောက်သွားခဲ့ကြရသော လုပ်အားခအဖြစ် ဂျပန် ပိုးလျှော်ရွတ်ရွတ်အကွက်ကလေး တစ်ကိုက်စီပေးလေသည်။ ပိတ်စကလေးတစ်ကိုက် မှာ ဘယ်နေရာတွင်မှ မသုံးလောက်ပေ။ နောက်တော့ မေမေက နီနီလေးအတွက် ဗမာ အင်္ကျီရင်စေ့ကလေးတစ်ထည် ချုပ်ပေးခဲ့လေသည်။ ဟိုတုန်းက နီနီလေးတို့ ညီအစ်မ နှစ်ယောက်ကို မေမေက အဆင်တူ ဂါဝန်လှလှကလေးတွေ မကြာခဏချုပ်ပေးသည်။ ယခု စစ်ကြီးဖြစ်၍ ပြေးကြလွှားကြရပြီးမှတော့ တစ်ချိန်လုံး သည်အင်္ကျီကလေး တစ်ထည် သာ ချုပ်ပေးနိုင်လေသည်။

သည်လိုနှင့် မိုးကုန်သွားလျှင် ရိုးမတောင်တန်းကြီးဆီမှ လေယာဉ်ပျံများက ပို၍ လာကြသည်။ နီနီလေးတို့ခေါင်းပေါ်မှ ဖြတ်ပြီး ဗုံးသွားချသည်။ ပြီးလျှင် ပြန်သွားကြ သည်။ ဂျပန်များ ဖောက်လုပ်နေသော လမ်းကြီးမှာလည်း ရိုးမတောင်ခြေသို့ပေါက်နေခဲ့လေ ပြီ။ ဂျပန်စစ်တပ်များကလည်း တစ်တပ်ပြီး တစ်တပ် သူတော်ကုန်းကိုဖြတ်ပြီး ထိုးပေါက် နေသော လမ်းကြီးအတိုင်း အနောက်ရိုးမတောင်ကြီးဆီသို့ ချီတက်သွားကြလေသည်။

လေယာဉ်ပျံများကလည်း မကြာခဏ စာများလာကြဲချတတ်သည်။ ထိုစာများကို ဂျပန်များက လိုက်သိမ်းသည်။ သို့ရာတွင် စာကိုရရှိသူများက ဝှက်ထားပြီး အချင်းချင်း ကျိတ်၍ ဖတ်ကြသည်။ တစ်ခါတွင် လေယာဉ်ပျံမှ ကြဲချသော စာတစ်ရွက်ကို အရီးလေး ကရလာပြီး ဖေဖေတို့ မေမေတို့နှင့် တိုးတိုးတိတ်တိတ် ဖတ်နေကြသည်။

'သူတို့က ... ပင်လယ်ထဲက လှည့်ပြီး အနောက်ရိုးမတောင်ကြီးဘက်က တက်လာ ကြမှာတဲ့ ...'

'ဒါကြောင့် ... ဂျပန်တပ်တွေ ... အနောက်ရိုးမကြီးဆီကို ဖိပြီးသွားနေခဲ့ကြတာ ထင်တယ်'

စာကလေးကို ဖတ်ပြီး လူကြီးတွေ တိုးတိုးကျိတ်ကျိတ်ပြောနေသော စကားကလေး

တချို့ကို အမှတ်တမဲ့ဖြင့် နီနီလေးကြားလိုက်မိလေသည်။

နောက်တော့ ဂျပန်စစ်တပ်များ အသွားရပ်သွားခဲ့သည်။ နောက်ထပ် သွားစရာ စစ်တပ်များ ကုန်သွား၍လား အနောက်ရိုးမဆီတွင် လုံလောက်သွားခဲ့၍လားတော့မသိပေ။

အနောက်ရိုးမလမ်းကြီး ပြီးသွားခဲ့သော်လည်း မြို့ရှိ လေယာဉ်ပျံကွင်းဆောက်ဖို့အတွက် အရပ်သားများကိုတော့ ချွေးတပ်က ဆွဲတုန်းပင် ဖြစ်လေသည်။ မကြာမီက လေယာဉ်ပျံကွင်းကို ဗုံးကြဲရာ လူများအတော်ကြီး သေကြေသွားခဲ့ကြသည်။ ထို့ကြောင့် အရင်လို လွယ်လွယ်နှင့် လူငှားထည့်၍မရတော့ပေ။ ထိုအခါ ဦးလေးကြိုင်တို့ လူငယ် လူရွယ်တွေမှာ အိမ်တွင်သိပ်ပြီး ထင်ထင်ပေါ်ပေါ် မနေဝံ့ကြဘဲ များသောအားဖြင့် လယ်ကွင်းထဲ တောထဲ၌သာ ကိုယ်ရောင်ဖျောက်၍ နေကြရလေသည်။

ဂျပန်များက လူသာမကနွားများကိုလည်း ချွေးတပ်ဆွဲသေးသည်။ ဘကြီး ဦးဖိုးကူး၏ နွားဘို့တင်ကြီးနှစ်ကောင်မှာ ဆွဲသည့်အထဲ ပါသွားခဲ့လေသည်။ ဘကြီးဦးဖိုးကူးမှာ သူ့နွားများကို သားသမီးပမာ ချစ်ခင်မြတ်နိုး ယုယထားနေခဲ့ရာ ချွေးတပ်က လာဆွဲသွားသောအခါ မျက်ရည်တောက်တောက်ကျအောင် စိတ်နလုံး ထိခိုက်ကျန်ခဲ့ရှာ လေသည်။ သူတို့က နိုင်ပြီး ပြန်ပို့ပါမည် ပြောသွားခဲ့သော်လည်း သူတို့လက်ထဲရောက် သွားလျှင် ပြန်လမ်းမရှိသည်ကို လူတိုင်းက နားလည်ထားကြပေသည်။

ထို့နောက် တစ်လခန့်ကြာလျှင် ဘကြီးဦးဖိုးကူးနွားကြီးတစ်ကောင်မှာ မမျှော်လင့်ဘဲ တစ်ကောင်တည်း ပြန်ရောက်လာခဲ့လေသည်။ နွားကြီးမှာ ပိန်ညှောင်၍ နံရိုးပြိုင်းပြိုင်း ဖြစ်လာခဲ့သည်။ သူဘယ်လို ပြန်လာနိုင်ခဲ့သည်ကို လူမဟုတ်၍ နွားကြီးကတော့ ပြန်မပြောတတ်။ သို့ရာတွင် သူ့ကို မြင်ရခြင်းဖြင့် လူများက အကဲဖမ်း၍ မှန်းဆကြည့်နိုင်ကြလေသည်။ ကျန်သော နွားတစ်ကောင်ကိုတော့ ဘကြီးဦးဖိုးကူးတို့မှာ လုံးဝပြန်မတွေ့ကြရတော့ပေ။

ထိုသို့ ဗရုတ်ဗရက်တွေကြားမှပင် ကုန်းစွန်းကလေးရှိ ဗမာခရစ်ယာန်အစုကလေးသည် ၁၉၄၄ ခုနှစ်ကုန်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ဘာသာရေးအရ ခရစ္စမတ်ပွဲကလေးကို ကျင်းပလိုက်ကြသေးသည်။ ရွာထဲရှိ ကျောင်းကြီးတွင် စုပေါင်း၍လည်း နှစ်သစ်ကူး ပဒေသာ ကပွဲကလေးတစ်ခုကို ခင်းကျင်းပြသလိုက်ကြပြန်သည်။

နီနီလေးတို့ထိုကုန်းစွန်းကလေးသို့ရောက်ခဲ့ကြသည်မှာ တစ်နှစ်တင်းတင်းပင် ပြည့်သွားခဲ့ပေပြီတကား။

❐

# နေဝင်မီးငြိမ်း

နှစ်ဆန်းလျှင်ပင် ဦးလေးကြိုင်သည် လယ်ကို ရိတ်သိမ်းကြလေတော့၏။ တလင်းကို လယ်ကွင်းထဲမှာပင် ထား၍ နယ်လေသည်။

ယခုတလော လေယာဉ်ပျံတွေကလည်း ပိုများလာကြကာ မြို့မှာသာမက တချို့တောရွာကလေးများ အပေါ်သို့ပါ ဗုံးများဖြုတ်ချသွားတတ်ကြလေသည်။ ထိုအခါ တောမှလူများမှာ လေယာဉ်ပျံသံကြားတိုင်း ခါတိုင်းထက် ရင်ဖို၍ ထိတ်နေကြရလေတော့၏။ ဂျပန်စစ်တပ်ကလည်း ကျေးရွာများကို နေဝင်မီးငြိမ်းအမိန့်ထုတ်လိုက်တော့သည်။

ထိုအခါ လမိုက်သော ညများ၌ လောကကြီးတစ်ခုလုံးမှာ ဆိတ်ငြိမ် မည်းမှောင်နေတော့၏။ အမှောင်ကို ကြောက်တတ်သော နီနီလေးမှာ မိုးချုပ်မှာကိုပင် စိုးမိလေသည်။ ညမှောင်မှောင်ကြီးထဲ၌ ငြိမ်နေရခြင်းမှာ ကြောက်စရာ ကိစ္စတစ်ခုခုကို စောင့်နေရသလိုရင်ထဲတွင် ထိတ်လန့်တုန်လှုပ်နေမိလေတော့၏။ လူကြီးများအနားတွင် ကပ်ထိုင်နေရသော်လည်း သူ့ရင်မှာ အလိုလို တုန်မောနေမိလေသည်။ လသာသည့် ညများမှာတော့ အတော်ကလေး နေသာထိုင်သာ ရှိခဲ့လေသည်။ ထိုသို့ လသာသာမှာပင် လေယာဉ်ပျံများက မြို့များသို့ ဗုံးသွားကြဲနေကြပြန်သည်။ လသာသော ညချမ်းများမှာပင် လူသားများကို အေးငြိမ်းမှုမရနိုင်အောင် စစ်မီးတစ္ဆေကြီးက အမြဲတမ်းခြောက်လှန့်လျက်ရှိနေလေတော့၏။

ထိုသို့ ထိတ်ထိတ်လန့်လန့်နှင့်ပင် နီနီလေးမှာ ညစဉ် အိပ်ပျော်သွားတတ်လေသည်။ သို့အိပ်ပျော်သွားရာမှ တစ်ည မိုးမလင်းတတ်သေးမီ တစ်အိမ်လုံး ဝုန်းဝုန်းဒိုင်းဒိုင်း ထပြေးကြသံများကြောင့် နီနီလေးကလည်း လန့်နိုးလာသည်။ သူသည် ရင်တဆတ်ဆတ်တုန်ကာ မောရင်း ကြောက်အားလန့်အားဖြင့် လူကြီးတွေရှိရာ အိမ်ပြင်သို့ ဇွတ်၍ ထပြေးခဲ့တော့၏။

အပြင်ရောက်၍ ကြည့်လိုက်သောအခါ အရီးလေးတို့ အိမ်ရှေ့ဆီတွင် လူများ ရုတ်ရုတ်ရက်ရက်ဖြစ်နေကြသည်။ သူတို့သည် မီးပုံတစ်ပုံကို ဒုတ်နှင့် ရိုက်သတ်သူက သတ်ပြီး ရေပုံးနှင့် ရေသွားခပ်ကာ လောင်းသူကလောင်းနေကြသည်။

"ဘာလုပ် … ဘာလုပ် … ဝမီးကို ဘာလုပ် ရေလောင်းတယ် … ဟင်"

မီးကို ဝိုင်းသတ်လျက်ရှိသူများကို အားမက စိတ်ဆိုးမာန်ဆိုးဖြင့် အော်ဟစ်နေသည်။

"ဘာလုပ်ရမလဲ … အားမ မီးတွေ သေအောင် ရေလောင်းရတာပေါ့"

"ဒီအဘွားကြီးတော့ ခက်နေပါပြီ … ပြောလို့ဆိုလို့ကလည်း နားမလည်နဲ့"

"မီးမရှို့ပါနဲ့ဆိုတာ … ဘာလို့ ထရှို့တာလဲ … တော်ကြာ … အားမကို … ဂျပန်တွေက ဖမ်းပြီး သတ်ပစ်လိမ့်မယ် … သိလား"

"ဘာသတ်လဲ … ဘိုကြောက် … ဘိုကြောက်"

သူ့အား တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသူများကို အားမက မျက်စောင်းကြီး ပစ်ထိုးရင်း သူ့လက်သုံးစကား "ဘိုကြောက် ဘိုကြောက်" ဆိုသည်ကိုလည်း ရေရွတ်လိုက်လေတော့သည်။

အားမက အမှိုက်တွေလှည်းပြီး အိမ်ရှေ့တွင် စုပုံထားကာ ညဦးတွင် မီးရှို့ရန်ပြုသည်။ မီးပင်မထွန်းရဟု အမိန့်ထုတ်ထားသည်ကို ပြော၍ နားမလည်ဘဲ သူက မီးရှို့ရန်သာ ကြိုးစားသည်။ နောက်အားလုံးက အတင်းဝိုင်းပြောတော့မှ သူလက်လျှော့သွားခဲ့သည်။ သို့ရာတွင် သူ့အမိုက်ပုံကို မီးမရှို့ရလျှင် မနေနိုင်သော အားမက သူများတွေ အိပ်ကောင်းနေကြစဉ် မိုးမလင်းမီထ၍ မီးရှို့ခဲ့ပြန်တော့သည်။ သို့ရာတွင် လူများနိုးပြီး ဝရုန်းသုန်းကား ထသတ်ပစ်လိုက်၍ မီးများသေသွားသဖြင့် အားမက စိတ်ဆိုးလေတော့၏။

သူ့ကို ဂျပန်များ ဖမ်းသတ်ပစ်လိမ့်မည်ဟု ပြောလျှင် သူက "မကြောက်"ဟု ပြန်ပြောသည်။ သို့ရာတွင် မပီ၍ "ဘိုကြောက်" ဖြစ်နေလေတော့၏။

ဖေဖေတို့မှာ အားမ၏ မီးရောင်ကြောင့် ဂျပန်တွေများ လာပြီး အပြစ်ရှာလေဦးမလား စိုးရိမ်မိကြသေးသည်။ သို့ရာတွင် သူတို့သတိမထား မသိလိုက်ကြ၍လားမသိ။ ဘာမျှလာပြီး မေးစမ်းအပြစ်ရှာခြင်း မရှိခဲ့ပေ။

နောက် 'ကျွဲညီနောင်' တောကျော်ကြီးနှစ်စင်းမှာ ယခု တစ်စင်းတည်းသာ လာတော့သည်။ နောက်မှ တစ်စင်းပျက်ကျသွားခဲ့ကြောင်း သတင်းကို ကြားသိကြရလေတော့၏။

ဘယ်နေရာတွင် ပျက်ကျနေခဲ့မှန်း မသိသော တစ်စင်းကို ကျန်သော တောကျော်ကြီးတစ်စင်းက ငှက်ကြီးတစ်ကောင်လို ပျံဝဲပြီး လိုက်ရှာနေသည်ကို မြင်ကြရသည်မှာ သနားစရာပင်ကောင်းလှနေလေသည်။ သူသည် နေ့စဉ် ရက်ဆက်လာ၍ တောင်ခြေတစ်ဝိုက်တွင် လိုက်ရှာနေလေသည်။ တစ်ချက် တစ်ချက်တွင် ကုန်းစွန်းကလေးတစ်ဝိုက်ဆီသို့လည်း 'ဝီး' ခနဲ 'ဟီး' ခနဲ ပျံချလာခဲ့ပြန်သည်။

နောက်မကြာမီ၌ ပျက်ကျသော လေယာဉ်ပျံကို ဂျပန်များ တွေ့သွားပြီး လေယာဉ်မောင်းသမား အင်္ဂလိပ် လေသူရဲကလေးနှစ်ယောက်ကိုလည်း ဖမ်းသွားကြကြောင်း ထပ်မံ ကြားသိကြရပြန်တော့၏။

ထိုသတင်းကို ကျန်သော တောကျော်ကြီးကလည်း ကြားသိသွားခဲ့ပုံရသည်။ တောင်ခြေတွင် ဝဲမရှာတော့ အခဲမကျေ နာကြည်းစွာဖြင့် ရန်သူများကိုသာ အနှံ့ပျံဝဲ၍ လိုက်ရှာနေတော့၏။ သူသည် မည်းခနဲမြင်လျှင် လက်မနှေးဘဲ ပစ်ထည့်နေသဖြင့် သူ့ကို ဂျပန်များ အလွန်ကြောက်ကြလေသည်။ သူသည် တစ်ခါ တစ်ခါ စပါးပင်များ လွတ်ရုံ လယ်ကွင်းထဲတွင် ခပ်ဖြည်းဖြည်း ဝဲပျံနေတတ်ရာ နီနီလေးတို့၏ ခွေးဗိုဝက ဘာထင်သည်မသိ စပါးတောထဲမှ ခုန်လွှားလျက် လေယာဉ်ပျံကြီးနောက်မှ လိုက်ဟောင်တတ်လေသည်။ ဖေဖေတို့က ဗိုဝသည်းပုံကို ကြည့်၍ ရယ်ကြသော်လည်း နီနီလေးကမူ တောကျော်ကြီးက စိတ်တိုတိုနှင့် ပစ်ထည့်လိုက်လေမလားဟု တွေးပူမိသည်။

တစ်ကိုယ်တော် တောကျော်ကြီးသည် ယခုတလော ညဘက်မှာပင် ရောက်လာနေလေတော့၏။

ထိုညက လသာသာနှင့် ဦးလေးကြိုင်တို့တလင်း နယ်ရာဆီသို့ ကိုကြီးနှင့် ကိုညီတို့ ပါလိုက်သွားခဲ့ကြသည်။ မေမေက ဦးလေးကြိုင်တို့ဆာလျှင် စားဖို့ ကောက်ညှင်းပေါင်းနှင့် ငါးကြော်များ ထည့်ပေးလိုက်သည်။

ည ဆယ့်တစ်နာရီခန့်တွင် ကိုကြီးနှင့် ကိုညီတို့ ပြန်လာခဲ့ကြသည်။ သူတို့

ပြန်မလာခင်စောစောကလေးကပင် တောကျော်ကြီးက အတော်ကြာကြာ ဝဲလှည့်သွားခဲ့သေးသည်။ အိမ်ရောက်လျှင် ကိုညီက အော်ကျယ် အော်ကျယ်နှင့် မေမေ့ကို လာပြောပါသည်။

'ဟာ ... မေမေ ထည့်ပေးလိုက်တဲ့ ... ကောက်ညှင်းပေါင်းနဲ့ ငါးကြော်တွေ ... ညီညီတို့မစားရပါဘူး'

'ဟဲ့ ... ဘယ်ရောက်ကုန်လို့တုံး'

' အို ... မပြောပါနဲ့တော့ မေမေရာ ... ဦးလေးကြိုင်တို့က ... အနားဖြေရင်း စားမယ်လို့ ဝိုင်းလဲထိုင်လိုက်ရော ကိုယ်တော်ချော တောကျော်ကြီး ဖြုန်းဆိုပျံချလာပြီး နိမ့်နိမ့်ကလေးလှည့်နေလို့ ညီညီတို့အားလုံး ... ကန်သင်းရိုးဘေး ပြေးပြီးဝပ်နေကြရတာပေါ့ ... နောက် အတော်ကြီးကြာမှ တောကျော်ကြီးက ပြန်သွားလို့ စားကြမယ်လည်း လုပ်ရော ဘာမှ မရှိတော့ဘူး'

'တောကျော်ကြီး ဝဲတာနဲ့ ... ကောက်ညှင်းတွေက ဘာလို့မရှိတော့တာတုံး ညီညီရ ...'

'ဘာလို့မရှိတော့တာတုံးဆို ... ညီညီတို့ ပြေးဝပ်နေကြတုန်း ဗိုဝအကုန် တုတ်ပစ်လိုက်လို့ပေါ့ မေမေရ ... ဟားဟား'

ကိုညီက ပြောပြီး ရယ်လေသည်။ သည်တော့မှ မေမေလည်း သဘောပေါက်နားလည်လေတော့၏။

နောက် တလင်းပြီးလျှင် ဦးလေးကြိုင်တို့က လှေ့ပြီးသား စပါးများကို အိမ်သို့ လှည်းနှင့်တိုက်လာခဲ့ကြတော့သည်။ စပါးသယ်သို့ လှည်းအခွဲကြီး ပြန်သွားသောအခါများ၌ နီနီလေးတို့က အပျော်လိုက်စီးကြလေသည်။ ကစားဖော်များ တစ်စုတဝေးကြီးဖြင့် ခရောင်းလမ်းတွင် လှည်းကြမ်းစီးရသည် ရင်တထိတ်ထိတ်နှင့်ပင် နီနီလေးစိတ်မှာ ပျော်မိရပြန်သည်။ ညနေစောင်းများတွင်တော့ တောကျော်ကြီးက အနားယူတတ်သည်မို့ ကုန်းစွန်းရှိ လူများမှာ ခဏတော့ စိတ်အေးလက်အေးကလေး နေနိုင်ကြလေသည်။

ညနေစောင်းများ၌ ဂျပန်များဖောက်လုပ်ထားခဲ့သော လမ်းကြောင်းကြီးပေါ်တွင် လှည်းများက တရောင်းရောင်း ပြေးကြသည်။ နောက် ညအမှောင်ဘက်သို့ရောက်သွားလျှင်မူ ထိုလမ်းကြီးမှာ ဂျပန်စစ်တပ်က လွှဲ၍ ဘယ်သူတစ်ဦးတစ်ယောက်မျှ အသုံးပြုခွင့်မရှိတော့ပေ။

ညဘက်များတွင် အနောက်ရိုးမတောင်ကြီးဆီမှ ဂျပန်စစ်ကားကြီးများသည်

လမ်းကြီးအတိုင်း မီးမဖွင့်ဘဲ မှောင်ကြီး မည်းမည်းမှာပင် တရွေ့ရွေ့ ခုတ်မောင်းလာနေကြသည်။

ထိုကားကြီးများထဲတွင် သူတို့၏ အရေးကြီးသော လက်နက်ပစ္စည်းများနှင့် ဖမ်းမိထားသော အင်္ဂလိပ်သုံ့ပန်းများ ပါသည်ဟု သိကြရလေသည်။ သုံ့ပန်းများမှာ ပျက်ကျသွားခဲ့သော ကောကျော်ကြီးမှ လေသူရဲကလေးနှစ်ယောက်နှင့် ရိုးမတောင်ပေါ်တွင် ဖမ်းမိထားသော အင်္ဂလိပ်စစ်သားတချို့ဟု ဆိုသည်။

ထိုအကြောင်းများကို ဂျပန်စကားပြန်လုပ်နေသော ကိုကြီးတို့၏ မိတ်ဆွေတစ်ဦးက ပြောပြသွားခဲ့ခြင်းဖြစ်သည်။

လေသူရဲကလေးနှစ်ယောက်ကို ဂျပန်များ ဖမ်းသွားစဉ်က သူသည် လိုက်သွားခဲ့ရသည်ဆို၏။ လေသူရဲကလေးများမှာ အသက်နှစ်ဆယ်နှင့် နှစ်ဆယ်ကျော် အရွယ်ကလေးများသာရှိကြသေးသည်။ အကြီးတစ်ယောက်က လက်ကျိုးသွားပြီး အငယ်က ယခုတစ်ခေါက်ပြန်သွားလျှင် လက်ထပ်မည့် ဆဲဆဲသာဆိုလေသည်။ သူတို့ထံမှ ပစ္စည်းများသိမ်းသည်တွင် သူ့အမျိုးသမီးကလေး၏ ဓာတ်ပုံပါသွားခဲ့သဖြင့် ကိုကြီးမိတ်ဆွေကပင် ဂျပန်များထံမှ ကူညီ၍ ပြန်တောင်းပေးခဲ့ရလေသည်။

တစ်ခါတော့ သူတို့ဂျပန်စစ်တပ် ရိုးမတောင်ကြီးပေါ်သို့ တက်သွားခဲ့ကြရာ တစ်နေရာတွင် မမျှော်လင့်ဘဲ အင်္ဂလိပ်စစ်သား ငါးယောက်နှင့် သွားတိုးကြသည်။ အင်္ဂလိပ် စစ်သားများမှာ အတွင်းခံ ဘောင်းဘီကလေးများက လွဲပြီး ဘာမျှ ဝတ်မထားကြ။ သူတို့တစ်ကိုယ်လုံးမှာ အဖုအပိမ့်တွေနှင့် နီရဲနေပြီး လျှာများထွက်၍ မျောက်လို ခုန်နေကြလေသည်။ နောက်အကြောင်းရင်းကို စုံစမ်းကြည့်တော့မှ အဖြေပေါ်လာလေသည်။ သူတို့သည် တောင်ပေါ်တွင် အစာရေစာ ပြတ်သွားခဲ့ကြသည်မှာ တစ်ပတ်ခန့်ရှိပြီး ဆို၏။ နောက်ဆုံး၌ သူတို့သည် ဆာလွန်းသဖြင့် သစ်ပင်တစ်ပင်၌ တွေ့သော အသီးများကို ခူးစားခဲ့ကြသည်တွင် တစ်ကိုယ်လုံး မနေနိုင်အောင် ယားယံအော့အန်ပြီး ယခုကဲ့သို့ ဒုက္ခရောက်ကြခြင်းဖြစ်လေသည်။ သူ့တို့ခူးစားသောအရာများမှာ 'ခွေးလှေးယား'သီးများ ဖြစ်သောကြောင့်ပင်။

ထိုအကြောင်းများကို ကြားသိပြီး နောက်တစ်ညသို့ ဦးလေးကြိုင်သည် တောအုပ်တန်းကလေးမှ သွားချောင်းကြည့်ခဲ့လေသည်။ သို့ရာတွင် ညမှောင်မှောင်၌ ကားကြီးမောင်းသွားသည်ကလွဲ၍ ဘာမျှမတွေ့ရဟု ကိုအောင်တို့ကို ပြန်ပြောပြလေသည်။ ထိုအကြောင်းကို ဖေဖေတို့ သိသွားလျှင် ဦးလေးကြိုင်မှာ နောက်ညများ၌ သွားချောင်းခွင့်

မရတော့ပေ။

သူတော်ကုန်းစွန်းကလေးသည် မနက်စောစောတွင် ဖြူဖွေးပိတ်မှောင်နေသော မြူနှင်းများလွှမ်းလျက် ရှင်အေးချမ်းမြေ့စရာကောင်းသလောက် ညနေဆည်းဆာချိန်မှာလည်း အထူးပင် သာယာလှပနေခဲ့လေသည်။ တောင်တန်းပြာကြီးတွင် မေးတင်ထားနေတတ်သော နေဝန်းရဲရဲကြီးမှာ နေ့တိုင်းကြည့်မြင်၍ မရိုးနိုင်အောင်ပင်။ ထိုနောက် တောင်စွယ်တွင် နေကြီးကွယ်သွားပြန်တော့လည်း ရောင်စုံဖြာ၍ တိမ်များတောက်နေပုံမှာ မြို့ရပ် များတွင် မြင်ရခဲသော သဘာဝ၏အလှအပတစ်ခုပါပေ။

ဖေကေ ညနေတိုင်း ထိုင်၍လည်း ဆည်းဆာအလှကို မြတ်မြတ်နိုးနိုး ကြည့်ငေး နေတတ်သည်။ ပြီးလျှင် ကျန်အိမ်သားများကိုလည်း အမြဲတမ်းခေါ်ပြီး ပြတတ်သော ကြောင့် နီနီလေးတို့မှာလည်း ညနေဆည်းဆာ၏ သဘာဝအလှကို ငေးမောခံစားလာ တတ်ကြရလေတော့၏။

သို့ရာတွင် နီနီလေးလေးတို့ ကလေးအဖို့မှာမူ ဆည်းဆာအလှထက် ဝွမ်းပုံအိအိ ကြီးနှင့်တူသော တိမ်ဆိုင်တိမ်ခဲကြီးများက ရုပ်ရှင်ပြသလို ကြည့်ရင်း ကြည့်ရင်းမှ သဏ္ဌာန် အမျိုးမျိုးသို့ ပြောင်းလဲသွားနေသည်ကို ပို၍အရသာ တွေ့နေမိကြလေသည်။ ထိုသို့ ပြောင်းလဲလာသော ပုံသဏ္ဌာန်ကို ကိုယ်ကဦးအောင် လူရုပ်၊ မြင်းရုပ်၊ ကြောင်ရုပ်၊ ကျားရုပ်၊ နန်းတော်ကြီး၊ ရဲတိုက်ကြီးစသည်ဖြင့် ပြောနိုင်အောင် ကြိုးစားရသည်ကို ပို၍ ပျော်နေမိကြ လေတော့၏။

ဝါသနာကြီးသော ဖေဖေတစ်ယောက်က နေဝင်ချိန်သာမက လဝင်ချိန်ကိုလည်း အိပ်ကောင်းနေသော တစ်အိမ်သားလုံးကို နိုး၍ ပြတတ်ပြန်လေသည်။ နီနီလေးတို့ကလည်း အိပ်ချင်မူးတူးနှင့်ပင် ထ၍ ကြည့်ခဲ့ကြလေသည်။ လဝင်ပုံကျတော့လည်း တစ်မျိုးလှနေ ပြန်သည်။ အနောက်ရိုးမကြီးကို မျက်နှာပြုထားသော နီနီလေးတို့၏ အိမ်ကလေးမှာ တောင်တန်းကြီးပေါ်မှာ လဝန်းကြီးနှင့် တည့်တည့်ကြီး တန်းနေလေသည်။

ညနေဆည်းဆာချိန်မှာ တောက်တောက်ပပ လှခဲ့သလောက် လဝင်ချိန်၏ အလှမှာမူ အေးအေးတည်ငြိမ်ပြီး ချမ်းမြေ့စရာ ကောင်းလှပေတော့သည်။ ဆိတ်ငြိမ်နေသော ညအချိန်၏ မှိုင်းညို့ညို့ တောင်တန်းကြီးပေါ်တွင် ပြာလွင်လွင် ကောင်းကင်ကြီးကို နောက်ခံပြုလျက် ဖိုးလမင်းကြီးက ဝါဝင်းလှပနေလေသည်။ ထိုစဉ် တိမ်မျှင်ကျွန်းမျော ကလေးများက လဝန်းကြီးကို လာရောက်ဖြတ်ထားလိုက်ကြသောအခါ ည၏အလှမှာ ပို၍ ကြည်နူးချမ်းမြေ့စရာ ကောင်းလေတော့၏။

လမမိုက်မချင်း ဖေဖေက ညတိုင်း နှိုးပြသည်။ နီနီလေးတို့ကလည်း မမောတမ်း ထကြည့်လေသည်။ အိမ်ရှေ့ခန်းတွင် အိပ်သော ဦးလေးကြိုင်တို့ ကိုကြီးတို့ကဆိုလျှင် လဝင်ချိန်၌ လရောင်ထိုးလာအောင် အိမ်တံခါးကိုပင် မပိတ်ဘဲ အိပ်ခဲ့ကြလေသည်။

ထိုအချိန်က စစ်ကြီးဖြစ်၍ လူများမှာ ဝတ်ပြတ် ဆိုး ခိုးတိုက်ခိုက်နေကြသော်လည်း သူတော်ကုန်းရွာတစ်ဝိုက်မှာမူ သူခိုးဓားပြရန်များမှ ကင်းဝေးခဲ့လေသည်။ နေ့ရောညပါ အိမ်တံခါးကို ဖွင့်ထားသော်လည်း ဘာမျှမဖြစ်ခဲ့ချေ။ ထိုကြောင့် " ကြောင်ပန်းကုန်း" ရွာမှ မုန့်ဆန်းနှင့် ပိန်းဥ၊ မြောက်ဥစသည်များကို လာရောင်းတတ်သော 'ဦးသာဗျောနှင့် ဒေါ်အေးပုံ' တို့ လင်မယားက ခေတ်ကောင်းစဉ်က သူတို့ဓားပြတိုက်ခံရသည့်အကြောင်း များ ပြောပြသည်ကိုပင် နီနီလေးတို့က ရယ်စရာ မောစရာအဖြစ်နှင့် နားထောင်ရယ်မောနေခဲ့ မိကြလေတော့၏။ ရယ်မောရင်းမှပင် နီနီလေးသည် အရီးလေးတို့ဆိုင် ဓားပြတိုက်ခံခဲ့ရ ပုံကို ပြန်လည်၍ အမှတ်ရကာ ရင်ထိတ်ကြောက်လန့်လိုက်ပေသေးသည်။

ယခုတော့ နေဝင်မီးငြိမ်းအမိန့်ကြောင့် ကုန်းစွန်းကလေးနှင့်တကွ ပတ်ဝန်းကျင် တစ်ခုလုံးမှာ သာယာအေးချမ်းမှုနှင့် သဘာဝ၏ အလှအပများ ဆိတ်သုဉ်းသွားသလို ထင်ကြရလေတော့သည်။

ဦးလေးကြိုင်တို့ လယ်သိမ်းပြီး စာရင်းရှင်းကြည့်လိုက်သောအခါ ငွေငါးကျပ် အရှုံးထွက်ခဲ့ကြသည်။ သို့ရာတွင် လယ်အကြောင်းကို လက်တွေ့ လုပ်ကိုင်လေ့လာရ သည်မှာအမြတ်ဟု တွက်ကာ ဦးလေးကြိုင်တို့က ကျေနပ်နေလိုက်ကြလေတော့၏။

❒

# နေမျိုးနွယ်တို့၏ နေဝင်ချိန်

ဆောင်း၏ နှင်းမှုန်ကလေးများလည်း လွင့်ပါးကွယ်ပျောက်ခဲ့လေပြီ။ ဖုံးများ၊ သေနတ်ကြားမှပင် ကိုကြီးတို့ ဆယ်တန်းစာမေးပွဲများ ဖြေဆိုပြီးနောက် ဖေဖေတို့ ကျောင်းကြီးလည်း ပိတ်လိုက်လေတော့သည်။

နီနီလေးတို့အိမ်ရှေ့ရှိ ပျဉ်းမပင်ကြီးလည်း နာတာရှည် လူမမာကြီးကဲ့သို့ အရွက်နှင့် အပွင့်များ ကင်းဝေးလျက် အရိုးပြိုင်းပြိုင်း အကိုင်းကျဲကျဲဖြစ်နေလေပြီ။ ထို့အတူ ရွှေဝါရောင် စပါးနှံများဖြင့် အိအိပြေးနေခဲ့သော လယ်ကွင်းပြင်ကြီး တစ်ခုလုံးမှာလည်း ရိုးပြတ်ငုတ်တို ကျိုးတိုးကျဲတဲများဖြင့်သာ အရုပ်ဆိုးစွာ ရှိနေလေတော့၏။

ထိုသို့ လယ်ကွင်းများတွင် ရိုးပြတ်ငုတ်တိုများချည်း ကျန်ရှိတော့သောအခါ သူတို့ကြား၌ စင်းစင်းကြီး လဲလျောင်းနေသော လမ်းကြောင်းကြီးက ထင်းထင်းကြီးပေါ်လာလေသည်။ သွေ့ခြောက် ပူလောင်ခြင်းဖြင့် ပျင်းရိငေးငိုင်စရာကောင်းနေသော နွေဦးကာလ၏ နေ့တစ်နေ့တွင် လမ်းကြောင်းကြီးဆီမှ ဖုန်လုံးကြီးများ ထနေသဖြင့် နီနီလေးတို့က ဂရုစိုက်၍ ကြည့်လိုက်မိကြသည်။

ထိုအခါ ဖုန်လုံးတွေထဲမှ ဂျပန်စစ်သားများကို တွေ့ကြရလေသည်။ ဂျပန်စစ်သားများသည် နေပူကျဲကျဲအောက်တွင် အနောက်ရိုးမတောင်တန်းကြီးဆီမှ

ဖုန်တထောင်းထောင်း ထအောင် လျှောက်လာနေကြသည်။ သူတို့သည် ကုန်းစွန်းကလေး ဆီသို့ ဦးတည်၍ လာနေကြခြင်းပင် ဖြစ်လေသည်။

ထိုနောက် မကြာမီတွင် ဂျပန်စစ်သားများသည် သူတို့နောက်မှ ပစ္စည်းများ ထမ်းပိုးလာကြသော ဗမာအရပ်သားများနှင့်အတူ ကုန်းစွန်းကလေးသို့ ရောက်လာကြလေ တော့သည်။

သူတို့သည် နီနီလေးတို့အိမ်ရှေ့ရှိ ဖေဖေ့ဘူးစင်ကြီးအရိပ်အောက်နှင့် ရေတွင်း ဘေးမြက်ခင်းများပေါ်တွင် ခြေပစ်လက်ပစ် စတည်းချလိုက်ကြလေသည်။ အနောက်ရိုးမ တောင်တန်းကြီးဆီသို့ အားမာန်အပြည့်ဖြင့် ချီတက်သွားခဲ့ကြသော ဂျပန်စစ်သားများသည် ယခု နောက်ကြောင်း ပြန်လှည့်လာခဲ့သောအခါ၌ကား အားအင်များ လျော့ပါးလျက် ပင်ပန်းနွမ်းဟိုက်လေသည်။ သူတို့ကိုယ်ပေါ်မှ စစ်ဝတ်စစ်စားများသည် အရောင်အသွေးပင် မရှိတော့ဘဲ ဖုန်အလူးလူး ချေးအထပ်ထပ်ဖြင့် စုတ်ပြတ်နေကြတော့သည်။ သူတို့သည် သူတို့အိတ်ထဲမှ အပိုထားသော အင်္ကျီတစ်ထည်စီကို အထမ်းသမားရွာသားများကို လုပ်အားခပေး၍ ပြန်လွှတ်လိုက်ကြသည်။

အသွားတုန်းက ရေတွင်းဘေးတွင် စတည်းချ၍ ကိုယ့်ပုံစံခွက်ကလေးများနှင့် ကိုယ်ချက်ပြုတ်စားသွားနိုင်ခဲ့ကြသော ဂျပန်စစ်သားများသည် ယခုတွင် အိမ်သို့ဝင်ကာ "ထမင်းပေးပါ" ဟု ဖေဖေ့ထံ တောင်းကြတော့သည်။

နီနီလေးတို့ တစ်အိမ်သားလုံး မနက်စာ မစားကြရသေးပေ။ ထို့ကြောင့် တစ်အိမ် ထောင်စာအတွက် ထမင်းဟင်းတွေမှာ အသင့်ရှိနေသည်။ သို့ရာတွင် စစ်တပ်ကြီးတစ်တပ် လုံး ကျွေးဖို့ဆိုသည်မှာကတော့ "ဆင့်ပါးစပ် နှမ်းပက်သလို" သာ ရှိပေလိမ့်မည်။

အဝတ်မရှိသူကို ကိုယ့်အထဲမှ ခွဲပေးတတ်သလို ဆာလောင် မွတ်သိပ်လာလျှင် လည်း ဘယ်သူ့ကိုမဆို ကျွေးလိုသော ဖေဖေက "သခင်ခရစ်တော်က မုန့်ငါးလုံးနဲ့ ငါးနှစ် ကောင်ကို လူငါးထောင်ကျွေးတာ ဝတဲ့အပြင် ပိုတောင်ပိုသေးတယ် မဟုတ်လား။ တို့က တော့ သခင်ခရစ်တော်လို တန်ခိုးမရှိပေမယ့် ခရစ်တော်ကို ယုံကြည်အားကိုးစိတ်နဲ့ပဲ ဆာလောင်မွတ်သိပ်လာသူတွေကို ရှာဖွေကျွေးမွေးကြရမယ်ပေါ့" ဟု ဆိုပြီး ဦးလေးကြိုင်နှင့် အတူ တောင်းကြီးတစ်လုံးစီဆွဲလျက် ထမင်းအလှူခံထွက်လေတော့၏။ ဖေဖေတို့ပြန်လာ ကြသောအခါ တောင်းအပြည့် ထမင်းများ ပါလာခဲ့သည်။ တချို့အိမ်ကဆိုလျှင် ဘဲဥပြုတ် များပင် ထည့်ပေးလိုက်ကြသေးသည်။

အိမ်၌ရှိသော ဘဲဥ၊ ကြက်ဥများကိုလည်း ဖေဖေတို့က ပြုတ်ပေးခိုင်းသည်။ သို့ရာ

တွင် များလွန်းသော စစ်သားများအတွက် မစေ့ငှနိုင်ခဲ့ပေ။ သူတို့သည် တောင်းကြီးနှစ်တောင်းထဲမှ ထမင်းများကို သူတို့ပုံစံခွက်ကလေးများထဲသို့ ထည့်ပြီး ဖြစ်သလိုပင် စားလိုက်ကြလေသည်။ စစ်ဗိုလ်ကြီးကမူ သူ့အိတ်ထဲမှ အမဲဘူးတစ်ဘူးကို ဖောက်၍ စားနေသည်။ စစ်သားကလေးတချို့ကလည်း သူတို့တွင်ပါသော အမဲခြောက်တညှိလောက်ကလေးများကို အိမ်နောက်ဘက်ရှိ အဘွား၏ ဆေးရိုးလှော်သော မီးဖိုသို့ဝင်၍ ဖုတ်စားကြသည်။

တချို့ ဘာမျှပါမလာခဲ့သူများမှာမူ သနားစရာ ဆားကလေးဖြူး၍ စားနေကြရှာသည်။ သူတို့အထဲမှ တစ်ယောက်က ဘူးစင်မှ တွဲလောင်းကျနေသော ဘူးသီးတစ်လုံးကို ပြ၍ တောင်းလေသည်။ ဖေဖေတို့ကလည်း ရက်ရောစွာပင် ခူးပေးလိုက်သည်။ ဂျပန်စစ်သားသည် ဗူးသီးကို ခွဲပြီး အစိတ်ကလေးတွေ လှီးလိုက်သည်။ ပြီးလျှင် ဆားနှင့်တို့၍ ထမင်းနှင့်စားနေလိုက်တော့၏။ အခြား ဂျပန်များကလည်း သူ့လို လိုက်စားကြပြန်သည်။

ထိုအခါ ဦးလေးကြိုင်က နောက်ထပ်၍ ဘူးသီးနှစ်လုံး သုံးလုံးထပ်ခူးပြီး ခွဲစိတ်ပေးလိုက်သည်။ ထို့အပြင် စေတနာလွန်ကဲကာ ငံပြာရည်ပင် အဆစ်ထုတ်ပေးလိုက်ပြန်သည်။ ငံပြာရည်ရလျှင် သူတို့သည် အထူးသဘောကျစွာဖြင့် ဘူးသီးစိတ်ကလေးများနှင့် မြိန်ရှက်စွာ တို့စားလိုက်လေကြတော့၏။

အမှန်က ကြားသိ မြင်တွေ့နေခဲ့ရသော သူတို့၏ ရမ်းကားရက်စက်မှုများကြောင့် ဖက်ဆစ်ဂျပန်များကို ဖေဖေတို့အားလုံးက ရွံမုန်းနေခဲ့ကြပါသည်။ သို့ရာတွင် အတိဒုက္ခရောက်ကာ ဆာလောင်မွတ်သိပ်လာကြသည်ကို တွေ့မြင်ရပြန်တော့ လူလူချင်းအနေဖြင့် သနားကြင်နာမိကာ တတ်နိုင်သမျှ ပေးကမ်းကျွေးမွေးချင်မိကြပြန်တော့၏။

ဦးလေးကြိုင်က ထပ်လာ၍ တောင်းပြန်လျှင် ကျိုပြီးသားကုန်သွားသဖြင့် မေမေက စဥ့်အိုးထဲမှ ငံပြာရည်အစိမ်းများကို ခပ်ပေးလိုက်ရလေသည်။

ထိုအခိုက် ကောင်းကင်မှ လေယာဉ်ပျံတစ်စင်းက လှည့်ဝဲနေရာ သူတို့သည် အကွယ်အကာရှိများသို့ ဝင်ခိုမှီကပ်နေလိုက်ကြသည်။ နောက် လေယာဉ်ပျံသွားတော့မှ သူတို့ခမျာ ထမင်းကို ဆက်၍ စိတ်အေးလက်အေး စားကြရရှာလေသည်။

ဗိုက်ကားအောင် စားသောက်ပြီးသွားတော့မှ သူတို့တပ်မှ စစ်ဗိုလ်ကြီးသည် ဖေဖေ့ထံမှ သင်တုန်းစားဌားကာ ရှည်လျားထိုးထွက်နေသော သူ၏ မုတ်ဆိတ်နှင့် ပါးသိုင်းမွေးများကို ရိတ်လှီးသုတ်သင်ပစ်ရလေသည်။ သူ့ခေါင်းမှ လက်တသစ်လောက်ရှည်နေသော ဆံပင်များကိုမူ ဖေဖေကပင် ဆတ္တာသည်လုပ်၍ ရိတ်ပေးလိုက်ရလေသည်။

သူတို့သည် စားသောက်ပြီးကြလျှင် ခရီးဆက်ရန် ပြင်ဆင်လိုက်ကြလေတော့၏။ သူတို့က အားပြည့်သွားသော အပြုံးများဖြင့် "အရိကတ်တိုးဂိုဇားအိမတ်စ်" ဟု သူတို့ ဂျပန်စကားလေးနှင့်ပင် ဖေဖေတို့ကို ကျေးဇူးစကားဆိုကြသည်။ တချို့ကဆိုလျှင် သူတို့၌ ပါသော ငှက်ပျောဖြတ်ဆေးနှင့် ဗိုက်နာပျောက်ဆေးလုံးကလေးများကို ခွဲဝေပေးသွားခဲ့ကြလေသည်။ ပြီးလျှင်တော့ သူတို့သည် သူတို့၏ အထုပ်အပိုးပစ္စည်းများကို ထမ်းလျက် ကုန်းစွန်းကလေးမှ ထွက်ခွာသွားကြလေတော့၏။

ထိုအချိန်တွင် အချို့နေရာများ၌ ဗမာများက ဂျပန်များကို တော်လှန်နေကြပြီဆိုသော သတင်းက ထွက်နေခဲ့ပေပြီ။ သို့ရာတွင် သူတော်ကုန်းရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာမူ ဘာသံမျှမကြားရအောင် ငြိမ်ချက်သားကောင်းနေခဲ့လေသည်။ သူတော်ကုန်းရွာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဂျပန်စစ်သားများကလွဲ၍ ဗမာ့ကာကွယ်ရေးတပ်သား ဘီဒီအေ ရဲဘော်များဆိုသည်ကို နီနီလေးတို့မှာ ကြားသာ ကြားဖူးခဲ့ရသည်။ တစ်ခါမျှတော့ မမြင်ဘူးခဲ့ကြပေ။

ယခု ဂျပန်စစ်တပ်များသည် ရိုးမတောင်ကြီးဆီမှ ဆုတ်ပြေးလာခဲ့ကြခြင်းပင် ဖြစ်သည်။ သူတို့သည် တစ်တပ်ပြီး တစ်စပ် သူတော်ကုန်းကို ဖြတ်ပြီး ပုသိမ်ဆီသို့ ပြန်ဆုတ်နေကြခြင်း ဖြစ်လေသည်။

သူတို့သည် ရောက်လာတိုင်း နီနီလေးတို့ အိမ်ရှေ့ရှိ ဘူးစင်အောက်နှင့် ရေတွင်းဘေးမှာသာ အပန်းဖြေ စတည်းချသွားတတ်ကြလေသည်။ ထိုအချိန်များတွင် တောကျော်ကြီးကလည်း တဝဲဝဲလှည့်နေတော့ရာ နီနီလေးတို့ ကလေးတွေမှာ မကြာမီက ဦးလေးကြိုင်တို့ တူးထားပေးသော ပုန်းခိုကျင်းနားတွင် သွားနေကြရလေတော့၏။ ထမင်းစားသည်ပင် ပန်းကန်ကလေးများ ကိုယ်စီနှင့် ကျင်းဝနား၌ ထိုင်စားကြရလေသည်။

တစ်ခါတစ်ခါ တောကျော်ကြီးက အိမ်အနီး ပျဉ်းမပင်ကြီးနှင့် လွတ်ရုံကလေးဝဲလှည့်နေခဲ့လျှင် အဘွားနှင့် မေမေတို့ အရီးလေးတို့ပါ ကျင်းထဲသို့ ဆင်းပြေးလာခဲ့ကြသည်။ ထိုအချိန်တွင် အားမတစ်ယောက်မှာ ခေါ်လို့မရ။ "ဘိုကြောက် ... ဘိုကြောက်"နှင့် ခေါ်သူကို ပြန်အော်တတ်သည်။

သို့ရာတွင် လေယာဉ်ပျံကြီး ပြန်သွား၍ နီနီလေးတို့တစ်တွေ ကျင်းထဲမှပြန်တက်လာခဲ့သောအခါတွင်မှ အားမက သူ့ကြိမ်ခြင်းကြီးဆွဲ၍ ရောက်လာလေတော့၏။ သူ့အဖြစ်ကို ကြည့်၍ ရယ်လိုက်မိကြလေသည်။ ထိုအခါ အားမက စိတ်ဆိုးကာ ရန်တွေ့လေတော့၏။

'ဘာရီ ... ဘာရီ ... ဟင်'

နီနီလေးတို့က ဆက်ရယ်နေကြပြန်သောအခါ အားမက စိတ်ဆိုးဆိုးနှင့် မျက်စောင်းကြီး ပစ်ထိုးပြီး ဆောင့်အောင့်၍ သူ့အိမ်သို့ ပြန်သွားခဲ့လေတော့သည်။ အားမက ဗိုးကျင်းထဲဆင်းဖို့ အရေး သူ့ကြိမ်ခြင်းကြီးကို အိမ်ပေါ်တက်ပြီး ယူနေရသဖြင့် အမြဲတမ်း နောက်ကျနေရခြင်းပင် ဖြစ်လေသည်။

တစ်နေ့တွင် ထပ်ရောက်လာသော ဂျပန်စစ်သားများသည် တော်တော်နှင့် ခရီးမဆက်ဘဲ ဖိမ်နှင့်အနားယူနေကြသည်။ ထိုစဉ် တောကျော်ကြီးကလည်း တဝေါဝေါ လှည့်ဝဲနေရာ မေမေက အိမ်မှာပင် မနေဝံ့တော့ဘဲ နီနီလေးတို့အားလုံးကိုခေါ်ပြီး ဘိုးဘိုးဦးချစ်ထွေးတို့ အိမ်သို့သွားရှောင်နေကြရလေသည်။ တောကျော်ကြီးက ဂျပန်များကို တွေ့သွားပြီး စက်သေနတ်နှင့် မွှေ့လိုက်မှာကို မေမေက ကြောက်နေမိလေသည်။

နောက်တော့ အနောက်ရိုးမတောင်ကြီးဆီမှ ဂျပန်တပ်များ ကုန်သလောက်ရှိသွားသည်။ တချို့တပ်နှင့် ကွဲကျန်ခဲ့ကြဟန် တူသည်။ စစ်သားများသာ ကိုယ့်အစု ကိုယ့်အတွဲကလေးများနှင့် နောက်မှ တဖြည်းဖြည်းချင်း လျှောက်လိုက်သွားနေကြလေသည်။

တစ်နေ့လယ် နေပူကြဲကြဲတွင် ချွေးများ ပြိုက်ပြိုက်ကျလျက်ရှိသော ဂျပန်စစ်သားနှစ်ယောက်သည် အိမ်ဆီဝင်လာပြီး ရေတောင်းသောက်လေသည်။ ကိုကြီးက ရေခပ်၍ တိုက်လိုက်သည်။ စေတနာပိုသော ဖေဖေက ငှက်ပျောသီးပါထုတ်ကျွေးသည်။ တစ်ယောက်က အနည်းငယ် နေမကောင်းဖြစ်နေဟန်ရှိသည်။ ငှက်ပျောသီးကို တစ်လုံးတည်း စားသည်။ ကျန်တစ်ယာက်ကမူ တစ်ဖီးလုံး ကုန်အောင် စားပစ်လိုက်လေသည်။

စားသောက်အနားဖြေပြီးသွားလျှင် ငှက်ပျော်တစ်ဖီးလုံးစားနိုင်သည့် ဂျပန်က ကိုကြီးကိုလက်ဟန် ခြေဟန်ဖြင့် ပြရင်း ဂျပန်လို ပြောလိုက်လေသည်။ ကိုကြီးက နားထောင်ပြီး မေမေ့ကို လှမ်းပြောလိုက်သည်။

'မေမေ ... သူ့မှာ အပ်ချည်လုံးရှောင်းဖို့ပါတယ် ... ယူမလားတဲ့'

'အေး ... ယူတာပေ့ါ ... ဘယ်လောက်တဲ့လဲ'

မေမေက ပြောပြီး အပ်ချည်လုံးကို ကြည့်ရန် အိမ်ထဲမှထွက်လာခဲ့သည်။ ထိုအချိန်က အပ်ချည်လုံးဆိုသည်မှာ မြင်မှုပင် မမြင်ဘူးလောက်အောင် ရှားပါးနေခဲ့လေသည်။ တောမှ လူများမှာ အဝတ်စုတ်လျှင် ငှက်ပျောပင်မှ လျှော်မျှင်ကလေးများကို ထုတ်ယူပြီး ချုပ်တွယ်ကြရလေသည်။ မေမေတို့အဖို့ ငှက်ပျော လျှော်နှင့် မချုပ်ရသေးသော်လည်း ရတုန်းရခိုက် ယူထားလိုက်ချင်နေသည်။

ကိုကြီးက ဂျပန်လို ဈေးမေးပြီး မေမေ့ကို ပြန်ပြောပြလိုက်သည်။

"ငါးရာတဲ့ မေမေ"

"ဈေးကလည်း ကြီးလိုက်တာ ... မှန်း သူ့ဟာကို ကြည့်ပါရစေဦး"

မေမေက ပစ္စည်းကို ကြည့်လိုကြောင်း ကိုကြီးက ပြောလိုက်သည်။ ထိုအခါ ဂျပန်စစ်သားက သူ့အိတ်ထဲ၌ ကျစ်ကျစ်ပါအောင် ထုပ်ထားသော အထုပ်ကလေး တစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ပြီးလျှင် အထပ်ထပ်ရစ်ပတ်ထားခဲ့သည်များကို တစ်လွှာချင်း ဖြည်နေလိုက်လေသည်။ နောက်ဆုံးမှ အပ်ချည်လုံးကလေးတစ်လုံးက ထွက်ပေါ်လာခဲ့လေရ၏။

ကိုကြီးက အပ်ချည်လုံးကို ကြည့်ရန် လှမ်းယူလိုက်သည်။ သို့ရာတွင် ဂျပန်စစ်သားသည် သူ့အပ်ချည်လုံးကို ကိုကြီးမထိကိုင်စေရန် နောက်သို့ ရုပ်သိမ်းထားလိုက်လေသည်။ ပြီးမှ ကိုကြီးကို ဂျပန်လို ပြောလိုက်သည်။ ဒေါပွသွားသော ကိုကြီးက ဆောင့်ကြီးအောင့်ကြီးလေသံဖြင့် မေမေ့စကားပြန်ပေးလိုက်သည်။

"ကဲ ... မေမေ ... သူ့အပ်ချည်လုံးကို ကိုင်မကြည့်ပါနဲ့တဲ့ ... ဈေးလည်းတစ်ပြားမှ မလျှော့နိုင်ဘူးတဲ့ ..."

ပြီးလျှင် ကိုကြီးက နောက်ဆက်တွဲ စကားကို ဆိုလိုက်ပြန်သည်။

"အလကား ... ပုပ်စပ်တဲ့အကောင် ... မဝယ်နဲ့ မေမေရယ်"

"အေးဟယ် ... တိုထွာလိုက်တာ"

မေမေတို့က မဝယ်ဘူး ဝယ်မယ် ဘာမှမပြောရသေးမီမှာပင် ဂျပန်စစ်သားသည် သူ့အပ်ချည်လုံးကလေးကို ကျစ်ကျစ်ပါအောင် ပြန်၍ ထုပ်သိမ်းလိုက်လေသည်။

"ဘယ်လောက် ရိုက်သတ်ပစ်ဖို့ကောင်းသလဲ ... သူများဆီကတော့ ငှက်ပျောသီးတစ်ဖီးလုံး ကုန်အောင် နင်းတုတ်ထားပြီ သူ့ပစ္စည်းကလေးကျတော့ ကိုင်တောင် မကြည့်ရဘူး"

ကိုကြီးက သူ့ကို မှုန်တေတေကြည့်ကာ မကျေမနပ်နှင့် ရေရွတ်နေလိုက်သည်။ ဂျပန်လည်း သူ့စိတ်နှင့်သူ ကြာရှည်မနေဝံ့တော့ဘဲ သူ့အဖော်ကို ခေါ်ပြီး ခပ်သုတ်သုတ်ထွက်ခွာသွားလေတော့၏။

"အံ့ရောပဲ ... သူ့ပစ္စည်းများ ... အတင်းလုယူတော့မဲ့ အတိုင်းဖြစ်နေလိုက်တာဆိုတာ"

"သူတို့က ... သူများပစ္စည်းကျ အတင်းအဓမ္မ လုယူခဲ့တိုင်း သူတို့ဆီကလည်း

ပြန်လုယူလိမ့်မယ်လို့ထင်နေ ထင်ပါရဲ့ ”

“တို့ဗမာတွေကတော့ ... ဘာပဲဖြစ်ဖြစ် ... သူတို့အပေါ်မှာ လူလူချင်းအနေနဲ့ ခွင့်လွှတ်ကြတယ် ... သနားကြတယ် ... ဒါပေမဲ့ သူတို့ကတော့ စေတနာကို နားလည်တဲ့ အကောင်တွေမှ မဟုတ်ဘဲ ”

“စားသွားတဲ့ ... ငှက်ပျောသီးဖိုး လိုက်တောင်းရရင် မကောင်းရှိတော့မယ် ... ဂျပန်စုတ် ”

ဂျပန်များ ထွက်သွားလျှင် အိမ်သားများမှာ မကျေမနပ်နှင့် တစ်ယောက် တစ်ခွန်း အမျိုးမျိုး ပြောနေမိကြသည်။ ဖေဖေက နောက်ဆုံးမှ ဝင်ပြောလိုက်လေတော့သည်။

‘အော် ... သူတို့က စစ်ရှုံးနေကြပြီမဟုတ်လား ... ဒီတော့ သူတို့စိတ်ထဲမှာ ... တို့က ဝိုင်းပြီးများ အနိုင်ကျင့်ကြမလား ... တို့လက်ထဲ ပစ္စည်းရောက်သွားရင် ပြန်မပေးဘဲ ထားလေမလားဆိုတဲ့ သံသယတွေဝင်ပြီး လန့်နေကြတယ်ထင်ပါရဲ့ကွယ် ... အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ ... သူ့စိတ်က ဘယ်လိုနေနေ ... ကိုယ်က စေတနာနဲ့ ကျွေးလိုက်ပြီး တာကိုတော့ အကျိုးမဲ့အောင်ပြန်ပြီး သူနဲ့အပြိုင် တွန့်တိုစကားတွေပြောမနေကြပါနဲ့ ’

ထိုနေ့ ညနေမစောင်းတတ်မီလောက်မှာပင် အဖော်မပါ တစ်ကိုယ်တည်း ကွဲကျန်ရစ်ခဲ့ဟန်တူသော ဂျပန်စစ်သားကလေးတစ်ယောက်ကို နီနီလေးတို့ လှမ်းတွေ့ ကြရပြန်သည်။

သူသည် နေကျဲကျဲတောက်ပူနေသည်ကို လသာနေသည်များ ထင်နေသလား မသိပါ။ လှည်းလမ်းပေါ်တွင် ဖုန်ငွေ့ကလေး တဝေဝေနှင့် ခပ်ဖြည်းဖြည်း လျှောက်နေ သည်။ သူသည် ပျဉ်းမပင်ကြီးအောက်သို့ရောက်လျှင် ပင်ခြေကို မှီ၍ ဝင်ထိုင်လိုက်တော့၏။ ပြီးလျှင် မောမောနှင့် အိပ်ပျော်သွားလေသလားမသိ။ တော်တော်နှင့်မထဘဲ ငြိမ်သက် နေလေသည်။ ထိုအချိန်တွင် တောကျော်ကြီးကလည်း တဝေါဝေါနှင့် ကုန်းစွန်းကလေး တစ်ခုလုံး တုန်ဟည်းပဲ့တင်ထပ်ညံသွားအောင် ပျံသန်းဝဲလှည့်နေလေသည်။

အိမ်ခေါင်းရင်း စပါးကျီကလေးဘေးမှ ထိုင်ကြည့် မြင်တွေ့နေရသော နီနီလေး တို့က ပျဉ်းမပင်ကြီးအောက်ရှိ ဂျပန်စစ်သားကလေးအား တောကျော်ကြီးက တွေ့သွားမှာကို ကြားထဲမှ မဆီမဆိုင်တွေးပူပြီး ရင်ထိတ်နေမိကြလေသည်။

ခဏအကြာတွင် တောကျော်ကြီး ပျောက်သွားတော့၏။ ဂျပန်စစ်သားကလေး ကတော့ မလှုပ်သေး။ ငြိမ်မြဲ ငြိမ်ဆဲသာရှိနေသည်။ ထိုအခါ ဖေဖေက မနေနိုင်တော့ဘဲ ဂျပန်စစ်သားကလေးကို သွားတွဲ၍ အိမ်ဆီသို့ခေါ်လာခဲ့လေတော့၏။ ဖေဖေနှင့် စစ်သား

ကလေးတို့ စပါးကျီအမိုးအောက်သို့ ဝင်လိုက်မိကြစဉ်မှာပင် ရိုးမတောင်ကြီးဆီမှ တစ်ရှိန် ထိုးဆင်းလာခဲ့သော တောကျော်ကြီးက သူတို့ခေါင်းပေါ်မှ နိမ့်နိမ့်ကလေး 'ဝှီး' ခနဲနေအောင် ပျံချသွားခဲ့ပြန်လေတော့သည်။

စစ်သားကလေးမှာ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ငှက်ဖျားတက်နေလေ သည်။ သူ့အသားများမှာ ဝါကျင်ပြီး နှုတ်ခမ်းများက ဖြူနေလေသည်။ သူသည် အားအင်ချိနဲ့ ပျော့ခွေစွာဖြင့် စပါးပုတ်နှစ်လုံးကြားတွင် မှီထိုင်ရင်း အဖျားဆက်တက် နေရှာသည်။

ဖေဖေသည် မေမေ့ကို ကွမ်းရွက်ရည်တစ်ပန်းကန် အပြုတ်ခိုင်းသည်။ ပြီးလျှင် ငန်းဆေးတစ်ခွက် တောင်းယူပြန်ပြီး ဂျပန်စစ်သားလေးကို တိုက်လေသည်။ ခေါင်းပေါ်မှ လေယာဉ်ပျံဝဲသံကြီးကို ကြားနေရရင် စစ်သားကလေးက ဖေဖေတိုက်သော ဆေးကို မငြင်းမဆန်သောက်လိုက်လေသည်။ ဆေးသောက်ပြီးလျှင် ကွမ်းရွက်ပြုတ်ရည် ပူပူလောင် လောင်ကိုလည်း ဆက်သောက်လိုက်ပြန်သည်။

ခဏကြာလျှင် စစ်သားကလေးသည် ဖေဖေ့ငန်းဆေးနှင့် ကွမ်းရွက်ပြုတ်ရည် တန်ခိုးကြောင့် ချွေးများရွှဲလာလေသည်။ သူ့ကိုယ်ပေါ်မှ ချွေးများမှာ သူ့မျက်နှာသုတ် ပဝါအသေးကလေးနှင့် သုတ်၍ပင်မနိုင်အောင် ရှိနေတော့၏။ ထိုသို့ ချွေးများရွှဲအောင် ထွက်သွားလျှင် ဂျပန်စစ်သားကလေးမှာ ရုတ်ခြည်း အဖျားကျသွားလေတော့သည်။

အဖျားကျသွားလျှင် စစ်သားကလေးမှာ လန်းသွားပုံရလေသည်။ သူ့ကို ဖေဖေက ထမင်းစားမလားဟု မေးလျှင် သူက ခေါင်းခါပြသည်။ ငှက်ပျောသီးထုတ်ကျွေးတော့လည်း သူက ခေါင်းခါပြန်သည်။ သို့ရာတွင် ဖေဖေက နွားနို့ပူပူတစ်ခွက်ကို တောင်းယူ၍ တိုက် သောအခါ၌မူ စစ်သားကလေးသည် လိုလိုလားလား သောက်ချလိုက်လေတော့၏။

ထိုနောက် စစ်သားကလေးက သူ့အိတ်ထဲမှ စစ်အင်္ကျီတစ်ထည်ကို ထုတ်ယူပြီး သူ့ကို သူ့တပ်နှင့်မီအောင် ပို့ပေးပါ။ အင်္ကျီပေးပါ့မည်ဟု ပြောလေသည်။ သူက လက်ဟန် ခြေဟန်နှင့်ပါ ပြ၍ ပြောလာသည်။ ဖေဖေကလည်း ရွာထဲ၌ လိုက်ပြီး လှည်းငှားပေးမည်၊ အင်္ကျီကို လှည်းသမားသာ ပေးပါဟု သူနားလည်အောင် ပြန်ပြောလိုက်သည်။ စစ်သား ကလေးက နားလည်သဘောပေါက်ပြီး ခေါင်းညိတ်ပြလေသည်။

တောကျော်ကြီးက ပျောက်သွားလိုက် ပေါ်လာလိုက် လုပ်နေသောကြောင့် ဖေဖေ က ဂျပန်စစ်သားကလေးကို အိမ်နောက်ဘက် တောလမ်းကလေးမှ လှည့်၍ ရွာထဲသို့ ခေါ်သွားလိုက်တော့သည်။

တစ်အောင့်လောက်အကြာတွင် ဖေဖေပြန်ရောက်လာသည်။

'ရွာထဲမှာ ... သူ့အတွက် လှည်းငှားနေတုန်းပဲ ... သူ့စစ်တပ်က ပြန်လာပြီးရှာတာနဲ့ တွေ့လို့ ... လိုက်သွားရော'

ဖေဖေက ဂျပန်စစ်သားကလေးအတွက် စိတ်အေးသွားပုံဖြင့် ပေါ့ပါးရွှင်လန်းစွာ ပြန်လည်၍ ပြောပြခဲ့လေသည်။

ရိုးမတောင်ကြီးဆီမှ ပြန်လာနိုင်ခဲ့သူများတွင် ထိုဂျပန်စစ်သားကလေးမှာ နောက်ဆုံး ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် သူ့နောက်ပိုင်း၌ ဂျပန်စစ်သားဆိုသည်များကို နီနီလေးတို့ မတွေ့ခဲ့ကြတော့ပေ။

နောက်တော့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့တော်လှန်ရေးတပ်မတော်နှင့် မဟာမိတ်တပ်များ ပူးပေါင်း၍ ဖက်ဆစ်ဂျပန်များကို ဖြိုဖျက်ချေမှုန်းပြီး ဗမာပြည်ကြီး တစ်ပြည်လုံးကို ပြန်လည် သိမ်းပိုက်လိုက်ပြီဆိုသော ဝမ်းသာစရာသတင်းသည် ကုန်းစွန်းကလေးဆီသို့ တစ်မုဟုတ်ချင်း ပြန့်နှံ့ရောက်ရှိလာခဲ့လေတော့၏။

ထိုအခါ တောရပ်မြိုင်ခြေတွင် ကွန်းခိုမှီနားနေခဲ့ကြသော မြို့မှ စစ်ပြေးတစ်စုတို့မှာ ကိုယ့်ရပ်ဌာနေသို့ ပြန်ကြရန် ပြင်ဆင်ကြလေတော့သည်။

❒

# တစ်ခေတ်ပြောင်း၍ တစ်ဖြစ်လဲခဲ့ကြရသည်

နီနီလေးတို့ မိသားစုသည် မြိုင်တောခြေ၌ ဥသြကလေး တွန်ကျူးနေဆဲ နွေဦး လွန်စအချိန်မှာပင် မြို့သို့ပြန်ပြောင်းခဲ့ကြလေတော့၏။

သူတို့သည် ကိုယ့်အရပ် ကိုယ့်ဌာနသို့ ပြန်ကြရသဖြင့် ဝမ်းတော့သာကြသည်ပင် သို့ရာတွင် တစ်နှစ်ကျော်ကြာပြီးမှ နေထိုင်လုပ်ကိုင် စားသောက်လာခဲ့ကြရသော သဘာဝ အလှနှင့် ပြည့်နေသည့် ဤသူတော်ကုန်းရွာ၏ ကုန်းစွန်းကလေးကို တွယ်တာလွမ်းဆွတ် ခြင်းဖြင့်တော့ သူတို့ရင်မှာ တနင့်နင့် ခံစားနေခဲ့ကြလေသည်။

ထို့အတူ သွေးရင်းသားရင်းတမျှ ခင်မင်ကျွမ်းဝင်နေခဲ့ကြသော ရိုးသားအေးဆေး ပြီး သဘောထားပြည့်ဝမွန်မြတ်လှသည့် ဘကြီး ဦးဖိုးကူးတို့ကို ခွဲခွာသွားကြရသည်မှာ လည်း သူတို့အဖို့ ရင်ခိုက် လှိုက်မောအောင်ပင် ဝမ်းနည်းစိတ်မကောင်းခြင်း ဖြစ်ခဲ့ကြရပြန် လေသည်။

သူတို့သည် အလာတုန်းကလိုပင် မြို့အပြန်မှာလည်း ခြေလျင်ပင် လျှောက်ပြန် လာခဲ့ကြသည်။ သူတို့သည် ကုန်းစွန်းကလေးမှ စလျှောက်ခဲ့ကြသည်မှာ ရွာကိုလွန် သံပတ်ဘုရားကိုကျော်ရေစပ်စပ်နှင့် ရိုးကလေးကိုဖြတ်ပြီး နောက်ဆုံးမှ ကူးတို့ဆိပ်သို့ ရောက်လာလေတော့၏။

ခရီးအကွာအဝေးခြင်းမှာ အသွားရော၊ အပြန်ရော အတူတူပင် ဖြစ်သည်။ သို့ရာ တွင် ယခုမှာ အပြန်ခရီးမို့လားမသိ။ နီနီလေးစိတ်မှာ အလားတုန်းကထက် ပိုမြန်သလို

ပင် ထင်မိသည်။ ပြီးအလာတုန်းကလို ပင်ပန်းဆင်းရဲခြင်းလည်း မဖြစ်မိ။ အလာတုန်းက သူတို့မှာ ကမ္ဘာစစ်မီး ပူလောင်လောင်ကြီးထဲမှ ကျောကော့၍ အသက်ကို လုပြေးခဲ့ကြရသည်။ ယခုမူ ကန္တာရအလယ်မှ အေးချမ်းငြိမ်းသော "အိုအေစစ်"ကလေးနှင့် ပမာတူသည့် တောရွာကလေးမှ အေးအေးသက်သာ စားသောက်ခွန်အားဖြည့်လာခဲ့ရသဖြင့် သူတို့တစ်တွေမှာ အားပြည့်လန်းဆန်းနေကြလေတော့၏။

ထိုနောက် မြို့တစ်ဖက်ကမ်းသို့ ရောက်ရှိ ခြေချလိုက်မိလျှင်ပင် ပုသိမ်မြို့၏ တစ်ခေတ်ပြောင်း၍ တစ်ဖြစ်လဲနေခဲ့ပုံကို နီနီလေးတို့ တွေ့သိကြရလေတော့သည်။

တစ်မြို့လုံးမှာ အပျက်အစီး အကျိုးအပဲ့နှင့် မီးလောင်ပြင်များဖြင့်သာ ပြည့်နှက်နေတော့သည်။ အေဘီအမ်ကျောင်းဝင်းကြီး တစ်ခုလုံးမှာလည်း တစ်ဖက်ထောင့်စွန်းရှိ ဘုရားရှိခိုးကျောင်းကလေးမှ လွဲ၍ တစ်ကွင်းလုံး မီးလောင်ပြင်ကြီးသာ အတိပြီးနေသည်။ ဘုရားရှိခိုးကျောင်း အုတ်တိုက်ဖြူဖြူကလေးမှာ ဗုံးဒဏ်သေနတ်ဒဏ်များကို အလူးအလိမ့်ခံထားခဲ့ရသည့် ဒဏ်ရာ ဒဏ်ချက်များက မြင်မကောင်းအောင် အခွံကွာ အရေလန်ကွဲပြဲနေလေတော့၏။

ဘုရားရှိခိုးကျောင်းနှင့် ဘေးတိုက် လမ်းခြားလျက်ရှိသော စက်ရှင်မင်းကြီး၏ အိမ်မှာမူ ပုံမပျက်ရှိနေသည်။ သို့ရာတွင် ခြံကြီးတစ်ခြံလုံးမှာ ပိတ်ပေါင်းများဖြင့် တောဖြစ်နေကြသည်။ ထိုခြံကြီးထဲတွင် ဂျပန်များက မြို့ပေါ်ရှိ ဗမာမျိုးချစ်လူငယ်ကလေးများကို ဓားရှည်နှင့် ဇက်ကိုပိုင်း၍ သတ်ပစ်ခဲ့ကြောင်း နီနီလေးတို့ ကြားသိခဲ့ကြရလေသည်။

နောက် နီနီလေးတို့အိမ်သို့ ရောက်လျှင် တစ်ချိန်တုန်းက ခန့်ညားထည်ဝါခဲ့သော ကျွန်းပျဉ်ထောင်အိမ်ကြီးမှာ ယခုတွင် မြင်မကောင်းအောင်ပင် မရှုမလှ တစ်ဖြစ်လဲနေသည်ကို တွေ့ကြရလေတော့၏။

ဗုံးဆန်နှင့် ကျည်ဆန်ပေါက်ရာများ မွမွကျဲနေသော အိမ်ကြီးမှာ ဂိုဒေါင်ပျက်ကြီးဖြစ်နေခဲ့လေပြီ၊ အိမ်ကြီးတစ်ခုလုံးမှာ အမိုးတစ်ခုသာ ပုံမပျက်ကျန်လေသည်။ အိမ်အဆင့်များ တစ်ခုမှမရှိတော့ အိမ်အကောင်းကြီးကို ဖျက် ကြမ်းပြင်များကို ခွာပြီး ဘေးပတ်ပတ်လည်မှ လှည့်ကာပြီး စစ်တပ်များအတွက် ရိက္ခာပို့ရာတွင် ထည့်သိုရေးအတွက် အသုံးပြုရသော ဝါးနှင့် ရက်ထားသည့် နီးကြမ်းတောင်းကလေးများ သိမ်းဆည်းရာ ဂိုဒေါင်အဖြစ် ထားရှိခဲ့ခြင်းဖြစ်လေသည်။ အထဲသို့ ဖွင့်ကြည့်လိုက်သောအခါ နီးကြမ်းတောင်းကလေး တချို့ကို တွေ့ကြရလေသည်။ တချို့ခြင်းတောင်းကလေးထဲတွင် မှိုတက်နေသောပဲ အချို့တွေ့ရလေသည်။

ဖေဖေတို့က ဂိုဒေါင်ကြီးကိုပင် လှည်းကျင်း ရှင်းလင်းပြီး ဖြစ်သလိုပင် ခဏ နေလိုက်ကြသည်။ နောက်တော့ ဖေဖေသည် အိမ်နှင့်ဘေးတိုက်ရှိ ကျောင်းဝင်းမြေကွက် လပ်တွင် ဝါးနှင့် သစ်ရော ညှပ်၍ လောလောဆယ်နေထိုင်ရေးအတွက် ဇလီသပ်အိမ်က လေးတစ်လုံးကို အမြန်ပင် ဆောက်လိုက်လေတော့၏။

အိမ်ပျက် ဂိုဒေါင်ကြီးထဲမှာတော့ အရီးလေးတို့က နေတတ်အောင် ပြုပြင်၍ နေလိုက်ကြလေသည်။

မြို့သို့ပြန်ရောက်လာကြသော ဆရာမ ဒေါ်သန်းရင်၊ ဆရာဦးတာနှင့် ဆရာအဲလ် ဖရက်တို့ကလည်း မီးလောင်သွားသော ဆရာများ၏ အိမ်နေရာအဟောင်းများတွင် ဝါးတဲ ကလေးများ ထိုးနေလိုက်ကြလေတော့သည်။

ဆရာမ ဒေါ်သန်းရင်တို့အိမ်နှင့် နီနီလေးတို့အိမ်မှာ ကျောချင်းခိုင်း၍ ခြံချင်း ဆက်စပ်နေသည်။

နောက်တော့ မြို့သို့လူများ တဖြည်းဖြည်း စုံစုံညီညီ ပြန်ရောက်လာခဲ့ကြသည် တွင် ပုသိမ်မြို့မှာ ပြန်လည်၍ စည်ကားခဲ့လေတော့သည်။ ကျောင်းများ ရုံးများလည်း ပြန်လည်ဖွင့်လှစ်လိုက်တော့သည်။ အေဘီအမ်ကျောင်း မီးလောင်ပြင်ကြီးတွင် ဝါးကျောင်း ကလေးများ အစားထိုး ဆောက်လိုက်ကြသည်။ ဖေဖေ့ကို စကောစရင် အထက်တန်း ကျောင်းမှ လာခေါ်သဖြင့် ဖေဖေလည်း ဝင်လုပ်လိုက်တော့သည်။ မြို့ပေါ်တွင် အင်္ဂလိပ် စစ်တပ်များ အုပ်ချုပ်နေကြသည်။ ဦးလေးလှိုင်ကိုလည်း စစ်တပ်က ပြန်ခေါ်သည်။ ထို့ကြောင့် ဦးလေးလှိုင်မှာ စစ်ထဲပြန်ဝင်ရလေတော့၏။

တစ်မြို့လုံးမှာ အင်္ဂလိပ်စစ်သားများဖြင့် ပြည့်နေသည်။ သူတို့သည် ဗမာများနှင့် မိတ်ဆွေဖွဲ့ပြီး ဗမာအသုံးအဆောင်နှင့် ရှေးဟောင်းပစ္စည်းကလေးများကို အမှတ်တရ ဝယ်ယူနေကြသည်။ တစ်နေ့မနက် အစောကြီးတွင် အင်္ဂလိပ်စစ်သားတစ်ယောက် ခြံထဲ သို့ ဝင်လာပြီး ဓားရှည်တစ်ချောင်း လိုချင်ကြောင်း ပြောသည်။ ကိုအောင်က သူ့တွင် အပိုရှိသော ငှက်ကြီးတောင် ဓားကြီးတစ်ချောင်း ထုတ်ပြလိုက်သည်။ နောက် သူတို့နှစ် ယောက်အပေးအယူတည့်ကာ ကိုအောင်က သူ့ဓားရှည်ကို ယခုအချိန် ဗမာပြည်၌ ရှားပါး နေသော စစ်သက္ကလပ်စောင်ကြီးတစ်ထည်နှင့် လဲလိုက်တော့သည်။ အင်္ဂလိပ် စစ်သားမှာ ကိုကြီးတို့နှင့်ပါ မိတ်ဆွေဖြစ်၍ ခင်မင်သွားခဲ့တော့သည်။

တစ်နေ့တွင် ဆူဆူညံညံ သေနတ်သံများကြောင်း နီနီလေးတို့မှာ လန့်သွားမိကြ လေသည်။ နောက် ဦးလေးလှိုင်ပြောပြတော့မှ သိကြရလေသည်။ မြစ်ထဲ၌ လက်နက်မချ

သေးသော ဂျပန်သင်္ဘောတစ်စင်းကို ဦးလေးလှိုင်တို့က သွားဖမ်းရာမှ တိုက်ပွဲဖြစ်ခဲ့ကြသည်ဟုဆိုသည်။ နောက်ဆုံးမှ ဂျပန်များက လက်နက်ချ၍အဖမ်းခံခဲ့ကြလေသည်။

နီနီလေးတို့ ပုသိမ်မြို့သို့ ပြန်ရောက်ပြီး သုံးလလောက်အကြာ ၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်နှင့် ၉ ရက်တွင် ဂျပန်ပြည်ရှိ "ဟီးရိုးရှီးမားနှင့် နဂါးဆာကီး"ဆိုသော မြို့နှစ်မြို့ကို မဟာမိတ်များက အဏုမြူဗုံးသွားကြဲချလိုက်ခြင်းဖြင့် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသွားလေတော့၏။

စစ်ကြီးပြီးသွားလျှင် အင်္ဂလိပ်စစ်တပ်များ ပြန်ကုန်ကြတော့သည်။ သူတို့နေရာတွင် ကပ္ပလီစစ်တပ်များရောက်လာကြလေသည်။ ကပ္ပလီများ လူသားစားသည်ဆိုသော သတင်းကြောင့် မဲမဲသဲသဲနှင့် သရဲရုပ်ပေါက်နေသော သူတို့ကို နီနီလေးတို့မှာ ရဲရဲမှ မကြည့်ဝံ့အောင် ကြောက်နေမိကြသည်။

တစ်နေ့တွင် ဦးလေးလှိုင်နှင့် ကပ္ပလီအဘိုးကြီးတစ်ယောက်ပါလာခဲ့သည်။ သူတို့နှစ်ယောက်လမ်းတွင် ဆုံပြီး ရေသောက်ချင်သည်ဆို၍ ဦးလေးလှိုင်က အိမ်သို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ရေသောက်ပြီး သူက အေးအေးဆေးဆေးထိုင်၍ ဖေဖေတို့နှင့် စကားပြောနေလေသည်။

နီနီလေးတို့ ညီအစ်မသုံးယောက်ကို တွေ့လျှင် ကပ္ပလီကြီးက ချစ်ခင်စွာပြုံး၍ လက်ယပ်ခေါ်လေသည်။ သို့ရာတွင် ကြောက်နေသော နီနီလေးတို့က မသွားပေ။ အဘိုးကြီးက သူ့တွင် နီနီလေးတို့အရွယ် သားသမီးကလေးများရှိကြောင်း သူတို့ညီအစ်ကို နှစ်ယောက် စစ်ထဲဝင်ခဲ့ကြကြောင်း သူ့ညီမှာ "အင်ဖား" တိုက်ပွဲ၌ ကျသွားခဲ့ကြောင်းများကို ပြောပြလေသည်။ ယခု စစ်ကြီးပြီးသွားပြီမို့ မိန်းမနှင့် သားသမီးများထံပြန်ပြီး အေးအေးချမ်းချမ်း စိုက်ပျိုးလုပ်ကိုင်စားတော့မည်။ စစ်ဆိုလျှင် လေသံမျှ မကြားလိုတော့ဟု စစ်ကို နာကြည်းမုန်းတီးစွာ ဆိုရှာသည်။

နောက် ကပ္ပလီအဘိုးကြီးက သူ့ဘောင်းဘီအိတ်ထဲ၌ အသင့်ပါလာသော ချောကလက်ကြီးတစ်တောင့်နှင့် ကာဘော်လစ်ဆပ်ပြာတစ်တုံးကို ညီမထွေးအငယ့်အတွက် ပေးသွားခဲ့လေသည်။ သူ့ဘဝ၏ သနားစဖွယ် အကြောင်းအရာကလေးများကို ကြားသိရသောအခါ နီနီလေးသည် ကြင်နာစိတ်ဖြင့် ကပ္ပလီကြီးအပေါ် ကြောက်စိတ်များ လျော့ပါးသွားမိခဲ့လေတော့၏။ သို့ရာတွင် အဘိုးကြီးသည် နောက်ပိုင်း၌ အိမ်သို့တစ်ခါမျှ မလာတော့ပေ။

ကိုညီတစ်ယောက်ကတော့ ဦးလေးလှိုင်နှင့် တပ်ထဲလိုက်ပါသွားတတ်သဖြင့်

ကပ္ပလီစစ်သားများနှင့် မိတ်ဆွေဖြစ်ကာ ခင်မင်နေခဲ့လေသည်။ သူတို့က သူတို့ကို ကပ္ပလီ နီဂရိုးခေါ်လျှင် မကြိုက် 'အာဖရိကန်'ဟု ခေါ်မှ နှစ်သက်ကြလေသည်။ ကိုညီလေးကို အိမ်ရှေ့၌တွေ့လျှင် သူ့မိတ်ဆွေ ကပ္ပလီစစ်သားကြီးများက အော်၍ နှုတ်ဆက်သွားတတ်ကြလေသည်။ ကိုညီလေးက ကပ္ပလီ စစ်တပ်ထဲ၌ သူတို့ရိုးရာဝလေ့ ဗုံတီး၍ ကခုန်သီဆိုကြသည်များကို ကြည့်လာခဲ့ပြီး အိမ်တွင် နီနီလေးတို့ကို ပြန်လည်ကပြ သီဆိုပြတတ်လေသည်။

ကိုကြီး၏ မိတ်ဆွေမှာမူ ကပ္ပလီစစ်ဗိုလ် ဆရာဝန်ကလေးတစ်ဦးဖြစ်သည်။ သူသည် အသက်ခပ်ငယ်ငယ်နှင့် ရုပ်ရည်မှာလည်း သန့်ပြန့်လေသည်။ခရစ်ယာန်ဘာသာဝင် တစ်ယောက်လည်းဖြစ်နေသည်။ ဆရာဝန် စစ်ဗိုလ် ကပ္ပလီလေးက သူတို့ကပ္ပလီများမှာ အရိုင်းအစိုင်းဆိုပြီး မျက်နှာဖြူများက အရာရာမှာ နှိမ်ထားကြောင်း၊ အသားအရောင်ခွဲကြောင်း စသည်များကို ဝမ်းနည်းခံပြင်းစွာ ပြောပြခဲ့လေသည်။

ထိုနောက် ကုလားပြည်သို့ လိုက်ပါသွားခဲ့သော စစ်တပ်များပြန်လာကြသည်တွင် နှစ်နှစ်၏အဖေ ဦးချစ်ဆွေလည်း ပြန်ရောက်လာသည်။ သို့ရာတွင် နှစ်နှစ်၏ အစ်မဖြစ်သူ မမချစ်မှာမူ တောသို့ စစ်ပြေးစဉ် ဖျားပြီးသေဆုံးခဲ့ရာ သူတို့မိသားစုမှာ ဝမ်းသာ ဝမ်းနည်း ဖြစ်ကြရလေတော့သည်။

နောက်တော့ ကိုကြီးမှာ ဆယ်တန်းအင်္ဂလိပ်စာ တစ်ဘာသာထပ်ဖြေပြီး အောင်ခဲ့ပြန်သည်။ သို့ရာတွင် ရန်ကုန်ကောလိပ်၌ ကိုကြီးတက်လိုသော အင်ဂျင်နီယာသင်တန်းက မဖွင့်သေးသဖြင့် ကိုကြီးက ရုံးတစ်ရုံးတွင် အလုပ်ဝင်လုပ်ရင်း တစ်နှစ်စောင့်ဆိုင်းနေလိုက်ကြရသည်။

ကိုညီက ဖေဖေနှင့်အတူ စကောကရင် အထက်တန်းကျောင်းတွင်နေပြီး နီနီလေးတို့ ညီအစ်မကမူ အိမ်နှင့် နီးနီး အေဘီအမ် ဝါးတဲကျောင်းမှာပင် နေလိုက်ကြရသည်။

နီနီလေးသည် စစ်ကြီးပြီးသွားပြီဆို၍ စိတ်ထဲမှာ အေးသွားမိသည်။ သူ့အဖို့ ကြောက်လန့်စရာ ငရဲဗုံးနှင့် သေနတ်ဘေးဆိုးများကို ကင်းဝေးရလေပြီဟု စိတ်ချယုံကြည်လိုက်မိသည်။ သို့စိတ်ချ ယုံကြည်ထားနေခဲ့သည့် ကြားထဲမှပင် နီနီလေးသည် လေယာဉ်ပျံသံကြားလျှင် ကြောက်ချင်နေမိပြန်သည်။ ကျောင်းအတန်းထဲမှ သူငယ်ချင်းကလေးတွေကို ပြောမိသောအခါ သူတို့လည်း နီနီလေးကဲ့သို့ပင် ကြောက်ကြတာပဲဟု ဆိုကြသည်။ မုန်းစရာကောင်းသော ကမ္ဘာစစ်မီးကြီး၏ အရှိန်ဆိုးကြီးသည် နီနီလေးတို့၏ စိတ်အစဉ်ကလေးများတွင် မေ့ပျောက်မရနိုင်အောင် လွှမ်းမိုး ခြောက်လှန့်ဆဲရှိနေလေသေးတော့သည်။

သို့ရာတွင် နီနီလေးက စစ်ကြီးပြီးသွားပြီပဲဟု သူ့ကိုယ်သူ အားပေးခြင်းဖြင့် ကြောက်စရာ "စစ်မီး" အိပ်မက်ဆိုးကြီးကို ကြိုးစား၍ မေ့ပျောက်ပစ်လိုက်ရလေသည်။

သူ့အဖို့ ကြိုးစားမေ့ပျောက်ထား၍ မရအောင် ခံစားနေရသည်ကတော့ ရင်ထဲမှ နှလုံးအခုန်မြန်ခြင်းပင်။ နီနီလေးသည် နေရင်း ထိုင်ရင်းမှပင် ဗုံးကျင်းထဲတွင် မိနေစဉ်က ကြောက်လန့်ခြင်းဖြင့် တုန်မောနေခဲ့ရသလို ယခုတစ်ဖန် နှလုံးအခုန်မြန်၍ မောနေတတ်သည်။ သူ့တော်ကုန်းမှာရှိစဉ်က တစ်ခါ နှစ်ခါဖြစ်ပြီး ပျောက်သွားခဲ့သည်။ ယခု ပြန်ပေါ်လာခြင်းဖြစ်သည်။

သို့ရာတွင် နီနီလေးသည် သူ့ကိုယ်သူ ပြန်လည်၍ ဝေဖန်သုံးသပ်ခြင်း မပြုတတ်သေးသော အရွယ်ဖြစ်ရာ ကစားရင်း၊ သွားရင်းမှပင် ပျောက်သွားတတ်ပြန်တော့သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ ဗမာပြည်အတွက် လွတ်လပ်ရေး တောင်းဆိုသံများကို နီနီလေး ကြားနေရသည်။ စာဖတ်တတ်နေပြီဖြစ်၍လည်း သတင်းစာတွင် ဖတ်ရပြန်သည်။ သူ့အဖို့ အလေးအနက် မတွေးတတ်သေးကာမူ ဗမာပြည်လွတ်လပ်ရေးကြီး ရဖို့ကိုတော့ နီနီလေးကလည်း သူ့အသိကလေးနှင့်သူ လိုလားတောင့်တနေခဲ့လေသည်။

ဖေဖေတို့လူကြီးများ၏ လွတ်လပ်ရေးအကြောင်းနှင့် ပတ်သက်ပြီး တက်တက်ကြွကြွ ဆွေးနွေးပြောဆိုနေကြသံများကို နားထောင်ရသည်မှာလည်း စိတ်ဝင်စားစရာကောင်းလှတော့သည်။

နောက် အမျိုးသားအောင်ပွဲနေ့ကြီးသို့ ရောက်သောအခါ နီနီလေးတို့ အောဘီအမ်ကျောင်းမှာလည်း စီတန်း၍ လှည့်ကြသည်။ နီနီလေးတို့ ကလေးတန်းကလေးများကိုလည်း အတန်းဆရာများက ကြီးကြပ်၍ လှည့်လည်လိုက်ပါစေသည်။ ထိုအခါ နီနီလေးသည် သူ့အဖော်ကလေးများနှင့်အတူ ရှေ့မှဆရာက "လွတ်လပ်ရေး ... လွတ်လပ်ရေး" တိုင်ပေးလျှင် သူတို့က "ချက်ချင်းပေး ... ချက်ချင်းပေး"ဟု အလံကလေးများကို တလွှင့်လွှင့်ကိုင်ထူရင်း သံကုန်ဟစ်ကြွေး တောင်းဆိုရသည်မှာ အာတွေ့လှတော့သည်။ ပျော်စရာလည်းကောင်းလှပေတော့သည်။

နီနီလေးသည် " လွတ်လပ်ရေး ... ချက်ချင်းပေး" ဟု ဟစ်ကြွေးလိုက်တိုင်း တစ်ပြည်လုံးက လိုလားတောင့်တနေသော "လွတ်လပ်ရေးကြီး"ကို အခုပဲ လက်ငင်းချက်ချင်းရတော့မည့်အလား သူ့စိတ်ထဲတွင် ခံစားနေမိလေသည်။

❒

# လွတ်လပ်သော ပြည်ထောင်စုကြီး

၁၉၄၇ ခုနှစ်သို့ ဆန်းခဲ့လေပြီ။ ထိုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံစာချုပ် ချုပ်ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းသားများ အမှတ်တရ စုရိုက်ထားသော ဓာတ်ပုံကလေးကို နီနီလေးက သတင်းစာထဲမှ ကတ်ကြေးနှင့် မှတ်မှတ်သားသားကလေး ဖြတ်ယူသိမ်းဆည်းထားလိုက်လေသည်။

နွေကျောင်းပိတ်ရက် ကုန်ဆုံး၍ ကျောင်းများ ပြန်ဖွင့်ကြလျှင် ငါးတန်းသို့ တက်ရသော နီနီလေးကို ဖေဖေက သူရှိရာ "စကောကရင် အထက်တန်းကျောင်း"သို့ ပြောင်းရွှေ့ ခေါ်ယူလိုက်တော့သည်။

ထိုအခါ နီနီလေးသည် အိမ်နှင့်အတော်ပင် အလှမ်းကွာဝေးသော ကျောင်းရှိရာသို့ နေ့တိုင်း ဖေဖေတို့နှင့် လမ်းလျှောက်၍ လိုက်တက်ရလေသည်။ ဖေဖေက စောသည့်အခါ စောသွားတတ်သောကြောင့် အများအားဖြင့် နီနီလေးမှာ ကိုညီနှင့်သာ နေ့တိုင်း အတူသွားခဲ့ရလေသည်။ ဘာမှုမဖြစ်သောအခါ နီနီလေးအဖို့ လမ်းလျှောက်ရသည်မှာ မထောင်းတာလှသော်လည်း နလုံးတုန်ကာ မောနေသည့်အခါများတွင် သူ့အဖို့ ပင်ပန်းလွန်းတော့၏။

နီနီလေး၏ နလုံးတုန်ခြင်းမှာ အမြဲတမ်းကြီးတော့လည်း မဟုတ် တစ်ခါတစ်ခါမှ

သာ နှစ်ရက် သုံးရက်နှင့် အများဆုံး ငါးရက် ခြောက်ရက်တုန်ပြီး ပျောက်သွားတတ်ပြန်သည်။ တုန်နေရင်း၊ မောနေရင်းကြားမှပင် နီနီလေးတစ်ယောက် အကစားမပျက် စက်ဘီးစီး အပြေးပြိုင်လုပ်နေခဲ့သည်။

သူနှလုံးတုန် ရင်ခုန်၍ မောသည့်အကြောင်းကို နီနီလေးက လူကြီးမိဘများကို ဟုတ်တိပတ်တိ မပြောပြ။ အလုပ်တာဝန်တွေများပြားလွန်းကြသော ဖေဖေနှင့်မေမေတို့ကလည်း မသိခဲ့ကြ။

စကောကရင်ကျောင်းသို့ နီနီလေးလေးပြောင်းခဲ့ပြီး ဇူလိုင်လ ၁၉ ရက်၊ သူ့မွေးနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ကြရလေတော့၏။

ထိုနေ့က စနေနေ့မို့ ကျောင်းပိတ်သည်။ နီနီလေး၏ မွေးနေ့လည်းဖြစ်လေသည်။ ထို့ကြောင့် ဖေဖေက သူ့သမီးကြီးအတွက် လက်ဆောင်ဝယ်ရင်း အိမ်မှာလည်း တစ်ခုခုလုပ်စားမည်ဆိုကာ ဈေးသို့ထွက်သွားခဲ့သည်။ ဖေဖေပြန်လာလျှင် သူ့အတွက်လက်ဆောင်တစ်ခုခု ရတော့မည်ဆိုသည်ကို နီနီလေးက တွက်ထားလိုက်သည်။ ဘာများရမည်နည်းဟုလည်း ကြို၍ တွေးကြည့်နေခဲ့သေးသည်။

ခဏအကြာတွင် ဖေဖေပြန်လာလေသည်။ သို့ရာတွင် လက်ထဲ၌ ဘာပစ္စည်းမှမပါ မျက်နှာလည်း မကောင်းဖြစ်နေသည်။ ဖေဖေက မသာမယာနှင့် အိမ်ပေါ်တက်လာခဲ့ပြီး မေမေ့ကိုပြောလိုက်တော့သည်။

"ရန်ကုန်မှာ ... ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရလို့တဲ့ ... စည်းဝေးထိုင်နေကြတုန်း သေနတ်နဲ့ ဝင်ပစ်တာ ... ဗိုလ်ချုပ်တို့ အားလုံးသေကုန်ကြပြီတဲ့"

"ဟင်"

ဖေဖေက ရင်ထဲမှ ခံစားနေရချက်ကို တင်းခံပြီး ပြောသော်လည်း သူ့အသံများမှာ တုန်ယင်ကွဲအက်၍သာ ထွက်လာခဲ့ကြသည်။ မေမေ့မှာလည်း မျှော်လင့်သော သတင်းဆိုးအတွက် "ဟင်" တစ်လုံးသာ ဆိုနိုင်ကာ ကြက်သေသေသွားတော့၏။

အနီးမှ ကြားလိုက်မိသော နီနီလေးတွင်လည်း စိတ်ထဲ၌ ဘယ်လိုဖြစ်သွားခဲ့သည်မသိ။ ရင်တလှပ်လှပ်တုန်ကာ ငိုချင်သွားလေသည်။ သူ့အဖို့ သူ့မွေးနေ့နှင့် မျှော်မှန်းထားသော လက်ဆောင်ပစ္စည်းတို့ကို ရုတ်ခြည်း မေ့ပျောက်သွားမိသည်။ သူ့ရင်ထဲတွင် "ဗိုလ်ချုပ်တို့သေကုန်ပြီ" ဆိုသော စကားအစုကလေးကသာ အခုန်မြန်နေသော သူ့နှလုံး သွေးတိုးနှုန်းနှင့်အမျှ ပဲ့တင်ထပ်အောင် ရိုက်ခတ်လှုပ်ရှားနေတော့သည်။

အမှန်က ဗိုလ်ချုပ်အောင်ဆန်းကို သူ့အနေဖြင့် နာမည်ကို ကြားဖူးပြီး သတင်းစာ

များထဲ၌ ဓာတ်ပုံကို မြင်ဖူးခဲ့ရုံမျှသာ ဖြစ်သည်။ သို့ရာတွင် "ဗိုလ်ချုပ်အောင်ဆန်း" ဆိုသော အမည်မှာမူ သူ့အဖို့ ကျွမ်းဝင်ရင်းနှီးနေခဲ့ပေသည်။ လူကို အပြင်ဘက်တွင် တစ်ခါမျှ မမြင်ဘူးခဲ့သော်လည်း အမြဲတမ်းတွေ့နေရသော သူ့ဓာတ်ပုံများက နီနီလေး စိတ်မှာ အလွတ် မှတ်မိနေခဲ့သည်။ ထိုသို့ ဓာတ်ပုံနှင့် နာမည်ကို ထာဝစဉ်လို ကြားသိမြင်တွေ့နေခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းကို နီနီလေး၏စိတ်တွင် ဆွေမျိုးသားချင်းတစ်ဦးလို မှတ်ထင်ချစ်ခင်ကာ သံယောဇဉ် ဖြစ်နေမိခဲ့သည်။ ကြည်ညိုလေးစား အားထားမှီခိုစိတ်မျိုးလည်း ရှိနေခဲ့မိသည်။

သို့ရာတွင် ဟိုစဉ်က ထိုမျှလေးနက်ကြီးမားနေခဲ့မိမှန်း နီနီလေးမသိခဲ့ သတိမထားမိခဲ့ ယခု မမျှော်လင့်ဘဲ သတင်းဆိုးကြီးကို ကြားလိုက်ရတော့မှ သူ့ရင်ထဲမှ အလေးအနက် အထုအထည်ကို နီနီလေး သိလေတော့၏။ သူ့စိတ်တွင် သူယုံကြည်ကိုး စားအားထား ချစ်ခင်နေခဲ့သော ဆွေမျိုးရင်းချာ ဦးလေးသားချင်းတစ်ယောက်ကို ဆုံးရှုံး လိုက်ရသလို ရင်ထဲမှာ ဟာသွားသည်။ နင့်ကနဲ နာသွားမိလေသည်။

နီနီလေးသည် ရင်ထဲမှ ယူကြုံမရ ဝမ်းနည်းတသသော ခံစားချက်များကို ဖွင့်မပြောတတ်ခဲ့ပါ။ ဖွင့်ပြတတ်ဦးတော့ သူကဲ့သို့ လူရာမဝင် လူလားမမြောက်သေးသော ကောင်မလေးပေါက်စတစ်ယောက်၏ ရင်ထဲမှ ခံစားနေရမှုကို မည်သူတစ်ဦးတစ်ယောက်ကမျှ အရေးထားလိမ့်မည် မဟုတ်ဟု နီနီလေး ထင်မိလေသည်။

ဤတွင် နီနီလေးသည် ထက်သန်သော စိတ်ဆန္ဒဖြင့် "ဗိုလ်ချုပ်တို့ လုပ်ကြံခံရတယ်ဆိုတဲ့ သတင်းမမှန်ပါစေနဲ့ ဗိုလ်ချုပ်တို့အသက်ချမ်းသာပါစေ" ဟု သူ့ဉာဏ်မီ သိရှိသမျှကလေးနှင့် ဘုရားသခင်ထံမှာသာ အခါခါ ဆုတောင်း မေတ္တာပို့ပေးနေခဲ့မိတော့သည်။ သို့ရာတွင် နီနီလေး၏ဆုတောင်းကား မပြည့်ခဲ့ပေ။

နီနီလေးသာမက တစ်တိုင်းတစ်ပြည်လုံးက ချစ်ခင်အားကိုးနေခဲ့ကြရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ ခေါင်းဆောင်ကြီးများသည် သူတို့ချစ်သော တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကိုပင် ပေးလှူပူဇော်သွားခဲ့ကြရလေတော့သည်။

ထိုသို့ မြန်မာတစ်ပြည်လုံး အမှောင်ဖုံးမတတ် အစားထိုးမရနိုင်သော နစ်နာဆုံးရှုံးမှုကြီးကို ရင်ဆိုင် လက်ခံခဲ့ကြရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလဆန်း ၄ရက် မနက် ၄နာရီမိနစ် ၂၀ မှာတော့ ပြည်သူလူထုကြီးတစ်ရပ်လုံးက မျှော်လင့်တောင့်တနေခဲ့ကြသော ထူးကဲမွန်မြတ်လှသည့် လွတ်လပ်ရေးကြီးကို ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့လေတော့၏။

နီနီလေးတို့အဖို့ ကမ္ဘာတွင် အခြားပြည်သူပြည်သားများနှင့် ပခုံးချင်းယှဉ်ပြီ

'လွတ်လပ်သောပြည်ထောင်စု မြန်မာနိုင်ငံသူနိုင်ငံသားများ' အဖြစ်နှင့် ခေါင်းမော် ဝင့်ကြွားနိုင်ကြရလေပြီတကား။

'လွတ်လပ်ရေး' အောင်ပွဲ အထိမ်းအမှတ်အဖြစ် ကျောင်းပိတ်ရက်ရသော ကိုကြီးက ရန်ကုန်ကောလိပ်မှ ပြန်ပြေးလာခဲ့သည်။

ထိုအခါ နီနီလေးတို့သည် မိသားစု စုံစုံညီညီဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ 'လွတ်လပ်ရေး' နေ့ကြီးကို ကြိုဆိုလိုက်ကြလေတော့၏။

နီနီလေးတို့ တစ်အိမ်သားလုံးသည် လွတ်လပ်ရေး ကြေညာမည့်မနက်တွင် အချိန်မကျမီ အစောကြီးတည်းကပင် ထ၍ စောင့်ကြိုနေလိုက်ကြသည်။

ထိုနောက် လွတ်လပ်ရေးကြီးကို ကြေညာထုတ်ပြန်လိုက်လျှင်ပင် တစ်မြို့လုံးမှာ မြူးကြွသော အမြောက်ပစ်ဖောက်သံ၊ ခေါင်းလောင်းသံ၊ ကြေးမောင်းသံ စသည်များဖြင့် တစ်ခဲနက် ဆူညံမြည်ဟည်းသွားလေတော့၏။ ပြည်သူလူထုတစ်ရပ်လုံး၏ ရွှင်မြူးကြည်နူးခြင်း အရှိန်အဟုန်သည် မြေပေါ်မှာသာမက အထက်ဘဝဂ်သို့ပင် လျှံတက်သွားလေတော့သည်။

နီနီလေးတို့အိမ်ရှေ့တွင် ဖေဖေကိုယ်တိုင် လွှင့်ထူလိုက်သည့် လွတ်လပ်သောပြည်ထောင်စုအလံတော်ကြီးသည် ဆောင်း၏နှင်းမှုန်များကြားဝယ် လှပဝင့်ကြွားစွာ လှုးလွန့်လှုပ်ရှားလျက်ရှိနေလေတော့သည်။ တစ်အိမ်လုံးမှာလည်း လွတ်လပ်ရေး မီးပုံးကလေးများက ရောင်စုံဖြာကာ လှပနေကြသည်။ ဦးလေးကြိုင်၊ဦးလေးလှိုင်၊ ကိုကြီးနှင့် ကိုညီတို့ တူဝရီးတစ်စု၏ ပေထုပ်သံ တဒိုင်းဒိုင်းများကလည်း နားအူမတတ် ပေါက်ကွဲဆူညံနေကြတော့သည်။

ပြီးလျှင်တော့ နီနီလေးတို့အားလုံးသည် မေမေပေါင်းပေးသော လွတ်လပ်ရေး အထိမ်းအမှတ် ကောက်ညှင်းငချိပ်ပေါင်း ပူပူနွေးနွေးကို နှမ်းထောင်း မွှေးမွှေးဖြင့် တစ်အားလွေးလိုက်ကြလေတော့၏။

ယခုတွင် ကမ္ဘာစစ်ကြီးလည်း ပြီးသွားခဲ့ပြီ။ ပြည်ထောင်စု မြန်မာပြည်ကြီးလည်း အချုပ်အချာ အာဏာပိုင်သော လွတ်လပ်ရေး အစစ်အမှန်ကြီးကို ရခဲ့ပြီမို့ ပြည်သူပြည်သားများအဖို့ ဘဝတွင် ငြိမ်းချမ်းသာယာနိုင်ကြပြီဟု နီနီလေးက စိတ်ကို ဒုန်းဒုန်းချလိုက်မိတော့သည်။

ဤနေရာတွင် နီနီလေး၏ 'စစ်ပြေးမှတ်တမ်း' ကလေးမှာ အဆုံးသတ်၍ နိဂုံးချုပ်ရန်ပင် ဖြစ်လေသည်။

သို့ရာတွင် သူ့အဖို့ နိဂုံးမချုပ်နိုင်သေးသော နောက်ဆက်တွဲ စစ်ပွဲကလေးတစ်ခုက စိတ်မချမ်းမြေ့စရာ ဖြစ်ပျက်ပေါ်ပေါက်လာခဲ့ပြန်လေတော့၏။

❒

# ပြည်တွင်းစစ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပြီးသည့်နောက် ပြည်သူပြည်သားများမှာ စိတ်အေးချမ်းသာနှင့် ဝမ်းသာကြရမည် ကြံကာရှိသေးသည် ဖက်ဆစ်ဂျပန်ကို စည်းစည်းလုံးလုံးနှင့် တော်လှန်ခဲ့ကြသော သွေးသောက် ရဲဘော် အချင်းချင်း စိတ်ဝမ်းကွဲကုန်ကြလေတော့သည်။

ထိုနောက် ဟိုပါတီ၊ သည်အဖွဲ့အစည်းများ တောခိုသွားခဲ့ကြခြင်းဖြင့် ပြည်တွင်းစစ်မီးပွားကလေးသည် ဗမာပြည်တွင် တငွေ့ငွေ့စတင်လောင်ကျွမ်းလေတော့သည်။

ထိုအခါ ပြည်တွင်းစစ်ပွဲတွင် ထုံးစံအတိုင်း တောခိုသူပုန်များက အဖျက်လုပ်ငန်းတွေကို ပြုလုပ်လာကြတော့သည်။ မီးရထား မိုင်းဗုံးထောင်ခြင်း၊ ခရီးသည်တင် သင်္ဘောများကို ဆီးပစ်ခြင်း၊ ဓားပြတိုက်ခြင်း သတင်းများကို နားမချမ်းသာစရာ ကြားသိနေခဲ့ကြရတော့၏။ ပုသိမ်နှင့် ရန်ကုန်သွားရသည်ပင် လူများမှာ တတိတ်ထိတ် တလန့်လန့်နှင့် ဘုရားတ၍ သွားနေကြရလေသည်။

တစ်ခါကဆိုလျှင် သင်္ဘော ဓားပြတိုက်ခံရသည့်အထဲ ဦးလေးကြိုင်တစ်ယောက်လည်း ပါသွားလေသည်။ စစ်ပြီးသွားသည့်နောက် ဦးလေးကြိုင်က ပုသိမ်မှာပင် အလုပ်လုပ်နေခဲ့သည်။ နောက် စစ်မဖြစ်မီက တက်လက်စတန်းလန်းနှင့် တစ်နှစ်မျှ ကျန်နေ

သေးသောသူ ဝါသနာပါရာ စက်မှုလက်မှုကျောင်းသို့ ဆက်တက်ရန် အလုပ်မှ ထွက်ပြီး ရန်ကုန်သို့သွားလေတော့သည်။

မေမေတို့က ဦးလေးကြိုင် ကျောင်းအိပ် ကျောင်းစားနေရန်အတွက် အပြည့်အစုံ ချုပ်လုပ် ပြင်ဆင်ထည့်သိုပေးလိုက်ကြသည်။ ဖေဖေနှင့် နီနီလေးတို့က ဦးလေးကြိုင်ကို သင်္ဘောထဲအထိ လိုက်ပို့ပေးသည်။ သင်္ဘောကမ်းကခွာမှ သူတို့ပြန်ခဲ့ကြသည်။

ပုသိမ်နှင့် ရန်ကုန်သင်္ဘောမှာ မနက် ၈နာရီတွင် ထွက်လေသည်။ ထိုနေ့က ရန်ကုန်သို့ ထွက်ခွာသွားခဲ့သော ဦးလေးကြိုင်သည် မနက် ၁၁နာရီခန့်မှာပင် အိမ်သို့ ပြန်ရောက်လာခဲ့သည်။ စွပ်ကျယ်လက်ပြတ်ကလေးသာ ဝတ်လျက်ဆိုက်ကားနှင့် ပြန်ရောက်လာခဲ့သော ဦးလေးကြိုင်ကို ကြည့်ကာ နီနီလေးတို့မှာ အံ့အားသင့်နေမိကြလေသည်။

နောက်မှ ဦးလေးကြိုင်က သူတို့သင်္ဘော ဓားပြအတိုက်ခံရကြောင်း ပြောပြလေတော့၏။ ဓားပြများမှာ မြို့ကတည်းက ခရီးသည် ယောင်ဆောင်ပြီး လိုက်သွားခဲ့ကြခြင်း ဖြစ်လေသည်။ မြစ်ဝသို့ရောက်မှ သူတို့ဝှက်ယူလာခဲ့သော လက်နက်များကို ထုတ်ချိန်ပြီး ခရီးသည်တွေအားလုံးထံမှ ရှိသမျှ အကုန်တိုက်ယူကြလေတော့၏။ သူတို့သည် ကိုယ်ပေါ်မှ ဝတ်ထားသော အင်္ကျီများကိုပင် ချွတ်ယူသွားကြသဖြင့် ဦးလေးကြိုင်မှာ စွပ်ကျယ်ကလေးနှင့် အိမ်ပြန်ခဲ့ရခြင်းဖြစ်လေသည်။

မေမေတို့မှာ ဦးလေးကြိုင်အတွက် နောက်ထပ်၍ အသစ်များ ချုပ်လုပ်ပြင်ဆင်ပေးကြရပြန်သည်။ နောက်တစ်ခါတွင်မူ ဦးလေးကြိုင်မှာ ရန်ကုန်သို့ ချောချောမောမော ရောက်ရှိသွားလေတော့၏။

ဖေဖေတစ်ယောက် ရန်ကုန်သွားပြီဆိုလျှင်လည်း အိမ်သို့ပြန်ရောက်လာတော့မှသာ မေမေတို့မှာ စိတ်အေးနိုင်ကြရလေတော့သည်။

တစ်ခါတစ်ခါ ကမ်းပေါ်မှ လှမ်းပစ်သဖြင့် ခရီးသည်များ သေကြေခဲ့ကြရလေသည်။ ခရီးသွားစဉ်က သူပုန် လှမ်းပစ်မလား၊ ဓားပြတိုက်ခံရမလားနှင့် ဘုရားတကာ ရင်မနေကြရသလို ကွန်မြူနစ်များက တကဲကဲမြို့ကို ဝင်စီးမည့် သတင်းကလည်း ထွက်နေခဲ့ရာ မြို့လူထုမှာ ကိုယ့်အိမ်မှာပင် ကိုယ်စိတ်ချလက်ချမနေရ၊ မအိပ်ဝံ့အောင် တထိတ်ထိတ်ဖြစ်နေကြရလေတော့၏။

တောဘက်ပိုင်းများတွင်လည်း ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ဆက်ကြေးတောင်းစသည် ဖြင့် မအေးနိုင်အောင် ဖြစ်နေကြလေတော့၏။ ထိုအထဲတွင် နီနီလေးတို့အဖို့ အထူးပင်

စိတ်ထိခိုက်စရာ ကိစ္စတစ်ခုကို ကြုံရပြန်တော့သည်။

တစ်နေ့မနက် ၁၀ နာရီလောက်တွင် ဈေးထဲ၌ ဆိုင်ထွက်နေသော အရီးလေးက မေမေ့ဆီသို့ ပြန်ပြေးလာပြီး သူတော်ကုန်းစွန်းကလေးမှ ဘကြီးဦးဖိုးကူးတစ်ယောက် ညက ဓားပြတိုက်ပြီး အသတ်ခံရကြောင်း ပြောပြလေသည်။ ယခုအလောင်းကို ဆေးရုံသို့ ယူလာခဲ့ကြသည်ဆို၏။ သတင်းကြားလျှင် ကြားချင်း ဖေဖေနှင့် မေမေက အရီးလေးနှင့်အတူ ဆေးရုံသို့ လိုက်သွားကြတော့သည်။

ကြားရသော သတင်းဆိုးအတွက် နီနီလေးမှာလည်း အထူးပင် စိတ်ထိခိုက်မိလေတော့၏။ နီနီလေးတို့ မြို့ပြန်ပြောင်းသွားခဲ့သော်လည်း သူတော်ကုန်းစွန်းကလေးမှ ဘကြီးဦးဖိုးကူးတို့ မိသားစုနှင့် အခင်အမင်မပျက် အဆက်အသွယ်မပြတ်ပင် ရှိနေခဲ့လေသည်။ ဘကြီးဦးဖိုးကူးတို့ မိသားစုသည် မြို့သို့ရောက်တိုင်း အခြားအိမ်များသို့ မသွားသော်လည်း နီနီလေးတို့အိမ်ကိုမူ အမြဲဝင်လာတတ်ကြသည်။

ဖေဖေ၊ မေမေတို့၏ ခင်မင်မှုနှင့် စေတနာကို နားလည်ထားကြသော သူတို့က နီနီလေးတို့အိမ်ကို ဆွေမျိုးရင်းချာပမာ ဝင်ထွက်စားသောက် လုပ်ဝံ့ကြလေသည်။ မြို့မှ သူတို့လိုသော အကူအညီမှန်သမျှကိုလည်း ဖေဖေတို့က အတတ်နိုင်ဆုံး ကူညီမစပေးနေခဲ့လေသည်။

မကြာမီကပင် ဘကြီးဦးဖိုးကူး ရောက်လာပြီး လယ်သမားများအတွက် ကုလားစောင်ကလေးများ လိုချင်သည်ဆို၍ မေမေက အသိဆိုင်မှ ဈေးသက်သာသောနှုန်းဖြင့် လိုက်ဝယ်ပေးခဲ့သေးသည်။ ဘကြီးဦးဖိုးကူးသည် သူလိုချင်သော စောင်များ ရ၍ အတော်ဝမ်းသာသွားလေသည်။ သူသည် တစ်နေကုန် ဖေဖေနှင့် စကားစမြည်ပြော ထမင်းပါစားသောက်ပြီးမှ အေးအေးဆေးဆေး ပြန်သွားခဲ့လေသည်။

ယခုတော့ သူ့ခမျာ ဓားပြသတ်၍ သေရလေပြီ။ ထိုမျှသဘောကောင်းကာ ရိုးသားအေးဆေးသာ အဘိုးကြီးတစ်ယောက်ကို ပစ္စည်းယူရုံမက ရက်ရက်စက်စက် သတ်ဝံ့သော ဓားပြ၏သတ္တိမှာ အံ့သြစရာ စက်ဆုပ်မုန်းတီးစရာ ကောင်းလှပေတော့သည်။

စစ်မင်းကြီး စောစံဖိုးသင် အုပ်ချုပ်နေသော ပုသိမ်မြို့မှာပင် နေ့တထိတ်ထိတ် ညတထိတ်ထိတ် စိတ်မချနိုင်သေးရာ အားကိုးစရာ ဘာမှမရှိသော တောပိုင်းနေရာများ၌ အဘယ်မှာလျှင် လုံခြုံမှုရှိနိုင်ပါမည်နည်း။

မြို့ပြင်ပတ်ဝန်းကျင်ဆီမှ ကွန်မြူနစ်များနှင့် အစိုးရတပ်များ တိုက်ပွဲဖြစ်နေကြသည်။ သေနတ်သံတဒိန်းဒိန်း တဒိုင်းဒိုင်းများက မြို့လူထုကို အမြဲတမ်း ခြောက်လှန့်လျက်

ရှိနေတော့၏။

မကြာခင်က ဝန်ကြီးချုပ် ဦးနု ပုသိမ်သို့ တိုင်းခန်းလှည့်ကာ ရောက်လာခဲ့သည်။ နီနီလေးတို့ စကောကရင် ကျောင်းကြီးအတွက် ဝန်ကြီးချုပ်က ငွေတစ်သိန်းလှူခဲ့သည်။ ကျောင်းကြီးမှလည်း ဝန်ကြီးချုပ်အတွက် ပဒေသာ ကပွဲဖြင့် ဧည့်ခံလေသည်။ ထိုပဒေသာ ကပွဲတွင် ဆရာမ ဝဝကြီးက မယ်ဇမာစလွယ်ကို သိုင်းပြီး ဆုဖလားကြီးကို ပိုက်လျက် ဝန်ကြီးချုပ်အတွက် သီချင်းတစ်ပုဒ် တက်ဆိုပြခဲ့သည်။ အင်္ဂလိပ်လို ဆိုပြသော သီချင်း၏ အဓိပ္ပာယ်မှာ ...

"ဒီညအဖို့ စိတ်အေးလက်အေး အိပ်ပျော်အောင် အိပ်ပါ ... လုံခြုံမှုအတွက် စိတ်ချရပါတယ်" ဟူ၍ ဖြစ်လေသည်။

သို့ရာတွင် မြို့လူထုမှာတော့ ညတိုင်း သေနတ်သံကို နားစွင့်လျက် လုံခြုံမှုကို စိတ်မချနိုင်သလို စိတ်ချလက်ချလည်း မအိပ်နိုင်ကြပါပေ။

ယခုတလော လူကြီးတွေမှာလည်း ကျိတ်ကျိတ် ကျိတ်ကျိတ်နှင့် ပြောဆိုနေကြ ပြန်သည်။

ဆောင်းအေးအေးနှင့် တစ်နေ့မနက် စောစောတွင် ဘိုးဘိုးဦးညီပုက အိမ်သို့ လျှောက်လာ စကားပြောရင်း ...

"လိုလိုမယ်မယ် ... ဗုံးကျင်းကလေး ... ဘာကလေးလဲ တူးထားကြဦးပေါ့" ဟု ပြန်ခါနီး၌ ဖေဖေတို့ကို မှာသွားခဲ့လေသည်။

ဗုံးကျင်းဆို၍ နီနီလေးက ကမ္ဘာစစ်ကြီးများ ဖြစ်လာဦးမှာလာဟု လန့်သွားမိလေသည်။

နောက်တော့ ဦးလေးလှိုင်က အိမ်နောက်ဖေးဘက် ဝါးရုံပင်အောက်တွင် အမိုးမပါသော ကျင်းပက်လက်ကလေးတစ်ခုကို တူးထားလိုက်တော့သည်။ ထိုသို့လူကြီးများက အရေးတကြီး လှုပ်လှုပ်ရှားရှား ပြုလာကြသောအခါ နီနီလေးစိတ်မှာ ပို၍ ချောက်ချားလာမိတော့၏။

နီနီလေးအဖို့ မွေးလာကတည်းက ကမ္ဘာစစ်ကြီး ကာလကြီးနှင့် ရင်ဆိုင်တိုးပြီး အမြဲတမ်း ထိတ်လန့်စိုးရွံ့နေရဆဲပင် ဖြစ်လေရာ ဘယ်တော့များမှ မပူမပင် စိတ်အေးချမ်းသာနှင့် နေထိုင်နိုင်ပါ့မည်နည်းဟု တစ်ခါ တစ်ခါ၌ စိတ်ကလေးညစ်ညစ်ဖြင့် နီနီလေးက လူကြီးလူကျယ် လုပ်ကာ တွေးကြည့်တတ်ခဲ့လေသည်။

ယခုတလော နီနီလေးတို့နေသော စကောကရင်ကျောင်းဝင်းကြီးနှင့် ကရင်အမျိုး

သားများ၏ ရပ်ကွက်တစ်ဝိုက်တွင် တောပိုင်းမှ တက်လာခဲ့ကြသော ကရင်အမျိုးသားများဖြင့် ပြည့်နေတော့သည်။ သူတို့သည် ဘတ်စ်ကားကြီးများဖြင့် နေ့တိုင်း ထပ်၍ ထပ်၍ ရောက်လာနေလေသည်။ ကျောင်းတက်ရင်း တွေ့မြင်နေရသော နီနီလေးက သူငယ်ချင်းများကို မေးကြည့်သောအခါ ...

"ကွန်မြူနစ်တွေကို တိုက်ဖို့နဲ့ ... မြို့ကို ကွယ်ကာစောင့်ရှောက်ပေးဖို့"ဟု သူတို့က ဖြေကြသည်။

ရာနှင့်ထောင်နှင့် ချီရောက်နေသော ကရင်အမျိုးသားများက မြို့ကို ကွယ်ကာစောင့်ရှောက်ပြီး ကွန်မြူနစ်များကို ကူတိုက်ပေးမည်ဆိုသောအခါ နီနီလေးစိတ်မှာ အားတက်သွားမိလေသည်။

တစ်နေ့ခင်း ကျောင်းမှ မုန့်စားလွှတ် အနားပေးချိန်တွင် နီနီလေးသည် သူငယ်ချင်းမလေးတစ်ဦးနှင့်အတူ သူတို့ကို အချုပ်အလုပ်သင်ပေးနေသော သင်တန်းဆရာမအိမ်သို့ ရောက်သွားခဲ့သည်။ ဆရာမ၏အိမ်မှာ ကျောင်းကြီးထဲ၌ပင် ရှိလေသည်။ သူတို့ရောက်သွားသောအခါ ဆရာမက စက်ချုပ်နေသည်။ နီနီလေးက အနားသို့သွားပြီး ကြည့်လိုက်သောအခါ အစိမ်းရောင်ပိတ်စကြီးတစ်ခုပေါ်တွင် ပိုးချည်အနီများဖြင့် ကေအင်ဒီအိုဆိုသော အင်္ဂလိပ်စာလုံးများကို စက်ပန်းနှင့် လှပသေသပ်စွာ ထိုးချုပ်နေကြောင်း တွေ့ရလေသည်။ နီနီလေးက မေးကြည့်သောအခါ ...

"စစ်တပ်အတွက် "ဟု ဆရာမက ဖြေပါသည်။ ဘယ်စစ်တပ်အတွက်ဆိုသည်ကိုတော့ နီနီလေးမသိ။ သိအောင်လည်း ဆက်၍ မမေးမိခဲ့တော့ပေ။ ဆရာမအပြင် အခြားသူနှစ်ဦးကလည်း ထိုစာလုံးများကိုပင် ထိုးချုပ်နေကြပေသေးသည်။

ယခုတလော လူတွေ၏ အမူအရာ အပြောအဆိုများ ပြောင်းလဲလာကြသည်ဟု နီနီလေး ထင်မိသည်။ ကျောင်းသူ ကျောင်းသားများ ထောင်ချီနေသော ထိုစကောကရင်ကျောင်းကြီးတွင် ဗမာဆို၍ ဆယ်ယောက်မျှပင် မရှိချေ။ သူတို့အတန်းထဲတွင်လည်း ဗမာမိန်းကလေးဆို၍ သူတစ်ယောက်တည်းသာရှိသည်။ ယောကျ်ားကလေးများထဲတွင်လည်း ထွန်းထွန်းဆိုသော ကောင်ကလေးတစ်ယောက်သာ ရှိသည်။

ယခုတလော နီနီလေး၏သူငယ်ချင်းမကလေးတချို့က သူ့အပေါ်တွင် ခါတိုင်းနှင့်မတူ တစ်မူထူးကာ တင်တင်စီးစီး ဖိပြီးပြောချင်လာကြသည်။ သူတို့ပြောလာတိုင်း နီနီလေးက တလုံးအတင်မခံဘဲ ပြန်ပက်သောအခါ သူငယ်ချင်းချင်း စကားများ ရန်ဖြစ်ကြရလေတော့၏။ သူတို့က စိတ်ဆိုးပြီး နီနီလေးကို မခေါ်သောအခါ တစ်ယောက်တည်း

ပေမယ့် သူက မမှုခဲ့ပါ။

တစ်တန်းလုံးတွင် နီနီလေး ကျောင်းပြောင်းလာစကတည်းက သူနှင့်အတူထိုင်ကာ အလွန်ချစ်သော "အမူ" ဆိုသည့် ကရင်မကလေးတစ်ဦးရှိခဲ့သည်။ အမှန်က သူ့နာမည် ရင်းမှာ အင်္ဂလိပ်လို "မင်္ဂလင်း" ဖြစ်သည်။ သို့ရာတွင် သူက ဗမာနာမည်လိုချင်သည်ဆို၍ "မမူ"ဟု နီနီလေးက ပေးထားခြင်းဖြစ်သည်။ သူက နီနီလေးထက် အသက်နှစ်နှစ်ခန့် ပိုကြီးသော အပျိုပေါက်လေးဖြစ်သည်။ သူက သဘောကောင်းပြီး အေးအေးနေတတ် သည်။ နီနီလေးကိုလည်း ချစ်လေသည်။

သူတို့အိမ်မှာ ကျောင်းနှင့်နီးရာ နီနီလေးကိုခေါ်သွားပြီး စားစရာများကို ကျွေးတတ် သည်။ သူကလည်း နီနီလေးတို့အိမ်သို့ တစ်ခါတစ်ခါလိုက်လည်တတ်သည်။ သို့ရာတွင် ရှက်တတ်သော အမူကို ဘာမျှကျွေးမရ၊ သူ့ကို ကျွေးချင်လျှင် ကျောင်းသို့ယူသွားပေးရ သည်။ အမူကဘယ်သူ့မှမရှိဘဲ နီနီလေးနှင့် နှစ်ယောက်တည်းကျမှ စားတတ်လေသည်။

ယခုတလော နီနီလေးက သူ့အိမ်သို့ အမူကိုခေါ်၍ မရတော့ပေ။ တစ်ခါတော့ နီနီလေးက ဇွတ်အတင်းခေါ်သဖြင့် အမူ့ခမျာ သူ့အိမ်က မသိအောင် တိတ်တိတ်ကလေး ခိုး၍ လိုက်လာခဲ့ရှာသည်။ နီနီလေးက နားမလည်နိုင်သဖြင့် မေးကြည့်မိတော့၏။ ထိုအခါ အမူက ပြောပြလေသည်။

'ငါ့ကို ... လူကြီးတွေက မှာထားတယ် ... ဗမာတွေရပ်ကွက်ထဲ လိုက်မသွားနဲ့ ... ဗမာတွေက နင့်ကို သတ်ပစ်လိမ့်မယ်လို့ ပြောတယ်"

"ဟယ် ... မဟုတ်တာ အမူရယ် ... တို့ဗမာတွေက ဘာလို့ နင့်ကို သတ်ရမှာလဲ နင့်ကိုလည်း မသတ်ဘူး ... ဘယ်သူ့ကိုမှလည်း မသတ်ပါဘူးဟယ်"

နီနီလေးတို့ အလယ်တန်းကလေးတွေက အချိန်စောခဲ့သော်လည်း ကိုညီတို့ ဆယ်တန်းသမားတွေ ဆင်းအောင်စောင့်ပြီးမှ အိမ်ပြန်ရလေသည်။ ထိုအခါ နီနီလေးက ကျောင်းမှာပင် စောင့်သည့်အခါ စောင့်၍ အမူတို့အိမ်မှ သွားစောင့်သည့်အခါ စောင့်သည်။ အိမ်ပြန်လျှင် အမူတို့ အိမ်ရှေ့လမ်းမှ ဖြတ်သွားရသောကြောင့် ကိုညီဆင်းလာခဲ့လျှင် နီနီလေးက စောင့်ပြီး ထွက်လိုက်သွားရုံရှိလေသည်။

ထိုသို့ ကိုညီကို စောင့်နေရချိန်များ၌ နီနီလေးကို တခြားသူငယ်ချင်းများ အိမ်လိုက် မလည်နှင့်ဟု မေမေတို့က မှာထားခဲ့ကြသည်။ သို့ရာတွင် ဘာအတွက် လိုက်မလည်ရ ဆိုသည်ကိုတော့ မေမေတို့က မပြောသဖြင့် နီနီလေးကလည်း မသိခဲ့။ နီနီလေးက လည်း အမူတို့အိမ်မှ လွဲ၍ တခြားသူငယ်ချင်းများအိမ်သို့ လိုက်လည်ခဲလေသည်။

သို့ရာတွင် စနေနေ့ဝက်ကျောင်းဆင်းသောတစ်ရက်တွင်မူ နီနီလေးသည် သူနှင့် အတော်ကလေး ခင်မင်ရင်းနှီး၍ အပြေးပြိုင်ဘက်လည်း ဖြစ်သော ရီနာကခေါ်သဖြင့် လိုက်သွားမိလေတော့၏။

ရီနာ၏အစ်မများမှာ ဖေဖေ့တပည့်များ ဖြစ်လျက် ကိုကြီး၊ ကိုညီတို့နှင့်လည်း အတန်းတူ သူငယ်ချင်းများ ဖြစ်သည်။ သူတို့အိမ်သို့ နီနီလေး သုံးလေးခေါက်လောက် လည်း ရောက်ဖူးလေသည်။

ရီနာတို့အိမ်ရောက်လျှင် နီနီလေးတို့ နှစ်ယောက်သားသည် နေပူကျဲကျဲမှာပင် စက်ဘီးစီးကြသည်။ မောလျှင် အိမ်ပေါ်သို့ တက်ပြီး ရီနာက 'စန္ဒယားတီးပြီး နှစ်ယောက် သား သီချင်းတွေ အော်ဆိုနေလိုက်ကြသည်။ ထိုနောက် ရီနာက နီနီလေးကိုလည်း စန္ဒ ယားတီးသင်ပေးနေပြန်သည်။

နောက် ညနေစောင်းတော့မှ နီနီလေးက အိမ်ပြန်ရန် သတိရပြီး ပြန်ခဲ့တော့သည်။ အမူတို့အိမ်ရှေ့မှဖြတ်အသွားတွင် အိမ်ထဲ၌ ဖေဖေ့ကို လှမ်းမြင်သဖြင့် နီနီလေးက ဝင်သွား လိုက်သည်။

"ဟိုမှာ ... နင့်အဖေ ... နင့်ကို လိုက်ရှာနေတယ် ... နင်ဘယ်သွားနေခဲ့တာလဲ ဟင်"

"ငါ ... ရီနာတို့အိမ်လိုက်သွားပြီး ပီယာနို တီးနေကြတာ"

"အေး ... နင်က ငါ့ပြောမသွားတော့ ... ငါလည်း မသိဘူးပေါ့ ... နင့်အဖေက စိတ်ပူနေတယ်"

ဖေဖေ့မျက်လုံးများက နီနီလေးကို စိတ်ဆိုးနေကြောင်း ဖော်ပြနေကြသည်။ ဖေဖေ စိတ်ဆိုးမှန်းသိလျှင် နီနီလေးက ကြောက်သွားမိသည်။ ဖေဖေစိတ်ဆိုးအောင် လုပ်မိသည့် အတွက် ရင်ထဲမှလည်း မကောင်းဖြစ်မိသည်။ သို့ရာတွင် နီနီလေးစိတ်တွင် သူငယ်ချင်း အိမ်လိုက်လည်ခဲ့မိခြင်းမှာ ကြီးလေးလွန်းသော အပြစ်တစ်ခုဟူ၍တော့ မယူဆခဲ့ပါ။

သို့ရာတွင် အိမ်သို့ရောက်လျှင် ဖေဖေက နီနီလေးကို စစ်မေးသည်။ ပြီးလျှင် နောက် ဖေဖေသည် ခြံထဲသို့ ဆင်းသွားပြီး ဝါးရုံမှ ဝါးကိုင်း တစ်ကိုင်းကို ခုတ်ယူသည်။ ထိုနောက် သူကိုယ်တိုင်ချောနေ့အောင် ဓားနှင့်သပ်လိုက်သည်။ ပြီးမှ ဖေဖေသည် ထို စပါယ်ရှယ် ဝါးတုတ်ကလေးနှင့် နီနီလေး၏ တင်ပါးကို နာနာကျင်ကျင် ရိုက်လေတော့ ၏။

ကိုညီက အတန်းဆင်းသောအခါ သူ့ကို စောင့်စောင့်နေသော နီနီလေးကိုမတွေ့၊

အမှုတို့အိမ်မှာလည်း မစောင့်၊ ထိုအခါ နီနီလေးမစောင့်နိုင်၍ စောစောပြန်သွားပြီအထင်ဖြင့် ကိုညီလည်း အိမ်ပြန်ခဲ့တော့၏။ သို့ရာတွင် အိမ်ကျတော့လည်း နီနီလေးက မရှိပေ။

ထိုအခါ ဖေဖေနှင့် မေမေတို့က နီနီလေးသူငယ်ချင်း တစ်ယောက်ယောက်နောက် လိုက်သွားပြီဆိုသည်ကို ချက်ချင်းသိလိုက်ကြသည်။ သို့ရာတွင် ကိုညီအတန်းဆင်းအမီ တော့ နီနီလေး ကျောင်းသို့ရောက်၍ ကိုညီအတန်းဆင်းသွားပြီမှန်းသိလျှင် နီနီလေးအိမ်ကို ပြန်ပြေးလာလိမ့်မည်ဟု ဖေဖေတို့က မျှော်နေလိုက်ကြသည်။

သို့ရာတွင် နီနီလေးက ညနေစောင်း၍ ၃ နာရီထိုးသည့်တိုင်အောင် ပြန်မရောက် လာသောအခါ ဖေဖေတို့က စိတ်ပူကြလေတော့၏။ သည်လောက်ကြာကြာနေပုံထောက် ၍ နီနီလေး အမှုတို့အိမ်မှာပင် ရှိရမည်ဟု တွက်ပြီး ဖေဖေက သူကိုယ်တိုင်လိုက်ခေါ်တော့ ၏။ သို့ရာတွင် သူထင်ခဲ့သလို နီနီလေးကမရှိ၊ တစ်ခါ အမှုကလည်း မသိဟုဆိုသော အခါ ဖေဖေ့တွင် အကြီးအကျယ် လန့်သွားလေတော့သည်။ ထိုစဉ် နီနီလေးက ရောက်သွား ခဲ့၍သာ ဖေဖေ့မှာ ခံသာသွားလေတော့၏။

မိဘစိတ်ကို အနှောင့်အယှက်ပေးမိသော နီနီလေးကို ဖေဖေသည် မရိုက်စဖူး နာနာကျင်ကျင်ကလေး ရိုက်၍ ဆုံးမဒဏ်ပေးခဲ့လေတော့သည်။

ထိုအခါ နီနီလေးသည် ဝမ်းပန်းတနည်း ငိုရှိုက်နေရင်းမှ သူငယ်ချင်းအိမ်ကို လိုက်လည် မိရုံကလေးနှင့် ဖေဖေက ဘာအတွက် ထိုမျှစိတ်ဆိုးရိုက်နက်ရတာပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေမိလေတော့၏။

နီနီလေးကို နာနာကျင်ကျင် ရိုက်ဆုံးမပြီးနောက် ဖေဖေလည်း စိတ်မကောင်း ဖြစ်နေသည်။

"ဖေဖေတို့ အသေအချာ မှာထားခဲ့တာကို သမီးဘာလို့ နားမထောင်တာလဲ ... တစ်ခုခုသာဖြစ်သွားခဲ့ရင် ... ဘယ့်နှယ်လုပ်မလဲဟင် ... ပြောစကားနားမထောင်တော့ ... သမီးအသားနာရတယ် ရိုက်ရတဲ့ ဖေဖေ့မှာလည်း စိတ်မကောင်းနိုင်တော့ဘူးပေါ့..."

ဖေဖေကပြောနေလျှင် နီနီလေးမှာ ပို၍ ဝမ်းနည်းလာမိလေသည်။ မေမေကလည်း အနားသို့လာထိုင်ပြီး ပြောနေပြန်သည်။

"အရပ်ကြီးက ... တလှုပ်လှုပ်နဲ့ ... ဘာဖြစ်ဦးမယ် မသိသေးလို့ လူကြီးတွေက ပြောဆိုမှာကြားထားရင် ... ဘာဖြစ်လို့ နားမထောင်ချင်ရတာလဲ ... ကရင်ရပ်ကွက်တွေ လျှောက်လိုက်သွားတာ ... တော်ကြာနင့်ကို သူတို့က သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ ဟင် ... မကြောက်ဘူးလား"

"မေမေ့စကားကို ကြားလျှင် အမူ့ မိဘများက အမူ့ကို ပြောခဲ့သော "ဗမာတွေက နင့်ကို သတ်ပစ်လိမ့်မယ်"ဆိုသည်ကို နီနီလေးက ချက်ချင်းပြေး၍ အမှတ်ရလိုက်မိလေသည်။

နီနီလေးက ဖေဖေနှင့် မေမေတို့ကိုတော့ ဘာမျှ ပြန်မပြောမိ၊ မပြောဝံ့ခြင်းနှင့် မပြောတတ်ခြင်းကြောင့် ဖြစ်လေသည်။ သို့ရာတွင် ရင်ထဲမှာတော့ တစ်ယောက်တည်း ဆင်ခြေလဲနေလိုက်မိလေသည်။

အမူ့မိဘများက ဘာကြီးပြောနေနေ ဗမာတွေက အမူ့ကို မသတ်ဘူးဆိုသည်ကို နီနီလေးသိနေသည်။ ထို့အတူ မေမေပြောသလိုလည်း သူတို့ကရင်များက သတ်ပစ်စရာ အကြောင်းမရှိ။ သတ်လည်း သတ်လိမ့်မည်မဟုတ်ဟု နီနီလေးက ယုံကြည်တင်စားနေလိုက်မိလေသည်။

သို့ရာတွင် သူ့ရှီနာနှင့်လိုက်သွားခဲ့စဉ်က သူတို့ရပ်ကွက်လမ်းထဲသို့အဝင် ထိပ်တွင် ကင်းတဲတစ်ခုရှိ၍ သေနတ်ကြီးများ ကိုင်စောင့်နေသော ကရင်အမျိုးသားကြီးများကို တွေ့လိုက်တုန်းကတော့ နီနီလေးစိတ်တွင် အနည်းငယ် ကြောက်သလို ဖြစ်သွားခဲ့မိသည်။ ကျောင်းဝင်းထဲမှာလည်း သေနတ်ကြီးများ တလွယ်လွယ်နှင့် ကရင်များကို အစုလိုက် အစုလိုက် တွေ့နေခဲ့ရသည်မှာ အတော်ကလေးပင် ကြာပေပြီ။ သူပြန်တော့ လည်း ရှီနာက နီနီလေးကို ထိုလက်နက်ကိုင် အစောင့်များ၏ ကင်းတဲ အလွန်အထိ လိုက်ပို့ပေးခဲ့လေသည်။

ထိုအခြင်းအရာများမှာ တွေးစရာအဆန်းဖြစ်နေသော်လည်း နီနီလေးက သူ့မိတ်ဆွေမကလေးများ ပြောကြားထားခဲ့သည့်တိုင်း ကွန်မြူနစ်တွေကို တိုက်ဖို့သာ ပြင်ဆင်နေခြင်းဖြစ်သည်ဟု မှတ်ယူနေလိုက်မိလေတော့၏။

နောက်တစ်ပတ်ခန့်ကြာသွားလျှင် ကျောင်းပြန်လာပြီး ဖေဖေက မေမေ့ကို ပြောလိုက်လေသည်။

"မေမေရေ ... ဆရာကြီးက ... တို့ကို ... ကျောင်းဝင်းထဲက အိမ်တစ်အိမ်မှာ ပြောင်းလာပြီး နေပါလို့ ခေါ်နေတယ် ... နေချင်သလား"

"အိုး ... မနေချင်ပါဘူး ... ကိုယ့်ဟာကိုယ် ... ဒီမှာနေတာပဲ ကောင်းပါတယ်"

မေမေက မနေချင်ကြောင်း ငြင်းလိုက်သည်။ ထိုအခါ ဖေဖေမေးစဉ်တုန်းက သွားနေလျှင် အမူနှင့် နီးမည့်အရေးတွေးပြီး ဝမ်းသာလိုက်မိသော နီနီလေးမှာ ရုတ်ချည်း စိတ်ကူးပျက်သွားခဲ့လေတော့၏။

ဖေဖေတို့သည် အခြေအနေ အပြောင်းအလဲနှင့် အကြောင်းကြောင်းတွေကြောင့် ယိုးဒယားကုန်းသို့ ပြန်မနေကြတော့။ ထိုကြောင့် ဖေဖေက "မန်ကျည်းပင်တန်းလမ်း" တွင် မြေတစ်ကွက် ဝယ်ခဲ့သေးသည်။ သို့ရာတွင် ခြံချင်းကပ် အိမ်ကြီးမှာ ဆေးလိပ်ခုံဖြစ်ရာ ဆေးအနံ့ကို လုံးဝမခံနိုင်သော ဖေဖေက ပြန်ရောင်းပစ်လိုက်လေတော့သည်။

❐

## နွားကွဲ၍ ကျားဆွဲခြင်း

ထိုနေ့က နီနီလေးသည် ဖေဖေ့ချောင်းဟန့်သံကို ကြားလျှင် မနက်စောစောစီးစီး ချမ်းချမ်းတီးတီးကြီးမှာပင် အိပ်ရာထဲမှ ကြိုးစား၍ ထလိုက်သည်။ အကြောင်းမှာ ယနေ့ ကျောင်းသို့ စောစောရောက်အောင်သွားကြရန် အမူနှင့် မနေ့က ချိန်းထားခဲ့ခြင်းကြောင့်ပင်။

ထိုနေ့မှာ မနက်တစ်ပိုင်းလုံး နီနီလေးတို့ အတန်းမှ မိန်းကလေးများအတွက် အချုပ်အလုပ်သင်တန်းရှိသည်။ သင်တန်းတွင် လက်ချုပ်၊ ဇာထိုးနှင့် စက်ပန်းထိုးများ သင်ပေးလေသည်။ စက်မှာ သုံးလုံးသာရှိသည်။ တစ်လုံးက ရိုးရိုးချုပ်၍ နှစ်လုံးက စက်ပန်းထိုးရသည်။

နီနီလေးနှင့်အမူက စက်ပန်းကိုသာ ထိုးလိုသည်။ ထို့ကြောင့် ကျောင်းသို့ အစော ကြီးသွားကာ စက်ကို ဦးရန်ချိန်းထားခဲ့ခြင်းဖြစ်လေသည်။

နီနီလေး မျက်နှာသစ်နေစဉ်မှာပင် သေနတ်သံတဖောက်ဖောက် ကြားလိုက်ရသည်။ သေနတ်သံမှာ မကြာခဏ ကြားနေခဲ့ရရာ ယခုလည်း ခါတိုင်းကဲ့သို့ ကွန်မြူနစ်များနှင့် အစိုးရစစ်တပ်မြို့ပြင်၌ တိုက်ပွဲဖြစ်နေသည်ဟု ထင်လိုက်သည်။

မိုးလင်းလာလျှင် သေနတ်သံတွေမှာ ပိုများကာ ပို၍ ကျယ်လာခဲ့သည်။

ဖေဖေက တစ်ဖက်ခြံသို့ကူးသွားပြီး စံစီဖိုး တိုက်ကြီးကြီးကို ငှားနေသော တပည့်

ဟောင်းစောဝင်းထိန်ကို လှမ်းမေးလိုက်သည်။

"ဟော့ ... တပည့် ... ဘယ်က သေနတ်သံတွေလဲကွ"

"မသိဘူးဆရာရဲ့"

သူ့ခြံဝနားတွင် ရပ်နေသော စောဝင်းထိန်က ပြန်ဖြေသည်။ ဖေဖေလည်း စကားအနည်းငယ်ပြောကာ ပြန်လာပြီး ကျောင်းသွားရန် ပြင်လိုက်လေသည်။ နီနီလေးကမူ ပြင်ပြီးပေးပြီး ဖေဖေသွားလျှင် လိုက်ရန်အသင့်ဖြစ်နေသည်။

'ကျောင်းသွားဦးမလို့လား'

မေမေက သွားမေးလိုက်လျှင် ဖေဖေက ပြန်ဖြေလိုက်သည်။

'အေးလေ ... ဒီနေ့ ကျောင်းမှ မပိတ်ဘဲ ... သွားရဦးမှာပေါ့'

'ဩော် ... သေနတ်သံတွေ တဖောင်းဖောင်းနဲ့ ဘာဖြစ်လို့ဖြစ်မှန်းမသိသေးဘဲနဲ့'

'အော် ... သူ့ဟာသူ ဖောင်းဖောင်းတာ ... တို့ကလည်း ... တို့ဟာတို့ ကျောင်းတက်ရမှာပေါ့ကွ'

ပြောရင်း သေနတ်သံများမှာ အဆက်မပြတ်တော့ဘဲ ပိုမို၍ ကျယ်လောင်လာခဲ့တော့သည်။ ဖေဖေက နားစွင့်ရင်း အခြေအနေစောင့်ကြည့်နေလိုက်သည်။ နီနီလေးကမူ ကျောင်းမှ အမူစောင့်နေတော့မည်ဟု တွေးကာ သွားချင်လှပေပြီ။ 'ဒီသေနတ်သံတွေကလည်း ရှုပ်လိုက်တာ' ဟု သွားချင်ဇောဖြင့် စိတ်ထဲက ရွတ်လိုက်မိသည်။

မကြာပါချေ၊ သတင်းရောက်လာခဲ့သည်။

'ကေအင်ဒီအို ကရင်သူပုန်တွေက ကိုးသိန်းဂါတ်ကို စီးထားတယ် ... စကောကရင်ကျောင်းဝင်းကြီးထဲမှာလည်း သူတို့တပ်တွေကို အခိုင်အမာစွဲထားနေတယ်'

ကရင်နှင့် ဗမာကား ရန်သူဖြစ်သွားခဲ့ပေပြီ။ ထိုအခါ ထိုစဉ်က နားမလည်ခဲ့သောစကားစုများသည် ယခုမှ နီနီလေးအတွက် ကွက်ကွက်ကွင်းကွင်း အဓိပ္ပာယ်ပေါ်လာတော့သည်။

ထိုအခါ နီနီလေးအဖို့ ဝမ်းနည်းကြေကွဲခြင်းဆိုသည်ကိုလည်း နားလည်လိုက်ရလေတော့၏။ သူ့ချစ်သော အမူ့ကို မတွေ့နိုင်တော့ဆိုသော အသိက နုနယ်သော နီနီလေး၏ နှလုံးသားအား နာကျင်လှိုက်မောသွားစေတော့သည်။

မြို့မှာ လူသွားလူလာ ခြောက်ကပ်သွားလေတော့၏။ နီနီလေးတို့သည် အိမ်ပေါ်မှာစု၍ အခြေအနေကို စောင့်ကြည့်နေကြရသည်။ သေနတ်သံများ သည်းလာလျှင် ဖေဖေက အားလုံးကို ဖုံးကျင်းထဲဆင်းခိုင်းသည်။ အသစ်တူးသော ကျင်းမှာ တိမ်သဖြင့် ခြံအပြင်

ဘက်ရှိ ကျင်းဟောင်းကြီးကြီးထဲသို့ ဆင်းနေကြရသည်။ ကျင်းဟောင်းကြီးပေါ်မှာ ဓိုးခြုံကြီးက မိုးအုပ်ထားသည်။

ထမင်းအိုးကြီးတန်းလန်းတည်ပစ်ခဲ့သော မဝက်က သေနတ်သံစဲသွားလျှင် အိမ်ပေါ်သို့ပြေးတက်ကာ ငုံ့ရသည်။ သေနတ်သံများ ပြန်ပေါ်လာလျှင် မဝက်လည်း ကျင်းထဲသို့ ဒုန်းစိုင်းပြီး ပြန်ဆင်းလာခဲ့တော့သည်။

ဈေးမသွားနိုင်ရာ ဘာဟင်းမျှ မရှိသဖြင့် မဝက်က အဆင်သင့်ရှိသော အုန်းသီးကို ခွဲ၍ ခြစ်ပေးသည်။

ထိုနေ့ မနက်စာကို နီနီလေးတို့အားလုံး အုန်းသီးမှုန့်နှင့် ဆားဖြူးစားကာ ပြီးလိုက်ကြရတော့သည်။

တရုတ်နှစ်သစ်ကူးအတွက် အရီးလေးတို့မှာ ခေါက်ဆွဲတွေဝယ်ထားပြီး ဘာမျှ မလုပ်နိုင်ဘဲ သည်အတိုင်း ပစ်ထားလိုက်ကြရလေသည်။

နေ့လယ်ဘက်တွင် သေနတ်သံစဲသွားသဖြင့် အိမ်ပေါ်ပြန်တက်ခဲ့ကြသည်။ ထိုနောက် ကျင်းအသစ်ထဲမှ ပြိုကျနေသော မြေခဲတွေကို မေမေက တစ်ယောက်တစ်လက် သယ်ထုတ်ခိုင်းသဖြင့် နီနီလေးတို့ မောင်နှမတစ်စုလည်း တတ်နိုင်သလောက် ဝိုင်းကူလုပ်ကြရသည်။

စီစီလေးက ပုံးကလေးယူပြီး ကျင်းနားသို့အလာ လေထဲတွင် ငှက်ကလေးတစ်ကောင်ပမာ တစီစီအော်မြည်သွားသံကလေးသည် သူ့ဘေးမှကပ်၍ ရှီးခနဲ ဖြတ်ထွက်သွားသည်။ စီစီလေးက လန့်ပြီး ပုံးကလေးပစ်ချကာ ပြေးခဲ့သည်။ ပြီးလျှင်တော့ ဆက်တိုက် သေနတ်သံများ ထွက်ပေါ်လာခဲ့ကြပြန်သည်။

'အမလေး … ငါ့သမီးလေး ဘုရား မ, လို့'

မေမေက စီစီလေးကို ပွေ့ထားပြီး ရင်ခိုက်သံနှင့်ဆိုလိုက်ပါသည်။ စီစီလေး အနားမှ ဖြတ်သွားသည်မှာ ကျည်ဆန်တောင့်ကလေးတစ်တောင့်ဖြစ်လေသည်။ တည့်တည့်များ မှန်ခဲ့ပါက နီနီလေးတို့အားလုံး ရင်ကွဲစရာအဖြစ်ဆိုးနှင့် ကြုံရပေဦးတော့မည်။ ယခုတော့ ဘုရား မ၍ သီသီကလေးလွတ်ခဲ့ရလေသည်။

ထိုနေ့တစ်နေ့လုံး သေနတ်သံများက သည်းလိုက် စဲလိုက်နှင့်သာ ရှိနေတော့၏။

သေနတ်သံများကို နားထောင်ရင်း နီနီလေးက သူငယ်ချင်းချစ်အမှုကိုသာ သတိရမြင်ယောင်နေမိသည်။ လွမ်းတယ်ခေါ်မလား၊ ဆွေးတယ်ခေါ်မလားမသိသော ဝေဒနာတစ်ခုကို နီနီလေး၏ရင်မှာ တလှိုက်လှိုက် ခံစားနေမိလေတော့သည်။ သူလည်း ငါ့ကို

သတိရပြီး သည်လိုပဲ ခံစားနေလေမလားဟုလည်း တွေးမိပြန်သည်။

ယခုတော့ လူကြီးတွေ၏ 'နင့်တို့ကို သတ်ပစ်လိမ့်မယ်' ဆိုသော အပြန်အလှန် ပြောခဲ့ကြသည့် စကားစုကလေးများ၏ အဓိပ္ပာယ်ကို နီနီလေးနားလည် သဘောပေါက် သလို ရှိလာလေတော့သည်။

ယခုနေ အမှု ဗမာဘက်ပိုင်းကို လာခဲ့လျှင်အဖမ်းခံရမည်မှာ သေချာသည်။ သူတို့ဘက်ပိုင်းသို့ နီနီလေးသွားခဲ့လျှင်လည်း အဖမ်းခံရရုံမက ယခုကြားနေရသော သေနတ်တွေနှင့် ပစ်သတ်ခံရကောင်းခံရပေမည်။

လွန်ခဲ့သောနေ့ ညနေစောင်း၌ ကိုညီသည် ကိုအောင်နှင့်အတူ ကိစ္စရှိသဖြင့် ကျောင်းသို့တစ်ခေါက် ပြန်သွားခဲ့သည်။ ကျောင်းဝင်းထဲဝင်မည်အပြုတွင် နောက်ဆီမှ ပြေးလိုက် လာသံနှင့်အတူ အော်ပြောခံခဲ့ရသည်။

'ဟေ့ ... ဟေ့ ကောင်လေးတွေ ... ဘယ်သွားမလို့လဲဟင်'

တစ်ချိန်လုံး ဤကျောင်းတွင်နေလာခဲ့သဖြင့် အချိန်မရွေးဝင်နိုင်ထွက်နိုင်နေသော ကိုညီအဖို့ ယခုလို အော်ဟစ် အမေးခံခဲ့ရသည်မှာ ဆန်းနေတော့၏။

'ကျွန်တော် ... ကျောင်းထဲသွားမလို့ပေါ့ဗျ'

အသံဝဲဝဲနှင့် သူတစ်ခါမျှ မမြင်ဘူးခဲ့သော မျက်နှာစိမ်းမေးလာသူကို ကိုညီက ခပ်တိုတိုပင် ပြန်ဖြေလိုက်သည်ဆို၏။

'ဘာသွားလုပ်မှာလဲ'

'ကိစ္စရှိလို့ပေါ့'

'ဘာကိစ္စလဲကွ'

မေးသူက စိတ်ဆိုးလာကာ ခက်ထန်စွာ မေးလိုက်ပြန်သည်။ သူတစ်ပါးကိစ္စကို မဆိုင်ဘဲ ဝင်စွက်လာသူအား ကိုညီက မကျေနပ်။ ထို့ကြောင့် သူ့ကို ဘာမှဆက်ပြော မနေတော့ဘဲ ဆက်သွားရန် စိတ်ကူးလိုက်သည်။

'ဟေ့ ... ဟေ့ ... ဘာလဲ ... ဘာလဲ'

ထိုအခိုက် သူတို့အနားသို့ လူတစ်ယောက်က ပြေးလာခဲ့သည်။

'ဟ ... ဒါဆရာ့သားပါလား ... မင်းဘယ်သွားမလို့လဲကွ'

ထိုသူမှာ ဖေဖေနှင့် ကိုညီတို့ကို သိနေခဲ့သူဖြစ်လေသည်။ ကိုညီကလည်း ကျောင်းတွင် စာအုပ်ကျန်ခဲ့သဖြင့် သွားယူမည့်အကြောင်း ပြောပြလိုက်တော့၏။

'အခုအချိန်မရှိတော့ဘူးကွာ ... မိုးချုပ်တော့မယ်...မင်းစာအုပ်ကို...မနက်ကျမှပဲ

ယူတော့ပေါ့ကွာ ဟုတ်လား'

ထိုသူက ကိုညီကို ကောင်းကောင်းမွန်မွန် ပြောကာ အိမ်ပြန်ခိုင်းသည်။

'ကဲ ... ကဲ မင်းတို့အိမ်ပြန်ကြတော့နော်'

ကိုညီက ကျောင်းဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ရာ သေနတ်ကြီးများ တကားကားနှင့် လှုပ်ရှားသွားလာနေကြသူတစ်စုကို တွေ့ရလေသည်။

ထိုသူက အတော်လှမ်းလှမ်းကလေး ရောက်သည်အထိ ကိုညီတို့ကို လိုက်ပို့ပေးပြီးမှ ပြန်သွားခဲ့တော့သည်။

ထိုအကြောင်းကို ကိုညီက ပြန်ပြောပြသောအခါ ဖေဖေနှင့် မေမေ့မှာ ရင်ဖိုသည်းတုန်ဖြစ်သွားကြရလေသည်။

'အမလေး ... ဘုရား ... ဘုရား ... တို့ကဖြင့် ဘာကလေးတစ်ခုမှ သံသယမဖြစ်ခဲ့မိကြဘူး ... သူတို့အကြံနဲ့ သူတို့လုပ်နေတုန်း အထင်မှားပြီးများ ... တစ်ခုခုလုပ်လိုက်ရင် ... ကြားက ... ဘာမသိ ... ညာမသိနဲ့ ... တို့သားလေး အချောင်ခံရမှာ'

ထိုအကြောင်းကို ကြားရလျှင် မနက်တုန်းက မေမေကသာ မတားလို့ နီနီလေးတို့သားအဖတစ်တွေ ကျောင်းသို့သွားခဲ့ကြပါက အဝမှ ဆီးမပစ်ဟု မည်သူတာဝန်ယူပြောရဲပါမည်နည်း။

နီနီလေးမှာ လူကြီးတစ်ယောက်လို မသွားတတ်၊ ပြောလည်း မပြောတတ်၊ နီလေးသိသည်မှာတော့ သူငယ်ချင်းချစ် အမူနှင့် မတွေ့နိုင်ခြင်းအတွက် ရင်ထဲမှ မသက်မသာဖြစ်နေရခြင်းပင်။

တစ်ပြည်တည်းနေ... တစ်ရေတည်းသောက် ... တစ်မြေတည်းမှာ လည်ပင်းဖက်ကြီးလာခဲ့ကြသူ တိုင်းရင်းသား အချင်းချင်း သူတစ်ထီး ... ကိုယ်တစ်မင်းထပြီး ပြည်နယ်ခွဲလိုမှု ဗိုလ်လုပ်လိုမှုများကြောင့် အပြစ်မဲ့ နီနီလေးတို့မှာ ချစ်ရသူချင်းကွေကွင်းရခြင်းဖြင့် စိတ်ဆင်းရဲကြရလေတော့၏။ သို့ရာတွင် အခြေအနေတွေ ဘယ်သို့ပင် ပြောင်းပါစေ နီနီလေးကတော့ အမူ့ကို မမုန်းတမ်းဆက်ချစ်နေဦးမည်သာ ဖြစ်သည်။ ယခုလည်း ချစ်သည်၊ နောင်လည်း ချစ်နေဦးမည်သာ။ ထို့အတူ အမူတို့ အမျိုးသားများ အပေါ်လည်း မပျက်သော မေတ္တာကို အစဉ်ထားရှိနေဦးမည်ပင်။

ထို့အတူ အမူတစ်ယောက်ကလည်း သူ့အပေါ်၌ သူနှင့်ထပ်တူမျှ သဘောထားပြီး ချစ်ခင်မေတ္တာထားနေလိမ့်မည်ဟု နီနီလေးက အခိုင်အမာ ယုံကြည်ထားလေသည်။

❐

# မြေစာပင်

ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေစာပင်ကတော့ ဒုက္ခရောက်ရစမြဲပင် မဟုတ်ပါလား။

ထိုညက နီနီလေးတို့ မိသားတစ်စု ဇီးချုံအောက်မှ ကျင်းပျက်ကြီးထဲတွင် ငုတ်တုတ်မိုးလင်းခဲ့ကြရလေသည်။

မှောင်သည်ဆိုလျှင်ပင် သေနတ်သံများမှာ ပိုမို၍ ပြင်းထန်လာခဲ့ကြသည်။ သူပုန်အင်အားမှာ အခိုင်အမာတပ်စွဲ၍ တောင့်တင်းသလောက် တပ်မတော်မှာ အားနည်းလှတော့သည်။ သို့ရာတွင် "လေ့ခွက်ချည်းကျန် အလံမလှဲ"သော ဇွဲသတ္တိမျိုးဖြင့် တပ်မတော်က ရှိသမျှ အင်အားကလေးများဖြင့် မြို့ကို သူပုန်လက်တွင်းသို့ မကျဆင်းရအောင် အသက်ပေးကာကွယ်လျက် ရှိကြတော့သည်။

အမှောင်ထုကို သေနတ်သံ၊ မော်တော်သံများကသာ လွှမ်းမိုးနေကြသည်။ နီနီလေးတို့သည် အသက်မှ ရဲရဲ မရှူဝံ့အောင် တစ်ဦးနှင့်တစ်ဦး ပူးကပ်၍ ငုတ်တုတ်ထိုင်နေကြရသည်။ ခေါင်းပေါ်မှ ကျည်ဆန်များက တရှီးရှီး တဒိုင်းဒိုင်း ဖြတ်သန်းသွားလာနေကြသည်။

သူတို့အဖို့ ဂျပန်ခေတ်တုန်းကလို မိုးပေါ်မှ လေယာဉ်ပျံက ဗုံးချမှာကိုတော့

ကြောက်စရာမလို သို့ရာတွင် မော်တာကျည်ဆန်ကျလာမှာကိုတော့ ပူနေကြရသည်။ တဒုတ်ဒုတ်မြည်သော ပစ်သံ ခတ်သံများသည် တစ်မြို့လုံး ပွဲတင်ထပ်ဆူညံနေတော့၏။ တစ်ချက်တစ်ချက် ကျယ်လောင်လွန်းလှရာ နီနီလေးစိတ်တွင် သူတို့ကျင်းနှုတ်ခမ်းနားမှ ကပ်ပစ်နေသည်ဟုပင် ထင်မိသည်။ ခြင်ကလည်းကိုက်၊ ဆောင်းနှောင်းကလည်း အေးလှတော့သည်။ ကြာတော့လည်း ရင်ထဲမှ စိုးကြောက်နေသည့်ကြားကပင် နီနီလေးသည် ကျင်းနံရံကို မှီလျက် ငုတ်တုတ်ငိုက်မြည်း သွားတတ်သည်။ သို့ရာတွင် မှီထားသော မြေကျင်းနံရံကိုပင် အရှိန်ဟပ် တုန်ယင်သွားစေသော သေနတ်နှင့် မော်တော်သံများက ချက်ချင်းသူ့ကိုလှန့်နိုးခဲ့ကြပြန်တော့သည်။

သည်လိုနှင့် ရောင်နီကလေးပျိုးလာခဲ့တော့ ပစ်သံခတ်သံက ကြဲရာမှ စဲသွားသည်။ မိုးထိန်ထိန်လင်းသောအခါ သေနတ်သံများ လုံးလုံးပျောက်သွားလေသည်။ တစ်ညလုံး မီးကုန် ယမ်းကုန် ကြဲခဲ့ကြ၍ မောသွားကြပြီထင့်။

ပြည်တွင်းစစ်ပွဲ၏ ကျည်ဆန်တွေ ပလူပျံနေခဲ့သည့်ကြားမှ တစ်ညတာကို နီနီလေးတို့အဖို့ အထိအခိုက်မရှိ ကျော်လွန်လွတ်မြောက်ခဲ့ကြရလေတော့သည်။

မိုးလင်းလျှင် ဖေဖေနှင့် မေမေတို့က အလျင်အမြန် တိုင်ပင်ဆွေးနွေးပြီး ပြေးကြရန် ပြင်ကြရပြန်သည်။ ယခုတစ်ခါ ပြေးရန်မှာ တောဆီသို့ကား မဟုတ်ပါ။ တောသို့ပြေးလျှင် အသက်ဖက်ရွက်နှင့် ထုတ်ထား၍ပင် ရမည်မထင်ပါ။

သူတို့သည် အဝတ်အထည် ကိုယ်တစ်ခုနှင့်ပင် အိမ်မှအမြန်ထွက်ခဲ့ကြရသည်။ သေနတ်သံမှာ တစ်ချက်တစ်ချက် ဖောက်ခနဲ ဖောက်ခနဲသာ ထ၍ မြည်နေတော့ရာ သည်းမလာခင် အမြန်ပြေးကြရခြင်းဖြစ်သည်။

နီနီလေးတို့သည် ဗလီကိုလွန်၍ ဘက်လီဂါတ်ကို ကျော်လျက် တောင်ကုန်းလမ်း အတိုင်း လျှောက်သွားကြရသည်။ တစ်ညလုံး ကျင်းထဲ၌ ငုတ်တုတ်ထိုင်နေခဲ့ရ၍လည်းကောင်း စိတ်ဇောလောကကြီးနေသည်တစ်ကြောင်း နီနီလေး၏ ဒူးကလေးများသည်လည်း လမ်းလျှောက်၍ သိပ်မရအောင် အနည်းငယ်တုန်ယင် ချိနဲ့နေကြတော့၏။

နီနီလေးတို့မိသားစုက အသည်ကြီးမှ ဖေဖေတို့၏မိတ်ဆွေ ကိုကာဟင်နှင့် ဒေါ်ပိုးပွေတို့ တိုက်ခန်းသို့ သွားခဲ့ကြသည်။ အရီးလေးတို့မိသားစုကမူ တကောင်းဘုရားလမ်းရှိ သူတို့မိတ်ဆွေကပ်စီးနဲတိုက်သို့ သွားကြသည်။

ကိုကာဟင်တို့က ဈေးဆိုင်ခန်းဖြစ်သည်။ ပန်းကန်နှင့် အခြားကုန်အချို့လည်း တင်ရောင်းသည်။ သူတို့သည် နီနီလေးတို့ မိသားစုကို ဝမ်းသာ လှိုက်လှဲ ကြိုဆိုလက်ခံ

ကြသည်။ သို့ရာတွင် ကိုကာဟင်တို့မှာလည်း သားသမီးများများနှင့် နီနီလေးတို့ရောက်သွားသောအခါ သူတို့တိုက်ခန်းမှာ ပြည့်သွားလေတော့သည်။ ထို့ကြောင့် မေမေက မဝက်ကို အဘွားနှင့် အရီးလေးတို့သွားနေရာသို့ ထည့်လိုက်ရသည်။ ပုသိမ်တစ်မြို့လုံးမှာလည်း အရပ်ပျက်ကာ ကျီးလန့်စာစားဖြစ်နေကြသည်။ ကိုကာဟင်မှာ စီခနဲကြားလျှင် အမြန်ပြေး၍ သံဆွဲတံခါးကို ဆွဲပိတ်ပြီး သော့ခတ်နေရလေတော့သည်။

ထိုအချိန်တွင် အလုပ်ဝင်နေပြီဖြစ်သော ဦးလေးကြိုင်နှင့် တက္ကသိုလ်သို့ ရောက်နေသော ကိုကြီးတို့က ရန်ကုန်မှာပင်ရှိနေကြသည်။ စစ်ထဲမှထွက်ထားသော ဦးလေးလှိုင်ကမူ အိမ်ကိုလည်း အရိပ်အခြေကြည့်ရင်းဆိုသလို အရက်ဖိုလမ်းမှ ဖေဖေ့မိတ်ဆွေ ဦးပြားတို့အိမ်တွင် နေရစ်သည်။

ဖေဖေကတော့ အိမ်နှင့် အသည်းကြီးကို ကူးလိုက် သန်းလိုက်လုပ်နေသည်။ တိုက်ပွဲသံကလေးစဲသွားလျှင် ဖေဖေက အိမ်သို့ပြေးကာ မေမေလိုသော အသုံးအဆောင်ပစ္စည်းတချို့ကို သွားသယ်လာခဲ့တတ်သည်။

ဦးလေးလှိုင်ကလည်း စင်မှ ဘူးသီးနှင့် စားစရာများကို ပို့ပေးတတ်သည်။ သို့ရာတွင် နီနီလေးတို့ကို ကိုကာဟင်က ထမင်းအိုး မခွဲစေဘဲ သူတို့က အတင်းကျွေးထားသည်။

ချက်ချင်းပင် မြို့ထဲရှိ ကရင်အမျိုးသားများကို စစ်တပ်က ဖမ်းပြီး ထောင်ထဲထည့်ထားလိုက်သည်။ တချို့က ဘုရင်ဂျီ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ခိုလှုံနေကြသည်။

ကရင်သူပုန်နှင့် ဗမာပြည်သူကြား ဒုက္ခရောက်နေကြသူများက မြန်မာ ခရစ်ယာန်များပင်။ ဗမာတချို့က ခရစ်ယာန်ဆိုလျှင် ကရင်ဟု တထစ်ချ ယူဆထားနေခဲ့ကြသည်။ သို့ရာတွင် ဗမာ ခရစ်ယာန်များမှာ ဗမာဖြစ်နေ၍ ကရင်များကလည်း အယုံအကြည်ထားသည်မဟုတ်။

ထိုအခါ မြို့ပေါ်ရှိ ဗမာ ခရစ်ယာန်များမှာလည်း ဘုရင်ဂျီကျောင်းဝင်းအတွင်းမှာပင် ပြေးဝင်ခိုလှုံနေကြရတော့သည်။

သုံးရက်ခန့်ကြာလျှင် ကိုးသိန်းဂါတ်ကို စစ်တပ်က ပြန်သိမ်းနိုင်ခဲ့တော့သည်။ မြို့သူမြို့သားများမှာ အတော်ကလေး အားတက်သွားခဲ့ကြသည်။

နီနီလေးတို့ ကိုကာဟင်တို့အိမ်သို့ရောက်ပြီး ၄ ရက်ခန့်အကြာတွင် တစ်မနက်၌ ပုလိပ်ကားတစ်စီး အိမ်ရှေ့သို့ ထိုးရပ်ပြီး ဖေဖေ့ကို မေးသည်။ နီနီလေးတို့က မေမေ့ကို

ခေါ်ပေးရသည်။ မေမေက ဖေဖေအပြင်ထွက်သွားကြောင်း ပြောပြပြီး ကိစ္စကိုမေးသည်။

'ကိစ္စကလေးရှိလို့ပါ' ဟု ပြောပြီး ကားပြန်ထွက်သွားသည်။ နောက်တစ်ခေါက် လာမေးသောအခါလည်း ဖေဖေက ပြန်မရောက်သေး။ သည်တော့ ပြန်ရောက်လျှင် ဂါတ်ကို ခဏလာဖို့ ဖေဖေ့ကို မှာခဲ့သည်။

မနက် ထမင်းစားပြီးချိန်လောက်ကတည်းက ထွက်သွားခဲ့သော ဖေဖေက ညနေ စောင်းလောက်မှ ပြန်ရောက်လာသည်။ မေမေက ဆီးပြောသောအခါ ဖေဖေက ထိုင်ပင် မထိုင်တော့ဘဲ ...

'ဘာကိစ္စများရှိလို့ပါလိမ့်' ဟု ဆိုကာ ပြန်ဆင်း၍ ဂါတ်ကိုတန်းသွားသည်။

ထိုအချိန်တွင် ကိုညီကလည်း အဘွားတို့ဆီ သွားနေသည်။ ဖေဖေက ထမင်းစား ချိန်တိုင် ပြန်ရောက်မလာသောအခါ မေမေက စိတ်ပူလာသည်။ ဘာလုပ်ရမှန်းမသိ။

နောက် ညနေအတော်စောင်းသွားချိန်တွင် မိတ်ဆွေတစ်ဦးက ဖေဖေ့ကို ဂါတ်က ဖမ်းပြီး ထောင်သို့ပို့လိုက်ပြီဖြစ်ကြောင်း လာပြောလေသည်။

မေမေက ငိုပါတော့သည်။ နီနီလေးမှာ ဖေဖေ့ကို အလွန်ချစ်သူပင်၊ ယခု ဖေဖေ့ကို ဖမ်းသွားဟု ကြားလျှင် သူ့စိတ်မှာ ကြောင်သွားသည်။ မေမေငိုနေသော်လည်း သူကမငိုမိ။ သည်အတိုင်းပင် ထိုင်နေမိ၏။

'ဖေဖေ့ကို ဘာဖြစ်လို့ ဖမ်းသလဲ' ဟုသာ နားမလည်တိုင်း တွေးနေလိုက်သည်။

ဖေဖေကို ဖမ်းစရာအကြောင်းဆို၍ ဘာတစ်ခုမျှ နီနီလေး မမြင်မိ။ ဖေဖေသည် ကရင်မဟုတ်၊ ဗမာမှ ရေမရောသော ဗမာအစစ်ဖြစ်သည်။ သို့ပါလျက် ဖေဖေ့ကို သူတို့ ဘာအတွက် ဖမ်းသွားကြသနည်း။

မေမေ့ကို ကိုကာဟင်နှင့် ဒေါ်ပိုးပွေတို့က အားပေးနှစ်သိမ့်ကြလေသည်။

နောက်တော့ မေမေက အဘွားနှင့် ဦးလေးလှိုင်တို့ကို ပြေး၍ ပြောရသည်။ ဖေဖေ့ကို ဖမ်းကြောင်းကြားလျှင် မိတ်ဆွေတချို့မှာ သူတို့ကိုပါဖမ်းမည်လားဟု လန့်နေကြ တော့သည်။

မိတ်ဆွေတချို့ကတော့လည်း သူတို့တတ်နိုင်သမျှ အကူအညီပေးမည်ဟု ဝိုင်း၍ မေမေ့ကို အားပေးကြသည်။

'သယောင်းချောင်း' ဆန်စက်ပိုင်ရှင်၏ သမီးများမှာ ဖေဖေ့တပည့်များချည်းဖြစ် သည်။ သမီးအကြီးဆုံး၏ ယောကျ်ားမှာ ရှေ့နေ 'မစ္စတာပင်းနတ်' ဖြစ်သည်။ မေမေ့ကို သူတို့မိသားစုက အားမငယ်ရန် အားပေးသည်။ ဖေဖေ့အတွက် အခမဲ့ရှေ့နေလိုက်ပေးမည်

ဟု ဆိုသည်။

ဘိုးဘိုး ဦးညီပုတို့ကလည်း အကြံဉာဏ်များပေးကာ ကူညီကြသည်။

ရုံးပြင်ကန္နားဆိုသည်ကို ယောင်၍မှ ခြေမချခဲ့ဘူးသော မေမေသည် ယခု ဖေဖေ့အရေးကိစ္စကြုံလာသည်တွင် ဆယ်ကျော်သက်အရွယ်မျှရှိနေသေးသော ကိုညီကို အဖော်ပြုလျက် အနှံ့လျှောက်သွားနေရလေတော့၏။

မေမေတို့ သားအမိနှစ်ယောက်သည် အရေးပိုင်ကိုလည်း ရအောင်ဝင်တွေ့သည်။ ပုလိပ်မင်းကြီးကိုလည်း ဝင်ပြောသည်။

သည်တော့မှ ဖေဖေ့ကို ပုဒ်မ ၅ နှင့် ဖမ်းကြောင်း သိကြရလေသည်။ ဖမ်းသည့်အကြောင်းရင်းမှာလည်း ဖေဖေက ကရင်ကျောင်းတွင် ဆရာလုပ်ခြင်းကြောင့်ဟု ဆိုသည်။ သို့ရာတွင် ပုဒ်မ ၅ ဆိုသည်မှာ နိုင်ငံရေးအရ တိုင်းပြည်လှုပ်ရှား ဆူပူအောင်၊ ငြိမ်ဝပ်ပိပြားမှု ထိခိုက်အောင်ပြုသူများကိုသာ အကန့်အသတ်မရှိ ဖမ်းချုပ်ထားသော ပုဒ်မဖြစ်ကြောင်း နီနီလေး ကြားနာ သိမှတ်ထားဖူးသည်။

ယခု ပုဒ်မ ၅ နှင့် ဖေဖေ့ကို ဖမ်းသည်မှာကတော့ အံ့သြစရာကောင်းလှသည်။ ဖေဖေသည် ဗမာပြည်ကြီး လွတ်လပ်ရေးမရမီတုန်းကမူ အမျိုးသားစိတ်ဓာတ်ဖြင့် ဆရာတစ်ယောက်၏ အခန်းကဏ္ဍမှနေ၍ တာဝန်ကျေကျေ အမျိုးနှင့် တိုင်းပြည်အတွက် တိုက်ပွဲဝင်ဆန္ဒပြခဲ့သူဖြစ်သော်လည်း ယခု လွတ်လပ်ရေးကြီး ရပြီးသည့်နောက်ပိုင်း၌ သူဝါသနာကြီးသော ဆရာအလုပ်ကိုသာ စေတနာထက်ထက်ဖြင့် ဇောက်ချလုပ်နေခဲ့သူဖြစ်သည်။

ဗမာဆန်၍ ဗမာကိုချစ်ကာ ဗမာ့ယဉ်ကျေးမှုကို မြတ်နိုးသော ဗမာစစ်စစ်ဖေဖေက ကျောင်းသားတပည့်ငယ်များအတွက် ဗမာစာကိုပင် အထူးပြုသင်ကြားပေးနေခဲ့သူဖြစ်သည်။ ဖေဖေ ကရင်ကျောင်းတွင် လုပ်သည်မှာ မှန်သည်။ သို့ရာတွင် ဖေဖေက ကရင်စကားတစ်လုံးကိုမျှ တတ်မြောက်ခဲ့သူမဟုတ်ပေ။ တတ်မြောက်အောင်လည်း စိတ်ဝင်စားမှုကမရှိပေ။ ဖေဖေ စိတ်ဝင်စားသည်က ကိုယ့်ဗမာစာပေနှင့် ယဉ်ကျေးမှုကို နားမလည်သူများအား နားလည်တတ်သိလာအောင် အစွမ်းကုန် သင်ကြားပေးရန်သာ ဖြစ်လေသည်။

သို့ရာတွင် ယခုတော့ ကိုယ့်ဗမာကို ချစ်သော ဗမာစစ်စစ် ဖေဖေ့ခမျာ ကရင်ကျောင်းတွင် စာသင်ပေးခြင်း အလုပ်၏ ပြစ်ချက်ကြောင့် ပုဒ်မ ၅ နှင့် အဖမ်းခံနေရလေပြီ။

နောက်တော့ မေမေနှင့် ကိုညီတို့၏ မနားမနေ ကြိုးပမ်းမှုကြောင့်လည်းကောင်း မိတ်ဆွေအပေါင်းအသင်းများ ရိုင်းပင်းကူညီမှုများကြောင့်လည်းကောင်း၊ ဖေဖေ့ကို

ထောင်ဝင်စာ တွေ့ခွင့်ရခဲ့လေတော့သည်။

ထိုအချိန်မှာ လမ်းပန်းခရီးများ အကုန် အဆက်ပြတ်နေခဲ့ကြရာ၊ ဦးလေးကြိုင်နှင့် ကိုကြီးတို့မှာ ရန်ကုန်မှ ပြန်မလာနိုင်ခဲ့ကြပေ။ နောက်လမ်းများ ပြန်ဖွင့်တော့လည်း ကိုကြီးတို့အတွက် စိတ်ပူမိသော မေမေက ပြန်မလာရန် အကြောင်းကြားထားလိုက်လေသည်။

မေမေတို့က အိမ်တွင် မကပ်ရအောင် ဖေဖေ့အတွက် သွားလာနေကြရလေရာ အဘွားက နီနီလေးတို့ ညီအစ်မ သုံးယောက်နှင့် လာနေပေးလေသည်။

ဗိုလ်မှူးမင်းသိမ်းနှင့် ဗိုလ်ကြီးစံကြည်တို့ ကွပ်ကဲအုပ်ချုပ်သော တပ်မတော်သားများမှ ပုသိမ်မြို့ကို သူပုန်ရန်မှ လွတ်ကင်းရန် အသေအလဲ ခုခံတိုက်လှန်ပေးနေကြရလေသည်။

သူပုန်များက အခိုင်အမာ တပ်စွဲထားသော သူတို့၏ကျောင်းဝင်းကြီးထဲမှ လူအင်အား၊ လက်နက်အင်အား တောင့်တင်းစွာဖြင့် အပေါ်စီးမှ တိုက်နေခဲ့ကြရာ ဖွဲနှင့်သူရသတ္တိမှ လွဲ၍ အဘက်ဘက်က အားနည်းနေသော တပ်မတော်သားများခမျာ မြို့လူထုအတွက် အသက်ပေး၍ ကြိုးစားတိုက်နေရရှာလေသည်။

နောက်နှစ်ပတ်ခန့်အကြာတွင် ရန်ကုန်မှ မေယုစစ်သင်္ဘောကြီးက အကူ ရောက်လာခဲ့သည်။ ထိုအခါ တပ်မတော်သားများနှင့်အတူ မြို့လူထုတစ်ရပ်လုံးမှာ ဝမ်းမြောက်အားတတ်သွားမိကြတော့သည်။

မေယုစစ်သင်္ဘောကြီးက ရောက်သည်ဆိုလျှင် အချိန်မဆိုင်းဘဲ သူပုန်များ၏ တပ်စခန်းများဆီသို့ အမြောက်ကြီးဖြင့် လှမ်းပစ်ဖြိုခွဲလေတော့၏။ ကမ်းနားရှိ စစ်သင်္ဘောကြီးဆီမှ အမြောက်ကျည်ဆန်ကြီးများသည် နီနီလေးတို့ခေါင်းပေါ်မှ ကျော်သွားပြီး သူပုန်များစခန်းတွင် တဒိန်းဒိန်းကျရောက် ပေါက်ကွဲနေကြလေတော့သည်။ အမြောက်သံကြီးက ဒိန်းခနဲ ပေါက်ကွဲလိုက်တိုင်း နီနီလေး၏ ရင်မှာ ချစ်သူငယ်ချင်း အမူ့အတွက် ပူပင်စိတ်ဖြင့် ရင်ထဲတွင် နင့်ခနဲ ခံစားသွားနေခဲ့မိလေတော့သည်။

ညအိပ်ရာဝင်ခါနီးတိုင်း နီနီလေးတို့ မိသားစုသည် ကိုကာဟင်တို့ အိမ်သားများနှင့်အတူ ရောပြီး အိပ်ထောင်ဝတ်ပြု ဘုရားရှိခိုးအမှုကို ပြုကြလေသည်။ ကိုကာဟင်၏ အမေ ခြေသေး တရုတ်အဘွားကြီးက ညတိုင်း ဘုရားရှိခိုးဆုတောင်းပေးသည်။ အဘွားကြီးက ဗမာစကားလုံးဝမတတ်။ သူ့တရုတ်စကားဖြင့်သာ ဆုတောင်းသည်။ သို့ရာတွင် သူ့စကားများထဲ၌ ဖေဖေ့နာမည်ကို ကြားရခြင်းဖြင့် အဖမ်းခံနေရသော ဖေဖေ့အတွက် ဆုတောင်းမေတ္တာများ ပို့ပေးနေကြောင်းကို နီနီလေးတို့ သိရှိနားလည်ကြရလေသည်။

"ဩကာသ ... ဩကာသ ... ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသော ကံတို့ဖြင့် ပြစ်မှားမိသမျှ ပျောက်ပါရစေခြင်းအကျိုးငှာ"

အဘွားနှင့်အတူအိပ်သော နီနီလေးသည် ညမှောင်မှောင်တွင် အဘွား၏ ဘုရားရှိခိုးသံ တတွတ်တွတ်နှင့် အမြောက်သံကြီးများ တဒိန်းဒိန်းတို့ကို နားထောင်ရင်း ညတိုင်းအိပ်ပျော်သွားခဲ့ရလေသည်။

"ဗုဒ္ဓ ... မြတ်စွာဘုရားကို ပူဇေမိ ... ပူဇော်ပါ၏ အရှင်ဘုရား၊ဓမ္မ ... တရားတော်မြတ်ကို ပူဇေမိ ... ပူဇော်ပါ၏ အရှင်ဘုရား ...၊ သံဃာ သံဃာတော် မြတ်ကို ပူဇေမိ ... ပူဇော်ပါ၏ အရှင်ဘုရား ..."

မနက်တိုင်း ၄ နာရီလောက်တွင် အနားမှကပ်၍ ထွက်ပေါ်လာပြန်သော အဖွား၏ ဘုရားရှိခိုးသံ မတိုးမကျယ်နှင့်အတူ အချက်မှန်မှန် မြည်ဟည်းပေါက်ကွဲနေသော အမြောက်သံကြီး တဒိန်းဒိန်းက နီနီလေးကို လန့်နိုးလိုက်ကြလေတော့သည်။

နောက် တစ်ဆယ့်ငါးရက်ခန့် ကြာသွားလျှင် အမြောက်ဒဏ်ချက်ကို မခံနိုင်ဘဲ ကရင်သူပုန်များ၏ စခန်းမှာ ပြိုကွဲပျက်စီးသွားခဲ့လေတော့သည်။ အလုံးအရင်းနှင့် စုရုံးအန်တုနေခဲ့သော ကရင်သူပုန်များလည်း ကိုယ်လွတ်လက်လွတ် ထွက်ပြေးကြရလေတော့၏။ တိုင်အလုံးတစ်ရာ တိတိရှိ၍ "တိုင်တစ်ရာကျောင်း"ဟုလည်း ခေါ်ခဲ့ကြသော ကြီးမားခိုင်ခန့်လှသည့် စကောကရင်တိုက်ကျောင်းကြီးသည် မျက်လှည့်ပြလိုက်သလို အမြောက်ကျည်ဆန်များ၏ ဖြိုခွဲချက်တွင် ပြိုအက်ပျက်စီး သွားခဲ့လေတော့သည်။

ကမ္ဘာစစ်အတွင်းတုန်းက သူနှင့်ကပ်နေသော နေရှင်နယ်ကျောင်းကြီး ဗုံးထိမီးလောင် သွားခဲ့သော်လည်း ဒေါက်တာစံစီဖိုး၏ အိမ်ကြီးမှာ ဘာမှမဖြစ်ခဲ့ ယခု ကေအင်ဒီအိုသူပုန်အထ ပြည်တွင်းစစ်ပွဲတွင်မှ ပြိုကျပျက်စီးသွားခဲ့ရလေတော့၏။

ထိုအချိန်တွင် ကရင်အမျိုးသားထဲမှ စစ်မင်းကြီး စောစံဖိုးသင်၊ ဆရာဝန်ကြီး ဒေါက်တာ ဘသန်းချိန် အစရှိသော အကြီးအကဲများမှာလည်း ထောင်ထဲသို့ ရောက်နေခဲ့ကြလေသည်။

ကရင်များသူပုန်ထ၍ ကရင်အမျိုးသားခေါင်းဆောင်များ ထောင်ထဲသို့ ရောက်နေကြရသည်မှာ မဆန်းပါချေ။ မဆီမဆိုင် "ပတ်မကြီး ဒါးနှင့်ချိုင်" ဆိုသလို အပြစ်မရှိသော ဗမာစစ်စစ် ဖေဖေတစ်ယောက် ကြားကအချောင် ထောင်ထဲရောက်သွားခဲ့ ရသည်ကသာ ထူးဆန်းရင်နာစရာ ကောင်းနေလေတော့၏။

သူတို့ကျောင်းတွင် အလုပ်လုပ်သဖြင့် သူတို့ကို ထောက်ခံအားပေးသူအဖြစ်နှင့် စွပ်စွဲရအောင်ကလည်း သူတို့အကြံအစည်နှင့် ပတ်သက်၍ ဖေဖေက လေသံမျှမသိခဲ့။ ဒါကို တစ်ကျောင်းလုံး အသိ။ ဘုရားအသိ၊ နီနီလေးတို့လည်း အသိပင်ဖြစ်ခဲ့သည်။

သို့ရာတွင် ဘယ်သို့တတ်နိုင်မည်နည်း။ ပြည်တွင်းစစ်၏ ဒဏ်ချက်ကို အပြစ်မရှိသော ဖေဖေနှင့်တကွ နီနီလေးတို့ အားလုံးမှာ မြေစာပင်များအဖြစ် ကုန်းခံနေကြရခြင်းပင်။ အခြားသူများလည်း အသီးသီးအမျိုးမျိုး ခံစားနေကြရသည်သာ။ နီနီလေးတို့ထက် ဆိုးချင်သာ ဆိုးနေကြပေလိမ့်ဦးမည်။

ကေအင်ဒီအို သူပုန်အရေးတွင် တောမှလူများ မြို့ပေါ်သို့အတင်း လိုမ့်ပြေးလာခဲ့ကြတော့သည်။ ပေပင် 'ပိတောက်ကုန်း' မှ ဒေါ်ကုလားမတို့လည်း ရောက်လာကြလေသည်။ ဒေါ်ကုလားမ၏ ပြောပြချက်အရ သေရမှာ အလွန်ကြောက်ခဲ့သူ ကိုမောင်စိန်တစ်ယောက်မှာ ယခု သူပုန်အရေး၌ သူပုန်၏ အပျော်တမ်း ကျည်ဆန်စမ်းသည့်အထဲ၌ သနားစရာ ပါသွားခဲ့ကြောင်းကို ရင်နင့်စရာ နီနီလေးတို့ ကြားသိခဲ့ကြရလေတော့သည်။

❐

# ဖေဖေပြန်လာပြီ

သူပုန်စခန်းများ ပြိုကွဲသွားပြီးနောက် မြို့အခြေအနေ အနည်းငယ်ငြိမ်သလိုရှိသွားခဲ့လျှင်ပင် မေမေက ကိုကာဟင်တို့ကို အားနာသည်ဆိုကာ အရက်ဖိုလမ်းရှိ ဦးပြားနှင့် ဒေါ်အေးရင်တို့အိမ်သို့ ပြောင်းခဲ့ကြတော့သည်။

ဦးပြားမှာ ဖေဖေနှင့် ညီအစ်ကိုပမာ ရင်းနှီးခင်မင်နေသူဖြစ်သည်။ ဦးပြားတို့ အိမ်ကြီးမှာလည်း ကျယ်ဝန်းလေသည်။ ဦးပြားတို့အိမ်မှာတော့ မေမေက နေရုံပဲနေပြီး ကိုယ့်ဆမင်းကိုယ်ချက်စားလေသည်။

မေမေနှင့် ကိုညီတို့မှာ နေ့ရှိသရွေ့ ဖေဖေ့ကိစ္စနှင့်သာ အပြင်ထွက်နေကြရသဖြင့် အဘွားနှင့်အတူ နီနီလေးက အိမ်မှနေကာ ချက်ပြုတ်ရ ညီမငယ်များကို ကြည့်ရထိန်းရလေတော့၏။ အဘွားကလည်း အသက်ကြီးပြီဖြစ်ရာ နီနီလေးပင် မတတ်တတတ်နှင့် ချက်ရလေသည်။ ဤတွင် နီနီလေး၏ ထမင်းအိုးမှာ အမြဲတမ်း ပျော့ပြဲနေလေတော့သည်။

ဈေးကိုတော့ ဒေါ်အေးရင်က ဝယ်ပေးလေသည်။ သူကြိုက်သော ဘူးသီးနှင့် ခရမ်းချဉ်သီးကို ငါးနှင့်ရောသော ဟင်းတစ်အိုးကိုတော့ နီနီလေး ချက်တတ်လေသည်။ သို့ရာတွင် ချဉ်ရည်ဟင်းထဲ၌ ငါးကို အတုံးလိုက်တော့မတွေ့ရပေ။ ငါးကို တုံးစဉ်က ရေထည့်များသွားသဖြင့် အသားများနူးကြေကာ အလယ်ရိုးချည်းသာ ကျန်လေတော့သည်။

ထိုအချိန်တွင် နီနီလေးတို့မိသားစု၏ ဝင်ငွေမှာ တစ်နေ့နှစ်ကျပ်မျှသာ ရှိလေသည်။ ထိုနှစ်ကျပ်မှာလည်း ဦးမြထွေးကို ဆိုက်ကားထောင်ပေးရာမှ ပြန်ရနေခြင်းဖြစ်သည်။ ဖေဖေက ဆိုက်ကားထောင်ပေးခဲ့သည်မှာ အခစားချင်၍ မဟုတ်ပေ။ အလုပ်မရှိသော ဦးမြထွေးကို ငွေစိုက်၍ ဆိုက်ကားထောင်ပေးလိုက်သည်။ ပြီးလျှင် တစ်နေ့နှစ်ကျပ်ပြန်သွင်းခြင်းဖြင့် အရင်းကျေသွားတဲ့ခါ ဆိုက်ကားကို ဦးမြထွေးက ပိုင်သွားရန်ဖြစ်သည်။

ဖေဖေက ယခုထက်ထိ မလွယ်သေးသော်လည်း ထောင်ထဲတွင်တော့ ကောင်းမွန်စွာပင် နေရလေသည်။ ထောင်ပိုင်ထောင်မှူးနှင့် အရာထမ်း၊ အမှုထမ်းအချို့တို့မှာ ဖေဖေ့တပည့်ဟောင်းများနှင့် တပည့်၏မိဘများပင် ဖြစ်ကြသည်။ ထိုအခါ ဖေဖေ့အဖို့ အပြင်မထွက်ရသည်ကလွဲ၍ အထဲတွင် ဘာမှ လိုလေသေးမရှိရပေ။

သို့ရာတွင် မည်သူက အပြစ်မရှိဘဲနှင့် ကိုယ်ချစ်ရသော မိသားစုများနှင့် ခွဲခွာပြီး ထောင်နံရံကြီး၏ နောက်ကွယ်တွင် သွား၍နေလိုပါမည်နည်း။ ဖေဖေက ကိုယ့်မိသားစုအပေါ်တွင် အကြင်နာကြီးကာ အစိုးရိမ်ပိုပြီး သံယောဇဉ်လည်း တွယ်လွန်းတတ်သူဖြစ်သည်။ ယခုလို ခေတ်ကာလကြီးတွင် မေမေနှင့် နီနီလေးတို့သားအမိတစ်တွေကို အားကိုးမရှိ ခွဲထားနေရသောအခါ ဖေဖေစိတ်မှာ သူတကာထက် ပို၍ ခံစားနေရပေလိမ့်မည်။

လူကငြိမ်းသော်လည်း စိတ်မငြိမ်းသော ဖေဖေသည် မကြာမီ၌ နေမကောင်းဖြစ်လေ တော့၏။ ထောင်ရုံသို့ ဖေဖေတက်ရောက်နေရကြောင်း သတင်းရလျှင် မေမေတို့မှ အကြီးအကျယ် စိတ်ပူမိကြလေတော့၏။ မေမေနှင့် ကိုညီတို့က ချက်ချင်းပင် သက်ဆိုင်ရာ အာဏာပိုင်များထံ အတင်းပင် ခွင့်တောင်းပြီး ဖေဖေ့ကို သွားတွေ့ကြလေသည်။ နောက်နေ့တိုင်းလည်း သွားကြည့်ခွင့်ရသည်။ ဆရာဝန်များက ဂရုတစိုက် ကုသပေးသည်တွင် မကြာမီမှာပင် ဖေဖေပြန်၍ နေကောင်းလာခဲ့တော့၏။

နောက်တော့ မေမေနှင့် ကိုညီသည် ဖေဖေ့လွတ်မြောက်ရေးအတွက် အရေးပိုင်ရော၊ ရာဇဝတ်ဝန်ရော သက်ဆိုင်ရာ အာဏာပိုင်မှန်သမျှ တစ်ယောက်မှ အနားမနေရအောင် တသွတ်သွတ် ဝင်တွေ့၍ တပူပူပြောဆိုလိုက်ကြတော့သည်။ ကိုညီမှာ မေမေ့ထက်ပိုပြေး သည်ပြေး အလုပ်ရဆုံးဖြစ်လေသည်။ ထိုအခါ ကိုညီမှာ ရုံးပြင်ကန္နား လူကြီးလူကျယ်တွေကြား၌ ကန့်လန့်ကန့်လန့်ပါနေရသော ချာတိတ်တစ်ယောက် ဖြစ်နေလေတော့သည်။'မင်းကလည်း ... ရုံးမှာ ဝင်လိုက်ထွက်လိုက်နဲ့ ... ရှုပ်လိုက်တာ လွန်ရောကွာ'

'မရှုပ်စေချင်ရင် ... အပြစ်မရှိဘဲ ဖမ်းထားတဲ့ ကျွန်တော့် ဖေဖေကို ... အမြန်ဆုံး လွတ်ပေးလိုက်ပါခင်ဗျာ ... ကျွန်တော့် ဖေဖေလွတ်ပြီးရင် ... စိတ်ချပါ ... ဦးတို့က

လာရှုပ်ပါဆိုတောင် ... ကျွန်တော် ရုံးကို မလာတော့ပါဘူး'

သူ့ကို မျက်စိရှုပ်ဟန်ဖြင့် ပြောလာသောရုံးမှ အရာရှိကို ကိုညီကလည်း ကလေးပါးစပ်နှင့် အချက်ကျကျ ပြန်ပြောပစ်ခဲ့သည်ဟု ဆိုလေသည်။

နောက်ဆုံးတော့ အပြစ်မရှိသော ဖေဖေ့ကို ရက်ပေါင်း လေးဆယ်ကြာအောင် ထောင်ထဲသွင်းထားခဲ့ရာမှ ဘာ အာမခံချက်နှင့် တာဝန်ခံချက်မှ မလိုဘဲ လွတ်လွတ်ကျွတ်ကျွတ် လွှတ်ပေးလိုက်တော့၏။

ဖေဖေ့ကို မေမေနှင့်ကိုညီတို့က သွားခေါ်လာခဲ့ကြသည်။ ဖေဖေ့ကို ဖမ်းသွားစဉ်က မျက်ရည်မကျခဲ့သော နီနီလေးသည် ဖေဖေ့ကို အကြာကြီးခွဲထားနေပြီးမှ ယခုပြန်တွေ့သောအခါ ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်းမသိ ဆို့နင့်၍ ငိုချင်သွားမိလေတော့၏။

ဖေဖေသည် နေမကောင်းပြီးစမို့ထင်သည်။ အနည်းငယ် ပိန်ကာ နွမ်းပျော့ပျော့ဖြစ်နေလေသည်။ ဖေဖေလွတ်လာပြီး တစ်ပတ်ခန့်အကြာတွင် နီနီလေးတို့လည်း ဦးပြားတို့အိမ်မှ သူတို့အိမ်သို့ ပြန်ရွှေ့ခဲ့ကြလေတော့၏။

သူတို့အိမ်ဆီမှ မျှော်ကြည့်လိုက်လျှင် စကောကရင်ကျောင်းကြီးရှိရာ ရပ်ကွက်ကြီးတစ်ခုလုံးမှာ မီးလောင်ပြာများအဖြစ်နှင့်သာ ပြောင်တလင်း ရှင်းရှင်းကြီးဖြစ်နေလေတော့သည်။ ပြောင်တလင်း ရှင်းရှင်းကြီးဖြစ်နေလေတော့သည်။

မိုးတိုးမတ်တတ် မီးကျွမ်းပြင်ကြီးကို ငေးမျှော်ကြည့်ရင်း နီနီလေးသည် သူငယ်ချင်းအမူကို သတိရကာ ရင်ထဲတွင် တမြေ့မြေ့ ခံစားနေမိလေသည်။ ပြည်တွင်း စစ်မီးကြီး၏ ရိုက်ခတ်မှုအရှိန်တွင် နီနီလေးတို့မှာတော့ ဒုက္ခအဖုံဖုံကို လူရောစိတ်ပါ ခံစားခဲ့ရလေပြီ။ နောက်ထပ်၍ မတွေ့ကြုံမခံစားလိုတော့၊ သူကဲ့သို့ သူတစ်ပါးကိုလည်း မခံစားစေလိုသော စေတနာက နီနီလေး၏ ရင်မှာ အပြည့်ရှိနေသည်။

သို့ရာတွင် 'စစ်'ဆိုသော ဝေါဟာရနှင့် အကျုံးဝင်သော အရေးကိစ္စများ ဖြစ်ပျက်ပေါ်ပေါက်နေသမျှ ကာလပတ်လုံးတော့ လူသားတိုင်းမှာ ဒုက္ခဆင်းရဲခြင်း အမျိုးမျိုးကို ကြုံတွေ့ခံစားနေကြဦးမည်သာ ဖြစ်လေသည်။ ထိုကြောင့် နီနီလေးက 'စစ်'ဆိုလျှင် ဘာ 'စစ်'ကိုမှ မဖြစ်စေလိုပါ။ 'စစ်'ဆိုလျှင် လေသံမျှ မကြားလိုပါ။

သို့တစေ ထိုချိန်မှာတော့ ပြည်တွင်းစစ်ပွဲကြီးက အရှိန်ပြင်းပြင်းနှင့် တောက်လောက်နေဆဲပင်ဖြစ်လေသည်။

ထိုသို့တောက်လောင်နေသော ပြည်တွင်းစစ်မီး ငြိမ်းငြိမ်းမည့်အချိန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်းသို့ ပြန်လည် သင့်တင့်ပေါင်းစည်းနိုင်ကြမည့်ကာလကို စောင့်မျှော်

နေရင်းမှ နောက်နှစ်လခန့်အကြာတွင် ဖေဖေက မေမေနှင့် နီနီလေးတို့ မိသားစုကို ခေါ်၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့လေတော့သည်။

မလေးလုံ

❒



ပြည်တွင်းစစ်၏ ဒုက္ခအဖြာဖြာနှင့်
စစ်မီးလျှံဟုန်းဟုန်းတောက်ကြားက
လူသားစရိုက်နှင့် လူ့သဘာဝကို
ပေါ်လွင်အောင် ချယ်မှုန်းရင်း
မြန်မာပြည် ပြည်တွင်းစစ်
ဖြစ်ရပ်မှန်အဖြစ်အပျက်များနှင့်
ရောမွှေထားသည့် စာရေးသူ၏
နာမည်ကျော်ဝတ္ထုလက်ရာ နှစ်အုပ်တွဲ
တစ်ပေါင်းတည်းရိုက်နှိပ်ခြင်း

mll 0001 / 3500